

# အတ္တမဲ့မေတ္တာတော်

## ခမည်းတော်ဘုရား၏ မေတ္တာပုဒ်ကိုဖွင့်ဟခြင်း

Adrian Ebens

# အတ္တမဲ့မေတ္တာတော်

ခမည်းတော်ဘုရား၏ မေတ္တာပုဒ်ကိုဖွင့်ဟခြင်း

ဓမ္မမိတ်ဆွေထူး Craig Jacobson,

Eddie Perez, Craig Jones, Colin Nicolson, Gavin Devlin
တို့အား ရည်စူးပြုစုပါသည်။

ကျွန်ုပ်၏အိမ်သူ Lorelle, Danutasn Brown,

Tony Pace, Anna Pace, Gary Hullquist, Frank Klin များအပေါ်

ကျေးဇူးအထူးတင်ရှိပါသည်။


စုံစမ်းရန် --

fatheroflove.info
adrian@life-matters.org

www.maranathamedia-myanmar.com

Maranatha Media
December 2017

# အတ္တမဲ့မေတ္တာတော်

မူပိုင် @ Adrian Ebens, 2018

ပ အကြိမ်ပုံနှိပ်ခြင်း 2018

ISBN: 987-0-6482290-4-9

ကန့်သတ်တားမြစ်ချက်များ၊ စာရေးသူ၏ ခွင့်ပြုစာမပါဘဲ ဤစာအုပ်၏ တစ်စိတ်တစ်ပိုင်း (သို့) အီလက်ထရွန်နစ်နည်းပညာဖြင့် database ပြုလုပ်ခြင်း၊ မိတ္တူကူးခြင်း၊ အသံဖိုင် ပြုလုပ်ခြင်း၊ အခြားနှီးနွှယ်သည်များလည်း မပြုလုပ်ရ။

# မာတိကာ

၁။ ခမည်းတော်ဘုရား ကိုယ်ထင်ပြခြင်း......9
၂။ သင် မည်သို့ဖတ်သနည်း ......19
၃။ ကားတိုင်၌ အသေခံတော်မူခြင်း......32
၄။ ငါ၏ချစ်သားပေတည်း......46
၅။ သင်၏ရန်သူကိုချစ်လော့ ......54
၆။ အထက်ကောင်းကင်မှကျသည့်မိုး......64
၇။ သင့်စိတ်ကိုမမာစေနှင့်......78
၈။ အဘယ်ကြောင့် ကျောက်ခဲဖြင့်သတ်ရန် ပြဋ္ဌာန်းရသနည်း......95
၉။ ကြည့်မှန်ပမာသော ပညတ်တော်......112
၁၀။ သင့်သန္တာန်၌ ဘုရားကိုကြောက်သည့်စိတ် ဌာပနာခြင်း......127
၁၁။ ဘုရားသခင်၏ အမျက်တော်......137
၁၂။ ဓားကိုနေရာမှန်၌ထားခြင်း ......152
၁၃။ ဆူးသရဖူ ......173
၁၄။ သေမင်း၏တန်ခိုး ......190
၁၅။ ငါ့ခမည်းတော်၏ပညတ်တော်များ......206
၁၆။ ကြည့်မှန်အတွင်းရှိ သူကြွယ်နှင့်လာဇရု......226
၁၇။ ပြစ်ဒဏ်ပေးသည့် ကောင်းကင်တမန်များ......245
၁၈။ ရိုးရှင်းသည့်စကား......269
၁၉။ ငါတို့အပြစ်ကြောင့် အနာတရဖြစ်......283

၂၀။ ကားတိုင်ပြသည့် ရှေးမြေပဟောင်း....305
၂၁။ ထာဝရပဋိညာဉ်နှင့် စတေးခံမှု....343
၂၂။ ခန္တီပါရမီရှင်ကြီး ရှင်မောရှေ....367
၂၃။ လေဝိယနှင့် ပွဲသိမ်းတိုက်ပွဲ....395
၂၄။ အာပြဟံနှင့် အနိဋ္ဌာရုံ....418

## စကားချီး

သားသမီးများသည် မာတာပိတုတို့၏စရိုက်ကို အကုန်မဟုတ်သည့်တိုင် များစွာအတုယူ အတတ်သင်ကြကြောင်း သုတေသန အထောက်အထားရှိ၏။ မာတာပိတုနှင့် အတူကြီးပြင်းယဉ်ပါးရာမှ ၎င်းတို့၏ ကောင်းကောင်းဆိုးဆိုးဗီဇများ သားသမီးတို့၏ အသက်တာတွင် အရာထင်၏။ အနှီသည် အမွေခံနိယာမတရားဖြစ်၏။

ကမ္ဘာကြီးသည် မည်မျှပင်လုံခြုံရေးတိုးမြှင့်ငြား အဓမ္မမှု၊ ကြမ်းကြုတ်မှုများနှင့် ပြည့်လျက် ရှိ၏။ ကျူးကျော်လိုမှုသည် လက်တွေ့ (သို့) စိတ်ကူးဖြစ်စေ ပုထုဇဉ်တို့၏ဘဝပျက်ခြင်းကို ဓမ္မအတွက်ဟု မကြာခဏ အပြစ်လွှတ်စေ၏။

ငါတို့၏သန္တာန်တွင် ငြိမ်းချမ်းမှု၊ အေးငြိမ်းမှု၊ ရိုင်းပင်းမှုများကို ငံ့လင့်ကြ၏။ ပုထုဇဉ်တို့သည် ထိုထိုစံများနှင့် မည်သို့နီးစပ်နိုင်အံ့နည်း။ နည်းပညာတိုးတက်မှုများက ကမ္ဘာကြီးကို အတ္တ၊ အဓမ္မဖက်သို့ မောင်းနှင်ပြီကော။

လွန်လေပြီးသော နှစ်၂,၀၀၀ တွင် ခရစ်တော်ဘုရား၏သက်တော်စဉ်သည် အတ္တမဲ့ သက်တော်စဉ်ကို နမူနာပြခဲ့ကာ သန်းများစွာသောပုထုဇဉ်အပေါ် အတ္တမဲ့မေတ္တာတော် (အဂ္ဂပါယ်မေတ္တာ)က ငြိမ်းအေးမှုကို ဆောင်ကြဉ်းခဲ့ပါသည်။ အနှီနမူနာယူသင့်သည့် အသက်တာမျိုးသည် အလီလီနှိပ်ကွပ်ခံရကြောင်း သမ္မာကျမ်းဂန်တော်မြတ်၌ မှတ်ကျောက်တင်ထားပြီး ဘုရားသခင်သည် လူ့သမိုင်းတွင် မည်သို့ပြုပြင်စီရင်ခဲ့သည်များကို အသေးစိတ်ဖေါ်ပြထား၏။

ဘုရားသခင်သည် တစ်ခါတစ်ရံ ရက်စက်၊ အမျိုးဖြုတ်၊ ရန်သူများကို အပြတ်ရှင်းရန် မိန့်ဟန်ပေါ်၏။ ဘုရားသခင်သည် လွန်စွာအမျက်ရှသည့် အကြိမ်များစွာရှိကြောင်းလည်း သမ္မာကျမ်းစာ၌လာ၏။ ထို့ပြင်လည်း လက်ဝါးကားတိုင်၌ ခရစ်တော်ဘုရား အသေခံ

တော်မူခြင်းကို ပုထုဇဉ်များက ဘုရားသခင်သည် အမှားပြုသူများကို သေစေလိုသည်ဟု မှတ်ကြ၏။

ထိုထိုအယူများ ကမ္ဘာ့ဘာသာကြီးများစွာ၌ မင်းမူ၏။ ဤ၌ ဘုရားမဲ့ဝါဒလည်းပါ၏။ ထိုဝါဒ သည် ပြင်သစ်တော်လှန်ရေး၌ ပုထုဇဉ်ထောင်ပေါင်းများစွာကို သတ်ဖြတ်ခြင်းဖြင့် မင်းမူ လာ၏။

ဘုရားသခင်၏ဝါစာများကို စိတ်ဝင်စားကြသူများအနေဖြင့် သမ္မာကျမ်းစာလာ ဘုရားသခင့်အကြောင်းများနှင့် ခရစ်တော်ဘုရား၏ သက်တော်စဉ်ကို နှိုင်းယှဉ်သည့်အခါ မတူကွဲပြားမှုကို သတိပြုမိကာ နှလုံးမအေးနိုင်ကြပါ။ သို့တိုင်လည်း ယေရှုဘုရား စိတ်အငယ်ဆုံး သမယ၌ပင် ၎င်း၏တပည့်တော်ထဲမှတစ်ဦးကို "ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏" ဟု မိန့်ခဲ့၏။

အနှီသည် မည်သို့ဖြစ်နိုင်အံ့နည်း။ ယေရှုဘုရား၏ သက်တော်စဉ်ဖြင့် ဘုရားသခင်ဟူသည် မေတ္တာ၊ အကြင်နာ၊ ကရုဏာနှင့် ပြီးပြည့်စုံသည့် ဘုရားဖြစ်သည်ဆိုခြင်းမှာ ဓမ္မစစ်ဖြစ် နိုင်သလော။ မဟာပညတ်တော်၌ "လူအသက်ကို မသတ်ရ" ဟုလာ၏။ ဤသည်မှာ ဘုရားသခင်၏ သီလပုဒ်ထင်ဟပ်ခြင်းလော (သို့) ဘုရားပမာသော အာဏာရှိ အနန္တဂိုဏ်း ဝင်များက လက်အောက်ခံများအတွက် သီးခြားပြဋ္ဌာန်းခြင်းလော။ ထိုသို့ စည်းခြားတတ် သည့် ခေါင်းကိုင်များအပေါ် အဘယ်အကျိုးသက်ရောက်သနည်း။ ထိုအခြင်းအရာက အာဏာရသည့်အခါ ထိုသို့ပြုမူမည့်ခေါင်းဆောင်များ မွေးထုတ်မည်လော။

ဤစာအုပ်သည် ထိုထိုအကြောင်းများကို ၁၆နှစ်မျှ စူးစမ်းထားသည်များကို ပြုစုထား၏။ ဤစူးစမ်းမှုကို ငါ့သားဦးမွေးဖွားစဉ်မှ အစပြုခဲ့၏။ ငါ့သားဦးကို စချီပွေ့ချိန်၌ ငါ၏ မေတ္တာ ဓာတ်တို့ ၎င်းအပေါ် စီးဝင်ကြောင်း ငါခံစားခဲ့၏။ ဤအဖြစ်က

ဘုရားသခင်လည်း ၎င်း၏ သားတော်အပေါ် မည်သို့မေတ္တာရှိမည်၊ မွေးဖွားခြင်းခံ ပုထုဇဉ်အားလုံးကိုလည်း မည်မျှ မေတ္တာရှိမည်တို့ကို ငါ့အားခံစားတတ်စေ၏။

ဤစူးစမ်းမှုသည် အချိန်လည်းယူကာ ရံတစ်ခါလည်း အားချည့်တတ်၏။ သမ္မာကျမ်းစာကလည်း ငါကြုံရသည့် အကွဲအလွဲများကို မဖြေဟန်ရှိ၏။

ဤစာအုပ်ဖြင့် အနှီစူးစမ်းမှုကို စာရှုသူများသို့ ချပြပါ၏။ ဤအကြောင်းကိုမှီကာ နိုင်ငံများ စွာမှ သုသေတီများနှင့်လည်း နှီးနှောခွင့်ရခဲ့ခြင်းသည်လည်း မင်္ဂလာဖြစ်၏။

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူကြောင်းကို ငါ သက်သေခံပါ၏။ ဘုရားသခင်သည် အစမ္မဖက်သည့်ဘုရားမဟုတ်ပါ။ ဘုရားသခင်သည် ပုထုဇဉ်အများ မှတ်သကဲ့သို့ လမ်းမလိုက်သည့် ပုထုဇဉ်များကို ငရဲ၌ ထာဝရညှဉ်းဆဲသည့်ဘုရား မဟုတ်ရပါ။

အများတို့ ထိုအကြောင်းမသိကြကြောင်း ငါဉာဏ်ပေါက်၏။ ထို့ကြောင့် ဤဓမ္မခရီး သင်ကိုယ်တိုင်နှင့်၍ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာရှင်ဖြစ်ကြောင်း စူးစမ်းကာ တွေ့သိနိုင်ရန် ဖိတ်မန္တကပြုပါ၏။

## ၁။ ခမည်းတော်ဘုရား ကိုယ်ထင်ပြခြင်း

“ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏” ဟူသည့် ဝစနံကို ယေရှုဘုရား ဤကမ္ဘာသို့ကြွမြန်းကာ သက်တော်ထင်ရှားစဉ်က ၎င်းနှင့်နေ့နေ့ညည ပေါင်းခဲ့သည့် တမန်တော်ကြီး ရှင်ယောဟန်က မော်ကွန်းတင်ခဲ့၏ - ၁ ယော ၄း၁၆။ ယေရှုဘုရား ကောင်ကင်ဘုံရောက်ကြောင်း တရားဟောကြားသည်များ၊ စက္ခုအလင်းပျောက်သူများ အလင်းပြန်ရ စေရန် ကုပေးသည်များ၊ လမ်းမလိုက်သူများ လမ်းလိုက်ရန် မျက်ရည်ဥခံ ပွဲပြင်သည်များ ကို ရှင်ယောဟန်တွေ့ရသည့်အခါ ယေရှုဘုရား၏အမှုတော်စစ်ကို ဉာဏ်ပေါက်တော်မူ၏။

> “ဘုရားသခင်ကို မည်သူမျှမမြင်ဖူးသော်လည်း ခမည်းတော်၏ ရင်ခွင်၌ရှိသည့် တစ်ပါးတည်းသောသားတော်ဘုရားသည် ဘုရားသခင်ကို ထင်ရှား စေတော်မူပြီ။” - ရှင်ယောဟန်ခရစ်ဝင် ၁:၁၈

ခရစ်တော်ဘုရား၏ သက်တော်စဉ်ဖြင့်ချပြသည့် ဘုရားသခင်၏သိက္ခာပုဒ်သည် ပုထုဇဉ်များ မှတ်ယူခဲ့သည်များနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းပမာ ဖြစ်တော့၏။ ခရစ်တော်ဘုရားနှင့် ၎င်း၏တပည့်တော်များ မျက်မမြင်တစ်ဦးရှေ့ ဖြတ်သွားခိုက် ၎င်းတို့က ယေရှုကို မေးတော်မူ၏။ ။

> “ … ‘ရဗ္ဗိ၊ မည်သူက အပြစ်ပြုသောကြောင့် ဤသူသည် မျက်မမြင်အဖြစ် မွေးလာ ရသနည်း။ သူကိုယ်တိုင်လော၊ သို့မဟုတ် သူ၏မိဘလော’ ဟု ကိုယ်တော်အား မေးလျှောက်ကြ၏။” - ရှင်ယောဟန်ခရစ်ဝင် ၉:၂

၎င်းတို့၏အမေးသည် ပုထုဇဉ်များက ဘုရားသည် အာဏာရှင်ဖြစ်ပြီး လမ်းမလိုက်သူများ ကို ဒဏ်ပေးသည်ဟူသည့် စိတ်အရင်းခံကို လှစ်ပြ၏။ ခရစ်တော်ဘုရား ဒုတိယမ္ပိ မကြွ လာမီအထိ ဖြစ်တည်ကွယ်ပျောက်ကြမည့် ကမ္ဘာ့နိုင်ငံကြီးများသည် သွေးစွန်းခြင်း၊ သံမ ဏိလက်ဖြင့် အုပ်ချုပ်ကာ

ဘုရားသခင်သည် ညှာတာမှုမဲ့၊ ကလဲ့စားချေလိုသည့်ဘုရားဟု ပုထုဇဉ်တို့၏ ရှုမြင်သည့်ဗီဇများကို ထင်ဟပ်၏။

ဤအကြောင်း၏ တစ်ဖက်၌ ဆန့်ကျင်ဖက်သတင်းများစွာရှိ၏။ သဘာဝ၏ အလှ၊ ပန်း၏ အဆင်းရနံ့၊ ကျေးငှက်များ၏ တေးသံသာများ၊ ကောင်းကင်သို့ ထိုးတက်သည့် အမြဲစိမ်း သစ်တောကြီးများက မဟာအံ့ဖွယ်ဖန်ဆင်းရှင်၊ မေတ္တာရှင် ခမည်းတော် ဘုရား၏ဂုဏ်ကို ဖေါ်ကြ၏။ သားသမီးများအပေါ် မာတာပိတုတို့ မေတ္တာပြပုံများ၊ ဇနီးမောင်နှံကြား မေတ္တာခိုင်မာပုံများက ဖန်ဆင်းရှင်၏နူးညံ့မှုကို ဖော်ပြ၏။

ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၁၅၀၀ ၌ ရှင်မောရှေသည် ၎င်းကိုဖန်ဆင်းခဲ့သည့် ဘုရားသခင်ကို ဘုန်းထင်ပြရန် လျှောက်ခဲ့၏။

> "ထာဝရဘုရားသည် မိုဃ်းတိမ်ဖြင့်ဆင်းသက်၍၊ ထိုအရပ်၌ မောရှေအနားမှာရပ် လျက်၊ **ထာဝရဘုရား၏နာမတော်ကို ကြွေးကြော်တော်မူ၏။** (၆) ထာဝရ ဘုရားသည် မောရှေရှေ့၌ ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရ ဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြု ခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူ၏။" - ထွက်မြောက်ရာကျမ်း ၃၄:၅၊ ၆

မည်မျှပင် သက်သေသက္ကာရရှိပြား ဘုရားသခင်သည် ရက်စက်ပြီး ၎င်းကိုအမျက်ရှစေသူ များကို ဒဏ်ပေးလိုလှ၏ဟူသည့်အမြင်သာ မင်းမူလျက်ရှိ၏။

အနှိဒိ၌ အဘယ်ကြောင့် မင်းမူရဘိ။ ဘုရားသခင်၏မေတ္တာအကြောင်း မာရ်နတ်က ပကဒူး ကပင် သံသယမျိုးစေ့ချခဲ့သည်ကြောင့်...။

> "မြွေကလည်း သင်တို့သည် ကေန်အမှန်သေရမည်မဟုတ်၊ (၅) အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်း

ကိုသိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတ္တံ့သည်ကို၊ ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။" - ကမ္ဘာဦးကျမ်း ၃:၄၊ ၅

ဘုရာသခင်သည် အာဒံ၊ ဧဝတို့ကို နှလုံးသားဖြင့်မချစ်ဟု မာရ်နတ်က သွေးထိုးခဲ့၏။ ဘုရားသခင်သည် လုံးလုံးလျားလျား မယုံစကောင်းဟု ၎င်းတို့ကို နားသွင်း၏။ အာဒံ၊ ဧဝတို့ကို တားမြစ်ထားသည့်အသီးကိုစားပြား မရဏာမလားရဟု မာရ်နတ်ဆိုသည့်အခါ မာရ်နတ်သည် ဘုရားသခင်၏မေတ္တာခြုံသည့် သတိပေးမှုကို တလွဲကောက်စေ၏။

"ထိုအပင်၏ အသီးကိုကား မစားရ။ စားသောနေ့တွင် ဧကန်အမှန် သေရမည်ဟု လူကိုပညတ်ထားတော်မူ၏။" - ကမ္ဘာဦးကျမ်း ၂:၁၇

အပင်၏အသီးကိုစားခြင်းက အာဒံ၊ ဧဝတို့ကို မရဏာမလားစေလျှင် ဘာက မရဏာလား စေမည်နည်း။ တစ်ခုတည်းသော နိဂုံးကား ဘုရားပင် ဖြစ်ပြီကော။ ဘုရား၏ခေါ်သံကို အာဒံကြားသည်တွင် ထိုအတွေး၏အကျိုးကို ငါတို့တွေ့နိုင်၏။

"လူကလည်း ဥယျာဉ်၌ ကိုယ်တော်၏အသံကို ကျွန်တော်ကြားလျှင်၊ အဝတ်အချည်းစည်းရှိသောကြောင့်၊ ကြောက်၍ ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏။" - ကမ္ဘာဦးကျမ်း ၃:၁၀

အာဒံသည် ဘုရားသခင်ကို ဘာ့ကြောင့်ကြောက်...။ ၎င်းသည် မရဏာလားရမည်ကို ကြောက်သောကြောင့်...။ ၎င်း၏လမ်းမလိုက်မှုကြောင့် ဘုရားကသတ်ချင်မည်ဟု အတွေး ဝင်၏။ မရဏာလားရမည်ကို ကြောက်ခြင်းနှင့် ဘုရားကလည်း သတ်ချင်မည်ဆိုသည့် အတွေးတို့ ပေါင်းစပ်မှုက ၎င်းတို့ကို မာရ်နတ်လက်တွင်းကျစေ၏။ ဘုရားသခင်က။ ။

"သေဘေးကိုကြောက်၍ တစ်သက်လုံး ကျွန်ခံရသောသူတို့ကို ကယ်လွှတ်တော်မူ ၏။" - ဟေဗြဲဩဝါဒစာ ၂:၁၅

မာရ်နတ်က ငါတို့မိဦးဖဦးတို့ကို ဘုရားသခင်သည် အပြစ်ကျူးလွန်သူများကို အဆုံးစီရင်လိုသူ၊ ကောင်းမကောင်းဉာဏ်ပွင့်မည့်အသီးကိုစားလျှင် မရဏာလားမည်ဟု သတိပေးတားမြစ်ခြင်းသည်လည်း ဘုရားသည် မုသားပြောသူဖြစ်သည်ဟု နားသွင်းခဲ့၏။ အမှန်ကား ထိုထိုများမှာ မာရ်နတ်၏စရိုက်များ ဖြစ်၏။ ယေရှုဘုရားသည် ဖာရိရှဲများနှင့်ရင်ဆိုင် ချိန်၌ ၎င်းတို့၏ ထိုထိုစရိုက်များကို အစဆွဲထုတ်ပြခဲ့၏။

> "သင်တို့သည် သင်တို့အဘတည်းဟူသော မာရ်နတ်မှဆင်းသက်ကြ၏။ သင်တို့အဘ၏ အလိုသို့လည်း လိုက်တတ်ကြ၏။ မာရ်နတ်သည် ရှေးဦးစွာမှ၍ လူအသက်ကို သတ်သောသူဖြစ်၏။ သူ၌သစ္စာတရား မရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသားစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသားစကား၌ ကျင်လည်သောသူဖြစ်၏။ မုသား၏အဘလည်းဖြစ်၏။" - ရှင်ယော ဟန်ခရစ်ဝင် ၈:၄၄

မာရ်နတ်သည် ဤလိမ်ဆင်ဖြင့် ကမ္ဘာကြီးကို ကျွန်ဇာတ်သွင်းခဲ့၏။ ပုထုဇဉ်များကို ဘုရား နှင့် စိမ်းစေရန် ဘုရားသခင်၏သိက္ခာပုဒ်များကို ပုံမှားချပြ၏။ သားတော်ဘုရားသည် ခမည်းတော်၏ သရုပ်မှန်ကိုချပြရန် ကောင်းကင်ဘုံမှ ကြွမြန်းခဲ့၏။ ခမည်းတော်အပေါ် ပုထုဇဉ်တို့၏ အမှတ်မှားမှု၊ မောဟဝင်မှုများကို နုတ်ပစ်ရန် ခမည်းတော်သည် မည်သို့ သော ပုဂ္ဂိုလ်အစစ်ဖြစ်ကြောင်း ချပြရန်ကြွခဲ့၏။ တပည့်တော်များထဲမှ တစ်ဦးက "ခမည်း တော်ကို အကျွန်ုပ်တို့အား ပြတော်မူပါ" ဟု လျှောက်သည့်အခါ ယေရှုဘုရားက။ ။

> "ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည်သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကို မသိ သေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကိုမြင်၏။ သို့ဖြစ်လျှင်၊ ခမည်း တော်ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည်အဘယ်သို့ဆိုသနည်း။" - ရှင်ယောဟန် ၁၄:၈၊ ၉

ယေရှုဘုရားက ၎င်း၏လုပ်ငန်းစဉ်ကို ဤသို့ရှင်း၏။ ။

> “ထာဝရဘုရား၏ ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။- အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ ငါ့ကို ဘိသိက်ပေးတော်မူပြီ။ ကြေမွသောသူတို့၏အနာကို ပျောက်စေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက် ရှိသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်း အကြောင်းကို ပြစေခြင်းငှာလည်းကောင်း၊ ညှဉ်းဆဲခံရသောသူတို့ကို ကယ်မစေခြင်းငှာလည်းကောင်း၊ ထာဝရဘုရား၏ မင်္ဂလာနှစ်ကာလကို ကြားပြောစေခြင်းငှာလည်းကောင်း၊ ငါ့ကို စေလွှတ်တော်မူပြီဟု လာသတည်း။” - ရှင်လုကာခရစ်ဝင် ၄:၁၈၊ ၁၉

အာရုံမှန်ဖြင့် ငါတို့သည် နာဣနမြို့ရှိ မုဆိုးမ၏ စျာပနပို့သည့်လူတန်းကို ယေရှုဘုရားက တားပြီး မုဆိုးမ၏သားကို ပြန်ရှင်စေသည့်အဖြစ်၊ ယာဣရု၏သမီးကို ပြန်ရှင်စေသည့် အဖြစ်၊ ယေရှုဘုရားဖြတ်ခဲ့သည့် ရွာစဉ်များ၌ ဂိလာနတစ်ဦးပင် မကျန်တော့သည့်အဖြစ်၊ တောင်ခါးပန်း၌ လူ ၅,၀၀၀ ကိုအာဟာရဒါနပြုကာ ခမည်းတော်၏ မေတ္တာတော် အကြောင်း မိန့်ကြားသည်များကို ငါတို့ရှုနိုင်၏။

ယေရှုဘုရားရောက်လေရာ၌ လူများစုလာကာ မာတာမိခင်များက ၎င်းတို့၏ကလေးများကို ကောင်ချီးပေးပါရန် ၎င်းထံခေါ်ဆောင်ကြ၏။ ၎င်း၏ပြုမူမှုများက ခမည်းတော်၏ အာနုဘော်ကို ပြတော်မူ၏။ ၎င်း၏နှုတ်တော်ထွက်များက ၎င်း၏အာနုဘော်ကြောင့် ကမ္ဘာကြီးကို အမှောင်ချခဲ့သည့်အလွှာများ ပပျောက်၏။ ယေရှုဘုရားသည် မြှောက်ပင့်စကား၊ မြောက်ပင့်စကားများ မသုံးခဲ့ပါ။ ဓမ္မစစ်ကိုမေတ္တာနှောပြီးသာ ဆို၏။ အမှားများ၊ စိတ်ခိုင်မှုများကို ထောက်ပြရန် ဝန်မလေးပါ။ ဝမ်းနည်းသံနှောရင်းဖြင့် ပဲ့ပြင်ဆုံးမ၏။ ယေ ရှုဘုရားသည် ပရဟိတသမားဖြစ်၏။ ပုထုဇဉ်တိုင်းသည် ၎င်းအတွက် အဖိုးတန်၏။

ဤကမ္ဘာပေါ် ပြခဲ့သည့် ခရစ်တော်ဘုရား၏သိက္ခာပုဒ်သည် ဘုရားသခင်၏ သိက္ခာပုဒ်ကို ပြ၏။ ခရစ်တော်ဘုရားက ငါ့အလိုဆန္ဒအတိုင်း ဘာမျှမပြုဟု မိန့်ခဲ့၏။ ခမည်းတော်ဘုရားသည် ခရစ်တော်ဘုရားအားဖြင့် ပုထုဇဉ်များကို ၎င်းနှင့် ပြန်လည် သင့်မြတ်စေ၏။

- ကောရိန္သုသြဝါဒစာ ဒုတိယစောင် ၅း၁၉။ ခမည်းတော်၏ ပကတိသိက္ခာပုဒ်များကို ၎င်း၏ သားတော်အားဖြင့် ထင်ပြတော်မူ၏။ ယေရှုဘုရားသည် ပုထုဇဥ်များထံ ခမည်းတော်၏ ပုံတော်ပြဖြစ်၏။

> "အကြောင်းမူကား၊ ငါသည် ကိုယ်အလိုအလျောက် ဟောပြောသည် မဟုတ်၊ ငါ့ကို စေလွှတ်သော ခမည်းတော်သည် အဘယ်သို့ ငါဆုံးမဟောပြောရမည်ကို ပညတ် ပေးတော်မူပြီ။ ခမည်းတော်၏ပညတ်တော်သည် ထာဝရအသက်ဖြစ်သည်ကို ငါ သိ၏။ (၅၀) ထိုကြောင့် ဟောပြောသမျှတို့ကို ခမည်းတော်မှာထားတော်မူသည် အတိုင်း ငါဟောပြောသည်ဟု ကြွေးကြော်၍မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ် ဝင် ၁၂:၄၉၊ ၅၀

ယေရှုဘုရားသည် ခမည်းတော်ထံ ရှိသေစွာပတ္ထနာပြုသည့်အခါ အောက်ပါအတိုင်း ဆိုတော်မူ၏။ ။

> "ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင် တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကို၎င်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကို၎င်း၊ သိကျွမ်းခြင်းတည်း။ (၄) **အကျွန်ုပ်သည် မြေကြီးပေါ်မှာကိုယ်တော်ကို ဘုန်းထင်ရှားစေပါပြီ။** အကျွန်ုပ် ဆောင်ရွက်စရာဘို့ အကျွန်ုပ်အပ်ပေး တော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ။ (၅) အိုအဘ၊ ဤကမ္ဘာမတည်မရှိမှီအထံတော်၌ အကျွန်ုပ်ခံစားရသော ဘုန်းအသရေနှင့် ယခုတွင်လည်း အကျွန်ုပ်ကိုအထံတော်၌ ချီးမြှောက်တော်မူ ပါ၏။ (၆) **ဤလောကထဲမှယူ၍ အကျွန်ုပ်၌ အပ်ပေးတော်မူသောသူတို့အား အကျွန်ုပ်သည် ကိုယ်တော်၏ နာမကိုပြပါပြီ။** ထိုသူတို့ကို ကိုယ်တော်သည် ပိုင် တော်မူသဖြင့် အကျွန်ုပ်အား ပေးတော်မူ၏။ ကိုယ်တော်၏ နှုတ်ကပတ်တရားကို သူတို့သည်စောင့်ကြ၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၇:၃-၆

ယေရှုဘုရားက ၎င်းသည် ဤကမ္ဘာ၌ ခမည်းတော်၏ဘုန်းကိုထင်ရှားစေကြောင်း မိန့်ခဲ့၏။ ခမည်းတော်၏ အာနုဘော်သည် ၎င်း၏သိက္ခာပုဒ်ပင်ဖြစ်ပြီး ယေရှုဘုရားသည် ဤကမ္ဘာ၌ သက်တော်ထင်ရှားစဉ် ပြခဲ့သည်မှာ ဤအကြောင်းပင်ဖြစ်၏။ ယေရှုဘုရားက ၎င်း၏ တပည့်တော်များအပေါ် ခမည်းတော်၏နာမတော် (သို့) သိက္ခာပုဒ်များကို ဖော်ပြကြောင်း ခမည်းတော်ထံသို့ သံတော်ဆင့်တော်မူ၏။ ထို့ကြောင့်ပင် ယေရှုဘုရားသည် ဖိလစ်ထံ ငါ့ကိုမြင်လျှင် ခမည်းတော်ကိုမြင်ပြီးဖြစ်၏ဟု အတပ်မိန့်နိုင်ရခြင်းဖြစ်၏။ ခမည်းတော် သည် မည်သို့သောပုဂ္ဂိုလ်ဖြစ်ကြောင်း ယေရှုဘုရားက ပုထုဇဉ်များရှေ့ချပြသည်များကို ဖိလစ်သည် အကုန်မြင်ရန်မလိုပါ။ ယေရှုဘုရားသည် ၃ နှစ်ကျော်အတွင်း ခမည်းတော်၏ သိက္ခာတော်ကို ထောင့်စေ့အောင်ပြခဲ့၏။

မဟာမေတ္တာတော်ကို အဖော်ကြူးဆုံးကား လက်ဝါးကားတိုင်၌ အသက်ပေးလှူမှုကြီးပင်ဖြစ်၏။

> "ငါတို့သည် သားတော်အားဖြင့် အသက်ရှင်ကြစေရန် ဘုရားသခင်သည် မိမိ၏ တစ်ပါးတည်းသောသားတော်ကို ဤလောကသို့ စေလွှတ်တော်မူ၏။ ဤသို့ဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် ငါတို့၌ ထင်ရှား၏။ (၁၀) ငါတို့သည် ဘုရားသခင်ကိုချစ်ခဲ့သည်မဟုတ်။ ဘုရားသခင်ကသာ ငါတို့ကိုချစ်တော်မူ၍ ငါတို့၏အပြစ်များအတွက် အသနားခံခြင်း ပူဇော်သက္ကာအဖြစ် မိမိ၏သားတော်ကို စေလွှတ်တော်မူ၏။ ဤအမှုအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။ (၁၁) ချစ်ရသောသူတို့၊ ဘုရားသခင်သည် ငါတို့ကို ဤမျှလောက်ချစ်တော်မူလျှင် ငါတို့သည်လည်း အချင်း ချင်း ချစ်သင့်၏။" - ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄:၉-၁၁

အကယ်တန္တု ယေရှုဘုရားသည် မာရ်နတ်လက်အောက် ကျရှုံးခဲ့လျှင် ထာဝရကျရှုံးမည် ဖြစ်ပြီး ပုထုဇဉ်မျိုးနွယ်ထုလည်း ကူရာမဲ့ဖြစ်ခဲ့မည် ဖြစ်၏။ ကောင်းကင်ဘုံရှိ

ခမည်းတော် ဘုရားသည် ၎င်း၏သားတော်ကို ကမ္ဘာကြီးသို့ ၃၃ နှစ်မျှ အငှားပေးထားခြင်းမဟုတ်။ လုံးလုံးလှူခဲ့ခြင်းဖြစ်၏။ ဤ၌ အရာအားလုံး ဆုံးရှုံးနိုင်ချေရှိ၏။ သို့စေမူ ပုထုဇဉ်များ အပေါ် မေတ္တာကြီးမားလွန်းသည်ကြောင့် ပုထုဇဉ်တို့အား ကွယ်ချွတ်ရန် ရည်သန်ကာ ၎င်း၏ကေပုတ္တကို မငြိုမငြင်လှူခဲ့၏။

> "မိမိသားတော်ရင်းကိုပင် ချန်လှပ်မထားဘဲ ငါတို့အားလုံးအတွက် စွန့်တော်မူသော အရှင်သည် သားတော်နှင့်တကွ အရာခပ်သိမ်းတို့ကိုလည်း ငါတို့အားမပေးဘဲ နေတော်မူမည်လော။" - ရောမသြဝါဒစာ ၈:၃၂

အနီးစွန့်စားမှုကို ယေရှုဘုရားက ဥယျာဉ်အတွင်း ၎င်း၏ခမည်းတော်ထံ ပတ္ထနာပြုခဲ့ရာ၌ တွေ့ရ၏။ ၎င်း၏ လျှောက်တင်မှု၌ ထိုအမှုကိုမခံယူလိုကြောင်း တွေ့ရ၏။ ထိုသည့်တိုင် ၎င်းကမည်မျှခက်ခဲစေမူ ခမည်းတော်၏အလိုတော်ကို ကိုးစားခဲ့၏။

> "ထို့နောက် ရှေ့သို့အနည်းငယ်ကြွတော်မူပြီး ပျပ်ဝပ်လျက် 'အကျွန်ုပ်၏ အဖ၊ ဖြစ်နိုင်လျှင် ဤခွက်ကို အကျွန်ုပ်ထံမှ လွန်သွားစေတော်မူပါ။ သို့သော် အကျွန်ုပ်၏ အလိုအတိုင်းမဟုတ်ဘဲ ကိုယ်တော်၏ အလိုတော်အတိုင်း ဖြစ်စေတော်မူပါ' ဟု ဆုတောင်းတော်မူ၏။" - ရှင်မဿဲခရစ်ဝင် ၂၆:၃၉

ငါတို့သည် ထိုမေတ္တာတော်၏အတိမ်အနက်ကို ဂဃနဏ မည်သို့သိနိုင်မည်နည်း။ ဘုရားသခင်၏ မဟာမေတ္တာတော်အကြောင်း မည်သည့်ဝေါဟာရက ပြီးပြည့်စုံအောင် ဖော်ကြူး နိုင်မည်နည်း။ အာဒံသည် ၎င်း၏အမြတ်နိုးဆုံးကို မလှူလိုခဲ့ပါ။ ခမည်းတော်ကား ၎င်း၏ သားတော်ကိုပင် မချန်ခဲ့ပါ။

၎င်း၏နာကျင်မှုကို အရသာခံကြသည့် လူထု၏ရိုက်နှက်ခြင်း၊ ကဲ့ရဲ့ခြင်း၊ ပြက်ရယ်ပြုခြင်း များကို ယေရှုဘုရားသည် ဆိတ်ငြိမ်စွာခံယူခဲ့၏။ ၎င်း၏လက်ဝါးကားတိုင်သည် မည်မျှ လေးလေး ထမ်းခဲ့၏။ ကားစင်ပေါ်မှလည်း

၎င်း၏မာတာမိခင်ကို စောင်မပါရန် ရှင်ယော ဟန်ထံမှာခဲ့၏။ ၎င်းကို အဆုံးစီရင်ကြသူများကို အပြစ်လွှတ်ပေးပါရန် ခမည်းတော်ထံ လျှောက်ခဲ့သေး၏။

စကြဝဠာသည် ဤသို့သော မဟာမေတ္တာတော်မျိုး မတွေ့ခဲ့ဖူးသေးပါ။ သားတော်၏ ဘုန်းရောင်ဝါတော်အားဖြင့် ခမည်းတော်၏ သိက္ခာပုဒ်များ ထွန်းပတော်မူ၏။ ခမည်းတော် သည် ၎င်း၏ရန်သူများအပေါ် အမှန်ပင်မေတ္တာရှိ၏။ ၎င်းကို ဖျက်ဆီးမည့်သူများကို ခွင့် လွှတ်၏။ ထိုထိုသိက္ခာအလုံးစုံတို့ကို သားတော်ဘုရား၏သိက္ခာတော်က ပြတော် မူ၏။ အသက်ပေးလှူခဲ့ခြင်းအားဖြင့် သားတော်ဘုရားက ဂရုကံကျူးလွန်သူမာရ်နတ်နှင့် ၎င်း၏ စရိုက်များကို အထုပ်ဖြည်ပြ၏။ လက်ဝါးကားတိုင်မှနေ၍ အသက်သတ်သမားနှင့် အသတ် ခံရသူအကြောင်း ကွက်ကွက်ကွင်းကွင်း ချပြ၏။ ကာလနအား ၎င်း၏ညီအာဗေလကို သတ်ရန်စိတ်ဆောင်စေခဲ့သည့် စေတသိက်သည် လက်ဝါးကားတိုင်၌ အရှင်းကြီးပေါ် ပြီ။ အပြစ်မသင့်ခဲ့သည့် အခြားကမ္ဘာသားများကလည်း မုသားဖခင်၊ အသက်သတ်သမား မာရ် နတ်၏ဘီလူးရုပ်ကို ပထမအကြိမ်အဖြစ် အရှင်းမြင်ခဲ့ကြပြီ။ ကောင်းကင်ဘုံတွင်ရှိခဲ့သည့် ၎င်း၏သြဇာသည် ဈာန်လျှောပြီဖြစ်ကာ ကောင်းကင်နှင့် အခြားသော ကောင်းကင်တမန် တို့၏ နှလုံးသားတွင် ၎င်း၏ဘုံ ပျောက်ပြီဖြစ်၏။

ဤဓမ္မခရီးစဉ်အစမှနေ၍ ငါတို့သည် ကျမ်းစာလာအကြောင်းများကို သမ္မာဒိဋ္ဌကျစွာ သိမြင်လိုစွမ်းပါ၏။ ကားတိုင်တော်၏ ကျေးဇူးတော်ကြောင့် ငါတို့ကို အမှတ်စွဲစေသည့် ဓမ္မဟောင်းကျမ်းရှိ ဘုရားသခင်၏ ချောက်ချားဖွယ်သိက္ခာပုဒ်တို့သည် ယခုတွင် မြတ်နိုးဖွယ်သို့ ပြောင်းချေပြီ။ ကရုဏာ၊ မုဒိတာ၊ မာတာပိတုတို့၏မေတ္တာသည် စင်ကြယ်၊ မျှတ၊ အစွမ်းသတ္တိတို့ဖြင့် ရောပွမ်းသည်ဟုမြင်ရပြီ။ ဓမ္မသစ်ကျမ်းမှနေ၍ ရှုကွက်ဆင်းသည့်အခါ ဓမ္မဟောင်းကျမ်းရှိ စီရင်ထုံးများ၏ နောက်ကွယ်ရှိဓမ္မစစ်ကို ငါတို့မြင်နိုင်ပြီဖြစ်၏။ ဤ အကြောင်းသည် ဤစာအုပ် ရှုကွက်ဆင်းလိုသည့်

အူကြောဖြစ်၏။ ဆိုလိုရင်းကား ဤ ကမ္ဘာတွင် ယေရှုဘုရား ပြခဲ့သည့်နမူနာများသည် မနေ့၊ ယနေ့၊ နောင်ကာလ အဆက် ဆက် တူကြောင်းနှင့် ခမည်းတော်သည်လည်း ထိုအတိုင်း ထပ်တူဖြစ်ကြောင်း ဖြစ်၏။

## ၂။ သင် မည်သို့ဖတ်သနည်း

ယေရှုဘုရားသည် အဆန်းကြယ်ဆုံး ဆရာသခင်ဖြစ်၏။ အစိုးရမင်းများက ဂေါပကများအား ယေရှုဘုရားကိုဖမ်းရန် ခိုင်းစေသည့်အခါ အဘယ့်ကြောင့် မဖမ်းခဲ့ရကြောင်းကို ပြန်ကြားစေကြ၏။ ၎င်းတို့က အောက်ပါအတိုင်းသာဆိုနိုင်၏။

> " … ထိုသူဟောပြောသကဲ့သို့ အဘယ်သူမျှ မဟောစဖူး" - ရှင်ယောဟန်ခရစ်ဝင် ၇:၄၆

ဓမ္မသစ်ကျမ်းတွင် မည်သို့ပင် ဤကဲ့သို့ မှတ်ကျောက်တင်ခဲ့ပြီး ပုထုဇဉ်အများစုက ယေရှု ကို နားမရှင်းနိုင်ဖြစ်ကြသေး၏။

ခရစ်တော်ဘုရားသည် ၎င်းရင်ဆိုင်ရမည့် သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအကြောင်း ယုဒ အမျိုးသားတို့အားအရိပ်ပြရာ၌ "ဤဗိမာန်ကို ဖျက်ဆီးကြလော၊ ၃ ရက်အတွင်း ငါ ပြန် ဆောက်မည်" ဟုမိန့်၏။ ၎င်းတို့က ယေရုရှလင်မြို့ရှိ ထုထည်ရှိဗိမာန်တော်ကို ညွှန်းသည်ဟု မှတ်ကြ၏။ အမှန်ကား ယေရှုက ၎င်း၏ခန္ဓာကိုညွှန်းခြင်းဖြစ်၏။ ယေရှုဘုရားက နိကောဒင်ထံ အသစ်တစ်ဖန်မွေးဖွားရန် မိန့်ခဲ့၏။ နိကောဒင်လည်း မံသခန္ဓာဖြင့် တစ်ဖန် မွေးဖွားရမည်ဟု မှတ်ခဲ့၏။ အမှန်ကား ယေရှုက ဝိညာဉ်ရေးမွေးဖွားခြင်းကို မိန့်ခြင်း ဖြစ်၏။ တစ်ဖန်လည်း ယေရှုဘုရားက ၎င်း၏တပည့်တော်များကို ဖာရိရှဲတို့၏ တဆေးကို ရှောင်ရန် မိန့်သည့်အခါ ၎င်းတို့က ရုပ်မုန့်ကိုမိန့်သည်ဟု မှတ်ကြ၏။

> "'မုန့်နှင့်ပတ်သက်၍ သင်တို့အား ငါပြောသည်မဟုတ်ကြောင်းကို အဘယ်ကြောင့် သင်တို့နားမလည်ကြသနည်း။ ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့၏ တဆေးကိုမူကား သတိထား ကြလော့' ဟု မိန့်တော်မူ၏။" - ရှင်မဿဲခရစ်ဝင် ၁၆:၁၁

ယေရှုဘုရား လူ ၅,၀၀၀ ကို အာဟာရဒါန တိုက်ကျွေးသည့်သမယ၌ ၎င်းက ဤပြာဋိဟာ ပြရခြင်း၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖွင့်ပြ၏။ မုန့်သည် ၎င်း၏အမတဘာဝကို ပုံဆောင်ကြောင်း ပုထုဇဉ်များက ထိုအရာကိုရှုမှတ်ကြရန်လိုကြောင်း တရားပြခဲ့၏။

> "ငါ၏အသားကိုစား၍ ငါ၏သွေးကိုသောက်သောသူသည် ထာဝရအသက်ကို ရရှိ၏။ ငါသည် ထိုသူကို နောက်ဆုံးသောနေ့၌ ထမြောက်စေမည်။" - ရှင်ယောဟန်ခရစ်ဝင် ၆:၅၄

ထိုတရားသည် တရားနာကြသူများအား အံ့အားသင့်စေခဲ့၏။ ၎င်းတို့က "အနှီတရားသည် တရားလွန်၏။ မည်သူကြားဝံ့မည်နည်း" ဟု စိတ် မသာနိုင်ဖြစ်ကြ၏။ ၎င်း၏သာသနာ တော်ကို စိတ်ဝင်စားသူများလည်း နောက်ပြန်ဆုတ်ပြီး ၎င်းနောက်ကိုမလိုက်ကြတော့ပါ။

> "ထိုသူသည် ဤလောက၌ရှိတော်မူပြီ။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကိုမသိ။ (၁၁) သူသည် မိမိဒေသအရပ်သို့ ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲ နေကြ၏။" - ရှင်ယောဟန်ခရစ်ဝင် ၁:၁၀-၁၁

ထိုထိုများတို့သည် ဟေရှာယဟောထားသည်များ ပြည့်စုံရာတည်း။ ။

> "ငါတို့ ဟောပြောသော သိတင်းစကားကို အဘယ်သူ ယုံသနည်း။ (၂) ထာဝရဘုရား၏ လက်တော်သည် အဘယ်သူအား ထင်ရှားတော်မူသနည်း။ ထာဝရဘုရား၏ကျွန်သည် အညွန့်ကဲ့သို့၎င်း၊ သွေ့ခြောက်သောမြေ၌ ပေါက်သော အတက်ကဲ့သို့၎င်း၊ ရှေ့တော်၌ ကြီးပွား၏။ ပမာဏပြုစရာ အဆင်းတင့်တယ်ခြင်း မရှိ။ ချစ်လိုဘွယ်သော မျက်နှာလက္ခဏာနှင့် မပြည့်စုံ။ (၃) **မထီမဲ့မြင်ပြုခြင်းကို ခံ၍၊ လူတို့တွင် အယုတ်ဆုံးသော သူဖြစ်၏၊ ငြိုငြင်သောသူ၊ နာကျင်ခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူ ဖြစ်၏။** သူတစ်ပါးမျက်နှာလွှဲခြင်းကို ခံရသောသူကဲ့သို့ဖြစ်

၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍၊ ငါတို့သည် မရိုသေကြ။" - ဟေရှာယအနာဂတ္တိကျမ်း ၅၃:၁-၃

သားတော်ဘုရားအား ပုထုဇဉ်တို့၏သန္တာန်မှ ပကတိအတိုင်းတုံ့ပြန်မှုသည် ၎င်းနှင့် ၎င်း၏သာသနာကို ငြင်းခြင်းဖြစ်၏။

"ဇာတိနှင့်ဆိုင်သောလူသည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့်ဆိုင်သော အရာတို့ကို မခံယူပေ။ အကြောင်းမူကား ထိုအရာတို့သည် သူ့အတွက် မိုက်မဲသောအရာဖြစ်၏။ ထိုအရာတို့ကို ဝိညာဉ်အားဖြင့်သာ ပိုင်းခြား၍ သိနိုင်သည်ဖြစ်၍ သူသည် ၎င်းတို့ကိုနားမလည်နိုင်။" - ကောရိန္သုဩဝါဒစာ ပထမစောင် ၂:၁၄

ပုထုဇဉ်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို စူးစမ်းသည့်အခါ နားမလည်နိုင်ဖြစ်ရ၏။ သမ္မာကျမ်းစာတော်မြတ်က အောက်ပါအတိုင်းဆို၏။ ။

"ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။ ငါ၏ အကျင့်သည်လည်း သင်တို့၏ အကျင့်နှင့်မတူ။ (၉) မိုဃ်းကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့၊ ငါ၏အကျင့်သည် သင်တို့၏ အကျင့်ထက်၎င်း၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်၎င်း သာ၍ မြင့်၏။" - ဟေရှာယအနာဂတ္တိကျမ်း ၅၅:၈၊ ၉

ငါတို့သည် ဘုရားသခင့်ဝိညာဉ်တော် မွေးဖွားခြင်းမရဘဲ သမ္မာကျမ်းစာကို စူးစမ်းစဉ် အလင်းပြပေးရန် နှိမ့်ချပြီး မလျှောက်လျှင် ကျမ်းစာပါအကြောင်းများကို တလွဲကောက်ကာ အမှားကြောမျောမည်ဖြစ်၏။

"မည်သူမဆို တစ်စုံတစ်ရာကိုသိပြီဟုထင်မှတ်လျှင် ထိုသူသည် သိသင့်သည့်အတိုင်းပင် မသိသေး။" - ကောရိန္သုဩဝါဒစာပထမစောင် ၈:၂

“ငါချစ်သောညီအစ်ကိုတို့၊ ဤအချက်ကို သိမှတ်ကြလော့။ လူတိုင်းသည် ကြားနာ ခြင်းအရာ၌ လျင်မြန်၍ စကားပြောခြင်းနှင့် အမျက်ထွက်ခြင်း အရာတို့၌ နှေးကွေး ကြစေ။” - ရှင်ယာကုပ်ဩဝါဒစာ ၁:၁၉

“ကောင်းစွာနားမထောင်မီ ဖြေဆိုခြင်းသည် ထိုသို့ဖြေဆိုသောသူအတွက် မိုက်မဲခြင်းနှင့် အသရေပျက်ခြင်းဖြစ်တတ်၏။” - သုတ္တံကျမ်း ၁၈:၁၃

အကြောင်းတစ်ခုကို အစုံမကြားရမီ အဆုံးအဖြတ်ပေးရန်လွယ်၏။ အောက်ပါဥပမာကို အာရုံပြုလော့။ ။

“ထို့နောက် ကိုယ်တော်က ‘ငါသည် သင်တို့ကို ငွေအိတ်၊ လွယ်အိတ်နှင့် ဖိနပ် မပါဘဲ စေလွှတ်သောအခါ သင်တို့တွင် လိုအပ်မှုတစ်စုံတစ်ရာရှိခဲ့သလော’ ဟု တပည့်တော်တို့အား မေးတော်မူလျှင် သူတို့က ‘မရှိခဲ့ပါ’ ဟု လျှောက်ကြ၏။ (၃၆) ကိုယ်တော်ကလည်း ‘ယခုမူကား ငွေအိတ်ရှိသောသူသည် ယူသွားစေ။ ထိုနည်းတူ လွယ်အိတ်ကိုလည်း ယူသွားစေ။ ဓားမရှိသောသူသည် မိမိအဝတ်ကို ရောင်း၍ ဓားကိုဝယ်စေ။’” - ရှင်လုကာ ခရစ်ဝင် ၂၂:၃၅၊ ၃၆

ထို့အပြီးတွင် စိတ်ပြောင်းဟန်ရှိသလော။

“ယေရှုကလည်း ထိုသူအား ‘သင်၏ဓားကို သူ့နေရာ၌ပြန်ထားလော့။ အကြောင်းမူ ကား ဓားကိုင်သောသူအားလုံးတို့သည် ဓားဖြင့်ပျက်စီးရလိမ့်မည်။’” - ရှင်မဿဲ ခရစ်ဝင် ၂၆:၅၂

ယေရှုဘုရားသည် ၎င်း၏တပည့်တော်များအား ဓားဝယ်ခိုင်းဖူးသလော။ ရှင်ပေတရု ဓား ကိုင်သည့်အခါ ဆုံးမခံရသည်မဟုတ်လော။ ပေတရုသည် ချိန်ခါမကိုက်ချိန်၌ ဓားသုံးခြင်း လော။ ဟုတ်သည်ရှိလျှင်လည်း ယေရှုဘုရားက သုံးသင့်ချိန်၊ မသုံးသင့်ချိန် မိန့်ခဲ့သလော။ “ဓားကိုင်သူသည် ဓားဖြင့်မရဏာလားရမည်” ဟူသည့်ဝစနံသည် ကမ္ဘာသားအားလုံး အတွက် တရားပါသည်။ အနှီဖြင့်မလုံလောက်သေးလျှင် ထပ်ဖြည့်ကြအံ့။ ။

"ကယ်တင်ခြင်းသံခမောက်နှင့် ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော ဝိညာဉ်တော်ဓားကိုလည်း ယူကြလော့။" - ဧဖက်သြဝါဒစာ ၆:၁၇

"ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အသက်ရှင်၍ ထက်မြက်ကာ အသွားနှစ်ဖက်ပါသည့် ဓားရှိသမျှတို့ထက် သာ၍ထက်သဖြင့် အသက်နှင့်ဝိညာဉ်တို့အထိလည်းကောင်း၊ အဆစ်အမြစ်နှင့် ခြင်ဆီတို့အထိလည်းကောင်း ထိုးဖောက်ပိုင်းခြား တတ်၏။ စိတ်နှလုံး၏ စဉ်းစားဆင်ခြင်မှုနှင့် သဘောထားတို့ကိုလည်း ထိုးထွင်း သိမြင်နိုင်၏။" - ဟေဗြဲသြဝါဒစာ ၄:၁၂

"သူ၏လက်ယာလက်တွင် ကြယ်ခုနစ်လုံးရှိ၍ အသွားနှစ်ဖက်ပါသည့် ထက်သော သန်လျက်သည် သူ၏ခံတွင်းထဲမှ ထွက်နေ၏။ သူ၏မျက်နှာသည် မိမိအရှိန်အဝါဖြင့် ထွန်းလင်းနေသောနေကဲ့သို့ဖြစ်၏။" - ဗျာဒိတ် ကျမ်း ၁:၁၆

သမ္မာကျမ်းစာတော်မြတ်က ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆိုလိုသည့်အခါ "ဓား" ဟူသည့် ဝေါဟာရကို သုံးခဲ့၏။ မည်သည့်အချိန်တွင် ဤသို့မှတ်ရပြီး မည်သည့်အချိန် သတ္တုဓားစစ်စစ်ကိုဆိုလိုကြောင်း ငါတို့ မည်သို့သိနိုင်မည်နည်း။ မီးနှင့်စပ်လျဉ်း၍လည်း တစ်ဖန်အနုလုံပဋိလုံစိပ်ပါလေ။

"လေဝိယကလည်း၊ ငါသည် ဘုရားသခင်၏လူမှန်လျှင်၊ ကောင်းကင်က မီးကျ၍ သင်နှင့်သင်၏လူ ငါးကျိပ်တို့ကို လောင်ပါစေဟု လူငါးကျိပ်အုပ်သော တပ်မှူးအား ဆိုသည်အတိုင်း၊ ကောင်းကင်က မီးကျ၍ သူနှင့်သူ၌ပါသောလူငါးကျိပ်တို့ကို လောင်လေ၏။" - ဓမ္မရာဇဝင်စတုတ္ထစောင် ၁:၁၀

"ကောင်းကင်သို့ဆောင်ယူခြင်းကို ခံတော်မူသောအချိန် ရောက်သောအခါ၊ ယေရုရှလင်မြို့သို့ တူရူကြွအံ့သောငှာ သဘောထားတော်မူ၏။ (၅၂) ရှေ့တော်သို့ တမန်တော်တို့ကို စေလွှတ်တော်မူသဖြင့်၊ သူတို့သည် ကိုယ်တော်၏အဖို့ကို ပြင်ဆင်ခြင်းငှာ သွား၍ ရှမာရိရွာတစ်ရွာသို့ ဝင်ကြ၏။ (၅၃) ကိုယ်တော်သည် ယေရုရှလင်မြို့သို့သွားအံ့သော အခြင်းအရာကို ထိုရွာသားတို့သည်ထောက်၍ လက်မခံ

> ကြ။ (၅၄) ထိုအကြောင်းကို တပည့်တော်ယာကုပ်၊ ယောဟန်တို့သည်မြင်လျှင်၊ သခင်၊ ဧလိယပြုသကဲ့သို့ အကျွန်ုပ်တို့သည် ကောင်းကင်မှမီးကျစေ၍ ထိုသူတို့ကို လောင်စေခြင်းငှာ အလိုရှိတော်မူသလောဟု လျှောက်ကြသော်၊ (၅၅) ယေရှုသည် လှည့်ကြည့်၍၊ သင်တို့သည် ကိုယ်စိတ်သဘောကို ကိုယ်မသိကြ၊ လူသားသည်လူတို့၏ အသက်ကို သတ်အံ့သောငှာ ကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှာ ကြွလာသည်ဟု ဆုံးမတော်မူပြီးမှ၊ (၅၆) အခြားသောရွာသို့ ကြွတော်မူ၏။" - ရှင်လုကာခရစ်ဝင် ၉:၅၁-၅၆

ယေရှုဘုရားသည် ၎င်း၏တပည့်တော်များကို ပြင်းထန်စွာအပြစ်တင်ရာ၌ ဧလိယကိုလည်း တစ်ပါတည်းအပြစ်တင်ခြင်းလော။ ၎င်းတို့သည် မည်သည့်သမယမျိုးတွင် ကောင်း ကင်မှ မီးချစေရမည်ကို မသိကြခြင်းလော။ တစ်ဖန်ဆိုရမူ ယေရှုဘုရား၏ဝစနံသည် တစ်ကမ္ဘာလုံးအတွက် တရား၏။ ၎င်းက ပုထုဇဉ်များကို ဖျက်ဆီးရန်လာခြင်းမဟုတ်ဘဲ ကယ်ချွတ်ရန်လာသည်ဟု မိန့်၏။ ဤဝစနံက ၎င်းသည် သတ္တကမ္ဘာ၌ သက်တော်ထင်ရှား စဉ်အတွင်း၌သာ ပုထုဇဉ်တို့ကို ဖျက်ဆီးမည်မဟုတ်ဘဲ၊ ကောင်းသို့တက်ကြွအပြီးတွင် ဖျက်ဆီးမည်ဟု ဆိုခြင်းလော။

ဤအမေးများသည် ပုထုဇဉ်တစ်ဦး သမ္မာကျမ်းစာတော်မြတ်ကို စတင်စူးစမ်းလေ့လာသည့်အခါ ပေါ်လာတတ်သည့် အမေးများဖြစ်၏။ ဤ၌ ယေရှုဘုရားက ကျမ်းတတ်ပုဂ္ဂိုလ် ကို မေးခဲ့သည့်ဖြစ်စဉ်သို့ ဆွဲခေါ်၏။

> "ကိုယ်တော်ကလည်း 'ပညတ်တရားကျမ်းတွင် မည်သို့ရေးထားသနည်း။ သင်မည်သို့ဖတ်ရသနည်း'ဟု မေးတော်မူ၏။" - ရှင်လုကာခရစ်ဝင် ၁၀:၂၆

ယေရှုဘုရားက ထိုလူကြီးမင်းအား သင်ဘာကိုဖတ်သနည်းဟု မမေးဘဲ သင်မည်သို့ ဖတ်သနည်းဟု မေး၏။ ဘုရားသခင့်တရားများကို မည်သည့်ပေတံဖြင့် သင် ဖတ်သနည်း။ ငါတို့ စာဒကတက်နိုင်ချေရှိသည့် ကျမ်းပိုဒ်များနှင့်တိုးသည့်အခါ အနီးမေးခွန်းသည် ပဓာနကျသည့် မေးခွန်းတည်း။

၁၉ ရာစု အစောပိုင်းတွင် မြောက်အမေရိကတိုက်အား သာသနာနိုးထစေမည့် ပုဂ္ဂိုလ်သည် အနီးမေးခွန်းနှင့် ထိပ်တိုက်ရင်ဆိုင်ခဲ့ရ၏။ William Miller သည် ပျိုရွယ်စဉ်၌ ကျမ်းစာကို ဥပေက္ခာပြုခဲ့၏။ ကျမ်းစာသည် ခေါင်းရှုပ်စရာများနှင့်ထုံ၏ဟု နိဂုံးခဲ့၏။ သို့နှင့် ၎င်းသည် ဗြိတိသျှများ နိုင်ချေရှိခဲ့သည့်စစ်ပွဲတွင် အမေရိကန်တပ်က နိုင်ခဲ့သည့်စစ်ကြောင့် ၎င်း သည် အနီးစစ်ပွဲထက်စွမ်းသည့်ပုဂ္ဂိုလ်သည် ကမ္ဘနယာမကို ပြုပြင်စီရင်သည်ဟု အလင်းရ ကာ သမ္မာကျမ်းစာကို စတင်လေ့လာတော့၏။ ၎င်းသို့ပြုခြင်းသည် ၎င်းအတွက် အလွန် နှိမ့်ချရသည့် အမှုဖြစ်၏။ အကြောင်းကား ၎င်းကခရစ်ယာန်များစွာတို့အား သမ္မာကျမ်းစာ တော်မြတ်ထဲရှိ ဖြေရခက်သည့် ကျမ်းပိုဒ်များဖြင့် ငေါ့ခဲ့ခြင်းကြောင့် ...။ ၎င်းသည် ကျမ်းစာ ကို စိတ်ပြန်လည်သည့်အခါ ၎င်းကိုယ်တိုင် ရှုးခဲ့သည်အရှုးများ ပြန်အပတ်ခံရတော့၏။

"Deism ဝါဒကို စွန့်လွှတ်အပြီး၊ ခရစ်တော်ဘုရား၏ စီမံမှုသိက္ခာတော်များကြောင့် အမတဘဝ ပန်ဆင်ရမည့်အကြောင်း ၎င်း၏မိတ်ဆွေများနှင့် နီးနှောသည့်အခါ ၎င်းတို့က ကယ်တင်ရှင်ရှိကြောင်း မည်သို့ ထိုးထွင်းသိခဲ့သနည်းဟု အမေးခံရ၏။ ၎င်းကလည်း "သမ္မာကျမ်းစာတော်မြတ်၌ လာ၏" ... "သမ္မာကျမ်းစာသည် ဓမ္မစစ် ဖြစ်ကြောင်း သင်မည်သို့သိရသနည်း" ဟု တန်ပြန်အမေးခံရ၏။ ယခင်က ၎င်း ကိုယ်တိုင် မေးခဲ့သည်များ ယခုတွင် ၎င်းကိုယ်တိုင် အဖန်ဖန် အမေးခံရ၏။ W.Miller သည် ထိုခနဲ့အမေးများကို အဟုန်ပြင်းစွာခံခဲ့ရ၏။ သို့စေမူ အကယ်တန္တု သမ္မာကျမ်းစာတော်မြတ်သည် ဘုရားသခင်၏ ဝစနံဖြစ်ပါမူ ထိုဝစနံတို့သည် တသ မတ်တည်းဖြစ်ချေမည်ဟု အတွေးဝင်၏။ ဝစနံများသည် တွဲဖက်ညီကြမည်ဖြစ်ပြီး ပုထုဇဉ်တို့၏ ကောင်းကြိုးရာရာအတွက် ပေးထားခြင်းဖြစ်ရာ၏။ သို့ဖြစ်၍ ၎င်းကို လည်း အလင်းပြမည်မလွဲဟု မှတ်ယူ၏။ သို့နှင့် ၎င်းက "အချိန် တစ်ခုပေးပါ၊ တလွဲဖြစ်ကြသည့် ကျမ်းပိုဒ်များကို ငါကျေနပ်သည့်အထိ ပိုင်းခြားဝေဖန်ဝိဘဇ္ဇပြု ဦးမည်။

> အကြောင်းမမှန်လျှင် ငါသည် Deism ဝါဒကို ဆက်ကိုင်စွဲမည်ဟုဆို၏။ သို့နှင့် ၎င်းက သမ္မာကျမ်းစာကို ဆက်ကပ်ခြင်းကြီးစွာဖြင့် စတင်စူးစမ်းတော့၏။ ၎င်းက သမ္မာကျမ်းစာ အနက်ဖွင့်ကျမ်းများကို ဘေးချိတ်ပြီး Concordance ဆို သည့် စာအုပ်ဖြင့် နှစ်ပါးသွားခဲ့၏။ ၎င်းက ကျမ်းစာနှင့်ဘက်လိုက်မှုရှိသည့် အနက်ဖွင့်မှုများကို စည်းခြားရမှန်း ဉာဏ်ပေါက်၏။ သမ္မာကျမ်းစာတော်မြတ်သည် ထို အနက်ဖွင့် ကျမ်းများထက် သက်တော်ရင့်၏။ ထိုထိုများ၏ အထက်၌ မချွတ် ရှိနေရမည်။ ၎င်းကလည်း ကျမ်းစာကို အထွတ်၌ထား၏။ ၎င်းက သမ္မာကျမ်းစာ သည် ထိုအနက်ဖွင့် ကျမ်းများကို ပြန်၍အမှန်ပြ၊ အမှားပြင်ရမည်။ သမ္မာကျမ်းစာ ရှိ တရားစစ်များသည် ရိုးရာလက်ခံယုံကြည်သည့် တိမ်တိုက်ကို ဖြိုခွင်းကာ အလင်းဆောင်ရာ၏ဟုမှတ်၏။ ၎င်းသည် ဃနအလုံးစုံကို ပယ်သတ်ကာ ကလေး သူငယ်ပမာသော ဖြူစင်စိတ်အရိုးခံဖြင့် သမ္မာကျမ်းစာကို ပကတိအတိုင်း လေ့လာ စူးစမ်း၏။" Sylvester Bliss, *Memoirs of William Miller* (1853), p 68.

၎င်းသည် အထက်ပါအတိုင်း စူးစမ်းခဲ့၏။ ၎င်းသည် ၂ နှစ်အတွင်း သမ္မာကျမ်းစာတော်မြတ်ကို အစမှအဆုံး ကျမ်းရိုးပေါက်လေ့လာခဲ့၏။

> "ငါသည် ဃနပယ်သတ်ပြီး ကျမ်းကျမ်းချင်းတိုက်၊ စည်းစနစ်ကျကျ လေ့လာရန် ဆုံးဖြတ်ခဲ့၏။ ငါသည် ကမ္ဘာဦးကျမ်းမှ စလေ့လာ၏။ စာတစ်ကြောင်းချင်း လေ့လာကာ နားမရှင်းမချင်း ရှေ့မဆက်ခဲ့ပါ။ ဝိစိကိစ္စာ ဖြစ်သည့်စာကြောင်းနှင့် တိုးသည့်အခါ ငါသည် အခြားကျမ်းပိုဒ်များနှင့် တိုက်ဆိုင်စစ်ဆေး၏။ Cruden စာအုပ်ကို အကူယူခဲ့၏။ နားမရှင်းသည့် ကျမ်းပိုဒ်အားလုံးကို ငါ ဝိဘဇ္ဇ ပြုခဲ့၏။ ကျမ်းပိုဒ်များ အဓိပ္ပာယ်အမှန်ဆောင်၊ ငါ့အမြင်များ သမ္မာကျမ်းစာနှင့် ကိုက်ညီသည့်အခါ အခက်အခဲများ ပျောက်တော့၏။ ဤသို့ဖြင့် သမ္မာကျမ်းစာကို (၂) နှစ်မျှ ကျမ်းရိုးပေါက်အောင် ငါလေ့လာခဲ့ကာ ကျမ်းကျမ်းချင်း အပြန်အလှန် အလင်းပြ ကြသည့်အပေါ် ငါ နှစ်ထောင်းအားရ၏။ Sylvester Bliss, *Memoirs of William Miller* (1853), p 69.

သမ္မာကျမ်းစာတော်မြတ်ကို စူးစမ်းလေ့လာသည့်ကာလအတွင်း ၎င်းကလည်း ကျမ်းဂန်များ ရှေ့နောက်ညီစေနိုင်ခဲ့သည့် ၎င်း၏နည်းကို ကျမ်းစာလေ့လာသည့်စည်း ဖြစ်စေခဲ့၏။ ထိုစည်းမျဉ်းများသည် အောက်ပါအတိုင်းဖြစ်၏။

၁။ ဝေါဟာရတိုင်းသည် သမ္မာကျမ်းစာဆိုလိုသည့်အတိုင်း အတိအကျ အဓိပ္ပာယ်အမှန် ဆောင်ရာ၏။

၂။ ကျမ်းအားလုံးသည် ပယ်စရာမရှိ။ သမာသမတ်ဖြင့် စူးစမ်းလျှင် နားရှင်းနိုင်၏။

၃။ ကျမ်းစာလာအကြောင်းများသည် ကြည်ညိုခြင်းဖြင့် လေ့လာသူများအတွက် ကွယ်ဝှက်၍မရ။

၄။ ယုံကြည်ချက်ခေါင်းစီးများကို နားလည်နိုင်ရန်၊ သင်သိလိုသည်များကို သိနိုင်ရန် ဆက်နွှယ်ရာ ကျမ်းအားလုံးကို စိစစ်ရာ၏။ ထို့နောက် ဝေါဟာရတိုင်းကို သြဇာရှိစေရာ၏။ အကယ်၍တန္တု သင်သည် သမ္မာကျမ်းစာနှင့်ကိုက်စွာ ဒဿနဆွဲနိုင်လျှင် သင်သည် မမှားနိုင်။

၅။ သမ္မာကျမ်းစာသည် သမ္မာကျမ်းစာကို အနက်ဖွင့်သူဖြစ်ရမည်။ ဤစည်းကမ်းသည် ဝမ်းတွင်းပါဖြစ်၏။ အကယ်၍တန္တု ငါသည် ဆရာအပေါ်မှီသည်ရှိလျှင် ထိုဆရာသည် ကျမ်းရင်းလာအဓိပ္ပာယ်ကို မှန်းဆရတော့၏ (သို့) ၎င်း၏အစွဲကိုသွပ် သွင်းလိုလျှင် (သို့) ဉာဏ်ရှင်ကြီးဟု သတ်မှတ်ခံလိုလျှင် ၎င်း၏မှန်းဆမှု၊ ဆန္ဒ၊ အစွဲ၊ ဉာဏ်တို့သည် ငါ့စည်းမျဉ်းဖြစ်တော့ကာ ကျမ်းစာစည်းမျဉ်းမဟုတ်တော့။

၆။ ဝေါဟာရတစ်လုံးသည် သဘာဝကျပြီး ကျမ်းသဘောကို မထိပါ၊ ဉပမာပြခြင်းမဟုတ်ပါက ပကတိအတိုင်း ယူရာ၏။

၇။ အဓိကစည်းမျဉ်းကား သင်သည် ယုံကြည်သဒ္ဓါစိတ် ရှိရပါမည်။ သင်၏ အိပ်မက်ကမ္ဘာ၊ သင်တန်ဖိုးအထားဆုံးများ၊ သင့်စရိုက်၊ နေထိုင်မှု၊ လုပ်ငန်းကိုင်ငန်း၊ မိတ်ဆွေ၊ အိမ်ရာ၊ အသိုက်အမြုံ၊ လောကီဂုဏ်ဝဏ္ဏများကို အလှူခံသည့်အခါ စွန့်နိုင်သည့် ယုံကြည်ခြင်းမျိုး ဖြစ်ရမည်။ ထိုထိုများမှ တစ်ခုခုက ဘုရားသခင့်နှုတ်ကပတ်တော်အပေါ် ငါတို့၏ယုံကြည်ခြင်းကို ဟန့်တားလျှင် ငါတို့၏ ယုံကြည်ခြင်းသည် နတ္ထိဖြစ်ကြောင်း ပြ၏။ အနီကိလေသာများ ငါတို့သန္တာန်ကို မင်းမူနေသ၍ ငါတို့သည် ယုံကြည်သဒ္ဓါအား ရှိနိုင်မည်လော။ ဘုရားသခင်သည် ၎င်း၏ဝစနံကို ဘယ်တော့မျှ မရုတ်သိမ်းကြောင်း ငါတို့ မလွဲမသွေယုံရာ၏။ စာငှက်များကိုပင် ထောက်ထားသည့်၊ ငါတို့၏ ဆံပင်များကို ရေတွက်ထားသည့် ဘုရားသခင်သည် ၎င်း၏ဝစနံများကို ဘာသာပြန်၊ အနက်ပြန်ကြသည့်အခါ ထိန်းကျောင်းမည် ဖြစ်ပြီး ဘုရားကိုယုံကြည့်သူများအား စောင်မမည်ဖြစ်ကာ အမှန်မှမဝေးရန် ၎င်း၏ဝစနံကို လုံးလုံးယုံရန် စောင်မမည်ဖြစ်၏။

ထိုစည်းမျဉ်းများသည် ပုဂ္ဂိုလ်တစ်ဦးအား ကမ္ဘာကြီးကိုလှုပ်နှိုးနိုင်ရန် မ,တော်မူ၏။

ငါတို့သည် အကြောင်းတစ်ခုကို ကောင်းစွာအနားသတ် နိဂုံးမချုပ်မီ ကျမ်းစာတစ်အုပ်လုံးကို စိစစ်စိပ်ဖြာပြီး တစ်စုတစ်စည်းတည်း ဖြစ်စေရာ၏။ ဝေါဟာရတိုင်းသည် နေရာမှန်၊ သြဇာမှန်ရမည်။ ငါတို့သည် အဖြေကို အလောရလိုမှုကြောင့် ပုထုဇဉ်အများစုအတွက် မလွယ်ကြောဖြစ်၏။ ထိုကျမ်းပိုဒ်မျိုးသည် အားစိုက်စူးစမ်းရန်လို၏။ ပမာအားဖြင့် ခေါမ ဂရိပါဠိလာ monogenes ကို ရှင်ယောဟန်ခရစ်ဝင် ၃:၁၆ ၌ သန္ဓေတည်မွေးဖွားဟု ပြန်ထား၏။ အများစုက ဤစာပိုဒ်သည် တစ်မူထူးသည်ဟု ယူ၏။ သို့နှင့် သမ္မာကျမ်းစာ က မည်သို့ဆိုသနည်း။

| | |
|---|---|
| ... သေဆုံးသောသူတစ်ယောက်ကို မြို့ပြင်သို့ ထုတ်ဆောင်လာကြ၏။ သူသည် မိခင်ဖြစ်သူ မုဆိုးမ၏ **တစ်ဦးတည်းသော** သားဖြစ်၏။ - ရှင်လုကာခရစ်ဝင် ၇:၁၂ | တစ်ဦးတည်းသော |
| အကြောင်းမူကား တစ်ဆယ့်နှစ်နှစ်အရွယ်ခန့်ရှိသော သူ၏ **တစ်ဦးတည်းသော**သမီးသည် သေအံ့ဆဲဆဲ ဖြစ်နေ၏။ - ရှင်လုကာခရစ်ဝင် ၈:၄၂ | တစ်ဦးတည်းသော |
| ထိုအခါ လူထုပရိသတ်ထဲမှ လူတစ်ဦးက "ဆရာ၊ အကျွန်ုပ်၏သားကို ကြည့်ရှုပေးပါရန် အကျွန်ုပ်တောင်းပန်ပါ၏။ အကြောင်းမူကား သူသည် အကျွန်ုပ်၏ **တစ်ဦးတည်းသော** သားဖြစ်ပါ၏။ - ရှင်လုကာခရစ်ဝင် ၉:၃၈ | တစ်ဦးတည်းသော |
| နှုတ်ကပတ်တော်သည် လူသားအဖြစ်ကိုခံယူ၍ အကျွန်ုပ်တို့ တွင် စံမြန်းတော်မူသဖြင့် အကျွန်ုပ်တို့သည် ကိုယ်တော်၏ ဘုန်းတော်ကို ဖူးမြင်ရကြ၏။ ထိုဘုန်းတော်ကား ခမည်း တော်ထံပါး၌ **တစ်ပါးတည်းသော**သားတော်အဖြစ်ရှိသော ဘုန်းတော်ဖြစ်လျက် ကျေးဇူးတော်နှင့်လည်းကောင်း၊ သမ္မာ တရားနှင့်လည်းကောင်း ပြည့်စုံ၏။ - ရှင်ယောဟန်ခရစ်ဝင် ၁:၁၄ | တစ်ဦးတည်းသော |
| ဘုရားသခင်ကို မည်သူမျှမမြင်ဖူးသော်လည်း ခမည်းတော်၏ ရင်ခွင်၌ရှိသည့် **တစ်ပါးတည်းသော**သားတော်ဘုရားသည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ။ - ရှင်ယောဟန် ခရစ်ဝင် ၁:၁၈ | တစ်ဦးတည်းသော |

| | |
|---|---|
| ဘုရားသခင်သည် မိမိ၏**တစ်ပါးတည်းသော**သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။ ဤသည်ကား သားတော်ကို ယုံကြည်သောသူတိုင်း မပျက်စီးဘဲ ထာဝရအသက်ကို ရရှိစေရန်ဖြစ်၏။ - ရှင်ယောဟန်ခရစ်ဝင် ၃:၁၆ | တစ်ဦးတည်းသော |
| သားတော်ကိုယုံကြည်သောသူသည် ပြစ်ဒဏ်စီရင်ခြင်းကို မခံရ။ မယုံကြည်သောသူမူကား ဘုရားသခင်၏ **တစ်ပါးတည်းသော** သားတော်၏နာမတော်ကို မယုံကြည်သောကြောင့် ပြစ်ဒဏ်စီရင်ခြင်းကိုခံရပြီဖြစ်၏။ - ရှင်ယောဟန်ခရစ်ဝင် ၃:၁၈ | တစ်ဦးတည်းသော |
| အာဗြဟံသည် စမ်းသပ်စစ်ဆေးခြင်းကို ခံရသောအခါ ယုံကြည်ခြင်းအားဖြင့် ဣဇက်ကိုပူဇော်၏။ ကတိတော်များကို ရရှိထားသောသူသည် **တစ်ဦးတည်းသော**သားကို ပူဇော်ရန် ပြင်ဆင်၏။ - ဟေဗြဲသြဝါဒစာ ၁၁:၁၇ | တရားဝင်ဇနီးမှမွေးသည့် တစ်ဦးတည်းသော |
| ငါတို့သည် သားတော်အားဖြင့် အသက်ရှင်ကြစေရန် ဘုရား သခင်သည် မိမိ၏ **တစ်ပါးတည်းသော**သားတော်ကို ဤ လောကသို့ စေလွှတ်တော်မူ၏။ ဤသို့ဖြင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သည် ငါတို့၌ ထင်ရှား၏။ - ရှင်ယောဟန်သြဝါဒစာပထမစောင် ၄:၉ | တစ်ဦးတည်းသော |

ဓမ္မသစ်ကျမ်း၌ monogenes (သို့) တစ်ဦးတည်းသောဟု ပြထားသည့်ပုဂ္ဂိုလ် (၅) ဦးသာ ရှိ၏။ ကျမ်းချက် (၅) ချက်က ယေရှုဘုရားအား ဘုရားသခင်၏သားတော်ဟု ညွှန်း၏။ တစ်ကျမ်းက ဣဇာက်ကိုညွှန်းကာ၊ ကျန်ကျမ်းချက်များက ယေရှုဘုရားကုခဲ့သည့်

တစ်ဦး တည်းသောဟူသည့် သူငယ်များကိုသာ ညွှန်း၏။ အခြားသူငယ်များအပေါ်သုံးသည့် ဝေါ ဟာရသည် တစ်ဦးတည်းသောဟူသည့် အဓိပ္ပာယ်ဆောင်၏။ ဣဇာက်သည် အာဗြဟံ၏ တစ်ဦးတည်းသောသား မဟုတ်ကြောင်း ငါတို့သိကြ၏။ သို့ြငား ၎င်းသည် ကတိထားတော် မူသော စာရာ၏ဝမ်းမှမွေးသည့် တစ်ဦးတည်းသောသားဖြစ်၏။ ထိုကျမ်းချက်များအားလုံး ကို စုပေါင်းလိုက်သည့်အခါ ထိုဝေါဟာရကို ယေရှုဘုရားအပေါ် သုံးသည့်အခါလည်း ခမည်းတော်၏ တစ်ဦးတည်းသော သားတော်ဖြစ်၏ဟု အဓိပ္ပာယ်ရှိရပါမည်။

ထို့အပြင် ပြခဲ့ပြီးသော ကျမ်းစာလေ့လာနည်းအမှတ်စဉ် (၆) အရ သဘာဝတရားကို မထိပါးလျှင် ဝေါဟာရကို ပကတိအတိုင်း တိုက်ရိုက်ယူရာ၏။ ယေရှုဘုရားသည် ခမည်းတော် ၏ ဧကပုတ္တဖြစ်သည့်အကြောင်းသည် သမာကျမ်းစာကို မထိပါးပါ။ ထို့ကြောင့် monogenes ၏ အဓိပ္ပာယ်ကို ကျမ်းစာအနက်ဖွင့်ကျမ်း (သို့) တစ်ဦးဦး၏ အကူမပါဘဲ အနက်ယူနိုင်၏။ သမ္မာကျမ်းစာသည် သမ္မာကျမ်းစာကို ပြန်၍အနက်ဖွင့်သူဖြစ်၏။

ယေရှုဘုရား၏ သက်တော်စဉ်နှင့် ဓမ္မဟောင်းကျမ်းလာ ရာဇဝင်တို့ကို ချိန်ညှိရာ၌ ငါတို့သည် ဆိုခဲ့ပြီးသည့် စည်းမျဉ်းများကို လိမ္မာစွာ သုံးတတ်ရပါမည်။ ကျမ်းစာမှဆိုသည့် ယေရှုဘုရားသည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ၊ မပြောင်းမလဲ နေတော်မူ၏။ - ဟေဗြဲ ၁၃:၈ လာကို မှန်ကြောင်းထောက်ပြရန် ငါတို့သည် အားထည့်ရန်လို၏။ ယေရှုဘုရားသည် မဖောက်ပြန်၊ အစဉ်မြဲသည်မှန်လျှင် ဤသတ္တကမ္ဘာ၌ နမူနာလာပြခြင်းများသည် ၎င်း၏ခမည်းတော်ကို အကြွင်းမဲ့စွာပြတော်မူခြင်း ဖြစ်တော့၏။

## ၃။ ကားတိုင်၌ အသေခံတော်မူခြင်း

ဤကမ္ဘာ၌ သားတော်ဘုရားကြွခဲ့ခြင်းသည် ခမည်းတော်၏သိက္ခာတော်များကို ပြရန်ဖြစ်၏။ ငါတို့ကို ကယ်တင်သည့်အရှင်သည် ဝန်ထုပ်များ ထမ်းကူ၊ ရောဂါကု၊ ပုထုဇဉ်တို့၏နှလုံးသားကို တို့ထိတော်မူခြင်းအကြောင်းများ ဖတ်ရှုရသည်မှာ အဖိုးတန်လေစွ။ မာတာမိခင်များကလည်း ၎င်းတို့၏ကလေးများကို ကောင်းချီးပေးရန် ၎င်းထံ ခေါ်လာကြ၏။ ပုထုဇဉ်တို့သည် အနှီသို့သော ပရဟိတပုဂ္ဂိုလ်မျိုး တစ်ခါမျှ မမြင်ဖူးကြပါ။ ခမည်းတော်၏ သရုပ်မှန်တို့သည် နာရီနှင့်အမျှ ဒေဝဥယျာဉ်တော်၏ အလှတရားဖက်ပြန်၍ဦးလှည့်၏။ ဘုရားက ၎င်းတို့မျက်လုံးကိုဖွင့်သောအခါ ၎င်းတို့ပထမဆုံးမြင်ရသည်မှာ ယေရှု၏မျက် နှာ၊ ၎င်းတို့ကနဦးကြားရသည်မှာ မေတ္တာအပြည့်ပါသည့် ယေရှုဘုရား၏ ချိုသာသော အသံတော်ဖြစ်၏။

ယေရှုဘုရားငါတို့အတွက် စီမံပေးခဲ့သည်များသည် ထိုကာလမတိုင်မီ နှစ် ၁,၅၀၀ ပတ်ဝန်း ကျင်၌ ရှင်မောရှေဆိုခဲ့သည်များနှင့် ကိုက်ညီ၏။

> "ထာဝရဘုရားသည် မိုဃ်းတိမ်ဖြင့်ဆင်းသက်၍၊ ထိုအရပ်၌ မောရှေအနားမှာ ရပ်လျက်၊ ထာဝရဘုရား၏နာမတော်ကို ကြွေးကြော်တော်မူ၏။ (၃) ထာဝရဘုရားသည် မောရှေရှေ့၌ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူ၏" - ထွက်မြောက်ရာကျမ်း ၃၄:၅၊ ၆

သို့ပြားလည်း ယေရှုဘုရား၏အသက်တာသည် သွေးရောင်ခြယ် ကားတစ်ချပ် ဖြစ်ခဲ့၏။ (၁၂) နှစ်သားယေရှုဘုရား ဗိမာန်တော်၌ ယဇ်ပူဇော်သည့်သိုးကို ရှုချိန်တွင် ဤစတေးခံမှုသည် ၎င်း၏လားရာဖြစ်ကြောင်း သိနားလည်တော်မူ၏။ ဗတ္တိဇံဆရာ ရှင်ယောဟန်မှ ၎င်းကို ပုထုဇဉ်များထံ မိတ်ဆက်ပေးရာ၌ "ဤလောက၏အပြစ်ကို ဆောင်သွားသော

ဘုရား၏သိုးသူငယ်” - ရှင်ယောဟန်ခရစ်ဝင် ၁:၂၉ ဟုဆို၏။ အပြစ်၏ အဖိုးဘာဂသည် မလွဲပေးဆပ်ရာ၏။ တရားမျှတခြင်းသည် သမ္မာကျမ်းဂန်လာအတိုင်းပြုရာ၏။

> “ယေရှုခရစ်ရွေးနုတ်တော်မူသောအားဖြင့် အဖိုးကို မပေးဘဲ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။ (၂၅) ဘုရားသခင်သည် သည်းခံတော်မူ၍၊ (၂၆) လွန်ခဲ့ပြီးသော ဒုစရိုက်အပြစ်များကို မှတ်တော်မမူရာတွင်၊ ဖြောင့်မတ်ခြင်းတရားတော်ကို ထင်ရှားစေခြင်းငှာလည်းကောင်း၊ ယခုကာလ၌ ဖြောင့်မတ်ခြင်းတရားတော်ကို ထင်ရှားစေ၍၊ ယေရှုကိုယုံကြည်သော သူတို့၏အပြစ်ကို လွှတ်တော်မူသော်လည်း၊ တရားသဖြင့် ပြုတော်မူခြင်းငှာလည်းကောင်း၊ ယေရှုခရစ်၏အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့်၊ ထိုခရစ်တော်ကို အပြစ်ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာ ခန့်ထားတော်မူပြီ။” - ရောမဩဝါဒစာ ၃:၂၄-၂၆

ဘုရားသခင်သည် ကားတိုင်လမ်းစဉ်ကို တောင်းဆိုခဲ့သလော။ ဤသည်မှာ ၎င်း၏ပညတ် ကို ကျူးလွန်သူများကို ဒဏ်ပေးသည့်နည်းလော။ ထိုထိုအမေးများသည် အခရာကျသည့် အမေးများဖြစ်၏။ ဘုရားသခင်၏အမျက်သည် ၎င်း၏သားတော် စတေးခံမှသာ ပြေသည် မှန်လျှင် အနှီစတေးခံမှုသည် ၎င်းကိုယ်၌က ချမှတ်ခဲ့သည့် နိယာမ၊ သို့နှင့် ယေရှုဘုရား ရေးဆွဲခဲ့သည့် ခမည်းတော်၏ တင့်တယ်မှုများသည် အပြစ်မဲ့သူ၏သွေးနှင့် စွန်းချေပြီ ကော။ ခရစ်တော်ဘုရား ဟစ်ကြွေးခဲ့သည့် “အမှုပြီးပြီ” သည် ခမည်းတော်အကြောင်း အကုန်အစင်မခြယ်မှုန်းဘဲ အပြစ်ကိုမသတီသည့်အတွက် ဘုရားကအသက်ကိုတောင်း သည် ဆိုသည့်အယူကို ထာဝရသန္ဓေတည်စေတော့မည်။ အနှီအဖြစ်က ခမည်းတော်ကို မရဏာသခင်၊ အဓမ္မသခင် ဖြစ်စေတော့မည်။

ပရောဖက်ဟောရှာယက ခရစ်တော်မပေါ်မီ နှစ် (၇၀၀) ကြိုကပင် ထိုကယ်တင်ခြင်းအမှု အပေါ် ပုထုဇဉ်တို့ မည်သို့တုံ့ပြန်မည်ကို ဟောခဲ့၏။

“ငါတို့ ဟောပြောသော သိတင်းစကားကို အဘယ်သူ ယုံသနည်း။ (၂) ထာဝရဘုရား၏ လက်တော်သည် အဘယ်သူအား ထင်ရှားတော်မူသနည်း။ ထာဝရဘုရား၏ကျွန်သည် အညွန့်ကဲ့သို့၎င်း၊ သွေ့ခြောက်သောမြေ၌ ပေါက်သော အတက်ကဲ့သို့၎င်း၊ ရှေ့တော်၌ကြီးပွား၏။ ပမာဏပြုစရာ အဆင်းတင့်တယ်ခြင်း မရှိ။ ချစ်လိုဘွယ်သော မျက်နှာလက္ခဏာနှင့် မပြည့်စုံ။ (၃) **မထီမဲ့မြင်ပြုခြင်းကို ခံ၍၊ လူတို့တွင် အယုတ်ဆုံးသော သူဖြစ်၏ ငြိုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူ ဖြစ်၏။ သူတစ်ပါးမျက်နှာလွှဲခြင်းကိုခံရသော သူကဲ့သို့ ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍၊ ငါတို့သည် မရိုသေကြ။ (၄) သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကို၎င်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကို၎င်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။** (၅) ထိုသူသည် ငါတို့ လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက်ရှိကြ၏။” - ဟေရှာယ အနာဂတ္တိကျမ်း ၅၃:၁-၅

ခရစ်တော်ဘုရားသည် ပုထုဇဉ်များကိုကယ်တင်ရန် ကြွခဲ့သည့်အခါ ငါတို့ဗီဇ၏ တုံ့ပြန်မှုကား ၎င်းကိုငြင်းပယ်ခြင်းဖြစ်၏။ ၎င်းက ငါတို့ကို အမတဘဝပေးရန် ကြွခဲ့ပြီး ပုထုဇဉ် တို့၏ဓာတ်သွေးက အနီးလက်ဆောင်ထူးကို နှာခေါင်းရှုံ့ကြ၏။

“နှုတ်ကပတ်တော်၌ အသက်ရှိ၍ ထိုအသက်သည် လူတို့၏အလင်းဖြစ်၏။ ထိုအလင်းသည် မှောင်မိုက်၌ထွန်းလင်း၍ မှောင်မိုက်သည် သူ့ကိုမလွှမ်းမိုးနိုင်။” - ရှင် ယောဟန်ခရစ်ဝင် ၁:၄-၅

သားတော်ဘုရားသည် ပုထုဇဉ်တို့၏အပြစ်ဝန်ထုပ်ကို ပခုံးပြောင်းထမ်းနေပြီး ငါတို့က ၎င်းကို ဘုရားရိုက်သည်ဟုသာ မှတ်ကြသည်ကော။ ကျမ်းဂန်လာဝေါဟာရ၏ အဓိပ္ပာယ်

ကား ရိုက်နှက်ထုထောင်းခံရသည်ဟူ၏။ အကယ်တွင်ကား သားတော်ဘုရားကို ကားတိုင် ပေါ်တင်သူမှာ ဘုရားသခင်မဟုတ်။ အနီးမှာ ပုထုဇဉ်တို့၏ မှတ်ထင်မှုသာဖြစ်ပြီး ဓမ္မစစ် မဟုတ်။ သို့ဆိုသော် ဘာက သားတော်ဘုရားအား ကားတိုင်ပေါ်၌ မရဏာဆိုက်စေ သနည်း။ နိယာမကား အာဒံအား ကောင်းမကောင်း ထိုးထွင်းဉာဏ်ပေါက်စေမည့် အပင်၏ အသီးကို စားခဲ့သလောဟု မေးစဉ်ကပင် ချပြီးသားဖြစ်၏။

> "ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည် အဘယ်မှာရှိသနည်းဟု၊ လူကိုခေါ် တော်မူ၏။ (၁၀) လူကလည်း ဥယျာဉ်၌ ကိုယ်တော်၏အသံကို ကျွန်တော်ကြား လျှင်၊ အဝတ်အချည်းစည်းရှိသောကြောင့်၊ ကြောက်၍ ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏။ (၁၁) ဘုရားသခင်ကလည်း၊ သင်၌ အဝတ်အချည်းစည်းရှိသည် ကို သင့်အားအဘယ်သူပြောသနည်း။ မစားရဟု ငါပညတ်သော အပင်၏အသီးကို စားပြီလောဟု မေးတော်မူ၏။ (၁၂) လူကလည်း ကျွန်တော်၌အပ်ပေးတော်မူသော မိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်ဟု လျှောက်လေ ၏။" - ကမ္ဘာဦးကျမ်း ၃:၉-၁၂

အာဒံသည် သနားပါရန် (သို့) အပြစ်လွှတ်ပေးရန် မလျှောက်ခဲ့ဖူးပါ။ အသနားခံရကောင်းမှန်း မသိနိုင်ဖြစ်အောင်ပင် ၎င်း၏အပြစ်က ၎င်း၏သမ္မဇဉ်ကို အမှောင်ချခဲ့၏။ အသနားခံ မည့်အစား ဧဝကိုဖန်ဆင်းခဲ့သည်ကို ယိုးမယ်ဖွဲ့ကာ ဘုရားကိုပင် တက်အပြစ်တင်သေး ၏။ ၎င်းက ဘုရား၏သဘာဝသည် ကြမ်းသည်၊ ဒဏ်ပေးလိုသည်ဟု မှတ်၏။ ထို့ကြောင့် ထိုဃနက ဘုရားသခင်၏သိက္ခာပုဒ်ကို အမြင်ကွယ်စေတော့၏။ ကာဏ္ဍနရာဇဝင်၌ ဤ သဘောတရား သက်ဝင်အစိုးရကြောင်း ငါတို့မြင်နိုင်၏။

> “ကာဣနကလည်း ကိုယ်တော်ထံ အကျွန်ုပ်အပြစ်သည် ဖြေလွှတ်ခြင်းနှင့် မတန်သည်အထိကြီးပြီ။” - ကမ္ဘာဦးကျမ်း ၄:၁၃ (Wycliffe ပြန်ကျမ်း၊ Luther 1912 ပြန်ကျမ်းကိုလည်းရှု)

ကာဣနက ဘုရားသခင်သည် ၎င်းကိုခွင့်လွှတ်မည်မဟုတ် မှတ်သည်ကြောင့် နောင်တရရန် မကြိုးစားတော့။ အနှီမှာ ပုထုဇဉ်များအပေါ် သက်ရောက်သည့် အပြစ်၏ အစွမ်းသတ္တိဖြစ်၏။ ဤသည်မှာ ဘုရားသခင်သည် ငါတို့အပြစ်ကို ခွင့်လွှတ်ပေးနိုင်မည်မဟုတ်ဟု မှတ်သည့်အပြစ်ဖြစ်၏။ အသုံးအဖြုန်းကြီးသည့်သားလည်း အပြစ်လွှတ်ပေးရန်မလျှောက် ဘဲ အပြစ်အတွက် ပေးဆပ်ခွင့်ပြုရန်သာ လျှောက်ခဲ့၏။

> “ငါသည်ထ၍ ငါ့အဖထံသို့သွားပြီး ‘အဖေ၊ အကျွန်ုပ်သည် ကောင်းကင်ကိုလည်း ကောင်း၊ အဖေ့ကိုလည်းကောင်း ပြစ်မှားခဲ့ပါပြီ။ (၁၉) အကျွန်ုပ်သည် အဖေ၏သား ဟူ၍အခေါ် ခံရန် မထိုက်တန်တော့ပါ။ အကျွန်ုပ်ကို အဖေ၏အလုပ်သမားတစ်ဦး အဖြစ်ထားပါ’ ဟူ၍ ငါပြောမည်ဟုဆို၏” - ရှင်လုကာခရစ်ဝင် ၁၅:၁၈၊ ၁၉

အပြစ်မှလွှတ်နိုင်ရန် ပုထုဇဉ်တစ်ဦးအတွက် နောင်တရနိုင်မည့် တစ်နည်းတည်းသော အခွင့်အရေးကား ခရစ်တော်ဘုရား၏ စိတ်စေတသိက်မျိုး ပွံ့သကူရယူရမည်ဖြစ်၏။

> “ငါတို့ဘိုးဘေးများ၏ဘုရားသခင်သည် သစ်တိုင်ပေါ်၌ သင်တို့ဆွဲထား၍ ကွပ်မျက်ခဲ့သောယေရှုကို ထမြောက်စေတော်မူ၏။ ဘုရားသခင်သည် **အစ္စရေးလူမျိုး တို့အား နောင်တရခြင်းနှင့် အပြစ်များခွင့်လွှတ်ခြင်း** ကျေးဇူးကို ပေးသနားတော်မူ ရန် ထိုအရှင်ကို စိုးပိုင်သောအရှင်နှင့် ကယ်တင်ရှင်အဖြစ် မိမိလက်ယာတော်ဘက် ၌ ချီးမြှောက်တော်မူ၏။” - တမန်တော် ဝတ္ထု ၅:၃၀-၃၁

အာဒံအပြစ်လုပ်ခဲ့သည့်အခါ ဘုရားသခင်နှင့် စိမ်းတော့၏။ ၎င်း၏သန္တာန်သည် ဘုရားနှင့် စီးချင်းထိုးတော့၏။ ။

"သွေးသားဇာတိနှင့်ဆိုင်သောစိတ်သဘောသည် သေခြင်းဖြစ်၏။ ဝိညာဉ်တော်နှင့်ဆိုင်သော စိတ်သဘောမူကား အသက်ရှင်ခြင်းနှင့်ငြိမ်သက်ခြင်း ဖြစ်၏။ (၇) အဘယ်ကြောင့်ဆိုသော် **သွေးသားဇာတိနှင့်ဆိုင်သော စိတ်သဘောသည် ဘုရားသခင်နှင့် ရန်ဘက်ဖြစ်၏။** အကြောင်းမူကား ထိုစိတ်သဘောသည် ဘုရားသခင်၏ ပညတ်တရားကို နာခံခြင်းမရှိ။ အမှန်စင်စစ် နာခံ၍လည်းမရနိုင်။" - ရောမ ဩဝါဒစာ ၈:၆၊ ၇ (NIV)

အာဒံ နောင်တရတတ်၊ အပြစ်လွှတ်ပေးရန် လျှောက်တတ်ရန်၊ ဘုရားကို "အဘ" ဟု ခေါ်နိုင်ရန် ဘုရားကပင် သားတော်၏ဝိညာဉ်တော်ကို အာဒံ့ထံ ထောက်ပို့ပေးခဲ့၏။ အာဒံ့အတွင်းရှိ ယေရှုဘုရား၏ဝိညာဉ်တော်ကသာ ထိုသို့ဟစ်ကြွေးစေနိုင်မည်ဖြစ်၏။

"ထိုသို့ သင်တို့သည် သားသမီးများဖြစ်ကြသောကြောင့် ဘုရားသခင်သည် "အဗ္ဗ၊ အဖ"ဟု ခေါ်တတ်သော မိမိသားတော်၏ဝိညာဉ်တော်ကို ငါတို့၏ စိတ်နှလုံးထဲသို့ စေလွှတ်တော်မူ၏။" - ဂလာတိဩဝါဒစာ ၄:၆

အာဒံသည် တစ်ဖက်ပိတ်ဖြစ်နေချိန်တွင် ခရစ်တော်ဘုရားသည် ကရုဏာတော်ပေးသနား ရန် အာဒံ၏စိမ်းကားမှုကို အနွံအတာခံပြီးကြွခဲ့ရ၏။ အနီစိမ်းကားမှုသည် ခရစ်တော် ဘုရား၏နှလုံးကို မြားနှင့်ခွင်းသည့်ပမာရှိပြီး အလွန်ရင်နင့်စေခဲ့၏။

"အကယ်စင်စစ် သူတို့သည် ငါ၏လူဖြစ်ကြ၏။ သစ္စာမပျက်သောသားလည်း ဖြစ် ကြ၏ဟု မိန့်တော်မူသဖြင့်၊ သူတို့ကို ကယ်နုတ်တော်မူ၏။ (၉) အမူရောက်လေ ရာရာ၌ သူတို့ကို ညှဉ်းဆဲတော်မမူ။ **ရှေ့တော်မှ စေလွှတ်သော ကောင်းကင်တမန် သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော် ရှိသည်အတိုင်း ရွေးနုတ်တော်မူ၏။ ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။**" - ဟေရှာယအနာဂတ္တိကျမ်း ၆၃:၈၊ ၉

ထိုအကြောင်းကြောင့် ခရစ်တော်ဘုရားသည် ကမ္ဘာဦးကပင် ကွပ်မျက်ခံရသည့်သိုးသူငယ် ဖြစ်ခဲ့ရ၏ - ဗျာဒိတ်ကျမ်း ၁၃:၈။ ပုထုဇဉ်များက

ကရုဏာနှင့် အပြစ်လွှတ်ခြင်းခံရရန် ဆန္ဒရှိတတ်၊ တောင်းတတ်ရန် ယေရှုဘုရားကိုယ်တိုင်က ပုထုဇဉ်တို့၏ ငြင်းပယ်ခြင်း၊ စိမ်းကားခြင်းများ မလွဲမသွေခံရန်လို၏။ ၎င်းသည် ပုထုဇဉ်တို့၏ ပယ်ခြင်းခံရကာ စိတ် ဆင်းရဲခြင်းနှင့် အကျွမ်းဝင်ခဲ့၏။ ခရစ်တော်ဘုရား၏ ဖိတ်ခေါ်မှုများကို ပုထုဇဉ်များက အတွင်းကျကျ ငြင်းသည့်အခါတိုင်း ၎င်းတို့၏အသက်တစ်ချောင်းအတွက် အလေးထားမှု ပမာဏအတိုင်း ခရစ်တော်ခံရ၏။ ပုထုဇဉ်တို့၏ အမင်္ဂလာအမှုတိုင်းအတွက် ခရစ်တော် ဘုရားသည် ပြုသူနှင့်ခံသူနှစ်ဦးစလုံးအတွက် စိတ်မအေးရပါ။ ဤရှုထောင့်ဖက်မှနေကာ ခရစ်တော်ဘုရားသည် ပုထုဇဉ်တို့၏ ရွံမုန်းခြင်း၊ ငြင်းပယ်ခြင်း ခံရကြောင်းကို ပရောဖက် ဟေရှာယက ခရစ်တော်မပွင့်မီ နှစ် (၇၀၀) ကပင် မော်ကွန်းတင်ခဲ့၏။ ပုထုဇဉ်များ ၎င်းတို့ ၏ဆိုးသွမ်းမှုများမှလှည့်ကာ ၎င်း၏ခမည်းတော်ဘုရားအကြောင်းကို ရှာမှီးကြရန် ခရစ် တော်ဘုရားသည် လက်ဝါးကားတိုင်၌ ထမ်းခဲ့ရသည့် ဝေဒနာအိုးကို ယခုတွင်လည်း ထမ်းဆဲဖြစ်၏။

ဘုရားသခင်သည် အပြစ်လွှတ်ပေးနိုင်မည်ဟု မမှတ်ရန် ပုထုဇဉ်တို့က ဆုံးဖြတ်သည့်အခါ ပုထုဇဉ်တို့ကိုကယ်ချွတ်ရန် ခရစ်တော်ဘုရားသည် အဖို့ဘာဂကို ပေးဆပ်ရ၏။ ငါတို့ နေရာကို ယူရန်အတွက် ငါတို့သေပွဲနွှဲရသည့်အတိုင်း ခရစ်တော်လည်း သေပွဲဝင်နွှဲခဲ့၏။ အနီးသေခြင်းသည် အပြစ်သင့်ပုထုဇဉ်တို့က ဘုရားသည် ခွင့်လွှတ်မည်မဟုတ် သေခြင်း မျိုးဖြစ်၏။ ဘုရားသခင်ခွင့်မလွှတ်နိုင်သည့် မှသားကား မာရ်နတ်အား သေမင်းဖြစ်ခွင့် ပေးခြင်းဖြစ်၏။ ထို့ကြောင့်လည်း သေပွဲဝင်နွှဲခြင်းဖြင့်သာလျှင် ခရစ်တော်ဘုရားသည် မာရ်နတ်ကို အနိုင်တိုက်နိုင်မည် ဖြစ်၏။

> "ထိုသားသမီးအားလုံးတို့သည် အသွေးအသားရှိကြသည်ဖြစ်၍ ကိုယ်တော်သည် လည်း သူတို့နည်းတူ ထိုအသွေးအသားကို မျှဝေခံယူတော်မူ၏။ ဤသည်ကား

**အသေခံတော်မူခြင်းအားဖြင့် သေခြင်း၏တန်ခိုးအရှိန်အဝါကို ပိုင်သောသူဖြစ်သည့် မာရ်နတ်ကို ဖျက်ဆီးရန်ဖြစ်၏။**" - ဟေဗြဲ ဩဝါဒစာ ၂:၁၄

လက်ဝါးကားတိုင်၌ အသေခံခြင်းသည် အပြစ်ကတောင်းဆိုသည့်သေခြင်းတည်း ... ဘုရား သခင်မဟုတ်။ အပြစ်တစ်ခါလုပ်ဖူးလျှင် အစရှိအနောင်နောင်ဖြစ်၏။ မေတ္တာ၊ ကရုဏာ တို့ကို မျှော်ကိုးရမည်ဆိုသည့် သမ္မဇဉ်လည်းပျောက်သဖြင့် ရလာသည့်အကျိုးသည်လည်း မရဏာသာတည်း။ ပုထုဇဉ်က ပြည့်စုံကုံလုံသည့် ဘုရား၏ပညတ်တော်ကို မှန်သဖွယ် မှတ်ပြီး သေခြင်းသည် ဘုရားကြိုက်ဟု မှတ်သည့်အခါ ၎င်းအပေါ် ဓာတ်သက်ဝင်ပြီး ၎င်းကို ဖျက်ဆီး၏။

> "မည်သူမဆို နှုတ်ကပတ်တော်ကို ကြားနာသော်လည်း လိုက်နာကျင့်သုံး ခြင်းမရှိလျှင် **ထိုသူသည် မိမိ၏ပကတိမျက်နှာကို မှန်ထဲ၌ကြည့်သောသူနှင့်တူ၏။**" - ရှင်ယာကုပ်ဩဝါဒစာ ၁:၂၃

> "အကြောင်းမူကား သင်တို့စီရင်သည့်နည်းလမ်းအတိုင်း သင်တို့သည် စီရင်ခြင်း ခံရ၍ သင်တို့တိုင်းတာခြင်တွယ်သည့်စံနှုန်းအတိုင်း သင်တို့အတွက် တိုင်းတာခြင် တွယ်ပေးလိမ့်မည်။" - ရှင်မဿဲခရစ်ဝင် ၇:၂

အာဒံသည် တားမြစ်ထားသည့်အသီးကို လက်ခံချိန်၌ ဘုရားသခင်သည် ၎င်းအတွက် ပုညအကျိုးကို မလိုလားဟုမှတ်ရန် ၎င်းက ရွေးခဲ့၏။ ဘုရားသခင်သည် မုသားဆိုသူဖြစ်၏ ဆိုသည့် မာရ်နတ်၏ဝါစာကို ယုံမှတ်ရန် ရွေးခဲ့၏။ ထိုထိုအတွေးများက ပညတ်တော်ကို လည်း ထိုအတိုင်းရှုကာ ဥပါဒါန်အတိုင်း ဥပဒ်ဖြစ်တော့၏။ ဘုရားနှင့်စပ်လျဉ်းသည့် ၎င်း၏ဒိဋ္ဌအမှားက မေတ္တာ၊ ကရုဏာတော်တို့ကို ကိုင်စွဲမည့် ၎င်း၏လက် ပြတ်စေ၏။ ၎င်းရောက်ရာအရပ်မှ ပြန်လှည့်ရန် မစွမ်းနိုင်စေတော့။ အကျိုးတရားကား မရဏာတည်း။ အကြောင်းကား အနီသည် ၎င်းကိုယ်တိုင် ဒီဂရီချခဲ့သောကြောင့်... ။

ထိုထိုနိယာမများကို ပုထုဇဉ်များရှေ့ခြပြရန် ငါတို့သည် အပြစ်၏ပကတိကို သမ္မာဒိဋ္ဌ ကျကျ မြင်နိုင်ရန် ခရစ်တော်ဘုရားသည် လက်ဝါးကားတိုင်ကို ပြခဲ့၏။ ယေရှုဘုရားက အပြစ်လည်ပင်းနှစ်နေသည့် ပုဂ္ဂိုလ်မျိုးဖြင့် စကားဆိုခဲ့၏။ ။

> "မွန်းလွဲသုံးနာရီခန့်တွင် ယေရှုသည် ကျယ်လောင်သောအသံဖြင့် 'ဧလိ၊ ဧလိ၊ လာမာ ရှာဗခသာနိ' ဟု အော်ဟစ်တော်မူ၏။ ၎င်း၏အဓိပ္ပာယ်မှာ 'အကျွန်ုပ်၏ ဘုရား၊ အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်ကို အဘယ်ကြောင့် စွန့်ပစ်တော်မူသနည်း' ဟူ၍ ဖြစ်၏။" - ရှင်မဿဲခရစ်ဝင် ၂၇:၄၆

ခမည်းတော်သည် သားတော်ဘုရားအား ပေယျာလကန် လုံးလုံးမပြုခဲ့ပါ။ တစ်ဖက်တွင်လည်း ခရစ်တော်သည် ငါတို့၏အပြစ်ဝန်ထုပ်များကို ထမ်းနေ၏။ ဘုရားသခင်သည် ငါ့ကို ဥပေက္ခာပြုပြီ၊ ငါ့အပြစ်သည် မလွတ်တော့ဟူသည့် အပြစ်သားတစ်ဦး၏ စိတ်ငယ်မှုမျိုး ဖြင့် သေပွဲနွှဲခဲ့၏။ ခရစ်တော်ဘုရား၏ ကြွေးကြော်မှု၌ ကာဣနဆိုခဲ့သည့် အတိုင်းပင် ၎င်းအပေါ်ကျသည့် အပြစ်၏ကျိန်စာကို ငါတို့တွေ့ရ၏။

> "အကျွန်ုပ်ကို မြေကြီးပြင်မှ ယနေ့နှင်ထုတ်တော်မူပြီ၊ မျက်နှာတော်ကို လည်း မမြင်ရ။ မြေကြီးပေါ်မှာ **ပြေးရသောသူ**၊ အရပ်ရပ်လည်ရသောသူ ဖြစ်ပါရမည်။ ..." – ကမ္ဘာဦးကျမ်း ၄:၁၄

"ပြေးရသောသူ" ဟူသည် ယိမ်းယိုင်သည်၊ တုန်လှုပ်သည်ဟုလည်း အဓိပ္ပာယ်ရှိနိုင်၏။ ယေရှုဘုရားက ၎င်းသည် ကာဣနခံရသည့် ကျိန်စာမျိုးခံရကြောင်းကို ပြ၏။ ၎င်းက ဘုရားသခင်သည် ၎င်း၏မျက်နှာကို ကွယ်ထားပြီဟု ခံစားပြီး ငါတို့၏စိတ်မလုံမှုမျိုးဖြင့် တုန်လှုပ်နေ၏။ သမ္မာကျမ်းစာတော်မြတ်၌ ဘာက ခမည်းတော်၏မျက်နှာတော်ကို ဖုံးကွယ်ကြောင်း ဆိုထား၏။

"အကြောင်းမူကား အကျွန်ုပ်သည် ကိုယ်တော်အတွက် ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရပါ ၏။ အသရေပျက်ခြင်းသည် အကျွန်ုပ်၏မျက်နှာကို ဖုံးလွှမ်းပါပြီ။" - ဆာလံကျမ်း ၆၉:၇

"သင်တို့ ဒုစရိုက်သည် သင်တို့ကို ဘုရားသခင်နှင့် ကွာစေပြီ။ ကြားတော်မမူစေခြင်းငှာ၊ သင်တို့အပြစ်သည် မျက်နှာတော်ကို လွှဲစေပြီ။" - ဟေရှာယ ၅၉:၂

အပြစ်ဝန်ပိနေသည့် ခရစ်တော်ဘုရားက အောက်ပါအတိုင်း ဟစ်ကြွေး၏။ ။

"အကြောင်းမူကား၊ အတိုင်းမသိ များစွာသောဘေးဥပဒ်တို့သည် အကျွန်ုပ်ကို ဝိုင်းကြပါပြီ။ **အကျွန်ုပ်မျှော်၍ မကြည့်နိုင်အောင် ခံရသောအပြစ်တို့သည် အကျွန်ုပ်ကိုမီကြပါပြီ။** အကျွန်ုပ်ဆံပင်ထက် များပြားသည်ဖြစ်၍၊ အကျွန်ုပ်နှလုံးသည် အားလျော့ပါပြီ။" - ဆာလံကျမ်း ၄၀:၁၂

ခမည်းတော်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ငါတို့တွေ့ရ၏။ ။

"အကြောင်းမူကား ကိုယ်တော်သည် အဖိနှိပ်ခံရသောသူ ကြုံတွေ့ရသည့် ဖိနှိပ်မှုကို မထီမဲ့မြင်ပြုတော်မမူ။ ရွံရှာခြင်းလည်းရှိတော်မမူ။ မျက်နှာတော်ကိုလည်း သူ့ထံမှလွှဲတော်မမူဘဲ အကူအညီအော်ဟစ်တောင်းခံသောအခါ သူ့ကိုနားညောင်း တော်မူ၏။" - ဆာလံကျမ်း ၂၂:၂၄

ငါတို့အပြစ်၏အမင်္ဂလာများက ယေရှုဘုရား၏မျက်နှာကို အုပ်မိုးသည်ကြောင့် ၎င်းသည် ခမည်းတော်၏မျက်နှာတော်ကို မဖူးမြော်နိုင်ဖြစ်ရ၏။ ယေရှုဘုရားက မာရ်နတ်နှင့် ၎င်း အကြားရှိ ပဋိပက္ခကြီး နိဂုံးချုပ်သည့်အခါ အပြစ်သားများခံရမည့် သေပွဲမျိုးဖြင့် သေပွဲ နွှဲခဲ့၏။ ခရစ်တော်ဘုရားသည် ၎င်း၏သန္တာန်တွင် မီးတောက်ခဲ့ရ၏။

"မရဏာနိုင်ငံ၏နှောင်ကြိုးတို့သည် ငါ့ကိုပတ်စည်းထား၍ သေခြင်း၏ထောင်ချောက်တို့သည် ငါ့ကိုထိပ်တိုက်ရင်ဆိုင်ကြ၏။ (၆) ငါခံရသည့် ဆင်းရဲဒုက္ခထဲမှ ထာဝရဘုရားကို ငါခေါ်၍ ငါ၏ဘုရားသခင်ထံ အကူအညီ အော်ဟစ်တောင်းခံ

> ၏။ ကိုယ်တော်သည် ငါ၏အသံကို မိမိဗိမာန်တော်ထဲမှ ကြားတော်မူ၏။ ငါ၏ အော်ဟစ်သံသည်လည်း ရှေ့တော်မှောက် နားတော်သို့ဝင်လေ၏။ (၇) ထိုအခါ ကိုယ်တော်သည် အမျက်ထွက်တော်မူသောကြောင့် မြေကြီးသည်တုန်ရီတုန်ခါ၏။ တောင်များ၏ အခြေအမြစ်တို့သည်လည်း လှုပ်ခတ်တုန်ရီကြ၏။ (၈) ကိုယ်တော် ၏ နှာခေါင်းတော်ထဲမှ မီးခိုးထွက်၍ နှုတ်တော်ထဲမှ လောင်ကျွမ်းသောမီး ထွက် ၏။ မီးခဲတို့သည် ၎င်းအားဖြင့်တောက်လောင်ကြ၏။" - ဆာလံကျမ်း ၁၈:၅-၈

ခရစ်တော်ဘုရားသည် အပြစ်သားတို့၏သေခြင်းမျိုးကို ခံခဲ့၏။ ပရိဒေ၀မီးက ၎င်းအထဲမှ ထွက်ပြီး ၎င်းကိုဝါးမျို၏။ ငါတို့၏အပြစ်က ခရစ်တော်ဘုရားကို မာရ်နတ်နှင့် အပြစ်သား အားလုံးခံရမည့် အန္တိမဒဏ်အတိုင်းခံစေ၏။

> "သင့်အပြစ်သည်များပြား၍ ကုန်သွယ်ခြင်း အဓမ္မအားဖြင့်၊ သန့်ရှင်းရာဌာနတို့ကို ညစ်ညူးစေသောကြောင့်၊ သင့်ကိုမီးရှို့ဘို့ သင့်အလယ်၌ မီးကို ငါညှိမည်။ သင့်ကို မြင်သော သူအပေါင်းတို့ရှေ့မှာ၊ သင်၏ပြာကို မြေပေါ်သို့ ငါချထားမည်။" - ယေဇ ကျေလ ၂၈:၁၈

ငါတို့အတွက်အစားခံသူ ခရစ်တော်၏ ခန္ဓာဗိမာန်တော်မြတ်သည် ငါတို့၏အပြစ်ထုကြီး ကြောင့် ညှစ်နွမ်းလျက်ရှိ၏။ ငါတို့၏ပယောဂကြောင့် ၎င်းသည် နှိပ်ကွပ်ခံရ၏။ မာရ်နတ် ခံရမည့် မရဏာမျိုးကို ခရစ်တော်ဘုရားသည် လက်ဝါးကားတိုင်ပေါ်တွင် ခံခဲ့ပြီးဖြစ်၏။ အပူမီးတောက်ခဲ့သည့် ခရစ်တော်ဘုရား၏ နှလုံးသားမှပင် ရေနှင့်သွေးကျခဲ့၏။ ခရစ် တော်ဘုရားသည် အပြစ်သားတို့ သေပွဲနွှဲရမည့် ပုံစံမျိုးအတိုင်း သေပွဲနွှဲခဲ့၏။ ခမည်း တော်သည် သားတော်နှင့်အတူပင် ခံစားခဲ့ရသကဲ့သို့ အပြစ်သားများ ငရဲမီးခံရသည့်အခါ ခမည်းတော်နှင့် ကယ်ချွတ်ရှင်သားတော်တို့သည် အပြစ်သားများနှင့် အတူခံစားရမည့် အဖြစ်အပေါ် ငါမှင်သက်ပါ၏။ သမ္မာကျမ်းစာ၌ အောက်ပါအတိုင်းလာ၏။ ။

> "သူတို့ခံလေရာရာ၌ ၎င်းလည်းခံရ၏ ..." - ဟေရှာယ ၆၃:၉

သားပျောက်၍ ပီတိဖြစ်သည့် ပိတုမရှိ။ ထိုအဖြစ်သည် ၎င်းအတွက် ငရဲတည်း။ ထို့ကြောင့် ပင် ခမည်းတော်နှင့် သားတော်တို့သည် အပြစ်သားများကို နိဂုံးချုပ်စီရင်သည့်အခါတွင် ငရဲခံကြရဦးမည်ဖြစ်၏။ အမတဘာဝ ပန်ဆင်ခွင့်ရသည့် သန့်ရှင်းသူများ မြို့ရိုးပေါ်မှ ထို စီရင်မှုကို ရှုကြသည့်အခါ မီးသင်္ဂြိုဟ်ခံရသူများထဲတွင် ၎င်းတို့ချစ်ခဲ့ရသူများ ပါမည်ဖြစ် ကာ ခရစ်တော်ဘုရားကလည်း ၎င်းတို့၏စိတ်ဒုက္ခများကို ကုထမ်းပေးကာ ဖေးမမည်။ မယ်တော်မာရိနှင့် ၎င်း၏တပည့်တော်များက ကားတိုင်တွင် အချိတ်ခံရသည့် ခရစ်တော် ဘုရားကို ရှုကြချိန်တွင် ငိုပွဲဆင်ခဲ့ကြသည့်ပမာ ဘုရားသခင်၏ ကရုဏာတော်ကို ငြင်းခဲ့သူ များ တူသောအကျိုး ခံကြသည့်အခါတွင်လည်း သန့်ရှင်းသူများ ငိုပွဲဆင်ကြရဦးမည်ဖြစ် ၏။ ထိုအခါ ဘုရားသခင်သည် ငါတို့၏ မျက်ရည်ရှိသမျှကို သုတ်ပေးမည်ဟု ဆိုထား၏။

> "'ကိုယ်တော်သည် သူတို့၏မျက်စိမှမျက်ရည်ရှိသမျှတို့ကို သုတ်ပေးတော်မူလိမ့်မည်။ သေခြင်းသည် ရှိတော့မည်မဟုတ်။ ဝမ်းနည်းကြေကွဲခြင်း၊ အော်ဟစ်ငိုကြွေး ခြင်းနှင့် နာကျင်ခြင်းဝေဒနာတို့သည်လည်း ရှိတော့မည်မဟုတ်။ အကြောင်းမူ ကား ယခင်ဖြစ်ခဲ့သောအရာတို့သည် ပျောက်ကွယ်သွားကြပြီ' ဟု ဆိုသည်ကို ငါ ကြားရ၏။" - ဗျာဒိတ်ကျမ်း ၂၁:၄

ထိုဖြစ်စဉ်သည် အပြစ်သားများ သေပွဲနွှဲပြီးနောက်မှ ဖြစ်ပျက်ပါမည် - ဗျာဒိတ်အနာဂတ္တိကျမ်း ၂ဝ။ ။

> "ပင်လယ်သည် မိမိ၌ရှိသောလူသေတို့ကို ပေးအပ်လေ၏။ သေခြင်းနှင့် မရဏာနိုင်ငံတို့သည်လည်း မိမိ၌ရှိသောလူသေတို့ကို ပေးအပ်ကြ၏။ ထိုအခါ လူအသီးသီး တို့သည် မိမိတို့ပြုသောအမှုများနှင့်အညီ တရားစီရင်ခြင်းကို ခံရကြ၏။ (၁၄) ထို့နောက် သေခြင်းနှင့် မရဏာနိုင်ငံတို့သည် မီးအိုင်ထဲသို့ ပစ်ချခြင်းခံရကြ၏။ ဤမီးအိုင်သည် ဒုတိယသေခြင်းဖြစ်၏။ (၁၅)

> အသက်စာစောင်၌ စာရင်းမဝင် သောသူ ရှိသမျှတို့သည်လည်း မီးအိုင်ထဲသို့ ပစ်ချခြင်းခံရကြ၏။" - ဗျာဒိတ်ကျမ်း ၂၀:၁၃-၁၅

လွန်ခဲ့သည့် နှစ်ပေါင်း (၂,၀၀၀) ၌ ခရစ်တော်ဘုရားသည် သင်္ချိုင်းမှ ရှင်ပြန်ထမြောက်ခဲ့သည့်အတိုင်း ၎င်းကို တံတွေးထွေးခဲ့၊ မုန်းခဲ့၊ ၎င်း၏မေတ္တာကို ငြင်းဆန်ခဲ့ကြသည့် ပုထုဇဉ် အသချေ်မျှားကို ဆုံးရှုံးရချိန်၌လည်း ၎င်း၏ ရင်ကွဲဝေဒနာမှ ပြန်၍နာလန်ထူမည် ဖြစ်၏။ ခရစ်တော်ဘုရားသည် ဖခမည်းတော်၏အမိန့်ဖြင့် တစ်ဖန်ထမြောက်ခဲ့သည့်အတိုင်း ငါတို့ လည်း တစ်ဖန်ထမြောက်ကာ သောကရိပ် စိုးစဉ်းမသန်းသည့် ကမ္ဘာသစ်တွင် စံစားရမည် ဖြစ်၏။

ခရစ်တော်ဘုရား လက်ဝါးကားတိုင်၌ ခံခဲ့သည့် ဒုက္ခနှင့်စပ်လျဉ်းပြီး မှတ်စေလိုသည့် အချက်ရှိ၏။ ထိုကား ခရစ်တော်ဘုရားသည် မည်မျှပင် စိတ်သိမ်ငယ်ကာ အထီးကျန်သည်ဟု ခံစားခဲ့ပြား ၎င်းကို အဆုံးစီရင်ခဲ့သူများကို ခွင့်လွှတ်ပါရန် ၎င်းက ခမည်းတော်ထံ ယုံကြည်ခြင်းအရင်းခံဖြင့် လျှောက်ပေးခဲ့၏။

> "ထိုအခါ ယေရှုက 'အို အဖ၊ သူတို့သည် မိမိတို့ပြုနေသောအမှုကို မသိကြသည် ဖြစ်၍ သူတို့ကိုခွင့်လွှတ်တော်မူပါ'ဟု မြွက်ဆိုတော်မူ၏။" - ရှင်လုကာခရစ်ဝင် ၂၃:၃၄

*လက်ဝါးကားတိုင်၌ သေပွဲနွှဲခဲ့ခြင်းက ဘုရားသခင်သည် ငါတို့ကို ခွင့်မလွှတ်နိုင်ဆိုသည့် စာတန့်မုသားကို ခွာချပစ်၏။* ဘုရားသခင်သည် ပုထုဇဉ်တို့နားလည်သည့် တရားမျှတခြင်းဆိုင်ရာ နိယာမအတိုင်း ၎င်း၏သားတော်ကို အငြိမြငြင်လှူခဲ့ကြောင်း ငါတို့တွေ့ရ၏။ သင်္ချိုင်းမှ ပြန်လည်ရှင်ပြန် ထမြောက်ကြောင်း ငါတို့တွေ့ရသည့်အခါ ငါတို့သည် အပြစ်မှ လွတ်ကာ ဘဝသစ်ကိုရနိုင်သည်ဟု ယုံကြည်ရန် ခရစ်တော်သည် အာမဘန္တေမဲ့ဖြင့် သေပွဲနွှဲရန် ဘုရားသခင် သဒ္ဓါတော်မူခဲ့၏။ သားတော်၏စိတ်သည် ငါတို့သန္တာန်တွင်း ဝင်ရောက်လာကာ ဘုရားသခင်၏ မေတ္တာတော်ကို ကိုင်စွဲစေ၏။

ဘုရားသခင်သည် သေပွဲဝင်ရန် မတောင်းဆိုကြောင်း သိရခြင်းသည် မည်မျှအံ့ဖွယ်ကောင်းသနည်း။ ဘုရားသည် အပြစ်သား၏ရှေ့တွင် အာဃာပါးကွက်သားပမာ ရပ်မနေပါ။ ၎င်း၏မေတ္တာတော်ကို ငြင်းဆန်သူများ၏ အန္တိမလားရာကိုပြရန် ဘုရားသခင်သည် ၎င်း၏သားတော်ကို လာပြခွင့်ပေးခဲ့၏။ ဘုရားသခင်သည် ၎င်း၏အမျက်ကို သင်ပုန်းချေနိုင်ရန် သားတော်ကို သတ်ခဲ့ခြင်းမဟုတ်ပါ။ ထို့အစား ငါတို့သည် ဘုရားသခင့်မေတ္တာကို တွေ့သိနိုင်ရန် ငါတို့၏အမျက်ဒဏ်ကိုခံကာ သေပွဲဝင်ရန် ၎င်း၏သားတော်ကို လှူခဲ့ခြင်းဖြစ်၏။

အသီးကို စားသောနေ့တွင် သေရမည်ဆိုသည့် အာဒံအပေါ် သတိပေးချက်သည် ၎င်းကို သတ်မည်ဟု ခြိမ်းခြောက်ခြင်းမဟုတ်၊ ပုထုဇဉ်တို့က ဘုရားသည် အတ္တသမား၊ ထို့ကြောင့် အပြစ်လွှတ်ပေးမည်မဟုတ်ဟု မှတ်ခြင်းက ၎င်းကို ဇာတ်နာစေမည့်အဖြစ်ကို တင်ကြို သတိပေးခြင်းဖြစ်၏။ ဘုရာသခင်၏မေတ္တာ အလျား၊ အနံ၊ အတိမ်အနက်ကို ခရေစေ့တွင်း ကျသိသူမှာ ခရစ်တော်ဘုရားတစ်ပါးတည်းသာရှိပြီး ဘုရားသခင်ထံ အပြစ်လွှတ်ပေးပါရန် အသနားခံနိုင်ကြောင်းကို သိတော်မူ၏ - ရှင်မဿဲ ၁၁:၂၇။ ထို့ကြောင့် ပုထုဇဉ်တို့၏ သန္တာန်ကိုတို့ထိကာ အပြစ်လွှတ်နိုင်ကြောင်း ယုံရဲစေနိုင်သူသည် သားတော်ဘုရားပင် ဖြစ်ကြောင်း အရှင်းမြင်နိုင်၏။

လက်ဝါးကားတိုင်မှ ချပြသည့်တရားထူးသည် မည်မျှအံ့ဖွယ်ဖြစ်လှဘိတောင်း။ ခရစ်တော် ဘုရားကို ဘုရားရိုက်ခံရသည်ဟု ဆက်၍မမှတ်တော့ဘဲ "ပုထုဇဉ်တို့၏ မုန်းခြင်း၊ ငြင်းပယ် ခြင်းခံရသည်" — ဘုရားကိုအမှတ်မှားခြင်းအားဖြင့် အရိုက်ခံရသည်ဟု မှတ်ကြအံ့။ ဘုရား သခင်က အပြစ်၏အဖို့ဘာဂအနေဖြင့် သေဒဏ်ကို မချမှတ်ပါ။ မရဏာဟူသည် ဘုရား သခင်သည် ခွင့်လွှတ်မည်မဟုတ်ဟု မှတ်ခြင်း၏ မြေခတ်မလွဲသည့် အကျိုးဖြစ်၏။

## ၄။ ငါ၏ချစ်သားပေတည်း

ခမည်းတော်နှင့် သားတော်ဘုရားတို့သည် အတန်ကြာအောင် အပြန်အလှန် ရှုနေကြ၏။ ရင်နင့်ကြ၏။ အချိန်ကျပြီ ဖြစ်ကြောင်းသဘောပေါက်ကြ၏။ အဆုံးအစမဲ့ ထာဝရကာလ မှစပြီး ခမည်းတော်နှင့် သားတော်ဘုရားတို့သည် အတူနေထိုင်ကြပြီး ယခုတွင် ခွဲကြရ တော့မည်။ ယခုတွင် သားတော်ဘုရားသည် ပုထုဇဉ်တို့ကို ပြန်လည်ရွေးထုတ်ရန် အကောင်အထည်ဖော်တော့မည်ဖြစ်၏။ ဤစီမံကိန်းကြီးတွင် ခမည်းတော်နှင့် သားတော် တို့သည် ခလုတ်ကန်သင်းများကို အူမချေးခါး သဘောပေါက်ပြီး ဖြစ်ကြ၏။ သို့ပေပြီး အနန္တမေတ္တာသည် အသွားဖက်သို့... ။

ခမည်းတော်နှင့်သားတော်ဘုရားနှစ်ပါးတို့သည် ၎င်းတို့ လုပ်ဆောင်ကြမည့် ဝန်တာကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ခေတ္တရှုစားကြ၏။ သရော်မော်ကားပြုခံရခြင်း၊ ကဲ့ရဲ့တင်းဆိုခံရခြင်း၊ ငြင်းပယ်ခံရခြင်း၊ အမုန်းပွားခံရခြင်း၊ တံတွေး အထွေးခံရခြင်း၊ ကန်ကြောက်ခံရခြင်း၊ ရိုက်နှက်ခံရခြင်း၊ သံမှိုဖြင့်ရိုက်ခံရခြင်းတို့သည် ခမည်းတော်နှင့် သားတော်တို့ ကွဲကွာရခြင်းနှင့်ယှဉ်လျှင် ဘာမျှမဟုတ်တော့ချေ။ သားတော်သည် နှစ်ထောင်ချီသော အပြစ်များ၏ ဖလသမ္ပဒါအကျိုးများကို ပခုံးပြောင်းထမ်းကာ လေတိုက်ရာလွင့်ပါသည့် သစ်ရွက်ခြောက် ပမာသော ၎င်း၏အဖြစ်သနစ်ကိုင်း၊ အပြစ်ကြောင့် ခမည်းတော်၏ မျက်ကွယ်ပြုခြင်းခံရမည့် ဒုက္ခတို့ကိုင်း ရှုမြင်တော်မူ၏။

ထိုအဖြစ်ကိုရှုအပြီး ငွေ့ဖက်ကြ၏။ ဖခမည်းတော်သည် သားတော်ကို ဤနိဂုံးသို့ အဘယ် သို့ဖြင့် မငြိုမငြင် ပို့နိုင်စွမ်းရသနည်း။ ကမ္ဘတ်နိဂုံးဆိုရလျှင် အပြစ်၏ အာဏာစက်အောက် တွင် ဆုံးရှုံးနိုင်ချေရှိကြောင်းကို ၎င်းတို့သည် ကမ္ဘာကိုမဖန်ဆင်းမီကပင် ဂဃနဏသိကြ ၏။ မြေခတ်မလွဲအောင်မြင်မည့် အာမခံချွေမရှိပါ။ သားတော်ဘုရားသည် ရန်သူမာရ်နတ် ၏ သတ်ကွင်းအတွင်း ပရမတ္တမနုဿလူစစ်စစ်ဘဝ ခံယူမည်ဖြစ်၏။ သားတော်ကို

ထာဝရဆုံးရှုံးနိုင်မည့်အဖြစ်ကို ဘုရားသခင်စီမံခဲ့၏။ ကမ္ဘာကြီးကိုကယ်ခွင့်ပေးရန် သားတော်၏ လျှောက်တင်မှုတွင် ခမည်းတော်၏မေတ္တာကို အမွေခံခဲ့ကြောင်း ပြခြင်းပင်ဖြစ်၏။ ခမည်းတော်က သားတော်ကို စွန့်စားခွင့်ပြုပါမည်လော။

ခမည်းတော်၏မေတ္တာတော်သည် ငါတို့အပေါ်မည်မျှလေးနက်ကြောင်းကို ၎င်းက ၎င်း၏သားတော်ကို မည်မျှမေတ္တာရှိပြီး ငါတို့ကို ကယ်ချွတ်ရန် စွန့်စားခဲ့သည်များဖြင့် တိုင်းတာရာ၏။ ခမည်းတော်ဘုရားသည် သားတော်ကို မည်မျှချစ်ကြောင်းကို ၎င်း၏သားတော်ရေနှစ်ခြင်းမင်္ဂလာခံယူသည့် သမယ၌ တွေ့နိုင်၏။

> "ကောင်းကင်မှလည်း 'ဤသူကား ငါ၏ချစ်သားပေတည်း။ သူ့ကို ငါ နှစ်သက်၏' ဟု အသံတော်ထွက်ပေါ်လာ၏။" - ရှင်မဿဲခရစ်ဝင် ၃:၁၇

ခမည်းတော်သည် သားတော်ကို ချစ်နှစ်သက်တော်မူ၏။ ခမည်းတော်အတွက် သားတော်ထက် အဖိုးတန်သည့်အရာမရှိ။ သားတော်ဘုရားက ထိုအကြောင်းကို အောက်ပါအတိုင်း ဆိုထား၏။

> "တောင်များကိုမဖြစ်ပေါ်စေမီ၊ တောင်ကုန်းများမရှိမီ၊ (၂၆) မြေကြီး၊ ကွင်းပြင်များနှင့် ကမ္ဘာကြီး၏အဦးဆုံးသောမြေမှုန့်များကို ဖန်ဆင်းတော်မမူမီ ငါ့ကို ဖြစ်တည်စေတော်မူပြီ။ (၂၇) မိုးကောင်းကင်ကို ကိုယ်တော်တည်တော်မူသောအခါ ငါသည် ထိုအရပ်၌ရှိ၏။ နက်ရှိုင်းသောရေထု၏ မျက်နှာပြင်ပေါ်တွင် မိုးကုပ်စက်ဝိုင်းကို အမှတ်အသားပြုတော်မူသောအခါ၌လည်းကောင်း၊ (၂၈) အထက်မိုးတိမ်တို့ကိုတည်စေတော်မူပြီး နက်ရှိုင်းသောရေထု ထွက်လာရာအပေါက်များကို ခိုင်ခံ့စေတော်မူသောအခါ၌လည်းကောင်း၊ (၂၉) ရေသည် ကိုယ်တော်၏အမိန့်ကို မကျူးလွန်မည့်အကြောင်း ပင်လယ်၏နယ်နိမိတ်ကို သတ်မှတ်တော်မူသောအခါ၌လည်းကောင်း၊ ကမ္ဘာမြေကြီး၏အခြေအမြစ်တို့ကို အမှတ်အသားပြုတော်မူသောအခါ၌လည်းကောင်း (၃၀) ငါသည် လက်မှုပညာရှင်ကဲ့သို့ ကိုယ်တော်၏

> အနားတွင်ရှိ၍ နေ့စဉ်နေ့တိုင်း ကိုယ်တော်၏ကြည်နူးတော်မူရာဖြစ်ခဲ့ပြီး ရှေ့တော် ၌ အစဉ်အမြဲပျော်မွေ့၏။" - သုတ္တံကျမ်း ၈:၂၅-၃၀

စကြဝဠာကို ဖန်ဆင်းစဉ်တွင် ခမည်းတော်သည် သားတော်နှင့် ပခုံးချင်းဖက်၍ အတူစီမံကြမည်ကို ငါတို့စိတ်ကူးပုံဖော်နိုင်၏။ ခမည်းတော်သည် ဖန်ဆင်းခြင်းအမှုကို သားတော်အား လက်လွှဲထား၏။ သားတော်၏စီမံမှု အလုံးစုံအပေါ် ခမည်းတော်သည် ဂွမ်းဆီထိ လျက်ရှိ၏။

> "ရှေးကာလတွင် ဘုရားသခင်သည် ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား ကာလအပိုင်းအခြားအမျိုးမျိုးတို့၌ နည်းမျိုးစုံဖြင့် စကားပြောတော်မူ၏။ (၂) ဤနောက်ဆုံးသောနေ့ရက်များတွင် ငါတို့ကို သားတော်အားဖြင့် စကားပြောတော်မူ၏။ ဘုရားသခင်သည် ထိုသားတော်အား အရာခပ်သိမ်းကို အမွေဆက်ခံသူအဖြစ် ခန့်ထား၍ လောကဓာတ်တို့ကိုလည်း သားတော်အားဖြင့် ဖန်ဆင်းတော်မူ၏။ (၃) သားတော်သည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်တို့ကို ထင်ဟပ်သောပုံသဏ္ဌာန် ဖြစ်တော်မူပြီး မိမိ၏တန်ခိုးနှင့်ပြည့်စုံသော နှုတ်ကပတ် တော်အားဖြင့် အရာခပ်သိမ်းကိုတည်စေ၏ ..." - ဟေဗြဲသြဝါဒစာ ၁:၁-၃

> "ခမည်းတော်သည် သားတော်ကိုချစ်တော်မူ၍ အရာခပ်သိမ်းတို့ကို သားတော် လက်သို့ ပေးအပ်တော်မူပြီ။" - ရှင်ယောဟန်ခရစ်ဝင် ၃:၃၅

ခမည်းတော်နှင့်သားတော်တို့ အလွန်ပလဲပနံသင့်ကြကြောင်း ခရစ်တော်ဘုရားသည် အောက်ပါအတိုင်း မိန့်ရဲ၏။ ။

> "ငါ၏ခမည်းတော်သည် အရာခပ်သိမ်းတို့ကို ငါ့အားအပ်နှင်းတော်မူပြီ။ ခမည်းတော်မှတစ်ပါး မည်သူမျှ သားတော်ကိုမသိ။ ခမည်းတော်ကိုလည်း သားတော်နှင့် သားတော်ကဖွင့်ပြလိုသောသူတို့မှတစ်ပါး အခြားမည်သူမျှမသိ။" - ရှင်မဿဲ ခရစ်ဝင် ၁၁:၂၇

> “ခမည်းတော်သည် ငါ့ကိုသိတော်မူ၍၊ ငါသည်လည်း ခမည်းတော်ကို သိတော်မူ၏။” - ရှင်ယောဟန်ခရစ်ဝင် ၁၀:၁၄

> “ခမည်းတော်သည် သားတော်ကိုချစ်တော်မူသောကြောင့် မိမိပြုတော်မူသမျှတို့ကို သားတော်အားပြတော်မူ၏။ သင်တို့အံ့ဩခြင်းရှိကြစေရန် ဤထက်ကြီးမြတ်သော အမှုတို့ကိုလည်း သားတော်အား ပြတော်မူလိမ့်မည်။” - ရှင်ယောဟန်ခရစ်ဝင် ၅:၂၀

ယုဒသည် ယောသပ်ထံ ၎င်းတို့၏ပိတုသည် ဗယ်ာမိန်ကို မည်မျှအသည်းစွဲကြောင်းကို ရှင်းပြသကဲ့သို့ ကောင်းကင်ဘုံရှိ ခမည်းတော်၏ဇီဝသည်လည်း “သူငယ် (ခရစ်တော်) ၏ အသက်၌ မှီ” ကြောင်း ကမ္ဘာဦးကျမ်း ၄၄:၃၀ ၌ ငါတို့သိမြင်နိုင်မည်။ လူစိတ်ရှိသည့် မြင့်မိုရ်ဟူသည် ၎င်းတို့၏သားများအတွက် မပေးဆပ်နိုင်သည့်အရာမရှိ။ သားတော်ဘုရားအပေါ် ထားရှိသည့် ခမည်းတော်၏ခံစားချက်သည်လည်း အနီးအတိုင်းဖြစ်၏။ အနီး ဖြင့်နှိုယ်ကာ ငါတို့သည် ကျမ်းစာလာစာပိုဒ်ကို အနုလုံပဋိလုံ စိပ်နိုင်၏။ ။

> “ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။ ဤသည်ကား သားတော်ကို ယုံကြည်သောသူတိုင်း မပျက်စီးဘဲ ထာဝရအသက်ကို ရရှိစေရန်ဖြစ်၏။” - ရှင်ယောဟန်ခရစ်ဝင် ၃:၁၆

“တိုင်အောင်” ဆိုသည့်ဝါစာက ငါတို့သည် ထိုမေတ္တာတော်ကို အကုန်အစင် ဉာဏ်ပေါက်နိုင်မည် မဟုတ်ကြောင်းကိုပြ၏။ သားတော်က ငါတို့ကို ကယ်တင်ရန် လျှောက်တင်မှုကို ခမည်းတော်နာကြားစဉ်တွင် အဖန်ဆင်းခံပုထုဇဉ်များက တန်ဖိုးမထားနိုင်ကြမည်ကို ခမည်းတော် ရင်နင့်ရ၏။ ထိုဒုက္ခများကို သင်ပုန်းချေအပြီးတွင် ခမည်းတော်သည် သားတော်၏ ပုထုဇဉ်များကို ကယ်တင်မည့် လျှောက်တင်မှုကို ခွင့်ပြုခဲ့၏။ မယုံနိုင်ဖွယ်သော အံ့ဖွယ်မေတ္တာတော်ပေတည်း။ ဤအံ့ဖွယ်မေတ္တာအကြောင်းသည် ငါတို့၏ ဆောင်ပုဒ်အဖြစ် ထာဝစဉ်ရှိမည်ဖြစ်၏။

အစောပိုင်း၌ ငါတို့နှိုးနှောခဲ့ပြီးသည့်အတိုင်း ခရစ်တော်ဘုရားခံခဲ့သည့် ဒုက္ခများသည် ဤသတ္တကမ္ဘာတွင် လာပွင့်သည့်အတွင်း၌သာ ဒုက္ခခံခြင်းမဟုတ်။ အပြစ်ရှိသည့် တစ်ပြိုင်နက် ကယ်တင်ရှင်လည်း တစ်ပြိုင်နက်ရှိ၏။ ဒေင်ဥယျာဉ်၌ ပုထုဇဉ်မောင်နှံနှစ်ဦးကို အသက်ထောက်ပေးခဲ့သည်မှာ ယေရှုဘုရားဖြစ်၏။ ကမ္ဘဗိဒ္ဓိဖြင့် မြွေသဏ္ဍာန်ယူသည့် မာရ်နတ်၏ပင့်ကော်မှုကို နားယောင်ကာ တားမြစ်ထားသည့်အပင်၏ အသီးကို စားသည့်အခါ ထိုဇနီးမောင်နှံနှစ်ဦးက ခရစ်တော်နှင့် ၎င်း၏ခမည်းတော်ကို ငြင်းပယ်ခြင်းကြောင့် ၎င်းသည် အတွင်းကြေခဲ့ရ၏။ သားသမီးဆိုးတို့၏ ဒဏ်ခံရသည့် မြင့်မိုရ်များကဲ့သို့ ခရစ်တော်ဘုရားလည်း ခံခဲ့ရ၏။ သို့ဆိုစေမူ ခရစ်တော်ဘုရားက ၎င်းတို့ကို ပေယျာလကန်မပြုခဲ့ပါ။ ၎င်းတို့မည်သို့ပင် ခမည်းတော်၏ ပညတ်တော်ကိုကျူးလွန်ပြား ၎င်းတို့အသက် ဆက်နိုင်ရေးမှာ ခရစ်တော်ဘုရားသည် ၎င်းတို့နှင့် ဆက်နေရန်တစ်လမ်းသာရှိ၏။

ဤသရေလများ အပြစ်ပြုသည့်အခါတိုင်း သိုးကိုပူဇော်ရ၏။

> "ဆင်းရဲသားတစ်စုံတစ်ယောက်သည် တရားကိုမသိ၊ ထာဝရဘုရား၏ ပညတ်တော်ကို လွန်ကျူးပြစ်မှား၍၊ မပြုအပ်သောအမှုကို ပြုမိသဖြင့် အပြစ်ရောက်လျှင်၊ (၂၈) မိမိပြစ်မှားမိသော အပြစ်ကိုသိသောအခါ၊ ထိုအပြစ်အတွက် ပူဇော်သက္ကာဘို့ အပြစ်မပါသော ဆိတ်သငယ်အမကို ဆောင်ခဲ့ရမည်။ (၂၉) အပြစ်ဖြေရာယဇ် ပြုသော ဆိတ်ခေါင်းပေါ်မှာ မိမိလက်ကိုတင်၍ မီးရှို့ရာယဇ်ကောင်ကို သတ်ရာ အရပ်၌ ထိုဆိတ်ကိုသတ်ရမည်။ … မိဿဟာယယဇ်ကောင်ဆီဥကိုယူသကဲ့သို့၊ ဆီဥရှိသမျှကိုယူ၍ ထာဝရဘုရားအားမွှေးကြိုင်စရာဘို့ ယဇ်ပလ္လင်ပေါ်မှာမီးရှို့ရမည်။ ထိုသို့ ယဇ်ပုရောဟိတ်သည် ထိုသူအဘို့အပြစ်ဖြေခြင်းကိုပြုလျှင်၊ သူ၏အပြစ်လွတ်လိမ့်မည်။ (၃၂) သိုးသငယ်ကို အပြစ်ဖြေရာယဇ်ပြုလိုလျှင်၊ အပြစ်မပါ သောအမကို ဆောင်ခဲ့ရမည်။ (၃၃) အပြစ်ဖြေရာယဇ်ပြုသော

> သိုးခေါင်းပေါ်မှာ မိမိလက်ကိုတင်၍ မီးရှို့ရာယဇ်ကောင်ကိုသတ်ရာအရပ်၌ အပြစ်ဖြေရာယဇ်ဖြစ် စေခြင်းငှာ သတ်ရမည်။" - ဝတ်ပြုရာကျမ်း ၄:၂၇-၂၉၊ ၃၁-၃၃ (NKJV)

အနီဝတ်က အပြစ်တိုင်းတွေသည် သားတော်ဘုရားကို ငရဲပေးသည်ဟူသည် ဝမ်းနည်းဖွယ် ဓမ္မစစ်ကိုပြ၏။ ခရစ်တော်ဘုရားသည် ပထမဦးဆုံး အပြစ်ပြုသည်မှ ယနေ့ထိပင် ငရဲကျ၏။ အပြစ်တစ်ခုစီတိုင်းသည် ၎င်းကို အဖန်တလဲလဲ ကွပ်မျက်၊ အသရေတော်ကို ရှုတ်ချ၏ - ဟေဗြဲ ၆:၆။ အနီဒုက္ခ၏ သဘောသဘာဝကို ငါတို့၏ဉာဏ်နုက မမီနိုင်။ ခရစ်တော်၏ဒုက္ခအိုးသည် ကားတိုင်သို့လှမ်းခဲ့သည့် (၄၈) နာရီကာလ၊ ကမ္ဘာ၌ (၃၃) နှစ် လာပွင့်ရုံမဟုတ်ပါ။ အမှန်တွင် နှစ်ပေါင်း (၆,၀၀၀) မျှ အစဉ်အပယ်ခံ၊ အညှင်းခံရ၏။ ခမည်းတော်၏နှလုံးကို မွှန်းသည့်ဒုက္ခအကြောင်း ငါတို့ ခရစ္စေတွင်းကျ ဆင်ခြင်နိုင်လျှင် ခမည်းတော်ခံစားရသည့်ဒုက္ခသည် သားတော်၏ဒုက္ခထက် မသေးကြောင်းကို ငါတို့ ဆင်ခြင်နိုင်ပါမည်။ အကြောင်းကား သားသမီးများ ဒုက္ခတွေ့တိုင်း မာတာပိတုများပါ မီးခိုးကြွက်လှော်ကက် ခံရသောကြောင့်တည်း။

> " ... ဘုရားသခင်သည် လောကီသားတို့ ကျူးလွန်သောအပြစ်များကို သူတို့အပေါ်သင့်ရောက်စေတော်မမူဘဲ သူတို့ကို ခရစ်တော်၌ မိမိနှင့်ပြန်လည်သင့်မြတ် စေတော်မူပြီး ပြန်လည်သင့်မြတ်ခြင်းတရားကို ငါတို့၌အပ်ထားတော်မူ၏။" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၅:၁၉ (NKJV)

ဤကမ္ဘာလောကီသားများ သားတော်ဘုရားအပေါ် ပြုမူပုံများကို ခမည်းတော်ရှုစဉ်တွင် မည်မျှနာကျင်မည်ကို ငါတို့မြူတစ်မှုံစာမျှ မြင်တတ်ပါ၏လော။ သားတော်က။ ။

> ... "'အကျွန်ုပ်၏အဖ၊ ဖြစ်နိုင်လျှင် ဤခွက်ကို အကျွန်ုပ်ထံမှ လွှန်သွားစေတော်မူပါ။ သို့သော် အကျွန်ုပ်၏အလိုအတိုင်းမဟုတ်ဘဲ ကိုယ်တော်၏အလိုတော်အတိုင်း ဖြစ်စေတော်မူပါ'ဟု ဆုတောင်းတော်မူ၏။" - ရှင်မဿဲခရစ်ဝင် ၂၆:၃၉

ဟု ဆိုစဉ်တွင် ခမည်းတော်၏ကြေကွဲမှုကို ငါတို့ စိတ်ကူးပုံဖော် နိုင်စွမ်း၏လော။

ခရစ်တော်ဘုရား၏ ဒုက္ခခံမှုသည် လွန်ခဲ့သည့် နှစ် (၂,၀၀၀) ၌ ဖြစ်ပျက်ခဲ့သည်ဟု ငါတို့ အလွယ်မှတ်ကြပေမည်။ အမှန်ကား ခရစ်တော်သည် ယခုအချိန်၌ပင် မာရ်နတ်၏ခြေချုပ် မိနေကြသည့် သက်ငယ်လိင်ကုန်ကူးခံရသူများအတွက်၊ တစ်ဘို့သမားတို့၏စနက်ကြောင့် အိမ်ရာမဲ့၊ အငတ်ဘေးကြုံကြသည့် သူငယ်များအတွက်၊ အကြမ်းဖက်မှု - မုဒိမ်းကျင့်ခံရ သူများအတွက်၊ မူးယစ်ဆေးနှင့် ယစ်ရည်ကျွန်ခံရသူများအတွက်၊ ဥပေစ္ခကကံ နေ့စဉ် ကျူးလွန်သူများအတွက် ဒုက္ခခံရ၏။ ခမည်းတော်လည်း ထို့အတူဖြစ်၏။ ၎င်းတို့သည် သားကောင်များအတွက်သာမကဘဲ ပြုသူအတွက်လည်း စိတ်မကောင်းဖြစ်ရ၏။ ခရစ်တော်၏ ဝိညာဉ်တော်သည် အပြစ်ပြုရန် လက်တို့သူများကို တရားပြပြီး ကယ်တင်ရန် လမ်းရှာ၏။ စိတ်မလုံစေရခြင်းသည် ၎င်းတို့ကို အပြစ်ပေးရန်မဟုတ်ဘဲ စိတ်မာထန်ပြီး ပျက်စီးခြင်းမှကယ်ရန်ဖြစ်၏။ စိတ်မလုံစေရခြင်းသည် ကယ်တင်ရန်ဖြစ်၏။ အပြစ်ဖို့ရန် မဟုတ်။ ပုထုဇဉ်များက ယစ်ရည်၊ မူးယစ်ဆေးဝါး၊ မည်သည့်အရာဖြင့်မဆို ၎င်းတို့ ပြုခဲ့ သည်များကို မရှုမှတ်ကြသည့်အခါတိုင်း ခရစ်တော်ဘုရားသည် အမုန်းခံ၊ အငြင်းခံ၊ နှုတ်ပိတ်ခံရ၏။ ပုထုဇဉ်များ ကသိုင်းရှုရန် ထွန်းတောက်လွန်းသည့် လက်ဝါးကားတိုင် ပေါ်မှပြသည့် အတ္တမနှောသည့် မေတ္တာတော်ကို ကျောခိုင်းသည့်အခါ ထိုထိုအနိဋ္ဌာရုံများ သန်းထောင်ချီသောလူတို့၌ နေ့စဉ်ဖြစ်ပျက်၏။

ထိုအခါမျိုး၌ ငါတို့လည်း ဖာရိရှဲများပမာ အဖျားရှူးနိုင်၏။ ။

> "... 'ဗိမာန်တော်ကိုဖြိုဖျက်၍ သုံးရက်အတွင်းတည်ဆောက်မည့်သူ၊ သင်သည် ဘုရားသခင်၏သားတော်မှန်လျှင် သင့်ကိုယ်သင် ကယ်တင်ပြီး လက်ဝါးကပ်တိုင် ပေါ်မှဆင်းလာခဲ့လော့' ဟု စော်ကားပြောဆိုကြ၏။ (၄၁) ထိုနည်းတူ ယဇ်ပုရော ဟိတ် အကြီးအကဲများသည်လည်း ကျမ်းပြုဆရာများ၊ သက်ကြီးဝါကြီးများနှင့် အတူ ကိုယ်တော်ကိုပြောင်လှောင်ကြ၍ (၄၂) 'သူသည် သူတစ်ပါးတို့ကို

ကယ်တင် ခဲ့သော်လည်း မိမိကိုယ်ကို မကယ်တင်နိုင်ပါတကား။ အစ္စရေးဘုရင်ဖြစ်လျှင် ယခုပင် လက်ဝါးကပ်တိုင်ပေါ်မှ ဆင်းလာပါစေ။ ထိုအခါ ငါတို့သည် သူ့ကို ယုံ ကြည်မည်။’” - ရှင်မဿဲခရစ်ဝင် ၂၇:၄၀-၄၂

ငါတို့သည် စစ်မှန်သောတုံ့ပြန်မှုကို မာရိမာဂဒါလ ဘဝ၌ တွေ့နိုင်၏။ ၎င်းက ခရစ်တော်သည် သူမအတွက် လက်ဝါးကားတိုင်၌ စတေးခံမည်ကို ဉာဏ်ပေါက်၏။ ခရစ်တော်၏ စီမံမှုဖြင့် သူမသည် အပြစ်လွတ်ခြင်းခံရမည်ကို ယုံကြည်၏။ သူမ၏ ကတည|တ ကတဝေဒီတရားပမာဏသည် ဘုရင်မင်းမြတ်အတွက် ထုတ်လုပ်သည့် တန်ကြေးမြင့်သည့် ထုံသင်းသည့်ဆီမွှေးနံ့နှင့်အတူ စီးမျော၏။

မည်သို့ဆိုစေ မေးရမည်ကား ဘုရားသခင်သည် ကြွဒ္ဓိနှင့်ကေန်ပြည့်စုံသည်မှန်လျှင် အဘယ်ကြောင့် ၎င်းကိုယ်၌နှင့်သားတော်တို့ ဒုက္ခကို ပြေးတွေ့ကြရသနည်း။ ဒုတိယ မေးခွန်းကား ၎င်းသည် အဘယ့်ကြောင့် ကြားဝင်ကာ ဤဒုက္ခခပ်သိမ်းကို အဆုံးမသတ်ရသနည်း။ အနှီအကြောင်းသည် လာမည့်အခန်း၌ ရှုမည့်တရားဖြစ်၏။ ယခုတွင် ငါတို့သည် လောက၏အပြစ်ကို ဆောင်ယူသွားသည့် ဘုရားသခင်ကိုရှုကာ၊ နှစ်ပေါင်း ၆,၀၀၀ မျှ အနှံ့အတာခံခဲ့သည့် ကောင်းကင်ဘုံရှိ ငါတို့၏ခမည်းတော်အပေါ် ကျေးဇူးတရားရှိကြအံ့။ ဘုရားသခင်သည် လောကီသားတို့ကို လွန်စွာချစ်သည်ကြောင့် ၎င်း၏ကေပုတ္တကိုပင် အကယ်လှူခဲ့ပါ၏။

## ၅။ သင်၏ရန်သူကိုချစ်လော့

ဗတ္တိဇံဆရာယောဟန်က ယေရှုဘုရားသည် ကယ်တင်ရှင်မေရှိယဖြစ်သည်ဟု ပွဲထုတ်ခဲ့သည့်အခါ ရွှေပြည်တော်အိမ်မက်သည် တစ်ဖန်နိုးထလာ၏။ Seleucid အင်ပါယာ၏ ထမ်းပိုးကို ချိုးခဲ့သည့် ၎င်းတို့၏ ဝံသာနုကြီး ယုဒမက္ကဘီကို ပြန်လည်အောက်မေ့သည့်အခါ ရောမတို့၏ သံမဏိအာဏာစက်အောက်ကျသည့် ပစ္စက္ခဇာတ်နာကို အနုလုံပဋိလုံ စိပ်ကြ၏။ တိုင်းသူပြည်သားထုကြီးကလည်း ဂုရုအသစ်ကိုလူများစွာက ခြံရံကြ၊ ဂိလာန အပေါင်းတို့ကို ပျောက်ကင်းစေသည့် ၎င်း၏ပြဋ္ဌိဟာများကို မျက်မြင်တွေ့ကြသည့်အခါ မျှော်လင့်ခြင်းများ တစ်ဖန်နိုးထလာ၏။

> "ထို့နောက် ကိုယ်တော်သည် ဂါလိလဲနယ်တစ်နယ်လုံးကို လှည့်လည်၍ ဝတ်ပြုစည်းဝေးကျောင်းများ၌ သွန်သင်တော်မူကာ နိုင်ငံတော်နှင့်ဆိုင်သည့် ကောင်းမြတ်သောသတင်းကိုဟောပြောလျက် လူတို့ထဲ၌စွဲကပ်နေသော ရောဂါအမျိုးမျိုး နှင့်အဖျားအနာရှိသမျှတို့ကို ပျောက်ကင်းစေတော်မူ၏။ (၂၄) ထိုအခါ ကိုယ် တော်၏သတင်းသည် ဆီးရီးယားပြည်တစ်ဝန်းလုံး သို့ ပျံ့နှံ့သွားသဖြင့် လူတို့သည် ရောဂါအမျိုးမျိုးစွဲကပ်၍ ဝေဒနာခံစားနေရသူများ၊ နတ်ဆိုးပူးသူများ၊ ဝက်ရူးပြန် ရောဂါစွဲသောသူများနှင့် လေဖြတ်သောသူများ စသည့်နာမကျန်းဖြစ်သူအပေါင်း တို့ကို အထံတော်သို့ခေါ်ဆောင်လာကြရာ ကိုယ်တော်သည် သူတို့ကို ကျန်းမာစေ တော်မူ၏။ (၂၅) သို့ဖြစ်၍ ဂါလိလဲနယ်၊ ဒေကာပေါလိနယ်၊ ဂျေရုဆလင်မြို့ ယုဒနယ်နှင့် ဂျော်ဒန်မြစ်တစ်ဖက်ကမ်းတို့မှ များစွာသော လူထုပရိသတ်တို့သည် နောက်တော်သို့ လိုက်ကြ၏။" - ရှင်မဿဲခရစ်ဝင် ၄:၂၃-၂၅ (NKJV)

ယေရှုဘုရားသည် တပည့်တော် (၁၂) ပါးကို သိက္ခာတင်ပေးအပြီးတွင် ပင်လယ်ဖက်သို့ အတူသွားကြ၏။ တရားနာလိုသူ၊ ရောဂါပျောက်လိုသူများ စုဝေးလာတော့၏။ လူထုများ လာသည့်အခါ ယေရှုဘုရားက ၎င်းတို့ကို တောင်ခါးပန်းသို့ခေါ်ဆောင်ကာ

တရားချေ၏။ ၎င်း၏နှုတ်များမှ ဆင်းချလာသည့် ကောင်းချီးများသည် ပုထုဇဉ်တို့ နားရည်ဝခဲ့သည်များ နှင့် မူကွဲ၏။ ယေရှုဘုရားက စိတ်နှလုံးနူးညံ့သိမ်မွေ့ သနားတတ်၊ ရန်ငြိမ်းစေတတ်သူ များသည် မင်္ဂလာရှိ၏ စသည်စသည်ဖြင့် တရားဦးချေ၏ - ရှင်မဿဲ ၅:၅၊ ၇၊ ၉။ ဓမ္မ အတွက် ဓားကိုင်ရဲသူများကို ထောပနာပြုမည့်အစား ဖြောင့်မတ်ခြင်းတရားထူးအတွက် ညှဉ်းဆဲခံ၊ ၎င်း၏နာမကြောင့် အချွန်းခံ၊ အကောက်ကြံခံရသူများအပေါ် ခရစ်တော်က ကောင်းချီးချေ၏ - ရှင်မဿဲ ၅:၁၀၊ ၁၁။ ခရစ်တော်သည် ကလဲ့စားချေလိုသည့် စစ်ဦးစီး များကဲ့သို့မမိန့်ဘဲ ၎င်း၏နောက်လိုက်များကို ခမည်းတော်၏ သိမ်မွေ့မှု၊ မုဒိတာများ ၎င်းတို့ဘဝတွင် ကိန်းရန်သာမိန့်ခဲ့၏။

၎င်းမိန့်ခဲ့သည့်တရားများသည် အဟောသာမဟုတ်ဘဲ ၎င်း၏နေ့တစဉ်ဝရှင်သန်မှု၌လည်း ပြ၏။ ပုထုဇဉ်အားလုံးအပေါ် ထားရှိသည့် ၎င်း၏မေတ္တာတရားသည် အစဉ်ပေါ်လွင်၏။ ၎င်း၏အမှုတော်ပိတ်သိမ်းချိန် လူအများက ၎င်းကို ကဲ့ရဲ့ ရိုက်၊ သတ်ချိန်၌ ရန်ရန်ချင်း မတုံ့ပြန်ကြောင်း ပြခဲ့၏။ ၎င်းနှင့် ခမည်းတော်သည် မည်သို့သောပုဂ္ဂိုလ်ဖြစ်ကြောင်း ထိုနေ့တွင် မိန့်ခဲ့သည်များသည် အရာထင်ပြီ။ ယေရှုဘုရားသည် ၎င်းကိုယ်တိုင် မပြုသည် များကို ငါတို့အားလည်းမခိုင်းဟုမှတ်ရန် အသက်တမျှအရေးကြီး၏။ ၎င်းသည် ဘုရား ဖြစ်သည်ကြောင့် မတူသောပညတ်ကိုသုံးသည်ဟု မမှတ်ရ။ ၎င်းသည် ဘုရားဖြစ်သည် ကြောင့် ၎င်းကိုယ်တိုင် တောင်ပေါ်၌ချေခဲ့သည့်တရားအတိုင်း နေပြခဲ့၏။

ယေရှုဘုရား၏ တရားများသည် ယုဒအမျိုးသား မာန၊ ပြင်းပြသောဆန္ဒတို့ကို ရိုက်ချိုး၏။ ဤတရားသည် ပုထုဇဉ်အားလုံးသို့ ဆက်၍ဆိုသောကြောင့် ပုထုဇဉ်အားလုံးတို့၏ မာန၊ ဆန္ဒတို့ကိုလည်း ရိုက်ချိုး၏။ အပြစ်သားသည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို မြင် သည့်အခါ ၎င်းကို နှောင်တရစေကာ

ယေရှုဘုရားမိန့်သည့် — ၎င်းတို့၏ အတ္တကိလေသာ၊ ဆန္ဒတို့ကြောင့် ဖြောင့်မတ်ခြင်း ပါရမီကို ဆာငတ်ခင်မွတ်သောသူသည် မင်္ဂလာရှိ၏၊ စိတ် မသာ ညည်းတွားသောသူသည် မင်္ဂလာရှိ၏ဟူသည့် တရားထူးကို ဒိဋ္ဌပြုတ်၍ မြင်နိုင်ကြမည်ကို ငါတို့တွေ့ရ၏။

သားတော်ဘုရားသည် ပုထုဇဉ်တို့၏ ဒုက္ခကိုတစ်ဆင့်ပြီးတစ်ဆင့် တရားပြ၏။ ။

> "'လူမသတ်ရ။ မည်သူမဆို လူသတ်လျှင် အပြစ်စီရင်ခြင်းကို ခံထိုက်ပေ၏' ဟု ရှေးလူတို့အားပြောထားသည်ကို သင်တို့ကြားခဲ့ရ၏။ (၂၂) သို့သော် သင်တို့အား ငါဆိုသည်ကား မိမိညီအစ်ကိုအပေါ်အမျက်ထွက်သောသူတိုင်းသည် အပြစ်စီရင်ခြင်းကို ခံထိုက်၏။ မိမိညီအစ်ကိုအား 'အလကား လူ' ဟု ပြောသောသူသည် တရားလွှတ်တော်လက်သို့ အပ်နှံခြင်းခံထိုက်၍ 'လူမိုက်' ဟု ပြောသောသူသည် **ငရဲမီး**ဒဏ်ကိုခံထိုက်၏။" - ရှင်မဿဲခရစ်ဝင် ၅:၂၁၊ ၂၂ (RV)

ယေရှုဘုရားသည် ရှေးရာစုနှစ်များစွာက ရှင်မောရှေမိန့်ခဲ့သည့် တရားများကို ဗြိကာချဲ့ပြခြင်းဖြစ်၏။ ၎င်းသည် ပညတ်တော်၌ပါသည့် အငယ်ဆုံးသောစာလုံး ဖိန္ဒုတစ်လုံးကိုပင် မနုတ်ပယ်ဘဲ သာ၍ပင် ရောင်ဝါထွန်းစေ၏။

> "သင်၏ညီအစ်ကိုကို စိတ်အခုအခံမရှိရ။ ကိုယ်နှင့် စပ်ဆိုင်သောသူ၌ရှိသောအပြစ်ကို တတ်တိုင်းမရှိစေဘဲ၊ သူ့ကိုအမှန်ဆုံးမရမည်။ (၁၈) သင့်အမျိုးသားချင်းသည် သင့်ကိုပြစ်မှားလျှင်၊ ကိုယ်တိုင်အပြစ်ပြန်၍ မတုံ့ရ။ အငြိုးမထားရ။ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ရမည်။ ငါသည် ထာဝရဘုရားဖြစ်၏။"
> - ဝတ်ပြုရာကျမ်း ၁၉:၁၇၊ ၁၈ (RV)

ငါတို့အပေါ်မကောင်းသူကို အမျက်မထွက်တတ်သူ ရှိသလော။ ငါတို့ကို အထင်သေးသူ၊ ခြေဖြင့်နင်းသူများကို မအောက်မေ့သူရှိသလော။ ထိုအဖြစ်မျိုးကို မည်သူလုံးလုံးလျား

လျှား သင်ပုန်းချေနိုင်ခဲ့သနည်း။ နောက်ပိုင်းတွင် တမန်တော်ရှင်ယောဟန်သည် ယေရှု ဘုရား၏ဝါဒစာကို အောက်ပါအတိုင်းဆက်၍ အဘိဓမ္မာချပြ၏။ ။

> "မိမိညီအစ်ကိုကိုမုန်းသောသူတိုင်းသည် လူသတ်သမားဖြစ်၏။ မည်သည့် လူသတ်သမား၌မျှ ထာဝရအသက်မတည်ကြောင်းကိုလည်း သင်တို့ သိကြ၏။" - ရှင် ယောဟန်ဩဝါဒစာပထမစောင် ၃:၁၅ (NKJV)

ယေရှုဘုရားမိန့်သည့် ရွှေပြည်တော်ကြီးသည် မည်သို့သောပြည်တော်မျိုးနည်း။ တစ်ဦးဦး ကို မုန်းသည့်သူသည် သေထိုက်သည်ဟု ဆိုသည်မဟုတ်လော။ ရှင်မဿဲ ၅:၂၂ ၌ ယေရှု ဘုရားဆိုခဲ့သည့် "မီးရှို့ခြင်း" သည် ဘာကိုဆိုလိုသနည်း။ အကျွန်ုပ်၏ အပြစ်သည် မဖြေ နိုင်အောင်ကြီး၏ - ကမ္ဘာဦးကျမ်း ၄:၁၃(Wycliffe) ဟု ဇီဇာချဲ့သည့် ကာဣနကို မေးပါ လော့။ ပုထုဇဉ်တို့၏ မုန်းခြင်း၊ လက်စားချေခြင်း အတ္တအကျိုးအားလုံးကို ပခုံးထမ်းကာ ကားတိုင်အတင်ခံရသည့် ယေရှုဘုရားကို မေးပါလော့။ ထိုအတ္တအတိုင်းနေသူများအပေါ် "ငရဲမီး" ကျမည့်အကြောင်းကို ယေရှုဘုရားအား မေးပါလော့။

သင့်ရောင်းရင်းတစ်ဦးဦးက သင့်ကို နာကျင်စေခဲ့ဖူးသလော။ ထိုသူများအပေါ် သင် အမျက်ထွက်ခဲ့ဖူးသလော။ သင့်ကိုနာစေခဲ့သည့်အတိုင်း ပြန်တုံ့ပြန်ရန် သင်စိတ်ကူးခဲ့ချိန်များ၌ ထိုစိတ်ကို ဖျောက်နိုင်ရန် သင့်အတွက်ခဲယဉ်းခဲ့သလော။ ဤသည်မှာ အရှင်လတ်လတ် ငရဲကျခြင်းမဟုတ်လော။ ထိုအတွေးမျိုးက သင့်ကို ပူလောင်စေသည်မဟုတ်လော။ အမှန်တွင် သင့်မနော၌ ပုဂ္ဂိုလ်တစ်ဦးကို သေစေလိုချိန်တွင် သင့်စိတ်က မည်သို့ ဆင်ခြင် သနည်း။ ထိုသို့ သေစေလိုစိတ်ပေါက်ဖွားချိန်၌ ညီအစ်ကိုများထက် ခိုင်မြဲစွာ ချစ်စေနိုင် သည့် ယေရှုဘုရား၏စိတ်မျိုးက သင့်အား မည်သို့ပြုစေသနည်း။ ၎င်းတို့ကို သေစေလို ခြင်းသည်များကြောင်း သင်သိသည်ကြောင့် ၎င်းတို့နှင့် ထပ်၍မပတ်သက်မိရန်သာ

ဆန္ဒပြု တော့၏။ သို့ပေမင့် အနီသည် တစ်ပင်တည်းမှသီးသော အရောင်ကွဲအသီးများ မဟုတ် လော။ ငါတို့သည် ထိုအတွေးမျိုးကို မင်းမူခွင့်ပြုသည့်အခါ ယေရှုမည်သို့ရှိမည်နည်း။

ခရစ်တော်ဘုရား၏ ဩဝါဒများသည် ပုထုဇဉ်တို့၏ ဥပဒေသများကို ရိုက်ချိုး၏။ မတရား အပြုခံရသည့်အခါ၌ ခန္တီပါရမီရှိရန် သုတ္တန်ခြင်းသည် မည်သို့သော စိတ်မျိုးထားရမည်ကို ပြ၏။ ယေရှုဘုရားက အောက်ပါအတိုင်းဆို၏။

> "ယေရှုသည် ထိုစကားကိုကြားလျှင် 'ကျန်းမာသောသူတို့သည် ဆေးဆရာကို မလို အပ်ကြပေ။ နာမကျန်းဖြစ်သောသူတို့သာလျှင် လိုအပ်ကြ၏။ ဖြောင့်မတ်သော သူတို့ကိုခေါ်ရန် ငါလာသည်မဟုတ်။ အပြစ်သားတို့ကိုခေါ်ရန်ငါလာ၏' ဟု သူတို့ အား မိန့်တော်မူ၏။" - ရှင်မာကုခရစ်ဝင် ၂:၁

ယေရှုဘုရားက ၎င်း၏ကရုဏာတရားကို ပံ့သကူလက်ခံကြရန် အမိန့်ပေး၏။ ၎င်းက ပုထုဇဉ်တိုင်း၏ အတ္တဘောကို ဝါကျတစ်ကြောင်းဖြင့် အထုပ်ဖြည်ပြ၏။ ။

> "'အိမ်ထောင်ရေးဖောက်ပြန်မှုကို မကျူးလွန်ရ' ဟု ပြောထားသည်ကို သင်တို့ ကြားရ၏။ (၂၈) သို့သော် သင်တို့အား ငါဆိုသည်ကား အမျိုးသမီး တစ်ယောက်ကို ကိလေသာစိတ်နှင့်ကြည့်သောသူတိုင်းသည် သူ၏စိတ်နှလုံးထဲ၌ ထိုအမျိုးသမီးနှင့် ပြစ်မှားလေပြီ။" - ရှင်မဿဲခရစ်ဝင် ၅:၂၇၊ ၂၈

သမာဓိတကယ်ရှိသူက ယေရှုဘုရားမိန့်သည့်အကြောင်းသည် ၎င်းကိုညွှန်းကြောင်း မှန်စွာ မြင်နိုင်ပါမည်။ ခရစ်တော်ဘုရားက ပြဿနာအိုးသည် မိမိသာဖြစ်ကြောင်း တရားပြ၏။ ပုထုဇဉ်အယောက်တိုင်း၏စိတ်သည် ပြုပြင်ရန်လို၏။ ဘုရားသခင်က ပုထုဇဉ်တစ်ဦး၏ သန္တာန်တွင် ၎င်းတို့၏အစွမ်းဖြင့် မတတ်နိုင်မည့်၊ ၎င်းတို့၌လည်း မရှိသည့် ပညတ်သစ်ကို ဌာပနာရန်ရှယ်၏။ ဘုရားသခင်သည် ငါတို့အား

ခရစ်တော်ဘုရား၏ ယုံကြည်သဒ္ဓါ အားသန်မှုမျိုးကို ပုံသကူပေးကမ်းနေ၏။ "ကောင်းကင်နိုင်ငံတော်သည် သင်တို့သန္တာန် တွင် ရှိသည်" ဟူသည့် တရားထူးကို တစ်ခါသာ ယုံကြည်သဒ္ဓါသည့်နောက်တွင် အရာခပ် သိမ်းသည် အသစ်ဖြစ်လာပါမည်။ ယုံကြည်သဒ္ဓါအား ကောင်းသူများ၏ နေ့တဓူဝ ရှင်သန် ပုံသည် ထိုတရားထူး၏ အသီးအပွင့်များတည်း။ ကောင်းချီးမင်္ဂလာသည် အတွင်းမှ မြစ်ဖျားခံကာ မည်သည့်မင်းဆိုး၊ မည်သည့်ရိုးရာ လောင်းရိပ်အောက်၌ နေစေကာမူ ၎င်း၏ပတ်ဝန်းကျင်ကို ကောင်းကျိုးပေးမည်ဖြစ်၏။ ပုထုဇဉ်များက ဘုရားသခင်သည် ပြင်ပတစ်နေရာမှ စတင်ပြုပြင်စီရင်ပြီးနောက်မှ သန္တာန်တွင် စီမံသည်ဟုမှတ်ကြ၏။ ဆိုးသွမ်းသူများကို အရင်ရိုက်ပြီးမှ ရွှေပြည်ကြီးကို တည်မည်ဟု မှတ်ကြ၏။ သို့သော် အပြင်မှအရင်စပြီး အတွင်းသို့ ဦးတည်ပြုပြင်စီရင်မှုတို့ကို သတ္တုချဆန်းစစ်ရသော် ကျရှုံးမြဲ ဖြစ်ကြောင်းတွေ့ရပြီး အစဉ်လည်းကျရှုံးမည်ဖြစ်၏။ ပြန်ဆိုပါမည်။ ယေရှုဘုရားမိန့်ခဲ့ သည်မှာ ပုထုဇဉ်များအတွက် ဖြစ်နိုင်စရာမရှိ။ သို့ပြား ဘုရားသခင်၏ မေတ္တာကျေးဇူး တော် အထောက်နှင့်ဆိုလျှင်ကား အရာအားလုံးဖြစ်နိုင်၏။

ငါဘာအပြစ်မျှမလုပ်ခဲ့ ခြောက်ပြစ်ကင်း၏ဟု ကိုယ့်ကိုယ်ကိုမှတ်သူရှိလျှင် ယေရှုဘုရားက မိမိကိုယ်ကို အပြစ်ရှိကြောင်းသိ၊ လက်ဝါးကားတိုင်မှ လုပ်ဆောင်ပေးသည်များကို လက်ခံမှသာ ခြောက်ပြစ်ကင်းမည်ဟု ဟောထား၏။

> "'မျက်စိအစား မျက်စိ၊ သွားအစား သွား' ဟု ပြောထားသည်ကို သင်တို့ကြားရ၏။ (၃၉) သို့သော် သင်တို့အား ငါဆိုမည်။ မကောင်းသောသူကို အတိုက်အခံမပြုကြနှင့်။ သင်၏ယာဘက်ပါးကိုရိုက်သောသူအား နောက်တစ်ဖက်ကိုလည်း လှည့်ပေး ဦးလော့။ (၄၀) သင့်ကိုတရားစွဲ၍ သင်၏အင်္ကျီကိုယူလိုသောသူအား ဝတ်ရုံကို လည်း ယူခွင့်ပေးလော့။ (၄၁) သင့်ကို ခရီးတစ်မိုင်အတင်းအကျပ် သွားစေသောသူ ရှိလျှင် ထိုသူနှင့်အတူ နှစ်မိုင်သွားလော့။ (၄၂) သင့်ထံတောင်းသောသူအား ပေး ကမ်းလော့။ သင့်ထံမှ

ချေးငှားလိုသောသူကိုလည်း မငြင်းပယ်နှင့်။ (၄၃) 'သင့်ဝန်း ကျင်၌ ရှိသောသူကိုချစ်၍ သင်၏ရန်သူကို မုန်းရမည်'ဟု ဆိုထားသည်ကို သင်တို့ ကြားရ၏။ (၄၄) သို့သော် သင်တို့အား ငါဆိုမည်။ သင်တို့၏ ရန်သူများကို ချစ်၍ သင်တို့ကိုညှဉ်းဆဲသောသူတို့အတွက် ဆုတောင်းပေးကြလော့။ (၄၅) သို့မှသာ သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဖ၏ သားများဖြစ်ကြလိမ့်မည်။ အကြောင်းမူကား ကိုယ်တော်သည် မကောင်းသောသူများနှင့် ကောင်းသော သူများအပေါ် မိမိ၏နေကို ထွက်စေတော်မူ၍ ဖြောင့်မတ်သောသူများနှင့် မဖြောင့် မတ်သောသူများအပေါ် မိုးရွာစေတော်မူ၏။ (၄၆) သင်တို့သည် သင်တို့ကိုချစ် သောသူတို့အားချစ်လျှင် သင်တို့၌ မည်သည့်အကျိုးကျေးဇူးရှိသနည်း။ အခွန် ကောက်ခံသူတို့ပင်လျှင် ထိုနည်းတူပြုကြသည်မဟုတ်လော။ (၄၇) ထို့ပြင် သင်တို့ သည် သင်တို့၏ညီအစ်ကိုများကိုသာ နှုတ်ဆက်လျှင် မည်သည့်သာလွန်ထူးခြားမှု ကို ပြုကြသနည်း။ သာသနာပလူမျိုးခြားတို့ပင်လျှင် ထိုသို့ပြုကြသည်မဟုတ် လော။ (၄၈) သို့ဖြစ်၍ ကောင်းကင်ဘုံရှင်သင်တို့အဖသည် စုံလင်တော်မူသည့် နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြရမည်။" - ရှင်မဿဲခရစ်ဝင် ၅:၃၈-၄၈

တစ်စုံတစ်ဦးက သင့်အား အကြောင်းမရှိဘဲ ရိုက်ဖူးပါသလော။ ယေရှုဘုရားက အခြား ပါးတစ်ဖက်ကို လှည့်ပေးရန် မိန့်ခဲ့၏။ ဤကျမ်းပိုဒ်လာ နီတိများသည် ပညတ်ပုထုဇဉ် များအတွက် ခဲရင်းသည်များဖြစ်၏။ မည်သို့ဆိုစေ ထိုထိုများတို့သည် ၎င်း၏နိုင်ငံတော် အခြေခံသဘောတရားများဖြစ်ကြောင်း ငါတို့အား မိန့်ခြင်းဖြစ်၏။ ရန်သူကို မေတ္တာရှိရ မည်မှာ မည်သို့ဖြစ်နိုင်မည်နည်း။ သင့်ကို သတ်မည့်သူများကော။ ယေရှုဘုရားက ၎င်းတို့ ကိုချစ်ရန် တိုက်တွန်းရကောင်းသလော။ ဘာ့အတွက်ကြောင်း ဤသို့မိန့်ရသနည်း။

"သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဖ၏သားများ ဖြစ်ကြလိမ့်မည်။"

သင် ဆင်ခြင်သုံးသပ်နိုင်ပါ၏လော။ သင်သည် ခရစ္စီယာန်မီအားသန်ကာ ရန်သူများကိုပင် မုဒိတာပွားနိုင်လျှင် သင်သည် ကောင်းကင်ဗိုလ်ခြေအရှင်

ဘုရားသခင်၏သားဖြစ်ကြောင်း ပြခြင်းဖြစ်၏။ အနှီသည် ဘာကိုဆိုလိုသနည်း။ ခမည်းတော်သည် မည်သို့သောပုဂ္ဂိုလ် ဖြစ်ကြောင်းပြခြင်းကို ဆိုလို၏။ ၎င်းက သူယုတ်သူမြတ်မခွဲဘဲ နေထွက်စေသည် မှန်လျှင် ၎င်း၏သားများဖြစ်သည့် ငါတို့လည်း သူယုတ်သူမြတ်များကို တန်းတူချစ်နိုင်ရပါမည်။ အကြောင်းကား ငါတို့၏ ကောင်းကင်ဘုံရှိခမည်းတော်သည် ထိုသို့ဖြစ်သောကြောင့် တည်း။ အထက်ကျမ်းပိုဒ်၌တွေ့ရသည့် တရားသည် ဤကမ္ဘာတွင်ဟောခဲ့သည့် တရား ပေါင်းအသချေ်ထဲမှ အထူးဆုံးတရားဖြစ်၏။ အကြောင်းမှာ စကြဝဠာတွင် အလွန်ဆန်း ကြယ်သည့် ကောင်းကင်ဘုံရှိ ငါတို့၏ခမည်းတော် ပုဂ္ဂိုလ်ထူးကြီးရှိကြောင်း တရားပြ သောကြောင့်ဖြစ်၏။ နိစ္စထာဝရဘုရားသခင်၏ သားတော်က ထိုပုဂ္ဂိုလ်သည် မည်သို့ သော ပုဂ္ဂိုလ်မျိုးဖြစ်ကြောင်း တိတိပပသိတော်မူ၏။ စကြဝဠာတစ်ခုလုံး၌ ခမည်းတော် အကြောင်း ထပ်၍သိသူမရှိ။ အနှီဩဝါဒ၌ ခမည်းတော်၏သိက္ခာတော်များကို ဖော်ပြ ကြောင်း ငါတို့မြင်ရ၏။

အနှီဓမ္မစစ်ကို ရှင်မဿဲအခန်းကြီး (၅) နောက်ဆုံးကျမ်းချက်က နိဂုံးပြုတံဆိပ်ခတ်၏။

> "သို့ဖြစ်၍ ကောင်းကင်ဘုံရှင်သင်တို့အဖသည် စုံလင်တော်မူသည့်နည်းတူ သင်တို့ သည်လည်း စုံလင်ခြင်းရှိကြရမည်။" - ရှင်မဿဲခရစ်ဝင် ၅:၄၈

အနှီဝစနံက ယေရှုဘုရားဟောခဲ့သည့် ဩဝါဒများသည် ၎င်း၏မေတ္တာကိုပြကြောင်း သက် သေထူ၏။ ထိုတရားများက ခမည်းတော်သည် အမှုများကို မည်သို့စီရင်ကြောင်းကို ပြ၏။ ရှင်မဿဲဆိုခဲ့သည့် "စုံလင်ခြင်း" ဟူသည့်ဝေါဟာရကို ရှင်လုကာက အောက်ပါအတိုင်း ချုပ်ပြ၏။

> "သင်တို့၏အဖသည် ကရုဏာနှင့် ပြည့်စုံတော်မူသည့်နည်းတူ သင်တို့သည်လည်း ကရုဏာနှင့်ပြည့်စုံကြလော့။" - ရှင်လုကာခရစ်ဝင် ၆:၃၆

ဆိုရလျှင် စုံလင်ခြင်းသည် သနားခြင်း၌ ရှာတွေ့နိုင်၏။ ငါတို့မေးရမည်မှာ - အကယ်စင်စစ် ဘုရားသခင်သည် ၎င်း၏ရန်သူများကိုချစ်ပြီး ၎င်းကိုမုန်းသူများအတွက် ၎င်း၏အသက်ကို လှူလိုကြောင်း သားတော်အားဖြင့် ပြခဲ့သည်မှန်လျှင် ဘာ့ကြောင့် သမ္မာကျမ်းစာတော် မြတ်၌ ဖြောင့်မတ်သူများအကျိုးငှာ ဆိုးသွမ်းသူများ နာကျင်စွာအော်ကြရင်း သေကြသည် ကိုရှုရန် ၎င်းတို့အပေါ် ကန့်နှင့်မီးမိုးရွာစေရသနည်း။

ငါတို့အနုလုံပဋိလုံစိပ်ရမည်မှာ ဓမ္မဟောင်းကျမ်း၌ ဘုရားသခင်သည် ၎င်း၏ရန်သူများကို ချစ်လိုကြောင်း သို့သော် ၎င်း၏လုပ်ကြံဒေါသများဖြင့် ကမ္ဘာမြေပြင်မှ သုတ်သင်ခဲ့ဟန်ရှိ သည့် ဖြစ်စဉ်များ ဖြစ်၏။ အချို့ကလည်း ထိုထိုအကြောင်းများသည် ငါတို့ကို ဘုရားသခင် အား အကဲမစမ်းရန်ပြကြောင်း၊ ဘုရား၌လည်း အကန့်အသတ်ရှိကာ ထိုစည်းကို ငါတို့ ကျော်မိလျှင် ငါတို့ပေးဆပ်ရမည်ဟု အကြံပြုသူအချို့ရှိ၏။ ရှင်မဿဲအခန်းကြီး (၅) ၌ တွေ့ရသည့် တောင်ပေါ်ဒေသနာဟု ငါတို့တံဆိပ်ကပ်သည့် ဆုံးမသြဝါဒတွင်လာသည့် ခမည်းတော်၏သိက္ခာပုဒ်များနှင့် ဓမ္မဟောင်းတစ်ကျမ်းလုံးရှိ ဖြစ်စဉ်များကို ငါတို့ မည်သို့ ညှိယူကြမည်နည်း ဟူသည့်အကြောင်းမှာ ဤစာအုပ်၏ ပဓာနရည်သန်မှုဖြစ်၏။ ပုထုဇဉ် အများစုက ယေရှုဘုရား၏ ဒေသနာတရားနှင့် ဓမ္မဟောင်းကျမ်းလာ ဘုရားသခင်အကြား ချောက်ကြီးခြားသည်ဟု မှတ်ကြ၏။ သို့တိုင်လည်း အံ့ဖွယ်ကောင်းသည်မှာ ရှင်မောရှေမှ သင်၏အိမ်နီးချင်းများကို မေတ္တာထား၊ သင့်အပေါ် မကောင်းပြုသူများကို ဒေါသမချည်ရန် ဝတ်ပြုရာကျမ်း၌ မော်ကွန်းရေးခဲ့ခြင်းဖြစ်၏။

အနီးအဆက်ပြတ်မှုသည် လွန်ခဲ့သည့် နှစ်ပေါင်း (၂,၀၀၀) က ယေရှုဘုရား၏ ဟောကြားမှုကို ကြားခဲ့ကြသူများ၌လည်း ဖြစ်ခဲ့၏။ ယုံကြည့်သူများအတွက်ကား ယေရှုဘုရားမိန့်ခဲ့သည့် နိုင်ငံတော်သည် ဘုရားသခင်၏ သိက္ခာတော်ကို ပြခြင်းဖြစ်ကြောင်း၊ အာယုပါလ

တရား ဖြစ်သည်ဟု ယူကြပြီး ၎င်းတို့၏ အတ္တဘောကိလေသာများကို မစွန့်နိုင်သူများက ယေရှုဘုရားသည် ဘုရားသခင်၏ သိက္ခာတော်အကြောင်း၊ နိုင်ငံတော်အကြောင်း ပကတိ အတိုင်း သတ္တုချမပြနိုင်ဟု ယနခံကာ အမှန်မမြင်နိုင်ဘဲ ယေရှုဘုရားကို သူတော်ယောင် ပမာ မြင်ကြ၏။ ၎င်းတို့သည် ယေရှုချပြသည့်ဘုရားကို မမြင်နိုင်ကြပါ။ ထို့ကြောင့် ၎င်းတို့က ယေရှုဘုရားအား ၎င်းတို့ ကိုးကွယ်ရှိခိုးကြသည့် ဘုရား၏သားတော်ဟု မမြင်နိုင် ကြ။ အကယ်တန္တု ယေရှုဘုရားမိန့်ခဲ့သည်မှာ သစ္စာစကားမှန်လျှင် ၎င်းတို့သည် မှန်သော ဘုရားကို ဘယ်အခါမျှမသိခဲ့ကြ (သို့) ၎င်းတို့၏ဘုရားသည် အချိုးပြောင်းပြီဖြစ်မည်။

ဘုရားသခင်သည် ၎င်းမိန့်သည့်စကားအတိုင်း သစ္စာတည်သလော။ ။

> "ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်းမရှိ။ ထို့ကြောင့်၊ ယာကုပ်အမျိုး သားတို့၊ သင်တို့သည် ဆုံးရှုံးခြင်းသို့ မရောက်ကြ။" - မာလခိ ၃:၆

ခရစ်ဝင်ကျမ်းလာဘုရားသည် ရှင်မောရှေ၊ အာဗြဟံ၊ နောတို့၏ ဘုရားလော။ ခရစ်တော် ဘုရားသည် မနေ့၊ ယနေ့၊ ထာဝစဉ်မြဲသလော - ဟေဗြဲ ၁၃:၈။ ထိုထိုအမေးများသည် သစ္စာစကားကိုတောင်းဆိုသည့် အမေးမျိုး ... ။ လက်ရှိတွင် ငါတို့သည် တောင်ပေါ်၌ ယေရှုဒေသနာခဲ့သည့် ခမည်းတော်အကြောင်းကိုမှီကာ ဝမ်းမြောက်ကြပြီး ခရစ်တော်နှင့်ဆို လျှင် ငါတို့၏မိတ်ဆွေများမကဘဲ ရန်သူများကိုပင်ချစ်နိုင်မည်ဟု မှတ်ပါလေ။

## ၆။ အထက်ကောင်းကင်မှကျသည့်မိုး

တပည့်တော်များ ယေရှုဘုရားနှင့် တွဲသွားတွဲလာကြသည့်အခါ ၎င်း၏အဆိုအမိန့် အပြု အမူများအပေါ် အံ့သြကြကုန်၏။ တောင်ပေါ်တွင် မိန့်ခဲ့သည့် နိုင်ငံတော် ဘုန်းရောင်ဝါ ညွှဲ့သည်သည် ၎င်းတို့၏အမျှော်ဖုံးသည့် အိမ်ရှင်သန္တာန်ကို ထုပ်စည်းတိုးသည့်ပမာ တိုး နေ၏။ ဤလောကီဘုံ၌ ကျော်ဇောလိုသည့် တပည့်တော်တို့၏ အိမ်ရှင်သန္တာန်က ကောင်း ကင်ဘုံတွင် စံစားရမည့်အခွင့်အရေးကို မမြင်နိုင်ဖြစ်ကာ ညွှဲ့သည်ကို အတိုးမခံ တားဆီး ကြ၏။ အနှီအဖြစ်က စကားလမ်းကြောင်းပြောင်းစေ၏။ ။

> "ထို့နောက် တပည့်တော်တို့သည် မိမိတို့တွင် မည်သူသည် အကြီးမြတ်ဆုံးဖြစ် သနည်းဟု အချင်းချင်းငြင်းခုံကြ၏။" - ရှင်လုကာခရစ်ဝင် ၉:၄၆

၎င်းတို့၏အာရုံသည် ဘာ့ကြောင့် ပုဂ္ဂိုလ်ကြီးဝါဒကို အာရုံထားကြသနည်း။ ယေရှုဘုရားပြ သည့် ဘုရားသခင်၏ ဣဒ္ဓိပါဒ်တို့ကို တပည့်တော်များ မြင်ကြသည့်အခါ အံ့သြကြငြား ကားတိုင်ကို မထမ်းလိုကြ။ ကားတိုင်သည် ၎င်းတို့၏အိပ်မက်ကို ချေဖျက်နိုင်မည်ဖြစ်၍ ၎င်းတို့က ကားတိုင်၏သဘောသဘာဝကို မမေးကြတော့။

> "ထိုအခါ လူအပေါင်းတို့သည် ဘုရားသခင်၏ ကြီးမြတ်သောတန်ခိုးတော်ကို အံ့သြ ချီးမွမ်းကြ၏။ (၄၄) ကိုယ်တော်ပြုတော်မူသောအရာအားလုံးကို လူအပေါင်းတို့ အံ့သြနေကြစဉ် ကိုယ်တော်သည် တပည့်တော်တို့အား 'ဤစကားများကို သင်တို့ နားထဲ၌ စွဲမြဲစေကြလော့။ လူ့သားသည် လူတို့၏လက်သို့ အပ်နှံခြင်းခံရတော့မည်' ဟု မိန့်တော်မူ၏။ (၄၅) သို့သော် ထိုစကားကို တပည့်တော်တို့နားမလည်စေရန် ဖုံး ကွယ်ထားသဖြင့် သူတို့သည် နားမလည်ကြချေ။ ထိုစကားနှင့်ပတ်သက်၍ ကိုယ် တော်အားမေးရန်လည်း သူတို့ကြောက်ကြ၏။" - ရှင်လုကာခရစ်ဝင် ၉:၄၃-၄၅

ယေရှုဘုရားကလည်း ၎င်းတို့၏ဂုဏ်ဆာမှုကို ဉာဏ်ကိုပေါက်ပြီး သူငယ်တစ်ဦးကိုချီကာ အောက်ပါအတိုင်းမိန့်၏။ ။

> "'ဤသူငယ်တစ်ဦးကို ငါ၏နာမ၌ လက်ခံသောသူသည် ငါ့ကိုလက်ခံ၏။ ငါ့ကို လက်ခံသောသူသည် ငါ့ကိုစေလွှတ်တော်မူသောအရှင်ကိုလက်ခံ၏။ အကြောင်းမူကား သင်တို့အားလုံးတွင် အငယ်ဆုံးသောသူသည် ကြီးမြတ်သောသူဖြစ်၏' ဟု မိန့်တော်မူ၏။" - ရှင်လုကာခရစ်ဝင် ၉:၄၈

အပြစ်မဲ့သည့်သူငယ်၌ လူမျိုးကြီးဝါဒမစွဲ။ ၎င်း၏ အဖြူထည်သန္တာန်က ခရစ်တော်၏ နွေးထွေးမှုအရိုးခံဖြင့် တုံ့ပြန်၏။ ရိုးစင်းခြင်း၊ လမ်းလိုက်ခြင်း၊ ဘုရားသခင်၏မေတ္တာတော်ကို ကိုးစားခြင်းတို့သည် ၎င်း၏နိုင်ငံတော်၌ ကြီးမြတ်ခြင်းတရားဖြစ်၏။ တပည့်တော်တို့၏ ရိုးစင်းမှုကို အတ္တဘောများ၊ စုတ်များက အမြစ်နုတ်ခဲ့ကြ၏။ သို့သော် ယေရှုဘုရားက ၎င်းတို့ကို ဘဝနှင့်ရင်းသည့်ပညာနှင့် သူငယ်တို့၏ ဖြူစင်မှုမျိုးပေးရန် ကြွခဲ့၏။

၎င်းတို့ကလည်း ယေရှုဘုရားနှင့်တွဲလာကြသည့်အခါ ၎င်းကိုချစ်တတ်လာကြပြီ။ ၎င်း၏ မုဒိတာများကို နေ့စဉ်တွေ့ကြပြီး ခမည်းတော်သည် ပုထုဇဉ်များအပေါ် မုဒိတာရှိကြောင်း ကို ကြားကြ၏။ တစ်နေ့တွင် ယေရှုက ၎င်းတို့ကို ညအိပ်ညနေပြုရန် ရှမာရိရွာသို့ အခန်း အရှာလွှတ်၏။

> "ကိုယ်တော်သည် ကောင်းကင်ဘုံသို့ဆောင်ယူခြင်းခံတော်မူမည့်နေ့ရက် နီးကပ်လာသောအခါ ဂျေရုဆလင်မြို့သို့ကြွရန် ရှေးရှုလျက် စေတမန်တို့ကို မိမိရှေ့မှ စေလွှတ်တော်မူ၏။ (၅၂) သူတို့သည်သွား၍ ကိုယ်တော်အတွက် ပြင်ဆင်ထားရန် ရှမာရိနယ်သားတို့၏ရွာတစ်ရွာသို့ဝင်ကြ၏။ (၅၃) သို့သော် ကိုယ်တော်သည် ဂျေရုဆလင်မြို့သို့ဦးတည်လျက် ခရီးသွားနေသည်ဖြစ်သောကြောင့် ထိုရွာသားတို့ သည် ကိုယ်တော်ကိုလက်မခံကြ။" - ရှင်လုကာခရစ်ဝင် ၉:၅၁-၅၃

ရှမာရိများက ၎င်းတို့၏သခင်အပေါ် မပျူငှာသည့်အခါ အမျက်ထွက်ကြ၏။ ၎င်းတို့၏ ဒေါသများ ငယ်ထိပ်ရောက်စဉ်တွင် ပုထုဇဉ်တို့၏ဓာတ်သွေးကို ပြခဲ့၏။ ။

> “တပည့်တော်ယာကုပ်နှင့်ယောဟန်တို့သည် ထိုအဖြစ်ကိုမြင်လျှင် ‘သခင်ဘုရား၊ အကျွန်ုပ်တို့သည် မိုးကောင်းကင်မှ မီးကျလာစေ၍ သူတို့ကို လောင်ကျွမ်းစေရန် ကိုယ်တော်အလိုရှိပါသလော’ ဟု မေးလျှောက်ကြ၏။” - ရှင်လုကာခရစ်ဝင် ၉:၅၄

ရှမာရိများကို မီးဆွဲစေလိုသည့် ၎င်းတို့၏စိတ်သည် ကျမ်းဂန်အရ တရားဟန် ရှိပေမည်။ တပည့်တော်တို့က ဧလိယသည် ၎င်းကို တိုက်ခိုက်မည့်သူများအပေါ် ကောင်းကင်မှ မီးကျ စွဲလောင်စေရန် လျှောက်ခဲ့သည့်အဖြစ်ကို မြေခံကတုတ်ယူကြ၏။ ဂါရဝတရား မရှိကြ သည့် ရှမာရိများအပေါ် အညမညတရားသည် တရား၏ဟု ၎င်းတို့က မှတ်ကြ၏။ ယေရှု ဘုရား ပေးခဲ့သည့်အဖြေက ၎င်းတို့ကို အာစေးမိစေ၏။

> “ယေရှုသည် လှည့်ကြည့်၍၊ သင်တို့သည် ကိုယ်စိတ်သဘောကို ကိုယ်မသိကြ၊ လူသားသည်လူတို့၏ အသက်ကို သတ်အံ့သောငှာ ကြွလာသည်မဟုတ်။ ကယ် တင်အံ့သောငှာ ကြွလာသည်ဟု **ဆုံးမ**တော်မူပြီးမှ၊ (၅၆) အခြားသောရွာသို့ ကြွ တော်မူ၏။” - ရှင်လုကာခရစ်ဝင် ၉:၅၅၊ ၅၆

ထိုအဖြေသည် ယေရှုဘုရားလုပ်ငန်းစဉ်၏ အနှစ်ကြောကို ဖော်ကြူး၏။ ယေရှုသည် ဖျက်ဆီး သူမဟုတ်၊ ကယ်တင်သူဖြစ်၏။ ဤ၌ ခရစ်တော်က တပည့်တော်များသာ မဟုတ်ဘဲ ဧလိယ၏အပြုအမူကိုလည်း ဆုံးမ၏။

> “လူငါးကျိပ်အုပ်သော တပ်မှူးကိုစေလွှတ်၍၊ တပ်မှူးသည် တောင်ပေါ်မှာထိုင် သော ဧလိယထံသို့ရောက်ပြီးလျှင်၊ အိုဘုရားသခင်၏လူ၊ သင်သည် ဆင်းရမည် အကြောင်း၊ ရှင်ဘုရင်အမိန့်တော်ရှိသည်ဟုဆို၏။ (၁၀) ဧလိယကလည်း၊ ငါသည် ဘုရားသခင်၏လူမှန်လျှင်၊ ကောင်းကင်ကမီးကျ၍ သင်နှင့်သင်၏လူ ငါးကျိပ်တို့ ကို လောင်ပါစေဟု လူငါးကျိပ်အုပ်သော တပ်မှူးအားဆိုသည်အတိုင်း၊

ကောင်း ကင်ကမီးကျ၍ သူနှင့်သူ၌ပါသော လူငါးကျိပ်တို့ကို လောင်လေ၏။" - ဓမ္မရာဇဝင် စတုတ္ထစောင် ၁:၉၊ ၁၀

ဤဖြစ်စဉ်ကို လျှပ်ပြေးသဘောသာဖတ်လျှင် ယေရှုသည် လူသားများကို ကယ်တင်ရန် ကြွခဲ့ပြီး ဓမ္မဟောင်းကျမ်းလာ ဘုရားသခင်သည် ၎င်း၏အသုံးတော်ခံ ပရောဖက်ကို ဖမ်းဆီးနှိပ်ကွပ်လိုသူများကို အရှင်လတ်လတ် မီးသင်္ဂြိုဟ်ပို့လိုဟန်ရှိ၏။ ယေရှုက ရှမာရိများကို မီးသင်္ဂြိုဟ်ပို့လိုသည့် တပည့်တော်များကိုသာ အပြစ်တင်ခြင်းလော (သို့) ဧလိယလည်းပါသလော။ တပည့်တော်များအပေါ်ပေးခဲ့သည့် ၎င်း၏လုပ်ငန်းနှင့် စပ်လျဉ်းသည့် ၎င်း၏အဖြေသည် ဧလိယကိုလည်း အပြစ်တင်ကြောင်းကိုပြ၏။ ၎င်း၏လုပ်ငန်းသည် ကယ်တင်ခြင်းလုပ်ငန်းစဉ်ဖြစ်လျက်နှင့် ခါတစ်ရံ၌ ပုထုဇဉ်များကို ဖျက်ဆီးလျှင် ယေရှုသည် ၎င်း၏တပည့်တော်များကို မည်သို့ဆုံးမနိုင်တော့မည်နည်း။ ဤသဘောသည် ဓမ္မစစ်ဖြစ်လျှင် ယေရှုက ယခုသည်အချိန်မကျသေး၊ ၎င်းတို့အတွက် ဦးစွာဆက်၍ ဆုတောင်းပေးကြအံ့ဟု ဆိုချိမ့်မည်။ ယေရှုသည် ပြစ်ဒဏ်ဆိုင်းငံ့ကြောင်း စကားမဟာခဲ့ပါ။ ယေရှုသည် ဖျက်ဆီးမည့်အစား ကယ်တင်ရန်သာ စကားဆို၏။

King James Version ကျမ်းရှိ ယေရှု၏မိန့်ကြားမှုများသည် ခေတ်သစ်ကျမ်းများအတွက် မရှိသောကြောင့် ရှက်ဖွယ်ဖြစ်၏။ အကြောင်းမှာ ထိုစကားများ ခေတ်သစ်ကျမ်းများတွင် မပါပါ။

"ယေရှုဘုရားသည် ၎င်းတို့ထံလှည့်ကာ ဆုံးမတော်မူ၏။ (၅၆) ထို့နောက် ၎င်းနှင့် ၎င်း၏ တပည့်တော်တို့သည် အခြားရွာသို့ ကြွတော်မူ၏။" - ရှင်လုကာ ၉:၅၅၊ ၅၆ (NIV)

"သူသည် ၎င်းတို့ထံလှည့်ကာ ဆုံးမတော်မူ၏။ (၅၆) ၎င်းတို့လည်း အခြားရွာသို့ ကြွတော်မူ၏။" - ရှင်လုကာ ၉:၅၅၊ ၅၆ (RV)

မူကွဲကျမ်းများစွာက ဤသို့ထိန်ချန်ခြင်းကြောင့် ဘုရားသခင်၏သိက္ခာတော်အကြောင်းကို ကြီးစွာအမှတ်မှားစေ၏။ ဤ၌ မေးရမည့်မေးခွန်းကြီးကား ၎င်းတို့ကို မည်သူက ကောင်း ကင်မှ မီးချလောင်စွဲစေသည့်အကြောင်း ဖြစ်၏။ ဧလိယသည် ကရမေလတောင်ပေါ်၌ ကြီးမားစွာအောင်မြင်အပြီး ဘုရားသခင်သည် ၎င်းကို မည်သို့ဆက်ဆံခဲ့သည်ကို သတိကပ်ရန် ဧလိယ၏အကြောင်း ငါတို့ရှုရန်လို၏။

"နှုတ်ကပတ်တော်ကလည်း ထွက်လော့။ **ထာဝရဘုရား**ရှေ့ တောင်ပေါ်မှာ ရပ်နေလော့။ **ထာဝရဘုရား** ရှောက်သွားမည်ဟုမိန့်တော်မူ၏။ ထိုအခါ အားကြီး သောလေပြင်းသည် တောင်ထိပ်တို့ကိုခွဲ၍၊ **ထာဝရဘုရား**ရှေ့တော်၌ ကျောက် တို့ကိုချိုးဖဲ့၏။ သို့ရာတွင်**ထာဝရဘုရား**သည် လေ၌ရှိတော်မမူ။ လေနောက်မှာ မြေလှုပ်ခြင်းရှိ၏။ သို့ရာတွင် **ထာဝရဘုရား**သည် မြေလှုပ်ရှားခြင်း၌လည်း ရှိ တော်မမူ။ (၁၂) မြေလှုပ်ခြင်းနောက်မှာ မီးရှိ၏။ သို့ရာတွင် **ထာဝရဘုရား**သည် မီး၌လည်းရှိတော်မမူ၊ မီးနောက်မှာ ဖြည်းညှင်းသော အသံရှိ၏။" - ဓမ္မရာဇဝင် တတိယစောင် ၁၉:၁၁၊ ၁၂

ဘုရားသခင်သည် ဧလိယထံ ဘာပြလိုသနည်း။ အခြားကျမ်းများ၌လာသည့် နိယာမများ ပင်ဖြစ်၏။ ။

"ကောင်းကင်တမန်ကလည်း၊ ဇေရုဗဗေလသို့ ရောက်လာသော **ထာဝရဘုရား** ၏ နှုတ်ကပတ်တော်ဟူမူကား၊ ဤအမှုသည် ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာ တန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့် ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင်**ထာဝရဘုရား** မိန့်တော်မူ၏။" - ဇာခရိ အနာဂတ္တိကျမ်း ၄:၆

ဘုရားသခင်က ၎င်း၏နိုင်ငံတည်ထောင်ရန် အကြမ်းမဖက်ကြောင်း၊ တိုးညှင်းသောအသံဖြင့် ပုထုဇဉ်တို့၏သန္တာန်ကို အလင်းပြကြောင်း ဧလိယထံပြ၏။ အနှီသည် ဧလိယအား

လိုက်ဖမ်းကြသည့် (၁၀၂) ဦးကို မီးချသတ်ပစ်ခြင်းနှင့် ဘုရားသခင်သည် မီးထဲ၌မရှိသည့် အကြောင်း မိန့်ခြင်းအကြား လားလားကွာခြား၏။ လူအယောက် (၅၀) နှင့် ခေါင်းဆောင်နှစ်ဖွဲ့ဖြစ်သည်ကြောင့် အယောက် (၁၀၂) ဖြစ်ပြီး မီး (၂ ကြိမ်) ကျခဲ့၏။ ယဇ်ပလ္လင်ပေါ်သို့ မီးချခဲ့သူမှာ ဘုရားသခင်ဖြစ်သည်မှန်၏။ သို့ပြား အန္တိမီးသည် ၎င်းတို့ကို ဖျက်ဆီးရန် မဟုတ် ကယ်ရန်ဖြစ်၏။ ဧလိယက ၎င်းနောက်ကို လိုက်သည့်သူများကို မီးချလောင်ကျွမ်း စေရန် လျှောက်သည့်အခါ ဘုရားသခင်သည် ထိုသို့မပြုလိုကြောင်း ၎င်းအပေါ် ပြခဲ့ပြီးဖြစ် ၏။ လူ (၅၀) ၏ တတိယတပ်မှူး၏ ခယဝပ်တွားမှုသည် ဘုရားသခင်နှစ်သက်မှုမျိုး မဟုတ်။

> "တစ်ဖန်လူငါးကျိပ်အုပ်သော တတိယတပ်မှူးကို ရှင်ဘုရင်စေလွှတ်သဖြင့်၊ ထိုတပ်မှူးသည်တက်၍ ဧလိယရှေ့မှာဒူးထောက်လျက်၊ အိုဘုရားသခင်၏လူ၊ ကျွန်တော်အသက်နှင့် ကိုယ်တော်ကျွန် ဤလူငါးကျိပ်တို့၏ အသက်ကို နှမြောတော်မူပါ။" - ဓမ္မရာဇဝင်စတုတ္ထစောင် ၁:၁၃

အန္တိတတိယတပ်မှူးက ဧလိယ၏ဘုရားသခင်အားချစ်၍၊ ရှိခိုးလို၍ ရိုသေစွာ ဒူးထောက်ခြင်းလော။ လုံးဝမဟုတ်။ သေရမည်ကို ကြောက်၍သာဖြစ်၏။ အသက်ငဲ့ပြာပေးရန် လျှောက်ခြင်းဖြစ်၏။ ဤသဘောမျိုး အရင်းခံသည့်ရှိခိုးမှုသည် ဘုရားလက်ခံနိုင်သည့် အမျိုးအစားဖြစ်လျှင် ယေရှုဘုရားလည်း ဖာရိရှဲအချို့ ရောမအမျိုးသားအချို့ရှေ့၌ ပြာဋ္ဌိဟာ ပြကာ မီးချပြလျှင် ၎င်းတို့သည် ချက်ခြင်းပင် ၎င်းကို ရှိခိုးကြမည်ဖြစ်၏ - ကြည်ညိုခြင်းဖြင့်မဟုတ် အကြောက်တရားဖြင့်။ ထို့ကြောင့်ပင် ထိုလူစုကို မီးဖြင့်ဝါးမျိုသည်မှာ ဘုရားမဟုတ်။ သို့ဆိုလျှင် ထိုဖြစ်စဉ်ကို မည်သို့မှတ်ရပါ့။

> "လူငါးကျိပ်အုပ်သော တပ်မှူးကိုစေလွှတ်၍၊ တပ်မှူးသည် တောင်ပေါ်မှာထိုင်သော ဧလိယထံသို့ ရောက်ပြီးလျှင်၊ အိုဘုရားသခင်၏လူ၊ သင်သည် ဆင်းရမည်အကြောင်း၊ ရှင်ဘုရင်အမိန့်တော်ရှိသည် ဟုဆို၏။ (၁၀) ဧလိယကလည်း၊ ငါသည် ဘုရားသခင်၏လူမှန်လျှင်၊ ကောင်းကင်က မီးကျ၍ သင်နှင့်သင်၏လူ

ငါးကျိပ် တို့ကို လောင်ပါစေဟု လူငါးကျိပ်အုပ်သော တပ်မှူးအားဆိုသည်အတိုင်း၊ ကောင်း ကင်ကမီးကျ၍ သူနှင့်သူ၌ ပါသောလူငါးကျိပ်တို့ကို လောင်လေ၏။" - ဓမ္မရာဇဝင် စတုတ္ထစောင် ၁:၉၊ ၁၀

တပ်မှူးနှင့်၎င်း၏တပ်သားများသည် ဧကြုန်မြို့၏ဘုရား ဗာလဇေဗုပ်ထံသွား၍ မေး မြန်းရန် ဣသရေလဘုရင်၏ စေလွှတ်ခြင်းခံရသူများ ဖြစ်ကြ၏။ ဧကြုန်မြို့၏ ဘုရားသည် မာရ်နတ်ပဲ့ကိုင်သည့် ဘုရားများဖြစ်၏။ အနှီဘုရားကိုဖူးခြင်းသည် မာရ် နတ်၏စီရင်မှုအောက်သို့ မိမိကိုယ်ကို ထိုးအပ်ခြင်းဖြစ်၏။

"အကြင်သူ၏အထံ၌ အစေခံကျွန်ဖြစ်ခြင်းငှာ သင်တို့ဝင်၍ အစေခံ၏၊ ထိုသူသည် သေခြင်းနှင့်ယှဉ်သော အပြစ်တရားဖြစ်စေ၊ ဖြောင့်မတ်ရာသို့ ရောက်ခြင်းနှင့်ယှဉ်သော နားထောင်ခြင်း တရားဖြစ်စေ၊ သင်တို့၏သခင်ဖြစ်သည်ကို မသိကြသလော။" - ရောမဩဝါဒစာ ၆:၁၆

ထိုလူစုတို့သည် ဘုရင်ကို ကိုယ်စားပြုပြီး မာရ်နတ်စီရင်မှုအောက် ထိုးအပ်ကြ၏။ တပ်မှူးသည် ဧလိယအား ဘုရားသခင်၏လူဟု အမှတ်သညာပြုဆဲဖြစ်၏။ ဣသရေလ တစ်မျိုးသားလုံးသည် ကရမေလတောင်ပေါ်၌ ဘုရားသခင်သည် ဧလိယနှင့်အတူ ရပ်တည်ကြောင်းကို တွေ့ခဲ့ကြ၏။ ထိုခေါင်းဆောင်သည် ဧလိယအား ဘုရား၏လူဟုမှတ်လျှင် ဧလိယသည် ဘာ့ကြောင့် နိမိတ်တောင်းရသနည်း။ ဤအကြောင်း ထိုစာပိုဒ်၏ အနောက်ပိုင်းတွင် တွေ့နိုင်၏။ ။

"ထာဝရဘုရား၏ ကောင်းကင်တမန်ကလည်း၊ သူနှင့်အတူ ဆင်းသွားလော့။ **သူ့ကိုမကြောက်နှင့်**ဟု ဧလိယအားဆိုသည်အတိုင်း၊ ဧလိယသည် ထ၍ ရှင်ဘုရင်ထံသို့သွား၏။" - ဓမ္မရာဇဝင်စတုတ္ထစောင် ၁:၁၅

လေဝိယသည် မကြောက်ရန် အမှာခံရပြီးဖြစ်၏။ လေဝိယသည် ဘာ့ကြောင့် ကြောက်ရသနည်း။ အရင်းစစ်သော် ကရမေလတောင်ပေါ်၌ ဖြစ်ခဲ့သည့်ဖြစ်စဉ်မှ မြစ်ဖျားခံ၏။

> "လေဝိယကလည်း၊ ဗာလ၏ပရောဖက်တို့ကို ဖမ်းဆီးကြလော့။ တစ်ယောက်ကိုမျှ မလွတ်စေနှင့်ဟုစီရင်သည်အတိုင်း၊ သူတို့ကို ဖမ်းဆီး၍ လေဝိယသည် ကိရှုန်ချောင်း သို့ ယူသွားပြီးလျှင် ကွပ်မျက်လေ၏။" - ဓမ္မရာဇဝင်တတိယစောင် ၁၈:၄၀

ဗာလဘုရား၏ ပရောဖက်များကို မသုတ်သင်မီတွင် လေဝိယသည် ဘုရင့်ရှေ့ ၎င်း၏လူမျိုး များရှေ့တွင် ရဲဝံ့စွာ တစ်ထီးတည်းရပ်ခဲ့၏။ ထိုမတိုင်မီတွင် လေဝိယသည် ဘုရင့်ထံသွားပြီး မိုးခေါင်မည့်အကြောင်း သတိပေးအပြီး (၃) နှစ် (၃) မိုး အလိုက်ခံခဲ့ရ၏။ ထိုကာလများ တွင် လေဝိယသည် ကြောက်ခဲ့သည်ဟု ကျမ်းစာလာမရှိ။ ဗာလပရောဖက်များကို ဓားဖြင့် သုတ်သင်ပြီးမှသာ လေဝိယသည် ကြောက်၏ ဟုလာ၏။

> "ယေဇဗေလက၊ နက်ဖြန်နေ့ယခုအချိန်ရောက်မှ၊ သင့်အသက်သည် ထိုပရောဖက်တို့၏ အသက်ကဲ့သို့ ငါမဖြစ်စေလျှင်၊ ဘုရားတို့သည် ငါ၌ ထိုမျှမက ပြုပါစေသောဟု တမန်ကို လေဝိယထံသို့စေလွှတ်၍ ကြားလိုက်၏။ (၃) ထိုအခါ လေဝိယသည်ကြောက်သဖြင့်၊ ထ၍ အသက်လွတ်အောင် ယုဒခရိုင် ဗေရရှေဘမြို့သို့သွား၏။ ထိုမြို့၌ ကျွန်ကိုထားခဲ့၏။" - ဓမ္မရာဇဝင်တတိယစောင် ၁၉:၂၊ ၃

ဤ၌ အညမညတရားပေါ်၏။ ထိုကား "သူတစ်ပါးအပေါ် သင်ပြုခဲ့သည့်အမှု သင့်ထံ ပြန်လည်မည်" ဖြစ်၏။ ကာဣနသည် ဤအညမညကို ကွက်တိခံစားခဲ့ရ၏။

> "ကာဣနကလည်း အကျွန်ုပ်အပြစ်သည် မဖြေနိုင်အောင်ကြီးပါသလော။ အကျွန်ုပ်ကို မြေကြီးပြင်မှ ယနေ့နှင်ထုတ်တော်မူပြီ၊ မျက်နှာတော်ကိုလည်း မမြင်ရ။ မြေကြီးပေါ်မှာပြေးရသောသူ၊ အရပ်ရပ်လည်ရသောသူ ဖြစ်ပါရမည်။ **တွေ့သမျှသောသူတို့သည် အကျွန်ုပ်ကိုသတ်ပါလိမ့်မည်**ဟု ထာဝရဘုရားကို လျှောက်ဆို၏။" - ကမ္ဘာဦးကျမ်း ၄:၁၃၊ ၁၄

ဧလိယသည် မိဖုရားဆိုး ယေဇဗေလလက်မှ အလွတ်ရုန်းနိုင်ခဲ့သည့်နောက်တွင် စကားထူး ဆိုခဲ့၏။

> "သူ့ကိုယ်တိုင်သည် တောသို့ တစ်နေ့ခရီးသွားပြီးလျှင်၊ ရသမ်ပင်အောက်သို့ ရောက်၍ ထိုင်လေ၏။ ထိုအခါကိုယ်အသက် သေရမည်အကြောင်း ဆုတောင်းလျက်၊ အိုထာဝရဘုရား၊ ယခုတန်ပါ၏။ အကျွန်ုပ်အသက်ကို သိမ်းယူတော်မူပါ။ အကျွန်ုပ်သည် ဘိုးဘေးတို့ ထက်သာ၍ မကောင်းပါဟု မြည်တမ်း၏။" - ဓမ္မရာဇဝင်တတိယစောင် ၁၉:၄

ဧလိယသည် ၎င်း၏အသက်အတွက် ထွက်ပြေးခဲ့ပြား ဘုရားသခင်ထံ ၎င်း၏အသက်ကို နုတ်ရန် လျှောက်ခဲ့၏။ ဘာ့ကြောင့် ယေဇဗေလအား ၎င်း၏အသက်ကို နုတ်ခွင့်မပေးသနည်း။ "ငါသည် ငါ၏ဘိုးဘေးများထက် မသာပါ" ဟု ဆိုသေး၏။ ဤ၌ ၎င်းက ဘာကို ဆိုလိုသနည်း။ ဘုရားထံ ဤသို့လျှောက်ရသည့် စိတ်အရင်းခံကို ထို့နောက်ပိုင်းတွင် တွေ့ရ၏။

> "ဥမင်ထဲသို့ဝင်၍ နေ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော် ရောက်လာသည်ကား၊ ဧလိယ၊ သင်သည် ဤအရပ်၌ အဘယ်သို့ပြုလျက် နေသနည်းဟု မေးတော်မူ၏။ (၁၀) ဧလိယကလည်း၊ အကျွန်ုပ်သည် ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်ထာဝရဘုရားဘက်၌ အလွန်စိတ်အားကြီးပါပြီ။ အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့သည် ကိုယ်တော်၏ ပဋိညာဉ်တရားကို စွန့်ပြီးလျှင်၊ ကိုယ်တော်၏ယဇ်ပလ္လင်များကိုဖြိုဖျက်၍ ကိုယ်တော်၏ပရောဖက်များကို ဓားနှင့်သတ် ကြပါပြီ။ အကျွန်ုပ်တစ်ယောက်တည်း ကျန်ရစ်၍၊ အကျွန်ုပ်အသက်ကို ပင်သတ် ခြင်းငှာ ရှာကြပါသည်ဟု လျှောက်လေ၏။" - ဓမ္မရာဇဝင်တတိယစောင် ၁၉:၉၊ ၁၀

ဧလိယသည် ဣသရေလအမျိုးသားများ၏ လမ်းမလိုက်မှုများ၊ ဘုရားသခင်၏ ပရောဖက် များကို သတ်ဖြတ်ကြသည့်အပေါ် စိတ်ဓာတ်ကျ၊ စိတ်သိမ်ငယ်ကြောင်း

ဘုရားသခင်ထံ အိတ်သွန်ဖာမှောက်ချပြ၏။ ဧလိယက တစ်နိုင်ငံလုံးသည် ၎င်းဖက်ပါကာ ပြုပြင်ပြောင်း လဲမှုပဒေသာ ပြုလုပ်မည်ဟု မှတ်ခဲ့၏။ ယေဇဗေလသည် ၎င်းကို ကြိမ်းသည့်အခါ တစ် နိုင်ငံလုံးက ၎င်းဖက်မှရပ်မည်ဟု မျှော်လင့်ခဲ့၏။ အကယ်တွင်ကား ၎င်းတစ်ဦးတည်းသာ ရပ်တည်ခဲ့ရ၏။ ဖြစ်စဉ်ခပ်သိမ်းတို့သည် အရာမထင်ဟန်ရှိ၏။ ဗာလပရောဖက်များကို သတ်ရသည့် စိတ်အရင်းခံကိုလည်း တွေ့ရ၏။ ၎င်းတို့သည် ဘုရားသခင်၏ ပရောဖက် များကို ဓားဖြင့်သုတ်သင်ခဲ့ကြ၏။ ရှင်မောရှေ၏ ဥပဒေ၌ ရုပ်တုကိုးကွယ်လျှင် ဓားဖြင့် မဟုတ်ဘဲ ကျောက်ခဲဖြင့် ပေါက်သတ်ရမည်ဟု ပြဋ္ဌာန်းထား၏။ ကျောက်ခဲဖြင့် ပေါက် သတ်ရမည့်အကြောင်းကို နောက်တစ်ခန်း၌ နှီးနှောအံ့၊ အချက်ကား ဧလိယသည် ရုပ်တု ကိုးကွယ်ခြင်းအပေါ် ကျမ်းစာလာ စီရင်ထုံးအတိုင်း မလိုက်သည့်အကြောင်းဖြစ်၏။ အနှီ က ဧလိယသည် မှန်သောဘုရားကို ဂုဏ်တင်လိုပြား လမ်းမှားသေး၏ ဖြစ်၏။ အနှီအဖြစ် က တပည့်တော်တို့၏အဖြစ်ကို ဆက်စပ်ပြ၏။ ၎င်းတို့သည် ၎င်းတို့၏သခင်ကို ဂုဏ်တင် လိုကြပါ၏။ သို့ပြား ၎င်းတို့၏အလိုကျ ဖြစ်မလာသည့်အခါ ၎င်းတို့၏ ကော်ယော်မှုသည် မာရ်နတ်၏ကြိုးကိုင်မှုခံရကာ ကလဲ့စားလိုစိတ်ထွက်လာ၏။ ဤစိတ်ဓာတ်ကို အခြေပြု ကာ ၎င်းတို့၏ဓာတ်သွေးသည် ဧလိယ၏ဓာတ်သွေးနှင့် တစ်ထပ်တည်းဖြစ်ကြောင်းကို ပြလိုရင်းဖြစ်၏။ ငါတို့သည် အောက်ပါအတိုင်း သတိပေးခံရ၏။ ။

"ဧလိယသည် ငါတို့နှင့် သဘာဝချင်းတူ၏ ..." - ရှင်ယာကုပ် ၅:၁၇ (NKJV)

ဧလိယက ဗာလပရောဖက်တို့ မရဏာလားထိုက်ကြောင်း ဉာဏ်ပေါက်၏။ သို့တစေ ၎င်း၏ စီရင်ထုံးသည် ဘုရား၏ထုံးမှ သွေဖည်၏။ ထိုအကြောင်းမှန်ကြောင်း ၎င်းမကြုံ ဖူးသေးသည့် သေရမည်ကိုကြောက်သည့် အကြောင်းက သက်သေထူ၏။ စစ်သည်များနှင့် မျက်နှာချင်းဆိုင်ချိန်၌ ထိုအကြောက်တရား ဧလိယ၌ ကိန်းသေး၏။

လေဝိယသည် စားသုံး ခဲ့သည်ကြောင့် ၎င်းလည်း စားဖြင့် သေရမည်ကိုကြောက်၏။ တပ်မှူးသည် လေဝိယအား ဘုရားလူဟု သံသယကင်းပြား၊ လေဝိယသည် ၎င်း၏ဘိုးဘေးများထက်မသာကြောင်း၊ မရဏာဆိုက်ရမည်ကို ကြောက်ခြင်းတို့ဖြင့် ဂနာမငြိမ်ဖြစ်ရ၏။ မာရ်နတ်ကလည်း လေဝိယ ၏သံသယကို မြှောက်ထိုးပင့်ကော်ပြီး အောက်ပါအတိုင်း ဆိုထွက်စေ၏။ ။

"ငါသည် ဘုရားသခင်၏လူ**မှန်လျှင်**၊ ကောင်းကင်ကမီးကျ၍ သင်နှင့်သင်၏လူ ငါးကျိပ်တို့ကို လောင်ပါစေ။" - ၄ ရာ ၁:၁၀

ထိုဝါစာသည် မာရ်နတ်ဆိုခဲ့သည့် ဝါစာနှင့်ထပ်တူကျ၏။ ။

"ကိုယ်တော်သည် ဘုရားသခင်၏သားတော်**မှန်လျှင်**၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှာ အမိန့်ရှိတော်မူပါ။" - ရှင်မဿဲ ၄:၃

ပြာဋ္ဌိဟာဖြင့် ၎င်း၏ဖြစ်တည်မှုကို သက်သေပြခြင်းသည် ယုံကြည်သဒ္ဓါအားမဲ့ကြောင်း ပြခြင်းတည်း။ ဘုရားသခင်က ငါတို့သည် ၎င်း၏သားသမီးများဖြစ်သည်ဟု မိန့်ပြီးသောကြောင့် ငါတို့သည် ယုံလိုက်ရုံသာဖြစ်၏။ ထိုပြာဋ္ဌိဟာကြောင့် လူ (၅၀) တို့ ဘာအမြတ်ရခဲ့သနည်း။ ထိုဖြစ်စဉ်က လေဝိယသည် ဘုရား၏လူဖြစ်သည်ဟူသည့် ထိုသူတို့၏ ရှုရင်းစွဲ အမှတ်ကို ဘာများထပ်ဖြည့်ပေးသနည်း။ ဂနာမငြိမ်သူမှာ လေဝိယဖြစ်၏။ ထို ဂနာမငြိမ်မှု က လေဝိယအား ဘုရားသခင်သည် မီး၌မရှိကြောင်းကို သမ္မဇဉ်ပျောက်စေကာ ထိုလူစုကို မီးလောင်စေရန် တောင်းသည်အထိ မာရ်နတ်လောင်းရိမ်မိခဲ့၏။ မာရ်နတ်သည်လည်း ကောင်းကင်မှ မီးချနိုင်စွမ်းရှိကြောင်း ငါတို့၌သက်သေသက္ကာရရှိ၏။

"**ထာဝရဘုရား**ကလည်း၊ သူ၏ဥစ္စာရှိသမျှသည် သင့်လက်၌ရှိ၏။ သူ့ကိုယ်တစ်ခုကိုသာ မထိမခိုက်နှင့်ဟု မိန့်တော်မူလျှင်၊ စာတန်သည် **ထာဝရဘုရား**ထံတော်မှ ထွက်သွားလေ၏။ (၁၆) ထိုသို့လျှောက်စဉ်တွင်၊ အခြားသောသူတစ်

ယောက်သည်လာ၍၊ ဘုရားသခင်၏မီးသည် မိုဃ်းကောင်းကင်မှကျသဖြင့်၊ သိုး များနှင့် လူစောင့်များတို့ကိုလောင်၍ သူတို့သည်ကျွမ်းကုန်ကြပါပြီ။ ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်လျက်၊ ကိုယ်တော်အား သိတင်းကြားပြောရပါသည် ဟု လျှောက်လေ၏။" - ယောဘဝတ္ထု ၁:၁၂၊ ၁၆

မေးစရာလက်ကျန်ရှိသေး၏။ လေိယသည် ၎င်း၏သံသယကြောင့် မာရ်နတ်က သွေး ဆောင်နိုင်ခဲ့လျှင် ဘာ့ကြောင့် ကောင်းကင်သို့ ခေါ်ဆောင်ထိုက်ရသနည်း။ ၎င်း၏ လော ကခရီး ပိတ်သိမ်းချိန်၌ အမှားပြုလျက်နှင့် ကောင်းကင်သို့ ခေါ်ဆောင်ခံရပြီး အမတဘဝ ပန်ဆင်ခွင့်ရခြင်းအကြောင်းသည် အတော်ပင် အံ့မဝင်လှပါ။ ဗတ္တိဇံဆရာ ရှင်ယောဟန် လည်း ယေရှုဘုရားသည် ကယ်တင်ရှင်မေရှိယဟုတ်မဟုတ် ဝိစိကိစ္ဆာဖြစ်ခဲ့၏။

"ယောဟန်သည် ခရစ်တော်ပြုတော်မူသောအမှုများကို ထောင်ခန်းထဲ၌ ကြားရ သောအခါ မိမိတပည့်တို့ကိုစေလွှတ်၍ 'ကိုယ်တော်သည် ကြွလာတော်မူသော အရှင်ဖြစ်ပါသလော။ (၃) သို့မဟုတ် အခြားသောသူကို စောင့်မျှော်ရပါမည်လော' ဟု မေးလျှောက်စေ၏။" - ရှင်မဿဲခရစ်ဝင် ၁၁:၂၊ ၃

သမ္မာကျမ်းစာ၌ ရှင်ယောဟန်သည် မည်သို့တုံ့ပြန်ကြောင်းမဖော်ပြပါ။ သို့သော် ရှင် ယောဟန်အကြောင်း ယေရှုမိန့်ခဲ့ပုံအရ ရှင်ယောဟန်သည် ၎င်း၏ဝိစိကိစ္ဆာအပေါ်အမြင် ရှင်းကာ အာဇာနည်ဖြစ်ရန် စိတ်နိုင်ကြောင်းပေါ်၏။ ယေရှုက အောက်ပါအတိုင်းဆို၏။

"သင်တို့သည် လက်ခံရန် ဆန္ဒရှိလျှင် ဤသူသည် ပေါ်ထွန်းလာရမည့် ဧလိယဖြစ် ၏။" - ရှင်မဿဲခရစ်ဝင် ၁၁:၁၄

ငါတို့ကို အောက်ပါအတိုင်း ဆိုသေး၏။ ။

"သူ (ယောဟန်) သည် ဧလိယ၏စိတ်ဝိညာဉ်တန်ခိုးနှင့် ပြည့်စုံလျက် ဘုရားသခင့် ရှေ့တော်သို့ သွားလိမ့်မည်" - ရှင်လုကာ ၁:၁၇

ရှင်ယောဟန်သည် ဘုရားသခင့်အတွက် ကြီးစွာအမှုထမ်းခဲ့ပြီး ထို့နောက်တွင် ၎င်း၏ ယုံကြည်ခြင်းကို ကြီးစွာသတ္တုချခံခဲ့ရခြင်းကို သူသည် အောင်နိုင်ခဲ့ပြီး နိဂုံးတွင် သေပွဲဝင်ရန် စိတ်ခိုင်နိုင်ခဲ့၏။ လေယလည်း ဘုရားအတွက် ကြီးစွာအမှုထမ်းခဲ့သည့် ထိုသို့ပင် သတ္တုအချခံခဲ့ရ၏။ လေယသည် လူရာချီကို မရဏာဆိုက်စေသည့် ၎င်း၏ဝိစိကိစ္စာကို အောင်နိုင်ခဲ့ပြီး ထို့နောက်တွင် အမတဘဝ ပန်ဆင်ခွင့်ရခဲ့၏။ အနှီသည် ပုထုဇဉ်အားလုံး အတွက် အဖိုးတန်လှသည့် သင်ခန်းစာဖြစ်၏ — ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းဖြင့် အသက်ရှင်မည်၊ ၎င်းတို့ပြုခဲ့သည့် ကောင်းမှုကုသိုလ်များကြောင့်မဟုတ်။ မှားတတ်သေးသည့် လေယသည် အမတဘဝ ပန်ဆင်ခွင့်ရခြင်းက ငါတို့လည်း ချို့ယွင်းချက်များ ရှိပြား ထိုသို့ပန်ဆင်နိုင်မည်ဟူသည့် ထူးမြတ်သည့်မျှော်လင့်ခြင်းကိုပေး၏။ ကယ်တင်ခြင်းသည် ဘုရားနာမဖြင့် တစ်ပါးသူများကို ကိုင်ပေါက်သည့် ပရောဖက်ထူးများ၏ သိက္ခာ တော်ကြောင့်မဟုတ်ဘဲ ခရစ်တော်ဘုရား၏ သိက္ခာတော်ကြောင့်သာဖြစ်ကြောင်းအပေါ် ငါတို့ဝမ်းမြောက်ကြကုန်အံ့။

နောက်ထပ်ရှုကွက်ဆင်းရမည်မှာ မာရ်နတ်သည် ထိုသူများကို မီးဖြင့်ဖျက်ဆီးရန် ဘုရားသခင်က ဘာကြောင့်ခွင့်ပြုရသနည်းဖြစ်၏။ ထိုသူများသည် ကြေုန်တို့၏ဘုရား ဗာလဇေဗုပ်ကိုကိုးကွယ်သည့် ဣသရေလဘုရင်၏ အမှုထမ်းများဖြစ်သောကြောင့် မာရ်နတ်ရန် ကို မကာကွယ်နိုင်ပါ။ မာရ်နတ်သည် ထိုသူများကို ကြိုးကိုင်နိုင်သည့်အခါ ဘုရားသခင် သည် ၎င်းတို့ကိုရိုက်သည်ဟု ပုထုဇဉ်များမြင်ရန် ၎င်းတို့ကိုသတ်ပစ်ရန် လိုအပ်၏။ အနှီ မှာ အလွန်သိမ်မွေ့သည့် လှည့်ကွက်ဖြစ်၏။ ဘုရားရိုက်သည်ဟု လူအများအား မြင်စေ၏။ လေယ၏အကြောက်တရားက မာရ်နတ်ကို စီမံခွင့်ပေးရာရောက်ပြီး လေယလို အပ်သည့် ထုချေလွှာ ရစေ၏။ အနှီဗျူဟာသည် အလွန်အောင်မြင်လှ၏။ အကြောင်းမှာ အများစုက ဘုရားကထိုသူတို့ကို မီးဖြင့်မြိုက်သည်ဟု မှတ်ကြ၏။ သို့သော် ယေရှုက အနှီသည် ၎င်း၏ ဝသီမဟုတ်ဟု မိန့်ခြင်းကြောင့် စိတ်အေးရပါ၏။

ကလေးသူငယ်များကို ချီပွေ့သည့်၊ ၎င်း၏နိုင်ငံတော်သည် မည်မျှခမ်းနားကြောင်း ချပြသည့် ကယ်တင်ရှင်ကို ငါတို့ကိုးစားနိုင်ကြောင်း သိနိုင်သည့်အခွင့်ထူးကို ငါတို့ရခဲ့ခြင်းသည် အံ့ချီးဖွယ်ဖြစ်၏။ ယေရှုဘုရားသည် သိုးထိန်းကြီးဖြစ်၏။ သားသတ်ပုဂ္ဂိုလ် မဟုတ်သောကြောင့် ငါတို့ကို အန္တရာယ်ပြုမည်မဟုတ်။ ၎င်းက ၎င်း၏သိုးများကို သာယာ သောမြစ်နားသို့ လမ်းပြမည်ဖြစ်ပြီး၊ မသေမချင်း ညှင်းဆဲမည်မဟုတ်။ သို့သော် ငါတို့သည် ကောင်းကင်ဘုံရှိ ခမည်းတော်သည် ငါတို့ကြောက်ရမည့်ပုဂ္ဂိုလ်မဟုတ်ကြောင်း ငါတို့ နိဂုံး မပြုမီ အနီးမီးကိစ္စနှင့်ပတ်သက်ပြီး ရှုကွက်ဆင်းစရာများ ရှိသေး၏။

## ၇။ သင့်စိတ်ကိုမမာစေနှင့်

ငါတို့သည် အခန်း (၃) တွင် လက်ဝါးကားတိုင်နှင့် မဟာမေတ္တာတော်အကြောင်း ရှုကွက်ဆင်းပြီးဖြစ်၏။ အခန်း (၄) တွင် ခမည်းတော်နှင့်သားတော်တို့ မည်မျှမေတ္တာရှိကြပုံကို မြင်ခဲ့ပြီးဖြစ်၏။ ထိုဓမ္မစစ်ထူး (၂) ခုက ငါတို့ကို ဘုရား၏သိက္ခာပုဒ်နှင့် ၎င်းနိုင်ငံတော်၏ အခြေခံသဘောသဘာဝအုတ်မြစ်ကြီး (၂) ခုကို သိနိုင်ရန် အလင်းပြ၏။ ရှင်လုကာ ခရစ်ဝင် အခန်းကြီး (၉) က ငါတို့သည် လက်ဝါးကားတိုင်၏ ကောင်းမြတ်မှုကို ငြင်းဆန်သည့်အခါ မည်သို့ဖြစ်မည်ကို အထူးရှင်းပြ၏။ ထိုကျမ်းပိုဒ်က ပုထုဇဉ်တို့က ဘုရားသခင် ကို အပြစ်လုပ်သူများအား အရှင်လတ်လတ် မီးဖြင့်ဝါးမျိုစေလိုသည့်ဆန္ဒရှိကြပြီး ဤသည် ကို ဘုရား၏သိက္ခာဟု မှတ်ကြသေး၏။

| | | |
|---|---|---|
| လုကာ ၉:၁၈-၂၀<br>မသဲ ၁၆:၁၃-၁၇<br>မာကု ၈:၂၇-၂၉ | ခမည်းတော်နှင့် သားတော်တို့၏ ဆက်ဆံပုံကို ချပြ၏ | ပေတရုက ယေရှုဘုရားသည် ဘုရားဘိသိက်ပေးခဲ့ သည့် ခရစ်တော်ဟု ဝန်ခံခဲ့၏။ မသဲက ပေတရု သည် ၎င်းပုဂ္ဂိုလ်ကို ခရစ်တော်ဖြစ်၏၊ အသက်ရှင် သော ဘုရားသားဖြစ်၏ ဟုဆို၏။ ယေရှုဘုရားက ပေတရုကို အနှီဓမ္မဉာဏ်သည် ခမည်းတော်၏ အလင်းပြမှုကြောင့် ဤဉာဏ်ရရှိခြင်းဖြစ်၏ ဟုဆို ၏။ ခမည်းတော်က ဉာဏ်ဖွင့်မပေးလျှင် မည်သူမျှ ထိုသို့ မဆိုနိုင် မိန့်၏။ |

| | | |
|---|---|---|
| လုကာ ၉:၂၁-၂၂၊ မဿဲ ၁၆:၂၁-၂၃၊ မာကု ၈:၃၁-၃၃ | လက်ဝါးကားတိုင် အကြောင်း ပထမ အကြိမ် အလင်းပြခြင်း | ယေရှုဘုရားက ပုထုဇဉ်များ ဘုရားအလိုတော် နာခံသည့်သားတော်ကို မုန်းကြကြောင်း၊ မည်သို့ အသတ်ခံရမည်ကို ပထမအကြိမ် အလင်းပြခဲ့၏။ ပေတရုက ထိုသို့မဖြစ်စေရဟု အပြင်းအထန် ဆိုခဲ့၏။ ပေတရုသည် ၎င်း၏ဂုဏ်ဆာ ကိလေသာကို အပျက်မခံနိုင်ခဲ့ပါ။ ဤသည်မှာ လက်ဝါးကားတိုင်၏ သိက္ခာပုဒ်ကို ငြင်းဆန်ခြင်း ဖြစ်၏။ ယေရှုဘုရားလည်း ပေတရုကို ကြိုးကိုင်သည့် မာရ်နတ်၏ဉာဉ်ကို ရှုတ်ချ၏။ |
| | ပထမ အကြိမ် နှလုံးမာခြင်း | ရှေ့၌ရင်ဆိုင်မည့် လက်ဝါးကားတိုင်အရေးနှင့် စပ်လျဉ်း၍ ပေတရု(သို့)ကျန်သော တပည့်တော်တို့ မည်သို့ ပြင်ဆင်ထားကြကြောင်း မော်ကွန်းမရှိပါ။ ခရစ်တော် ရင်ဆိုင်ရမည့် အမှုထူးနှင့်ပတ်သက်ပြီး ၎င်းတို့၏ စိတ်နှလုံးတို့သည် ခိုင်မာမှုစတင်၏။ |
| လုကာ ၉:၂၃-၂၇ မဿဲ ၁၆:၂၄-၂၈ မာကု ၈:၃၄-၃၈ | မိမိတို့၏ အတ္တဘောများကို စွန့်လွှတ်ကြရန် တောင်းဆိုခြင်း | တပည့်တော်တို့သည် ၎င်း၏နောက်သို့ အကယ်လိုက်လိုလျှင် ၎င်းတို့၏အတ္တဘောများကို စွန့်ရမည်ဟု ယေရှုက အလင်းပြခဲ့၏။ ၎င်းလျှောက်သည့် လမ်း၌ လောကီပကာသနများ မပါပါ။ အတ္တရှောင်၍ ပရဆောင်ခြင်းသာ ရှိ၏။ |

| | | |
|---|---|---|
| လုကာ ၉:၂၈-၃၆<br>မဿဲ ၁၇:၁-၈<br>မာကု ၉:၁-၆ | ခမည်းတော်က သားတော့်စကားကို နာခံရန် ၎င်းတို့ကို မိန့်၏ | ခမည်းတော်သည် မေတ္တာတော်ဖြင့် သားတော်၏ ဘုန်းကိုပြကာ ၎င်းမိန့်သည်များကို နာခံရန် တပည့်တော်များကို မိန့်၏။ ၎င်းတို့က ထိုမတိုင်မီက ကားတိုင်ဒုက္ခလမ်းစဉ်ကို ငြင်းကြခြင်းသည် ၎င်းတို့သည် ပြည့်စုံသည့် မေတ္တာတရားမရှိကြောင်း ပြခြင်းဖြစ်ပြီး ကောင်းကင်မှ ဆင်းလာသည့် ဘုရားသခင်၏ အသံတော်ကို ကြားကြသည့် အခါ ကြောက်ကြ၏။ အကြောက်က ခြောက်ခဲ့၏။ "သံဝေဂရှိသောသူသည် မေတ္တာနှင့် မပြည့်စုံ သေး" ၁ယော ၄:၁၈။ |
| လုကာ ၉:၃၇-၄၂<br>မဿဲ ၁၇:၁၄-၂၁<br>မာကု ၉:၁၄-၂၉ | မယုံကြည်ခြင်း အဖော်ခံရ၏ | ကားတိုင်တော်ကို ငြင်းဆန်ခြင်းသည် မယုံကြည်ခြင်း ဖြစ်၏။ တပည့်တော်များသည် ကိလေသာအားကြီးဆဲ ဖြစ်သောကြောင့် ထိုစိတ်ကို မဖြုတ်နိုင်ကြပေ။ ယေရှုဘုရားက ၎င်းတို့၏မယုံကြည်ခြင်းသည် စိုးရိမ်ဖွယ်ဖြစ်ကြောင်း အလင်းပြခဲ့၏။ |
| လုကာ ၉:၄၄-၄၅<br>မဿဲ ၁၇:၂၂-၂၃<br>မာကု ၉:၃၁-၃၂ | ကားတိုင် အကြောင်း ဒုတိယမ္ဗိ အလင်းပြခြင်း၊ နှလုံးသားသည် သာ၍ မာထန်၏ | ယေရှုဘုရားသည် မေတ္တာခြုံကာ ၎င်းတို့၏ အတ္တများကိုဖြုတ်ရန် တစ်ဖန်ပြန်၍ ကားတိုင်အကြောင်း အလင်းပြပြား ၎င်းတို့က တရားမရဘဲ စိတ်မသာ ဖြစ်ကျန်ခဲ့ရုံရှိ၏။ ၎င်းတို့၏ နှလုံးသားသည် သာ၍ပင်မာထန်၏။ |

| | | |
|---|---|---|
| လုကာ ၉:၄၆-၄၈<br>မဿဲ ၁၈:၁<br>မာကု ၉:၃၃-၃၈ | အတ္တကိလေသာ ဖွံ့ထွားး၏ | တပည့်တော်များသည် မာရ်နတ်ကို စီမံခွင့်ပေးကြပြီး မည်သူသည် ၎င်းတို့တွင် ထိပ်သီးဖြစ်မည်နှင့် အချိန်ကုန်ကြ၏။ ယေရှုလည်း ၎င်းတို့ရှေ့၌ သူငယ်ကိုထားပြီး ၎င်းတို့သည် ထိုသူငယ်ပမာ မဖြစ်နိုင်လျှင် ဘုန်းတော်သို့ မဝင်စားနိုင်ကြောင်း အလင်းပြခဲ့၏။ |
| လုကာ ၉:၄၉၊ ၅၀<br>မာကု ၉:၃၈၊ ၃၉ | ဗိုလ်ကျလိုစိတ် ပေါ်လွင်ခြင်း | တပည့်တော်များ ထိုင်ခုံလုကြသောကြောင့် ပြိုင်ဘက်ဖြစ်ချေရှိသူများကို တွယ်လိုကြ၏။ |
| လုကာ ၉:၅၁-၅၄ | သတ်ဖြတ်လိုစိတ်ကို ကျမ်းဂန်ဖြင့် ခဝါချကြ၏ | တပည့်တော်တို့က ကားတိုင်လမ်းစဉ်ကို ငြင်းကြသည့်အခါ မာန်မာနက ၎င်းတို့ကို စီမံတော့ရာ ပါဏာတိပါတာကံ ကျူးလွန်ဖြစ်ကြသည်အထိ ပို့တော့၏။ ၎င်းတို့၏ စိတ်ခိုင်မှုက ဘုရားနာမဖြင့် သတ်ဖြတ်ခြင်းသည် မမှားနိုင်ဟု မှတ်စေတော့၏။ |

တပည့်တော်တို့သည် ယေရှုဘုရားက ၎င်းရင်ဆိုင်ရမည့် သေခြင်းအကြောင်း ချပြသည့်အခါ လက်မခံလိုကြပါ။ ၎င်းတို့သည် ယေရှုကိုမှီကာ ထင်ပေါ်လိုကြ၏။ တပည့်တော်တို့က ခရစ်တော်ဘုရားကို ၎င်း၏ပကတိအတိုင်း မရှုချင်ကြ။ ၎င်းတို့ဖြစ်စေချင်သည့်အတိုင်း ဖြစ်စေလို၏။ ခရစ်တော်အပေါ် ၎င်းတို့မျှော်လင့်ခြင်းသည် ဇာရဗ္ဗပမာ ဖြစ်ရေးတည်း။[1] ကားတိုင်သည် ၎င်းတို့၏

[1]ဇာရဗ္ဗသည် ခရစ်တော်အချိန်၌ ဣသရေလနိုင်ငံတော်ကို ရောမတို့လက်အောက်မှ လွတ်နိုင်ရန် နိုင်ငံရေးလှုပ်ရှားသည့် မျိုးချစ်ခေါင်းဆောင်ဖြစ်၏။ ထိုပန်းတိုင်ရောက်နိုင်ရန် အကြမ်းဖက်နည်း သုံးရ

ကိလေသာကို ရေစုံမျောစေ၏။ ၎င်းတို့သည် ကားတိုင်လမ်းစဉ် ကိုမရွေးဘဲ ခရစ်တော်ဘုရား၏ ဒုက္ခခံလမ်းစဉ်ကြောင့် လူအများ တဖြည်းဖြည်း အာရုံ နည်းလာသည်ကို သတိစပြုလာကြပြီး ၎င်း၏ဟောကြားမှု၊ ၎င်း၏လုပ်ငန်းစဉ်၊ ခမည်း တော်ကို ကိုယ်စားပြုမှုများကို အထင်းသေးလာကြ၏။ ၎င်းတို့ကလည်း ထိုဒုက္ခကို ရှောင် ကြသည့်အခါ ၎င်းတို့၏နှလုံးသည် မာထန်လာခဲ့၏။

ယေရှုဘုရား ရေနှစ်ခြင်းမင်္ဂလာခံယူသည့်အခါ ခမည်းတော်သည် ၎င်း၏သားတော်ကို မည်မျှချစ်ကြောင်းကို ပုထုဇဉ်တို့အား မိန့်ခဲ့၏။ ခမည်းတော်၊ သားတော်တို့၏ မေတ္တာ၊ ကရုဏာတရားများကို ထိုးထွင်းသိနိုင်ရန် မုခ်တံခါးဖွင့်ပေးခဲ့၏။ အနှီမေတ္တာတရားများက ခယောင်းတောလမ်းကို ဖြတ်စွမ်းနိုင်စေခဲ့၏။ ပုထုဇဉ်တို့၏ ကိလေသာများကြောင့် ၎င်း တို့၏ နှလုံးသားသည် နေ့စဉ်ချေမွခံရ၏။ လွတ်လပ်မှုကို ခွင့်ပြုသည့် ဘုရားသခင်၏ မေတ္တာက ပုထုဇဉ်တို့အား ၎င်းကို ငြင်းဆန်ခွင့်ပြုပြီး ၎င်းက ဘာမျှမတုံ့ပြန်ခဲ့ပါ။ ၎င်းတို့ စိတ်ကြိုက် ဆိုးခွင့်ပြုကာ နောင်တရရန် ဖိတ်ခေါ်မှုကို ဆန့်ကျင်ကာ ၎င်းတို့ကိုယ်ကို အကုသိုလ် ပေးနေကြသည်ကို ဘုရားသခင်က ရင်နင့်ရင်းရှုနေ၏။ တပည့်တော်များသည် ထိုမေတ္တာ တရားကို ရှုကွက်ဆင်းကြရန် နားချခံရ၏။ သို့ငြား ကားတိုင်လမ်းစဉ်သည် ၎င်းတို့ အကြိုက်မဟုတ်။ ဣသရေလတို့က ရောင်တော်ကွန့်မြူးသည့်မောရှေအား ၎င်း၏ မျက်နှာကို ဖုံးစေခဲ့သည့်အတိုင်း တပည့်တော်များကလည်း ၎င်းတို့၏သန္တာန်ကို အလင်းပြ မည့်ဓမ္မစစ်ကို ပိတ်ထားကြ၏။

ကာဣနနှင့် အာဗေလတို့ သိုးသငယ်ကို အနှလုံးပဋိလုံ အလောင်းရှုသဘင် ပြုကြသည့် အခါ ကာဣနသည် သံဝေဂမယူရန် ၎င်း၏နှလုံးသားတံခါးကို ပိတ်ခဲ့ပြီး ထိုသိုးသငယ်

---

မည်ဟု ကြွေးကြော်ပြီး ကယ်တင်ရှင်မေရှိယလေသံပစ်၏။ ဗာရဗ္ဗ၏ပုဒ်နက်ကား “အဖ၏သား၊” ထို့ ကြောင့် ခမည်းတော်၏သားတော်ခရစ်တော်ကို တုပရန် အံ့ဝင်သည့်ပုဂ္ဂိုလ်ဖြစ်၏။

သည် ၎င်း၏ညီတော်ကို သတ်စေခဲ့သည့်ပယောဂ တစ်ဖြစ်လဲခဲ့၏။ အာဗေလက သိုး သငယ်ကို ရှုသည့်အခါ မည်သည့်အဓိပ္ပာယ်ဆောင်မည်ကို ဆင်ခြင်၏။ ဘုရားသခင်၏ သိုးသငယ်သည် ငါတို့ကိုယ်စား ခံရသည်ကောဟု တရားရ၏။ ယဇ်ပူဇော်သဘင်တစ်ခု၊ လူနှစ်ဦးမှ အဖြေ (၂) ခု ထွက်ခဲ့၏။

ကားတိုင်အလင်းတရားလည်း ထို့အတိုင်းဖြစ်၏။ အလင်းသည် တောက်လွန်းရကား ငါတို့ သည် ကျောက်ပေါ်ကျကာ ကျိုး (သို့) ကျောက်ပမာ မာကြောကာ ငါတို့၏အပြစ်က ဘုရား မေတ္တာ၏ တစ်ဖက်တွင် ငါတို့ကိုပြန်၍ စီရင်မည်ဖြစ်၏။

အနီ္ဂနိယာမများသည် သမ္မာကျမ်းစာလာအကြောင်းများကို သမ္မာဒိဋ္ဌနားလည်နိုင်ရန် ပဓာနကျ၏။ သားတော်အပေါ်ထားရှိသည့် ခမည်းတော်၏မေတ္တာကို ငါတို့လက်မခံသ၍ ဘုရားသခင်၏ တရားစီရင်မှုကို လက်သင့်ခံနိုင်ကြမည်မဟုတ်။ ဖခင်တစ်ဦးသည် ၎င်း၏ သားသမီးများကို အရှင်လတ်လတ် မီးမြှိုက်မည်မဟုတ်။ ဘုရားသည် ထိုသို့ပြုနိုင်၏ဟု မှတ်ခြင်းသည် ခမည်းတော်၊ သားတော်တို့၏ ဆက်ဆံမှု၊ ၎င်းတို့၏မေတ္တာကို စကြဝဠာသို့ စီးဖြန်းပေးမှုတို့ကို နားမလည်နိုင်ခြင်းကြောင့် ဖြစ်၏။ ကားတိုင်လမ်းစဉ်ကို နားမလည် ခြင်းက ပုထုဇဉ်များအား ခရစ်တော်ဘုရားသည် အမုန်းခံ၊ အပယ်ခံရသည့်အခါ မည်သို့ ခံစားမည်ကို မေ့ပျောက်စေ၏။ သို့ဖြစ်လျက်နှင့် ခရစ်တော်က ထိုသူများကို ဥပေက္ခာမပြု ပေ။ ၎င်းက အပြစ်သားများအတွက် နောက်ဆုံးပိတ်အထိ ၎င်း၏နှလုံးသားကိုဖွင့်ပေး၏။ ထိုသူများက ထိုနောက်ဆုံးအပိတ်အထိ ငြင်းနေကြသေးလျှင် ထိုငြင်းဆန်မှုက ၎င်းကို နာကျင်စေ၏။ ဤနာကျင်မှုမျိုးသည် အပြစ်သားများကပေးသည့် ဒဏ်ရာဖြစ်၏။ တစ်ဦးဦး အား ငါတို့အပေါ် ထိုသို့အလီလီပြုခွင့်ပေးမည် မဟုတ်ပါ။ ထိုသို့ကြုံခွင့်ပြုခြင်းသည် သား တော်မှတစ်ဆင့် ခမည်းတော်၏ ဓမ္မစစ်ကားတိုင်လမ်းစဉ်ကို ပြခြင်းဖြစ်၏။

ကားတိုင်၏အစွမ်းနှင့် ဆန်းကြယ်မှုသည် ခမည်းတော်၏ စီရင်ထုံးအလုံးစုံ၏ ဆန်းကြယ်မှုကို အလင်းပြ၏။ လူသားများအပေါ် စီရင်သည့်အမှုများ သမ္မာကျမ်းစာထဲ၌ တွေ့ရသည့် အခါ ငါတို့သည် ကရုဏာနှင့် ပညတ်တို့ ပိုက်ထွေးကြသည့် ကားတိုင်လမ်းစဉ်ဖက်မှ ရှုကွက် ဆင်းရမည်ဖြစ်၏။ သမ္မာကျမ်းစာတော်မြတ်က အောက်ပါအတိုင်းဆို၏။ ။

> "သစ်တိုင်၌ ဆွဲထားခြင်း ခံရသော သူတိုင်း ကျိန်ခြင်းကို ခံရသောသူဖြစ်သည်ဟု ကျမ်းစာလာ သည်နှင့်အညီ၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် ကျိန်ခြင်းကို ခံရသောသူဖြစ်၍၊ ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှ ရွေးနုတ်တော်မူပြီ။" - ဂလာတိ ၃:၁၃

> "ထိုသူသည် ငါတို့ လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ ရောက်၍၊ သူခံရသော ဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက် လျက်ရှိကြ၏။" - ဟေရှာယ ၅၃:၅

ယေရှုဘုရားသည် အပြစ်၏အဖိုးဘာဂကို ပေးဆပ်ခဲ့ပြီးဖြစ်၏။ ကယ်တင်ခြင်းတရားထူးကို ငြင်းဆန်သည့်သူများ နွှဲရမည့်မရဏာကို ၎င်းကနွှဲပေးခဲ့၏။ ယေရှုဘုရားနွှဲခဲ့သည့် မရဏာ သည် လမ်းမလိုက်သူများနွှဲရမည့် မရဏာနှင့် အမျိုးအစားမတူလျှင် အပြစ်၏အဖိုးဘာဂကို မပေးဆပ်ခဲ့ဖြစ်မည်။ အမေးကား သခင်ယေရှုသည် ငရဲမီးကို ခံခဲ့သလောဖြစ်၏။ လမ်း မလိုက်သောသူများကို ငရဲမီးဖြင့် ဒဏ်ခတ်မည်မှန်လျှင် ယေရှုဘုရားသည် ထိုဒဏ်ကို မခံသေးလျှင် ၎င်းက အပြစ်၏အခကို မပေးဆပ်ရသေးဖြစ်မည်။ ယေရှုသည် ကားတိုင် ပေါ်၌ ငရဲမီးခံစားခဲ့ရသလော။ ရှင်ပေါလုက ကောင်းမှုကုသိုလ်နှင့် မထိုက်သူများအပေါ် ကောင်းမှုပြုခြင်းသည် ၎င်းတို့အပေါ် မီးပမာဆင်၏ဟုဆို၏။

“ထို့ကြောင့် လက်တုံ့မပြန်ဘဲ ‘သင့်ရန်သူဆာလောင်လျှင် ကျွေးမွေးလော့။ ရေငတ်လျှင် သောက်စရာပေးလော့။ ထိုသို့ပြုခြင်းအားဖြင့် သင်သည် သူ၏ခေါင်းပေါ်၌ မီးခဲကိုပုံထားလိမ့်မည်။’” - ရောမဩဝါဒစာ ၁၂:၂၀

ဣသရေလတို့သည် သိနာတောင်၌ ဘုရားသခင်၏ ဘုန်းတော်ကိုလောင်သော မီးကဲ့သို့ မြင်ခဲ့၏။

“**ထာဝရဘုရား**၏ဘုန်းတော်သည် တောင်ထိပ်ပေါ်မှာလောင်သော မီးကဲ့သို့ထင်၍၊ ဣသရေလအမျိုးသားတို့သည် မြင်ရကြ၏။” ထွက်မြောက်ရာ ကျမ်း ၂၄:၁၇

အတ္တကင်းသည့် ဘုရားသခင့်မေတ္တာသည် အတ္တလူသားထံထင်ပြသည့်အခါ ၎င်းတို့၏ စိတ်မလုံမှုက ရင်ထဲမီးတောက်စေကာ မံသနာကျင်မှုခံစားရ၏။ ကားတိုင်ပေါ်ယေရှုကြုံရမည့်အမှုကို ဆာလံကျမ်းက ဗျာဒိတ်ခဲ့၏။

“အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်ကို အဘယ်ကြောင့် စွန့်ပစ်တော် မူသနည်း။ အကျွန်ုပ်ကိုကယ်တင်တော်မမူ၊ အကျွန်ုပ်ညည်းတွားသော စကားတို့ ကိုလည်း နားထောင်တော်မမူဘဲ အဘယ်ကြောင့် ဝေးစွာနေတော်မူသနည်း။” - ဆာလံကျမ်း ၂၂:၁

“ငါသည် ကောင်းသောအရာကိုပင်မပြောဘဲ တိတ်ဆိတ်ငြိမ်သက်စွာနေ၏။ ထိုအခါ ငါ၏ဝေဒနာသည် ပိုမိုပြင်းထန်လာ၏။ (၃) **ငါ၏စိတ်နှလုံးသည် ငါ့အထဲ၌ ပူလောင်လာ၏။ ငါညည်းညူမြည်တမ်းသောအခါ မီးတောက်လောင်၏။** ထိုအခါ ငါ၏နှုတ်ဖြင့် ငါပြောဆိုသည်မှာ” - ဆာလံ ကျမ်း ၃၉:၂၊ ၃

“သေခြင်း၏နှောင်ကြိုးတို့သည် ငါ့ကိုရစ်ပတ်၍ ပျက်စီးခြင်းရေစီးကြောင်းသည် ငါ့ကိုကြောက်လန့်တုန်လှုပ်စေ၏။ (၅) မရဏာနိုင်ငံ၏နှောင်ကြိုးတို့သည် ငါ့ကို ပတ်စည်းထား၍ သေခြင်း၏ထောင်ချောက်တို့သည် ငါ့ကို ထိပ်တိုက်ရင်ဆိုင်ကြ၏။ (၆) ငါခံရသည့်ဆင်းရဲဒုက္ခထဲမှ **ထာဝရဘုရား**ကို ငါခေါ်၍ ငါ၏ဘုရားသခင်ထံ အကူအညီအော်ဟစ်တောင်းခံ၏။ ကိုယ်တော်သည် ငါ၏အသံကို မိမိ

ဗိမာန်တော်ထဲမှ ကြားတော်မူ၏။ ငါ၏ အော်ဟစ်သံသည်လည်း ရှေ့တော်မှောက် နားတော်သို့ဝင်လေ၏။ (၇) ထိုအခါ ကိုယ်တော်သည် အမျက်ထွက်တော်မူ သောကြောင့် မြေကြီးသည် တုန်ရီတုန်ခါ၏။ တောင်များ၏အခြေအမြစ်တို့သည် လည်း လှုပ်ခတ်တုန်ရီ ကြ၏။ (၈) **ကိုယ်တော်၏နှာခေါင်းတော်ထဲမှ မီးခိုးထွက်၍ နှုတ်တော်ထဲမှ လောင်ကျွမ်းသောမီးထွက်၏။ မီးခဲတို့သည် ၎င်းအားဖြင့် တောက် လောင်ကြ၏။**" - ဆာလံကျမ်း ၁၈:၄-၈

အပြစ်၏အခသည် မရဏာဖြစ်၏။ ၎င်းတို့ကို မရဏာဆိုက်စေသည်မှာ ၎င်းတို့၏အပြစ် ကို ပြန်၍မြင်ခြင်းကြောင့် ဖြစ်၏။ အဆိုးတရားကို တစ်ဖက်မှနေ၍ ပြနိုင်မည့်အရာမှာ ဘုရားသခင်၏ သိက္ခာသမာဓိသာဖြစ်၏။ ဘုရားသခင်၏ သိက္ခာတို့သည် အပြစ်သားများ ရှေ့သို့ ဝါးမျိုသည့်မီးပမာ ထွက်သည့်အခါ အပြစ်သားများက ဘုရားသခင်၏ စင်ကြယ်မှု၊ အတ္တမဲ့မှု၊ ကရုဏာများကို ၎င်းတို့၏အတ္တ၊ ဓာတ်ဆိုး၊ ဓာတ်ညစ်၊ စိတ်မလုံမှုများနှင့် ယှဉ်ကာ ၎င်းတို့၏သန္တာန်တွင် လောင်မြိုက်လျက်ရှိ၏။ ခရစ်တော်ကြွလာသည့်အခါတွင် လည်း အပြစ်သားတို့သည် ခရစ်တော်၏ ဘုန်းရောင်ကြောင့် သေကြမည်ဖြစ်၏။

"ထို့နောက် တရားမဲ့သောသူသည် ထင်ရှားလာလိမ့်မည်။ သခင်ယေရှုသည် ထိုသူ ကို မိမိနှုတ်တော်မှထွက်သက်လေအားဖြင့် ကွပ်မျက်၍ မိမိ ကြွလာတော်မူခြင်း၏ ရောင်ခြည်အားဖြင့် ပယ်ဖျက်တော်မူလိမ့်မည်။" - သက်သာလောနိတ်ဩဝါဒစာ ဒုတိယစောင် ၂:၈

ခရစ်တော်ဘုရားသည် ခမည်းတော်၏ ဘုန်းရောင်တော်ဖြစ်၏ - ဟေဗြဲ ၁:၃။ ခမည်းတော် ၏ ဘုန်းတော်သည် ၎င်း၏သိက္ခာပုဒ်စစ်စုံများဖြစ်၏ - ထွက်မြောက်ရာကျမ်း ၃၃:၁၈၊ ၃၄:၆၊ ၇။ ချစ်နှစ်သက်စရာကောင်းသော ခရစ်တော်ဘုရား၏ သိက္ခာပုဒ်စစ်စုံတို့သည် လည်း ၎င်းပြန်၍ ကြွလာသည့်အခါ၌

အကုန်အစုံထုတ်ပြမည်ဖြစ်ပြီး ထိုထင်ပြမှုသည် ဖြောင့်မတ်သူများအတွက် ပီတိမည်ကာ ဆိုးသွမ်းသူများအတွက် မရဏာမည်မည့် မီး ဖြစ်မည်ဖြစ်၏။

> "ဘုရားသခင်၏ အမျက်တော်ခွက်၌ မည်သည့်အရာမျှမရောစပ်ဘဲ လောင်းထည့်သည့် ကိုယ်တော်၏ပြင်းစွာသောဒေါသစပျစ်ဝိုင်ကို သောက်ရလိမ့်မည်။ ထိုသူသည် သန့်ရှင်းသောကောင်းကင်တမန်များနှင့် သိုးသငယ်တော်၏ရှေ့မှောက်တွင် ကန့်နှင့်မီးတို့ထဲ၌ ညှဉ်းဆဲခြင်းကို ခံရလိမ့်မည်။" - ဗျာဒိတ်ကျမ်း ၁၄:၁၀

"ကန့်" သည် ဂရိပါဠိ၌ theion ဖြစ်ပြီး ဘုရားဟုအဓိပ္ပာယ်ရသည့် Theos မှ မြစ်ဖျားခံ၏။ ဘုရားနံ့သာ အနက်ဆောင်၏။ ဝင်းလက်သည်ဟုလည်း အနက်ရှိ၏။ ကောင်းကင်ဘုံ ဗိမာန်တော်ရှိ နံ့သာမီးအကြောင်းရှုသည့်အခါ မီးနှင့်ဆက်နွှယ်ကြောင်းကို သတိပြုနိုင်၏။

> "တစ်ဖန် အခြားသောကောင်းကင်တမန်တစ်ပါးသည် နံ့သာပူဇော်ရာ ရွှေခွက်ကိုကိုင်လျက် ယဇ်ပလ္လင်အနားသို့လာ၍ရပ်လေရာ သန့်ရှင်းသူအပေါင်းတို့၏ ဆုတောင်းချက်များနှင့်ပေါင်းစပ်၍ ပလ္လင်တော်ရှေ့၌ရှိသည့် ရွှေယဇ်ပလ္လင်ပေါ်တွင် ဆက်ကပ်ရန် **များစွာသောနံ့သာပေါင်းကို သူ့အား ပေးလေ၏။** (၄) ထိုအခါ နံ့သာပေါင်း၏အခိုးအငွေ့သည် သန့်ရှင်းသူတို့၏ ဆုတောင်းချက်များနှင့်အတူ ကောင်းကင်တမန်၏လက်ထဲမှ ဘုရားသခင်၏ ရှေ့တော်သို့တက်သွားလေ၏။ (၅) **ထို့နောက် ထိုကောင်းကင်တမန်သည် နံ့သာပူဇော်ရာခွက်ကိုယူ၍ ၎င်းကို ယဇ်ပလ္လင် ၏ မီးနှင့်ပြည့်စေပြီး**လျှင် မြေကြီးပေါ်သို့ပစ်ချလိုက်ရာ လျှပ်စီးလက်ခြင်း၊ အသံ မြည်ဟည်းခြင်း၊ မိုးချုန်းခြင်းနှင့် ငလျင်လှုပ်ခြင်းများ ဖြစ်ပေါ်လေ၏။" - ဗျာဒိတ် ကျမ်း ၈:၃-၅

နံ့သာဆီမီးသည် ဘုရားသခင် ကိန်းဝပ်မှုကို မီးဖြင့်ပြခြင်းဖြစ်၏။ ကန့်၏ဆိုလိုရင်းသည် ဤအကြောင်းကြီးဖြစ်၏။ ဟေရှာယကျမ်း၌လည်း အောက်ပါအတိုင်းတွေ့ရ၏။ ။

"ကြည့်ရှုလော့။ ထာဝရဘုရား၏ နာမတော်သည် ဝေးသောအရပ်မှ လာ၏။ အမျက်တော်လောင်၍ မီးလျှံ ဟုန်းလေ၏။ နှုတ်တော်သည် အမျက်နှင့် ပြည့်၍၊ **လျှာတော်သည် မီးရှို့သကဲ့သို့ ဖြစ်လေ၏။** (၂၈) ထွက်သက်တော်သည်လည်း၊ လူမျိုးတို့ကို ရှင်းရှင်းဖျက်ဆီးခြင်းငှာ၊ လွှမ်းမိုးသောရေကဲ့သို့ လည်ပင်းကို မှီလိမ့်မည်။ လမ်းလွဲစေသောဇက်ကို သူတို့ပစပ်၌ ခွံ့တော်မူလိမ့်မည် ... (၃၀) ထာဝရဘုရားသည်လည်း ဘုန်းကြီးသောအသံတော်ကို လွှတ်တော်မူလိမ့်မည်။ လက်ရုံး တော်သက်ရောက်ခြင်း၊ ပြင်းစွာအမျက်ထွက်ခြင်း၊ **မီးလျှံလောင်ခြင်း၊ မိုဃ်းသီးပါ လျက်၊ မိုဃ်းသက်မုန်တိုင်းများတို့ကို ပြတော်မူလိမ့်မည်** ... (၃၃) အကြောင်းမူ ကား၊ တောဖက်အရပ်သည် ရှေးကာလ၌ စီရင်လျက်ရှိ၏။ အကယ်စင်စစ် ရှင် ဘုရင်အဘို့ ပြင်ဆင်လျက်ရှိ၏။ နက်နဲကျယ်ဝန်းစေခြင်းငှာ ဖန်ဆင်းတော်မူပြီ။ မီးရှို့ဘို့ ထင်းပုံကြီးလည်းရှိ၏။ **ထာဝရဘုရား၏ ထွက်သက်တော်သည် အရည် ကျိုသောကန့်ကဲ့သို့၊ ထိုထင်းပုံကို မီးရှို့ရလိမ့်မည်။**" - ဟေရှာယ ၃၀:၂၇၊ ၂၈၊ ၃၀၊ ၃၃

"သို့ဖြစ်၍၊ ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ သူတို့သည် ထိုသို့ဆိုသောကြောင့်၊ **ငါ့စကားကို သင်၏နှုတ်၌ မီးကဲ့သို့၎င်း၊ ဤလူမျိုးကိုထင်းကဲ့သို့၎င်း ငါဖြစ်စေ၍ သူတို့ကို မီးလောင်ရလိမ့်မည်။**" - ယေရမိ ၅:၁၄

" ... အကြောင်းမူကား၊ မေတ္တာသည် သေခြင်းနှင့်အမျှ တန်ခိုးကြီးပါ၏။ ခင်ပွန်းကို မယုံသော စိတ်သဘောသည် မရဏာနိုင်ငံနှင့်အမျှ ခက်ထန်ပါ၏။ သူ၏အရှိန် သည် မီးအရှိန်၊ လျှပ်စစ်အရှိန်ဖြစ်ပါ၏။" - ရှောလမုန် သီချင်း ၈:၆

ဘုရားသခင်၏ မေတ္တာတော်သည် အဂ္ဂိပမာဖြစ်ပြီး ထိုမေတ္တာသည် ဖြောင့်မတ်သူများ၏ သန္တာန်၌ လောင်မြိုက်လျှင် တင့်တယ်၏။ တပည့်တော်များ ပင်တေကုတ္တေပွဲနေ့၌ အနီကို ကြုံခဲ့ကြ၏။

"ထိုအခါ ပြင်းထန်သော လေတိုက်ခတ်သံနှင့်တူသည့် အသံသည် ကောင်းကင်မှ ရုတ်တရက်ပေါ်ထွက်လာ၍ သူတို့ထိုင်နေသော အိမ်တစ်အိမ်လုံးကို ဖုံးလွှမ်းလေ၏။ (၃) **ထို့နောက် ဖြာထွက်သည့် မီးလျှံကဲ့သို့သောလျှာ**များသည် သူတို့ရှေ့၌ပေါ်ထွက်လာ၍ သူတို့တစ်ဦးစီအပေါ်တည်လေ၏။" - တမန်တော်ဝတ္ထု ၂:၂၊ ၃

သမ္မာကျမ်းစာတော်မြတ်က ခမည်းတော်၏သိက္ခာပုဒ်မီးကို ခံနိုင်မည့်ပုဂ္ဂိုလ်များရှိမည်ဟု ဆို၏။ ဘုရားသခင့်မေတ္တာတော်မီး၌ အစဉ်အလောင်ခံရမည့် သူတော်စဉ်များရှိ၏။ ဘုရား သခင်သည် လောင်သောမီးဖြစ်၏ - ဟေဗြဲ ၁၂:၂၉။ အပြစ်သားများ အပြစ်ဖြင့် ပျက်စီးချိန် ခရစ်တော်ဘုရား၏ သိက္ခာတော်ကို ကိုးစားသူများ၏ သန္တာန်သည် မေတ္တာတရား၊ ကတ ဝေဒီ တရားတို့ဖြင့် လောက်မြိုက်မည်ဖြစ်၏။

"အပြစ်ရှိသော ဇိအုန်မြို့သားတို့သည် ကြောက်ကြ၏။ အဓမ္မပြုသော သူတို့သည် ထိတ်လန့်ကြ၏။ **ငါတို့တွင် အဘယ်သူသည် လောင်သောမီးထဲမှာ နေရမည်နည်း။ ငါတို့တွင် အဘယ်သူသည် ထာဝရမီးလောင်ခြင်းကို ခံလျက်နေရမည်နည်း။** (၁၅) တရားသဖြင့်ကျင့်၍ ဖြောင့်မတ်စွာ ပြောထသော၊ ညှဉ်းဆဲခြင်းအားဖြင့် ရသောငွေ ကို ရွံ၍၊ တံစိုးကိုလည်း ငြင်းပယ်ထသော၊ လူအသက်သတ်ခြင်းအမှုကို နားမခံ၊ အဓမ္မအမှုများကို မကြည့်မရှုသောသူသည် မြင့်သောအရပ်၌ နေလိမ့်မည်။" - ဟေရှာယ ၃၃:၁၄၊ ၁၅

ကမ္ဘာကြီးကို နိဂုံးချုပ်သည့်အခါ အပြစ်သားများသည် ၎င်းတို့၏အကျိုးကို ရကြမည်ဖြစ်၏။ မည်သူက ထိုအကျိုးများကို ပေးသနည်း။

"အပြစ်၏အခသည် သေခြင်းဖြစ်၏" ... ရောမ ၆:၂၃

အပြစ်သည် အကျိုးကိုပေး၏။ ၎င်းတို့၏ဘဝတစ်လျှောက် ခရစ်တော်ဘုရား၏ နားချမှုကို ဥပေက္ခာပြုကြခြင်းက ၎င်းတို့ကို စိတ်မလုံဖြစ်စေ၏။ ၎င်းတို့၏ အယုတ္တအနတ္တစကား များ၊ ကြမ်းတမ်းရမ်းကားခြင်းများဖြင့် ခရစ်တော်သည် နေ့စဉ်

အဓမ္မပြုခံရ၏။ အပြစ်သား က ခရစ်တော်အပေါ် မကောင်းခဲ့ကြောင်း မြင်တတ်သည့်အခါ ၎င်းကိုယ်ကို သေထိုက် ကြောင်း ဆင်ခြင်မိလာ၏။ "ငါ့အပြစ်သည် မဖြေနိုင်လောက်သည်အထိကြီးပြီ" ဟု ဆို သည့် ကာဣနနှင့်ပမာဆင်၏။

ထိုစိတ်မလုံမှုအလုံးစုံကို ခရစ်တော်ဘုရားက လက်ဝါးကားတိုင်၌ ခေါင်းရွက်ခဲ့၏။ ၎င်း သည် ငရဲမီးကိုခံခဲ့၏။ ၎င်းသည် ငါတို့အကျိုးအတွက် အပြစ်ဖြစ်ခဲ့ကာ အပြစ်၏အကျိုး တရားကို ၎င်းက ခေါင်းခံခဲ့ရ၏။ လက်ဝါးကားတိုင်၌ ၎င်းခံခဲ့သည်မှာ ကမ္ဘာသမိုင်းပိတ် သိမ်းမည့်အချိန်၌ အပြစ်သားများခံရမည့် အကျိုးဖြစ်၏။

> "သူတို့သည် ကမ္ဘာမြေကြီး၏ ကျယ်ပြန့်သောအရပ်သို့ ချီတက်လာ၍ သန့်ရှင်းသူ တို့၏စခန်းနှင့် ချစ်တော်မူသောမြို့ကိုဝိုင်းကြ၏။ ထိုအခါ ကောင်းကင်မှ မီးကျလာ ၍ သူတို့ကိုလောင်ကျွမ်းလေ၏။ (၁၀) သူတို့ကို လှည့်ဖြားသောမာရ်နတ်သည် လည်း သားရဲနှင့်ပရောဖက်အတုအယောင်တို့ရှိရာ ကန့်နှင့်ရောသောမီးအိုင်ထဲသို့ ပစ်ချခြင်းခံရ၏။ သူတို့သည် ထိုနေရာ၌ နေ့ရောညပါ ကမ္ဘာအဆက်ဆက် ညှဉ်းဆဲ ခြင်းကို ခံရကြလိမ့်မည်။" - ဗျာဒိတ်ကျမ်း ၂၀:၉၊ ၁၀

မာရ်နတ်သေပွဲဆင်ရမည့်ပုံကို သမ္မာကျမ်းစာက ပြထား၏။

> "သင့်အပြစ်သည်များပြား၍ ကုန်သွယ်ခြင်း အဓမ္မအားဖြင့်၊ သန့်ရှင်းရာဌာနတို့ကို ညစ်ညူးစေသောကြောင့်၊ **သင့်ကိုမီးရှို့ဘို့ သင့်အလယ်၌ မီးကိုငါညှို့မည်။** သင့်ကို မြင်သော သူအပေါင်းတို့ရှေ့မှာ၊ သင်၏ပြာကို မြေပေါ်သို့ငါချထားမည်။" - ယေဇကျေလ ၂၈:၁၈

အနီကျမ်းပိုဒ်က မည်သို့ဖြစ်ပျက်မည်ကို အက္ခရာစဉ်ပြထား၏။ ။

၁။ ၎င်းကိုယ်တိုင်၏ အပြစ်များနှင့် လူများကို အပြစ်ပြုစေသောကြောင့် ၎င်းသည် ညစ်ညူး၏။

၂။ "**သောကြောင့်**" ဆိုသည့် ဝေါဟာရက အကျိုးလိုက်လာကြောင်း ပြ၏။

၃။ *သင့်အလယ်၌ မီးကို ငါညှိမည်* — စိတ်မလုံသည့်မီး။ ဘုရားသခင်က မည်သို့ ညှိမည်နည်း။ ပညတ်တော်၌ရှိသည့် ၎င်း၏သိက္ခာစစ်စုံတို့က ညှိမည်။

၄။ **၎င်း**က သင့်အားဝါးမျိုမည်။ မာရ်နတ်၏စိတ်မလုံမှုမှလာသည့်မီးက ၎င်းကို ဝါးမျို မည်။

၅။ **ထို့နောက်တွင်** မာရ်နတ်သည် ပြာကျမည်။

မာရ်နတ်သည် ဘုရားရှေ့၌ ၎င်း၏မကောင်းမှုခပ်သိမ်းကို မမြင်ကွယ်ရာမပြုနိုင်ပါ။ ဘုရား သခင်၏ မွန်မြတ်စင်ကြယ်ခြင်းက မိမိအဖြစ်ကို ပကတိအတိုင်းမြင်စေကာ သန္တာန်တွင် မီး တောက်တော့၏။ ဤအဆင့်ဆင့်တို့က မာရ်နတ်ကို ဝါးမျို၏။ ထို့အပြီးတွင် ၎င်းသည် ပြာပုံဖြစ်တော့၏။

အပြစ်သားတို့၏ နိဂုံးအကြောင်း သေရဒုတိယတွဲ၌ အောက်ပါအတိုင်း ရှင်းထား၏။

> "ငါ့သားသည်၊ တိုင်းနိုင်ငံများ၏ ဆိုးသောတီထွင်ချက်များကို အပြစ်တင်လိမ့်မည်။ အကြောင်းမှာ သူတို့၏ ဆိုးသော အသက်တာသည် မိုးသက်မုန်တိုင်းထဲသို့ ကျလေပြီ။ သူတို့၏ ဆိုးညစ်သောအတွေးတို့ ကို သူတို့ရှေ့တွင် ငါချထားမည်။ သူတို့ပြုသော မီးတောက်ညှင်းဆဲခြင်းအားဖြင့် သူတို့ ညှင်းဆဲခံရလိမ့်မည်။ ငါ့အပေါ် ပညတ်တရားမဲ့ပြုခဲ့သကဲ့သို့ သူတို့ကို ငါဖျက်ဆီးမည်။" - ၂ သေရ ၁၃:၃၇၊ ၃၈

အပြစ်သားများကို ဆိုးကျိုးခံစေသည် ပညတ်တော်သည် အကယ်တွင် သံမဏိ ပညတ်ဖြစ်ငြား မေတ္တာအရင်းခံဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်၏။ ငါတို့၏ကယ်တင်ရှင် သည် အပြစ်ပေးရန် ဤကမ္ဘာသို့ကြွခဲ့ခြင်း မဟုတ်ပါ။ လူသားများ ကယ်တင်ခြင်း

ရရန်ရှယ်ကာ ကြွခဲ့ခြင်းဖြစ်၏။ ပညတ်တော်သည် မေတ္တာမူလခဲဖြစ်ပြား ဘုရားသခင်၏ သိက္ခာစစ်စုံများက အပြစ်သားတို့၏စိတ် မလုံစေပါ။

"ထာဝရဘုရားသည် သိနာတောင်ပေါ်က ကြွတော်မူ၏။ စိရအရပ်မှ ထိုလူတို့အား နေထွက်တော်မူ၏။ ပါရန်တောင်ပေါ်က ရောင်ခြည်ထွန်းပတော်မူ၍၊ သန့်ရှင်းသောသူ အထောင်အသောင်းတို့နှင့်အတူ ကြွတော်မူ၍၊ **ဓမ္မမီးသည် ဣသရေလလူတို့အဘို့** လက်ျာလက်တော်မှ **ထွက်လေ၏။** (၃) **အကယ်စင်စစ် ထိုလူမျိုးကို ချစ်တော်မူ၏။** မိမိသန့်ရှင်းသူ အပေါင်းတို့သည် အထံတော်ပါးတွင်ရှိကြ၏။ သူတို့ သည် ခြေတော်ရင်း၌ပျပ်ဝပ်၍ စကားတော်တို့ကို နားခံကြလေ၏။" - တရားဟော ရာကျမ်း ၃၃:၂၊ ၃

အပြစ်သားများ ပြာပုံဖြစ်ကြမည့်အကြောင်းလည်း မည်သို့နည်း။

"မတရားသော သူတို့ကိုလည်း နင်းကြလိမ့်မည်။ ထိုသို့ ငါစီရင်သော နေ့ရက်၌ သူတို့သည် သင်တို့ ခြေဘဝါးအောက်၌ မြေမှုန့်ကဲ့သို့ပ ဖြစ်ကြလိမ့်မည်ဟု ကောင်း ကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ၏။" - မာလခိ ၄:၃

အပြစ်၏အခကို ပေးသည့်တစ်နေ့တွင် အပြစ်သားများသည် ဘုရားသခင်၏စင်ကြယ်မှုရှုကွက်ဆင်းရင်းဖြင့် ၎င်းတို့သည် သေပွဲဆင်ရမည်ဖြစ်၏။ ထို့အပြီးတွင်မှ ၎င်းတို့သည် ပြာပုံဖြစ်ကြပါမည်။

"ဘုရားသခင်၏နေ့ရက်ကိုစောင့်မျှော်၍ ထိုနေ့ရက်၏ရောက်ရှိလာခြင်းကို လျင်မြန်စေသင့်၏။ ထိုနေ့၌ ကောင်းကင်သည် လောင်မြိုက်ခြင်းခံရလျက် ပျက်သုဉ်းသွားလိမ့်မည်။ လောကဓာတ်တို့သည်လည်း ပြင်းထန်သောအပူရှိန်ဖြင့် အရည်ပျော်သွားကြလိမ့်မည်။" - ရှင်ပေတရုဩဝါဒစာ ဒုတိယစောင် ၃:၁၂

အပြစ်သားများ၏ အန္တိမလားရာသည် သူတကာကို အန္တရာယ်ပေးသည့် ခွေးရူးတိုက်ပေးခြင်းနှင့် ပမာဆင်၏။ ထို့ကြောင့် ထိုတိရစ္ဆာန်တို့ကို နှိပ်ကွပ်ရာ၏ဟု ဆိုသူလည်း များစွာ

ရှိ၏။ အနိဋ္ဌပမေယျ၏ ချို့ယွင်းချက်ကား ခွေးပိုင်ရှင်သည် ၎င်း၏ခွေးကို နေ့များစွာ တအူအူ အူစေကာ မျှဉ်းမသတ်မည့်အကြောင်း ဖြစ်၏။ အနိဋ္ဌဉ်သည် စိတ်နှလုံး ကောက် ကျစ်သူများထံမှလာ၏။ ကောင်းကင်ဘုံရှိ ခမည်းတော်သည် ထိုသို့ မျှဉ်းသတ်မည် မဟုတ်။ ဘုရား၏မဟာမေတ္တာတော်အကြောင်း သင်သိသည့်အခါ ဘုရားသည် ၎င်း၏ သားပေါင်းအသင်းချေ်ကို မျှဉ်းသတ်မည်ဟု သင် မမှတ်နိုင်ဖြစ်မည်။ ခရစ်ယာန်သာသနာ အတွင်း၌ ဘုရားက ထာဝရညှဉ်းဆဲမည်ဟု မှတ်ကြရခြင်းမှာ ကားတိုင်၏ စီမံပေးမှု အမှန်ကို သန္တာန်တွင်းသို့ အဝင်မခံ တောင့်ခံကြခြင်းကြောင့်ဖြစ်၏။ အပြန်အလှန်အားဖြင့် မံသနှလုံးသားသည်လည်း ဘုရားသခင်၏ ကောင်းမြတ်မှုတစ်ဖက်၌ မာကြောကာ တပည့် တော်များအတိုင်း ဘုရားသခင်သည် အပြစ်သားတို့ကို အရှင်လတ်လတ် မီးသင်္ဂြိုဟ်မည် ဟူသည့် အတွေးဝင်တော့၏။

၎င်း၏သားတော်ရောင်ဝါကွန့်မြူးသည့်အခိုက်၌ ခမည်းတော်သည် မည်သို့မိန့်ခဲ့ကြောင်း တပည့်တော်တို့၏အဖြစ်မှ ငါတို့ တရားယူကြအံ့ - "သူ၏စကားကို နားထောင်ကြလော့" ဖြစ်၏။ "သင်တို့သည် ပြောင်းလဲ၍ သူငယ်ကဲ့သို့မဖြစ်လျှင် ကောင်းကင်နိုင်ငံတော်ကို မရောက်ရကြ" ဟူသည့် ခရစ်တော်ဟောခဲ့သည့် တရားထူးကို နားစိုက်ကြကုန်အံ့။ ရှင်မောရှေအား ၎င်း၏မျက်နှာကို ပိတ်ဖြင့်ဖုံးရန် တောင်းဆိုသည့် ဣသရေလလူမျိုးများ ကဲ့သို့ သင့်စိတ်ကို ကျောက်သဘော်မဖြစ်ပါစေနှင့်။

> "သို့ဖြစ်၍ ထိုမျိုးဆက်ကို ငါအမျက်ထွက်ပြီး 'သူတို့သည် စိတ်နှလုံးထဲ၌ အစဉ် လမ်းလွဲ၍ ငါ၏လမ်းကိုမသိကြ' ဟု ငါဆို၏။ (၁၁) ထို့ကြောင့် အမျက်တော် အားဖြင့် ငါတိုင်တည်ပြောဆိုသကဲ့သို့ သူတို့သည် ငါ၏ ငြိမ်ဝပ်ရာချမ်းသာထဲသို့ ဝင်ရကြမည်မဟုတ်"ဟု မိန့်တော်မူသည့်အတိုင်း (၁၂) ညီအစ်ကိုတို့၊ သင်တို့တွင် မယုံကြည်တတ်သော ဆိုးညစ်သည့် စိတ်နှလုံးရှိသဖြင့် အသက်ရှင်သော ဘုရား သခင်ထံတော်မှ ထွက်ခွာသွားမည့်သူ တစ်စုံတစ်ဦးမျှမရှိစေရန်

သတိပြုကြလော့။ (၁၃) **သင်တို့တွင် အပြစ်တရား၏လှည့်ဖြားမှုကြောင့် မည်သူမျှ စိတ်နှလုံးမာ ကျောခြင်းမရှိစေရန် ယနေ့**ဟုခေါ်ရသောအချိန်ရှိနေသရွေ့ နေ့စဉ် အချင်းချင်း တိုက်တွန်းနှိုးဆော်ကြလော့။ (၁၄) အကြောင်းမူကား ငါတို့သည် အစ၌ရှိသော စိတ်ချမှုကို အဆုံးတိုင်အောင် ခိုင်မြဲစွာစွဲကိုင်ထားလျှင် ခရစ်တော်နှင့် စပ်ဆိုင်သောသူများဖြစ်ကြ၏။ (၁၅) ကျမ်းစာ၌ 'ယနေ့ သင်တို့သည် ကိုယ်တော်၏ အသံကိုကြားလျှင် ဆန့်ကျင်ဘက်ပြုကြစဉ်ကကဲ့သို့ **သင်တို့စိတ်နှလုံးကို မမာကျောစေကြနှင့်'** ဟု ဆိုထား၏။" - ဟေဗြဲသြဝါဒစာ ၃:၁၀-၁၅

ကားတိုင်၏ စွန့်လွှတ်မှုလမ်းစဉ်ကို သင်မရွေးဘဲ သမ္မာကျမ်းစာတော်မြတ်ကို ယနအခံဖြင့် လေ့လာကာ ပုထုဇဉ်သန်းများစွာ ဒုက္ခကြုံ သေကြေရခြင်းတို့သည် ဘုရားကြောင့်ဟု တံဆိပ်ကပ်လျှင် သင်သည် အန္တရာယ်ဇုံအတွင်းကျသူ ဖြစ်ပါပြီ။ ဘုရားသခင်၏ ခေါ် တော်မူခြင်းကို သင် ယနေ့ကြားရလျှင် သင့်စိတ်ကို မမာထန်ပါစေနှင့်။

## ၈။ အဘယ်ကြောင့် ကျောက်ခဲဖြင့်သတ်ရန် ပြဋ္ဌာန်းရသနည်း

ခန္တီလမ်းစဉ်ကို မလိုက်လိုစိတ်က တပည့်တော်များအား အဂါရဝသမားရှာမာရိများကို သတ်လိုစိတ် ရှိခဲ့၏။ ယုဒခေါင်းဆောင်များလည်း ထိုစိတ်ရှိကာ ယေရှုကို သတ်လိုစိတ် ရှိစေခဲ့၏။ ယုဒအမျိုးသားများက ယေရှုဘုရားအား ၎င်း၏ဝါဒ၊ အပြုအမူများနှင့် ပြန်တုပ် ရန် အကွက်ချောင်းခဲ့ကြ၏။ ၎င်းတို့၏ အကွက်များစွာမှတစ်ခုကို ရှင်ယောဟန်ခရစ်ဝင် ကျမ်း၌ ဆိုထား၏။

> "အရုဏ်တက်ချိန်၌ ဗိမာန်တော်သို့ နောက်တစ်ဖန်ကြွတော်မူရာ လူအပေါင်းတို့သည် အထံတော်သို့ရောက်လာကြသဖြင့် ကိုယ်တော်သည် ထိုင်၍သူတို့အား သွန်သင်တော်မူ၏။ (၃) ထိုအခါ ကျမ်းပြုဆရာတို့နှင့် ဖာရိရှဲတို့သည် အိမ်ထောင် ရေးဖောက်ပြန်မှုကို ကျူးလွန်သည့်အတွက် အဖမ်းခံရသောမိန်းမတစ်ယောက်ကို ခေါ်ဆောင်လာ၍ အလယ်၌ထားပြီးလျှင် (၄) ' ဆရာ၊ ဤမိန်းမသည် အိမ်ထောင် ရေးဖောက်ပြန်မှုကို ကျူးလွန်နေစဉ်၌ပင် အဖမ်းခံရပါသည်။ (၅) မောရှေသည် ဤသို့သောမိန်းမမျိုးကို ခဲနှင့်ပေါက်သတ်ရန် ပညတ်တရား၌ အကျွန်ုပ်တို့အား ပညတ်ထားပါသည်။ ဆရာကား မည်သို့ဆိုမည်နည်း' ဟု ကိုယ်တော်အားလျှောက် ကြ၏။" - ရှင်ယောဟန်ခရစ်ဝင် ၈:၂-၅

ဖာရိရှဲများက ဤအကွက်သည် ပြီးပြည့်စုံသည့်ထောင်ချောက်ဟု မှတ်ကြ၏။ ယေရှုသည် မာတုဂါမကိုကယ်လျှင် ရှင်မောရှေပညတ်များကို ကျူးလွန်သည်ဟု ၎င်းကို စွပ်စွဲကြမည် ဖြစ်၏။ မာတုဂါမအား သတ်ရမည်ဟုမိန့်လျှင် ၎င်းကို ဆူပူထကြွစေသူဟု ရောမ အစိုးရထံ တိုင်မည်ဖြစ်၏။ ယေရှုက ၎င်းသည် ပညတ်တော်များ၊ ရှေးထုံးများကို ချေဖျက်ရန် ကြွခဲ့ ခြင်းမဟုတ်ကြောင်း ပညတ်တော်ထဲရှိ အငယ်ဆုံးဗိန္ဒုတစ်လုံးကို ပြောင်းရန်ပင်မကြွခဲ့ ကြောင်း မိန့်ခဲ့၏။ ရှင်မောရှေက အောက်ပါအတိုင်း ပြဋ္ဌာန်းခဲ့၏။

။

"သူ့မယားကို ပြစ်မှားသောသူသည် မှားယွင်းသောမိန်းမနှင့်တကွ အသေသတ်ခြင်းကို အမှန်ခံရမည်။" - ဝတ်ပြုရာကျမ်း ၂၀:၁၀

"ထိုသူနှစ်ယောက်တို့ကို မြို့တံခါးဝသို့ ထုတ်ဆောင်ပြီးလျှင် ကျောက်ခဲနှင့်ပစ်၍ အသေသတ်ရကြမည်။ မိန်းမသည် မြို့ထဲမှာရှိလျက်ပင် မအော်မဟစ်သောကြောင့်၎င်း၊ ယောကျ်ားလည်း သူ့မယားကို ရှုတ်ချသောကြောင့်၎င်း၊ ထိုသူနှစ်ယောက်တို့သည် အသေသတ်ခြင်းကိုခံရမည်။ ထိုသို့ သင်တို့တွင် ဒုစရိုက်အပြစ်ကို ပယ်ရှားရကြမည်။" - တရားဟောရာ ကျမ်း ၂၂:၂၄

အနီမာတုဂါမကို ကာမဖောက်ပြန်စဉ် လက်ပူးလက်ကြပ် မိခဲ့၏။ ပညတ်တော်အရ သူမသည် ကျောက်ခဲဖြင့်ပေါက်သတ်ရမည်။ ယခုတွင် အနီမာတုဂါမသည် ပညတ်တော်ကို ပြဋ္ဌာန်းခဲ့သူ၏ ခြေတော်ရင်းတွင် အမိန့်ချခံရန်ရောက်ပြီ။ ဘုရားသခင်၏သားတော်သည် သိနာတောင်ပေါ်၌ ပညတ်တော်ကို ပြဋ္ဌာန်းခဲ့သည့် ဘုရားဖြစ်ကြောင်း ငါတို့ အမှတ်ရှိရပါမည်။

"သို့ဖြစ်လျှင် ပညတ်တရားသည် အဘယ်ကြောင့်ရှိရသနည်း။ ၎င်းသည် ကတိတော်ကိုခံရသော အမျိုးအနွယ်ပေါ်ထွန်းသည်အထိ ဖောက်ဖျက် ကျူးလွန်မှုများကြောင့် ဖြည့်စွက်ထားခြင်းခံရပြီး **ကောင်းကင်တမန်များမှတစ်ဆင့် ကြားဝင်စေ့စပ်သူအားဖြင့် ပြဋ္ဌာန်းခြင်းခံရ၏။**" - ဂလာတိဩဝါဒ စာ ၃:၁၉

"အကြောင်းမူကား ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၍ **ဘုရားသခင်နှင့် လူတို့စပ်ကြားတွင် ကြားဝင်စေ့စပ်သူလည်း တစ်ပါးတည်းရှိတော်မူ၏။** ထိုအရှင်ကား လူဖြစ်သောခရစ်တော်ယေရှုပေတည်း။" - တိမောသေ ဩဝါဒစာပထမစောင် ၂:၅

ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည့် ယေရှုဘုရားသည် "သူ့မယားကို မပြစ်မှားနှင့်" ဟု ပညတ်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်၏။ ယခုတွင် မာတုဂါမသည် ၎င်း၏ရှေ့မှောက်၌ရှိ၏။ သူမကို စွပ်စွဲသူများက ယေရှုမည်သို့စီရင်မည်ကို

အကွက်ချောင်းနေကြ၏။ ယေရှုလည်း အောက်သို့ငုံ့၍ မြေကြီးပေါ်၌ စာရေးအပြီး အောက်ပါအတိုင်း ၎င်းတို့ကို မိန့်ခဲ့၏။ ။

> "သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေ့ဦးစွာ ကျောက်ခဲနှင့်ပစ်စေ" - ရှင်ယော ဟန် ၈:၇

ဤဝါစာသည် စိတ်ဝင်စားဖွယ်ဖြစ်ပြီး ဖာရိရှဲတို့၏ထုံးနှင့် ခြားနား၏။ ၎င်းတို့က ဤသို့ မတွေးခဲ့ဖူးကြ။ ယေရှုက ဘုရားကိုပြစ်မှားပုတ်ခတ်သူကို ကျောက်ခဲဖြင့် ပေါက်သတ်ရ မည့် အခြားစီရင်ထုံးကို မောရှေထံပေးခဲ့ခြင်းသာဖြစ်၏။

> "ထာဝရဘုရား၏နာမတော်ကို ပြစ်မှားသောသူသည် အသေသတ်ခြင်းကို အမှန် ခံရမည်။ ပရိသတ်အပေါင်းတို့သည် ထိုသူကို အမှန်ကျောက်ခဲနှင့်ပစ်ရကြမည်။ အမျိုးသားချင်းဖြစ်စေ၊ တစ်ပါးအမျိုးသားဖြစ်စေ၊ နာမတော်ကိုပြစ်မှားလျှင် အသေသတ်ခြင်းကိုခံရမည်။ (၁၇) လူအသက်ကို သတ်သောသူသည်လည်း အသေ သတ်ခြင်းကို အမှန်ခံရမည်။" - ဝတ်ပြု ရာကျမ်း ၂၄:၁၆၊ ၁၇

> "သင်သည် ဣသရေလအမျိုးသား ပရိသတ်အပေါင်းတို့အား ဆင့်ဆိုရမည်မှာ၊ သင်တို့၏ဘုရားသခင် ငါထာဝရဘုရားသည်သန့်ရှင်းသောကြောင့်၊ သင်တို့ လည်း သန့်ရှင်းခြင်းရှိကြလော့။" - ဝတ်ပြုရာကျမ်း ၁၉:၂

ဤ၌ ဘာဖြစ်ပျက်နေသနည်း။ ဘုရားသခင်ကို ပြစ်မှားပုတ်ခတ်သူကို ကျောက်ခဲဖြင့် ပေါက်သတ်ရမည်။ သို့သော် တစ်ပါးသူကို သတ်သူကို သေဒဏ်ပေးရမည်။ သို့ဖြစ်၍ လူတစ်ဦးသည် အခြားတစ်ဦးကို ကျောက်ခဲနှင့်ပေါက်သတ်လျှင် လူသတ်ခြင်းပင် မဟုတ် လော။ သို့ဖြစ်ရာ ၎င်းလည်း သေထိုက်သည်မဟုတ်လော။ ထို့ကြောင့် ယေရှုဘုရားက အပြစ်မရှိသူကသာ အခြားတစ်ဦးကို သေမိန့်ချထိုက်သည်ဟု

ဆိုခြင်းလော။ ယေရှုဘုရား တစ်ဦးတည်းသာ အပြစ်မရှိသူဖြစ်ကာ ၎င်းက မည်သို့စီရင်ခဲ့သနည်း။

ယေရှုဘုရားသည် ဗိမာန်တော်ပရိဝုဏ်တွင်းရှိ မြေပြင်၌ စာရေးခြင်းသည် ၎င်းက ပညတ်တော်၏ အကြောင်းရင်းခံကို ပြခြင်းဖြစ်၏။ ခင်ပွန်းသည် တစ်ဦးက ၎င်း၏ဇနီးသည် ကာမဖောက်ပြန်သည်ဟု သံသယဝင်လျှင် ပုရောဟိတ်ထံခေါ်ကာ ပညတ်တော်အတိုင်း စီရင်စေခွင့်ရှိ၏။

> "ယဇ်ပုရောဟိတ်သည်၊ ထိုပူဇော်သက္ကာကိုယူ၍ **ထာဝရဘုရား**ရှေ့တော်၌ ထားရမည်။ (၁၇) ယဇ်ပုရောဟိတ်သည် သန့်ရှင်းသောရေကို မြေအိုး၌ လောင်းပြီးလျှင်၊ **တဲတော်၌ရှိသော မြေမှုန့်**ကိုယူ၍ ရေထဲမှာထည့်ရမည်။ (၁၈) ထိုမိန်းမကို **ထာဝရဘုရား**ရှေ့တော်မှာထားပြီးလျှင်၊ ခေါင်း၌ အချည်းစည်းရှိစေ၍၊ မယားကို မယုံခြင်း၊ ပူဇော်သက္ကာတည်းဟူသော သတိပေးရာ ပူဇော်သက္ကာကို မိန်းမလက်၌ ထည့်ရမည်။ ကျိန်ခြင်းဘေးကို ဖြစ်စေသော ရေခါးကို၊ ယဇ်ပုရောဟိတ်ကိုယ်တိုင် ကိုင်ရမည်။ (၁၉) ထိုအခါယဇ်ပုရောဟိတ်သည်၊ ထိုမိန်းမကိုအကျိန်တိုက်လျက် သင်သည် ကိုယ်ခင်ပွန်းမှတစ်ပါး အခြားသောယောကျ်ားနှင့် မှားယွင်းခြင်း၊ ညစ်ညူးခြင်းမရှိလျှင်၊ ကျိန်ခြင်းဘေးကိုဖြစ်စေသော၊ ဤရေခါးနှင့် ကင်းလွတ် စေသတည်း။ (၂၀) ကိုယ်ခင်ပွန်းမှတစ်ပါး အခြားသောယောကျ်ားနှင့် မှားယွင်း၍ ညစ်ညူးခြင်းရှိလျှင်၊ (၂၁) **ထာဝရဘုရား**သည်၊ သင်၏ပေါင်ကိုပိန်စေ၍ ဝမ်းကိုလည်းရောင်စေသဖြင့်၊ သင့်ကိုကျိန်အပ်သောသူ၊ အထိမ်းအမှတ်ပြု၍ လူများကျိန် ဆိုခြင်းကိုခံရသောသူ ဖြစ်စေခြင်းငှာ စီရင်တော်မူစေသတည်း။ (၂၂) ကျိန်ခြင်း ဘေးဖြစ်စေသော ဤရေသည် သင်၏ဝမ်းထဲသို့ဝင်၍ ဝမ်းရောင်ခြင်း၊ ပေါင်ပိန် ခြင်းကိုဖြစ်စေသတည်းဟု ယဇ်ပုရောဟိတ်သည် ကျိန်ခြင်းအကျိန်တိုက်လျှင် မိန်း မက၊ အာမင်၊ အာမင်ဟု ဝန်ခံရမည်။ (၂၃)

**ယဇ်ပုရောဟိတ်သည်လည်း၊ ထို အကျိုန်တို့ကိုရေးမှတ်၍ တစ်ဖန်ရေခါးနှင့်ချေပြီး**" - တောလည်ရာကျမ်း ၅:၁၆-၂၃

အနီမာတုဂါမကို ခေါ်ဆောင်ကြသူများမှာ သူမကို ထောင်ချောက်ဆင်သူများဖြစ်ပြီး အခွင့် အရေးဆက်ယူကြ၏။ ယေရှုသည် မြေပြင်ပေါ်စာရေးသည့်အခါတွင် သန့်ရှင်းသော ဝိ ညာဉ်တော် ၎င်းတို့၏အပြစ်ကို ဖူးပေါ်ပေါ်စေတော့၏။ ၎င်းတို့သည် ခရစ်တော်အပေါ် အခဲမကြေဖြစ်ကြပြီး ထိုစိတ်က ၎င်းတို့ကို တတိတိစားနေ၏။ ဆာလံဆရာက အောက်ပါ အတိုင်းဆို၏။ ။

"အကျွန်ုပ်သည် တိတ်ဆိတ်စွာနေသောအခါ တစ်နေ့လုံးညည်းတွားရ၍ အကျွန်ုပ်၏အရိုးတို့သည် ဆွေးမြေ့ကြပါ၏။" - ဆာလံကျမ်း ၃၂:၃

၎င်းတို့၏အပြစ်များကို ဝန်ခံကာ တောင်းပန်ကြမည့်အစား ၎င်းတို့၏စိတ်မလုံမှုကို ဆက်၍ထမ်းကြကာ အရိုးဆွေးကြ၏။

"ထိုအခါ ယေရှုသည် ကိုယ်ကိုမတ်တော်မူ၍ 'အသင်မိန်းမ၊ ထိုသူတို့ အဘယ်မှာရှိကြသနည်း။ သင့်ကိုပြစ်ဒဏ်စီရင်သူ တစ်ယောက်မျှမရှိသလော' ဟု မေးတော်မူ လျှင် ထိုမိန်းမက 'တစ်ယောက်မျှမရှိပါ သခင်ဘုရား' ဟု လျှောက်လေ၏။ ယေရှု ကလည်း 'ငါသည်လည်း သင့်ကို ပြစ်ဒဏ်မစီရင်။ သွားလော့။ ယခုမှစ၍ နောက် တစ်ဖန်အပြစ်မပြုနှင့်' ဟု မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၈:၁၀၊ ၁၁

"သို့မဟုတ် ထိုမိန်းမသည်မညစ်ညူး၊ စင်ကြယ်ခြင်းရှိလျှင်၊ ဘေးနှင့်လွတ်၍ ပဋိသန္ဓေယူသောအခွင့် ရှိလိမ့်မည်။" - တောလည်ရာကျမ်း ၅:၂၈

ယေရှုဘုရားသည် အနီမာတုဂါမ၏အပြစ်ကို လွှတ်ပေး၏။ လက်ဝါးကားတိုင်၌ ၎င်း သောက်ရမည့် ခါးသီးမှုတို့ဖြင့် သူမကို ဆေးကြောပေးသည်ကြောင့် သူမသည် မညစ်နွမ်း

တော့။ သူမသည် ကျွတ်ပြီဖြစ်ကာ ၎င်း၏သန္တာန်၌ မျိုးစေ့မှန်ပေါက် အပင်သန်ကာ ၎င်းက ယေရှု၏စိတ်မျိုးကို ထပ်ဆင့်ပြသ၏။

ယေရှုဘုရားက ဖာရိရှဲများထံ "သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေ့ဦးစွာ ကျောက်ခဲ နှင့်ပစ်စေ" ဟု ဆိုရာ၌ ၎င်းသည် သူမအပေါ် သေမိန့်ပေးခြင်းဖြစ်၏။ သူမအပေါ် စွပ်စွဲ သည်များကို ၎င်းက မပ,လပ်ပါ။ ယေရှုသည် စွပ်စွဲချက်ကို လက်ခံ၏။ သူမကလည်း အကယ်ပင် သေရမည်ဟု မှတ်ခဲ့၏။ မြေပြင်ပေါ်စာထွင်းခဲ့ခြင်းက ဖာရိရှဲများလည်း အပြစ် မကင်းကြကြောင်းကို အမှတ်ရစေ၏။ သူမကို အကြပ်ကိုင်သူများ ကွာသွားကြသည့်အခါ ပညတ်တော်ကို ပေးခဲ့သည့်ယေရှုက သင့်ကိုစွပ်စွဲသူများ အဘယ်မှာနည်းဟု မေး၏။ သူမကလည်း သွားကြပြီဟု ဖြေ၏။ ယခုတွင် သူမ၏အမှုသည် ယေရှု၏လက်၌ ရောက်ပြီ။ ယေရှုကလည်း သင်၏အမှုကို မစီရင်၊ သွားလော့၊ နောက်တစ်ဖန် ဒုစရိုက်ကို မပြုနှင့်ဟု မိန့်ခဲ့၏။ ပညတ်တော်ကို ပေးခဲ့သည့်ပုဂ္ဂိုလ်က ပညတ်တော်ကို မေတ္တာရင်းမြစ်အဖြစ် အစဉ်ရှုယ်ခဲ့ကြောင်းကို ပြခဲ့၏။ ယေရှုသည် ပကဒူးမှစပြီး သူမ၏အပြစ်ကို လျှော်ပေးလျှင် သူမသည် ကရုဏာကို မလိုအပ်သည့်ပမာဖြစ်မည်။ ထို့ကြောင့် ယေရှုက ကရုဏာကို ပေးနိုင်ရန်အလို့ငှာ အမိန့်ချခဲ့၏။ အနှီသည် ပညတ်တော်ပြဋ္ဌာန်းရခြင်း၏ အနှစ်ဖြစ်၏။ ငါတို့သည် ယုံကြည်ခြင်းအားဖြင့် အသက်ရနိုင်ရန် ပညတ်တော်သည် ငါတို့ကို ခရစ်တော် ထံ အရောက်ပို့ရန်ရှုယ်၏ - ဂလာတိ ၃:၂၄။

ဘုရားသခင်သည် အနှီမာတုဂါမကို ကျောက်ခဲဖြင့် ပေါက်သတ်ရန် အလိုတော်ရှိသည်ဟု ယုဒအမျိုးသားခေါင်းဆောင်များက ထင်မှတ်ကြသည်မှာ အလွန်ဝမ်းနည်းဖွယ် မဟုတ်လော။ အနှီအကြောင်း ငါတို့ဆက်မချဲ့လို။ ရောမများက အစိုးတရမပြုလျှင် ထိုသူများက အာဏာယူကာ ပေါက်သတ်ကြပေမည်။ ၎င်းတို့က သတေဖန်ကို ဤသို့ပြုခဲ့၏။

“ထိုအခါ သူတို့သည် ကျယ်လောင်သောအသံဖြင့်အော်ဟစ်လျက် နားကို ပိတ်ထားကာ သတေဖန်ထံသို့ တစ်ဟုန်ထိုးပြေးလာ၍ (၅၈) သူ့ကို မြို့ပြင် သို့ဆွဲထုတ်ပြီးလျှင် ခဲနှင့်ပေါက်ကြ၏။ သက်သေတို့သည် မိမိတို့၏အဝတ်များကို ရှောလုဟုခေါ်သော လူငယ်တစ်ဦး၏ခြေရင်း၌ ချထားကြ၏။ (၅၉) သူတို့သည် သတေဖန်ကို ခဲနှင့်ပေါက်ကြစဉ် သတေဖန်သည် ပတ္ထနာပြုလျက် ‘သခင်ယေရှု၊ အကျွန်ုပ်၏ဝိညာဉ်ကို လက်ခံတော်မူပါ’ ဟု မြွက်ဆိုလေ၏။” - တမန်တော်ဝတ္ထု ၇:၅၇-၅၉

၎င်းတို့က အပြစ်သားများကို ကျောက်ခဲဖြင့် ပေါက်သတ်သည့်ဘုရားကို ကိုးကွယ်ကြ၏။ ကြောက်လန့်စွာဖြင့် ဦးခေါင်းကို မြေ၌စိုက်နေမည့် မာတုဂါမ၏အဖြစ်ကို ငါတို့ အာရုံခံနိုင်ပါ၏လော။ ဖြစ်စဉ်ကြီးအနားသတ်သည့်အခါ ဘုရားကို သွေးတိုးစမ်းသည့်သူသည် မရှုမလှ သွေးအလိမ်းလိမ်းဖြင့် သေနေမည့် ရုပ်ကလာပ်ရှိမည်။ သင်အပြစ်လုပ်လျှင်ပေး ဆပ်ရမည်။ ထိုအဖြစ်က ထိုသို့သောဘုရားကို သင့်အားချစ်ကြည်ညိုစိတ်ပေါက်ဖွားစေ သလော။ အပြစ်သားများကို ပိုမွှားများပမာ သတ်သည့် ဘုရားရှေ့တွင် သင် အစဉ်ပီတိ ဖြစ်နိုင်သလော။

အဘယ့်ကြောင့် မောရှေ၏ဥပဒေက လူများကို ကျောက်ခဲဖြင့်ပေါက်သတ်ရန် ပြဋ္ဌာန်းရသနည်း။ ပညတ်တော်သည် ဘုရားသခင်၏ သီလစစ်စုံကို ရောင်ပြန်ဟပ်၏။ ဘုရားက ဤသို့ပညတ်သည်ရှိသော် လိုအပ်ချိန်၌ အရေးယူနိုင်ရန် ထည့်သွင်းလိုသည့် အဓိပ္ပာယ်ရောက်သည် မဟုတ်လော။ ဤ၌ ငါတို့အနုလုံပဋိလုံစိပ်ရမည့် ယေရှု၏နှုတ်တော်ထွက်ရှိ၏။

“သင်တို့သည် စီရင်ခြင်းမခံရမည့်အကြောင်း သူတစ်ပါးကို မစီရင်ကြနှင့်။ အကြောင်းမူကား သင်တို့စီရင်သည့်နည်းလမ်းအတိုင်း သင်တို့သည် စီရင်ခြင်းခံရ၍ သင်တို့တိုင်းတာခြင်တွယ်သည့် စံနှုန်းအတိုင်း သင်တို့အတွက် တိုင်းတာခြင်တွယ်ပေးလိမ့်မည်။” - ရှင်မဿဲခရစ်ဝင် ၇:၁၊၂

ကောင်းကင်ဘုံရှိ ငါတို့၏အဘသည် ပုထုဇဉ်တို့၏ သဘောအတိုင်းစီရင်ရန် ဥပဒေပြဋ္ဌာန်း ခဲ့၏။ ကျောက်ခဲဖြင့် ပေါက်သတ်ရသည့်စီရင်ထုံး၏ မူလဘူတကို ငါတို့ရှုကွက်ဆင်းကြအံ့။ အနီးအဖြစ်သည် ကျောက်ခဲဖြင့် ပေါက်သတ်မှုအကြောင်း သမ္မာကျမ်းစာတော်မြတ်၌ ပထမဦးစွာ ဖြစ်ခဲ့သည့်ဖြစ်စဉ် ဖြစ်၏။

> "မောရှေက ထိုသို့မပြုသင့်။ ပြုလျှင်အဲဂုတ္တုလူတို့၏ ရွံရှာဘွယ်သောအရာကို အကျွန်ုပ်တို့ ဘုရားသခင်ထာဝရဘုရားအား ယဇ်ပူဇော်ရပါမည်။ အဲဂုတ္တုလူတို့ ၏ ရွံရှာဘွယ်သောအရာကို သူတို့မျက်မှောက်၌ ယဇ်ပူဇော်လျှင်၊ သူတို့သည် **အကျွန်ုပ်တို့ကိုခဲနှင့်ပစ်ကြပါလိမ့်မည် မဟုတ်လော။**" - ထွက်မြောက်ရာကျမ်း ၈:၂၆

ကျောက်ခဲဖြင့် ပေါက်သတ်ခြင်းစီရင်ထုံးသည် အဲဂုတ္တု(အီဂျစ်)တို့၏ စီရင်ထုံးဖြစ်၏။ ဘုရားကို ပြစ်မှားသူများကို အီဂျစ်များက ဤထုံးဖြင့်စီရင်ကြ၏။ မြို့ကြီးအတွင်း ယဇ်ပူဇော်သဘင် ဆင်နွှဲလိုကြရသည့်အကြောင်းရင်းတစ်ခုမှာ ဣသရေလတို့အသုံးပြုသည့် ယဇ်ကောင်များကို အီဂျစ်များက ဘုရားပြုရှိခိုးကိုးကွယ်ကြခြင်းကြောင့် ... ။ ၎င်းတို့သည် ပြည်မတွင် ပူဇော်သဘင်ဆင်နွှဲလျှင် အီဂျစ်များက အမျက်ရှမည်ကို ဖာရောဘုရင် အတပ် သိဟန်ရှိ၏။ ဣသရေလတို့လည်း ထိုစီရင်ထုံးကို ကျင့်သုံးကြပြီဖြစ်ကြောင်း မောရှေကို သတ်လိုချိန်၌ တွေ့ရ၏။

> "ထိုအခါ မောရှေသည် ထာဝရဘုရားအားအော်ဟစ်၍၊ ဤလူတို့အား အကျွန်ုပ်သည် အဘယ်သို့ပြုရပါမည်နည်း။ အကျွန်ုပ်ကို ခဲနှင့်ပစ်လုကြပါပြီဟု လျှောက်လေ၏။" - ထွက်မြောက်ရာကျမ်း ၁၇:၄

ကာလက်နှင့်ယောရှုက ခါနာန်ပြည်ကို အောင်မြင်စွာသိမ်းနိုင်မည်ဟု နှိုးဆော်သည့်အခါတွင် ၎င်းတို့က ကျောက်ခဲနှင့်ပစ်ရန် စီရင်ကြ၏။

> "ထာဝရဘုရားသည် ငါတို့ကိုနှစ်သက်လျှင်၊ နို့နှင့်ပျားရည်စီးသော ထိုပြည်သို့ ငါတို့ကိုဆောင်သွင်း၍ အပိုင်ပေးတော်မူလိမ့်မည်။ (၉) ထာဝရဘုရားကို မပုန်ကန်ကြပါနှင့်။ ထိုပြည်သူ ပြည်သားတို့ကို မကြောက်ကြနှင့်။ သူတို့သည် ငါတို့စားစရာဘို့ဖြစ်ကြ၏။ သူတို့၌အမှီတံကဲမရှိ။ ထာဝရဘုရားသည် ငါတို့ဘက်၌ ရှိတော်မူ၏။ သို့ဖြစ်၍ သူတို့ကို မကြောက်ကြနှင့်ဟု ပြောဆိုကြလေသော်။ (၁၀) **ပရိသတ်အပေါင်းတို့သည် ထိုသူနှစ်ယောက်ကို ကျောက်ခဲနှင့်ပစ်စေခြင်းငှာ စီရင်ကြ၏။** ထိုအခါ ထာဝရဘုရား၏ဘုန်းတော်သည် ဣသရေလအမျိုးသားအပေါင်း တို့ရှေ့မှာ ပရိသတ်စည်းဝေးရာတဲတော်၌ ထင်ရှားလေ၏။" - တောလည်ရာကျမ်း ၁၄:၈-၁၀

ဘုရားသခင် ကြားဝင်မရှင်းခဲ့လျှင် ၎င်းတို့သည် စိတ်ဆောင်သည့်အတိုင်း ပြုကြမည်ဖြစ်၏။ အီဂျစ်တို့၏စီရင်ထုံး ဣသရေလတို့၌သက်ဝင်ရန် ဘုရားသခင်သည် အဘယ့်ကြောင့် ခွင့်ပြုနိုင်မည်နည်း။

> "အကြောင်းမူကား၊ သူတို့သည် ဘိုးဘေးတို့ ကိုးကွယ်သော ရုပ်တုများကို ငဲ့ကွက်သောကြောင့်၊ ငါ၏စီရင်ထုံးဖွဲ့ချက်တို့ကို မစောင့်ရှောက်၊ မထီမဲ့မြင်ပြု၍ ငါ၏ဥပုသ်နေ့တို့ကို ရှုတ်ချကြ၏။ (၂၅) **ထိုကြောင့်၊ မကောင်းသောစီရင်ချက်၊ အသက် မရှင်ရသော ထုံးဖွဲ့ချက်တို့ကို ငါပေး၏။**" - ယေဇကျေလ ၂၀:၂၄၊ ၂၅

ကျောက်ခဲဖြင့်ပစ်သတ်သည့် စီရင်ထုံးသည် မကောင်းပါ။ ပြစ်ဒဏ်များကို ထပ်မံဖြည့်စွက် ခြင်းဖြစ်၏။ ကျောက်ခဲဖြင့်ပစ်သတ်ခြင်းသည် မကောင်းပါ။ ထိုပြစ်ဒဏ်မျိုးသည် ၎င်းတို့ အလိုကျ ပြဌာန်းခြင်းသာဖြစ်ပြီး အီဂျစ်များထံမှရခဲ့သည့် ၎င်းတို့၏ဓာတ်သွေးများ ထင် ဟပ်ခြင်းဖြစ်၏။ ယေရှုက အောက်ပါအတိုင်းဆို၏။ ။

> "**သခင်သည် စည်းကမ်းကြီး၍တိကျသောသူ**ဖြစ်ပြီး မိမိမထည့်သွင်းထားသော အရာကိုထုတ်ယူလျက် မိမိမစိုက်ပျိုးသည့်အရာကို ရိတ်သိမ်းတတ်သောကြောင့် **'အကျွန်ုပ်ကြောက်ပါသည်'**ဟု လျှောက်လေ၏။ (၂၂) **သခင်ကလည်း 'ဆိုးညစ်**

**သောအစေအပါး၊ သင်၏နှုတ်ထွက်စကားအတိုင်း သင့်ကို ငါစီရင်မည်။ ငါသည် မထည့်သွင်းထားသောအရာကိုထုတ်ယူ၍ မစိုက်ပျိုးသည့်အရာကို ရိတ်သိမ်းတတ် သည့် စည်းကမ်းကြီး၍ တိကျသောသူ**ဖြစ်ကြောင်း သင်သိသည်မှန်လျှင်" - ရှင်လုကာခရစ်ဝင် ၁၉:၂၁၊ ၂၂

ဣသရေလများက ဘုရားသခင်၏ဘုန်းတော်ကို ဝါးမျိုတတ်သည့် မဟာတေဇောအဖြစ် မြင်ကြသည့်အခါ စည်းကမ်းတင်းကျပ်သည့် ဘုရားဖြစ်မည်ဟု မှတ်ကြ၏။

"ထာဝရဘုရား၏ဘုန်းတော်သည် တောင်ထိပ်ပေါ်မှာ **လောင်သောမီး**ကဲ့သို့ ထင်၍၊ ဣသရေလအမျိုးသားတို့သည် မြင်ရကြ၏။" - ထွက်မြောက်ရာကျမ်း ၂၄:၁၇

အပြစ်သားများကို ကျောက်ခဲဖြင့် ပစ်သတ်သည့်စီရင်ထုံးသည် ဣသရေလများကိုယ်တိုင် မွေးစားအသုံးပြုခြင်းကြောင်းကို သတိချပ်ပါ။ ထွက်မြောက်ရာကျမ်း ၁၇:၁၄ ၌ ရှင်မောရှေ ကို ကျောက်ခဲဖြင့် ပစ်သတ်ရန် ဆုံးဖြတ်ကြသည့်အခါ ၎င်းတို့သည် မေတ္တာမနှောသည့် စီရင်ထုံးကို ပြနေကြ၏။

"အဘယ်ကြောင့်ဆိုသော် ကရုဏာမရှိသောသူသည် ကရုဏာကင်းသော တရားစီရင်ခြင်းကိုခံရလိမ့်မည်။ ကရုဏာသည် တရားစီရင်ခြင်းအပေါ် အောင်ပွဲခံတတ်၏။" - ရှင်ယာကုပ်ဩဝါဒစာ ၂:၁၃

ဣသရေလများ တရားစီရင်ရာ၌ မေတ္တာမပြကြသည့်အခါ ၎င်းတို့ထံလည်း အညမည သဘော ပြန်သက်ရောက်၏။ ဘုရားသခင်သည် ၎င်းတို့ကို သဲကန္တာရတွင် သတ်လိုခဲ့သည် ဟု မှတ်ကြကာ မောရှေကိုလည်း ကျောက်ခဲဖြင့် ပစ်သတ်လိုကြ၏။ ဘုရားသခင်ကို မပြစ် မှားစကောင်း၊ ၎င်းတို့သည် ပြုသည့်ကံအတိုင်းခံရပြီ။ ဘုရားသခင်သည် ၎င်းတို့ကို သတ် လိုသည်ဟု ထင်မှတ်ကြသည့် ဥပါဒါန်အတိုင်း ဥပါဒ်ရောက်၏။

ဘုရားသခင်က ၎င်းတို့ကို တောထဲ၌ သတ်လိုမည်ဟု ဣသရေလတို့က အလီလီဆိုခဲ့ကြ၏။ ။

“မောရှေကိုလည်း၊ အဲဂုတ္တုပြည်၌သင်္ချိုင်းမရှိသောကြောင့်၊ **ဤတော၌ သေစေခြင်းငှာ ငါတို့ကိုဆောင်ခဲ့သလော။** ငါတို့ကို ဤသို့ပြု၍၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့်ဆောင်ခဲ့သနည်း။” - ထွက်မြောက်ရာကျမ်း ၁၄:၁၁

“**ငါတို့သည် အဲဂုတ္တုပြည်၌** အမဲသားချက်သောအိုးကင်းနားမှာထိုင်၍ ဝစွာစားရသောအခါ၊ ထာဝရဘုရား**၏လက်တော်ဖြင့်သေလျှင် သာ၍ကောင်း၏။** ယခုမူကား၊ ဤစည်းဝေးလျက်ရှိသော လူအပေါင်းတို့ကို ငတ်မွတ်ခြင်းအားဖြင့် သတ်လို သောငှာ၊ ဤတောအရပ်သို့ ဆောင်ခဲ့ပြီတကားဟု မောရှေနှင့် အာရုန်ကို အပြစ် တင်၍ မြည်တမ်းလျက်ဆိုကြ၏။” - ထွက်မြောက်ရာကျမ်း ၁၆:၃

“ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့သည်၊ မောရှေနှင့် အာရုန်ကို အပြစ်တင်သောစကားနှင့် မြည်တမ်းလျက်၊ ငါတို့သည် အဲဂုတ္တုပြည်၌ မသေပါလေ။ ဤတော၌မသေပါလေ။ (၃) **ငါတို့သည်ဓားဖြင့်သေ၍ သားမယားတို့သည် ရန်သူလက်သို့ရောက်စေခြင်းငှာ ထာဝရဘုရားသည် အဘယ်ကြောင့်ငါတို့ကို ဤအရပ်သို့ ဆောင်ခဲ့တော်မူသနည်း။** အဲဂုတ္တုပြည်သို့ ပြန်ကောင်းသည်မဟုတ်လော” - တောလည်ရာကျမ်း ၁၄:၂၊ ၃

ပညတ်သွားရာ ဓာတ်သက်ပါတော့၏။ ။

“တစ်ဖန်ထာဝရဘုရားသည် မောရှေနှင့်အာရုန်အား မိန့်တော်မူသည်ကား၊ (၂၇) ငါ့ကိုအပြစ်တင်၍၊ မြည်တမ်းသော ဤပရိသတ်ဆိုးတို့ကို အဘယ်မျှကာလပတ်လုံး ငါသည်သည်းခံရအံ့နည်း။ ဣသရေလအမျိုးသားတို့သည် ငါ့ကိုအပြစ်တင် ၍ မြည်တမ်းသောစကားတို့ကို ငါကြားရပြီ။ (၂၈) သင်သည် သူတို့အားဆင့်ဆိုရ မည်မှာ၊ **ထာဝရဘုရားက ငါအသက်ရှင်သည်ဖြစ်၍၊ သင်တို့သည် ငါ့ကိုကြား စေခြင်းငှာ ပြောကြသောစကားအတိုင်း**

> **သင်တို့ကိုငါပြုမည်။** (၂၉) သင်တို့ကိုရေ တွက်၍ စာရင်းယူသည်အတိုင်း၊ အသက်နှစ်ဆယ်လွန်သောသူ၊ ငါ့ကိုအပြစ်တင်၍ မြည်တမ်းသော သူအပေါင်းတို့သည်သေ၍ ဤတော၌ အသေကောင်ဖြစ်လျက် နေရစ်ကြလိမ့်မည်။" - တောလည်ရာကျမ်း ၁၄:၂၆-၂၉

ခရစ်တော်ဘုရား သက်တော်ထင်ရှားခဲ့စဉ်ကလည်း ဖာရိရှဲများသည် ၎င်းတို့၏ ဘောင်ဘွတ်များ အီဂျစ်များထံမှ မွေးစားခဲ့သည့် စီရင်ထုံးအတိုင်း ခြေချုပ်ခံခဲ့ရ၏။ ထိုစီရင်ထုံးက ဣသရေလတို့သည် အကြောက်တရားဖြင့် အစဉ်နေနေကြကြောင်းကိုပြ၏။

> "'ယောဟန်၏ဗတ္တိဇံသည် ကောင်းကင်မှဖြစ်သလော၊ သို့မဟုတ် လူတို့ထံမှဖြစ်သလော' ဟု ပြန်၍မေးတော်မူ၏။ (၅) ထိုအခါ သူတို့သည် အချင်းချင်း ဆွေးနွေးကြကာ "'ကောင်းကင်မှဖြစ်သည်' ဟု ငါတို့ပြောလျှင် သူက 'အဘယ်ကြောင့် ယောဟန်ကိုမယုံကြသနည်း' ဟု ပြောလိမ့်မည်။ 'လူတို့ထံမှဖြစ်သည်' ဟု ငါတို့ပြောလျှင်လည်း လူအပေါင်းတို့သည် (၆) **ယောဟန်ကို ပရောဖက်တစ်ပါးဖြစ်သည်ဟု ယုံကြည်ကြသောကြောင့် သူတို့သည် ငါတို့ကို ခဲနှင့်ပေါက်သတ်ကြလိမ့်မည်" ဟု ပြောဆိုကြ၏။** ထို့ကြောင့် သူတို့က (၇) 'အဘယ်ကဖြစ်သည်ကို အကျွန်ုပ်တို့မသိပါ' ဟု ပြန်ဖြေကြ၏။" - ရှင်လုကာခရစ်ဝင် ၂၀:၄-၇

ဣသရေလတို့သည် အီဂျစ်ပြည်ကိုထားခဲ့ပြား အီဂျစ်က ၎င်းတို့ကိုမထားခဲ့ကြောင်း ပေါ်လွင်၏။ ဖာရိရှဲများသည် ကျွန်ပိုင်ရှင် ဖာရောမင်းတို့၏ အပြစ်ပုံချခြင်း၊ စိတ်အလိုမကျခြင်း၊ ကလဲ့စားချေခြင်းဓာတ်သွေးများနှင့် လုံးချာလည်နေ၏။ အနီဓာတ်သွေးသည် ဘုရား သခင်၏ သိက္ခာစစ်စုံကို ၎င်းတို့သုံးသပ်ပုံ၏ အသီးအပွင့်ဖြစ်၏။ သတ္တုချရလျှင် ၎င်းတို့ ကိုးကွယ်သည်မှာ ဖာရောမင်းကိုးကွယ်သည့် ဘုရားပင်ဖြစ်ပါကြောင်း ... ။ ဣသရေလများ နိုင်ငံတော်ထူထောင်သည့်အခါ ဘုရားသခင်သည် ၎င်းတို့အလိုကျ အခြေခံဥပဒေ ရေးဆွဲ စေ၏။ ဤ၌ ဘုရားသခင်သည် ၎င်း၏ပညတ်တော်ကို

ပုထုဇဉ်တို့၏ဉာဉ်တို့ဖြင့် စွန်းခွင့် ပြုနိုင်ရပါသနည်း။ အကြောင်းကား ပညတ်တော်ပေးရခြင်းသည် ဘုရားသခင်သည် ကရု ဏာတော်ကို ချပေးနိုင်ရန် အပြစ်ကို ထိုးထွင်းသိနိုင်ရန်ဖြစ်၏။

> "ပညတ်တရားမူကား ကျူးလွန်သောအပြစ်ကို များပြားစေရန် ဝင်ရောက်ခဲ့၏။ သို့သော် အပြစ်များပြားလာသည့်နေရာ၌ ကျေးဇူးတော်သည် ပို၍ပြည့်စုံကြွယ်ဝလေ၏။" - ရောမသြဝါဒစာ ၅:၂၀

ကောင်းကင်ဘုံရှိ ခမည်းတော်သည် ပညတ်တော်၌ မည်သည့်ဒဏ်မျိုးမဆို ဖြည့်စွက်နိုင်ပါ၏။ အကြောင်းမှာ မည်သည့်သေဒဏ်မျိုးမဆိုသည် ၎င်း၏မေတ္တာကို ဆာငတ်တောင်းလျှောက်သူများကို ပေးကမ်းရန် ရည်သန်ခြင်းကြောင့်ဖြစ်၏။ ဘုရားသခင်၏ သိက္ခာတော် အကြောင်း သမ္မာကျမ်းစာတော်မြတ်၌ တွေ့ရ၏။

> "ထာဝရဘုရားသည် မောရှေရှေ့၌ ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ **ချစ်သနားခြင်းမေတ္တာကရုဏာ**နှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေး ဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူ၏။" - ထွက်မြောက်ရာကျမ်း ၃၄:၆
>
> "ထာဝရဘုရား၏ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ အကြောင်းမူကား ကိုယ်တော်သည် ကောင်းမြတ်တော်မူ၍ **ကိုယ်တော်၏မေတ္တာကရုဏာသည် အစဉ်အမြဲ တည်၏။**" - ဆာလံကျမ်း ၁၀၇:၁

ဘုရားသခင်သည် ကရုဏာအစဉ်ရှိကာ အစဉ်လည်းပြုလို၏။ ကရုဏာသည် ပုထုဇဉ်ဖက် မှ ငြင်းမှသာပြတ်မည်ဖြစ်၏။ ကရုဏာကို ပြတ်စေသူမှာ ပုထုဇဉ်များသာဖြစ်ပြီး ဘုရား သည် ၎င်းတို့နှင့်တူသည်ဟု မှတ်လိုသောကြောင့် ၎င်းတို့သည် ကရုဏာတော်ကို ပုန်း ရှောင်ကြ၏။ ဘုရား၏အလိုတော်ကို မလိုက်ကြတော့သည့်အခါ ဘုရားက အဆုံးစီရင် သည်ဟု ပုထုဇဉ်များက မှတ်လိုကြ၏။

အနီးအဆို မှန်သည်ရှိသော် ဘုရား၏ကရုဏာသည် အစဉ်တည်၏ဟု ဆိုနိုင်တော့မည်မဟုတ်။ ပုထုဇဉ်တစ်ဦး သူ့သဘောအတိုင်း မေတ္တာ မနှောဘဲ စီရင်လျှင် ထို့အတိုင်းပြန်ခံရကြောင်း ငါတို့အမှတ်ရှိ၏။ ထို့ကြောင့်ပင် ဘုရား သခင်ကို ပြစ်မှားသူသည် မေတ္တာမဲ့စွာဖြင့် ကျောက်ခဲဖြင့် ပစ်သတ်ခံရ၏။

> "နာမတော်ကိုပြစ်မှားလျက်ကျိန်ဆဲလေ၏။ ထိုသူ၏အမိကား၊ ဒန်အမျိုး၊ ဒိဗရိ သမီးရှေလောမိတ် ဖြစ်သတည်း။ ပြစ်မှားသောသူကို မောရှေထံသို့ ဆောင်ယူခဲ့၍ (၁၂) **ထာဝရဘုရား**၏အလိုတော်ကို မသိမှီတိုင်အောင် ချုပ်ထားကြ၏။ (၁၃) **ထာဝရဘုရား**ကလည်း၊ ကျိန်ဆဲသောသူကို တပ်ပြင်သို့ဆောင်သွား၍၊ (၁၄) သူ၏စကားကိုကြားသော သူအပေါင်းတို့သည် သူ၏ခေါင်းပေါ်မှာ လက်ကိုတင်ပြီး မှ၊ ပရိသတ်အပေါင်းတို့သည် ကျောက်ခဲနှင့်ပစ်ကြစေ။" - ဝတ်ပြုရာကျမ်း ၂၄:၁၁-၁၄

အီဂျစ်ဘုရားများကို ပြစ်မှားသူများအား သေဒဏ်ပေးကြခြင်းနှင့် ယဉ်ပါးခဲ့သည့် ဣသ ရေလတို့ကို ဘုရားသခင်လည်း ထိုသို့စီရင်၏။ ဤ၌ ဘုရားသခင်က ပုထုဇဉ်သည် ၎င်း၏အပြစ် ကိုမြင်ကာ၊ သေထိုက်ကြောင်းကို သိစေလို၏။ အမှန်ကား ကရုဏာကို ပေးလိုသည့်ဆန္ဒဖြစ်၏။ ဤအကြောင်းမှန်ပါကြောင်း ပညတ်ပြဋ္ဌာန်းသူကိုယ်တိုင် မိန့် သည့်ဝါစာ၌ တွေ့ရ၏။ ။

> "ထို့ကြောင့် သင်တို့အားငါဆိုသည်ကား လူတို့သည် ဘုရားသခင်ကို စော်ကား ပြောဆိုခြင်းနှင့် အပြစ်ဟူသမျှတို့အတွက် ခွင့်လွှတ်ခြင်းခံရမည် ဖြစ်သော်လည်း ဝိညာဉ်တော်ကို စော်ကားပြောဆိုခြင်းအတွက်မူကား ခွင့်လွှတ်ခြင်းခံရမည်မ ဟုတ်။" - ရှင်မဿဲခရစ်ဝင် ၁၂:၃၁

ယေရှုဘုရားက သန့်ရှင်းသောဝိညာဉ်တော်ကို ပြစ်မှားသည့် အပြစ်မှတစ်ပါး အခြားသော အပြစ်ခပ်သိမ်းကို ဖြေပေးနိုင်၏ဟု မိန့်ခဲ့၏။ သန့်ရှင်းသောဝိညာဉ်တော်က ငါတို့၏သန္တာန် ကို နောင်တရရန်၊ ကရုဏာကို ပွဲ့သကူယူရန် နှားချ၏။ နောင်တရရန်

မျှဉ်းချသည့် အသံ တော်ကို မထီဘဲ အလီလီငြင်းဆန်သူသည် ကရုဏာတော်ကို တောင်းမည်မဟုတ်ဘဲ ၎င်း တို့၏ဥပဒေအတိုင်း စီရင်ခံရမည်ဖြစ်၏။ ဝတ်ပြုရာကျမ်းအခန်းကြီး (၂၄) ရှိ ပုဂ္ဂိုလ်က ကရုဏာကို တောင်းခံလျှင် ပုံ့သကူရမည်ဖြစ်၏။ ငါတို့၏အဘသည် မည်သူကိုမှ ပျက်စီး ခြင်းသို့ မရောက်စေလိုသောကြောင့် ၎င်းကိုနောင်တရရန် သန့်ရှင်းသောဝိညာဉ်တော်က မျှဉ်းချခဲ့၏။ ၎င်းသည် ထိုအသံကို နားပိတ်ခဲ့သောကြောင့် ဘုရားသည် ၎င်းကိုခွင့်မလွှတ် တော့ ဟူသည့်အမှတ်ဖြင့် သေရပြီ။

ငါတို့၏ဆိုဆုံးမမှုကို မနာခံသည့် ငါတို့၏သားသမီးများကို ကျောက်ခဲဖြင့် ပစ်သတ်လိုသူ ငါတို့၌မည်မျှရှိသနည်း။ စကားအဖြစ်ဆိုရန်ပင် ချောက်ချားဖွယ်တည်း။ သို့တစေ ပုထုဇဉ် များစွာက ဘုရားသခင်သည် ဣသရေလတို့ကို ဤသို့ပြုကျင့်စေလိုသည်ဟု မှတ်ကြ၏။ ဘုရားသခင်သည် ကျောက်ခဲနှင့်ပေါက်သတ်လိုသည်ဟုမှတ်ပြီး သုသာန်၌ ခေါင်းချခဲ့သူ မည်မျှရှိမည်နည်း။ မျက်မှောက်ကာလ ခရစ်ယာန်များစွာက ဓမ္မသစ်ကာလ၌ သမိုင်း ကြောင်းတို့သည် ပြောင်းလဲပြီဆိုကာ ဘုရားသခင်ကို ဥပကာယတင်ကြသူ များစွာရှိ၏။ သို့သော် ဤအကြောင်းက ဘုရားသခင်သည် ဓမ္မဟောင်းခေတ်ကကဲ့သို့ပင်ဖြစ်၏ဆိုသည့် ၎င်းတို့၏အမှတ်ကို တစ်စက်မျှမပြောင်းပါ။ ယေရှုဘုရားသည် ပညတ်တော်၌ပါသည့် ပြဋ္ဌာန်းချက်တစ်ခုကိုမျှ ပြောင်းရန်လာခဲ့ခြင်း မဟုတ်ကြောင်း တစ်ဖန်သတိချပ်ကြအံ့။ ပညတ်တော်သည် တည်ဆဲဖြစ်၏။ ဘုရားသခင်သည် ငါတို့နှီးနှောခဲ့ပြီးသည့်အတိုင်း တစ်ဦးကိုမှ သေစေလိုသည့်ဆန္ဒမရှိပါ။ ကရုဏာကို အယောက်တိုင်းအပေါ် ပုံ့သကူပေးလို သူသာ ဖြစ်၏။

သင်၏နှလုံးသားကို ခမည်းတော်ထံ ဖွင့်ကြရန်ငါဆန္ဒပြုပါ၏။ ဘုရားသည် သင့်အပေါ် မေတ္တာကြီးလှ၏။ ၎င်းသည် သင့်ကို ဘယ်အခါ၌မျှ မနာစေလို၊ သင့်အပြစ်ကြောင့် မသေ

စေလိုပါ။ ငါတို့အပြစ်က ငါတို့ကိုဖျက်ဆီးကြောင်းနှင့် ငါတို့သည် ကရုဏာတော်ကို အခါမရွေး တောင်းခံနိုင်ကြောင်း ဘုရားက ငါတို့ကိုသိစေလို၏။ ဘုရားသခင်သည် သင့်ကို အမျက်မရှ၊ မေတ္တာရှိကြောင်း သင်သိသည့်အခါ ၎င်းထံဆည်းကပ်ပြီး အပြစ်လွှတ်ပေးပါရန် ဝန်ချတောင်းပန်နိုင်၏။ ကာမဖောက်ပြန်သည့် မာတုဂါမကို ယေရှုဘုရားက "သင့်ကို ငါမစီရင်။ သွားလော။ အပြစ်ထပ်၍မပြုနှင့်" ဟု မိန့်သကဲ့သို့ သင့်အပြစ်ကိုလည်း လွှတ်ပေးကြောင်းကို သိပါလော့။

ဘုရားသခင်သည် ၎င်းတို့ကို အကယ်ပင်ချစ်၊ ကရုဏာတော် ပေးကမ်းလိုသည်ဟူသည့် ပရမတ်ကို ငြင်းသူများသည် ကရုဏာကို ရကြမည်မဟုတ်။ အကြောင်းမှာ ၎င်းတို့က ဘုရားသခင်သည် အပြစ်သားများကို ကရုဏာပြမည်မဟုတ် မှတ်ကြသောကြောင့်၊ ၎င်းတို့သည် ခွင့်လွှတ်ခြင်းရမည့် မျှော်လင့်ချက်ကို လက်လျှော့ကြ၏။ ၎င်းတို့သည် ကာဣနအတိုင်း "ငါ့အပြစ်သည် ခွင့်မလွှတ်နိုင်အောင် ကြီးလှပြီ" ဟုသာ ဆိုကြ၏။

> "အကြောင်းမူကား သူတို့သည် အသိပညာကိုမုန်း၍ **ထာဝရဘုရားအား** ကြောက် ရွံ့ခြင်းကို မရွေးချယ်ကြ။ (၃၀) ငါ၏အကြံဉာဏ်ကိုအလိုမရှိကြ။ ငါ၏ဆိုဆုံးမ စကားအားလုံးကိုလည်း မထီလေးစားပြုခဲ့ကြ၏။ (၃၁) ထို့ကြောင့် သူတို့သည် မိမိတို့ပြုမူကျင့်ကြံသောအမှုအရာ၏အသီးကိုစား၍ မိမိတို့၏အကျင့်အကြံများနှင့် ဝအီကြလိမ့်မည်။ (၃၂) အကြောင်းမူကား အသိဉာဏ်နည်းပါးသောသူတို့သည် မိမိ ၏လမ်းလွဲဖောက်ပြန်မှုကြောင့် သေကြရ၏။ မိုက်မဲသောသူတို့သည်လည်း မိမိ ကိုယ်မိမိ အားရကျေနပ်မှုကြောင့် ပျက်စီးကြရ၏။" - သုတ္တံကျမ်း ၁:၂၉-၃၂

ဘုရားက ဘာမိန့်ကြောင်းကို နားထောင်ပြီးလည်း ယုံကြပါလော့။ ။

> "**ထာဝရဘုရား**သည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထို့ကြောင့်၊ ကရုဏာကျေးဇူးကို သင်၌ ကြာမြင့်စွာပြု၏။" - ယေရမိ ၃၁:၃

"ထာဝရဘုရားမိန့်တော်မူသည်ကား၊ လာကြ။ တရားစီရင်ကြကုန်အံ့။ သင်တို့အပြစ်သည် နီသောအဆင်းရှိသော်လည်း၊ မိုဃ်းပွင့်ကဲ့သို့ ဖြူလိမ့်မည်။ ကတ္တီပါနီနှင့်အမျှ နီသော်လည်း၊ သိုးမွေးကဲ့သို့ဖြစ်လိမ့်မည်။" - ဟေရှာယ ၁:၁၈

" ... ဘုရားသခင်သည် ၎င်းတို့ကို ရေခါးဖြင့်ချေမည်" - တောလည်ရာ ကျမ်း ၅:၂၃

## ၉။ ကြည့်မှန်ပမာသော ပညတ်တော်

ခရစ်ဝင်ကျမ်းလာ ယေရှုအကြောင်းကို လေ့လာရသည့်အခါ ငါတို့သည် ခမည်းတော်ကို ရှုရသည်ကဲ့သို့ရှိ၏။ ယေရှုဘုရားက ဖိလစ်ထံ "ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင် ၏" ဟု ဆို၏ ရှင်ယောဟန် ၁၄:၉။ ခရစ်ဝင်ကျမ်းလာ အကြောင်းများက ခမည်းတော်၏ သိက္ခာတော်ကို အမှတ်မှားကြကြောင်း ထပ်တလဲလဲ တွေ့ရ၏။ ယေရှုသည် ယုဒနိုင်ငံ အတွင်း အနေများခဲ့၏။ ဤတစ်ကြိမ်တွင် ၎င်းသည် ဗာဟီရဝါဒီများနေထိုင်ရာ ဖိုနီးရှား ဒေသသို့ ကြွသွား၏။

ယုဒတို့၏ မာနအရင်းခံက တပည့်တော်များကို လူမျိုးရေး၊ ဘာသာရေးများ၌ အစွန်း ရောက်စေ၏။ ဣသရေလတို့သည် သာသနာပများကို အလင်းပြပေးရန် ဘုရားက ရွေးခဲ့ ၏။ သို့သော် ၎င်းတို့က ထိုအခွင့်ထူးကို ထိုသူများအတွက် စုတ်ဖြစ်စေခဲ့ကြ၏။

ထိုဒေသရှိ မာတုဂါမတစ်ဦးနှင့် ၎င်း၏ရပ်ကွက်တွင်းနေ အခြားသူများသည် အနီးယုဒ ဆရာသခင်သည် ဘုရားကု ကုနိုင်ကြောင်း ကြားဖူး၏။ ၎င်း၏သမီးသည် "နတ်ဆိုးနှိပ်စက် ခြင်းကို" ခံရပြီး မိခင်သည် ၎င်း၏ဘုရားများနှင့်ကုခဲ့ပြီး အချည်းနှီးသာဖြစ်၏။ ၎င်းက ယေရှုထံ အကူအညီရနိုင်မည်ဟု အတွေးဝင်၏။ သူမက ယေရှုသည် သူမကို ယုဒများကဲ့ သို့ အရေးပေးပါမည်လော သံသယဝင်ရင်းဖြင့် ၎င်းထံသို့သွားခဲ့၏။

သူမ၏ ရင်တွင်းအသံသည် ကယ်တင်ယေရှု၏ သဒ္ဒါရုံကို ရိုက်ခတ်ခဲ့၏။

> "ထိုအခါ ထိုအရပ်ဒေသမှ ခါနာန်အမျိုးသမီးတစ်ဦးသည် ထွက်လာ၍ 'သခင်ဘု ရား၊ ဒါဝိဒ်၏သားတော်၊ ကျွန်မကိုသနားတော်မူပါ။ ကျွန်မ၏ သမီးသည် နတ်ဆိုး ပူး၍ ပြင်းထန်စွာခံစားနေရပါ၏' ဟု အော်ဟစ် လျှောက်ထားလေ၏။" - ရှင်မဿဲ ခရစ်ဝင် ၁၅:၂၂

မေတ္တာတော်ရှင် ဘုရားသားတော်သည် သူမကို ကူညီလိုသည့်စိတ်ကြောင့် ဤဒေသဖက်သို့ ကြွခဲ့ခြင်းတည်း။ သို့သော် ဘုရားသိက္ခာ ယေရှုပြခဲ့ပုံသည် ထူး၏။

"စကားတစ်ခွန်း ပြန်တော်မမူ" - ရှင်မဿဲ ၁၅:၂၂

၎င်းက ဤသို့ပြုရခြင်း၏ အကြောင်းရင်းကို တစ်ဆက်တည်း တွေ့ရ၏။

"တပည့်တော်တို့သည် ချဉ်းကပ်၍၊ ထိုမိန်းမ ပြန်သွားရသောအခွင့်ကို ပေးတော်မူပါ။ ငါတို့နောက်သို့လိုက်၍ ဟစ်ကြော်လျက်နေပါသည်ဟု လျှောက်ကြ၏။" - ရှင်မဿဲ ၁၅:၂၃

အကယ်တန္တု ယေရှုဘုရားသည် ၎င်း၏အသနားခံမှုကို ချက်ခြင်းဖြည်ဆည်းပေးလျှင် တပည့်တော်တို့၏ ကျောက်နှလုံးသည် ပေါ်လွင်မည်မဟုတ်။ ၎င်းတို့က မည်သို့စိတ်ထားသည်ကို သိလို၍ ယေရှုသည် တုံဏှိဘာဝေနေခြင်းဖြစ်၏။ ၎င်း၏ ဆိတ်ဆိတ်နေမှုကို တပည့်တော်များက လူမျိုးကြီးစိတ်အခံကြောင့်ဟု မှတ်ကြ၏။ ထိုသို့ ဆိတ်ဆိတ်နေခြင်းသည် ၎င်းအပေါ်ထားရှိသည့် ဘာသာခြားမာတုဂါမ၏ ယုံကြည်သဒ္ဓါအားကို တစ်ပါတည်း သတ္တုချခြင်းဖြစ်၏။ ယေရှု၏အပြုအမူက ၎င်းကိုဝန်းရံသူများ၏ အတွင်းသဏ္ဍာန်ကို ကြည့်မှန်ပြခြင်းဖြစ်၏။

ဤအတွင်းသဏ္ဍာန်မျိုး လူနှစ်ယောက်နှင့် ဧမောက်မြို့အသွား ယေရှုက "ရှာကိုလွန်၍သွားအံ့သော အခြင်းအရာကိုပြသည့်" (ရှင်လုကာ ၂၄:၂၈) ဖြစ်စဉ်၌ တွေ့ရ၏။ "အိုင်တော်မှ စက်တော်ဖြန့်လျက် သူတို့ရှိရာသို့ကြွ" သည့်(ရှင်မာကု ၆:၄၈) ဖြစ်စဉ်၌လည်းတွေ့ရ၏။

တပည့်တော်များသည် ငါတို့သိခဲ့ပြီးသည့်အတိုင်း သားတော်ကို ငြင်းဆန်ကြသည့် ပုထုဇဉ် များရှေ့၌ ၎င်းတို့သည် ကားတိုင်လမ်းစဉ်ကို ငြင်းလိုကြ၏။ ထိုအဖြစ်က ယေရှုသည် ၎င်းတို့ကို အလင်းပြမည်များကိုလည်း အမြင်ကွယ်စေ၏။ ၎င်းတို့သည်

ပညတ်တော်ကို ကြားသူအဆင့်ဖြစ်သည့်အားလျော်စွာ ယေရှုဘုရားကို အောက်ပါအတိုင်း မှတ်ကြ၏။ ။

"နှုတ်ကပတ်တော်ကို လိုက်နာကျင့်သုံးသောသူများဖြစ်ကြလော့။ မိမိတို့ကိုယ်ကို လှည့်စား၍ ကြားနာသူသက်သက်မဖြစ်ကြနှင့်။ (၂၃) မည်သူမဆို နှုတ်ကပတ်တော်ကို ကြားနာသော်လည်း လိုက်နာကျင့်သုံးခြင်းမရှိလျှင် **ထိုသူသည် မိမိ၏ ပကတိမျက်နှာကို မှန်ထဲ၌ကြည့်သောသူနှင့်တူ၏။** (၂၄) အကြောင်းမူကား သူသည် မိမိကိုယ်ကိုကြည့်ပြီး ထွက်ခွာသွားသည်နှင့် မိမိသည် မည်သည့်ပုံသဏ္ဍာန်ရှိသည်ကို ချက်ချင်းမေ့လျော့သွားတတ်၏။" - ရှင်ယာကုပ်ဩဝါဒစာ ၁:၂၂-၂၄

တပည့်တော်များသည် ခရစ်တော်ဖိတ်ခေါ်သည့် နိုင်ငံတော်သစ်ကို လက်ခံကြ၏။ သို့သော် ခန္တီလမ်းစဉ်ကို မလိုက်လိုကြ။ ၎င်းတို့အချစ်တော်ကယ်တင်ရှင်ကို အမျိုးသားထုက ငြင်းဆန်သည့်အမှုကို မခံနိုင်ကြပါ။ အနီဖြစ်စဉ်က ၎င်းတို့ကို ယေရှုမိန့်သည့် ပညတ်တော် ကို နားကြားအဆင့်သာ ဖြစ်စေ၏။ ယေရှုသည် ဘာသာခြားအမျိုးသမီးကို တုံ့ပြန်မှုမပြု သည့်အခါ ၎င်းတို့က ၎င်းတို့၏အတွင်းသဏ္ဍာန်ကို ယေရှု၏မျက်နှာတော်မှ မြင်ကြပြီး မျိုးချစ်စိတ်ထက်သန်သည်ဟု ယူကြ၏။ ၎င်းတို့၏ အတွင်းသဏ္ဍာန်ကို ယေရှုထံရိုက်သွင်း ကာ အနီအမျိုးသမီး၏ရှေ့တွင်ပင် နောက်ပြန်လှည့်၍ အမိန့်ပြန်မည့်အကြောင်း အရေးဆို ကြ၏။ ၎င်းတို့ ထိုသို့ပြောဆိုကြသည်ကိုကြားသည့် သူမသည် မည်မျှရင်နင့်ရမည်နည်း။ ယေရှုဘုရား မည်သို့မိန့်မည်ကို စောင့်စဉ်တွင် သူမသည် ၎င်း၏သမီးအတွက် ပရိဒေဝမီး လောင်နေမည်ဖြစ်၏။

"ကိုယ်တော်ကလည်း 'ငါသည် အစ္စရေးအမျိုး၏ ပျောက်ဆုံးသောသိုးများထံသို့သာ စေလွှတ်ခြင်းခံရ၏' ဟု ပြန်၍မိန့်တော်မူ၏။" - ရှင်မဿဲ ခရစ်ဝင် ၁၅:၂၄

အနီအပြေက ၎င်းတို့သည် အမှန်အာရုံစိုက်မစိုက်ကို စစ်ကြော၏။ ဗတ္တိဇံဆရာ ရှင်ယောဟန်က လောကကယ်တင်ရှင်ကို အောက်ပါအတိုင်း မိတ်ဆက်ပေးခဲ့၏။ ။

> “‘ကြည့်လော့။ **ဤလောက၏အပြစ်ကို** ယူဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်တော်ပေတည်း။’” - ရှင်ယောဟန်ခရစ်ဝင် ၁:၂၉

ယေရှုဘုရားသည် ယုဒများအတွက်သာမဟုတ်ဘဲ ပုထုဇဉ်အားလုံး၏ ကယ်တင်ရှင် ဖြစ်၏။ အနီဒိမ္မစစ်ကို ရေတွင်း၌ စကားလက်ဆုံကြခဲ့သည့် ရှမာရိအမျိုးသမီးနှင့် ၎င်း၏ မြို့သူ မြို့သားများက ဆင်ခြင်တတ်ကြ၏။

> “သူတို့က ထိုအမျိုးသမီးအား ‘ယခု ငါတို့ယုံကြည်ကြသည်မှာ သင်ပြောဆိုသော စကားကြောင့်မဟုတ်တော့ပါ။ ငါတို့ကိုယ်တိုင်ကြားနာရသဖြင့် ဤသူသည် လော က၏ကယ်တင်ရှင်အစစ်အမှန်ဖြစ်ကြောင်းကို သိကြပြီ’ ဟု ဆိုကြ၏။” - ရှင်ယော ဟန်ခရစ်ဝင် ၄:၄၂

ယေရှုသည် ဤကမ္ဘာကို ကယ်တင်သည့်အရှင်ဖြစ်ပြား ၎င်း၏နိုင်ငံသည် ဤကမ္ဘာနှင့် မစပ်ဆိုင်ပါ။ ။

> “ယေရှုက ‘ငါ့နိုင်ငံသည် ဤလောကနှင့်မစပ်ဆိုင်။ ငါ့နိုင်ငံသည် ဤ လောကနှင့် စပ်ဆိုင်ခဲ့လျှင် ငါသည် ဂျူးလူမျိုးတို့လက်သို့ အပ်နှံခြင်း မခံရရန် ငါ့လူတို့သည် တိုက်ခိုက်ခဲ့ကြပေလိမ့်မည်။ သို့သော် ယခုတွင် ငါ့နိုင်ငံသည် ဤနေရာမှဖြစ်တည် သည်မဟုတ်’ ဟု မိန့်တော်မူ၏။” - ရှင်ယော ဟန်ခရစ်ဝင် ၁၈:၃၆

တမန်တော်ရှင်ပေါလု၏ ဝါစာအရ “ဣသရေလ” ဟူသည် ကယ်တင်ခြင်းလက်ဆောင်ကို လက်ခံလိုသူများကို သညာပြု၏။ ရှင်ပေါလုက အောက်ပါအတိုင်းဆို၏။ ။

> “အကြောင်းမူကား၊ အပြင်အားဖြင့်သာ ယုဒလူဖြစ်သောသူသည် ယုဒလူမှန်မ ဟုတ်။ အပြင်အားဖြင့်သာ ကိုယ်အသား၌ အရေဖျားလှီးခြင်းသည် အရေဖျားလှီး ခြင်း အမှန်မဟုတ်။ (၂၉) အတွင်းအားဖြင့် ယုဒလူဖြစ်သောသူသည် ယုဒလူ မှန်၏။ အရေဖျားလှီးခြင်းလည်း ကျမ်းဟောင်းတရားအားဖြင့် မဟုတ်ဘဲ၊ ဝိညာဉ် တော်တရားအားဖြင့် စိတ်နှလုံးနှင့် စပ်ဆိုင်၏။ ထိုသို့အရေးဖျားလှီးခြင်းကို ခံ

သောသူ၏အချီးအမွမ်းသည် လူအလိုနှင့် မဆိုင်၊ ဘုရားသခင့်အလိုတော်နှင့် ဆိုင်သတည်း။" - ရောမဩဝါဒစာ ၂:၂၈၊ ၂၉

ကယ်တင်ရှင်သည် ၎င်းတို့၏သန္တာန်တွင်ကိန်းမည့် လောကုတ္တရာနိုင်ငံတော်ကို မိန့်နေခြင်းဖြစ်၏။ အနီမာတုဂါမသည် ယေရှုထံလာသည်ဆိုရာ၌ ထိုဝိညာဉ်တော်၏ ဖိတ်ခေါ်ခြင်းကို တုံ့ပြန်ခြင်းဖြစ်၏။ သူမသည် ဣသရေလမိသားစုဖြစ်ကြောင်း ပြခြင်းဖြစ်၏။ လောကီ ဣသရေလမဟုတ်၊ လောကုတ္တရာ ဣသရေလဖြစ်၏။ ဣသရေလဟူသည့်အမည်နာမသည် ယာကုပ်ကကူရာမဲ့ပြီဟုမှတ်ချိန်၌ အောင်စိတ်နှင့်ကောင်းကင်တမန်ကို နပန်းသတ်အပြီး၌ ရခဲ့သည့်အမည်ဖြစ်၏။ ယခုလည်း သူမသည် အောင်နိုင်သူသည် ဣသ ရေလအစစ်ဖြစ်ကြောင်း ပြလို၏။

"သို့သော် ထိုအမျိုးသမီးသည်လာ၍ ကိုယ်တော်ကိုရှိခိုးလျက် 'သခင်ဘုရား၊ ကျွန်မ ကို ကူညီမစတော်မူပါ' ဟု လျှောက်လေ၏။" - ရှင်မဿဲ ခရစ်ဝင် ၁၅:၂၅

မာတုဂါမ၏ ယုံကြည်သဒ္ဓါအားသည် မယုတ်လျော့ခဲ့ပါ။ မြဲ၏။ ယေရှုက ၎င်းကိုကူညီလိုပါ၏။ သို့ြား ဆန်းစစ်စရာကျန်သေး၏။

"ကိုယ်တော်ကလည်း 'သားသမီးတို့၏အစာကိုယူ၍ ခွေးကလေးတို့အား ချပေးခြင်းသည် မကောင်းမသင့်ပါ' ဟု ပြန်၍မိန့်တော်မူ၏။" - ရှင်မဿဲ ခရစ်ဝင် ၁၅:၂၆

ရှင်မဿဲ ၁၅:၁၆ အင်္ဂလိပ်ကျမ်း၌သုံးသည့် "but" သည် သူမကို အကန်သဘော အဓိပ္ပာယ် သက်ခြင်းမဟုတ်ပါ။ ဂရိပါဠိ "de" သည် "နှင့်" ဟူသည့် အဓိပ္ပာယ်လည်းရှိပြီး အဆက် မပြတ်ခြင်း သဘောဖြစ်၏။ ယခုတွင် ယေရှုကသူမကို သူမသည် ဣသရေလ အစစ်ဖြစ်ပြီ လောဟု ပိုင်းဖြတ်စေခြင်းဖြစ်၏။ ၎င်း၏အမေးသည် တပည့်တော်များ၏ လူမျိုးရေးစိတ် နှင့် မာတုဂါမက ၎င်းအပေါ်ထားရှိသည့် ကြောင့်ကြစိတ်တို့ကို တစ်ချက်တည်း စစ်ခြင်း ဖြစ်၏။ သူမက လည်း "အရှင်၊ ကျွန်ုပ်သည်

အရှင့်သားသမီးများထဲမှ တစ်ဦးဖြစ်၏။ အရှင် က ကူမမည်ဟု ယုံပါ၏။" ဟု ဖြေနိုင်၏။ ဤသည်မှာ အသင့်ဆုံးအဖြေတည်း။ သို့ပြား သူမ က ၎င်းကိုယ်ကို အပဟိတ်တိရစ္ဆာန်အဖြစ်သမုတ်ပြီး ယုံကြည်ခြင်းကို ဆက်၍ဆွဲကိုင်၏။

> "ထိုအမျိုးသမီးကမူ 'မှန်ပါ၏ သခင်ဘုရား။ သို့ရာတွင် ခွေးကလေးများပင်လျှင် သူတို့သခင်၏ စားပွဲမှကျသော စားနုပ်စားပေါက်များကို စားရကြပါ၏' ဟု လျှောက်လေ၏။" - ရှင်မဿဲခရစ်ဝင် ၁၅:၂၇

ယေရှုဘုရားက သူမအား ခွေးဟုသညာပြုပြား ယေရှုက ၎င်းကိုကူမမည်ဟု ယုံကြည်သဒ္ဓါ အား ထက်သန်သေးကာ ၎င်းကို အောင်နိုင်သူ ဣသရေလဖြစ်စေ၏။ သမီးအပေါ် ထားရှိ သည့် သူမ၏မေတ္တာ၊ ဝိညာဉ်တော်၏ ဖိတ်ခေါ်မှုကို တုံ့ပြန်ခြင်းများက သူမအား ယုံ ကြည်ခြင်း၏အကျိုးကို ခံစားစေ၏။

> "ထိုအခါ ယေရှုက 'အိုအမျိုးသမီး၊ သင်၏ယုံကြည်ခြင်းသည် ကြီးမားလှပေ၏။ သင်အလိုရှိသည့်အတိုင်း သင့်၌ဖြစ်စေ' ဟု မိန့်တော်မူရာ သူ၏သမီးသည် ထို အချိန်နာရီမှစ၍ ကျန်းမာလာလေ၏။" - ရှင်မဿဲခရစ်ဝင် ၁၅:၂၈

အနီအဖြေက တပည့်တော်များကို ဆုံးမ၏။ ၎င်းတို့သည် ယေရှု၏သွန်သင်မှုများကို ၎င်း တို့၏ဓာတ်သွေးအတိုင်း ယူကြပြီး ခရစ်တော်ကိုလည်း ထို့အတိုင်း ပုံရိုက်ကြ၏။ ယေရှု ဘုရားသည် မာတုဂါမ၏ အသနားခံခြင်းကို ဖြည့်ဆည်းပေးသည့်အခါ ၎င်းတို့သည် အံ့သြ ကြပြီး ယေရှုဘုရားကို အထင်ကြီးခဲ့မှုများ ပျောက်တော့၏။ ဤ၌ ၎င်းတို့သည် ယေရှု၏ စီမံမှုတို့သည် ပဟေဠိဆန်၏ (သို့) ၎င်းတို့၏လူမျိုးရေးမုန်းတီးမှုကို ဆင်ခြင်ရပါတော့မည်။

ယေရှုဘုရားသည် "ဘုရားသခင်၏ ဉာဏ်တော်" ဖြစ်သည်ဟု သမ္မာကျမ်းစာက ဆို၏ - ၁ကော ၁:၂၄။ ခမည်းတော်ထံမှလာသည့် ဉာဏ်ပညာက ၎င်းကို ပုထုဇဉ်များနှင့် ဆက်ဆံ မှုအထမြောက်စေရန်နှင့် ၎င်းတို့၏သန္တာန်၌ ဘာရှိသည်ကို အတိုက်အခိုက်မရှိပြနိုင်ရန်

စီမံတော်မူ၏။ ယေရှုက "သင်တို့သည် လူမျိုးရေးစိတ် ပြင်းပြကြ၏။ ထိုစိတ်ကို ပယ်သတ် ရန်လိုသည်" ဟု မမိန့်ရသနည်း။ ထိုသို့မိန့်လျှင် ဘာမှအရာထင်မည်မဟုတ်။ ထို့အစား ၎င်းတို့အတွင်းသဏ္ဍာန်ပေါ်စေမည့်ဝါစာ မိန့်ခဲ့၏။

ဤသဘောတရားကို သင်သဘောပေါက်သည့်အခါ သမ္မာကျမ်းစာကို လေ့လာသည့်အခါ ပညတ်တော်ကို ကာယကံမြောက်စောင့်သူနှင့် နားကြားဖြင့်ပြီးသူကို ခွဲခြားနိုင်မည်ဖြစ်၏။ တပည့်တော်များကိုပေးခဲ့သည့် ယေရှုဘုရား၏ ဆန်းစစ်ခြင်းသည် သမ္မာကျမ်းစာကို လေ့ လာသူတိုင်းကိုလည်း စစ်ဆေး၏။ တပည့်တော်များက ယေရှုဘုရား၏ အပြုအမူကို ၎င်းတို့၏ဓာတ်သွေးဖြင့် ခြယ်မှုန်းသည့်အတိုင်း အများစုကလည်း ကျမ်းစာကို လေ့လာ စူးစမ်းကြသည့်အခါ ဘုရားသခင်ကို ၎င်း၏သိက္ခာစစ်စုံအတိုင်းမယူဘဲ ပုထုဇဉ်တို့၏ မံသ ဉာဏ်နုဖြင့်သာ ခြယ်မှုန်းကြ၏။ အောက်ပါကျမ်းပိုဒ်က ဘုရားသခင်သည် ပုထုဇဉ်များကို မေ့လျော့ကာ ကျောခိုင်းဟန်ရှိ၏။

"**ငါသည်**အရှေ့လေကဲ့သို့ သူတို့ကို ရန်သူရှေ့မှာ လွင့်စေမည်။ ဘေးရောက်သော ကာလ၌ **သူတို့အား** မျက်နှာကိုမပြ၊ **ကျောကိုပြမည်။**" - ယေရမိ ၁၈:၁၇

ကျောခိုင်းဟူသည့် ဝေါဟာရကို ငါတို့သည် ဥပေက္ခာပြုသည့်ဖက်သို့ ယူကြ၏။ အောက်ပါ ကျမ်းပိုဒ်၌ ဘုရားသခင်၏ကျောခိုင်းပုံကို သုံးသပ်ပါလော့။ ။

"ငါ့ဘုန်းလျှောက်သွားသောအခါ၊ သင့်ကိုကျောက်ကြား၌ ငါသွင်းထား၍ ငါကြွသွားသည်အခိုက်၊ သင့်ကို ငါ့လက်နှင့်ဖုံးအုပ်မည်။ (၂၃) ငါ့လက်ကို သိမ်းရုပ်သောအခါ၊ **ငါ့ကျောကိုသာမြင်ရမည်၊** ငါ့မျက်နှာကို မမြင်ရဟူ၍ ၎င်းမိန့်တော်မူ၏။" - ထွက်မြောက်ရာကျမ်း ၃၃:၂၂၊ ၂၃

ဤဖြစ်စဉ်၌ ဘုရားသခင်သည် ရှင်မောရှေကို ၎င်း၏ဘုန်းအစုံကိုမပြဘဲ ကျောဖက်ကိုသာ ပြခဲ့၏။ ဘုရားသခင်၏ မေတ္တာတော်သည် ကြီးမားလှကာ အပြစ်သားများက ထိုမေတ္တာ ကို အစုံမြင်ရလျှင် စိတ်မလုံစေတော့ပါ။

> "ငါ၏လူတို့သည် ငါ့ကိုမေ့လျော့၍၊ အချည်းနှီးသော အရာရှေ့မှာ နံ့သာပေါင်းကို မီးရှို့ကြပြီ။ ရှေးကာလမှစ၍ လိုက်ဘူးသော လမ်းတို့၌ လဲတတ်သောကြောင့်၊ အခြားသောလမ်း၊ မြေမဖို့သောလမ်းသို့ လိုက်ကြပြီတ ကား။" - ယေရမိ ၁၈:၁၅

ဣသရေလတို့သည် ဘုရားသခင်ကို မေ့လျော့ကာ အခြားလမ်းကိုလိုက်ကြပြီ။ ၎င်းတို့သည် ပျက်စီးခြင်းကို မကြုံရန် ဘုရားကလည်း ၎င်း၏ဘုန်းကိုကွယ်ပေးပြီး ကျောပေးခဲ့၏။ ၎င်း၏သားသမီးများ စိုက်သည့်အကျိုး ခံစားကြသည်ကို ဝမ်းနည်းနေကြောင်း မမြင်စေရန် ကျောပေးခဲ့၏။

> "**ရိုက်သောသူတို့အား ငါ့ကျောကိုပေး၏**" - ဟေရှာယ ၅၀:၆

ဣသရေလတို့၏ အပြုအမူက ငါတို့၏ကယ်တင်ရှင်ကို ရင်နင့်စေ၏။ ၎င်းတို့၏ ရုပ်တုကိုးကွယ်ခြင်းက ၎င်းကို ရင်နင့်စေ၏။ "အမှုရောက်လေရာ၌ ၎င်းလည်းခံရပြီး ရှေးကာလ ပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။" - ဟေရှာယ ၆၃:၉။ ထို့ကြောင့် ကြိမ်ဒဏ်ပေးသော သူများထံ ၎င်း၏ကျောကို ပေးတော်မူ၏။ ဤစာကြောင်းကို ဘုရားသခင်သည် ၎င်း၏ သားသမီးများက ငြင်းခဲ့သောကြောင့် အနာရခဲ့ရသည်၊ သူတို့၏အပြစ်က သူတို့ကိုမသေ စေရန် ၎င်း၏ဘုန်းတော်ဖြင့် ဖုံးပေးထားသည်ဟု ယူနိုင်၏။ ပညတ်ပုထုဇဉ်တစ်ဦးက ထိုစာကြောင်းကို ဘုရားသည် ပုထုဇဉ်များကို ကျောခိုင်းပြီဟု ယူပေမည်။ အကြောင်းမှာ အနှီသည် ပုထုဇဉ်တို့၏ဗီဇဖြစ်သောကြောင့် ဖြစ်၏။ ငါတို့သည် ကျမ်းစာကိုလေ့လာသည့် အခါ ထိုသို့ အလိုလိုမှတ်တတ်ကြ၏။ ဘုရား၏ အကြံတော်သည် ငါတို့နှင့်မတူသည်မှာ ကျေးဇူးကြီးလှ၏ - ဟေရှာယ ၅၅:၈၊ ၉။

သမ္မာကျမ်းစာသည် ကြည့်မှန်ပမာဖြစ်သည့် အခြားဥပမာ ထပ်လောင်းဖြည့်ကြအံ့။ တော လည်ရာကျမ်း (၁၃) ၌။ ။

> "တစ်ဖန်ထာဝရဘုရားသည် မောရှေအားမိန့်တော်မူသည်ကား၊ (၂) ငါသည်ဣသရေလ အမျိုးသားတို့အား ငါပေးသောခါနာန်ပြည်ကို စူးစမ်းစေခြင်းငှာ၊ အမျိုးအနွယ် အသီးအသီးထဲက အဆွေအမျိုးသူကြီးဖြစ်သောသူ တစ်မျိုးတစ်ယောက်စီ ရွေး ကောက်၍စေလွှတ်လော့။" - တောလည်ရာကျမ်း ၁၃:၁၊၂

တရားဟောရာကျမ်း ၁:၂၂ ၌ အောက်ပါအတိုင်း ဆိုပြန်၏။

> "သင်တို့ ဘုရားသခင်ထာဝရဘုရားသည် ပြည်တော်ကို သင်တို့ရှေ့မှာ ထား တော်မူပြီ။ သင်တို့အဘများ၏ ဘုရားသခင်ထာဝရဘုရား မိန့်တော်မူသည်အ တိုင်း၊ တက်သွား၍ သိမ်းယူကြလော့။ မကြောက်ကြနှင့်။ စိတ်လည်းမပျက်ကြ နှင့်ဟု ပြောဆို၏။ (၂၂) ထိုအခါ သင်တို့ရှိသမျှသည် ငါ့ထံသို့ချဉ်းကပ်၍၊ အကျွန်ုပ် တို့ရှေ့၌ လူတို့ကိုစေလွှတ်ပါမည်။ သူတို့သည် ထိုပြည်ကိုစူးစမ်းပြီးမှ၊ အကျွန်ုပ် တို့သည် အဘယ်လမ်းသို့သွားလျှင် အဘယ်မြို့သို့ရောက်ရမည်ကို ကြားပြောကြ ပါလိမ့်မည်ဟု၊ (၂၃) လျှောက်ဆိုသောစကားကို ငါနှစ်သက်၍၊ သင်တို့တွင် တစ် မျိုးတစ်ယောက်စီ၊ လူပေါင်းတစ်ကျိပ်နှစ်ယောက်တို့ကို ရွေးထား၏။" - တရားဟော ရာကျမ်း ၁:၂၁-၂၃

တောလည်ရာကျမ်း အခန်းကြီး (၁၃) က ဘာဖြစ်ပျက်ခဲ့သည်ကို အစုံအလင်မချပြပါ။ ပြည်တော်ကို စနည်းနာရန် ဘုရားမိန့်ခဲ့ခြင်းကိုသာ ချပြ၏။ အထက်ပါနှစ်ပိုဒ်က စာရှုသူ ကို ဆန်းစစ်လေ့လာခွင့်ရစေ၏။ စာရှုသူက ဤ၌ သမ္မာကျမ်းစာကို မကြည်ညိုလိုစိတ်ရှိ လျှင် သဲလွန်စယူနိုင်မည့် ကျမ်းပိုဒ်ဖြစ်တော့၏။ စာရှုသူ၏သန္တာန်၌ကိန်းသည့် ဝိစိကစ္ဆာ ကို သမ္မာကျမ်းစာအပေါ် လွှဲချပြီး။ အမိန့်အတိုင်း ပြုကျင့်ရမည်ဟုယူသူက စနည်းနာရန် ပင်မလိုဘဲ တက်သိမ်းရုံဖြစ်၏။ စနည်းနာခြင်းသည် ယုံကြည်ခြင်းမဲ့ကြောင်း ပြခြင်းဖြစ် ၏။ ဘုရားကလည်း ၎င်းတို့တောင်းဆိုသည်အတိုင်း လိုက်လျော၏။ လူထောက်အများစု

၏ အားယုတ်စေသည့် သံတော်ဆင့်မှုသည် စနည်းနာရန်လိုအပ်စေသည့် ၎င်းတို့သန္တာန်တွင်စွဲပြီးသော အကြောက်တရားကို ရောင်ပြန်ဟပ်၏။ သမ္မာကျမ်းစာတော်မြတ်သည် ကန္တကောစတိုက်လိုသူများ အစဆွဲနိုင်မည့် အနေအထားဖြင့် ရေးမှတ်ထားခြင်း ဖြစ်၏။ ပညတ်တော်ကိုစောင့်သူက ယုံကြည်ခြင်းတရားကို ဆုပ်ကိုင်ကာ ဒုက္ခများကို ကျမ်းစာဖြင့် ချိန်ညှိ၏။

ဒါဝဒ်မင်းကြီး၏ သန်းခေါင်စာရင်းကောက်မှုအကြောင်း သုံးသပ်ကြအံ့။

> "နောက်တစ်ဖန်ထာဝရဘုရားသည် ဣသရေလအမျိုးကို အမျက်ထွက်တော်မူလျှင်၊ စာတန်သည် ရန်ဘက်ပြု၍ ဣသရေလလူနှင့် ယုဒလူတို့ကို ရေတွက်စေခြင်းငှာ ဒါဝိဒ်ကိုတိုက်တွန်းလေ၏။" - ဓမ္မရာဇဝင်ဒုတိယစောင် ၂၄:၁

အနီကျမ်းပိုဒ်ကို ရာဇဝင်ချုပ်ပထမစောင် ၂၁:၁ နှင့် ယှဉ်ကြအံ့။

> "နောက်တစ်ဖန် စာတန်သည် ဣသရေလအမျိုး တစ်ဖက်၌ထ၍ ဣသရေလအမျိုးသားတို့ကို ရေတွက်စေခြင်းငှာ ဒါဝိဒ်ကို တိုက်တွန်းလေ၏။" - ရာဇဝင်ချုပ်ပထမစောင် ၂၁:၁

ဤ၌လည်း စာသားအရ မတိုက်ဆိုင်ဟန်ပေါက်၏။ အနီသည် ယေရှုဘုရားသည် လောက ပါလ ကယ်တင်ရှင်ဟု ချပြခဲ့ပြီး မာတုဂါမထံ၌ "ဣသရေလအမျိုးအဝင်ပျောက်လွင့် သော သိုးများမှတစ်ပါး အခြားသောအမျိုးရှိရာသို့ ငါ့ကို မစေလွှတ်" ဟု ဆိုခဲ့သည့် ဖြစ်စဉ် နှင့် ဆင်တူ၏။ ထိုထိုကျမ်းပိုဒ်များကို ဖတ်ရှုရသည့်အခါ ငါတို့သည် အစစ်အဆေးခံရ၏။ ရှေ့လာမည် အခန်းများတွင် ထာဝရဘုရား၏ ကောင်းကင်တမန်အကြောင်း ထဲထဲဝင်ဝင် လေ့လာကြအံ့။ ယခုတွင်ကား ယေရှုဘုရားခရစ်၏ သက်တော်စဉ်အကြောင်းကိုသာ အထူးလေ့လာအံ့။ သန်းခေါင်စာရင်းကောက်မှုကြောင့် လူပေါင်း ၇၀,၀၀၀ ဆုံးခဲ့ရ၏။

"ထိုနေ့နံနက်မှစ၍ ချိန်းချက်သောအချိန်တိုင်အောင် **ထာဝရဘုရား**သည် ဣသရေလအမျိုး၌ ကာလနာကို လွှတ်လိုက်တော်မူ၍၊ ဒန်မြို့မှသည် ဗေရရှေဘမြို့တိုင်အောင် လူခုနစ်သောင်းသေကြ၏။" - ဓမ္မရာဇဝင်ဒုတိယစောင် ၂၄:၁၅

မူကွဲအချို့က ဘုရားသခင်သည် ဣသရေလအပေါ် အလွန်အမျက်ရှကာ လူ သောင်းချီ သုတ်သင်ရန်စီရင်၏ဟုလာ၏။ ။

"နောက်တစ်ဖန် **ထာဝရဘုရား**သည် ဣသရေလအမျိုးကို အမျက်ထွက်တော်မူလျှင်၊ စာတန်သည် ရန်ဘက်ပြု၍ ဣသရေလလူနှင့် ယုဒလူတို့ကို ရေတွက်စေခြင်းငှာ ဒါဝိဒ်ကိုတိုက်တွန်းလေ၏။" - ဓမ္မရာဇဝင်ဒုတိယစောင် ၂၄:၁ (NIV)

ဘုရားသခင်၏အမျက်သည် ဣသရေလများအပေါ် တောက်လောင်သည့်အကြောင်း၌ သင့်အာရုံတွင် ဘာပေါ်သနည်း။ ဒေါသအခိုးထွက်နေသည့် ပုဂ္ဂိုလ်တစ်ဦး ခေါက်တုံ့ခေါက် ပြန် လျှောက်နေသည်ဟု သင်အာရုံပေါ်သလော။ ဘာသာပြန်သူတစ်ဦးက ၎င်း၏အာရုံအ တိုင်း ဘာသာပြန်နိုင်ချေရှိသလော။ ဟေဗြဲပါဠို၏ အဓိပ္ပာယ်ကား စာဖတ်သူ (သို့) ဘာသာ ပြန်သူက ပြန့်ကားနေသည့်အနက်ကို ရွေးရမည်ဖြစ်၏။ အချို့ဝေါဟာရသည် အနက်များ စွာ ကားသောကြောင့် လေ့လာသည့်စာကြောင်းကို အဓိပ္ပာယ်လွဲစေနိုင်၏။ ဥပမာ - ၂ ရာ ၂၄:၁ ရှိ "anger - အမျက်" နှင့် "kindle - ထွက်" ဟူသည့် ဝေါဟာရကို "suffering - ဝေဒနာ" နှင့် "grieved - ပူဆွေး" ဟု ပြန်နိုင်၏။ "move - တိုက်တွန်း" ဟူသည့် ဝေါဟာရ သည်လည်း "seduce - ဖြားယောင်း" အဓိပ္ပာယ်လည်းဆောင်၏။ ထို့ကြောင့် အောက်ပါ အတိုင်းလည်း ဆိုနိုင်၏။

"နောက်တစ်ဖန် **ထာဝရဘုရား**သည် ဣသရေလအမျိုးအတွက်ပူဆွေးပြီး၊ ဒါဝိဒ် သည် ဣသရေလလူနှင့် ယုဒလူတို့ကို ရေတွက်စေခြင်းငှာ ဖြားယောင်းခံရ၏။" - ဓမ္မရာဇဝင်ဒုတိယစောင် ၂၄:၁

သို့နှင့် ဤအပိုဒ်သည် ၅ ရာ ၂၁:၁ ရှိ မာရ်နတ်သည် ဒါဝိဒ်တစ်ဖက်၌နေသည်ဟူသော အပိုဒ်နှင့်ရှေ့နောက်ညီတော့၏။ ဒါဝိဒ်သည် ဘာ့ကြောင့် ဖြားယောင်းခံရသနည်း။ အကြောင်းကား ဣသရေလတို့က ဘုရား၏ဝိညာဉ်တော်ကို ပူဆွေးစေသည်ကြောင့် ... ကြောင့်။ သမ္မာကျမ်းစာလာအရ ဘုရားသခင်၏ အမျက်က နတ်ရဲများကို ခြယ်လှယ်ခွင့် ပေးဟန်ရှိ၏။

> "ကိုယ်တော်သည် ဘေးအန္တရာယ်ပြုတတ်သည့် ကောင်းကင်တမန် တစ်စုတည်း ဟူသော မိမိ၏ပြင်းထန်သောအမျက်၊ ဒေါသ၊ မျက်မာန်နှင့် ဆင်းရဲဒုက္ခကို သူတို့ ထံသို့စေလွှတ်(လွှတ်သည်)တော်မူ၏။" - ဆာလံကျမ်း ၇၈:၄၉

တစ်ဖန်လည်း "sending - စေလွှတ်" ကို "releasing - လွှတ်သည်" ဟုလည်း ပြန်နိုင်၏။ ဘုရားသခင်၏အမျက်ဟူသည် ၎င်း၏သားသမီးများက အဆုံး၌ ၎င်းကို အဝေးသို့တွန်း ထုတ်ရန် ခွင့်ပြုသည်ဟု အဘိဓမ္မာဖွင့်ထားကာ ထိုအကြောင်းက မာရ်နတ်အား ဖျာခင်းခွင့် ပေး၏။ ငါတို့အဘသည် ငါတို့ကို မေတ္တာရှိ၏။ ငါတို့၏ ကယ်တင်ရှင်သည် မဟာသိုးထိန်း ကြီးဖြစ်ပြီး ၎င်း၏သိုးများအတွက် မမောနိုင်မပန်းနိုင် စောင်မတော်မူ၏။ ၎င်း၏သားသမီး များက ၎င်းကို ရက်ဆက်ငြင်းပယ်ကြသည့်အခါ ၎င်းကလည်း အဆုံးတွင် ၎င်းတို့ဓာတ် သွေးအတိုင်း လွှတ်ထားရ၏။ ဣသရေလတို့သည် ဒါဝိဒ်မင်းလက်ထက်တွင် ရှေ့ပြည် တော်ဖြစ်ရေး ဆန္ဒထွားခဲ့၏။ ဘုရားသခင်၏ဝိညာဉ်တော်က ထိုအရာများကို မျက်မှောက် မပြုရန် နားချခဲ့၏။ သို့ပြား ဘုရင်စနစ်ကြိုက်ခဲ့ကြသည်ဝသီက ယခုတွင် နိုင်ငံချဲ့လိုလာ တော့၏။ ထို့ကြောင့်လည်း ဒါဝိဒ်အား မာရ်နတ်ကဖြားယောင်းရန် ဘုရားသခင်က လွှတ် ထား၏။

ကျမ်းစာကိုဘာသာပြန်ကြသူများက ဟေဗြဲဝေါဟာရ "aph" ကို "အမျက်" ဟု ၂ ရာ ၂၄:၁ ၌ ပြန်ကြ၏။ ထိုဝေါဟာရကိုပင် ထွက်မြောက်ရာကျမ်း ၃၄:၆ ၌ "ရှည်" နှင့် ပုဒ်ဆက် ပြု ထား၏။

> "ထာဝရဘုရားသည် မောရှေရှေ့၌ ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း[H639 aph]၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော" - ထွက် မြောက်ရာကျမ်း ၃၄:၆

ဘုရားသခင်က ဟေဗြဲဝေါဟာရ "aph" ကို ငါတို့အတွက် ကြည့်မှန်ပမာဖြစ်စေ၏။ ငါတို့သည် အမျက် (သို့) ဒုက္ခဟူ၍ ယူနိုင်၏။ ဤသို့ယူနိုင်ရသည်မှာ ဟေဗြဲဝေါဟာရသည် နှာပေါက် (သို့) နှာခေါင်းဖြင့် အသက်အမြန်ရှူသည်ဟု အဓိပ္ပာယ်ရသောကြောင့် ... ။ အမျက်ကြောင့် (သို့) ဝမ်းနည်းခြင်းကြောင့် အသက်ရှူမြန်နိုင်၏။ ယေရှုက ၎င်းသည် အစိုးရ မင်းများထံ အပ်နှံခြင်းခံရမည်ကို တပည့်တော်များအား အသိပေးသည့်အခါ ၎င်းတို့သည် မကြားလိုကြ။ ထို့ကြောင့် ဘုရားသခင်သည် ၎င်းကို ဆန့်ကျင်သူများအတွက် စိတ်မချမ်း သာသည့် ဘုရားထက် အမျက်ထွက်သည့်ဘုရားအဖြစ် မှတ်လိုကြကြောင်း နေရာများစွာ၌ ငါတို့တွေ့ရ၏။ အပြစ်လုပ်ခြင်းသည် ဘုရားကိုစိတ်မချမ်းသာစေပါဟုမြင်ကြလျှင် ၎င်းတို့ လည်း ရပ်တန်းမှရပ်ကြမည်ဖြစ်၏။ အမျက်ထွက်သည့်ဘုရားဟု မြင်ခြင်းကြောင့် ၎င်းတို့ က ဆင်ခြေရှာကြ၏။ ယေရှုဆိတ်ဆိတ်နေခြင်းကို တပည့်တော်များက လူမျိုးရေးစိတ်ကြောင့်ဟု ယူသကဲ့သို့ ကျမ်းစာဘာသာပြန်သူများ၊ လေ့လာစူးစမ်းသူများသည်လည်း မတရားမှုများကို ၎င်းတို့ဗီဇဖြင့် သုံးသပ်နေသည်ကို ဘုရားသခင့်သိက္ခာတော်ပမာ မှတ်ကြ၏။

နိဂုံးအနေဖြင့် အာရုံပြုရမည်ကား အောက်ပါကျမ်းပိုဒ်ဖြစ်၏။ ။

> "ထိုသို့ရှောလုသည် ထာဝရဘုရား၏စကားတော်ကို နားမထောင်၊ လွန်ကျူး၍ ထာဝရဘုရားကို ပြစ်မှားသောကြောင့်၎င်း၊ (၁၄) ထာဝရဘုရားကို မမေးမြန်း ဘဲနတ်ဝင်မိန်းမကို ရှာဖွေမေးမြန်းသောကြောင့်၎င်း၊ ထာဝရဘုရားသည် သူ့ကို

ကွပ်မျက်၍၊ နိုင်ငံတော်ကို ယေရှဲသားဒါဝိဒ်၌ လွှဲအပ်တော်မူ၏။" - ရာဇဝင်ချုပ် ပထမစောင် ၁၀:၁၃၊ ၁၄ (NKJV)

ဘုရားသခင်သည် ပုထုဇဉ်တို့ကို လက်စတုံး၏ဟု သက်သေရှာလိုသူတစ်ဦးအတွက် အနီ ကျမ်းပိုဒ်သည် ကွက်တိဖြစ်၏။ ဤကျမ်းပိုဒ်၌ ဘုရားသခင်သည် ရှောလုကို သတ်သည်ဟု လာ၏။ အနီကျမ်းပိုဒ်သည် ကြည့်မှန်ဖြစ်၏။ ပညတ်တော်ကို နားကြားသာရှိသူက အနီ ကျမ်းပိုဒ်ကို ၎င်း၏ဗီဇအတိုင်း ယူမည်ဖြစ်၏။ ဘုရားသခင်သည် ရှောလုကို ကြီးစွာနှစ် သက်ခဲ့ဖူး၏။ ရှောလုကား ၎င်းကို ဖီလာခဲ့၏။ ဤဖြစ်စဉ်၌ ပုထုဇဉ်ဗီဇက လက်စား ခြေလိုစိတ်ရှိကာ ရှောလုသည် သေထိုက်သည်ဟု မှတ်ပေမည်။ အခြားတစ်ဖက်မှဆိုရ လျှင် ပုထုဇဉ်ဟူသည် ဥပဒေကို တော်လှန်လိုစိတ်ရှိကာ ဘုရားက ရှောလုကိုသတ်သည် ဟု ဖတ်ရသောကြောင့် ဥပဒေသည်ကြမ်းကြောင်း သက်သေအဖြစ် ယူနိုင်စေ၏။ ယေရှု ဘုရား၏စိတ်အတိုင်း ကျမ်းစာကိုလေ့လာသူများက ဘုရားသခင်သည် ရှောလုကို အကယ် ပင် သတ်သလောဟူသည်ကို ဆက်၍ဆန်းစစ်ကြမည်ဖြစ်၏။ အနီဖြစ်စဉ်၌ အဖြေသည် အရှေ့ပိုင်းအငယ် (၁၀) ဝန်းကျင်၌ရှိ၏။

"စစ်တိုက်ရာတွင် ရှောလုသည်အလွန်ခံရ၏။ လေးသမားတို့ ပစ်သောမြှားမှန်၍ အလွန်နာသောကြောင့်၊ (၄) လက်နက်ဆောင်လုလင်ကို ခေါ် ပြီးလျှင်၊ သင့်ဓားကို ထုတ်၍ ငါ့ကိုထိုးလော့။ သို့မဟုတ် အရေဖျားလှီးခြင်းကို မခံသောလူတို့သည် လာ၍၊ ငါ့ကိုမရှိမသေ ညှဉ်းဆဲကြလိမ့်မည်ဟု ဆိုသော်လည်း၊ လက်နက်ဆောင် လုလင်သည် အလွန်ကြောက်၍ မပြုဘဲနေသောကြောင့်၊ ရှောလုသည် ထိုဓားကို ယူ၍ ထောင်ပြီးလျှင်၊ ဓားဖျားပေါ်မှာ လှဲ၍သေ၏။" - ရာဇဝင်ချုပ်ပထမစောင် ၁၀:၃၊ ၄

ရှောလုသည် မိမိကိုယ်ကို သတ်သေခဲ့၏။ ရှောလုသည် ဘုရားထံမှဖယ်ခွာခဲ့၏။ ဆိုချင် သည်မှာ ဘုရားသည် စိတ်ရှိအတိုင်း မကာကွယ်ပေးနိုင်တော့...။ ရှောလုသည် စစ်ပွဲ

အတွင်း ကူရာမဲ့ခဲ့ပြီး ၎င်းကလည်း ဥပဒေသွေဒကကံကို ကျူးလွန်ခဲ့၏။ ဤအကြောင်း ရင်းခံက ထိုကျမ်းပိုဒ်ကို အထောက်အကူပေး၏။

ဤ၌ ကျမ်းစာကို လေ့လာသူများအတွက် အရေးပါသည့် သင်ခန်းစာရှိ၏။ သင်က ခရစ်တော် ဤကမ္ဘာသို့ ကြွလာရခြင်းသည် ခမည်းတော်အကြောင်းကိုပြရန်၊ ပုထုဇဉ်တို့၏ ငြင်းပယ်ခြင်းကို နေ့စဉ်ရက်ဆက် ခရစ်တော်ခံရကြောင်းကို သင်နားလည်နိုင်စွမ်းလျှင် ခရစ်တော်သည် အမြင်၌သနားဟန်မပေါက်ပြား ငါတို့သည်လည်း ထိုဘာသာခြား မာတုဂါမအတိုင်း ယုံကြည်သဒ္ဓါတရားကို စွဲမြဲစွာဆုပ်ကိုင်မည်ဖြစ်၏။ ဤသည်မှာ ငါတို့သည် ခရစ်တော်နှင့် ခမည်းတော်အပေါ် မည်သည့် စိတ်ထားများ ရှိကြောင်းကိုမြင်ကာ နောင်တ ရတတ်ရန် ငါတို့သန္တာန်တွင် ဘာကိန်းနေကြောင်းကို ပညတ်တော်က ကြည့်မှန်ပမာ လုပ် ဆောင်၏။

“ … သင်အလိုရှိသည်အတိုင်း သင်၌ဖြစ်စေ။” - ရှင်မဿဲ ၁၅:၂၈

## ၁၀။ သင့်သန္တာန်၌ ဘုရားကိုကြောက်သည့်စိတ် ဥပနာခြင်း

"ဂျူးလူမျိုးတို့၏ပသခါပွဲတော်နီးကပ်လာပြီဖြစ်သဖြင့် ယေရှုသည် ဂျေရုဆလင်မြို့သို့ ကြွတော်မူ၏။ (၁၄) ဗိမာန်တော်၌ သိုး၊ နွားနှင့် ချိုးငှက်များကို ရောင်းနေသောသူတို့မှစ၍ ငွေလဲပွဲစားများထိုင်နေသည်ကို တွေ့တော်မူရာ (၁၅) ကိုယ်တော်သည် ကြိုးများဖြင့် ကျာပွတ်ကိုပြုလုပ်ပြီးလျှင် သိုး၊ နွားတို့နှင့်တကွ ထိုသူအပေါင်းတို့ကို ဗိမာန်တော်ထဲမှနှင်ထုတ်၍ ငွေကြေး လဲလှယ်သူတို့၏ ဒင်္ဂါးများကို သွန်ချကာ သူတို့၏စားပွဲများကို မှောက်လှန်တော်မူ၏။ (၁၆) ချိုးငှက်များကို ရောင်းနေသောသူတို့အားလည်း 'ဤဥစ္စာများကို ဤနေရာမှယူသွားကြလော့။ ငါ့ခမည်းတော်၏အိမ်တော်ကို ဈေးရုံမဖြစ်စေကြနှင့်' ဟု မိန့်တော်မူ၏။ (၁၇) 'ကိုယ်တော်၏အိမ်တော်အတွက် ထက်သန်သောစိတ်သည် အကျွန်ုပ်ကိုလွှမ်းမိုး လျက်ရှိပါ၏' ဟု ကျမ်းစာ၌ ရေးထားသည်ကို တပည့်တော်တို့သည် သတိရကြ ၏။" - ရှင်ယောဟန် ခရစ်ဝင် ၂:၁၃-၁၇

"ထို့နောက် ကိုယ်တော်သည် ဗိမာန်တော်ထဲသို့ဝင်၍ ရောင်းဝယ်နေသောသူတို့ကို နှင်ထုတ်တော်မူပြီး ထိုသူတို့အား (၄၆) "'ငါ့အိမ်သည် ဆုတောင်းရာအိမ်ဖြစ်လိမ့် မည်' ဟု ကျမ်းစာ၌ရေးထားသော်လည်း သင်တို့သည် ၎င်းကို ဓားပြတို့ခိုအောင်း ရာ ဖြစ်စေကြပြီတကား" ဟု မိန့်တော်မူ၏။" - ရှင်လုကာခရစ်ဝင် ၁၉:၄၅၊ ၄၆

ပသခါပွဲသည် ၎င်း၏သားတော်ကို လောကသားတို့အတွက် စတေးခံစေသည့် ဘုရားသခင့် မဟာမေတ္တာတော်ထူးအကြောင်း အပြစ်သားများ တရားရကြရန် ရည်သန်ကာ ကျင်းပစေခြင်းဖြစ်၏။ ဣသရေလခေါင်းဆောင်များသည် ထိုပွဲကို အကြောင်းပြုကာ ပြည်သူများအပေါ် အမြတ်ထုတ်ကြ၏။ မိသားစုတိုင်းက သိုးသငယ် မဖြစ်မနေ ပူဇော်ရမည်ဖြစ်ပြီး သိုးသငယ် ဝယ်နိုင်ရန် ပြည်သူသုံးအသပြာမှ ဗိမာန်သုံးသီးသန့်အသပြာသို့ လဲရ၏။ ထိုငွေများဖြင့် ဈေးတင်ထားသည့် ယဇ်ကောင်ကို ဝယ်ရ၏။

ယဇ်ကောင်ဝယ်ရန် ငွေကြေးခက်ခဲသူများက ဘုရားမေတ္တာတော်အကြောင်း သုတ္တန်ရမည့် ဂုရုကြီးများသည် ၎င်းတို့ကို ဂုတ်သွေးစုပ်သည်ဟု ခံစားကြ၏။

ယေရှုဘုရားသည် ဗိမာန်တော်ရှိ ထိုအနိဋ္ဌာရုံကိုတွေ့သည့်အခါ ရင်နင့်၏။ ဝမ်းမြောက်ဖွယ် တရားထူးကြီးကို အတ္တအတွက် တလွဲသုံးသောကြောင့် ဤအတိုင်းသွားလျှင် ပုထုဇဉ်သန်းများစွာသည် ကယ်တင်ခြင်းမရဘဲ သုသာန်သို့ ဦးတည်ကြမည်ဖြစ်၏။ ဤဩဝါတို့ကို ဘုရား၏သိက္ခာတော်အကြောင်း အလွယ်အမှတ်မှားစေသည့်အကြောင်းကို မိတ် ဆက်ပေး၏။ ဘုရားသခင်သည် ဤခြစားမှုကို ကျူးလွန်သူနှင့် ကျူးလွန်ခံရသူအပေါ် မေတ္တာအလွန်ရှိပါ၏။ ထိုခေါင်းဆောင်များ ကယ်တင်ခြင်းရနိုင်ရန် ထိပ်တိုက်တွေ့ကာ အလင်းပြပေးရန်လို၏။ ကယ်တင်ခြင်းလမ်းစဉ်သည် အောက်ပါအတိုင်းဖြစ်၏။

> "ပညတ်တရားမှုကား ကျူးလွန်သောအပြစ်ကို များပြားစေရန် ဝင်ရောက်ခဲ့၏။ သို့သော် အပြစ်များပြားလာသည့်နေရာ၌ ကျေးဇူးတော်သည် ပို၍ ပြည့်စုံကြွယ်ဝလေ၏။" - ရောမဩဝါဒစာ ၅:၂၀

မတန်မရာဈေးဆို ဖောက်ကားခြင်းများက နိုင်ငံတော်ကို ဦးဆောင်သူများ၏စိတ်ကို ထင်ဟပ်၏။ ၎င်းတို့သည် နောင်တမရလျှင် ငရဲလားကြမည်ဖြစ်၏။

ကယ်တင်ရှင်သည် ပုထုဇဉ်တို့၏သန္တာန်ကို ဖတ်နိုင်၏။ ခမည်းတော်သည် အယောက်တိုင်း၏ ဆံပင်အရည်အတွက်ကို သိသကဲ့သို့ ၎င်းကလည်း လူတို့၏သန္တာန်၌ ဘာရှိသည်ကို သိတော်မူ၏။ ဘုရားဘုန်းသည် ခရစ်တော်၏မံသခန္ဓာမှ ထွန်းပကာ ထိုလူများ၏ အတွင်းစိတ်ကို ဖတ်တော်မူ၏။ အနှီသမယသည် တရားစီရင်သည့်သမယ ဖြစ်၏။ ယေရှု ဘုရားအနီး၌ ရှိကြသူများကလည်း ၎င်းတို့၏စိတ်ကို ဖတ်နိုင်ကြောင်း ဉာဏ်ပေါက်ကြ၏။ ထိုအဖြစ်သည် အပြစ်သားများအတွက် အနေခက်စေ၏။

ကြာပွတ်ကိုင်၍ ရိုက်ခြင်းသည် အသားနာရန်မဟုတ်၊ အပြစ်ကို မြင်တတ်ရန်ဖြစ်၏။ တစ်ဦးမျှလည်း မသေ၊ မနာကြပါ။ ပရိဘောဂများသာ အဖျက်ခံရ၏။

ကယ်တင်ရှင်သည် ၎င်းတို့၏အပြစ်ကို မြင်စေ၏။ မဖျက်ဆီးပါ။ ကယ်ရန်သာ ရည်သန်၏။ ၎င်းတို့၏ အဖြစ်ကိုမြင်ပြီး နောင်တရကာ၊ တရားရနိုင်ကြရန်သာ ဆန္ဒရှိ၏။ သန့်ရှင်းသော ဝိညာဉ်တော်က ၎င်းတို့သန္တာန်၌ အလုပ်လုပ်ခြင်းသည် အပြစ်မှနောင်တရကာ အပြစ် လွှတ်ခွင့်ရကြရန်ဖြစ်၏။ ထို့အစား ၎င်းတို့သည် ယေရှုရှေ့မှ ထွက်ပြေးကြပြီး ၎င်းတို့၏ ကိလေသာကို ဖက်ကြ၏။ ၎င်းတို့သည် နောင်တမရလိုသောကြောင့် ဗိမာန်တော်မှ အနှင် ခံရ၏။ ၎င်းတို့သည် နောင်တရခဲ့လျှင် ကရုဏာ၊ သန္တိသုခတို့ကို ရကြမည်ဖြစ်ပြီး ခရစ် တော်ရှေ့၌ နေနိုင်ကြမည်ဖြစ်၏။ ၎င်းတို့ ဖနှောင့်နှင့်တင်ပါးတစ်သားတည်း ပြေးထွက် ကြချိန်တွင် အခြားသူများသည် ထိုအရပ်၌ကျန်ခဲ့ကာ ၎င်း၏ဩဝါဒများကို နာကြ၏။

> "ကိုယ်တော်သည် ဗိမာန်တော်၌ နေ့စဉ်နေ့တိုင်း သွန်သင်လျက် နေတော်မူ၏။ ယဇ်ပုရောဟိတ်အကြီးအကဲများ၊ ကျမ်းပြုဆရာများနှင့် လူထုခေါင်းဆောင်များ သည် ကိုယ်တော်ကိုသတ်ရန် ရှာကြံနေကြ၏။" - ရှင်လုကာခရစ်ဝင် ၁၉:၄၇

ယေရှုဘုရားသည် လူထုအပေါ် အကယ်စိတ်ဆိုးသည်မှန်လျှင် မည်သူမျှ ဆက်နေနိုင်မည် မဟုတ်ပါ။ အားလုံးပြေးကြပါမည်။ အမှန်တကယ် နောင်တရသူသည် အပြစ်ဖို့ခြင်း မခံရ သောကြောင့် ၎င်းရှေ့မှ ထွက်ခွာစရာအကြောင်းမရှိပါ။

> "ဘုရားသခင် ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍၊ ဇာတိပက တိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်သောသူတို့သည် အပြစ်စီရင်ခြင်း နှင့် လွတ်ကြ၏။" - ရောမဩဝါဒစာ ၈:၁

ဘုန်းတော်ကြီးများနှင့် အစိုးရမင်းများ ဝိညာဉ်တော်၏ပြုပြင်မှုကိုမခံဘဲ ငြင်းခဲ့ကြ၏။ ဗိမာန်တော်သည် နိုင်ငံတော်ကို ပုံဆောင်၏။ ဗိမာန်တော်သည် နောင်တမျက်ရည်များဖြင့်

သန့်စင်ခဲ့ရမည့်အစား ဆိုးသွမ်းသူများ၏ ရှောင်ပြေးခြင်းဖြင့်သာ သန့်စင်ခဲ့ရ၏။ ၎င်းတို့ကို ကယ်တင်ရန် ဝိညာဉ်တော်သည် ချဉ်းကပ်ခဲ့၏။ သို့သော် ဝိညာဉ်တော်က ၎င်းတို့ထံ နည်းကပ်လေလေ ၎င်းတို့က လန့်လေလေဖြစ်ကြ၏။

> "**သင်တို့ကို စစ်ကြောစီရင်ခြင်းငှာ ငါချဉ်းမည်။** ပြုစားတတ်သောသူ၊ သူ့မယားကို ပြစ်မှားသောသူ၊ မမှန်သော ကျိန်ဆိုခြင်းကို ပြုသောသူ၊ သူငှားကို အခမပေး ညှဉ်းဆဲသောသူ၊ မိဘမရှိသောသူငယ်နှင့် မုဆိုးမကို ညှဉ်းဆဲသောသူ၊ ဧည့်သည် ကို မတရားသဖြင့် စီရင်သောသူ၊ ငါ့ကို မကြောက်ရွံ့သောသူတို့တစ်ဖက်၌ ငါသည် လျင်မြန်သော သက်သေဖြစ်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် **ထာဝရဘုရား** မိန့်တော်မူ၏။" - မာလခိ ၃:၅

ငါတို့၏ဗီဇဖြင့် ဤအပိုဒ်ကို ဖတ်ရှုလျှင် ဘုရားသခင်သည် အမျက်တော်ဖြင့် ဆိုသွမ်းသူများကို ဖျက်ဆီးမည်ဟု မှတ်ပေမည်။ ဘုရား၏ဝစနံသည် ကြည့်မှန်ပမာရှိ၏။ "တရားစီရင်သည့်အခါ သင့်အနီး၌ ငါချဉ်းမည်" ဟုလာ၏။ ငါတို့အဘသည် ငါတို့ထံလာ၍ နီးနှော လိုလှ၏။ ဘုရားသခင့်ထံချဉ်းသူသည် နောင်တရ (သို့) ရှောင်ထွက်ရန်မှတစ်ပါး အခြား မရှိ။ ဘုရားရှေ့၌ ခပ်မဆိတ်နေ၍မရ။ အပြစ်ကိုဖက်၍ ရှောင်ပြေးသူများက ၎င်းတို့သည် အသက်အတွက်ပြေးသည်ဟုထင်ပြား အသက်ကိုရှောင်ကာ သေခြင်းတရားကို ဖက်တွယ် ကြောင်း ပြကြ၏။

ဗိမာန်တော်ကို သန့်စင်မှုသည် ကောင်းကင်၌ လူစီဖာနှင့်၎င်း၏ နတ်ရဲအပေါင်းပါတို့ ဘုရားသခင်ကို ပုန်ကန်သည့်ဖြစ်စဉ်ကို ရောင်ပြန်ဟပ်၏။ သန့်ရှင်းသောဝိညာဉ်တော်က ၎င်းတို့ လမ်းမှားပြီဖြစ်ကြောင်းကို အလင်းပြခဲ့ပြား ၎င်းတို့က အပြစ်လွှတ်ပေးခြင်း အခွင့် ထူးကို ငြင်းခဲ့ကြ၏။ ထိုဖြစ်စဉ်ကို သမ္မာကျမ်းစာ၌ လမ်းနှစ်ကြောင်းဖြင့် ပြထား၏။

"ထို့ပြင် မိမိတို့၏မူလအခွင့်အာဏာကိုမထိန်းသိမ်းဘဲ မိမိတို့စံရာအရပ်ကို စွန့်ခွာသွားကြသည့် ကောင်းကင်တမန်များအား တရားစီရင်တော်မူရာ နေ့ကြီးအတွက် ထာဝရအချုပ်အနှောင်အားဖြင့် မှောင်မည်းခြင်းအောက်၌ ထိန်းသိမ်းထားတော်မူ၏။" - ရှင်ယုဒဩဝါဒစာ ၁:၆

"အကြောင်းမူကား ဘုရားသခင်သည် အပြစ်ပြုသည့် ကောင်းကင်တမန်များကို ညှာတာတော်မမူဘဲ အဝီစိငရဲထဲသို့ပစ်ချ၍ မှောင်မည်းခြင်း၏ သံကြိုးဖြင့် ချည်နှောင်ကာ တရားစီရင်ခြင်းအတွက် ထိန်းသိမ်းထားတော်မူ၏။" - ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၂:၄

ထိုကျမ်းပိုဒ်များကို သင် မည်သို့ဖတ်သနည်း။ ယုဒဩဝါဒစာ၌ ကောင်းကင်တမန်တို့သည် ၎င်းတို့နေရပ်ကို စွန့်ခွာခဲ့သည်ဟုလာ၏။ ၂ ပေ ၂:၄ ၌ ဘုရားသခင်သည် ပြစ်မှားသော ကောင်းကင်တမန်တို့ကို နှမြောတော်မမူဘဲ ငရဲသို့ချ၏ဟုလာ၏။

ဘုရား၏သားတော် တရားစီရင်ချိန်၌ ခမည်းတော်ကိုကိုယ်စားပြုပြီး ၎င်းတို့အနီးသို့ ချဉ်းသည့်အခါ ၎င်းတို့သည် မခံနိုင်ကြ။ ကောင်းကင်တမန်မင်း မိက္ခေလ - ခရစ်တော်သည် ထိုနတ်ရဲများကို နောင်တရကာ ခမည်းတော်ထံ ပြန်လှည့်ကြရန် လုပ်ဆောင်ခဲ့၏။

"ထို့နောက် ကောင်းကင်၌ စစ်ဖြစ်လေ၏။ မိက္ခေလနှင့် သူ၏ကောင်းကင်တမန်တို့သည် နဂါးနှင့်တိုက်ခိုက်ကြ၏။ နဂါးနှင့်သူ၏စေတမန်တို့သည် ပြန်လည်တိုက်ခိုက်ကြသော်လည်း အနိုင်မရကြ။ ကောင်းကင်၌လည်း သူတို့အတွက် နေရာ မရှိတော့ပေ။" - ဗျာဒိတ်ကျမ်း ၁၂:၇၊ ၈

ကောင်းကင်၌ဖြစ်ခဲ့သည့်စစ်သည် ဗိမာန်တော်၌ ဘုရားစီရင်သည်များကို လူစီဖာမှ ကြိုးကိုင်လိုခြင်းအပေါ် အခြေပြု၏။

"သို့ရာတွင်၊ ကုန်သွယ်ခြင်း များပြားသောအားဖြင့်၊ အဓမ္မအမှုတို့နှင့် ပြည့်စုံ၍ ပြစ်မှားသောအပြစ် ရောက်လေပြီ။ ထိုကြောင့်၊ ဆိုးယုတ်သော သူကဲ့သို့၊ သင့်ကို ဘုရားသခင်၏ တောင်တော်ပေါ်က ငါနှင်ထုတ်မည်။ အိုလွှမ်းမိုးသော ခေရုဗိမ်၊

မီးတောက်သော ကျောက်တို့အထဲက သင့်ကို ငါ ပယ်ရှင်းမည်။" - ယေဇကျေလ ၂၈:၁၆

သမ္မာကျမ်းစာသည် ကြည့်မှန်ပမာ ငါတို့ကို အမှန်ပြ၏။ ဤအပိုဒ်က ငါတို့သန္တာန်၌ ဘာရှိသည်ကို ပြ၏။ "လွှမ်းမိုးသော ခေရုဗိမ်၊ သင့်ကို ငါပယ်ရှင်းမည်" ဟု မိန့်ရာတွင် မည်သို့ဖြစ်လာမည်ကို ငါတို့အား ရှုစေ၏။ လူစီဖာသည် ဘုရား၏စီရင်မှုများကို ဆန့်ကျင်နေခြင်း မှ နောင်တရလျှင် အကျိုးလှခဲ့မည်ဖြစ်၏။ သားတော်က ၎င်း၏သန္တာန်ကို သန့်စင်ပေးလို ၍ ၎င်း၏အမှားများကို ထောက်ပြသည့်အခါ ၎င်းကငြင်းဆန်ခဲ့၊ နှလုံးမာစေခဲ့ပြီး အပြစ်နွံ သို့ လုံးလုံးကျခဲ့၏။ ခရစ်တော်၏ အလင်းပြမှုက လူစီဖာအား အလင်းကိုငြင်း မိမိကိုယ်ကို ဖျက်ဆီးခွင့်ပေးခဲ့၏။ ဤဖြစ်စဉ်ကို သမ္မာကျမ်းစာက ဘုရားသခင်သည် လူစီဖာကိုဖျက် ဆီးရန် အစပျိုးသည်ဟုပြ၏။ အနှီသည် ဘုရားသခင်က ဖာရောဘုရင်၏စိတ်ကို ခိုင်မာစေ ၏ ဆိုသည့်ဖြစ်စဉ်နှင့် ထပ်တူဖြစ်၏။ ဘုရားသခင်က ဖာရောအား နောင်တရရန် ချဉ်းကပ်ခဲ့၏။ ဖာရောက စိတ်ကိုမာထန်ရန်ရွေးခဲ့၏။ နေမင်း၏ရောင်ဝါက ရွှံ့ကိုမာချောက်စေသလော (သို့) နေရောင်က ရွှံ့အတွင်းရှိဓာတ်များနှင့် ထိတွေ့သည့်အခါ မာစေခြင်းလော။

မာရ်နတ်နှင့် ၎င်း၏နတ်ရဲများသည် ကောင်းကင်မှ စွန့်ပစ်ခံရသည်မဟုတ်။ ၎င်းတို့၏ စိတ်မလုံမှုများကို ဘုရားရှေ့မှ မောင်းထုတ်ခံရစေ၏။ ယေရှုဘုရားသည် ဗိမာန်တော်ကို သန့်စင်စဉ်တွင်လည်း ထိုသို့တည်း။ ၎င်းတို့ နောင်တရရန် အလင်းပြခြင်းဖြစ်ပြီး ၎င်းတို့က ငြင်းခဲ့၏။ အနှီငြင်းပယ်ခြင်းက နတ်ရဲများအတိုင်း ၎င်းတို့ကို အမှောင်တိုက်ကြီး၌ ပိတ်မိ စေ၏။ ဝိညာဉ်တော်၏ လုပ်ဆောင်ခြင်းကို ငြင်းပယ်သည့်အခါ အမှောင်ထုက ၎င်းတို့ကို ချက်ချင်းလွှမ်းတော့၏။ မည်သို့ဆိုစေ ထိုနေ့၌ ခရစ်တော်ဘုရားထံမှ ရှောင်ပြေးသူများ သည် နောင်တရခွင့် ရှိကြသေးပြီး အခြားသူများအတွက် စုတ်စဝင်ချိန်ဖြစ်၏။ သို့နှင့် ခရစ် တော်သည် ၎င်းတို့ကို ကယ်ရန် လုပ်ဆောင်ရင်းဖြင့် ဖျက်ဆီးခဲ့၏ဟု ဆိုနိုင်ပြန်၏။

ဤအသိကို အကြောင်းခံကာ ပုထုဇဉ်တို့သည် ဘုရားရှေ့၌ ကြောက်ကြသည့်အခါ မည်သို့ ဖြစ်ကြကြောင်းကို ငါတို့ပို၍ နားလည်းတတ်ပြီဖြစ်၏။

> "ငါ့ကိုကြောက်တတ်သောသဘောကို သင့်ရှေ့သို့ငါစေလွှတ်၍၊ သင်ရောက်လေရာရာအရပ်၌ ခပ်သိမ်းသောလူမျိုးကို ငါ**ဖျက်ဆီး**[H2000]မည်။ သင်၏ရန်သူအပေါင်းတို့ကို နောက်သို့လှည့်စေမည်။ ပျားတုပ်များကိုလည်း သင့်ရှေ့သို့ငါစေလွှတ်၍၊ သူတို့သည် ဟိဝိလူ၊ ခါနနိလူ၊ ဟိတ္တိလူတို့ကို သင့်ရှေ့မှာနှင်ထုတ်ကြလိမ့်မည်။" - ထွက်မြောက်ရာကျမ်း ၂၃:၂၇၊ ၂၈

King James Version ကျမ်းရှိ ဟေဗြဲပါဠိ "ဖျက်ဆီး" ဝေါဟာရ၌ ပုဒ်နက်ကွဲများစွာရှိ၏။

> H2000 – Hamam အသံကျယ်စွာ လှုပ်ရှား၊ စိတ်ထွေ၊ အသံဗလံပြု၊ အစီအစဉ် ဖရိုဖရဲဖြစ်၊ ကျိုးပဲ့၊ ဝါးမျို၊ ချေမှု၊ ဖျက်ဆီး၊ ဒုက္ခ၊ အမျက်ထွက် စသည်တို့ဖြစ်၏။

ဘုရားသခင်က ပုထုဇဉ်များထံ ဌာပနာလိုသည့် ဩတ္တပတရားကား ယေရှုဘုရားက ဗိမာန်တော်ကို ဒုတိယအကြိမ် သန့်စင်ချိန်နှင့် တစ်ထေရာတည်းဖြစ်၏။ ဣသရေလတို့၏ အိမ်နီးချင်းနိုင်ငံများသည် ဒုစရိုက်ကို ခွက်ဖလား၌ ပြည့်စေကြပြီဖြစ်ကာ တရားစီရင်ခြင်း ခံရရန် နီးပြီဖြစ်၏။ ၎င်းတို့သန္တာန်သို့ ဘုရားသခင် ဌာပနာသည်ကား ၎င်းတို့၏အပြစ်ကို မြင်စေသည့် ဉာဏ်ဖြစ်၏။ ၎င်းတို့က ငြင်းခဲ့သည်ကြောင့် ဖရိုဖရဲဖြစ်၊ အမျက်ထွက်၊ စိတ် ထွေကြ၏။ ယုဒလူများက ယေရှု၏မေတ္တာကိုငြင်းခြင်းက နိဂုံးတွင် ရောမတို့လက်တွင်း ကျစေ၏။ အိမ်နီးချင်းနိုင်ငံများ၏ ငြင်းဆန်မှုက ဣသရေလတို့၏ ဓားအောက်ကျစေ၏။ ဣသရေလတို့၏ ဓားစွမ်းထက်မှုအကြောင်း နောက်များမှ နှီးနှောမည်။ ယခုတွင်ကား အိမ်နီးချင်းနိုင်ငံများအပေါ် ဌာပနာသည့် ထာဝရဘုရားကို ကြောက်ရွံ့ခြင်းစိတ်သည် ၎င်းတို့၏ ဒုစရိုက်များကိုသိမြင်ပြီး နောင်တရ အသက်ရကြရန်ဖြစ်၏။ ၎င်းတို့ကိုကယ်ရန် အစပြုခဲ့ပြား စိတ်မာခြင်းသာ ဖြစ်လာခဲ့ပြီး အသက်အစား မရဏာကိုသာ

ရွေးခဲ့ကြ၏။ အပြစ်ကို ထိုးထွင်းသိခြင်းသည် နှလုံးသားကို သံမှိုစိုက်သည့်ပမာဖြစ်မည်။ ထိုနိုင်ငံများ သည် ဓမ္မညဏ်ကို ဆန့်ကျင်ကာ ဘုရားထံမှ ထွက်ပြေးကာ မာရ်နတ်ကို ရှင်ကြီးကိုးကာ ရှင်ကြီးက ပိုဆိုးပြီး ဘဝပျက်ကြ၏။

> "နံနက်ယံ၌ ထာဝရဘုရားသည် မီးမိုဃ်းတိမ်တိုင်အားဖြင့် အဲဂုတ္တုတပ်ကို ကြည့်ရှု၍ **<u>နှောင့်ယှက်</u>**[H2000]တော်မူ၏။ (၂၅) သူတို့ရထား အသွားခက်စေခြင်းငှာ ရထားဘီးများကို ချွတ်ခဲ့စေတော်မူ၏။ အဲဂုတ္တုလူတို့ကလည်း၊ ဣသရေလလူတို့ထံမှ ပြေးကြစို့။ ထာဝရဘုရားသည် သူတို့ဘက်၊ အဲဂုတ္တုလူတို့တစ်ဖက်၌ စစ်တိုက်သည်ဟုပြောဆိုကြ၏။" - ထွက်မြောက်ရာကျမ်း ၁၄:၂၄၊ ၂၅

ပင်လယ်နီတွင် ဘုရားသခင်သည် အီဂျစ်စစ်သားများကို နှောင့်ယှက်ခဲ့၏။ ဘုရားသခင်သည် လူမျိုးခပ်သိမ်းတို့သို့ ဩတ္တပတရားကို ဌာပနာမည်ဟုဆိုရာ၌ အနီဝေါဟာရကိုပင် ထွက်မြောက်ရာကျမ်း ၂၃:၂၇ ၌ သုံးထား၏။

အီဂျစ်များကိုလည်း ဘုရားသခင်က ဣသရေလတို့အတိုင်းပင် မေတ္တာရှိခဲ့၏။ ထာဝရဘုရားသခင်သည် အီဂျစ်နှင့် ဣသရေလတို့အကြား မီးမိုးတိမ်တိုင်ဖြင့် ခြားသည့်အခါ တပ်လှန့်ရန်အချက်ပြခြင်းဟုယူကာ ပြန်လှည့်ရန်ဖြစ်၏။ ထိုမီးတိုင်ကြောင့် ၎င်းတို့သည် ကြောက်ကြ၏။ သို့သော် နောင်တရရန်ငြင်းကြ၏။ အီဂျစ်တို့ ဣသရေလတို့နောက်သို့ လိုက်ကြသည့်အခါ ဘုရားကကောင်းကင်တမန်များကို စေလွှတ်ပြီး ၎င်းတို့၏လှည်းဘီးများကို ကျွတ်စေကာ ခရီးဖင့်စေ၏။ ၎င်းတို့၏ ခေါင်းမာမှုကြောင့် ၎င်းတို့သည် ပင်လယ်ရေပြန်ပေါင်းသည့်အခါ ရေနှစ်သေကြ၏။ ဘုရားသခင်သည် ၎င်းတို့ကိုသတ်ရန် ပင်လယ် သို့မျှားသည့် အထောက်အထားမရှိပါ။ ၎င်းတို့ ဆက်မလိုက်ရန်သာ တတ်နိုင်သမျှပြုခဲ့၏။

"ကာဒေရှဗာနာအရပ်သို့ အရင်ရောက်သောကာလမှစ၍ ဇေရက်ချောင်းကို ကူး သောကာလတိုင်အောင် နှစ်ပေါင်းသုံးဆယ်ရှစ်နှစ်လွန်သတည်း။ **ထာဝရဘုရား** ကျိန်ဆိုတော်မူသည်အတိုင်း။ အရင်စစ်သူရဲမျိုးအပေါင်းတို့သည် လူအလုံးအရင်း ထဲက သေကြေကွယ်ပျောက်ရကြ၏။ (၁၅) ထိုသူတို့ မကွယ်မပျောက်မှီတိုင် အောင်၊ **ထာဝရဘုရား**သည် သူတို့ကို အလုံးအရင်းထဲက**ပယ်ရှား**[H2000]ခြင်း ငှာ လက်တော်ကိုဆန့်တော်မူ၏။" - တရားဟောရာကျမ်း ၂:၁၄၊ ၁၅

ခါနာန်ပြည်ကိုသိမ်းရန် ဣသရေလတို့သည် အမိန့်ရခဲ့ပြီး ၎င်းတို့သည် ထိုပြည်ရှိ လူ့ဘီလူးများကို ကြောက်ကြပြီး ဘုရားကိုကိုးစားရန် အားမထုတ်ကြ။ ၎င်းတို့၏ မယုံကြည်မှုကြောင့် ဘုရားသခင် ကတိထားရာပြည်တော်သို့ မဝင်ရတော့ဘဲ မြိုင်အတွင်း စုတေ့ကြရ မည်ဟု အမိန့်ပြန်သည့်အခါလည်း ကန္တကောစတိုက်ပြန်ပြီး တက်သိမ်းမည်ဟု ဆိုကြပြန် ၏။ ရန်သူရှေ့အရေးနိမ့်ပြန်လျှင်လည်း မောရှေကိုညိုးကာ သတ်လိုကြ၏။ ဣသရေလ တို့က ဘုရားသခင်သည် ၎င်းတို့ကို မြိုင်အတွင်း၌ သတ်လိုသည်ဟု မှတ်ကြ၏။ စကား နောက် တရားအကယ်ပါ၏။ ဘုရားကလည်း ၎င်းတို့၏အမှားကိုမြင်ကာ သိဝေဂယူနိုင်ကြ ရန် ဤသို့ဖြစ်ခွင့်ပြု၏။ အနှစ် (၄၀) ပတ်လုံး ဘုရားသခင်က သန့်ရှင်းသောဝိညာဉ်တော် ကို စေလွှတ်ကာ နောင်တရကြရန် တရားပြခဲ့၏။ ၎င်းတို့ နောင်တရခဲ့သည်ရှိသော် မြိုင် အတွင်း စုတေ့ကြပြီး အမတဘဝကို ပန်ဆင်ခွင့်ရကြပါမည်။

"သို့ဖြစ်၍ ထိုငြိမ်ဝပ်ရာချမ်းသာထဲသို့ ဝင်ရသောအခွင့်သည် အချို့သောသူတို့ အတွက်ရှိသေး၏။ ကောင်းမြတ်သောသတင်းကို ရှေးဦးစွာ ကြားရသော သူတို့ သည် မနာခံမှုကြောင့် မဝင်ခဲ့ရကြချေ။" - ဟေဗြဲသြဝါဒစာ ၄:၆

ဣသရေလတို့သည် ခရစ်တော်၏ မေတ္တာရိပ်အောက်၌ ခိုလှုံကာ အပြစ်လွတ်ခြင်းအခွင့်ထူးကို မယူကြခြင်းသည် ဝမ်းနည်းဖွယ်ဖြစ်၏။ ၎င်းတို့က ဝိညာဉ်တော်ပဲ့ပြင်မှုကို

ငြင်းကြ ပြီး အမတဘဝပန်ဆင်ခွင့်ကို ဆုံးရှုံးရင်းဖြင့် မြိုင်အတွင်း စုတေ့ကြကုန်၏။ ဤ၌ ဘုရားက ၎င်းတို့ကို ဖျက်ဆီးသလော။ နေမင်းက ရွှံ့ကိုမာစေသကဲ့သို့ ဘုရားစီမံခဲ့၏။ ဘုရား၏ အစဉ်နားချမှုများက ၎င်းတို့၏စိတ်ကို ပြောင်းပြန်ခိုင်မာစေ၏။ ထို့ကြောင့် ၎င်းတို့သည် အဆုံးစီရင်ခံရ၏။

ကယ်တင်ရှင်သည် သင်၏အပြစ်ကို သိမြင်စေသည့်အခါ ကြောက်ပြီး သင့်စိတ်ကို ကျောက်သဘော်ပမာ မမာပါစေနှင့်။ သင့်အဘသည် သင့်အပြစ်ကို ဖြေပေးမည်ဟု စိတ်ချ ပြီး ဖြေလွှတ်ခွင့်အကျိုးထူးကို အရယူပါလော့။ ကောင်းကင်သန္တိသုခကို သင့်သန္တာန်၌ ခံစားပါလော့။ ဘုရားသခင်သည် ၎င်း၏ဘုန်းတော်အတွက် ၎င်း၏အာနုဘော်ဖြင့် သင့်ကို သန့်စင်ပေးလိုသည့်အပေါ် ပီတိဖြစ်ပါလော့။

ကမ္ဘာ့နောက်ဆုံးသောကာလတွင် “ဘုရားသခင်ကို ကြောက်ရွံ့၍ ချီးမွမ်းကြလော့” ဟူသည့် တရားထူးသည် ကမ္ဘာကိုသတင်းပေး၏ - ဗျာဒိတ် ၁၄:၇။ ဘုရားသခင်၏ ဝိညာဉ်တော်က ငါတို့၏အပြစ်များကို အောက်မေ့တတ်ရန် အလင်းပြသည်ကို ငါတို့ခွင့်ပြုသည့်အခါ ၎င်း၏နားချမှုကို မငြင်းပါနှင့်။ ငါတို့သည် ကောင်းချီး၊ ပညာဉာဏ်ကို ရနိုင်မည်ဖြစ်၏။ အကြောင်းကား ကျမ်းစာ၌ အောက်ပါအတိုင်းလာ၏။

> “ထာဝရဘုရားကို ကြောက်ရွံ့ခြင်းသည် ဉာဏ်ပညာ၏မူလအစဖြစ်၏။ သန့်ရှင်း သောအရှင်ကို သိသောဉာဏ်သည် အသိဉာဏ်ဖြစ်၏။” - သုတ္တံကျမ်း ၉:၁၀

## ၁၁။ ဘုရားသခင်၏ အမျက်တော်

ခရစ်တော်ဘုရား ကားတိုင်ပေါ် အတင်ခံရမည့်သိတင်းပတ်တွင် ၎င်းသည် လူထုဝန်းရံလျက်ဖြင့် မြည်းစီးကာ ယေရှုရှလင်မြို့တွင်းသို့ ကြွခဲ့၏။

> "အလွန်များပြားသောလူထုပရိသတ်သည်လည်း မိမိတို့၏ဝတ်ရုံများကို လမ်းပေါ် ၌ခင်းကြ၏။ အချို့တို့မူကား သစ်ပင်တို့မှ အကိုင်းအခက်များကို ခုတ်လာ၍ လမ်းပေါ်၌ခင်းကြ၏။ (၉) ကိုယ်တော်၏ရှေ့မှသွားသော လူထုပရိသတ်များနှင့် နောက်မှလိုက်သောလူထုပရိသတ်များသည် 'ဒါဝိဒ်၏ သားတော်အား ဟောရှဏ္ဏ ဖြစ်စေသတည်း။ **ထာဝရဘုရား၏နာမတော်၌** ကြွလာတော်မူသောအရှင်သည် မင်္ဂလာရှိစေသတည်း။ အမြင့်ဆုံးသော အရပ်၌ ဟောရှဏ္ဏဖြစ်စေသတည်း' ဟု ကြွေးကြော်ကြ၏။" - ရှင်မဿဲ ခရစ်ဝင် ၂၁:၈၊ ၉

တပည့်တော်များအတွက်ကား ၎င်းတို့၏အိပ်မက်များ အကောင်အထည်ပေါ်လုဟန်ရှိ၏။ ယခုတွင် ၎င်းတို့သခင်ကို လူထုက သောင်းသောင်းဖျဖျ ဩဘာပေးနေကြ၏။ သို့ပြား ဤ ဩဘာညံချိန်အတွင်း အောက်ပါအတိုင်း ဖြစ်ပျက်၏။

> "ယေရှုရှလင်မြို့အနီးသို့ ရောက်၍ ကြည့်မြင်လျက် ငိုကြွေးတော်မူ၍၊ (၄၂) အချင်းမြို့ သင်၏ငြိမ်သက်ခြင်းနှင့် စပ်ဆိုင်သောအရာတို့ကို သင်၏လက်ထက် ယခုကာလ၌ပင် သင်သည်သိရလျှင် မင်္ဂလာရှိ၏။ ယခုမူကား၊ ထိုအရာတို့ကို သင်၏မျက်စိရှေ့မှာ မထင်ရှားစေခြင်းငှာ ဝှက်ထားလျက်ရှိ၏။" - ရှင်လုကာခရစ်ဝင် ၁၉:၄၁၊ ၄၂

ယေရှုဘုရားက မြို့တော်ကြီးကို အပေါ်စီးမှ ကသိုင်းရှုသည်တွင် ဣသရေလများက ၎င်း၏ ခမည်းတော်ကို ကန္တကောစတိုက်ခဲ့ကြမှုခပ်သိမ်းကြောင့် ထိုနေ့မှ နှစ် (၄၀) အတွင်း မည်သို့ကိန်းကျေမည်တို့ကို အာရုံရသည့်အခါ မျက်ရည်ကျခဲ့ရ၏။

ရှိုက်ကြီးရှိုက်ငယ် ရှိုက်ခဲ့၏။ ဘုရားသခင်၏ သိက္ခာတော်ပြသည့် စကားတစ်ခွန်းကား *စိတ်ရှည်ခြင်း* ဖြစ်၏။

> "ထာဝရဘုရားသည် မောရှေရှေ့၌ ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း[H639 aph]၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူ၏။" - ထွက်မြောက်ရာ ကျမ်း ၃၄:၆

အနီဝေါဟာရ၌ အောက်ပါအဓိပ္ပာယ်များရှိ၏။ ။

> အမှန်ကား နှာခေါင်း၊ နှာဝ ဖြစ်၏။ ထို့ကြောင့် မျက်နှာတော်၊ ခါတစ်ရံ လူလုံးကို လည်း ဆိုလို၏။ ဒေါသလည်းဖြစ်၏ (သောကကြောင့် အသက်ရှုပြင်းခြင်း) ဒေါသ + မျက်မှောက်၊ မျက်နှာ၊ သည်းခံ၊ နဖူးပြင် + ခန္တီ၊ နှာခေါင်း၊ နှာဝ၊ နှာနု၊ ဒေါသ။

> "ဟန္နကိုချစ်သောကြောင့် နှစ်ဆသောအဖို့[H639 aph]ကို ပေး၏။ သို့ရာတွင် ထာဝရဘုရားသည် ဟန္နအား သားဖွားသောအခွင့်ကို ပေးတော်မမူ။" - ဓမ္မရာဇဝင်ပထမစောင် ၁:၅

ဟန္နသည် ဒေါသအစုကိုရသည်ဟု ဆိုရမည်မှာ ယုတ္တိယုတ္တာမရှိ။ ၎င်း၏ခင်ပွန်းသည် ၎င်း ကို ချစ်၏။ Gesenius Hebrew – Chaldee အဘိဓာန်၌ အောက်ပါအတိုင်းဆို၏။

> သနားစိတ်အရင်းခံရှိသည်ကြောင့် ဒေါသကို ကရုဏာဒေါသအဖြစ် သုံးချိန်လည်း ရှိ၏ ဟုဆို၏။

ယေရှုဘုရား၏မျက်ရည်ပူများသည် ၎င်း၏သားသမီးများကို ချစ်လွန်း၍ဖြစ်၏။ အနီ၌ ဒေါသနှောသလော။ နှော၏။ ၎င်း၏သားတော်အပေါ် အပြစ်ကအကျိုးပေးပုံအတွက် ဒေါသထွက်ပြီး ဝမ်းနည်းမျက်ရည်ဖြင့်ပြ၏။

“ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။ ငါ၏ အကျင့်သည်လည်း သင်တို့၏ အကျင့်နှင့်မတူ။ (၉) မိုဃ်းကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်ငင်း၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်ငင်းသာ၍မြင့်၏။” - ဟေရှာယ ၅၅:၈၊ ၉

ဘုရားသခင့် အမျက်အကြောင်း သမ္မာကျမ်းစာ၌ဖတ်သည့်အခါ သမ္မာဒိဋ္ဌိကျကျ ငါတို့မြင် ပါ၏။ ယေရှုဘုရား ဒေါသထုတ်ပြပုံကို ရှုကြအံ့။

“သူတော်ကောင်းယောင်ဆောင်သော ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား သင်တို့သည် မုဆိုးမတို့၏ အိမ်ကို မတရားသိမ်းယူပြီး ဟန်ပြ၍ ရှည်လျားစွာဆုတောင်းတတ်ကြ၏။ ထို့ကြောင့် သင်တို့သည် ပို၍ကြီးလေးသောပြစ်ဒဏ်စီရင်ခြင်းကို ခံကြရလိမ့်မည်။ (၁၅) သူတော်ကောင်း ယောင်ဆောင်သော ကျမ်းပြုဆရာနှင့် ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား သင်တို့သည် လူတစ်ဦးကို ဂျူးဘာသာဝင်ဖြစ်လာစေရန် ပင် လယ်နှင့်ကုန်းမြေတို့တွင် လှည့်လည်ကြပြီး ဘာသာဝင်ဖြစ်လာသောအခါ ထိုသူ ကို သင်တို့ထက် နှစ်ဆဆိုးသောငရဲသားဖြစ်စေကြ၏။ (၁၆) မျက်စိမမြင်သော လမ်းပြတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ သင်တို့က မည်သူမဆို ဗိမာန်တော်ကို တိုင်တည်ပြောဆိုလျှင် အကျုံးမဝင်။ သို့သော် ဗိမာန်တော်၏ရွှေကိုတိုင်တည် ပြောဆိုလျှင် ထိုအတိုင်းပြုရန်တာဝန်ရှိ၏ဟု ဆိုကြ၏။ (၁၇) မိုက်မဲသော မျက်မမြင်တို့၊ မည်သည့်အရာသည် ပို၍ကြီးမြတ်သနည်း။ ထိုရွှေလော၊ သို့မဟုတ် ထိုရွှေကိုသန့်ရှင်းစေသည့် ဗိမာန်တော်လော။” - ရှင်မဿဲခရစ်ဝင် ၂၃:၁၄-၁၇

ဤကျမ်းပိုဒ်၌ ယေရှုအကယ်ပင်အမျက်ထွက်ကြောင်း သေချာ၏။ ကြောင်းကျိုးတရားရှည်စွာ မိန့်ခဲ့၏။ ထို့နောက် အခရာကျသည့်အကြောင်း နောက်ကလိုက်လာ၏။ ။

“အို ဂျေရုဆလင်မြို့ ဂျေရုဆလင်မြို့ ပရောဖက်များကိုသတ်၍ မိမိထံသို့ စေလွှတ်ခြင်းခံရသောသူတို့ကို ခဲနှင့်ပေါက်သတ်သောမြို့၊ ကြက်မသည် မိမိ၏ကြက် ကလေးများကို အတောင်အောက်၌စုသိမ်းသကဲ့သို့ ငါသည် သင်၏သားသမီးတို့ကို စုသိမ်းရန် ကြိမ်ဖန်များစွာ အလိုရှိခဲ့၏။ သို့သော် သင်သည်အလိုမရှိ။” - ရှင်မဿဲ ခရစ်ဝင် ၂၃:၃၇

ယေရှုသည် အလှည့်စားခံရသည့် ယုဒခေါင်းဆောင်များကို မေတ္တာရှိ၏။ ထိုသူတို့အား အရိပ်အောက်၌ ကွယ်ကာပေးလို၏။ ကြက်မသည် ၎င်း၏သားသမီးများကို အတောင်နှင့် အုပ်ပေးသည့်ပမာ ၎င်းကလည်း ညှင်သာစွာ စကားဆို၏။ ၎င်း၏အမျက်သည် ၎င်း၏ ဝမ်းနည်းမှု၊ ရှိုက်ငင်ခြင်းဖြင့်ပြ၏။ ရှင်မဿဲ (၂၃) ၌ ဘုရား၏အမျက်ကို ဖော်ပြကြောင်း ငါတို့တွေ့ရ၏။

ကောင်းကင်မှ မီးခေါ်ချခြင်းသည် စီရင်ထုံးအမှန်ဖြစ်လျှင် ယခုသည် အချိန်ကောင်း ဖြစ်၏။ ခေါင်းဆောင်များသည် တစ်နိုင်ငံလုံးကို လမ်းပျောက်စေသူများဖြစ်ကြ၏။ ၎င်းတို့က လူထုကို သမ္မာကျမ်းစာလာ အလင်းကို ကွယ်စေသူများဖြစ်ကြ၏။ ယခုအချိန်သည် လူထု ကို အမှန်တရားမရစေကြသူများအား ဒဏ်ပေးသင့်သည့်အချိန်ဖြစ်၏။ ယေရှုက ဓား မကိုင်၊ မီးမချဘဲ အောက်ပါဝါစာကိုမိန့်၏။

“သင်တို့နေသောအိမ်သည် သင်တို့၌ လူဆိတ်ငြိမ်လျက် ကျန်ရစ်ရ၏။” ရှင်မဿဲ ၂၃:၃၈

ဤ၌ ဘုရားသခင်၏ အမျက်အထွတ်သို့ရောက်၏။ ဘုရားသားတော်က နိုင်ငံတော်၏ အကာအကွယ်ကို ဖယ်ရှားပြီဟုမိန့်၏။ ဤသမယမှစပြီး မာရ်နတ်သည် ယုဒခေါင်းဆောင် များကို စိတ်ကြိုက်စီမံတော့၏။ ထို့ကြောင့်လည်း မကြာမီအတွင်း ယေရှုကို အဆုံးစီရင်နိုင် ခဲ့၏။ ယေရှုဘုရားက ဣသရေလတို့၏အိမ်သည်

လူသူကင်းမဲ့ပြီဟု မိန့်ရာ၌ လူထုကို မဟုတ် ၎င်းအသေခံရမည်ကို မိန့်ခြင်းဖြစ်၏။ ဘုရားသခင်၏ ပဲ့ပြင်မှုမရှိသည့်နောက် တွင် ယေရှုကိုသတ်မည့် အကြံအစည်အတွက် ဘုန်းတော်ကြီးများ၊ လူကြီးမင်းများကို ဟန့်မည့် ပုဂ္ဂိုလ်မရှိတော့။ မာရ်နတ်သည် စိတ်ကြိုက်ခြယ်လှယ်နိုင်ပြီဖြစ်ကာ နှစ် (၄၀) အတွင်း ရောမများအားဖြင့် ယုဒလူသန်းများစွာကို သုတ်သင်ခဲ့၏။

ဘုရားသခင်၏အမျက်သည် အောက်ပါအတိုင်းဖြစ်၏။ ။

"ကိုယ်တော်သည် ဘေးအန္တရာယ်ပြုတတ်သည့် ကောင်းကင်တမန် တစ်စုတည်းဟူသော မိမိ၏ပြင်းထန်သောအမျက်၊ ဒေါသ၊ မျက်မာန်နှင့် ဆင်းရဲဒုက္ခကို သူတို့ထံ သို့စေလွှတ်တော်မူ၏။" - ဆာလံကျမ်း ၇၈:၄၉

ဖျက်ဆီးသူသည် မည်သူနည်း။

"သူတို့ထဲမှ အချို့တို့သည် ညည်းညူသကဲ့သို့ သင်တို့သည် မညည်းညူကြနှင့်။ ထိုသို့ညည်းညူသောသူတို့သည် ဖျက်ဆီးသောတမန်အားဖြင့် ဖျက်ဆီးခြင်းခံရကြ ၏။" - ကောရိန္သုဩဝါဒစာပထမစောင် ၁၀:၁၀ (NIV)

ဖျက်ဆီးသောတမန်ဟူသည့် ဝေါဟာရသည် ဂရိဘာသာ၌ အဆိပ်ရှိမြွေဟု အဓိပ္ပာယ်ရှိ၏။

"သူတို့၏ဘုရင်ကား အတိုင်းမသိနက်ရှိုင်းရာအရပ်၏ စေတမန်ဖြစ်၏။ ထိုသူ၏ အမည်မှာ ဟေဗြဲဘာသာစကားအားဖြင့် အဗဒ္ဒုန်ဟူ၍ဖြစ်ပြီး ဂရိဘာသာစကားအားဖြင့် အပေါလျုန်ဟူ၍ဖြစ်၏။" - ဗျာဒိတ်ကျမ်း ၉:၁၁

ဖျက်ဆီးသူသည် မာရ်နတ်ဖြစ်၏။ ပုထုဇဥ်များက ခရစ်တော်ကို အခါခါငြင်းပယ်၊ ၎င်းနှင့် မပတ်သက်လိုကြောင်း ထင်းထင်းရှင်းရှင်း ဖြစ်သည့်အခါ ခရစ်တော်လည်း ပျောက်ဆုံးမည့် ထိုသူများအတွက် ပူဆွေးရပြီ ၎င်းတို့ရွေးချယ်သည့် ရှင်ကြီးထံလက်လွှဲခဲ့၏။ အကွယ် အကာပျောက်သည့်အခါ အယောက်တိုင်း ဘဝပျက်ရ၏။

“စာတန်ကလည်း၊ ယောဘသည်အကျိုးမရဘဲ ဘုရားဝတ်ကို ပြုသလော။ (၁၀) **ကိုယ်တော်သည် သူ့ကို**ယ်မှစ၍ သူ့အိမ်နှင့် သူ့ဥစ္စာရှိသမျှပတ်လည်၌ **စောင့်ရန်းကာတော်မူသည် မဟုတ်လော။** သူပြုလေသမျှတို့ကို ကောင်းချီးပေးတော်မူပြီ။ သူ့သိုးနွားအစရှိသော တိရစ္ဆာန်တို့သည် မြေပေါ်မှာ အလွန်ပွားများကြပြီ။” - ယောဘဝတ္ထု ၁:၉၊ ၁၀

“ထာဝရဘုရား၏ကောင်းကင်တမန်တို့သည် ကိုယ်တော်ကို ကြောက်ရွံ့သော သူတို့ပတ်လည်၌တပ်ချ၍ သူတို့ကိုကယ်မကြ၏။” - ဆာလံကျမ်း ၃၄:၇

“တွင်းကို တူးသောသူသည် ထိုတွင်းထဲသို့ ကျလိမ့်မည်။ ခြံကိုဖျက်သောသူသည် မြွေကိုက်ခြင်းကို ခံရလိမ့်မည်။” - ဒေသနာကျမ်း ၁၀:၈

မည်သည့်အကြောင်းများက အကွယ်အကာကို ချိုးဖျက်သနည်း။

“သင်သည်ယခုသွား၍ သူတို့ရှေ့မှာသင်ပုန်း၌ ရေးထားရသောအချက်၊ နောင်ကာလ အစဉ်အဆက် တည်စေခြင်းငှာ၊ စာစီ၍ မှတ်သားရသော အချက်ဟူမူကား၊ (၉) **[က]** ဤလူမျိုးသည် ပုန်ကန်တတ်၏။ **[ခ]** ဖောက်ပြန်သောအမျိုးသား၊ **[ဂ] ထာဝရဘုရား၏တရားတော်ကို နာယူခြင်းငှာ အလိုမရှိသောအမျိုးသား ဖြစ်ကြ ၏။** (၁၀) **[ဃ]** သူတို့ကလည်း၊ ဗျာဒိတ်တော်ကို မခံပါနှင့်ဟု ဗျာဒိတ်ခံသောသူတို့ အားငင်၊ **မှန်သောစကားကို ငါတို့အား မဟောပါနှင့်။ ချော့မော့သောစကားကို ပြောကြပါ။ လှည့်စားသောစကားကို ဟောကြပါ။** (၁၁) လမ်းလွှဲကြပါ။ မှန်သော လမ်းကို ရှောင်ကြပါ။ ဣသရေလအမျိုး၏ သန့်ရှင်းသောဘုရားကို ငါတို့ရှေ့မှာ ကွယ်ထားကြပါဟု ပရောဖက်တို့အားငင်း ဆိုတတ်ကြ၏။ (၁၂) သို့ဖြစ်၍၊ ဣသရေ လအမျိုး၏ သန့်ရှင်းသောဘုရား မိန့်တော်မူသည်ကား၊ **[င] သင်တို့သည် နှုတ် ကပတ်တော်ကိုပယ်**၍၊ လိမ်ကောက် ယိုယွင်းခြင်းကိုသာ မှီဝဲခိုလှုံသောကြောင့်၊ (၁၃) <u>**သင်တို့အပြစ်သည် ပြိုကျလုသော အုတ်ရိုးပျက်ကဲ့သို့၎င်း၊ မြင့်သောအုတ်ထ ရံ၌**</u>

**မညီမညွတ်ထွက်ဝင်သကဲ့သို့ရှင်း ဖြစ်လိမ့်မည်။ ထိုထရံသည် အလျင်တဆော ချက်ခြင်း ပြိုပျက်တတ်၏။** (၁၄) မြေအိုးကွဲသကဲ့သို့ ကွဲရလိမ့်မည်။ ကွဲရာတွင်လည်း မီးဖိုထဲက မီးခဲခံစရာဘို့၊ ရေကန်ထဲက ရေခပ်စရာဘို့ အိုးခြမ်းတစ်ခုမျှ မရှိစေခြင်းငှာ၊ နှမြောခြင်းမရှိဘဲ ခွဲခြင်းကိုခံရလိမ့်မည်။" - ဟေရှာယ ၃၀:၈-၁၄

"ထိုပြည်အလယ်၌ ပရောဖက်တို့သည် သင်းဖွဲ့ခြင်းကို ပြုကြပြီ။ ဟောက်၍ အကောင်ကို ကိုက်ဖြတ်သော ခြင်္သေ့ကဲ့သို့ **[က] လူတို့ကို ကိုက်စားကြ၏။ ဘဏ္ဍာများနှင့် အဘိုးထိုက်သောဥစ္စာများကို လုယူကြ၏။** ပြည်အလယ်၌ **မုဆိုးမတို့ကို များပြားစေကြ၏။** (၂၆) **[ခ] ယဇ်ပုရောဟိတ်တို့သည်လည်း ငါ၏တရားကိုဖျက်၍၊ [ဂ] ငါ၏သန့်ရှင်းရာဌာနကိုလည်း ညစ်ညူးစေကြ၏။** သန့်ရှင်းသော အရာ၊ မသန့်ရှင်းသောအရာတို့ကို မပိုင်းခြား၊ စင်ကြယ်သောအရာ၊ မစင်ကြယ် သောအရာတို့ကို ရောနှောကြ၏။ **[ဃ] ငါ၏ဥပုသ်နေ့တို့မှလည်း မျက်နှာလွှဲကြ၏။** သူတို့ အလယ်၌ ငါသည် ရှုတ်ချခြင်းကို ခံရ၏။ (၂၇) **[င]** မင်းတို့သည်လည်း အကောင်ကို ကိုက်ဖြတ်သော တောခွေးကဲ့သို့ ပြည်အလယ်၌ဖြစ်၍၊ **မတရားသော စီးပွားကိုရှာလိုသော**ငှာ လူအသက်ကို သတ်၍၊ သူတစ်ပါးတို့ကို သုတ်သင်ပယ်ရှင်း တတ်ကြ၏။ (၂၈) **[စ]** ပရောဖက်တို့ကလည်း၊ အရှင်ထာဝရဘုရားမိန့်တော်မူ သည်ဟု ထာဝရဘုရားမိန့်တော်မမူဘဲ၊ အချည်းနှီးသောအရာကိုမြင်၍၊ **မုသား စကားကို ဟောပြောလျက်၊** သူတို့ကို အင်္ဂတေနှင့် မွမ်းမံကြ၏။ (၂၉) **[ဆ]** ပြည်သူပြည်သားတို့သည်လည်း **ညှဉ်းဆဲခြင်း၊ စားပြတိုက်ခြင်း၊ ဆင်းရဲငတ်မွတ်သော သူတို့ကို နှိပ်စက်ခြင်း၊** တစ်ပါးအမျိုးသားတို့အား မတရားသဖြင့် ညှဉ်းဆဲခြင်းကို ပြုကြ၏။ (၃၀) **ထိုပြည်ကို ငါမဖျက်ဆီးစေခြင်းငှာ ကွယ်ကာသောသူ၊ မြို့ရိုးပျက် ပေါက်မှာရပ်၍ ဆီးတားသောသူ** တစ်ယောက်ကိုမျှ ငါရှာ၍မတွေ့။ (၃၁) **ထို့ကြောင့်၊ ငါ့အမျက်ကို ငါ သွန်းလောင်းလျက်၊ ငါ့ဒေါသမီးဖြင့်**

***သူတို့ကိုရှို၍၊ သူတို့အပြစ်ကို သူတို့ ခေါင်းပေါ်သို့ ရောက်စေမည်ဟု အရှင်ထာဝရဘုရား မိန့်တော်မူ၏။***" - ယေဇကျေလ ၂၂:၂၅-၃၁

တံတိုင်းအတွင်းကွာဟမှုရှိစေသည့်အကြောင်းများမှာ အောက်ပါတို့ဖြစ်၏။ ။

၁။ တစ်ဘို့စာအတွက် သူများအပေါ် ခေါင်းပုံဖြတ်ခြင်း

၂။ ပညတ်တော်ကို ချိုးဖောက်ခြင်း၊ ပုန်ကန်ခြင်း

၃။ ဘုရားပစ္စည်းများကို ပြစ်မှာခြင်း၊ ဘုရားပစ္စည်း သာမန်ပစ္စည်း ရောနှောခြင်း၊

၄။ ဥပုသ်နေ့ကို မျက်ကွယ်ပြုခြင်း

၅။ ခေါင်းဆောင်များ ခြစားကြခြင်း

၆။ ပရောဖက်ယောင်များက မုသားပြောကြခြင်း

၇။ ဆင်းရဲသားများကို မြေနိမ့်ရာ လှံစိုက်ကြခြင်း

ဘုရားသားသမီးများ ပညတ်တော်ကိုကျူးလွန်ပြီး နောင်တမရဘဲ ဆက်၍ မိုက်ကြသည့်အခါ ဘုရားက မစောင့်ရှောက်ပေးနိုင်သည့် အတိုင်းအတာသို့ ရောက်လာ၏။ အနီအဖြစ်က ၎င်းကို အလွန်ရင်နင့်စေ၏။ ၎င်း၏သားသမီးများကို လက်မလွှဲလိုပါ။ သို့တစေ မာရ်နတ်သည် ၎င်းတို့ကို ဘုရားရှေ့၌ သမုတ်တော့ကာ ၎င်း၏လက်အောက်ခံဖြစ်ရန် တောင်းဆိုတော့၏။ ဝမ်းနည်းပူဆွေးခြင်းသည် ဘုရားသခင်၏အမျက်ဖြစ်၏။ ပူဆွေးသောကများ က အသက်ရှုမြန်စေ၏။ ယေဇကျေလ ၂၂:၂၅-၃၁ ရှိ အကြောင်းများသည် ရှင်မဿဲခရစ် ဝင်အခန်းကြီး (၂၃) ရှိ ယေရှုဘုရား၏ပူဆွေးမှုများနှင့် တစ်သဘောတည်းဖြစ်၏။ ယေဇ ကျေလအချိန်၌ အကွယ်အကာမဲ့သည့်အခါ ဗာဗုလုန်သို့ ပါတော်မူခဲ့ကြ၏။ ခရစ်တော် အချိန်၌ ရန်ကာစည်းပျက်ပြီး ရောမတို့က ယေရုရှလင်မြို့ကို အမှုန့်ချေခဲ့ကြ၏။

အက်ကြောင်းကွဲစေသည့် အချက်ကြီး (၇) ချက်

| ယေဇကျေလ ၂၂:၂၅-၃၁ | ရှင်မဿဲ ၂၃ |
|---|---|
| ၁။ တစ်ဘိုဲ့စာအတွက် သူများအပေါ် ခေါင်းပုံဖြတ်ခြင်း | ရှင်မဿဲခရစ်ဝင် ၂၃:၂၅ - "သူတော်ကောင်းယောင်ဆောင်သောကျမ်းပြုဆရာနှင့်ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား သင်တို့သည် ခွက်နှင့်ပန်းကန်တို့၏အပြင်ဘက်ကို စင်ကြယ်စေကြသော်လည်း အတွင်း၌ကား မတရားလုယူခြင်းနှင့်ကိုယ့်အလိုသို့လိုက်ခြင်းတို့ဖြင့် ပြည့်နှက်လျက်ရှိကြ၏။" |
| ၂။ ပညတ်တော်ကို ချိုးဖောက်ခြင်း၊ | ရှင်မဿဲခရစ်ဝင် ၂၃:၂၃ - "သူတော်ကောင်းယောင်ဆောင်သောကျမ်းပြုဆရာနှင့်ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား သင်တို့သည် ပင်စိမ်း၊ စမုန်စပါးနှင့် ဇီရာတို့ကိုဆယ်ဖို့တစ်ဖို့ပေးလှူကြ၏။ သို့သော် **ပညတ်တရားထဲမှ ပို၍ အရေးကြီးသော** တရားမျှတခြင်း၊ ကရုဏာထားခြင်းနှင့် သစ္စာစောင့်ခြင်း **တို့ကို ချန်လှပ်ထားကြ၏။** ဤအရာများကို ပြုရမည်ဖြစ်ပြီးအထက် တွင်ဆိုသောအရာများကိုလည်း ချန်လှပ်မထားရ။" |
| ၃။ ဘုရားပစ္စည်းများကို ပြစ်မှားခြင်း၊ | ရှင်မဿဲခရစ်ဝင် ၂၃:၁၆-၂၀ - "မျက်စိမမြင်သောလမ်းပြတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ သင်တို့က မည်သူမဆို ဗိမာန်တော်ကိုတိုင်တည်ပြောဆိုလျှင် အကျုံးမဝင်။ သို့သော် ဗိမာန်တော်၏ရွှေကိုတိုင်တည်ပြောဆိုလျှင် ထိုအတိုင်းပြုရန်တာဝန်ရှိ၏ဟု ဆိုကြ၏။ |

| | |
|---|---|
| ဘုရားပစ္စည်း သာမန်ပစ္စည်း ရောနှောခြင်း၊ | (၁၇) **မိုက်မဲသောမျက်မမြင်တို့၊ မည်သည့်အရာသည် ပို၍ကြီးမြတ်သနည်း။ ထိုရွှေလော၊ သို့မဟုတ် ထိုရွှေကိုသန့်ရှင်းစေသည့် ဗိမာန်တော်လော။ ...** (၁၉) မျက်မမြင်တို့၊ မည်သည့်အရာသည် ပို၍ကြီးမြတ်သနည်း။ ပူဇော်သက္ကာလော၊ သို့မဟုတ် ပူဇော်သက္ကာကို သန့်ရှင်းစေသည့် ယဇ်ပလ္လင်လော။ (၂၀) ထို့ကြောင့် ယဇ်ပလ္လင်ကို တိုင်တည်ပြောဆိုသောသူသည် ယဇ်ပလ္လင်နှင့်တကွ ၎င်းအပေါ်၌ ရှိသမျှတို့ကို တိုင်တည်ပြောဆို၏။" |
| ၄။ ဥပုသ်နေ့ကို မျက်ကွယ်ပြုခြင်း | ရှင်မဿဲခရစ်ဝင် ၂၃:၄ - "**သူတို့သည် လေးလံ၍ ထမ်းရခက်သောဝန်များကို ထုပ်ပိုးလျက် လူတို့၏ပခုံးပေါ်တင်တတ်ကြ၏။** သူတို့ကိုယ်တိုင်ကမူ ၎င်းတို့ကို မိမိတို့၏လက်ဖျားနှင့်မျှ မရွှေ့လိုကြ။" |
| ၅။ ခေါင်းဆောင်များ ခြစားကြခြင်း | ရှင်မဿဲခရစ်ဝင် ၂၃:၁၆ - "မျက်စိမမြင်သောလမ်းပြတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ သင်တို့က မည်သူမဆို ဗိမာန်တော်ကို တိုင်တည် ပြောဆိုလျှင် အကျုံးမဝင်။ **သို့သော် ဗိမာန်တော်၏ရွှေကို တိုင်တည် ပြောဆိုလျှင် ထိုအတိုင်းပြုရန်တာဝန်ရှိ၏ဟု ဆိုကြ၏။**" |
| ၆။ ပရောဖက်ယောင်များက မုသားပြောကြခြင်း | ရှင်မဿဲခရစ်ဝင် ၂၃:၂၈ - "ထိုနည်းတူ **သင်တို့သည်**လည်း အပြင်ဘက်၌ လူတို့ရှေ့တွင် ဖြောင့်မတ်ဟန်ရှိကြသော်လည်း အတွင်း၌ကား **သူတော်ကောင်းယောင်ဆောင်ခြင်းနှင့် တရားမဲ့ခြင်းတို့ဖြင့် ပြည့်နှက်လျက်ရှိကြ၏။**" |

| | |
|---|---|
| ၇။ ဆင်းရဲသားများကို မြေနိမ့်ရာ လုံ့စိုက်ကြခြင်း | ရှင်မဿဲခရစ်ဝင် ၂၃:၁၄ - "သူတော်ကောင်းယောင်ဆောင်သော ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား **သင်တို့သည် မုဆိုးမတို့၏အိမ်ကို မတရားသိမ်းယူ**ပြီး ဟန်ပြ၍ ရှည်လျားစွာဆုတောင်းတတ်ကြ၏။ ထို့ကြောင့် သင်တို့ သည် ပို၍ကြီးလေးသောပြစ်ဒဏ်စီရင်ခြင်းကို ခံကြရလိမ့်မည်။" |

လူအများ အနီးအကွယ်အကာကို ချိုးဖျက်ကြသည့် သာဓကများကို ရှုကြအံ့။

> "နာခုန်ကောက်နယ်သလင်းသို့ ရောက်သောအခါ၊ နွားတို့သည် ဘုရားသခင်၏ သေတ္တာတော်ကို လှုပ်ရှားသောကြောင့်၊ ဩဇသည် လက်ကိုဆန့်၍ သေတ္တာတော် ကိုကိုင်၏။ (၇) ထာဝရဘုရားသည် ဩဇကိုအမျက်ထွက်၍ သူ၏အပြစ်ကြောင့် ဘုရားသခင်ဒဏ်ခတ်တော်မူသဖြင့်၊ သူသည် သေတ္တာတော်နားမှာ သေလေ၏။ (၈) ဩဇကို ထာဝရဘုရား ဒဏ်ခတ်တော်မူသောကြောင့်၊ ဒါဝိဒ်သည် ညှိုးငယ် သောစိတ်ရှိ၏။ ထိုအရပ်သည် ယနေ့တိုင်အောင် ပေရဇာဩဇအမည်ဖြင့်တွင်သ တည်း။" - ၂ ရာ ၆:၆-၈

*ထာဝရဘုရားသည် ဩဇကိုအမျက်ထွက်သည်* ဟူသည့် စကားက ဘုရားသခင်၏သိက္ခာ တော်ကို ငါတို့က အကဲဖြတ်ရန် လမ်းခင်းပေး၏။ အစောပိုင်း၌ ငါတို့နှီးနှောပြီးခဲ့သည့် အတိုင်း အမျက်(anger) နှင့် ဒေါသ(kindle) ကို ဒုက္ခ (suffering)၊ ဝမ်းနည်း (grief) ဟု လည်း ယူ၍ရ၏။ ဩဇသည် မမှန်မကန်ပြုမူခဲ့၏။ ၎င်းကိုယ်ကို ကူရာမဲ့စေ၏။ ဝိညာဉ် တော်သည် ဩဇအတွက် ရင်နင့်ခဲ့ရ၏။ ဘုရားသခင်သည် ၎င်းကို မထားရစ်လိုပါ။ ၎င်း၏ ကျူးလွန်မှုက ဘုရားက အကွယ်အကာကို ပျက်ခွင့်ပေးသည့်အထိ ဖြစ်စေခဲ့၏။ ကျမ်းစာ၌ ဩဇကို

ထာဝရဘုရားဒဏ်ခတ်တော်မူ၏ဟုလာ၏။ ဩဇကို ထားခဲ့ရခြင်းအဖြစ်က ဘုရားသခင်ကို ရင်ကွဲစေ၏။ သို့ပြား ဩဇကလည်း ခြားနားခြင်းလမ်းကို ရွေးခဲ့ကာ ဘုရားကလည်း အသိအမှတ်ပြုပေးခဲ့ရ၏။ ဘုရားသည် ဩဇကိုမရိုက်ခဲ့ပါ။ ဩဇ၏ ပုန်ကန်စိတ်က တံတိုင်းကို ပျက်စေ၏။

ဩဇအင်ငုံစိတ်ရှိနိုင်ခြေကို ထိုကျမ်း၏အရှေ့တွင် တွေ့နိုင်၏။

> "ဘုရားသခင်၏ သေတ္တာတော်ကို လှည်းသစ်ပေါ်မှာတင်၍ တောင်ပေါ် အဘိနဒပ်အိမ်ထဲက ထုတ်ကြ၏။ အဘိနဒပ်၏သား ဩဇနှင့်အဟိဩတို့သည် လှည်းသစ်ကိုနှင်ရကြ၏။ ဩဇသည်ဘုရားသခင်၏ သေတ္တာတော်အနား၌၎င်း၊ အဟိဩ သည် သေတ္တာတော်ရှေ့၌၎င်း သွားကြ၏။" - ၂ ရာ ၆:၃၊ ၄

ဩဇသည် အဘိနဒပ်၏သားနှစ်ဦးအနက်တစ်ဦးဖြစ်ပြား ညီတော်အဟိဩသည် ပဋိညာဉ် သေတ္တာရှေ့၌သွား၏ ဟုလာ၏ ။ ထို့အတွက် ဩဇသည် ၎င်း၏ညီကို မနာလိုဖြစ်ခဲ့သ လော။ မုန်းခဲ့သလော။ ဒုတိယအကြောင်းကား ပဋိညာဉ်သေတ္တာကို နွားလှည်း၌ က,ခြင်း ဖြစ်၏။ ရှင်မောရှေက သေတ္တာကို ပုရောဟိတ်များက ထမ်းရမည်ဟု စည်းမျဉ်းချခဲ့၏။

> "လေဝိသားတို့သည် **ထာဝရ**ဘုရား၏ပဋိညာဉ်သေတ္တာကို ထမ်းစေခြင်းငှာ ခွဲခန့်တော်မူ၏။" - တရားဟောရာကျမ်း ၁၀:၁၀

> "သင်တို့ဘုရားသခင် **ထာဝရ**ဘုရား၏ ပဋိညာဉ်သေတ္တာကို၎င်း၊ သေတ္တာထမ်းသော ယဇ်ပုရောဟိတ်လေဝိသားတို့ကို၎င်း မြင်လျှင်၊ သင်တို့သည် နေရာပြောင်း၍ လိုက်ရကြမည်။" - ယောရှုမှတ်စာ ၃:၃

အက်ကြောင်းဖြစ်နိုင်ချေ ဒုတိယအချက်သည် မပြောပလောက်ပါ။ သို့ပြား အကွယ်အကာ ပျောက်စေနိုင်သည့် အကြောင်းတရား ၎င်း၏သန္တာန်၌ကိန်းပေမည်။

သို့ဖြစ်ကာ သင် မည်သို့ဖတ်သနည်း။ ဘုရားသခင်၏သိက္ခာတော်က ဩဇကို ဝါးမျိုသည့် မီးဟု သင်မှတ်သလော (သို့) သူ့သဘောသူဆောင်ရန် ဝမ်းနည်းစွာဖြင့် လက်လျှော့လိုက်ရသည့် ပိတုသဖွယ် သင်ရှုသလော။ ဤစာပိုဒ်ကို စာရှုသူများက ပိုင်းဖြတ်ရမည်ဖြစ်၏။ ကောင်းကင်ဘုံရှိ အဘသည် ငါတို့စိတ်ကြိုက်ဆွဲနိုင်ရန် ကြည့်မှန်ပေးခဲ့၏။ ငါတို့နှင့် ဆင်တူသည့်ဗီဇကို တွေ့သလော။ အမှားပြုသူကို ရိုက်သည့်ဘုရား (သို့) မာရ်နတ်၏ သဘောကို ဆုပ်ကိုင်သည့် ဩဇကို မာရ်နတ်၏လက်သို့ စိတ်မချမ်းသာစွာဖြင့် လိုက်ပါခွင့် ပြုသည့် ပူဆွေးနေသည့် ပိတုအဖြစ် သင်မြင်သလော။

> "ငါ့ပဋိညာဉ်ဘက်၌နေ၍၊ တရားစီရင်ရသောဓားဘေးကို သင်တို့အပေါ်မှာ ငါ သက်ရောက်စေမည်။ သင်တို့သည်မြို့ထဲ၌၊ စုဝေးသောအခါ၊ ကာလနာဘေးကို ငါ စေလွှတ်၍၊ ရန်သူလက်သို့ရောက်စေမည်။" - ဝတ်ပြုရာကျမ်း ၂၆:၂၅

သမ္မာကျမ်းစာရှိကျမ်းချက်များစွာ၌ ဘုရားသခင်သည် အမျက်ရှပြီး ဒုဗ္ဘိက္ခရကပ်၊ သတ္တန္တရ ကပ်၊ ရောဂန္တရကပ်များ ဆိုက်စေသည်ဟု ငါတို့ဖတ်ရ၏။ ငါတို့လေ့လာခဲ့သည့် ကျမ်းပိုဒ် များက ထိုထိုလူများတို့သည် ရန်သူ့လက်သို့ အပ်ခြင်းခံရသည်ဟုလာ၏။ ဒေါသထွက် ရခြင်းမှာ ၎င်းတို့၏ကန္တကောစတိုက်ခြင်းကြောင့် မကာကွယ်ပေးနိုင်တော့သည့် အဖြစ် များကြောင့် ထွက်ခဲ့ရသည့်ပိတု၏ ကရုဏာဒေါသဖြစ်၏။

ယခုတွင် ငါတို့အဘ၏အသံတော်ကို အထူးနားစွင့်ကြပါမည်လော။

> "သင်တို့သည် ကိုယ်အဘို့ထုလုပ်သော ရုပ်တုဆင်းတုကို မရှိစေရ။ သင်တို့ပြည်၌ ကိုးကွယ်စရာ မှတ်တိုင်ကိုမစိုက်ရ။ ထုသောကျောက်ကို ထောင်၍မထားရ။ ငါသည် သင်တို့၏ဘုရားသခင် **ထာဝရဘုရားဖြစ်၏။** (၂) ငါ့ ဥပုသ်နေ့တို့ကိုစောင့်၍၊ ငါ့သန့်ရှင်းရာဌာနတော်ကို ရိုသေရမည်။ ငါသည် **ထာဝရဘုရားဖြစ်၏။** (၃) သင်တို့သည်၊ ငါ့ထုံးဖွဲ့ရာလိမ်းသို့လိုက်၍၊ ငါ့ ပညတ်တို့ကိုကျင့်စောင့်လျှင်၊ (၄)

အချိန်တန်မှ ငါသည်သင်တို့အဘို့ မိုဃ်းရွာစေသဖြင့်၊ မြေသည် မိမိဘဏ္ဍာကို ပေး၍၊ ဥယျာဉ်အပင်တို့သည် အသီးသီးကြလိမ့်မည်။ (၅) စပါးနင်းနယ်သော အမှုသည်၊ စပျစ်သီးညှစ်ရာကာလ တိုင်အောင်ငင်း၊ စပျစ်သီးညှစ်သောအမှုသည်၊ မျိုးစေ့ကြဲရာကာလတိုင်အောင်ငင်း မှီသဖြင့်၊ သင်တို့သည်ဝစွာစား၍၊ ကိုယ်ပြည်၌ ဘေးလွတ်လျက် နေရကြလိမ့်မည်။ (၆) သင်တို့ပြည်၌ စစ်မှုကိုငါငြိမ်းစေ၍၊ ခြိမ်းခြောက်သောသူမရှိဘဲ သင်တို့သည် အိပ်ရကြလိမ့်မည်။ ဆိုးသောသားရဲတို့ကို လည်း ငါပယ်ရှားမည်။ တစ်ပြည်လုံးသည် ဓားဘေးနှင့် ကင်းလွတ်လိမ့်မည်။" - ဝတ်ပြုရာကျမ်း ၂၆:၁-၆

ငါတို့သည် ဘုရားသခင်၏ပညတ်တော်အတိုင်း ဝမ်းမြောက်စွာစောင့်ကာ ငါတို့အဘသည် ကောင်းချီးသွန်းဖြိုးလိုလှ၏ဟုမှတ်ရန် ရွေးချယ်လျှင် ဘုရားသခင့်ကောင်းကင်တမန်၏ စောင့်ရှောက်မှုကို ငါတို့ခံစားရမည်ဖြစ်၏။

"အမြင့်ဆုံးသောအရှင်၏ ကွယ်ကာရာအရပ်၌ နေသောသူသည် အနန္တတန်ခိုးရှင်၏အရိပ်ကို ခိုရလိမ့်မည်။ (၂) "ငါ၏ခိုလှုံရာ၊ ငါ၏ရဲတိုက်၊ ငါယုံကြည်ကိုးစားသော ငါ၏ဘုရားသခင်"ဟု **ထာဝရဘုရားနှင့်ပတ်သက်၍** ငါဆို၏။ (၃) အကယ်စင်စစ် ကိုယ်တော်သည် ငှက်မုဆိုး၏ ကျော့ကွင်းမှလည်းကောင်း၊ သေစေတတ်သော ကပ်ရောဂါဘေးမှလည်းကောင်း သင့်ကိုကယ်နုတ်တော်မူလိမ့်မည်။ (၄) ကိုယ် တော်သည် မိမိ၏အတောင်တော်အမွေးဖြင့် သင့်ကိုအုပ်မိုးတော်မူလိမ့်မည်။ သင် သည်လည်း ကိုယ်တော်၏အတောင်တော်အောက်၌ ခိုလှုံရလိမ့်မည်။ ကိုယ်တော် ၏ သစ္စာတော်သည် ဒိုင်းကာနှင့်ဒိုင်းလွှားဖြစ်၏။" - ဆာလံကျမ်း ၉၁:၁-၄

ငါတို့၏လမ်းမလိုက်မှုများက ငါတို့အဘနှင့် ယေရှုဘုရားကို နာကျင်စေမည်မဟုတ်လော။ ဘုရားသည် ငါတို့ကို မ,လို၏။ ငါတို့သည် ရန်သူ့စိတ်မျိုးမွေးရန် ဆုံးဖြတ်လျှင် နိဂုံး၌ ရန်သူ ကို ကြိုးကိုင်ခွင့်ပေးရမည့်အဖြစ်သို့ ရောက်မည်ဖြစ်၏။ ကိုယ်မနှစ်သက်သူ၏ အုပ်စိုးမှုကို အစဉ်ခံရခြင်းသည် မတရားပါ။

ယေရုရှလင်မြို့ပျက်စီးခြင်းသည် ကမ္ဘာကြီးပျက်မည့် ပုဗ္ဗနိမိတ်တည်း။ လွန်ခဲ့သည့် နှစ်ပေါင်း (၂,၀၀၀) ၌ ဘုရား၏သားတော်ကို ယုဒများ ငြင်းခဲ့ကြသည့်အတိုင်း ယခုမျက်မှောက်ကာလတွင်လည်း ဘုရား၏သားတော် ငြင်းပယ်လျက်ရှိကြ၏။ ၎င်း၏ ဥပုသ်နေ့ထူးကို ရှောင်ခြင်းဖြင့် ဥပုသ်မှန်၏ အရှင်သခင်သည် တံထွေးခွက်ထဲရောက်ရ၏။ တရားမဲ့ခြင်း၊ အတ္တကိလေသာများက အဆုံးတွင် ခရစ်တော်ဘုရားအား "သင်တို့နေသော အိမ်သည် ဆိတ်ငြိမ်လျက်ရှိပြီ" ဟု မိန့်စေလိမ့်မည်။ ထို့နောက်တွင် နတ်ရဲများက ကမ္ဘာကို ဖျက်ရန် အခွင့်ရကြလိမ့်မည်။ ပညတ်တော်နှင့် ယေရှုသက်သေခံတော်မူချက်ကို စွဲလမ်း သောသူများဖက်၌ ပါကြရန်အတွက် ငါတို့သည် ငါတို့ကယ်တင်ရှင်ကို ဆုပ်ကိုင်ကာ ၎င်း ၏မဟာကရုဏာတော်ကို ကိုးစားကြအံ့။

## ၁၂။ ဓားကိုနေရာမှန်၌ထားခြင်း

ဆိတ်ငြိမ်သည့်ညတစ်ည၊ သံလွင်တောင်ပေါ်တွင် ငါတို့ကယ်တင်ရှင်သည် ခမည်းတော် ထံ အလျှောက်တင်၏။

> "ထို့နောက် ရှေ့သို့အနည်းငယ်ကြွတော်မူပြီး ပျပ်ဝပ်လျက် 'အကျွန်ုပ်၏အဖ၊ ဖြစ်နိုင်လျှင် ဤခွက်ကို အကျွန်ုပ်ထံမှ လွန်သွားစေတော်မူပါ။ သို့သော် အကျွန်ုပ်၏ အလိုအတိုင်းမဟုတ်ဘဲ ကိုယ်တော်၏အလိုတော်အတိုင်း ဖြစ်စေတော်မူပါ' ဟု ဆုတောင်းတော်မူ၏။" - ရှင်မဿဲခရစ်ဝင် ၂၆:၃၉

ပုထုဇဉ်အပေါင်း၏ အပြစ်ထုသည် သားတော်အပေါ် ပိလျက်ရှိ၏။ ၎င်းသည် ရင်လေး လွန်းရကား သွေးချွေးပင်ကျခဲ့၏။ ခမည်းတော်ဘုရား၏ သန့်ရှင်းစုံလင်မှုက သားတော် လွှဲပြောင်းထမ်းနေသော အပြစ်ထုကို ယှဉ်တွေ့ပြီ။ ခမည်းတော်နှင့် အပြစ်သည် လားလား မှ သဟဇာတမဖြစ်သောကြောင့် သားတော်သည် လေအတိုက်ခံရသည့် သစ်ရွက်ပမာ ဖြစ် နေ၏။ ပရောဖက်တစ်ဦးက အောက်ပါအတိုင်းဆို၏။

> "ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ **အိုဓား၊ ငါ၏ သိုးထိန်း**တစ်ဖက်၊ ငါ၏ အပေါင်းအဖော်ဖြစ်သော သူ**တစ်ဖက်၌နိုးလော့။** သိုးထိန်းကို ရိုက်သတ်လော့။ သို့ပြုလျှင်၊ သိုးတို့သည် ကွဲလွင့်ရကြလိမ့်မည်။ သိုးသငယ်တို့အပေါ်၌လည်း ငါသည် ငါ့လက်ကို တင်ဦးမည်။" - ဇာခရိ ၁၃:၇

ဤ၌ ဓားဟုဆိုရာ၌ ဝိညာဉ်တော်ဓားကို ဆိုလို၏။ ခရစ်တော်ဘုရားသည် ငါတို့အကျိုး အတွက် အနီဓားကိုစွဲသည့်အခါ အားအင်ယုတ်ခဲ့ရ၏။ သွေးချွေးလုံး ဒီးဒီးကျခြင်းသည် သေခြင်းတံခါးဝရောက်ကြောင်း ပြခြင်းဖြစ်၏။ ခမည်းတော်၏ အားအင်အထောက် ကသာဥယျာဉ်၌ ၎င်းကိုလာရောက်ဖမ်းဆီးသည့် ယုဒခေါင်းဆောင်များလွှတ်လိုက်သည့် ရောမစစ်သားများကို ရင်ဆိုင်နိုင်စွမ်းစေ၏။

တပည့်တော်ယုဒနှင့် ဗိမာန်တော်လုံခြုံရေးများက ယေရှုဘုရားကို ဖမ်းဆီးရန်လာသည်တွင် ရှင်ပေတရု၌ ယုဒမက္ကဘီ၏[2] စိတ်ဓာတ်များနိုးထကာ ဓားဖြင့်ကာကွယ်ခဲ့၏။ ယေရှုက ပေတရုထံ ၎င်းသည် လူ့အသက်ကိုသတ်ရန် မဟုတ်ဘဲ ကယ်ရန်ကြွခဲ့ကြောင်းကို မိန့်ခဲ့၏။ ပေတရုအတွက်ကား ယေရှုသေခဲ့သော် ၎င်း၏မျှော်လင့်ချက်အားလုံး ဆုံးပြီဖြစ်၏။ ၎င်းထုတ်ကိုင်သည့်ဓားသည် ခရစ်တော်၏အကြိုက်ထက် ၎င်း၏အကြိုက်သာဖြစ်၏။

> "ထိုစဉ်တွင် ရှိမုန်ပေတရုသည် ပါလာသောဓားကိုဆွဲထုတ်၍ ယဇ်ပုရောဟိတ်မင်း ၏ အစေအပါးတစ်ဦးကိုခုတ်သဖြင့် ယာဘက်နားရွက်ပြတ်သွားလေ၏။ ထိုအစေ အပါး၏ အမည်ကား မာလခုဖြစ်၏။" - ရှင်ယောဟန် ခရစ်ဝင် ၁၈:၁၀

ယေရှုဘုရားသည် မိမိကိုယ်ကို ဓားဖြင့်မကာကွယ်ဘဲ နားရွက်ပြတ်သွားသည့် မာလခုကို ကုခဲ့၏။ ထို့နောက် အောက်ပါအတိုင်း မိန့်၏။ ။

> "ယေရှုကလည်း ထိုသူအား 'သင်၏ဓားကို သူ့နေရာ၌ပြန်ထားလော့။ အကြောင်းမူ ကား ဓားကိုင်သောသူအားလုံးတို့သည် ဓားဖြင့်ပျက်စီးရလိမ့်မည်။ (၅၃) ယခုပင် တစ်ဆယ့်နှစ်တပ်ထက်များပြားသော ကောင်းကင်တမန်ကို ငါ့ထံသို့စေလွှတ် တော်မူမည့်အကြောင်း ခမည်းတော်ထံသို့ ငါ မတောင်းနိုင်ဟု သင်ထင်သလော။ (၅၄) သို့ဖြစ်လျှင် ဤသို့ဖြစ်ရမည်ဟု ဆိုထားသော ကျမ်းချက်များသည် မည်သို့ ပြည့်စုံခြင်းသို့ ရောက်နိုင်မည်နည်း' ဟု မိန့်တော်မူ၏။" - ရှင်မဿဲခရစ်ဝင် ၂၆:၅၂-၅၄

ယေရှု၏ မိန့်ကြားချက်တွင် လောကီလောကုတ္တရာ အဓိပ္ပာယ်များရှိ၏။ ပုထုဇဉ်တစ်ဦးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကိုင်ဆွဲလျှင် နှုတ်ကပတ်တော်က ၎င်း၏ဘဝ

---

[2] ယုဒမက္ကဘီသည် ယဇ်ပုရောဟိတ်ဖြစ်ပြီး၊ ယဇ်ပုရောဟိတ် မာသသိယ၏သားဖြစ်၏။ ၎င်းက Selucid Empire (167-160 BCE) ကို တော်လှန်သည့် မက္ကဘီတော်လှန်ရေးကို ဦးဆောင်ခဲ့၏။

ဟောင်းကို တစ်ခန်းရပ်စေကာ ခရစ်တော်ယေရှု၏အောက်တွင် ဘဝသစ်သို့ရောက်၏။ ထို့အတူ ဓားသမားသည် ဓားဖြင့်သေရမည်။ ယေရှုက ငါတို့ကို ဓားစွမ်းထက် ဘုရားကောင်းကင်တမန်များ၏ စောင့်ရှောက်ခြင်း၊ ဆုတောင်းခြင်းတို့ကို ပို၍အားကိုးရန် အလင်းပြခဲ့၏။ ယေရှု၏နေထိုင်ပုံသည် ငါတို့အတွက် သင်ခန်းစာဖြစ်ပါစေ။ ယေရှုသည် မည်သူကိုမျှ မနှက်၊ အနာတရ မဖြစ်စေ၊ မသတ်ခဲ့ပါ။ ငါတို့၏ ကယ်တင်ရှင်က ငါတို့အတွက် ရှေ့သွားနမူနာပြခဲ့၏။

> "အမှန်စင်စစ် သင်တို့သည် ဤအတွက် ခေါ်ယူတော်မူခြင်းခံရ၏။ အကြောင်းမူကား ခရစ်တော်သည်လည်း သင်တို့ကို မိမိခြေရာတော်အတိုင်းလိုက်လျှောက်စေရန် သင်တို့ကိုယ်စား ဒုက္ခဝေဒနာခံစားရလျက် သင်တို့အတွက် စံနမူနာကို ထားပေးတော်မူ၏။ (၂၂) ကိုယ်တော်သည် အပြစ်ကိုမပြု။ ကိုယ်တော်၏နှုတ်တော်၌ မုသားကိုမတွေ့ရ။ (၂၃) ပုတ်ခတ်ပြောဆိုခြင်းခံရသောအခါ ပြန်၍မတုံ့ပြန်၊ ဒုက္ခဝေဒနာခံစားရသောအခါ၌လည်း ခြိမ်းခြောက်ခြင်းကိုမပြုဘဲဖြောင့်မတ်စွာတရားစီရင်တော်မူသောအရှင်ထံသို့ မိမိကိုယ်ကိုအပ်နှံတော်မူ၏။"
> - ရှင်ပေတရုဩဝါဒစာပထမစောင် ၂:၂၁-၂၃

ငါတို့အာရုံပြုရန်မှာ ယေရှုဘုရား၏သက်တော်စဉ်ဖက်မှနေ၍ ဣသရေလများရန်သူများ ကို ဓားဖြင့်သုတ်သင်ခဲ့သည့် သွေးစွန်းမှု ပြည့်နှက်သည့် ဓမ္မဟောင်းခေတ်ကို မည်သို့ သုံးသပ်သည့်အကြောင်း ဖြစ်၏။ ဣသရေလတို့ အီဂျစ်ပြည်မှထွက်ခဲ့ချိန်တွင် ဘုရားသခင် သည် ၎င်းတို့၏ အိမ်နီးချင်းနိုင်ငံများကို မည်သို့ကိုင်တွယ်မည့်အကြောင်း မိန့်ခဲ့၏။

> "ငါ့ကိုကြောက်တတ်သောသဘောကို သင့်ရှေ့သို့ငါစေလွှတ်၍၊ သင်ရောက်လေရာရာအရပ်၌ ခပ်သိမ်းသောလူမျိုးကို ငါဖျက်ဆီးမည်။ သင်၏ရန်သူအပေါင်းတို့ကို နောက်သို့လှည့်စေမည်။ (၂၈) **ပျားတူများကိုလည်း သင့်ရှေ့သို့ငါစေလွှတ်၍၊ သူတို့သည် ဟိဝိလူ၊ ခါနနိလူ၊ ဟိတ္တိလူတို့ကိုသင့်ရှေ့မှာ**

**နှင်ထုတ်ကြလိမ့်မည်။** (၂၉) ထိုလူများကို တစ်နှစ်ခြင်းတွင် သင့်ရှေ့မှာငါမနှင်ထုတ်။ သို့ပြုလျှင် ပြည် သည် လူဆိတ်ညံ၍ သားရဲသည်သင့်တစ်ဖက်၌ များပြားလိမ့်မည်။ (၃၀) သင်သည် တိုးပွား၍ တစ်ပြည်လုံးကို ဝင်စားသည်တိုင်အောင်၊ သူတို့ကို သင့်ရှေ့မှာ ဖြည်း ဖြည်း ငါနှင်ထုတ်မည်။" - ထွက်မြောက်ရာကျမ်း ၂၃:၂၇-၃၀

ဣသရေလများသည် ဘုရားသခင့်အပေါ် သစ္စာရှိခဲ့ပါမူ ခါနာန်ပြည်သည် ယေရှုဘုရား ဗိမာန်တော်ကို သန့်စင်ခဲ့သည့်အတိုင်း စင်ကြယ်မည်ဖြစ်၏။ ဝိညာဉ်တော်ကလည်း ထို နိုင်ငံသားများ ၎င်းတို့အပြစ်ကိုမြင်စေကာ အငြိမ်မနေနိုင်ဖြစ်ကာ နောင်တရကြပြီး ဣသ ရေလတို့နှင့် မိတ်ဆွေဖြစ်ကာ ဣသရေလတို့၏ဘုရားကို ဆည်းကပ်ကြမည်ဖြစ်၏။ ကျမ်း ပိုဒ်၌ ထိုနိုင်ငံများကို နှင်ထုတ်မည်ဟုသာလာ၏။ လက်စတုံးပစ်မည်ဟု မလာပါ။

ဘုရားသခင်က ရန်သူများကို သတ်စေလိုလျှင် မောရှေသည် အီဂျစ်သားကို သတ်စဉ်က ထက် ပို၍အားပေးခဲ့မည်ဖြစ်၏။ ထို့အစား ဘုရားသခင်သည် မောရှေကို နှစ် ၄၀ မြိုင်နှင် ၏။ မောရှေသည် ဖာရော၏မြေးအဖြစ် ယောက်ျားတို့တတ်အပ်သည် အဋ္ဌာရသ (၁၈) ရပ်ကို တတ်ခဲ့ပြီးဖြစ်၏။ ဘုရားသခင်သည် အနီစစ်ကဲမှူးကြီးကို ဘာ့ကြောင့် သိုးကျောင်း စေခဲ့ရသနည်း။ လူထုကိုမည်သို့ ဖေးမရမည်ကို သင်ပေးလိုခြင်းကြောင့်ဖြစ်၏။ သင်ယူလို သူအတွက် သင်ခန်းစာသည်ရှိ၏။ ဣသရေလများ ခါနာန်ပြည်ကို စစ်ရေးဖြင့်သိမ်းရန် ဘုရားသခင်သည် ဘယ်အခါမျှမကြံဖူးခဲ့ပါ။

ဣသရေလတို့ကို အီဂျစ်ပြည်မှ ကယ်ထုတ်ခဲ့ခြင်းသည် ၎င်းနှင့်ပို၍ရင်းနှီးရန်၊ ကိုးစားရန် သာ ရည်သန်ခဲ့၏။ ၎င်းတို့သည် အီဂျစ်ပြည်၌ နေခဲ့စဉ်တွင် သွေးထွက်သံယိုမှုများနှင့် ယဉ် ပါးခဲ့ကြ၏။ ဟေဗြဲသား မွေးကင်းစများစွာကို အီဂျစ်ရှိမြစ်တွင်းသို့ အချခံရသည့်အခါ ၎င်း တို့က ဘုရားသည် ၎င်းတို့အပေါ် ကြမ်းရမ်းသည့်ဘုရားဟု မှတ်ကြ၏။ ဤအကြောင်း တရားကို ၎င်းတို့၏သမိုင်းအစမှပင် တွေ့ရ၏။

> “မောရှေကိုလည်း၊ အဲဂုတ္တုပြည်၌သင်္ချိုင်းမရှိသောကြောင့်၊ ဤတော၌ သေစေခြင်းငှာ ငါတို့ကိုဆောင်ခဲ့သလော။ ငါတို့ကို ဤသို့ပြု၍၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့်ဆောင်ခဲ့သနည်း။” - ထွက်မြောက်ရာကျမ်း ၁၄:၁၁

ဤအကြောင်းတရားသည် ဘုရားက ၎င်းတို့သည် ဧကန်သေရမည်ဟုမိန့်သည်ကို ၎င်းတို့ ကိုသတ်မည့်သူသည် ဘုရားဖြစ်၏ဟု မာရ်နတ်က အာဒံ၊ ဧဝတို့ကို ဒေင်ဥယျာဉ်၌ စုံစမ်းခဲ့ သည့်အချိန်မှစခဲ့၏။

> “လူကလည်း ဥယျာဉ်၌ ကိုယ်တော်၏အသံကို ကျွန်တော်ကြားလျှင်၊ အဝတ်အချည်းစည်းရှိသောကြောင့်၊ ကြောက်၍ ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏။” - ကမ္ဘာဦးကျမ်း ၃:၁၀

ဣသရေလတို့က မောရှေကို အပြစ်ဖို့ချိန်တွင် ၎င်းတို့၏အကြောက်တရားကို ဖုံးခဲ့ကြ၏။ မောရှေသည် ၎င်း၏တန်ခိုးဖြင့် ဣသရေလတို့ကို မကယ်တင်ခဲ့သည်မှာ ရှင်းလှ၏။ မာရ် နတ်က ၎င်းတို့ဘုရားသခင်သည် ၎င်းတို့ကို တော၌သတ်လိုသည်ဟု မှတ်ကြရန် သွေးထိုး နေ၏။ ဘုရားသခင်၏သိက္ခာတော်ကို ၎င်းတို့ သံသယဖြစ်ခြင်းကြောင့် အနီးသွေးထိုးခြင်း သည် အထမြောက်ခဲ့၏။ အနီးအကြောက်တရားသည် ဣသရေလတို့၏ သန္တာန်တွင် ဆက်၍ဖွံ့ထွား၏။

> “**ငါတို့သည် အဲဂုတ္တုပြည်၌** အမဲသားချက်သောအိုးကင်းနားမှာထိုင်၍ ဝစွာစားရသောအခါ၊ **ထာဝရဘုရား၏လက်တော်ဖြင့်သေလျှင် သာ၍ကောင်း၏။** ယခုမူကား၊ ဤစည်းဝေးလျက်ရှိသော လူအပေါင်းတို့ကိုငတ်မွတ်ခြင်းအားဖြင့် သတ်လို သောငှာ၊ ဤတောအရပ်သို့ဆောင်ခဲ့ပြီတကားဟု မောရှေနှင့် အာရုန်ကို အပြစ် တင်၍ မြည်တမ်းလျက်ဆိုကြ၏။” - ထွက်မြောက်ရာကျမ်း ၁၆:၃

ဣသရေလတို့က ဘုရားကိုကြောက်ကြောင်းပြခဲ့ပြီး ယခုပစ္စက္ခအခြေအနေထက် အီဂျစ်ပြည်၌ပင် ဘုရား၏လက်ဖြင့်ပင် သေလိုကြကြောင်းကို ရင်ဖွင့်ကြ၏။ ၎င်းတို့သည်

ဘုရား သခင်ကို မကိုးစားနိုင်ကြပါ။ ၎င်းတို့၏ဉာဏ်သည် မာရ်နတ်၏စနက်ကြောင့် ဘုရား၏ သိက္ခာစစ်ကို မမြင်နိုင်ဖြစ်ကြ၏။

ထွက်မြောက်ရာကျမ်း နောက်အခန်း၌ပင် ဘုရားသခင့်အကြောင်း ၎င်းတို့၏ဒိဋ္ဌအမှားကို ပြကြ၏။

> “လူများတို့သည်ရေငတ်၍ မောရှေကို အပြစ်တင်မြည်တမ်းလျက်၊ ငါတို့မှစ၍ သားသမီးတိရစ္ဆာန်တို့ကို အငတ်ထား၍သတ်ခြင်းအလိုငှာ၊ အဲဂုတ္တုပြည်မှ အဘယ် ကြောင့်ဆောင်ခဲ့သနည်းဟု ဆိုကြ၏။ (၄) ထိုအခါ မောရှေသည် **ထာဝရဘုရား** အားအော်ဟစ်၍၊ ဤလူတို့အား အကျွန်ုပ်သည် အဘယ်သို့ပြုရပါမည်နည်း။ အကျွန်ုပ်ကို ခဲနှင့်ပစ်လုကြပါပြီဟု လျှောက်လေ၏။” - ထွက်မြောက်ရာကျမ်း ၁၇:၃၊ ၄

၎င်းတို့က မောရှေအပေါ် ဆက်လက်မြည်တမ်းကြသောကြောင့် ဘုရားက ၎င်းတို့ကို သတ်လိုသည်ဟု မှတ်ကြ၏။ ဘုရားသည် ကြမ်းရမ်းသည်ဟူသည့် ၎င်းတို့၏အမြင်က မောရှေကိုလည်း သတ်လို၏။ ဘုရားသည် ကြမ်းသည်ဆိုသည့် ၎င်းတို့၏အမြင်ကြောင့် အီဂျစ်ပြည်မှ ၎င်းတို့ကိုခေါ်ထုတ်ခဲ့သည့် ခေါင်းဆောင်ကိုပင် သတ်လိုကြ၏။

ရက်ဆက်မြည်တမ်းခြင်း၊ ဘုရားကိုမယုံကြည်ခြင်းများက ဘုရားအား ၎င်းတို့ကို မကာကွယ်နိုင်မည့်အရပ်သို့ ရောက်စေခဲ့၏။ ၎င်းတို့သည် မာရ်နတ်ကိုသခင်ပြုခဲ့၏။ မာရ်နတ်လည်း ၎င်းတို့ကို ဖျက်ဆီး၏။ သောက်တော်ရေကိစ္စ၌ ရန်တွေ့ခြင်းနှင့် အာမလက်တို့၏ တိုက်ခိုက်လာမှု ဆက်နွယ်ပုံကို ငါတို့တွေ့ရ၏။ ။

> “ဣသရေလအမျိုးသားတို့က၊ **ထာဝရဘုရား**သည် ငါတို့တွင်ရှိသလော မရှိလော ဟု **ထာဝရဘုရား**ကိုစုံစမ်း၍ ရန်တွေ့သောအကြောင်းကြောင့်၊ ထိုအရပ်ကို မဿာနှင့် မေရိဘာဟုသမုတ်သတည်း။ (၈) **ထိုအခါ**

အာမလက်လူတို့သည်လာ၍၊ ရေဖိဒိမ်အရပ်၌ ဣသရေလလူတို့ကို စစ်တိုက်ကြ၏။" - ထွက်မြောက်ရာကျမ်း ၁၇:၇၊ ၈

ဣသရေလတို့၏ နှဲမှုတ်မှုများက မာရ်နတ်အား အာမလက်လူမျိုးများကို စစ်တိုက်ရန် လှုံ့ဆော်ခွင့်ရစေ၏။ ၎င်းတို့သည် ဘုရားသခင်ကို ကိုးစားခဲ့ကြလျှင် ထိုသို့ဖြစ်မည်မဟုတ်။ အာမလက်များက ၎င်းတို့ကို ကြောက်ကြမည်ဖြစ်၏။ ဣသရေလတို့သည် ၎င်းတို့ ၏အပြစ်အတွက် နောင်တရကြောင်းကို မတွေ့ရပါ။ ဘုရားက ၎င်းတို့ကို သတ်လိုသည်ဟု သာ အမှတ်မှားခဲ့ကြ၏။ သောက်တော်ရေရကြသည့်အခါ ကျေးဇူးတင်ကြောင်း မတွေ့ရ ပါ။ ရေတောင်းပေးသည့် မောရှေကို တောင်းပန်ကြောင်းလည်း မတွေ့ရပါ။ မောရှေကို သတ်မည်ဟု ကြိမ်းခဲ့ကြ၏။ ဤအဖြစ်ကမောရှေကို မည်မျှနာကျင် စေမည်ကို ငါတို့ စိတ်ကူးပေးနိုင်သလော။ မောရှေသည် သဲကန္တာရ၌ ၎င်း၏မိသားစုများ၊ အိမ်မွေးတိရစ္ဆာန် များနှင့် အေးချမ်းစွာနေနိုင်၏။ မောရှေသည် ၎င်းတို့၏ကျေးဇူးကန်းမှုဒဏ်ကို ဘုရား အတိုင်းပင် ခံခဲ့ရ၏။ အနိုဖြစ်ရပ်သည် မောရှေအတွက် ခက်ခဲပေမည်။ ထိုသို့ကြုံရင်းဖြင့် အာမလက်များ စစ်ချီလာကြောင်းကြားခဲ့၏။ နောက်ဆက်တွဲဖြစ်စဉ်သည် အခရာကျ၏။ အောက်ပါသည် စိတ်ဖိစီးမှုခံရချိန်တွင်ပြုခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်၏။

"မောရှေကလည်း၊ လူတို့ကိုရွေး၍ အာမလက်လူတို့ကို စစ်တိုက်ခြင်းငှာ ထွက်လော့။ နက်ဖြန်နေ့၌ ဘုရားသခင်၏လှံတံကိုကိုင်လျက်၊ တောင်ထိပ်ပေါ်မှာ ငါရပ် နေမည်ဟု ယောရှုအားဆို၏။" - ထွက်မြောက်ရာကျမ်း ၁၇:၉

"ထာဝရဘုရားက မောရှေအား မိန့်တော်မူသည်ကား" ဟူ၍မရှိ။ မောရှေလည်း ဗိမာန်တော်သို့သွား၍ ဘုရား၏အလိုတော်ကို မြန်းခဲ့သည်ဟုလည်းမဆိုပါ။ မောရှေက ယောရှုအား သွား၍တိုက်လော့ဟုသာ လက်တန်းမိန့်ခဲ့၏။ ထိုအဖြစ်ကို ငါ အာရုံပြုကြည့်သည့်အခါ ၎င်းတို့၏မိသားစုဂုဏ်ကို ဓားကိုင်ကာ ညှိုးစေခဲ့သည့် မောရှေ၏ အဘိုးတစ်ဦးအကြောင်း စိတ်ကူးဖြစ်ခဲ့၏။

"ထိုသို့ခံ၍ သုံးရက်မြောက်သောနေ့၌၊ အလွန်နာကြသောအခါ၊ ယာကုပ်သား၊ ဒိနဧ်မောင်ရှိမောင်နှင့် လေဝိညီနောင်နှစ်ယောက်တို့သည်၊ ဓားလက်နက် တစ်ယောက်တစ်စင်းစီစွဲကိုင်လျက်၊ သတိမရှိသောထိုမြို့ကိုတိုက်၍၊ ယောက်ျားအပေါင်းတို့ကိုသတ်လေ၏။ (၂၆) ဟာမော်မင်းနှင့် သားတော်ရှေခင်ကိုလည်း ဓားလက်နက်ဖြင့်သတ်ပြီးလျှင်၊ ဒိနကိုရှေခင်အိမ်မှနုတ်ယူ၍ ပြန်သွားကြ၏။ မိမိတို့နှမ ရှုတ်ချခြင်းကိုခံရသောကြောင့်၊ (၂၇) တစ်ဖန်ယာကုပ်သားတို့သည် အသေသတ်ပြီးသော သူတို့ဆီသို့သွားပြန်၍၊ မြို့ကိုလုယက်ဖျက်ဆီးသဖြင့်၊ (၂၈) သူတို့သိုး၊ ဆိတ်၊ နွား၊ မြည်းမှစ၍၊ မြို့၌ရှိသမျှ၊ လယ်၌ရှိသမျှသော ဥစ္စာကိုင်း၊ (၂၉) သူတို့သားမယား၊ သူငယ်အပေါင်းကိုဝင်းသိမ်းယူ၍၊ အိမ်တို့၌ရှိသမျှကိုလည်း လုယက်ဖျက်ဆီးကြ၏။" - ကမ္ဘာဦးကျမ်း ၃၄:၂၅-၂၉

ယာကုပ်က ၎င်း၏သားစဉ်မြေးဆက်တို့သည် ခါနနိလူ၊ ဖေရဇိလူတို့က ရှုံ့ကြမည်ကို မြည် တမ်းခဲ့၏။ ယာကုပ်၏သားများက ဓားကိုင်ခဲ့ခြင်းကြောင့် နောင်လာမျိုးဆက်များအပေါ် ဓားကပြန်၍လိုက်၏။ ၎င်းတို့၏အဘိုးက နှမအတွက် ရှေခင်အမျိုးသားများကို လက်တုံ့ ပြန်ခဲ့ခြင်းအကြောင်း ပါးစပ်ဖွာခြင်း၏အကျိုးကို သင်မြင်သလော။ လေဝိမျိုးဆက်အချို့ ၎င်းတို့အဘိုးလေဝိသည် ၎င်း၏နှမကို ကာကွယ်ခဲ့သည်ဟု ဂုဏ်မောက်ခဲ့ကြမည် မဟုတ် လော။ လေဝိသည်မှန်သည်ဟု မာရ်နတ်သည် ၎င်းတို့ကို သွေးဆောင်လိုမည် မဟုတ် လော။ ၎င်းတို့၏အဖိုးသည် သွေးအေးလူသတ် သမားဖြစ်သည်၊ နောင်လာမျိုးဆက်များ ထိုအရှက်ကိုခေါင်းရွက်ရမည်ဟု ပြောမည့်အစား ထိုဖြစ်ရပ်ကို စားမြုံ့ပြန်ခြင်းသည် ပို၍ လွယ်သည်မဟုတ်လော။ ထိုဗီဇ ယခုတွင် မောရှေမှ ယောရှုထံလှမ်းပြီ။

တောမြိုင်ထဲ၌ နှစ် (၄၀) သင်ယူခဲ့သည်များက မောရှေကို စိတ်ထိန်းတတ်စေပြီလော။ အာမလက်များက အားနည်းသည့် အခြမ်းဖက်ကို တိုက်ခဲ့ပြီးကြောင်းကို မောရှေသိခဲ့ပြီလော။ မောရှေမစုတေ့မီတွင် အောက်ပါအတိုင်း စားမြုံ့ပြန်ခဲ့၏။ ။

"သင်သည် အဲဂုတ္တုပြည်မှထွက်၍ ခရီးသွားသောအခါ၊ (၁၈) သင်သည် အားကုန်၍ မောလျက်နေစဉ်တွင်၊ သင့်နောက်၌ လိုက်သောသူ၊ အားနည်းသောသူတို့ကို အာမလက် အမျိုးသားတို့သည် လမ်း၌ဆီးကြို၍ လုပ်ကြံကြောင်းကိုလည်းကောင်း၊ ဘုရားသခင်ကို မကြောက်ရွံ့ကြောင်းကိုလည်းကောင်း အောက်မေ့လော့။ (၁၉) သို့ဖြစ်၍ သင်၏ဘုရားသခင် ထာဝရဘုရားသည် သင့်အမွေခံစရာဖို့ အပိုင်ပေးတော်မူသောပြည်၌ သင့်ပတ်လည်၌နေသော ရန်သူအပေါင်းတို့၏လက်မှ ကယ်လွှတ်၍ ချမ်းသာပေးတော်မူသောအခါ၊ အာမလက်အမျိုးကို အောက်မေ့စရာ မရှိစေခြင်းငှာ၊ ကောင်းကင်အောက်၌ သုတ်သင်ပယ်ရှင်းရမည်။ ထိုအမှုကို မမေ့မလျော့ရ။" - တရားဟောရာကျမ်း ၂၅:၁၇-၁၉

ဣသရေလတို့ကို လူသားများမျက်စိ၌ စပါးမွေးစူးစေရန် မာရ်နတ်က ဤသို့ဖန်ခြင်းလော။ ၎င်းက ဣသရေလများကို တစ်ဖန်ဓားကိုင်စေကာ ခေတ်အဆက်ဆက်သို့ ဘုရား၏ လက်ချက်ဖြစ်သည်ဟု မြင်စေသလော။ အနီအဖြစ်အပျက်သည် ဣသရေလတို့ ပုံဖော်ကြ သည့်ဘုရား မဟုတ်လော။ အနီစိတ်ကူးဘုရားသည် ရေလိုချိန် ရေမပေးနိုင်ခဲ့လျှင် အာမလက်များ လာ၍တိုက်ချိန်၌လည်း မည်သို့မ,မည်နည်း။

ကောရ၊ ဒါသန်၊ အဘိရံ၊ အစည်းအဝေး၌ မင်းပြုသူ (၂၅၀) အကြောင်း၌ ဘုရားသခင်သည် ၎င်းတို့ကို သတ်လိုသည်ဟူသည့် အမှတ်က မောရှေ၊ အာရုန်တို့ကို ခေါင်းဆောင်အဖြစ် မထားလိုတော့။ ခါနာန်နယ်စပ်၌လည်း လူထောက် (၁၀) ဦးတို့၏သတင်းအမှား သံတော် ဦးတင်မှုကြောင့် ဘုရားသခင်သည် ၎င်းတို့ကို မေတ္တာရှိသည်ဟု မမြင်နိုင်ကြတော့။ ၎င်းတို့ ကို ဖေးမ,ခဲ့သည်များကို လျစ်လျူရှုကာ ဘုရားသခင်သည် ၎င်းတို့ကို ဒုက္ခကြားမှ သန့်စင် ပေးနိုင်ကြောင်းကို မယုံနိုင်ကြ။ ၎င်းတို့က ဘုရားသခင်သည် ၎င်းတို့ကို သတ်လိုသည်၊ စိတ်ပြောင်းလွယ်သည်ဟူသည့် အငုံစိတ်ရှိကြသောကြောင့် မာရ်နတ်သည် ၎င်းတို့ကို လွယ်စွာသွေးဆောင်နိုင်တော့၏။

မာရ်နတ်သည် ရန်ကာစည်းကို ချိုးဖျက်၊ ဣသရေလ တို့ကို အန္တရာယ်ပြုခွင့်ရတိုင်း ဘုရားသည်ငင်းတို့ကို တိုက်ရိုက်ဒဏ်ပေးသည်ဟု မှိုင်းတိုက် ၏။ ထိုမုသားကို ၎င်း၏သားသမီးများက ယုံလိုကြသောကြောင့် ဘုရားသခင်သည် မည်မျှ ခံစားခဲ့ရမည်နည်း။

"ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့သည်၊ မောရှေနှင့် အာရုန်ကို အပြစ်တင်သောစကားနှင့် မြည်တမ်းလျက်၊ (၃) **ငါတို့သည် အဲဂုတ္တုပြည်၌မသေပါလေ။ ဤတော၌မသေပါလေ။ ငါတို့သည်ဓားဖြင့်သေ၍ သားမယားတို့သည် ရန်သူ လက်သို့ရောက်စေခြင်းငှာ ထာဝရဘုရားသည် အဘယ်ကြောင့်ငါတို့ကို ဤ အရပ်သို့ ဆောင်ခဲ့တော်မူသနည်း။** အဲဂုတ္တုပြည်သို့ ပြန်ကောင်းသည်မဟုတ် လော။" - တောလည်ရာကျမ်း ၁၄:၂၊ ၃

"ငါ့ဘုန်းတော်ကိုငင်း၊ အဲဂုတ္တုပြည်မှစ၍ ဤတော၌ထူးဆန်းသော တန်ခိုးတော်ကို ၎င်း၊ မြင်ရသောလူအပေါင်းတို့သည်၊ **ငါ့စကားကိုနားမထောင်၊ ဆယ်ကြိမ်တိုင် အောင် ငါ့ကိုစုံစမ်းသောကြောင့်၊** (၂၃) သူတို့ဘိုးဘေးတို့အား ငါကျိန်ဆိုသော ပြည်ကို အကယ်စင်စစ် သူတို့သည်မမြင်ရကြ။ ငါ့ကိုမရိုမသေပြုသောသူ တစ်စုံ တစ်ယောက်မျှမမြင်ရ။" - တောလည်ရာကျမ်း ၁၄:၂၂၊ ၂၃

ဣသရေလများသည် ၎င်းတို့၏အပြစ်ကြောင့် ခါနာန်ပြည်ကို သိမ်းနိုင်တော့မည်မဟုတ်ဟု အမိန့်ရသည့်အခါ ၎င်းတို့က တက်တိုက်ရန်ကြံကြ၏။ ဘုရားသခင်သည် တိုက်ရန် မမိန့်ခဲ့ပါ။ နှစ် (၄၀) အပြီးတွင် မျိုးဆက်ဟောင်းများ အကုန်စုတေ့ကြကာ၊ နယ်စပ်သို့ တစ် ဖန်ရောက်ကြပြန်၏။ အဖတို့၏ဗီဇ သားတို့၌ဆက်၍ပါလာ၏။ ။

"**သင်သည်ငါတို့ကို ဤတော၌သေစေခြင်းငှာ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။** မုန့်မရှိ၊ ရေလည်းမရှိ၊ ဤပေါ့ပျက်သောစားစရာကိုလည်း

ငါတို့သည်အလွန်ရှုံရှာ၏**ဟု ဘုရားသခင်နှင့် မောရှေကိုဆန့်ကျင်ဘက်ပြု၍ ဆိုကြ ၏။**" - တောလည်ရာကျမ်း ၂၁:၅

မောရှေသည် ထိုဒုက္ခများကို ခေါင်းမခံရန် မာရ်နတ်က အစဉ်သွေးထိုး၏။ ဘုရားက မောရှေကို လွတ်လပ်စွာရွေးချယ်စေ၏။ မောရှေသည် ခရစ်တော်၏ဝိညာဉ်တော့်ပဲ့ပြင်မှုကို လက်ခံကာ ၎င်း၏လူများအတွက် ဘုရားသခင်ထံ အသနားခံပေးခဲ့၏။ သို့တိုင်လည်း ဣသရေလတို့သည် မျိုးဆက်ဟောင်းများထက် သာ၍ဆိုးကာ မောရှေလည်းကျရှုံးခဲ့၏။

"အာရုန်ပါလျက်၊ ပရိသတ်တို့ကိုကျောက်ရှေ့မှာ စုဝေးစေပြီးလျှင်၊ အချင်းသူပုံတို့၊ နားထောင်ကြလော့။ ငါတို့သည်သင်တို့အဘို့ ဤကျောက်ထဲက ရေကိုထွက် စေရမည်လောဟုဆိုလျက်၊ (၁၁) မိမိလက်ကိုဆန့်၍ ကျောက်ကိုလှံတံနှင့် နှစ်ကြိမ်ရိုက်သဖြင့်၊ ရေသည် များစွာထွက်၍၊ လူပရိသတ်တို့နှင့် တိရစ္ဆာန်တို့သည် သောက်ရကြ၏။" - တောလည်ရာကျမ်း ၂၀:၁၀၊ ၁၁

မောရှေသည် စုံစမ်းခြင်းထဲကျခဲ့သည့်အခါ မာရ်နတ်သည် ဣသရေလတို့ကို သာ၍ ခြယ်လှယ်နိုင်တော့၏။ မောရှေသည် ၎င်းတို့နှင့် မာရ်နတ်အကြား အခါပေါင်းများစွာ ကာကွယ် ပေး၊ ဆုတောင်းပေးခဲ့၏။ အနိုအဖြစ်တွင် မာရ်နတ်ကို အရေးသာစေ၏။ အနိုကျရှုံးမှု၌ အာရုန့်ဇီဝိန်ကို ချွေနိုင်ခဲ့ခြင်းကြောင့် မာရ်နတ်သည် ဝမ်းသာပီတိ ဂွမ်းဆီထိခဲ့၏။

"သင်တို့သည်မေရိဘစမ်းရေနားမှာ ငါ့စကားကိုဆန့်ကျင်သောကြောင့်၊ ဣသရေလအမျိုးသားတို့အား ငါပေးသောပြည်သို့ အာရုန်သည်မဝင်ရ။ မိမိလူမျိုးစည်းဝေးရာသို့သွားရမည်။" - တောလည်ရာကျမ်း ၂၀:၂၄

ဣသရေလတို့ကို ပို၍ခြယ်လှယ်နိုင်သည့်အခါ ဘုရားသခင်သည် ၎င်းတို့ကို သတ်ရပျော်သည်ဟု မာရ်နတ်ကဆွဲခဲ့၏။ ၎င်းတို့၏အပြစ်ကြောင့် အခြားလူမျိုးတစ်မျိုး၏

တိုက်ခိုက် ခြင်းကိုခံရ၏။ ယခုတွင် ၎င်းတို့သည်စိတ်ဓာတ်ကျချိန်၌ ပဋိညာဉ်ပြုကြ၏။ ။

> “ဣသရေလအမျိုးသည် အသရိမ်လမ်းဖြင့်လာကြသည်သိတင်းကို တောင်မျက်နှာ ၌နေသော ခါနာန်အမျိုးအာရဒ်မင်းကြီးကြားလျှင်၊ ဣသရေလအမျိုးကို စစ်တိုက် ၍ လူအချို့တို့ကိုဖမ်းဆီးသိမ်းသွားလေ၏။ (၂) **ဣသရေလအမျိုးကလည်း၊ ကိုယ် တော်သည်ဤလူမျိုးကို အကျွန်ုပ်တို့လက်သို့ အပ်တော်မူလျှင်၊ သူတို့မြို့များကို ရှင်းရှင်းဖျက်ဆီးပါမည်ဟု ထာဝရဘုရားအား သစ္စာဂတိပြုလေ၏။ (၃) ထာဝရဘုရားသည်လည်း၊ ဣသရေလအမျိုး၏စကားကိုနားထောင်၍၊** ထို ခါနာန်အမျိုးသားတို့ကို အပ်တော်မူ၏။ သူတို့နှင့် သူတို့မြို့များကို ဣသရေလ လူတို့သည်ရှင်းရှင်းဖျက်ဆီး၍၊ ထိုအရပ်ကို ဟော်မာအမည်ဖြင့်သမုတ်ကြ၏။” - တောလည်ရာကျမ်း ၂၁:၁-၃

ဘုရားသခင်က ဣသရေလများအား ရန်သူများကို မသတ်ခိုင်းခဲ့ပါ။ ၎င်းတို့၏ အမှတ်မှား ခြင်းကသာ ဘုရားသခင်သည် ဤသို့ ဆန္ဒရှိမည်ဟု ၎င်းတို့ကို မှတ်စေ၏။ ဘုရားသည် သဘောတွေ့ပြီး၊ ပံ့ပိုးမည်ဟု မှတ်ကြ၏။ ဘုရားသည် ၎င်းတို့၏တောင်းလျှောက်မှုကို ကြား၏ဟုဆို၏။ ဘုရားသည် အဘယ့်ကြောင့် ကြားရမည်နည်း။ ထိုအဖြစ်က ဘုရား သခင်သည် ၎င်းတို့ကို ရန်သူများကို သတ်စေလိုသည်ဟု မှတ်စေမည်မဟုတ်လော။ အဖြေ သည် ရှေဒဂ်ါးဥပမာ၌ တွေ့ရ၏။ ။

> “အခြားသောသူသည် လာ၍၊ သခင်၊ အကျွန်ုပ်သည် ပဝါ၌ထုပ်ထားသော ကိုယ် တော်၏ ငွေတစ်ပိဿာရှိပါ၏။ ကိုယ်တော်သည် ခဲယဉ်းသောသူဖြစ်သည်နှင့်၊ (၂၁)ကိုယ်မသိုမထားသော ဥစ္စာကိုသိမ်းယူ၍၊ ကိုယ်မစိုက်မပျိုးသော လယ်၌ ရိတ်တတ်သည်ကို အကျွန်ုပ်ထောက်၍ ကိုယ်တော်ကို ကြောက်ပါသည်ဟု လျှောက်လျှင်၊ (၂၂) သခင်က၊ **ဆိုးညစ်သောငယ်သား၊ သင်၏ စကားကိုသာ**

**လိုက်၍ သင်၏အမှုကို ငါစီရင်မည်။** ငါသည် ခဲယဉ်းသောသူဖြစ်လျက် ကိုယ်မသိုမထားသောဥစ္စာကို သိမ်းယူ၍၊ ကိုယ်မစိုက်မပျိုးသောလယ်၌ ရိတ်သည်ကို သင်သိသည်မှန်လျှင်၊ (၂၃) ငါ့ငွေကို ပွဲစားလက်သို့ အဘယ်ကြောင့်မအပ်သနည်း။ ထိုသို့အပ်လျှင် ငါပြန်လာသောအခါ ငွေရင်းနှင့် အတိုးကိုရနိုင်သည်ဟု မိန့်တော်မူ၏။" - ရှင်လုကာခရစ်ဝင် ၁၉:၂၀-၂၃

ကျွန်ပျင်းက သခင်သည် ခဲယဉ်းသူဟုမှတ်၏။ ၎င်းမှတ်သည့်အတိုင်း စီရင်ခံရသည်ဟု ကျမ်းစာ၌လာ၏။

"ထို့ကြောင့် လွတ်လပ်ခြင်းနှင့်ဆိုင်သောတရားတော်အားဖြင့် စီရင်ခြင်းခံရမည့်သူများကဲ့သို့ ပြောဆိုကျင့်ကြံကြလော့။ (၁၃) အဘယ်ကြောင့်ဆိုသော် ကရုဏာမရှိသောသူသည် ကရုဏာကင်းသောတရားစီရင်ခြင်းကိုခံရလိမ့်မည်။ ကရုဏာသည် တရားစီရင်ခြင်းအပေါ်အောင်ပွဲခံတတ်၏။" - ရှင်ယာကုပ်သြဝါဒစာ ၂:၁၂၊ ၁၃

ဘုရားသည် ၎င်းအပေါ် အမှတ်မှားသည့်ပုထုဇဉ်ကို ၎င်း၏အမှတ်သညာအတိုင်း သွားစေ ၏။ ဘုရားက အဘယ်သို့ပြုသနည်း။

"အယူမလွဲကြနှင့်။ ဘုရားသခင်သည် မထီလေးစားပြုခြင်းကိုခံတော်မမူ။ အကြောင်းမူကား လူသည် တစ်စုံတစ်ခုကိုစိုက်ပျိုးလျှင် ၎င်းကို ပြန်လည်ရိတ်သိမ်းရလိမ့်မည်။" - ဂလာတိသြဝါဒစာ ၆:၇

"အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီးသက်သက် ဖြေလွှတ်တော်မမူထသော၊ သားစဉ်မြေးဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်တော်မူသော ဘုရားသခင်ဟု ကြွေးကြော်တော်မူ၏။" - ထွက်မြောက်ရာကျမ်း ၃၄:၇

ကာလေဗလများက ခါနာန်ဘုရင်ကိုသတ်ရန် ဘုရားသခင်ထံသစ္စာဆိုကြချိန်တွင် ၎င်းတို့သည် မာရ်နတ်၏ခြယ်လှယ်မှုအောက်၌ ရှိကြချိန်ဖြစ်၏။ ၎င်းတို့သည် အခွင့်ကြုံတိုင်း ဘုရားသခင်ကို အပြစ်တင်ဆန့်ကျင်ကြ၏။ ဘုရားသခင်က ၎င်း၏ပညတ်တော်ကို စောင့် ကြရန် သတိပေးတန်ပေး၊ အားပေးတန်ပေး၏။

"အို ကာလေဗလအမျိုးသားတို့၊ သင်တို့သည်အသက်ရှင်၍၊ သင်တို့ဘိုးဘေး ကိုးကွယ်သော ဘုရားသခင်ထာဝရဘုရားပေးတော်မူသောပြည်ကို ဝင်စားမည် အကြောင်း၊ သင်တို့ကျင့်စရာဘို့ ငါသွန်သင်သောစီရင်ထုံးဖွဲ့ချက်တို့ကို နားထောင် ကြလော့။" - တရားဟောရာကျမ်း ၄:၁

"သင်သည် အသက်ရှင်၍များပြားမည်အကြောင်း၊ ထာဝရဘုရားသည် သင်၏ ဘိုးဘေးတို့အား ကျိန်ဆိုတော်မူသောပြည်သို့သွား၍ ဝင်စားမည်အကြောင်း၊ ယနေ့ ငါမှာထားသောပညတ်အလုံးစုံတို့ကို ကျင့်ဆောင်အံ့သောငှာ သတိပြု ရမည်။" - တရားဟောရာကျမ်း ၈:၁

သို့စဉ်လျက်နှင့် ကာလေဗလတို့သည် ဘုရားသခင့်အလိုကိုလိုက်ရန် ငြင်းခဲ့ကြကာ မာရ်နတ်ကလည်း ၎င်းတို့ညှာတာမှုမဲ့ ပြစ်ဒဏ်ကျခံရန် ကြိုးကိုင်နိုင်ခဲ့၏။ ဘုရားသခင်သည်လည်း ၎င်း၏အလိုမဟုတ်ပြား ၎င်းတို့ဆန္ဒကို ဖြည့်ဆည်းခဲ့၏။ တိုင်းတစ်ပါးများသည် အကာအကွယ်မဲ့ကြသောကြောင့် ဘုရားသခင်က ၎င်းတို့၏အကြောက်အတိုင်း ပေးခဲ့၏။ မာရ်နတ်က ခါနနိလူတို့ကို သတ်ဖြတ်ရန် ကာလေဗလများကို ကြိုးကိုင်ခဲ့၏။ ၎င်းတို့၏ ဒိဋ္ဌ ကိုအခြေခံကာ ဤသို့လုပ်ဆောင်ခြင်းဖြင့် မာရ်နတ်သည် လူသန်းများစွာကို သေစေခဲ့၏။

ကာလေဗလတို့က ၎င်းတို့၏ရန်သူများကို လက်နက်မဆွဲဘဲရင်ဆိုင်မည့် ဘုရားသခင့်အကြံ ကို အောက်ပါကျမ်းပိုဒ်၌ ငါတို့ရေးရေးမြင်ရ၏။ ။

"တစ်ဖန် သင်တို့သည် ယော်ဒန်မြစ်ကိုကူး၍ ယေရိခေါမြို့သို့ ရောက်ကြသော အခါ၊ ယေရိခေါလူ၊ အာမောရိလူ၊ ဖေရဇိလူ၊ ခါနနိလူ၊ ဟိတ္တိလူ၊ ဂိရဂါရှိလူ၊ ဟိဝိလူ၊ ယေဗုသိလူတို့သည် သင်တို့ကိုစစ်တိုက်၍ သူတို့ကို သင်တို့လက်၌ ငါအပ်လေ၏။ (၁၂) **သင်တို့၌ ဓားနှင့်လေးမပါဘဲ၊** သင်တို့ရှေ့မှာ ပျားတုကို ငါစေလွှတ်၍၊ အာမောရိမင်းကြီးနှစ်ပါးကို သင်တို့ရှေ့မှ ငါနှင်ထုတ်လေ၏။" - ယောရှုမှတ်စာ ၂၄:၁၁၊ ၁၂

"ထိုသူက၊ အိုယောရှဖတ်မင်းကြီးနှင့် ယုဒပြည်သူ၊ ယေရုရှလင်မြို့သားအပေါင်း တို့၊ နားထောင်ကြလော့။ **ထာဝရဘုရား**မိန့်တော်မူသည်ကား၊ ထိုအလုံးအရင်း ကြီးကြောင့် မကြောက်ကြနှင့်။ စိတ်မပျက်ကြနှင့်။ စစ်မှုသည် သင်တို့တာမဟုတ်၊ ဘုရားသခင့်တာဖြစ်၏။ (၁၆) နက်ဖြန်နေ့သူတို့ရှိရာသို့ချီသွားကြလော့။ သူတို့ သည် ဇိဇမြို့သို့ တက်ရာလမ်းဖြင့်လာကြစဉ်၊ ယေရွေလတောစနား၊ ချိုင့်ဝမှာ သင်တို့တွေ့ကြလိမ့်မည်။ (၁၇) သို့ရာတွင်၊ အိုယုဒပြည်သူ ယေရုရှလင်မြို့သားတို့၊ သင်တို့သည်စစ်တိုက်စရာအကြောင်း မရှိသည်သည်ဖြစ်၍၊ တည်ကြည်စွာ မတ် တတ်နေလျက်၊ **ထာဝရဘုရား**ကယ်တင်တော်မူခြင်း ကျေးဇူးကို ကြည့်ရှုကြ လော့။ မကြောက်ကြနှင့်။ စိတ်မပျက်ကြနှင့်။ နက်ဖြန်နေ့ချီသွားကြလော့။ **ထာဝရဘုရား**သည် သင်တို့နှင့်အတူ ရှိတော်မူလိမ့်မည်ဟု မြွက်ဆို၏။ (၁၈) ယောရှဖတ်သည် မြေပေါ်မှာဦးချ၍ ယုဒပြည်သူယေရုရှလင်မြို့သားအပေါင်းတို့ သည် **ထာဝရဘုရား**ရှေ့တော်၌ ပြပ်ဝပ်လျက်၊ **ထာဝရဘုရား**ကို ကိုးကွယ်ကြ ၏။ (၁၉) လေဝိအမျိုး၊ ကောဟတ်အနွယ်သားနှင့် ကောရအနွယ်သားတို့သည်၊ ဣသရေလမျိုး၏ ဘုရားသခင်**ထာဝရဘုရား**ကို၊ ကျယ်သောအသံနှင့် ချီးမွမ်း ခြင်းငှာ ရပ်နေကြ၏။ (၂၀) နက်ဖြန်နံနက်စောစောထ၍၊ တေကောတောသို့ ထွက်သွားကြ၏။ သွားကြစဉ်တွင်၊ ယောရှဖတ်သည် ရပ်၍၊ အိုယုဒပြည်သူ

ယေရုရှလင်မြို့သားတို့၊ နားထောင်ကြလော့။ သင်တို့၏ဘုရားသခင်ကို ယုံကြည်ကြလော့။ သို့ပြုလျှင် တည်ကြည်ကြလိမ့်မည်။ ပရောဖက်တော်တို့ကို ယုံကြည်ကြလော့။ သို့ပြုလျှင် အောင်မြင်ကြလိမ့်မည်ဟု မိန့်တော်မူ၏။ (၂၁) **လူများနှင့်တိုင်ပင်ပြီးမှ၊** ထာဝရဘုရား**၏ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့်၊ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းကြလော့ဟု တပ်ရှေ့မှာ ချီသွားလျက်၊ သန့်ရှင်းခြင်းအသရေကိုချီးမွမ်းရသော သီချင်းသည်တို့ကို ထာဝရဘုရားအဘို့ ခန့်ထားတော်မူ၏။** (၂၂) ထိုသူတို့သည် ချီးမွမ်းရာသီချင်းကို ဆိုစပြုကြသောအခါ၊ ယုဒပြည်ကိုတိုက်အံ့သောငှါ လာသော၊ စိရတောင်သားတို့ကို အမ္မုန်အမျိုးသား၊ မောဘအမျိုးသားတို့တစ်ဖက်၌ ထာဝရဘုရားချောင်းမြောင်းစေတော်မူသဖြင့်၊ အမ္မုန်အမျိုးသား၊ မောဘအမျိုးသားတို့သည် အထိအခိုက်ခံရသောကြောင့်၊ (၂၃) တစ်ဖန်စိရတောင်သားတို့ကို သုတ်သင်ပယ်ရှင်းခြင်းငှာ လှန်၍တိုက်သဖြင့်၊ အကုန်အစင်သတ်ပြီးမှ၊ တစ်ယောက်ကိုတစ်ယောက်တိုက်ခိုက်၍၊ ပျက်စီးခြင်းသို့ ရောက်ကြ၏။" - ရာဇဝင်ချုပ်ဒုတိယစောင် ၂၀:၁၅-၂၃

ဣသရေလတို့သည် ခါနာန်ပြည်ကို စစ်ရေးဖြင့် သိမ်းနိုင်ခဲ့ပါ၏။ သို့သော် ဘုရားသခင်၏ မူလအကြံတော်မဟုတ်။ ဘုရားသခင်သည် ၎င်းတို့ကို သတ်လိုသည်ဟု အစဉ်ကြောက်ကာ၊ မေတ္တာတော်ကို သံသယရှိကြသောကြောင့် မာရ်နတ်သည် ဣသရေလတို့ကို ခါနာန်သားများ၊ အခြားသူများကိုသတ်ရန် ဘုရားရှေ့၌ သစ္စာပြုစေနိုင်ခဲ့၏။ ဣသရေလတို့ စစ်နိုင် ခဲ့ပါ၏။ သို့သော် မာရ်နတ်သည် ဘုရား၏သိက္ခာတော်ကို နိုင်ခဲ့၏။ ဣသရေလတို့သည် ၎င်းတို့၏ စစ်နိုင်ခြင်းဒဏ်ကို ရှုံးနိမ့်ခဲ့၏။ ၎င်းတို့၏ဒိဋ္ဌက ၎င်းတို့ကို ပြန်ချုပ်၏။

ဤနောက်ဆုံးသောကာလ၌ ငါတို့သည် ဘုရားသခင်၏သိက္ခာတော်ကို အမှန်အတိုင်း မြင်ခွင့်ပေးထား၏။ ယေရှုခရစ်၏မျက်နှာတော်မှ ခမည်းတော်ဘုရား၏ ဆန္ဒအမှန်ကို

ငါတို့ရှာတွေ့နိုင်၏။ ယေရှုက ပုထုဇဉ်မည်မျှကို စားနှင့်သတ်၊ မီးဖြင့်မြိုက်၊ လှံနှင့်စွတ်ခဲ့သနည်း။ တစ်ဦးမျှမရှိပါ။ ဘုရားသည် ပုထုဇဉ်တို့ကို သတ်ရန်ကြွခဲ့သည်ဟု မှတ်ကြသူများက ယေရှု၏မိန့်ချက်ကို သတိချပ်ပါလော။ ။

"ယေရှုသည် လှည့်ကြည့်၍၊ သင်တို့သည် ကိုယ်စိတ်သဘောကို ကိုယ်မသိကြ၊ လူသားသည်လူတို့၏ အသက်ကို သတ်အံ့သောငှာ ကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှာ ကြွလာသည်ဟု ဆုံးမတော်မူပြီးမှ၊ (၅၆) အခြားသောရွာသို့ ကြွတော်မူ၏။" - ရှင်လုကာခရစ်ဝင် ၉:၅၅၊ ၅၆

ယေရှုသုံးသည့်ဓားသည် ၎င်း၏နှုတ်မှထွက်သည့် ဓားဖြစ်၏။ ၎င်း၏ဓားသည် ၎င်း၏ဝစနံ များဖြစ်၏။

"သူ၏လက်ယာလက်တွင် ကြယ်ခုနစ်လုံးရှိ၍ အသွားနှစ်ဖက်ပါသည့် ထက်သောသန်လျက်သည် သူ၏ခံတွင်းထဲမှ ထွက်နေ၏။ သူ၏မျက်နှာသည် မိမိအရှိန်အဝါဖြင့် ထွန်းလင်းနေသော နေကဲ့သို့ဖြစ်၏။" - ဗျာဒိတ်ကျမ်း ၁:၁၆

"ဘုရားသခင်၏နှုတ်ကပတ်တော်သည် အသက်ရှင်၍ ထက်မြက်ကာ အသွားနှစ်ဖက်ပါသည့် ဓားရှိသမျှတို့ထက် သာ၍ထက်သဖြင့် အသက်နှင့်ဝိညာဉ်တို့အထိ လည်းကောင်း၊ အဆစ်အမြစ်နှင့်ခြင်ဆီတို့အထိလည်းကောင်း ထိုးဖောက်ပိုင်းခြား တတ်၏။ စိတ်နှလုံး၏စဉ်းစားဆင်ခြင်မှုနှင့်သဘောထားတို့ကိုလည်း ထိုးထွင်းသိမြင်နိုင်၏။" - ဟေဗြဲသြဝါဒစာ ၄:၁၂

"ကိုယ်တော်ကလည်း 'ယခုမူကား ငွေအိတ်ရှိသောသူသည် ယူသွားစေ။ ထိုနည်းတူ လွယ်အိတ်ကိုလည်း ယူသွားစေ။ ဓားမရှိသောသူသည် မိမိအဝတ်ကိုရောင်း၍ ဓားကိုဝယ်စေ။'" - ရှင်လုကာခရစ်ဝင် ၂၂:၃၆

"... ဘုရားသခင်၏နှုတ်ကပတ်တည်းဟူသော ဝိညာဉ်တော်၏ဓား။" - ဧဖက် ၆:၁၇

ခရစ်တော်၏နောက်လိုက်များသည် ခရစ်တော်ကို စံထားကြပါမည်။ ခရစ်တော်သည် ရှုပစားကိုမသုံးဖူးပါ။ သို့ဆိုလျှင် အောက်ပါကျမ်းပိုဒ်ကို ငါတို့မည်သို့ရှင်းရမည်နည်း။ ။

> "ထိုအခါ သူတို့က 'သခင်၊ ဤမှာဓားနှစ်လက်ရှိပါ၏' ဟု လျှောက်ကြလျှင် ကိုယ်တော်က 'တန်ပြီ' ဟု မိန့်တော်မူ၏။" - ရှင်လုကာခရစ်ဝင် ၂၂:၃၈

ယေရှုဘုရားက အငယ် (၃၆) ၌ တပည့်တော်များထံ "ဓားမရှိသောသူသည် အဝတ်ကို ရောင်း၍ ဓားကိုဝယ်စေ" ဟု မိန့်ခဲ့သေး၏။ တပည့်တော်များသည် ဓားနှစ်လက်ကိုထုတ်သည့်အခါ ဓားဝယ်ရန် ၎င်းတို့၏ အဝတ်ကို မရောင်းခဲ့ကြသေးပါ။ ယေရှုမိန့်ခဲ့သည်မှာ တစ်ဦးချင်းအတွက်ဖြစ်၏။ အယောက်တိုင်းသည် ၎င်း၏အဝတ်ကိုရောင်း၍ ဓားဝယ်ရပါ မည်။ တပည့်တော်များ၊ ငါတို့က အဝတ်ကိုရောင်းရမည် ဆိုသည်မှာ ဘာနည်း။ ယေရှုက ၎င်း၏တပည့်များကို ရောင်းစေလိုသည်မှာ မည်သည့်အဝတ်နည်း။

> "ယောရှုသည် ညစ်ညူးသော အဝတ်ကို ဝတ်လျက်၊ ကောင်းကင်တမန်ရှေ့မှာ ရပ်နေသည်ဖြစ်၍၊ (၄) ကောင်းကင်တမန်က၊ **ညစ်ညူးသောအဝတ်ကို ချွတ်ပယ်ကြလော့**ဟု မိမိရှေ့မှာ ရပ်နေသော အခြားသူတို့အား ဆို၏။ ယောရှုအားလည်း၊ သင့်အပြစ်ကို ငါဖြေရှင်းပြီ။ တင့်တယ်သော အဝတ်ကို ဝတ်စေမည်ဟု ဆို၏။" - ဇာခရိ ၃:၃၊ ၄

ယေရှုက ၎င်း၏နိုင်ငံတော်သည် ဤကမ္ဘာနှင့်မဆိုင်ဟု ပိလတ်မင်းထံမိန့်ခဲ့၏။

> "ယေရှုက 'ငါ့နိုင်ငံသည် ဤလောကနှင့်မစပ်ဆိုင်။ **ငါ့နိုင်ငံသည် ဤလောကနှင့် စပ်ဆိုင်ခဲ့လျှင်** ငါသည် ဂျူးလူမျိုးတို့လက်သို့ အပ်နှံခြင်းမခံရရန် **ငါ့လူတို့သည် တိုက်ခိုက်ခဲ့ကြပေလိမ့်မည်။** သို့သော် ယခုတွင် ငါ့နိုင်ငံသည် ဤနေရာမှဖြစ်တည် သည်မဟုတ်' ဟု မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၈:၃၆

ယေရှုက ၎င်း၏တပည့်တော်တို့သည် လောကီသားများအတိုင်း စစ်ခင်းမည်မဟုတ်ဟု ပိလတ်မင်းထံ မိန့်ခဲ့၏။ တပည့်တော်တို့သည် သမ္မာတရားကို သမာသမတ်ကျစွာ

ပိုင်းခြား တတ်ရန် ၎င်းတို့၏သန္တာန်ကို သန့်စင်စေရပါမည် - ၂ တိမောသေ ၂:၁၅။ တပည့်တော် တို့က ယေရှုဘုရားထံ ဓားနှစ်လက်ပြခဲ့သည့်အခါ ၎င်းက "တန်ပြီ" ဟုဆိုခဲ့၏။ ဓားနှစ် လက်သည် လောက်လျှင် "ဤမျှဆိုလျှင် တန်ပြီ" ဟု ဆိုပေမည်။ ယေရှုက ဤသို့ဆိုရာ၌ ဘာအတွက် တန်ရခြင်းနည်း။ ဓားဆောင်၍ ခရီးသွားနေရမည်လော။ ရောမများ၊ ဗိမာန် အစောင့်များကို ရင်ဆိုင်ရန် လုံလောက်ခြင်းလော။ ဤအကြောင်းသည် အဓိပ္ပာယ်မရှိလှ။ ယေရှုက "တန်ပြီ" ဟု ကေဝုစ်ကိန်းဖြင့် မိန့်ခြင်းသည် ဤစကားကြော ဤမျှနှင့်တန်ပြီဟု ဆိုခြင်းဖြစ်၏။ ဓားနှစ်လက်ကို ထုတ်ပြခြင်းသည် ဝမ်းမြောက်ဖွယ်တရားထူးကို ဟော ကြားရန် ဘုရား၏နှုတ်ကပတ်တော်ဓား အစစ်အမှန်ကိုဝယ်ရန် ၎င်းတို့ ရောင်းထုတ်ရန်လို သည့် အဝတ်ကိုဖော်ပြ၏။ ၎င်းတို့ကို အတိုက်အခံပြုသူများကို မည်သို့တုံ့ပြန်ရမည်ကို ယေရှုက အောက်ပါအတိုင်း မိန့်၏။ ။

"'မျက်စိအစား မျက်စိ၊ သွားအစား သွား' ဟု ပြောထားသည်ကို သင်တို့ကြားရ၏။ (၃၉) သို့သော် သင်တို့အား ငါဆိုမည်။ **မကောင်းသောသူကို အတိုက်အခံ မပြုကြနှင့်။ သင်၏ယာဘက်ပါးကိုရိုက်သောသူအား နောက်တစ်ဖက်ကိုလည်း လှည့်ပေးဦးလော့။** (၄၀) သင့်ကိုတရားစွဲ၍ သင်၏အင်္ကျီကို ယူလိုသောသူအား ဝတ်ရုံကိုလည်း ယူခွင့်ပေးလော့။ (၄၁) သင့်ကို ခရီးတစ်မိုင်အတင်းအကျပ် သွားစေသောသူရှိလျှင် ထိုသူနှင့်အတူ နှစ်မိုင်သွားလော့။ (၄၂) သင့်ထံတောင်း သောသူအား ပေးကမ်းလော့။ သင့်ထံမှ ချေးငှားလိုသောသူကိုလည်း မငြင်း ပယ်နှင့်။ (၄၃) 'သင့်ဝန်းကျင်၌ရှိသောသူကိုချစ်၍ သင်၏ရန်သူကို မုန်းရမည်'ဟု ဆိုထားသည်ကို သင်တို့ကြားရ၏။ (၄၄) **သို့သော် သင်တို့အား ငါဆိုမည်။ သင်တို့၏ရန်သူများကိုချစ်၍ သင်တို့ကိုညှဉ်းဆဲသောသူတို့အတွက် ဆုတောင်း ပေးကြလော့။** (၄၅) သို့မှသာ သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဖ၏သားများဖြစ်ကြလိမ့်မည်။ အကြောင်းမူကား ကိုယ်တော်သည် မကောင်းသောသူများနှင့်ကောင်းသောသူများအပေါ်

မိမိ၏နေကိုထွက်စေတော်မူ ၍
ဖြောင့်မတ်သောသူများနှင့်မဖြောင့်မတ်သောသူများအပေါ် မိုးရွာစေတော်မူ ၏။"
- ရှင်မဿဲခရစ်ဝင် ၅:၃၈-၄၅

ဣသရေလတို့ ခါနာန်ပြည် ဓားဖြင့်အောင်နိုင်ခြင်းမှ မာရ်နတ်သည် သင့်ကိုလည်း နိုင်ပြီလော (သို့) မေတ္တာရှင်အဖဘုရားက လူသားများကို ၎င်းတို့သဘောရှိ သွားကြရန် ခွင့်ပြုသည်ဟု သင်မြင်မည်လော။ သင် မည်သူ့နောက်လိုက်မည်ကို ယနေ့ပင်ရွေးလော့။ ငါနှင့်ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာဝတ်ပြုမည်။ သို့ပြား လူသားတို့၏ သဏ္ဍာန်အစစ်ပေါ်သည်အထိ စပါးပင်နှင့်ပေါင်းပင်တို့ ပေါက်ခွင့်ပေးရ၏။

ဓား (သို့) သေနတ်သည် ငါတို့ကို အဘယ်သို့ဖြင့် ကာကွယ်ပေးနိုင်မည်နည်း။ ဓားကို ဓားအိမ်၌ သွင်းရမည့်အချိန်ဖြစ်ပြီမဟုတ်လော။ ဓားကိုသံချေးကိုက်စေကာ ခမည်းတော်က ကောင်းကင်တမန်ကို တပ်ချပေးမည်ကို ယုံကြအံ့။ ဣသရေလတို့သည် ဓားဆွဲကာ ခါနာန်ပြည်ကို သိမ်းခဲ့ခြင်းမှာ အများစုက ဘုရားသခင်သည် ခါနနိလူများကို အကြောက်တရားဖြင့် မောင်းထုတ်ပေးမည်ကို မယုံနိုင်ကြခြင်းကြောင့်ဖြစ်၏။ ဘုရားက ၎င်းတို့ကို တောထဲ၌ သတ်လိုသည်ဟု မြင်ကြခြင်း၊ ဂျီကျခြင်းများက ဘာသာခြားများအတွက် အလင်းဖြစ်မည့်အစား ဣသရေလအိမ်နီးချင်းနိုင်ငံများ၏အပြစ်များသည် ဣသရေလတို့၏အပြစ်ကြောင့် သုတ်သင်ခံခဲ့ကြရ၏။ ပညတ်တော်က အောက်ပါအတိုင်းဆို၏။ ။

"ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါ ထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊ ငါ့ကို မုန်းသောသူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သောဘုရား" - ထွက်မြောက်ရာကျမ်း ၂၀:၅

ဣသရေလအများစုက ၎င်းတို့ကို မြို့ကြီးအတွင်း သတ်ချင်သည်ဟု မှတ်ကြသောကြောင့် ဘုရားသခင်ကို မုန်းကြ၏။ ဘိုးဘေးတို့၏အပြစ်သည် ဆက်၍ပါလာပြီး

၎င်းတို့၏ သမိုင်းသည် သွေးချောင်းစီးသည့် သမိုင်းတည်း။ ဣသရေလတို့၏ စားဖြင့်အောင်မြင်မှုက သင့်ကို ယေရှုရှင်ထံမှတွေ့ရသည့် ဘုရားသခင်၏သိက္ခာတော်ကို အမြင်မှားခွင့်မပြုပါနှင့်။ ဘုရားသည် မည်သို့ဖြစ်ကြောင်း ပတ်ဝန်းကျင်က သင့်အစားဆုံးဖြတ်ရန် အခွင့်မပေးပါ နှင့်။ ငါတို့သည် "လူအသက်ကို မသတ်နှင့်" အပါ ဘုရားသခင်၏ပညတ်တော်အားလုံးကို စောင့်ကြအံ့။

## ၁၃။ ဆူးသရဖူ

ခရစ်တော်ဘုရား တရားရင်ဆိုင်၊ အသေခံခြင်းများသည် လူ့နတ္တိဘဝကို ရင်ဆိုင်ခြင်းဖြစ်၏။ ခရစ်တော်ဘုရားကို ရိုက်၊ သတ်ခဲ့သူများသည် လူသားများ အပြစ်စ,သင့်ချိန်မှ ခရစ်တော်ဘုရားကို ရွံမုန်းငြင်းပယ်သည့် ဗီဇများကို အရှိအတိုင်းပြခြင်းဖြစ်၏။ ယေရှုကို တုပ်ခဲ့ သည့်ကြိုးများ၊ ရိုက်ခဲ့သည့်တုတ်များ၊ သစ်သား၊ သံများတို့သည် ၎င်းကိုယ်တိုင် ဖန်ဆင်းခဲ့ သည်များဖြစ်၏။ ။

> "ခပ်သိမ်းသောအရာတို့သည် နှုတ်ကပတ်တော်အားဖြင့် ဖြစ်လာ၏။ ဖြစ်လာသော အရာတို့တွင် တစ်စုံတစ်ခုမျှ နှုတ်ကပတ်တော်နှင့်ကင်းလွတ်၍ ဖြစ်လာခြင်းမရှိ။" - ရှင်ယောဟန်ခရစ်ဝင် ၁:၃

၎င်း၏ဦးခေါင်းပေါ်တင်ခဲ့သည့် ဆူးသရဖူသည် အရေးပါသည့်ကဏ္ဍတွင်ရှိပြီး အဓိပ္ပာယ်လေးနက်၏။ အာဒံအပြစ်လုပ်ချိန်မှသာ ဆူးပင်သည် အပြစ်၏အကျိုးပြအဖြစ်ပေါက်ခဲ့၏။

> "ယောက်ျားကိုလည်း၊ ထိုအပင်၏အသီးကို မစားရဟု ငါပညတ်သော်လည်း၊ သင်သည်မယား၏စကားကိုနားထောင်၍ စားမိသောကြောင့်၊ **မြေသည် သင်၏အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။** မြေ၏အသီးကို တစ်သက်ပတ်လုံး ပင်ပန်းစွာ စားရမည်။ (၁၈) **ဆူးပင်အမျိုးမျိုး**တို့ကိုလည်း သင်အဖို့ မြေပေါက်စေမည်။ လယ်၌ ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။" - ကမ္ဘာဦးကျမ်း ၃:၁၇၊ ၁၈

မဟာပထဝီမြေကြီးသည် အဘယ်ကြောင့် ကျိန်စာသင့်ခဲ့ရသနည်း။ မြေကြီးနှင့်ပုထုဇဉ်မည်သို့ဆက်စပ်မှုရှိသနည်း။

"ထိုနောက်၊ ထာဝရအရှင်ဘုရားသခင်သည် **မြေမှုန့်ဖြင့် လူကိုဖန်ဆင်း**၍၊ သူ၏ နှာခေါင်းထဲသို့ ဇီဝအသက်ကိုမှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သောသတ္တဝါ ဖြစ်လေ၏။" - ကမ္ဘာဦးကျမ်း ၂:၇

"တစ်ဖန်ဘုရားသခင်က ငါတို့ပုံသဏ္ဍာန်နှင်တစ်ညီ တစ်သဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကိုင်၊ မိုဃ်းကောင်းကင်ငှက်တို့ကိုင်၊ သားယဉ်တို့ကိုင်၊ **မြေတစ်ပြင်လုံး**နှင့်တကွ၊ မြေပေါ်မှာ တွားတတ်သောတိရစ္ဆာန်အပေါင်းတို့ကိုင်၊ **အုပ်စိုးစေ**ဟု အမိန့်တော်ရှိ၏။" - ကမ္ဘာဦးကျမ်း ၁:၂၆

ဘုရားသခင်က မြေမှုန့်ကို ပဒေသာပြုပြီး ပုထုဇဉ်ကို ဖန်ဆင်းခဲ့ပြီး ကမ္ဘာကိုအစိုးရခွင့်ပေးခဲ့၏။ အနီးအချက်က ပုထုဇဉ်နှင့် မဟာမြေကြီး အလွန်နီးစပ်ကြောင်းပြ၏။ ပုထုဇဉ်က ပြုသည့်အကျိုး မြေကြီးအပေါ်တိုက်ရိုက် သက်ရောက်၏။ အာဒံအပေါ်ကျိန်စာတိုက် သည့်အခါ မြေကြီးမှဆူးပင်များ ပေါက်လာ၏။ လူ့စရိုက်မည်မျှဆိုးကြောင်းကို သဘာဝမှ သိမြင်နိုင်ရန် မြေကြီးသည် တစ်စင်ပါအကျိန်ခံရ၏။ ထို့ကြောင့် ထိုအဖြစ်သည် အကျိုး တရားပြသည့်အရာ ဖြစ်လာ၏။

"စစ်ပွဲများအကြောင်းနှင့် စစ်မက်သတင်းတို့ကိုလည်း သင်တို့ကြားကြလိမ့်မည်။ သတိပြုလျက် စိုးရိမ်ထိတ်လန့်ခြင်းမရှိကြနှင့်။ အကြောင်းမူကား ထိုအရာများသည်ဖြစ်ပျက်ရမည်။ သို့သော် အဆုံးသည်မရောက်သေး။ (၇) လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံတို့သည် ရန်ဘက်ပြုကြ၍ အရပ်ရပ်တို့၌ ငတ်မွတ်ခေါင်းပါးခြင်းနှင့် ငလျင်လှုပ်ခြင်းများဖြစ်ကြလိမ့်မည်။" - ရှင်မဿဲ ခရစ်ဝင် ၂၄:၆၊ ၇

လူသားများအကြား ပဋိပက္ခများနှင့် သဘာဝတရား၌ဖြစ်သည့် ဘေးများသည် ဆက်နွှယ်မှုရှိ၏။ လူသားများဆိုးလေလေ သဘာဝကြီးလည်း ပျက်လေလေဖြစ်၏။ သဘာဝသည် လူသားတို့၏ ပျက်စီးမှုကိုပြသည့်ပြဒါး ဖြစ်၏။ လူသားများကို အေးချမ်းမှုကိုပေးမည့်

ဝါယောလေသည် မုန်တိုင်းအသွင် ပြောင်းသည့်အခါ၊ အသက်ဆက်ပေးမည့် အာပေါရေသည် ကမ်းကိုတိုက်စားကာ အသက်ကိုခြိမ်းခြောက်သည့်အခါ လူသားများ၏သန္တာန်သည် ထိုသို့ပင် ဆိုးသွမ်းကြောင်း မြင်ရ၏။

ပုထုဇဉ်နှင့် သဘာဝကြားဆက်စပ်မှုကား ပုထုဇဉ်များဆိုးလာလျှင် လေ၊ မီး၊ ရေများလည်း ဆိုးလာမည်ဖြစ်၏။ ပုထုဇဉ်များ ဘုရား၏ပညတ်တော်များကို ချိုးဖောက်လေလေ ကမ္ဘာ မြေကြီးလည်း သဘာဝတရားကိုချိုးဖောက်မည်ဖြစ်ပြီး ၎င်းတို့၏ပုန်ကန်မှုကို အလင်းပြ မည်ဖြစ်၏။ ပုထုဇဉ်များက ၎င်းတို့ကိုစီမံသည့် ခရစ်တော်ဘုရားကို ကန္တကောစတိုက်ကာ သတ်ကြသည့်အတိုင်း သဘာဝတရားကလည်း ပုထုဇဉ်ကို ပြန်၍ဒဏ်ခတ်ပါမည်။ ပုထုဇဉ်များက အဟိတ်တိရစ္ဆာန်များဖြင့် ပွဲတည်သကဲ့သို့ တိရစ္ဆာန်များကလည်း ပြန်၍ ချေပပါမည်။ ပုထုဇဉ်တို့လည်း ကိုယ်ပြုသည့်အတိုင်းခံရ၏။ တစ်ဖက်မှဖြည့်တွေးရလျှင် ဘုရားနှင့်ပနံသင့်သူအပေါ် သဘာဝကြီးကလည်း အဆိုးပြုမည်မဟုတ်။

> "အပြစ်နှင့်အလျောက် ဘုရားသခင် စစ်ဆေးတော်မူခြင်းကို ခံရသောသူသည် မင်္ဂလာရှိ၏။ ထိုကြောင့် အနန္တတန်ခိုးရှင် ဆုံးမတော်မူခြင်းကို မထီမဲ့မြင်မပြုပါနှင့်။ (၁၈) ထိုအရှင်သည် အနာကိုဖြစ်စေ၍၊ ထိုအနာကိုလည်း စည်းစေတော်မူ၏။ ဒဏ်ခတ်တော်မူ၍ လက်တော်နှင့် သက်သာစေတော်မူ၏။ (၁၉) သင့်ကိုအမှု ခြောက်ပါးထဲက နုတ်ယူတော်မူသည်သာမက၊ ခုနစ်ပါးသောအမှု၌လည်း ဘေး တစ်စုံတစ်ခုမျှ မထိမခိုက်ရ။ (၂၀) အစာခေါင်းပါးသောအခါ သေဘေးမှ၎င်း၊ စစ်တိုက်သောအခါ ဓားဘေးမှ၎င်း၊ သင့်ကို ရွေးနုတ်တော်မူလိမ့်မည်။ (၂၁) သင်သည်ကဲ့ရဲ့ခြင်းဘေးနှင့် ကင်းလွတ်၍ ပျက်စီးခြင်းဘေးရောက်သော်လည်း မကြောက်ရ။ (၂၂) ပျက်စီးခြင်းဘေးနှင့် အစာခေါင်းပါးခြင်းဘေးကို ရယ်မော၍ တောသားရဲတို့ကိုလည်း မကြောက်ရ။ (၂၃) အကြောင်းမူကား၊ လယ်၌ကျောက်ခဲ တို့သည် သင်နှင့်ပဋိညာဉ်ပြု၍ တောသားရဲတို့သည် သင်နှင့် မိဿဟာယဖွဲ့ကြ လိမ့်မည်။ (၂၄)

သင်သည်ကိုယ်အိမ်၌ ငြိမ်သက်ခြင်းရှိကြောင်းကိုတွေ့၍ ကိုယ်နေရာအရပ်သို့ပြန်ရောက်သောအခါ စိတ်ပျက်စရာအကြောင်းမရှိရ။" - ယောဘဝတ္ထု ၅:၁၇-၂၄

ခရစ်တော် လက်ဝါးကားတိုင်၌ အချိတ်ခံရသည့်အခါ နေမင်းကြီးလည်း အလင်းမပေးတော့။ မဟာပထဝီမြေကြီးလည်း လှုပ်ခါ၏။ အဇ္ဈောကောင်းကင်၌ မိုးကြိုးလျှပ်စီးလက်၏။ သဘာဝကြီးသည် ၎င်းတို့၏ဖန်ဆင်းရှင် ဘုရားသားတော်ကို သနား၏။ ခရစ်တော်သည် ပုထုဇဉ်တို့၏အပြစ်ကို ခေါင်းရွက်ကာ ဆူးသရဖူကိုဆောင်းသည့် သမယတွင် သဘာဝကြီးကလည်း ၎င်းကို သတ်သည့်ပမာဆင်၏။

"ထိုအခါ ကိုယ်တော်သည် အမျက်ထွက်တော်မူသောကြောင့် မြေကြီးသည် တုန်ရီတုန်ခါ၏။ တောင်များ၏အခြေအမြစ်တို့သည်လည်း လှုပ်ခတ်တုန်ရီကြ၏။ (၈) ကိုယ်တော်၏နှာခေါင်းတော်ထဲမှ မီးခိုးထွက်၍ နှုတ်တော်ထဲမှ လောင်ကျွမ်း သောမီးထွက်၏။ မီးခဲတို့သည် ၎င်းအားဖြင့်တောက်လောင်ကြ၏ ... (၁၃) "ထာဝရဘုရားသည် ကောင်းကင်၌ထစ်ချုန်းတော်မူ၏။ အမြင့်ဆုံးသောအရှင် သည် မိမိအသံတော်ကို မိုးသီးနှင့်တောက်လောင်သောမီးခဲများနှင့်တကွ လွှင့် တော်မူ၏။ (၁၄) မိမိမြှားတို့ကိုလည်း ပစ်လွှတ်၍ ရန်သူတို့ကိုကွဲလွင့်စေတော်မူ ၏။ လျှပ်စီးလက်စေလျက် သူတို့ကိုအရေးနိမ့်စေတော်မူ၏။ (၁၅) အို ထာဝရဘုရား၊ ကိုယ်တော်၏ဆုံးမခြင်းနှင့် နှာခေါင်းတော်မှ ပြင်းစွာရှူထုတ်သောလေကြောင့် ပင်လယ်ကြမ်းပြင်များသည်ထင်ရှား၍ ကမ္ဘာကြီး၏အောက်ခြေတို့သည် အကွယ်အကာမဲ့ဖြစ်သွားကြ၏။" - ဆာလံကျမ်း ၁၈:၇၊ ၈၊ ၁၃-၁၅

ခရစ်တော်ဘုရား အသက်ထွက်ချိန်၌ သဘာဝတရားကြီး၌ ဖြစ်ပျက်ခဲ့သည့် လှုပ်ခတ်မှုကြီးက ပုထုဇဉ်တို့၏ အကုသိုလ်ကို ရောင်ပြန်ဟပ်ပြခဲ့၏။ ယေရှုဘုရား၏ အပြစ်ကင်းမှုက သဘာဝကြီးကို ၎င်းအပေါ် စာနာစေ၏။ သို့တိုင်လည်း သဘာဝကြီးသည် ဆူးသရဖူ

ဖြင့် ငါတို့၏အပြစ်ကို ထမ်းရွက်ပေးသူကိုစူး၏။ လျှပ်စီးက အဇ္ဈောကောင်းကင်ကပင် မနှစ်မြို့ကြောင်း ပြဟန်ရှိ၏။ ဤကမ္ဘာကြီး ရေလွှမ်းမိုးရခြင်းရင်းမြစ်ကို ပုထုဇဉ်နှင့် သဘာဝကြီး ဆက်နွှယ်မှုမှ ရှာနိုင်၏။ ရေမလွှမ်းမိုးမီက နေထိုင်ခဲ့ကြသည့်သူများ အကြောင်းကို သမ္မာကျမ်းစာတော်မြတ်က အောက်ပါအတိုင်းဆိုထား၏။

> "မြေကြီးမျက်နှာပေါ်မှာလူတို့သည်များပြား၍ သမီးများကိုလည်း ရကြသောအခါ၊ (၂) **ဘုရားသခင်၏သားတို့သည် လူသမီးတို့လှကြောင်းကိုမြင်၍၊ ကိုယ်စိတ်ရှိ သည်အတိုင်း စုံဘက်ကြ၏။** (၃) ထာဝရဘုရားကလည်း ငါ့ဝိညာဉ်သည် လူတို့ တွင် အစဉ်မဆုံးမရ။ အကြောင်းမူကား လူတို့သည်အသားဖြစ်၏။ သူ၏အ သက်တန်းသည်လည်း၊ အနှစ်တရာနှစ်ဆယ်ဖြစ်စေဟု မိန့်တော်မူ၏။ (၄) ထိုကာလ၌၊ မြေကြီးပေါ်မှာ ကိုယ်ကြီးမားသောသူအချို့ရှိကြ၏။ ထိုနောက်၌ လည်း၊ ဘုရားသခင်၏သားတို့သည်၊ လူသမီးတို့နှင့် ဆက်ဆံ၍ရသောသားတို့ သည်၊ အားကြီးသောသူ၊ ရှေးကာလမှစ၍၊ ကျော်စောသောသူ ဖြစ်ကြ၏။ (၅) **မြေကြီးပေါ်မှာ လူအပြစ်ကြီး၍၊ သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ် ဆိုးညစ်ခြင်းသက်သက်ရှိကြောင်းကို၊ ဘုရားသခင်သိမြင်တော်မူလျှင်၊** (၆) မြေကြီးပေါ်မှာ လူကိုဖန်ဆင်းတော်မူသည်ကို နောက်တရ၍၊ နှလုံးတော်ပူပန်လျက် ရှိတော်မူ၏။" - ကမ္ဘာဦးကျမ်း ၆:၁-၆

သမ္မာကျမ်းစာ၌ ပုထုဇဉ်တို့၏ အကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ် ဆိုးညစ်၏ဟု လာ၏။ ပုထုဇဉ်တို့သည် ရာဂမီးတောက်၊ အာသာငမ်းငမ်းတက်၊ အကျင့်ပျက်နိုင်သမျှ ကမ်းကုန်ပျက်ကြ၏။ အဟန့်မဲ့သည့်ခြစားမှုသည် မြေကြီးအပေါ် သက်ရောက်မှုပို၍ရှိ၏။ ပုထုဇဉ်တို့၏ ပြည်တော်ချိုးဖောက်မှုသည် သဘာဝကြီးကိုထိ၏။

ဘုရားသခင်သည် မေတ္တာခြုံကာ နောဖြေင့် ကမ္ဘာကြီးကို ရေဖြင့်လွှမ်းမိုးမည့်အကြောင်း သတင်းပါးခဲ့၏။ ပုထုဇဉ်တို့၏ ပျက်စီးမှုကြောင့် ကမ္ဘာကြီးသည် ဖျက်ဆီးခံရမည်။

> "ထိုအခါ မြေကြီးသည် ဘုရားသခင့်ရှေ့မှာ **ပုပ်စပ်** [corrupt-H7843] လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏။ (၁၂) ဘုရားသခင်သည် မြေကြီးကို ကြည့်ရှုသောခါ၊ **ပုပ်စပ်** [corrupt-H7843] လျက်ရှိသည်ကို မြင်တော်မူ၏။ အကြောင်းမူကား မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက် ကြပြီ။ (၁၃) ထိုအခါ ဘုရားသခင်သည်၊ နောအား မိန့်တော်မူသည်ကား၊ သတ္တဝါအပေါင်းတို့၏အဆုံးသည် ငါ့မျက်မှောက်တွင် ပေါ်လာပြီ။ **သူတို့ကြောင့် မြေကြီးသည် အဓမ္မမှုနှင့်ပြည့်စုံလေ၏။** အကယ်စင်စစ် မြေကြီးနှင့်တကွ သူတို့ကို ငါ**ဖျက်ဆီး** [destroy-H7843] မည်။"
> - ကမ္ဘာဦးကျမ်း ၆:၁၁-၁၃

ဘုရားသခင်သည် ဤသတ္တကမ္ဘာကြီးကို ရှုသည့်အခါ ပုထုဇဉ်တို့ ကမ်းကုန်ပျက်စီး ကြောင်းကို မြင်ခဲ့၏။ ကမ္ဘာဦးကျမ်း ၆:၁၁ တွင်သုံးထားသည့် ဟေဗြဲဝေါဟာရ "ပျက်စီး" သည် ကမ္ဘာဦးကျမ်း ၆:၁၃ ၌ "ဖျက်ဆီး" ဟု သုံးထား၏။ ဤကျမ်းပိုဒ်က ငါတို့ကို သင်မည်သို့ ဖတ်သနည်းဟု စိန်ခေါ် ပြန်၏။ ဤ၌ တစ်ဦးဦးက ဘုရားသခင်သည် ပုထုဇဉ် (၈) ဦးမှလွဲ၍ အားလုံးကို ၎င်းတို့၏ဆိုးသွမ်းမှုကြောင့် သတ်လိုသည်၊ ဤနည်းဖြင့် ဒုစရိုက် ပပျောက်မည်ဟု မှတ်နိုင်၏။ ။ တစ်ဖက်မှလည်း သင်က လောကကြီးသည် သူ့သဘောသူ ဆောင်သွားမည်ကို ဘုရားသိကြောင်း သင်တွေ့နိုင်၏။ ပုထုဇဉ်များ ဘုရားပညတ်ကို ကျူးလွန်ကြသည့်အတိုင်း သဘာဝကြီးသည်လည်း ၎င်း၏စည်းကိုကျော်ကာ ပုထုဇဉ်များ ကို ပုန်ကန်မည်ဖြစ်၏။

ကျမ်းစာက ဘုရားသခင်သည် ကမ္ဘာကြီး၏ဆိုးသွမ်းမှုများကို မြင်တော်မူ၏ ဟုဆို၏။ ခရစ်ယာန်အများစုက ဘုရားသခင်သည် ထိုဆိုးသွမ်းမှုများကို အကြမ်းနည်းဖြင့် တုံ့ပြန်မည်၊ ရေလွှမ်းစေပြီးသတ်သည်ဟု မှတ်ကြ၏။ ဘုရားသခင်သည်

၎င်းတို့၏ဆိုးသွမ်းမှုကို နှိပ်ကွပ်ရန် အကြမ်းနည်းသုံးသည်ဟု မှတ်ကြခြင်းသည် ဝမ်းနည်းဖွယ်ကောင်း၏။ ခမည်း တော်၏ အတွင်းသဏ္ဍာန်လာ၍ပြသည့် သားတော်၌ ကြမ်းတမ်းသည့်သဏ္ဍာန် မည်မျှ ရှာတွေ့နိုင်သနည်း။

> "**ပြစ်မှားခြင်းကို မပြု။** သူ၏နှုတ်၌ မုသာမရှိသော်လည်း၊ လူဆိုးတို့နှင့်အတူ မြေမြှုပ်ခြင်းငှာ စီရင်ကြ၏။ သို့ရာတွင် သေပြီးမှ သူဌေး၌ရှိ၏။" - ဟေရှာယ ၅၃:၉

ကြမ်းရမ်းမှု ဘယ်ကလာသနည်း။

> "သို့ရာတွင်၊ (စာတန်) ကုန်သွယ်ခြင်း များပြားသောအားဖြင့်၊ အဓမ္မအမှုတို့နှင့် ပြည့်စုံ၍ ပြစ်မှားသောအပြစ် ရောက်လေပြီ။" - ယေဇကျေလ ၂၈:၁၆

မတရားသောသူကို ကပ်ဘေးကသတ်မည်ဟု သမ္မာကျမ်းစာတော်မြွက်၍လာ၏ - ဆာလံကျမ်း ၂၄:၂၁။ မတရားသောသူကို ဘေးပြုရန် သဘာဝတရားကြီးသည် ဘုရားအထောက်မလိုပါ။ ထိုတရားများ ပကဒူးကပင် မည်သို့စီစဉ်ထားကြောင်း သမ္မာကျမ်းစာတော်မြွက်၌ အထောက်အထားရှိ၏။

> "မည်သူသည် ကောင်းကင်သို့တက်ပြီး ပြန်ဆင်းလာသနည်း။ မည်သူသည် လေကို မိမိလက်ခုပ်ထဲ ထည့်ထားသနည်း။ **မည်သူသည် ရေကို မိမိ၏အဝတ်ဖြင့် ထုပ်ထားသနည်း။ မည်သူသည် ကမ္ဘာမြေအစွန်းရှိသမျှကို တည်ထားသနည်း။**" - သုတ္တံကျမ်း ၃၀:၄

> "မြေကြီးအမြစ်ကို ငါတည်သောအခါ၊ သင်သည် အဘယ်မှာရှိသနည်း။ နားလည်လျှင် ဖော်ပြလော့။ (၅) မြေကြီးအတိုင်းအရှည်ပမာဏကို အဘယ်သူ စီရင်သနည်း။ နားလည်လျှင် ပြောလော့။ မျဉ်းကြိုးကို အဘယ်သူတန်း၍ချသနည်း။ (၆) မြေကြီးတိုက်မြစ်ကို အဘယ်အရပ်၌ စွဲစေသနည်း။ (၇) နံနက်ကြယ်တို့သည် တညီတညွတ်တည်း သီချင်းဆို၍၊ ဘုရားသခင်သားအပေါင်းတို့သည် ဝမ်းမြောက် သဖြင့်၊ ကြွေးကြော်ကြစဉ်၊ တိုက်ထောင့်အထွဋ်ကျောက်ကို

အဘယ်သူတင်ထား သနည်း။ (၈) သမုဒ္ဒရာသည်အမိဝမ်းထဲက ဖွား၍ထွက်လာသောအခါ၊ အဘယ်သူ သည် တံခါးပိတ်နှင့် ပိတ်ထားသနည်း။ (၉) **သမုဒ္ဒရာကို မိုဃ်းတိမ်နှင့် ငါခြုံ၍ ထူထပ်သောမှောင်မိုက်နှင့် ထုပ်ရစ်သည်ကာလ၌၎င်း၊** (၁၀) **သင်သည် ဤအရပ် တိုင်အောင်လာရ၏။** (၁၁) **တိုး၍မလွန်ရ၊ ဤအရပ်၌သင်၏ ထောင်လွှားသော လှိုင်းတံပိုးဆုံးရ၏ဟု ပညတ်လျက်၊ သမုဒ္ဒရာအပိုင်းအခြားကို ငါစီရင်၍၊ တံခါး ပိတ်နှင့် ကန့်လန့်ကျင်တို့ကို ထားသည်ကာလ၌၎င်း၊ အဘယ်သူသည် ဝိုင်း၍ကူညီ သနည်း။**" - ယောဘဝတ္ထု ၃၈:၄-၁၁

"သင်သည်မိုဃ်းပွင့်ဘဏ္ဍာတိုက်ထဲသို့ ဝင်ဖူးသလော။ (၂၃) **ဘေးရောက်ရာအချိန် ကာလနှင့်စစ်ပြိုင်၍ တိုက်ရာအချိန်ကာလဘို့ ငါသိုထားသော မိုဃ်းသီးဘဏ္ဍာ များကို မြင်ဖူးသလော။** (၂၄) အလင်းသည် အဘယ်သို့သောလမ်းဖြင့် နှံ့ပြား သနည်း။ အရှေ့လေသည်မြေကြီးပေါ်မှာ အဘယ်ကြောင့်လွင့်သနည်း။ (၂၅) လူမရှိသောမြေနှင့် လူမနေသောတော၌ မိုဃ်းရွာစေခြင်းငှာ၎င်း၊ (၂၆) လွတ်လပ် သောလွင်ပြင်ကို ရေနှင့်ဝစေ၍၊ (၂၇) နုသောမြက်ပင်အညှောက်ကို ထွက်စေခြင်း ငှာ၎င်း၊ **လျှံသောမိုဃ်းရေစီးရာလမ်း၊ မိုဃ်းကြိုးနှင့်ဆိုင်သော လျှပ်စစ်ပြက်ရာ လမ်းကို အဘယ်သူဖွင့်သနည်း။**" - ယောဘဝတ္ထု ၃၈:၂၂-၂၇

"**ထာဝရဘုရား၏အသံတော်သည် ရေပေါ်၌ရှိတော်မူ၏။ ဘုန်းကြီးသောဘုရား သည် ထစ်ချုန်းတော်မူ၏။ ထာဝရဘုရားသည် များစွာသောရေပေါ်၌ ရှိတော်မူ ၏။** (၄) ထာဝရဘုရား၏အသံတော်သည် တန်ခိုးနှင့်ပြည့်စုံတော်မူ၏။ ထာဝရ ဘုရား၏အသံတော်သည် ဘုန်းအာနုဘော်နှင့်ပြည့်စုံတော်မူ၏။ (၅) ထာဝရ ဘုရား၏အသံတော်သည် သစ်ကတိုးပင်တို့ကို ကျိုးစေတော်မူ၏။ အကယ်စင်စစ် ထာဝရဘုရားသည် လက်ဘနွန်သစ်ကတိုးပင်တို့ကို ကျိုးစေတော်မူ၏။ (၆) ကိုယ်တော်သည် လက်ဘနွန်ကို နွားသငယ်ကဲ့သို့လည်းကောင်း၊ စိရုန်ကို ပြောင်

သငယ်ကဲ့သို့လည်းကောင်း ခုန်ပေါက်စေတော်မူ၏။ (၇) **ထာဝရဘုရား၏ အသံတော်သည် မီးတောက်မီးလျှံများကိုထွက်ပေါ်စေတော်မူ၏။** (၈) ထာဝရဘုရား၏အသံတော်သည် တောကန္တာရကိုတုန်လှုပ်စေတော်မူ၏။ ထာဝရဘုရားသည် ကာဒေရှတောကန္တာရကို တုန်လှုပ်စေတော်မူ၏။ (၉) ထာဝရဘုရား၏အသံတော်သည် သမင်တို့ကိုသားဖွားစေ၍ သစ်တောများကို ပြောင်တလင်းခါစေတော်မူ၏။ ကိုယ်တော်၏ဗိမာန်တော်၌ရှိသမျှတို့က "ဘုန်းကြီးစေသတည်း" ဟု ကြွေးကြော်ကြ၏။ (၁၀) ထာဝရဘုရားသည် လွှမ်းမိုးသောရေပြင်အထက်တွင် စိုးစံတော်မူ၏။ ထာဝရဘုရားသည် ရှင်ဘုရင်အဖြစ် အစဉ်အမြဲစိုးစံတော်မူ၏။ (၁၁) **ထာဝရဘုရားသည် မိမိ၏လူမျိုးတော်အား အစွမ်းသတ္တိကို ပေးတော်မူ၏။ ထာဝရဘုရားသည် မိမိ၏လူမျိုးတော်အား ငြိမ်းချမ်းခြင်း ကောင်းချီးမင်္ဂလာကိုပေးတော်မူ၏။**" - ဆာလံကျမ်း ၂၉:၃-၁၁

ဘုရားသခင်သည် သဘာဝတရားကြီး၌ ထိုထိုနိယာမများကို မျိုးစေ့ချပြီးသားဖြစ်၏။ ဘုရားသခင့်အလိုတော်ကိုလိုက်လျှင် ကောင်းချီးခံစားရမည့်အဖြစ်က ၎င်းတို့ကို ဖျက်ဆီး မည့်လက်နက်ပမာ တစ်ဖြစ်လဲချေပြီ။ ပုထုဇဉ်တို့သည် သဘာဝစပျစ်ရည်ကို ယစ်ရည် အဖြစ်ပြောင်းကာ သေခြင်း၊ ကပ်ဘေးဆိုက်စေသကဲ့သို့ ပုထုဇဉ်များ၏ခြစားမှုက ကမ္ဘာ ကြီးကို ညစ်ထေးစေကာ သဘာဝကို ၎င်းတို့ကိုဖျက်ဆီးသည့် လက်နက်တစ်ဖြစ်လဲစေပြီ။ ပညတ်တော်၊ စည်းကမ်းကလနားများကတားသည့် ရုပ်တုထုဘုရားပြုခြင်း၊ ဘုရားကို ပြစ်မှားခြင်း၊ သတ်ဖြတ်ခြင်း၊ ခိုးဆိုးခြင်း၊ တပ်မက်ခြင်း အပြစ်ခပ်သိမ်းက ပထဝီမြေကြီး ကို ကျိန်စာသင့်စေ၏။

ဣသရေလတို့သည် ၎င်းတို့အပြစ်ကြောင့် မြေကြီးလည်းခံရမည်ကို ရှင်မောရှေအား အမှာ ပါးခဲ့၏။

> "သင်တို့နေဘူးသော အဲဂုတ္တုပြည်၏အကျင့်ကိုင်း၊ သင်တို့ကို ငါပို့ဆောင်လတ္တံ့သော ခါနာန်ပြည်၏အကျင့်ကိုင်း၊ သင်တို့သည်မကျင့်၊ သူတို့ တရားလမ်းသို့ မလိုက်ရကြ။" - ဝတ်ပြုရာကျမ်း ၁၈:၃

ဘုရားသခင်က ဣသရေလတို့ကို ကာမမဖောက်ပြန်ကြရန်၊ သွေးရင်းစပ်ယှက်မှု၊ ဓမ္မတာ နှင့်ဆန့်ကျင်၍ ဝစ္စမဂ်၌ စပ်ယှက်ခြင်း၊ လိင်တူစပ်ယှက်မှုနှင့် အခြားသော ဖောက်လှဲ ဖောက်ပြန်သည့်တဏှာများ မပြုကြရန် မိန့်ခဲ့၏။ ၎င်းတို့ ထိုသို့ပြုကျင့်ကြလျှင် မြေကြီး သည် ဧကန်ပြန်၍တုံ့ပြန်မည်။

> "ထိုသို့သောအမှုအားဖြင့် ကိုယ်ကိုကိုယ်မညစ်ညူးစေရ။ သင်တို့ရှေ့မှာ ငါ နှင်ထုတ်သော လူအမျိုးမျိုးတို့သည်၊ ထိုသို့သောအမှုကိုပြု၍ ညစ်ညူးကြ၏။ (၂၅) သူတို့ပြည်သည်လည်း ညစ်ညူး၏။ ညစ်ညူးသောအပြစ်ကြောင့် ငါဆုံးမ၍၊ **ထိုပြည်သည် မိမိသားတို့ကို အော့အန်လိမ့်မည်။**" - ဝတ်ပြုရာကျမ်း ၁၈:၂၄၊ ၂၅

ပုထုဇဉ်တို့၏ သဘာဝကို ဆန့်ကျင်သည့် သွေးသားဆန္ဒများသည် ပထဝီကိုလည်းထိ၏။ ပထဝီကြီးကလည်း ထိုကိစ္စများကို ကြာရှည်ထမ်းရသည့်အခါ မြေဆီသြဇာကုန်ခမ်းကာ မကောင်းသူများကို အန်ထုတ်မည်ဖြစ်၏။

> "ပြည်တော်သည် ငိုကြွေး ညှိုးငယ်ခြင်းရှိ၏။ လောကသည် အားလျော့၍ ညှိုးငယ်ခြင်းရှိ၏။ ဘုန်းကြီးသော ပြည်သားတို့သည် အားလျော့ကြ၏။ (၅) ပြည်သားတို့သည် တရားတော်ကို လွန်ကျူးခြင်း၊ အမိန့်တော်ကို ပြောင်းလဲခြင်း၊ ထာဝရသစ္စာတော်ကို ဖျက်ခြင်းအကြောင်းကြောင့်၊ ပြည်တော်သည် ညစ်ညူးခြင်းရှိ၏။ (၆) **ထိုကြောင့်၊ ကျိန်တော်မူသော အကျိန်သည် ပြည်တော်ကို လွှမ်းမိုးပြီ။ ပြည်သားတို့အပေါ်မှာ အပြစ်ရောက်လေပြီ။ ထိုကြောင့် ပြည်သူတို့သည် ပူလောင် ကြသဖြင့်၊ ကြွင်းကျန်သောသူတို့သည် နည်းကြ၏။**" - ဟေရှာယ ၂၄:၄-၆

ထိုကျမ်းပိုဒ်များက ပျက်စီးရာသို့ လားမည့်လမ်းကိုပြ၏။ ပညတ်ကျူးလွန်သူများကို ပထဝီကြီးက မည်သို့တုံ့ပြန်မည်ကိုပြ၏။ ပရောဖက်ဟေရှာယက ပြစ်မှုကျူးလွန်ခြင်းများ က ပထဝီကြီးကိုကျိန်စာသင့်စေပြီး နေထိုင်သူများကိုလည်းလောင်၏ ဟုဆို၏။ ကမ္ဘာကြီး သည် အတိတ်တွင် အာဘောဖြင့်ပျက်စီးခဲ့ပြီး အနာဂတ်တွင် ပုထုဇဉ်များ၏ ရာဂနှင့်နွှယ် သည့် တေဇောဖြင့် ပျက်စီးမည်ဖြစ်၏။ ။

> "**ရှေဦးစွာ သိမှတ်အပ်သောအရာ ဟူမူကား၊ နောက်ဆုံးသောကာလ၌ ပြက်ရယ်ပြုတတ်သော သူတို့သည်၊ မိမိတို့တပ်မက်ခြင်းအတိုင်း ကျင့်နေ၍၊** (၄) သခင်ဘုရား ကြွလာမည်ဟူသော ကတိတော်သည် အဘယ်မှာရှိသနည်း။ ဘိုးဘေးများ အိပ်ပျော်သည်နောက်၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစက ဖြစ်သကဲ့သို့၊ ဖြစ်မြဲဖြစ်ကြ၏ဟုဆိုလျက်၊ ကဲ့ရဲ့ခြင်းနှင့်တကွ ပေါ်လာကြလိမ့်မည်။ (၅) ရှေးကာလ၌ မိုးကောင်းကင်ကိုလည်းကောင်း၊ ရေထဲကထွက်၍ ရေဖြင့်တည်သော မြေကြီးကိုလည်းကောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဖြစ်စေတော်မူကြောင်းနှင့်၊ (၆) **ဖြစ်ဖူးသောလောကဓာတ်ကို ထိုသို့အားဖြင့် ရေနှင့်လွှမ်းမိုးပ်၍ ဖျက်ဆီးကြောင်းကို ထိုသူတို့သည် မှတ်မိချင်သောစိတ် မရှိကြ။** (၇) ယခုရှိသော မိုးကောင်းကင်နှင့် မြေကြီးမူကား၊ **တရားဆုံးဖြတ်၍ အဓမ္မလူတို့ကို ဖျက်ဆီးသော နေ့ရက်တိုင်အောင်၊ ထိုနှုတ်ကပတ် တော်အားဖြင့် သိုထားလျက်ရှိ၍၊ မီးရှို့ခြင်းအဖို့အလိုငှာ နေရစ်သတည်း။**" - ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၃:၃-၇

ရေလွှမ်းမိုးခြင်းသည် လူသားတို့၏ တဏှာ၊ သန္တေဆိုးများကြောင့် ဖြစ်ခဲ့ရ၏။ ကမ္ဘာကြီးကို မီးနှင့်ဖျက်ဆီးသည့်အခါလည်း ထိုအရာများကြောင့် ဖြစ်ပျက်မည်ဖြစ်၏။ သောဒုံမြို့သား အချင်းချင်း ရာဂမီးတောက်လောင်ကြသောကြောင့် သောဒုံမြို့သည် မီးစွဲခဲ့ပြီး (၃) ဦးသာ အသက်ဘေးမှလွတ်ခဲ့၏။

သောဒုံမြို့အဖြစ်အပျက်သည် နောက်ဆုံးသောနေ့၌ဖြစ်မည့် ရှေ့ပြေးနိမိတ်တည်း။

"ထိုကဲ့သို့ပင် သောဒုံမြို့ ဂေါမောရမြို့နှင့် ၎င်းတို့၏ပတ်ဝန်းကျင်မြို့များသည်လည်း ထိုသူတို့နည်းတူ တရားနှင့်မညီမေထုန်ပြုခြင်း၌ကျင်လည်၍ **သဘာဝနှင့်ဆန့်ကျင်သော သွေးသားတပ်မက်ခြင်းအလိုသို့လိုက်ကြသဖြင့်** ထာဝရမီးနှင့်ဆိုင်သော အပြစ်ဒဏ်ကိုခံရလျက် သင်ခန်းစာယူစရာဖြစ်လာကြ၏။" - ရှင်ယုဒဩဝါဒစာ ၁:၇

သောဒုံနှင့် ဂေါမောရမြို့များသည် မတရားသောမေထုန်ကို အလွန်မှီဝဲကြ၏။ ရှင်ပေါလုက လောတ၏ညှော်သည်များအပေါ် သောဒုံမြို့သားများ၏ ပြုကျင့်လိုမှုကို အောက်ပါအတိုင်း ဆို၏။

"ထိုနည်းတူ ယောကျ်ားတို့သည်လည်း မိန်းမနှင့်သဘာဝနှင့်လျော်ညီသော ဆက်ဆံမှုကိုစွန့်၍ **သူတို့အချင်းချင်းရာဂမီးတောက်လောင်စေလျက်** ရှက်ဖွယ်ကောင်းသောအမှုကို ယောကျ်ားအချင်းချင်းပြုကြသဖြင့် သူတို့၏မှားယွင်းခြင်းနှင့် ထိုက်သင့်သောအပြစ်ဒဏ်ကို သူတို့ကိုယ်တိုင်ခံရကြ၏။" - ရောမဩဝါဒစာ ၁:၂၇

သောဒုံမြို့သားများ၏ ရာဂမီးသည် ဘုရားသခင်၏ ပညတ်တော်ကို လုံးလုံးဆန့်ကျင်ပြီး မြို့အတွင်းမှီတင်းနေထိုင်ကြသူများကို စုတ်ဝင်စေပြီး အနည်းငယ်သာလွတ်ခဲ့၏။ ထိုမြို့နှစ်မြို့၏ ရှောင်လွှဲမရသည့်အဖြစ်မှ လွှဲဖယ်နိုင်ရန် ဘုရားသခင်သည် အာဗြဟံကို အသုံးပြုခဲ့၏။ ခရစ်တော်ဘုရားလည်း ထိုမြို့သားများကို တရားစီရင်ခြင်းမှ လွတ်နိုင်ရန် အခွင့်အရေးပေးချိန်တွင် ၎င်းတို့၏အပြစ်များကို ခေါင်းရွက်နေရ၏။ ကမ္ဘာကို ရေလွှမ်းမိုးစေချိန် ၌လည်း အခွင့်အရေးပေးခဲ့၏။ ရေမလွှမ်းမိုးမီတွင်လည်း ဘုရားသခင်သည် သဘာဝ တရားကြီးကို ထိန်းထားကာ နောင်တရကာ လွတ်မြောက်ရန် အခွင့်အရေးပေးခဲ့၏။

ထိုသို့အချိန်ဆိုင်းပေးချိန်တွင် သဘာဝကြီးသည် လူသားတို့၏အပြစ်တရားကိုထမ်းကာ ညည်းခဲ့ရ၏။ ထိုအဖြစ်က ကားတိုင်နှင့်ဆူးသရဖူ၏ အမှန်တရားကို အမှတ်ရစေ၏။

“... ဘုရားသခင်၏တန်ခိုးတော်၊ ဘုရားသခင်၏ပညာတော်တည်းဟူသော ခရစ်တော်” - ၁ကော ၁:၂၄

အနှီတန်ခိုးတော်ဖြင့် ခရစ်တော်ဘုရားက ကမ္ဘာကြီးကို စောင်မ,၏။

“သားတော်သည် ဘုရားသခင်၏ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်တို့ကို ထင်ဟပ်သောပုံသဏ္ဌာန်ဖြစ်တော်မူပြီး **မိမိ၏တန်ခိုးနှင့်ပြည့်စုံသော နှုတ်ကပတ်တော်အားဖြင့် အရာခပ်သိမ်းကိုတည်စေ၏။**” - ဟေဗြဲဩဝါဒစာ ၁:၃

“အကြောင်းမူကား၊ ထိုသားတော်(ခရစ်တော်)သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသမျှသော ရူပအရာ၊ အရူပအရာ၊ **ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်လည်းကောင်း၊ ထိုသခင်အဖို့ အလို့ငှာလည်းကောင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။**” - ကောလောသဲဩဝါဒစာ ၁:၁၆

ယေရှုဘုရားသည် ၎င်း၏အာနုဘော်ဖြင့် အရာခပ်သိမ်းကို ပြုပြင်စီရင်သောကြောင့် ကမ္ဘာ ကြီးကို ထိခိုက်စေသည့် လူသားတို့၏ပုန်ကန်မှုက ၎င်းအတွက် ဆူးသရဖူဆက်ဆောင်း ရသည့်ပမာဖြစ်၏။ လူသားတို့၏ ဆိုးသွမ်းမှုက ၎င်းကို နေ့စဉ်စူးသကဲ့သို့ရှိ၏။ ဤရှုထောင့် အရ ခရစ်တော်ဘုရားသည် လူသားများအစားအစားထိုးခံခဲ့ခြင်းက အရပ် (၄) မျက်နှာရှိ လေတို့ကို ထိန်းပေးနေကြောင်း ငါတို့တွေ့နိုင်၏။

“ထို့နောက် ကောင်းကင်တမန်လေးပါးသည် ကမ္ဘာမြေကြီး၏ ထောင့်လေးထောင့် တွင်ရပ်လျက် မြေကြီးပေါ်သို့လည်းကောင်း၊ ပင်လယ်ပေါ်သို့လည်းကောင်း၊ သစ်ပင်ရှိသမျှအပေါ်သို့လည်းကောင်း လေမတိုက်စေရန် **မြေကြီးလေးမျက်နှာ၏ လေ**တို့အား ထိန်းချုပ်ထားသည်ကို ငါမြင်ရ၏။” - ဗျာဒိတ်ကျမ်း ၇:၁

ကောင်းကင်တမန်များက ထိုလေများကို ထိန်းနိုင်ခြင်းမှာ ခရစ်တော်ဘုရားက လူသားတို့၏ဆိုးသွမ်းခြင်းကို ခေါင်းရှက်ခြင်းကြောင့်ဖြစ်၏။ ထိုနည်းအားဖြင့် သဘာဝတရားအပေါ် သို့ ဆိုးကျိုးရောက်ရန် ကြန့်ကြာစေ၏။ လူသားတို့က ခရစ်တော်၏ သန့်ရှင်းသောဝိညာဉ် တော်ကို လုံးလုံးငြင်းပယ်ကြသည့်အခါ၊ သဘာဝဘေးမှတားပေးမည့်တမန် မရှိတော့။

ကမ္ဘာကြီးသည် ငါတို့သိကြသည့်အတိုင်း ခြစားမှုဖြင့် ပြည့်နှက်နေ၏။ အင်တာနက်သည် အညှီအဟောက်တို့ဖြင့် ပြည့်၏။ ပုထုဇဉ်တို့ကလည်း အညှီအဟောက်နှင့် ဇာတ်ကြမ်းများကို ကြည့်ကြ၏။ သတင်းကိုလွှမ်းမိုးသည့် ဒုစရိုက်၊ စစ်၊ အကြမ်းဖက်မှုများသည် မူလဘူတတွင် လူသားတို့၏ အုပ်စိုးမှုအောက်တွင် ရှိခဲ့သင့်သည့် လောကဓာတ်များ၏ မတည်ငြိမ်မှုကိုပြ၏။

ကမ္ဘာကြီးက ယခုတွင် တစ်လှည့်ပြန်အန်ထုတ်ရမည့်အချိန်ဖြစ်၏။ ထိုသို့မဖြစ်ရခြင်းမှာ ခရစ်တော်က ဆူးသရဖူကို **ဆက်၍**ဆောင်းနေခြင်းကြောင့်ဖြစ်၏။ ခရစ်တော်သည် **ဆက်၍** အထင်သေးခံ၊ ငြင်းပယ်ခံရတုန်းဖြစ်၏။ ခရစ်တော်သည် ပုထုဇဉ်တို့၏ အယုတ္တ အနတ္တစကားများ၊ ညဉ်ဆိုးများဖြင့် ယခုတိုင် **ဆက်၍**အထိုးခံနေရဆဲဖြစ်၏။ သို့စေမူ ၎င်းက ငါတို့ တရားရ၊ နောင်တရရန် ထိုထိုဒုက္ခများကို အန္တအတာခံ၏။

သင်သည် အကြောင်းတိုက်ဆိုင်၍တောလည်ဖြစ်လျှင် သင်ခံစားရသည့် ငြိမ်းချမ်းမှုသည် ဘုရားသခင်က လူသားတို့၏ပုန်ကန်မှုကို ခေါင်းရှက်ခြင်းကြောင့်ဟု အတပ်မှတ်ပါလော့။ ဘုရားသည် ဤသို့ ခေါင်းရှက်ခြင်းဖြင့် မြေ၊ ရေ၊ လေ ကပ်ဘေးခပ်သိမ်းကို ကွယ်ကာပေး နေ၏။ ကပ်ဘေးများပြားရခြင်းသည် လူသားတို့၏ဆိုးသွမ်းမှု ဖွံ့ထွားလာခြင်းကြောင့် ဖြစ်၏။ တစ်ကမ္ဘာလုံးက ခရစ်တော်ကို ငြင်းပယ်ကြသည့်အခါ အရပ်လေးမျက်နှာရှိ လေတို့သည် အဟန့်မရှိတိုက်ကာ လူသားတို့၏ အဆိုးတရားများကို သဘာဝကြီးက တရားပြမည်ဖြစ်၏။

ထို့ကြောင့် သမ္မာကျမ်းစာက အောက်ပါအတိုင်းဆို၏။ ။

> "ထိုအခါ ထာဝရဘုရားသည်ကောင်းကင်ထက်၊ အထံတော်မှ သောဒုံမြို့နှင့် ဂေါမောရမြို့အပေါ်သို့ ကန့်နှင့် မီးမိုယ်းကို ရွာစေတော်မူ၏။" - ကမ္ဘာဦးကျမ်း ၁၉:၂၄

လောကဓာတ်များ ဤသို့လည်ပတ်နိုင်ရခြင်းသည် ခရစ်တော်ဘုရားက အရာခပ်သိမ်းကို ထိန်းကျောင်းနေခြင်းကြောင့်ဖြစ်၏။ သဘာဝနိယာမကြီးကို ခမည်းတော်က ချခဲ့၏။ ဤနိယာမများသည် လူးသားများက ၎င်းတို့၏ဖန်ဆင်းရှင်နှင့် သဟဇာတဖြစ်နိုင်ရန် ရည်ရွယ် ထား၏။ ဤသတ္တကမ္ဘာကြီးသည် အမှန်တွင် နေရာအနှံ့စိမ်းလန်းစိုပြည်ကာ စားဖွယ်မျိုးစုံ ပြည့်နေရမည်ဖြစ်၏။ ထိုထိုနိယာမများသည် လူသားများအပြစ်လုပ်သည့်အခါ အနိစ္စ တရား၊ သင်္ခါရတရားများအဖြစ် ပြောင်းကုန်၏။ ထိုသို့ဖြစ်စေသည့် တန်ခိုးအစွမ်းသည် မပြောင်းလဲသည့် ပညတ်တော်တွင်ကိန်းသည့် ခရစ်တော်၏အာနုဘော်ပင်ဖြစ်၏။ အနီ အဖြစ်က မြေအဖြစ်ပြောင်းခဲ့သည့် တောင်ဝှေးအကြောင်းကို နားလည်စေ၏။ ထိုအ ကြောင်း နောက်အခန်းများ၌ နှီးနှောမည်။

ကမ္ဘာကိုရေလွှမ်းမိုးခြင်း၊ သောဒုံမြို့ကို မီးမျိုခြင်းတို့သည် လူသားတို့၏အပြစ်ကို တုံ့ပြန်သည့် ဘုရားသခင်၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်မဟုတ်ပါ။ လူသားများ နောင်တရ၊ ၎င်းတို့၏အန္တရာယ်ကို မြင်နိုင်ကြရန် ခရစ်တော်ဘုရားသည် ထိုသဘာဝတရားများကို ဖြစ်နိုင်သမျှ ထိန်းထားပေး၏။ လူသားများအတွက် ကောင်းချီးဖြစ်စေမည့် ထိုနိယာမများ ကို ပြဋ္ဌာန်းခဲ့ပြီး ခရစ်တော်သည် ဆန့်ကျင်ဘက်သက်ရောက်မှုများကို ခေါင်းရွက်ခဲ့ရ၏။ လွန်ခဲ့သည့် နှစ် (၂,၀၀၀) က ခရစ်တော် အသေခံခဲ့ချိန်တွင် ပထဝီမြေကြီး ဘာဖြစ်ခဲ့သည် ကို ငါတို့သိနိုင်၏။ ။

"တပ်မှူးမှစ၍ သူနှင့်အတူ ယေရှုကိုစောင့်ကြည့်နေသောသူတို့သည် **လျှပ်စီး** ခြင်းနှင့် ဖြစ်ပျက်သောအရာများကိုတွေ့မြင်ကြသောအခါ အလွန်ကြောက်ရွံ့လျက် 'ဤသူသည် အမှန်ပင် ဘုရားသခင်၏သားတော်ဖြစ်သည်' ဟု ဆိုကြ၏။"
- ရှင်မဿဲခရစ်ဝင် ၂၇:၅၄

ဗျာဒိတ်ကျမ်းအခန်းကြီး (၁၃) လာ ဒုတိယသားရဲသည် လူသားအားလုံးကို ပထမသားရဲအား ကိုးကွယ်စေရန် နှိုးဆော်ကာ နဖူး (သို့) လက်ယာလက်၌ တံဆိပ်အခတ်ခံစေသည့်အခါ ခရစ်တော်သည် ၎င်း၏ပညတ်တော်ကို ဆန့်ကျင်ကြခြင်းကြောင့် ပေပြန်ဖြစ်ရဦးမည်ဖြစ်၏။ လေးမျက်နှာရှိလေများ တိုက်သည့်အခါ လူသားတို့၏ဆိုးညစ်သည့်ဗီဇသည် နှလုံးသားတွင် လောင်သည့် မီးကြီးခဲပမာဖြစ်ကာ ကမ္ဘာကြီးသည် အနိဋ္ဌာရုံနှင့် ပြည့်ဦးမည်ဖြစ်၏။ ယေရှုဘုရား၏ယုံကြည်ခြင်းဖြင့် ပညတ်တော်ကိုစောင့်သည့် ဘုရားအကြောင်းသိဘုရား ရိုးသားသူများသည် ထိုထိုချောက်ချားဖွယ်များမှ အကာအကွယ်ရကြမည်ဖြစ်၏။ ၎င်းတို့၏ အနားမှာ လူတစ်ထောင်၊ ၎င်းတို့၏လက်ယာဖက်၌ လူတစ်သောင်းလဲသော်လည်း သေခြင်းတရားသည် ၎င်းတို့ကို မထိခိုက်ရ (ဆာလံ ၉၁:၇)။ အကြောင်းမှာ သူတို့သည် ဘုရားနှင့်၎င်း၊ ကမ္ဘာကြီးနှင့်၎င်း ပနံသင့်ကြသောကြောင့်...။

ယေရှုဘုရားသည် မုန်တိုင်းအလယ်၌ပင် လှေဝမ်းထဲ၌ ငြိမ်းချမ်းစွာ ကျိန်းစက်နိုင်ခဲ့၏။ အကြောင်းမှာ ကမ္ဘာကြီးသည် ၎င်းနှင့်ရန်ဖက်မဖြစ်သောကြောင့် ...။ ကမ္ဘာ့သမိုင်းတစ်လျှောက် သဘာဝက ၎င်း၏နောက်လိုက်များကို အမြစ်ဖြုတ်လိုသည့် အခါပေါင်းများစွာ ရှိခဲ့ပြီး ၎င်းက လောကဓာတ်တို့ကို "ငြိမ်သက်ခြင်းရှိပါစေ" ဟု မိန့်ခဲ့၏။ သောဒုံမြို့မှထွက် ပြီး ကွယ်ကာတော်မူရာ သင်္ဘောအတွင်းဝင်ကြရန် ဖိတ်ခေါ်ပါ၏။ ယခုသည် နောင်တရ ချိန်တန်ပြီဖြစ်ပြီး ပထဝီကြီး ငါတို့ကိုဆိုးကျိုးပေးစေမည့် ဘုရားသခင်ကို ပုန်ကန်ခြားနား လိုစိတ် ပယ်သတ်နိုင်ရန် ယေရှုဘုရား၏စိတ်ထားမျိုးကို တောင်းရမည့်အချိန်ဖြစ်၏။

အို ယေရှုဘုရား ကမ္ဘာသမိုင်းပိတ်သိမ်းသည့်အခါ စိုက်သည့်အတိုင်း ပြန်ရိတ်စေမည့် မုန်တိုင်းကြီးကို ထိန်းပေးကာ နှစ်ပေါင်းများစွာ ဆူးသရဖူကို ဆောင်းနေပေးခဲ့သည့်အ တွက် ကျေးဇူးတင်ရှိပါ၏။ ကမ္ဘာကြီးတစ်ဖန်ငြိမ်းချမ်းနိုင်ရန် ငါတို့၏ဆိုးသွမ်းမှုမှ နောက် ပြန်လှည့်၊ ပဋိညာဉ်ချိုးဖျက်ခြင်းကိုရပ်ပြီး ပညတ်တော်ကိုစောင့်ကြရန် အားထုတ်ကြ ပါစို့။

## ၁၄။ သေမင်း၏တန်ခိုး

"ထိုသို့ ဝိုင်ချဉ်ကိုခံယူပြီးသောအခါ ယေရှုသည် 'အမှုပြီးပြီ' ဟု မိန့်တော်မူလျက် ဦးခေါင်းတော်ငိုက်စိုက်ကျကာ **အသက်ကိုစွန့်တော်မူ၏။**" - ရှင်ယောဟန်ခရစ်ဝင် ၁၉:၃၀ (NKJV)

"ထိုအခါ ယေရှုသည် ကျယ်လောင်သောအသံဖြင့် ကြွေးကြော်လျက် "အို အဖ၊ အကျွန်ုပ်၏ဝိညာဉ်ကို ကိုယ်တော်၏လက်သို့ အပ်နှံပါ၏"ဟု မြွက်ဆိုတော်မူ၏။ **ထိုသို့မြွက်ဆိုပြီးနောက် အသက်ချုပ်ငြိမ်းတော်မူ၏။**" - ရှင်လုကာခရစ်ဝင် ၂၃:၄၆ (NKJV)

"သို့သော် ငါတို့သည် အပြစ်သားများဖြစ်ကြစဉ်ပင် **ခရစ်တော်သည် ငါတို့အတွက် အသေခံ**တော်မူခြင်းအားဖြင့် ဘုရားသခင်သည် ငါတို့အပေါ်ထားရှိသော မိမိ၏ ချစ်ခြင်းမေတ္တာတော်ကို ထင်ရှားစေတော်မူ၏။" - ရောမသြဝါဒစာ ၅:၈

ယေရှုဘုရားလက်ဝါးကားတိုင်း၌ သေခဲ့စဉ်တွင် စကြဝဠာက ယေရှုသေခဲ့သည်ကို မျက်မြင်တွေ့ခဲ့ကြသူများအပါ ပုထုဇဉ်များအပေါ်ထားရှိသည့် ခမည်းတော်၏မဟာ မေတ္တာကို တွေ့ခဲ့ကြရ၏။ မည်မျှပင် ပြက်ရယ်ပြုခံ၊ တံထွေးထွေးခံ၊ အကြိတ်ခံ၊ အရိုက် ခံစေကာမူ ယေရှုသည် မတုံ့ပြန်ခဲ့ပါ။ ၎င်းက "အိုအဘ၊ သူတို့၏အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြု သောအမှုကိုမသိကြ" ဟု မိန့်ခဲ့၏။ ယေရှုဘုရား ဤသို့ခံရစဉ်တွင်ပင် ၎င်း၏မာတာမိခင်ကို အာရုံထားပြီး ယောဟန်အား သူမကိုစောင့်ရှောက်ရန် မှာခဲ့၏။ နောင်တရသည့် ဒုစရိုက်သားကိုလည်း အပြစ်လွှတ်ပေးကာ ထာဝရအသက်ကို ကတိပေး ခဲ့၏။ ထို့အခြင်းအရာများကို တွေ့ခဲ့ပြီးနောက်တွင် ရောမစစ်သားက အောက်ပါအတိုင်း ဝန်ခံခဲ့ကြ၏။ ။

"စင်စစ် ဤသူသည် ဘုရားသခင်၏သားတော်မှန်ပေ၏" - ရှင်မာကု ၁၅:၃၉။

အံ့ဖွယ်ခန္တီတရား၊ မေတ္တာတရားပါတကား။ ငါတို့၏ကယ်တင်ရှင်သည် လူသားများကပြ သည့် နတ်ရဲများ၏ အမုန်းတရားများကို ခန္တီတရားဖြင့် သည်းခံခဲ့၏။ မာရ်နတ်သည် ယုဒ ခေါင်းဆောင်များ၊ ဘုန်းတော်ကြီးများ၊ လူထုများကို ဆွခဲ့၏။ ၎င်းတို့၏ အပြုအမူများမှ ငါတို့သည် စာတန်မာရ်နတ်၏စရိုက်ကို မြင်ရ၏။ ကြမ်းရခြင်း၊ မုန်းခြင်း၊ လှည့်ဖြားခြင်း၊ ပြာတာမှုမဲ့ခြင်း၊ ရက်စက်ခြင်းသရဖူများကို ငါတို့ရှေ့တွင် အကုန်အစင်ပြခဲ့ပြီ။ လက်ဝါး ကားတိုင်အကြောင်းကိုမှီကာ ဘုရားသခင်၏သိက္ခာတော်ကို ခရစ်တော်အားဖြင့်၎င်း၊ မာရ် နတ်၏စရိုက်ကို လူသားများအားဖြင့်၎င်း ငါတို့ အကုန်အစင်မြင်ရ၏။ ငါတို့၏ သခင်ယေရှု ဘုရားသည် ၎င်း၏အသက်ကို စတေးခဲ့ခြင်းဖြင့် ဤပဋိပက္ခ၏ ပကဒူးအစမှ ၎င်းကို မုန်းခဲ့ သည့် ပုဂ္ဂိုလ်ကို အနိုင်ယူခဲ့၏။ မာရ်နတ်အကြောင်းကို ယေရှုဘုရားက ဖာရိရှဲများထံ အောက်ပါအတိုင်း မိန့်ခဲ့၏။ ။

"သင်တို့သည် သင်တို့၏အဖမာရ်နတ်နှင့်စပ်ဆိုင်ကြပြီး သင်တို့အဖ၏ဆန္ဒအတိုင်း ပြုလိုကြ၏။ **မာရ်နတ်သည် အစအဦးကပင် လူသတ်သမားဖြစ်၏။** သူ၌ သမ္မာ တရားမရှိသောကြောင့် သမ္မာတရား၌မရပ်တည်။ **သူသည် လိမ်လည်သောသူ ဖြစ်ပြီး လိမ်လည်ခြင်း၏အဖလည်းဖြစ်**သောကြောင့် လိမ်လည်ပြောဆိုသောအခါ မိမိပင်ကိုစရိုက်အတိုင်းပြောဆို၏။" - ရှင်ယောဟန်ခရစ်ဝင် ၈:၄၄

ခရစ်တော်ဘုရားကို ညဥ့်၌ဖမ်းဆီးခြင်း၊ မှားယွင်းစွာအပြစ်ဖို့ခြင်းများဖြင့် မာရ်နတ်၏ အပ လိမ်းညာဏ်ကို ငါတို့မြင်နိုင်၏။ ပြက်ရယ်ပြုခြင်း၊ ရိုက်နှက်ခြင်းများမှ ၎င်း၏ ရက်စက်မှုကို မြင်နိုင်၏။ လက်ဝါးကားတိုင်ပေါ်ချိတ်ခြင်း၌ ၎င်း၏မီးကုန်ရမ်းကုန် ကြမ်းကြုတ်မှုကို မြင်နိုင်၏။ သေခြင်းအားဖြင့် ခရစ်တော်သည် မာရ်နတ်ကို အနိုင်ယူခဲ့၏။ သမ္မာကျမ်းစာ က အောက်ပါအတိုင်းဆို၏။ ။

"ထိုသားသမီးအားလုံးတို့သည် အသွေးအသားရှိကြသည်ဖြစ်၍ ကိုယ်တော်သည် လည်း သူတို့နည်းတူ ထိုအသွေးအသားကို မျှဝေခံယူတော်မူ၏။ ဤသည်ကား

**အသေခံတော်မူခြင်းအားဖြင့်**
**သေခြင်း၏တန်ခိုးအရှိန်အဝါကိုပိုင်သောသူဖြစ်သည့် မာရ်နတ်ကို ဖျက်ဆီး၏။**”
- ဟေဗြဲဩဝါဒစာ ၂:၁၄

သမ္မာကျမ်းစာက စာတန်သည် သေခြင်းတန်ခိုးကိုပိုင်၏ဟုဆို၏။ ဤအကြောင်းက ဘုရားသခင့်သိက္ခာတော်ကို ထိုးထွင်းသိနားလည်နိုင်ရန် အမေးရှိစေ၏။ ဘုရားသခင်က အာဒံ၊ ဧဝတို့ကို။ ။

“ထိုအပင်၏ အသီးကိုကား မစားရ။ စားသောနေ့တွင် ကေန်အမှန် သေရမည်ဟု လူကိုပညတ်ထားတော်မူ၏။” - ကမ္ဘာဦးကျမ်း ၂:၁၇

ဟု မိန့်သူဖြစ်သောကြောင့် မာရ်နတ်သည် အဘယ်သို့ဖြင့် သေခြင်းတရားကို အစိုးရသူ ဖြစ်နိုင်ရသနည်း။

အာဒံ၊ ဧဝတို့ ကောင်းမကောင်း သိကျွမ်းမည့်အသီးကိုစားလျှင် သတ်ပစ်မည်ဟု ဘုရားသခင်မိန့်ခဲ့သလော။ အပြစ်သားကို ဘာကသတ်ကြောင်း ကျမ်းစာကရှင်းစွာ ဆိုထား၏။

“**အပြစ်တရား၏အခကား သေခြင်းပေတည်း။**” - ရောမ ၆:၂၃

“**မကောင်းမှုသည် ဆိုးယုတ်သောသူတို့ကိုသေဆုံးစေလိမ့်မည်။** ဖြောင့်မတ်သောသူကို မုန်းသောသူတို့သည်လည်း ပြစ်ဒဏ်စီရင်ခြင်းခံရလိမ့်မည်။” - ဆာလံကျမ်း ၃၄:၂၁

“ငါနှင့်လွဲသွားသောသူမူကား ကိုယ့်ကိုယ်ကိုယ်အကျိုးနည်းစေ၏။ **ငါ့ကိုမုန်းသော သူရှိသမျှတို့သည် သေခြင်းကိုချစ်ကြ၏။**” - သုတ္တံကျမ်း ၈:၃၆

သေခြင်းသည် အပြစ်၏အကျိုးဖြစ်၏။ မေတ္တာတော်ရှင်ဘုရားသခင်ကို ကန္တကောစတိုက် ခဲ့သည့် အတ္တဘောကြောင့်ရသည့် အပြစ်သင့်မှုက အပြစ်သားကို သတ်လိမ့်မည်။ သမ္မာ ကျမ်းစာက ခရစ်တော်သည် အသက်ကိုပိုင်သည်သာမကဘဲ အသက်လည်းဖြစ်၏ဟုပြ၏။

“ယေရှုက ‘**ငါသည်** လမ်း၊ သမ္မာတရားနှင့် **အသက်ဖြစ်၏**။ ငါ့ကိုအမှီမပြုလျှင် မည်သူမျှ ခမည်းတော်ထံသို့မရောက်နိုင်ရာ။’” - ရှင်ယောဟန်ခရစ်ဝင် ၁၄:၆

“ယေရှုကလည်း “**ငါသည် ရှင်ပြန်ထမြောက်ခြင်းဖြစ်၏။ အသက်လည်းဖြစ်၏။** ငါ့ကိုယုံကြည်သောသူသည် သေခဲ့လျှင်ပင် အသက်ရှင်လိမ့်မည်။” - ရှင်ယောဟန် ခရစ်ဝင် ၁၁:၂၅

“အစအဦးကပင်ရှိသောအရာ၊ ငါတို့ကြားရသောအရာ၊ ကိုယ့်မျက်စိဖြင့် မြင်ရသော အရာ၊ ငါတို့ကြည့်ရှုလျက် ကိုယ့်လက်ဖြင့် တို့ထိစမ်းသပ်ရသောအရာတည်းဟူ သော **အသက်နှင့်ဆိုင်သည့် နှုတ်ကပတ်တော်**အကြောင်းဟူမူကား (၂) ထို**အသက် သည် ထင်ရှားခဲ့ပြီ။** ငါတို့သည်လည်း ၎င်းကိုမြင်ရ၍ သက်သေခံလျက် ခမည်း တော်နှင့်အတူရှိပြီး ငါတို့၌ထင်ရှားသော **ထိုထာဝရအသက်အကြောင်းကို သင်တို့ အား ပြောကြားကြ၏။**” - ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁:၁၊ ၂

ငါတို့သည် ယေရှုဘုရား၏မိန့်ကြားချက်ကို အာရုံထားရန်လို၏။ ၎င်းသည် အသက်ရှိသည် သာမကဘဲ အသက်ဖြစ်၏။ ယေရှုဘုရားသည် အသက်ဖြစ်လျှင် သေခြင်းနှင့်လားလားမျှ မအပ်စပ်ပေ။ ၎င်းသည် အသက်ဖြစ်လျှင် သေခြင်းကိုဖြစ်စေမည့်သူ မဖြစ်နိုင်ပါ။ ဤ အကြောင်း ယေရှုမိန့်ပုံကို သုံးသပ်ပါလော့။ ။

“သူခိုးသည် ခိုးယူ၊ သတ်ဖြတ်၊ ဖျက်ဆီးရန်သာ လာတတ်၏။ **ငါမူကား သိုးတို့အား အသက်ကိုရရှိစေရန်**သာမက ထိုအသက်ကို ကြွယ်ဝပြည့်စုံစွာရရှိစေရန်**လာ၏**။” - ရှင်ယောဟန်ခရစ်ဝင် ၁၀:၁၀

အသက်သတ်သူမှာ စာရဖြစ်ပြီး အသက်ပေးသူမှာ ခရစ်တော်ဖြစ်၏။ ခမည်းတော်၏ ပညတ်တော်များကို ကျူးလွန်သူများအား ခရစ်တော်ဘုရားက သေမိန့်ပေးသည်မှန်လျှင် ၎င်းသည် သေခြင်း၊ ရှင်ခြင်းကို အစိုးရသူဖြစ်ချိမ့်မည်။ သို့ဆိုလျှင် သေခြင်း၊

ရှင်ခြင်းသည် ၎င်းထံမှလာသည် ဖြစ်တော့မည်။ ဤအကြောင်းသည် ရှေ့နောက်မညီပါ။ ထို့ကြောင့် လည်း သမ္မာကျမ်းစာက မာရ်နတ်သည် သေခြင်းတရားကိုအစိုးရ၏ ဟုပြ၏။ ခရစ်တော် ဘုရားသည် လူသားများကို သတ်သည်မှန်လျှင် မာရ်နတ်သည် သေခြင်းကို အစိုးရခွင့် ရှိမည်မဟုတ်။ ခရစ်တော်သည် သေခြင်းကိုအစိုးရသည့် အဓိပ္ပာယ်သက်ရောက်၏။ သို့သော် သမ္မာကျမ်းစာက စာတန်မာရ်နတ်သည် သေခြင်းကို အစိုးရ၏ဟု ရှင်းစွာပြ၏။ သေခြင်းသည် အမှောင်တိုက်ကြီးနှင့်လည်း ဆက်နွယ်မှုရှိ၏။ ။

> "မှောင်မိုက်နှင့်သေခြင်း အရိပ်ဖုံးလွှမ်းသောပြည်" - ယောဘဝတ္ထု ၁၀:၂၁
>
> "အချို့တို့သည် မှောင်မိုက်နှင့်သေခြင်း၏အရိပ်ထဲ၌ ထိုင်နေရသောသူများ၊ ဖိစီး နှိပ်စက်မှုနှင့်သံကြိုး၏ချည်နှောင်ခြင်းကိုခံရသောသူများဖြစ်ကြ၏။" - ဆာလံ ကျမ်း ၁၀၇:၁၀

တစ်ဖက်၌ ခရစ်တော့်အကြောင်း အောက်ပါအတိုင်းလာ၏။ ။

> "နှုတ်ကပတ်တော်၌ အသက်ရှိ၍ ထိုအသက်သည် လူတို့၏အလင်းဖြစ်၏။" - ရှင်ယောဟန်ခရစ်ဝင် ၁:၄

ခရစ်တော်၌အသက်ရှိသည်ဆို၏။ အသက်နှင့်သေခြင်းဟုမဆို။ ခရစ်တော်၌ရှိသည့် အသက်သည် လူသားများအတွက်အလင်းဖြစ်၏။ အလင်းနှင့်အသက်သည် ဒွန်တွဲ၏။ အမှောင်နှင့်မရဏာသည်လည်း ထို့အတူဖြစ်၏။ ဤကမ္ဘာသို့ ယေရှုဘုရားကြွပြီး မိန့်သည့် တရားသည် အောက်ပါတရားဖြစ်၏။ ။

> "ထိုနှုတ်ကပတ်တော်ထံ၌ ငါတို့သည်ကြားရ၍၊ သင်တို့အား ပြသသော တရားစကားဟူမူကား၊ **ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌ မှောင်မိုက်အလျှင်းမရှိ။**" - ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁:၅

ဘုရားသခင်ထံ၌ အမှောင်ဟူ၍မရှိ၏ အဓိပ္ပာယ်သည် ၎င်း၌ မရဏာတရားမရှိ ဆိုခြင်းဖြစ်၏။ ထိုအကြောင်းတရားက ဘုရားသခင်သည် သေမင်းမဟုတ်ကြောင်းပြ၏။ သေခြင်းအာနုဘော်ကိုလည်း မပိုင်ပါ။ ၎င်းတတ်နိုင်သည်ကား လူသားများကို သူ့သဘောဆောင်ခွင့်ပေးခြင်းသာတည်း။ သမ္မာကျမ်းက မရဏာကို ရန်သူဟုဆို၏။ ထို့ကြောင့် မရဏာသည် ရန်သူ့ထံမှလာ၏။

"နောက်ဆုံးပိတ် ဖျက်ဆီးရမည့်ရန်သူသည် သေမင်းဖြစ်၏။" - ၁ ကော ၁၅:၂၆

သေခြင်းသည် ရန်သူဖြစ်ပြီး ခရစ်တော်ကလည်း ထို့ကြောင့်ပင် သေခြင်းကိုပယ်ရှားခဲ့၏။

"ဘုရားသခင်သည် ငါတို့ကိုကယ်တင်တော်မူ၍ သန့်ရှင်းသောခေါ်ယူခြင်းဖြင့် ငါတို့ကိုခေါ်ယူတော်မူသည်မှာ ငါတို့ပြုသောအမှုများကြောင့်မဟုတ်ဘဲ မိမိ၏ အကြံအစည်တော်ကြောင့်ဖြစ်ပြီး ရှေးကာလများမတိုင်မီကပင် ယေရှုခရစ်တော်အား ဖြင့် ငါတို့အားပေးတော်မူသောကျေးဇူးတော်ကြောင့်ဖြစ်၏။ (၁၀) ထိုကျေးဇူးတော်သည် ငါတို့၏ကယ်တင်ရှင်ခရစ်တော်ယေရှု ပေါ်ထွန်းတော်မူခြင်းအားဖြင့် ယခုထင်ရှားလေပြီ။ ခရစ်တော်သည် **သေခြင်းကိုပယ်ဖျက်**၍ အသက်နှင့်တကွ ဖောက်ပြန်ပျက်စီးခြင်းနှင့်ကင်းသောအရာတို့ကို ကောင်းမြတ်သောသတင်းအားဖြင့် အလင်းသို့ယူဆောင်လာ၏။" - တိမောသေဩဝါဒစာဒုတိယစောင် ၁:၉၊ ၁၀

ခရစ်တော်၌ သေခြင်းတရားမရှိ။ ထို့ကြောင့် ယေရှုက ဒဏ္ဍာမ မာသကို အောက်ပါအတိုင်း ဆို၏။ ။

"'အသက်ရှင်နေလျက် ငါ့ကိုယုံကြည်သောသူတိုင်း ကာလအစဉ်အဆက် မည်သည့်အခါမျှမသေရ။ ဤအရာကို သင်ယုံကြည်သလော' ဟု မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၁:၂၆

ယေရှုကိုယုံကြည်သူများသည် အဘယ်သို့ဖြင့် မသေရမည်နည်း။ လူအများ သေသေနေကြသည် မဟုတ်လော။ ယေရှုက မရဏာကို မည်သို့ဆိုကြောင်း သတိချပ်ပါလေ။ ။

> "ထိုသို့မိန့်တော်မူပြီးနောက် '**ငါတို့၏မိတ်ဆွေလာဇရုသည် အိပ်ပျော်လေပြီ။** သို့ရာ တွင် သူ့ကိုနိုးရန်ငါသွားမည်' ဟု မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၁:၁၁

> "'ဖယ်ကြလော့။ **မိန်းကလေးသေသည်မဟုတ်။ အိပ်ပျော်နေခြင်းသာဖြစ်၏**' ဟု မိန့်တော်မူ၏။ ထိုအခါ သူတို့သည် ကိုယ်တော်ကိုလှောင်ပြောင်ရယ်မောကြ၏။" - ရှင်မဿဲခရစ်ဝင် ၉:၂၄

မရဏာနှင့်စပ်လျဉ်း၍ အောက်ပါအဘိဓမ္မာအတိုင်း သေခဲ့သူဟူ၍ ကမ္ဘာသမိုင်း၌ တစ်ဦးသာရှိခဲ့၏။

> "သို့သော် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် **လူတိုင်းအတွက် သေခြင်းကို မြည်းစမ်း**စေရန် ကောင်းကင်တမန်တို့ထက် ခေတ္တခဏ နိမ့်ကျစေခြင်းကိုခံရ၍ သေခြင်းနှင့်ဆိုင်သော ဒုက္ခဝေဒနာကိုခံစားရသောကြောင့် ဘုန်းတော်နှင့်ဂုဏ်တော်တို့ဖြင့် သရဖူဆောင်းရသည့်ယေရှုကို ငါတို့မြင်ရကြ၏။" - ဟေဗြဲသြဝါဒစာ ၂:၉

အကယ်စင်စစ် သုသာန်ရောက်နေသူများသည် မရဏာကို အကယ်မြည်းစမ်းကြပြီမှန်လျှင် နှစ် (၁,၀၀၀) ကာလ နိဂုံးတွင် လမ်းမလိုက်သူများကြုံရမည့်မရဏာမျိုး ယေရှုက မမြည်းခဲ့လျှင် ဘာ့အတွက် အသေခံခဲ့ရသည်ဟု ဆိုရတော့မည်နည်း။

ယေရှုတစ်ဦးတည်းကသာ သေခြင်းအစစ်ဖြင့်သေခဲ့၏။ အခြားသူများသည် သုသာန်၌ အိပ်စက်ခြင်းသာဖြစ်၏။ ပုထုဇဉ်တိုင်း အမတဘဝပန်ဆင်နိုင်ရန် (သို့) သေခြင်းအစစ်ကို ရင်ဆိုင်ရန် ထမြောက်ကြဦးမည်။ ယေရှုဘုရားက လောကတစ်ခုလုံး၏ အပြစ်ကို ခေါင်းရွက်ကာ "အကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော့်လက်၌ အကျွန်ုပ်အပ်ပါ၏" ဟု မိန့်ချိန်တွင်

၎င်းက သေခြင်းတရားကို ကိန်းကျေစေခဲ့၏။ ၎င်းက ပုထုဇဉ်များ ထိုသေခြင်းမျိုး မကြုံရ ရန် စီမံပေးခဲ့၏။ ထိုသမယမှစပြီး မရဏာတရားကို အမှုန့်ချေခဲ့ပြီးဖြစ်၏ဟု သမ္မာ ကျမ်းစာတော်မြွတ်၌လာ၏။ ကမ္ဘာ့နောက်ဆုံးပိတ်၌ ပုထုဇဉ်များက ထိုမရဏာတရားကို ရင်ဆိုင်ရခြင်းသည် ၎င်းတို့က ခရစ်တော်၌ရှိသည့်အသက်ကို ငြင်းခဲ့ကြခြင်းကြောင့်ဖြစ် ၏။ သင်သည် သေခြင်းတရားကို ပျက်စေ၊ ဖြစ်စေ မပြုနိုင်ပါ။ ဤအရာသည် လုံး၀ မဖြစ်နိုင်ပါ။

လမ်းမလိုက်သူများကို အဆုံးစီရင်သည့်အခါ အောက်ပါအတိုင်းဖြစ်မည်ဟု သမ္မာကျမ်းစာ က ဆို၏။ ။

> "ထို့နောက် သေခြင်းနှင့်မရဏာနိုင်ငံတို့သည် မီးအိုင်ထဲသို့ ပစ်ချခြင်းခံရကြ၏။ ဤမီးအိုင်သည် ဒုတိယသေခြင်းဖြစ်၏။" - ဗျာဒိတ်ကျမ်း ၂၀:၁၄

မီးအိုင်ကို ငရဲဟုမကြာခဏဆို၏။ သို့ပြား သမ္မာကျမ်းစာက ငရဲသည် မီးအိုင်သို့အချခံရ၏ ဟုဆိုပြန်၏။ သို့ဆိုလျှင် မီးအိုင်သည် ဘာနည်း။ ဤသည်မှာ ယေရှုဘုရား လက်ဝါးကား တိုင်၌ ခံခဲ့ရသည့်အရာပင်ဖြစ်၏။ ငါတို့၏ ဘုရားသခင်သည် ဝါးမျိုသည့်မီးဖြစ်၏ - ဟေဗြဲ ၁၂:၂၉။ ၎င်း၏စင်ကြယ်သည့် သိက္ခာတော်၊ မေတ္တာတရားများ အပြစ်သားများရှေ့ ထင်ပြ သည့်အခါ ၎င်းတို့၏အပြစ်များကို မြင်စေ၏။ အလင်းသည် အမှောင်ကို ဖြိုခွင်းပြား ၎င်းတို့ က ကရုဏာတော်ကို ငြင်းခဲ့သောကြောင့် ၎င်းတို့လည်း ကာဣနအတိုင်း "ငါ့အပြစ်သည် မဖြေနိုင်အောင်ကြီးပြီ" ဟုဆိုကြပြီး သူ့သဘောသူဆောင်လေ၏။ သို့နှင့် အဓမ္မတရားက လူဆိုးများကိုသတ်၏။ အပြစ်၏အခသည် သေခြင်းဖြစ်၏ - ဆာလံ ၃၄:၂၁၊ ရောမ ၆:၂၃။

ခမည်းတော်နှင့်သားတော်တို့က ပုထုဇဉ်များကို သတ်သည်မှန်လျှင် ၎င်းတို့၌ သေခြင်း တရားရှိခြင်း ဖြစ်၏။ ဤအကြောင်းမှန်လျှင် မရဏာသည် ဖျက်ဆီးမရ ဖြစ်တော့မည်။ ရန်သူလည်း မည်မည်မဟုတ်။ ခရစ်တော်သည် ထာဝရအသက်ကို ပိုင်သည်ဆိုရုံမဟုတ်။

၎င်းကိုယ်၌သည် ထာဝရအသက်ဖြစ်၏။ သင်သည် အသက်ဖြစ်ပြီး သေခြင်းကို မပိုင်နိုင်ပါ။ လုံးလုံးမဖြစ်နိုင်ပါ။

> “စမ်းရေပေါက်တစ်ခုထဲမှ ရေချိုနှင့်ရေခါး ထွက်လေ့ရှိသလော။” - ရှင်ယာကုပ်ဩဝါဒစာ ၃:၁၁

ငါတို့သည် အရေးပါသည့်အကြောင်းကို ဆက်၍အာရုံပြုအံ့။

> “ငါတို့ရှိသမျှသည်လည်း မျက်နှာလွှားမပါသောမျက်နှာပေါ်တွင် သခင်ဘုရား၏ဘုန်းတော်ကို ထင်ဟပ်စေလျက် **ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့်အညီ** ဝိညာဉ်တော်ဖြစ်သော သခင်ဘုရားအားဖြင့် ဘုန်းတော်မှဘုန်းတော်သို့ ပုံသဏ္ဍာန်**ပြောင်းလဲစေခြင်းကိုခံရကြ၏။**” - ကောရိန္သုဩဝါဒစာဒုတိယစောင် ၃:၁၈

ငါတို့သည် ဘုရားသခင်၏ ဘုန်းတော်၊ သိက္ခာတော်များကို ကသိုင်းရှုသည့်အခါ ထို့အတိုင်း သဏ္ဍာန်တူလာမည်ဖြစ်၏။ ခမည်းတော်နှင့်သားတော်သည် ဇီဝအသက် ဖြစ်ကြသောကြောင့် ၎င်းတို့ကို ကသိုင်းရှုခြင်း၊ သိက္ခမ်းခြင်းဖြင့် ငါတို့သည် အသက်ကိုရမည်။

> “ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင် တစ်ဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုလည်းကောင်း၊ သိက္ခမ်းခြင်းတည်း။” - ရှင်ယောဟန်ခရစ်ဝင် ၁၇:၃

ဆိုလိုသည်မှာ ဓမ္မဟောင်းကျမ်းလာအကြောင်းများကို ဖတ်သည့်အခါ ဘုရားသည် ပုထုဇဉ်တို့ကို သတ်ပါသည်ဟုမှတ်လျှင် ထိုသိက္ခာတော်ကို ရှုခြင်းအားဖြင့် ထိုသိက္ခာတော်များ ငါတို့၏သိက္ခာဖြစ်လာမည်ဖြစ်၏။ ယခုတွင် ဤအကြောင်းကို အခြားဖက်မှရှုကြအံ့။ သမ္မာကျမ်းစာက အောက်ပါအတိုင်းဆို၏။ ။

> “ဤလျှို့ဝှက်နက်နဲသောအရာသည် လူမျိုးခြားတို့တွင် ဘုန်းအသရေနှင့် မည်မျှကြွယ်ဝသည်ကို သန့်ရှင်းသူတို့အားသိစေရန် ဘုရားသခင်အလိုရှိတော်မူ၏။ ဤလျှို့ဝှက်နက်နဲသောအရာမှာ **ဘုန်းအသရေတော်နှင့်ဆိုင်သော မျှော်လင့်ခြင်းဖြစ်**

**သည့် သင်တို့ထဲ၌ရှိတော်မူသောခရစ်တော်ဖြစ်၏။**" - ကောလောသဲဩဝါဒစာ ၁:၂၇

"သို့ဖြစ်၍ ငါအသက်ရှင်သည်မှာ ငါကိုယ်တိုင်မဟုတ်တော့ဘဲ **ခရစ်တော်သည် ငါ၌အသက်ရှင်တော်မူ၏။** ယခု ကိုယ်ကာယ၌ ငါအသက်ရှင်သည်မှာ ငါ့ကိုချစ်၍ ငါ့အတွက် မိမိကိုယ်ကိုစွန့်တော်မူသော ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်း အားဖြင့် အသက်ရှင်ခြင်းဖြစ်၏။" - ဂလာတိဩဝါဒစာ ၂:၂၀

ခရစ်တော်ဘုရားသည် ၎င်း၏ဝိညာဉ်တော်အားဖြင့် သင်၌ကိန်းပြီး လူသားများကို သတ်ဖြတ်ခြင်းသည် ၎င်း၏စရိုက်ဖြစ်သည်ဟု သင်မှတ်လျှင် အသက်သတ်လိုသည့် ဝိညာဉ်သည် သင့်၌ကိန်းပြီးဖြစ်၏။ ခရစ်တော်သည် ထာဝရအသက်ဖြစ်သည်ကြောင့် ခရစ်တော် နှင့် အသက်သတ်လိုသည့်စေတသိက်သည် သင့်အထဲ၌ တစ်ပြိုင်တည်း အတူနေ၍မဖြစ်ပါ။

အနီသည် လူသားများသေကြရခြင်း၏ အကြောင်းများထဲမှ တစ်ခုဖြစ်၏။ အကြောင်းမှာ ၎င်းတို့သည် လူသတ်ဘုရားကို ကိုးကွယ်သောကြောင့် ...။ ဘုရားသခင်သည် လူ ထောင်ပေါင်းများစွာကိုသတ်ခဲ့ပြီး အနာဂတ်တွင်လည်း လူသန်းထောင်ချီသတ်ဦးမည်ဟု သင်မှတ်လျှင် မရဏာတရားသည် စကြဝဠာကို အစိုးရ၏ဟု မှတ်ရတော့မည်။ ဤဘုရားမျိုးကို သင် နေ့ဆက်ကိုးကွယ်၊ ရှုလျှင် အနီကိုးကွယ်မှုက သင့်ကိုသတ်မည်ဖြစ်၏။ ဘာကြောင့်နည်း။ ငါတို့ရှုပွားသည့် ပုံသဏ္ဍာန်အတိုင်း ပြောင်းလဲကြမည်ဖြစ်သောကြောင့် - ၂ ကော ၃:၁၈။

သေခြင်းတရားကို ဘုရားသခင်လက်စတုံးနိုင်သည့်လမ်းကား ပုထုဇဉ်များက ဘုရားသားတော်ကို မည်သို့မှတ်ကြသည်ဟူသည့်အကြောင်း ၎င်းတို့အား ဖွင့်ပြခြင်းဖြင့်သာ ဖြစ်နိုင်၏။ ယေရှုသည် ဤကမ္ဘာသို့လာ၍ ပွင့်ချိန်တွင် ခရစ်တော်အပေါ် ပုထုဇဉ်တို့၏ အမုန်းတရားကို ပကတိအတိုင်း တွေ့ရ၏။ လက်ဝါးကားတိုင်ဖြစ်စဉ်က စာတန်သည် ပုထုဇဉ်

တို့ကို လွယ်စွာကြမ်းရမ်းနိုင်စေကြောင်း ငါတို့တွေ့ရ၏။ လက်ဝါးကားတိုင်၌ စတေးခံခြင်းဖြင့် ခရစ်တော်သည် စာတန်မာရ်နတ်၏ အတွင်းသဏ္ဌာန်နှင့် ပုထုဇဉ်များ၏ ဆိုးသွမ်း မှုကို အထုပ်ဖြည်ပြခဲ့၏။ လက်ဝါးကားတိုင်ကို ငါတို့ရှုသည့်အခါ ငါတို့၏အတွင်း ရုပ်ကို တွေ့ရပြီး ခရစ်တော်၏စိတ်ဝိညာဉ်အားဖြင့် ပရဟိတစိတ်၊ မုဒိတာ၊ သိမ်မွေ့ခြင်းပါရမီ များ ငါတို့အား ပံ့သကူပစ်ပေး၏။

> "ငါသည် နူးညံ့သိမ်မွေ့လျက် နှိမ့်ချသောစိတ်နှလုံးရှိသောကြောင့် ငါ့ထမ်းပိုးကို ယူ၍ထမ်းကာ ငါ့ထံ၌နည်းခံကြလော့။ ထိုအခါ သင်တို့၏စိတ်ဝိညာဉ်သည် သက်သာရာရလိမ့်မည်။" - ရှင်မဿဲခရစ်ဝင် ၁၁:၂၉

ယေရှုဘုရားသည် နှိမ့်ချ၏။ အောက်သက်ကြေ၏။ ရန်သူများကို မေတ္တာရှိ၏။ ၎င်းကို မုန်းသူများအတွက်လည်း ဆုတောင်းပေး၏။ ၎င်းကို နှိပ်စက်သူများကို ခွင့်လွှတ်ပေးရန် ၎င်း၏ခမည်းတော်ထံ၌ အသနားခံ၏။ အနှီသည် အသက်ပေးသည့် ဝိညာဉ်တော်ဖြစ်၏။ အနှီသည် အမတဖြစ်၏။

သို့နှင့် ဘုရားသည် ပုထုဇဉ်များကိုသတ်၏ဟုလာသည့် ကျမ်းပိုဒ်များသည်ဘာနည်း။ ဓမ္မဟောင်းကျမ်းကို ခရစ်တော်၏သက်တော်စဉ်ဖြင့် လေ့လာရမည်ကို သတိကပ်ပါ။ သမ္မာကျမ်းစာကို သခင်ခရစ်တော်မဲ့ဖြင့် လေ့လာလျှင် သေခြင်းသာရမည်ဖြစ်၏။ အကြောင်းကား ငါတို့နှီးနှောခဲ့ပြီးသည့်အတိုင်း လူကိုသတ်သည့်ဘုရားကို သင်ကိုးကွယ်လျှင် သင်သည် သေခြင်းဘုရားကို ကိုးကွယ်ခြင်းဖြစ်၏။ ထိုဘုရားကို မျက်မှောက်ပြုကိုးကွယ်ခြင်း ကြောင့် ဘေးဖြစ်မည်ဖြစ်၏။ ဤအကြောင်း ဣသရေလများ သိနာတောင်ပေါ်သို့ မတက် ရမည့်အမိန့်၌ စံအဖြစ်တွေ့နိုင်၏။

> "လူတို့မကျော်ရသော အဆီးအကာတို့ကို တောင်ပတ်လည်၌စီရင်၍၊ သင်တို့သည် တောင်ပေါ်သို့မတက်၊ တောင်ခြေရင်းကိုမထိရအောင် သတိပြုကြဟု ပြောလော့။ တောင်ကိုထိမိသောသူမည်သည်ကား၊

ကေန်အမှန်အသေခံစေ။ (၁၃) ထိုသူကို လက်နှင့်မထိရ။ **အကယ်စင်စစ် ကျောက်ခဲနှင့်ပစ်ရမည်။ သို့မဟုတ် လှံနှင့်ထိုးရ မည်။** လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ အသက်မရှင်ရ။ တံပိုးသည် ကြာကြာမြည် သောအခါ၊ လူများတို့သည် တောင်သို့လာရကြမည်ဟု မောရှေအား မိန့်တော်မူ ၏။" - ထွက်မြောက်ရာကျမ်း ၁၉:၁၂၊ ၁၃

၎င်းတို့သည် တမန်ဖြင့်သာ ဘုရားသခင်နှင့် အဆက်အသွယ်ပြုနိုင်၏။ မောရှေသည် ခရစ်တော်ကို ပုံဆောင်သည့် ငါတို့၏တမန်ဖြစ်၏။ မောရှေသည် ဘုရား၏သိက္ခာတော်ကို သိနားလည်သည်ကြောင့် မသေဘဲ တောင်ပေါ်သို့တက်နိုင်ခဲ့၏။ တောင်ပေါ်မှ ဆင်းလာ သည့်အခါလည်း ဘုရား၏ဘုန်းရောင်တော်သည် ၎င်း၏မျက်နှာ၌ ကွန့်မြူး၏။ ခရစ်တော် ဘုရားကို ငါတို့၏တမန်အဖြစ်မထားဘဲ ဓမ္မဟောင်းကျမ်းကို စူးစမ်းလျှင် ဘုရားကို အမှန်မမြင်ဘဲ ထိုအမှန်မမြင်ခြင်းက နိဂုံးတွင် ငါတို့ကိုသတ်မည်ဖြစ်၏။

"ငါသည် ကိုယ်တိုင်အားဖြင့် ဘုရားဖြစ်ကြောင်းကိုင်း၊ ငါမှတစ်ပါး အခြားသော ဘုရားမရှိကြောင်းကိုင်း ကြည့်ရှုကြလော့။ ငါသည် အသက်ကို သေစေ၏။ အသက်ကိုလည်းရှင်စေ၏။ ငါသည် အနာပေါ်စေခြင်းငှာ ဒဏ်ခတ်၏။ အနာကို လည်း ပျောက်စေ၏။ ငါ့လက်မှ အဘယ်သူမျှ မကယ်မနုတ်နိုင်။" - တောလည်ရာ ကျမ်း ၃၂:၃၉

ခရစ်တော်ဘုရား၏သက်တော်စဉ်ကို နှလုံးမသွင်းဘဲ အနှီကျမ်းပိုဒ်ကိုဖတ်လျှင် ငါတို့သည် အောက်ပါအတိုင်း ဖတ်မိပေမည်။ ။

ငါသည် လူအချို့ကို သေစေပြီး၊ အချို့ကို ရှင်စေ၏။

ယေရှုသည် ဤကမ္ဘာ၌ လာပွင့်စဉ်တွင် တစ်စုံတစ်ဦးကိုမှ မသတ်ခဲ့ကြောင်း သိသော ကြောင့် ထိုစာကြောင်းသည် ဘာကိုဆိုလိုမည်ကို ငါတို့အား စူးစမ်းစေ၏။ ဤ၌ ငါတို့ သတိပြုမိသည်မှာ သေနှင့်ရှင်ကို တွဲထားခြင်းဖြစ်၏။

ငါသည် သေစေပြီး ရှင်စေ၏။

"သေစေ" ကို "ရှင်စေ" နှင့် တိုက်ရိုက်ဆက်ထား၏။ ထို့ကြောင့် သတ်အပြီးတွင် ရှင်စေခြင်းသည် လိုက်လာ၏။ နောက်ထပ်သဲလွန်စကို အခြားအပိုဒ်၌တွေ့ရ၏။ ။

ငါသည် သေစေပြီးလျှင် ရှင်စေ၏။

ငါသည် နာစေပြီးလျှင် ပျောက်စေ၏။

ဤသည်မှာ ဟေဗြဲတို့၏ စာရေးနည်းဖြစ်၏။ ၎င်းကို တေးထပ်ဟုခေါ်၏။ ပထမစာကြောင်းနှင့် ဒုတိယစာကြောင်းတို့က အကြောင်းတူတစ်ခုကိုသာဖော်ပြကြပြီး ကြောင်းတူ သံကွဲဖြစ်၏။ အနာနှင့်ဆေးသည် ဝမ်းမြောက်ဖွယ်တရားထူးနှင့် တိုက်ရိုက်နွှယ်၏။ လူသစ်စိတ်သစ်ဖြစ်နိုင်ရန် အဟောင်းကိုပယ်သတ်ရပါမည်။ ငါတို့သည် ပျောက်ကင်းနိုင် ရန် အနာရှိရမည်။ ပညတ်တော်က အနာကိုပြ၏။ အဟောင်းမသေဘဲ အသစ်မဖြစ်နိုင်ပါ။ ရှင်ပေါလုက တရားဟောရာကျမ်း ၃၂:၃၉ ၏ အဓိပ္ပာယ်ကို အောက်ပါအတိုင်း ရှင်းပြ၏။

"… ကျမ်းဟောင်းတရားသည် အသက်ကိုသတ်၏။ ဝိညာဉ်တော်တရားမူကား ရှင်စေတတ်၏။" - ၂ ကော ၃:၆

ဘုရားသခင်သည် ပညတ်တော်အားဖြင့် လူဟောင်းဘဝကိုသတ်ကာ ဝိညာဉ်တော်အားဖြင့် ဘဝသစ်ကို ပေးတော်မူ၏။ ထို့ကြောင့် တရားဟောရာကျမ်း ၃၂:၃၉ လာ မောရှေဆိုခဲ့ သည့် အကြောင်းသည် ဘုရား၏လက်မှ မည်သူမှမလုယူနိုင်ရန် ဘုရားသခင်၏ ဝိညာဉ် တော်က ငါတို့ကို ကယ်တင်ကြောင်း ဖော်ညွှန်းသည့် ဝမ်းမြောက်ဖွယ်တရားထူးဖြစ်၏။

ငါတို့သည် အခြားသာဓကများကို ကျမ်းစာ၌လေ့လာလျှင် "ငါသည် သေစေ၊ ရှင်စေ၏" ၏ အနက်ကိုတွေ့ရမည်။

> “ထာဝရဘုရားသည် သေစေသောအခွင့်၊ အသက်ရှင်စေသောအခွင့်၊ မရဏာနိုင်ငံသို့ နှိမ့်ချသောအခွင့်၊ ထမြောက်စေသောအခွင့် ရှိတော်မူ၏။” - ၁ ရာ ၂:၆

ပထမစကားစုကို ဒုတိယမှိုပြန်ထပ်၏။ သို့သော် အဓိပ္ပာယ်ကို အခြားဖက်မှရှင်းပြ၏။ King James Version ၌ colon (:) ကိုသုံးထားပြီး ဆိုခဲ့ပြီးသော ရှေ့ဝါကျကို အားထပ်ဖြည့် သည့်သဘောဖြစ်၏။

ထာဝရဘုရားသည် သေစေသောအခွင့် ရှင်စေသောအခွင့်၊ မရဏာနိုင်ငံတော်ကို နှိမ့်ချသောအခွင့် ထမြောက်စေသောအခွင့် ရှိတော်မူ၏။

အနီစကားရပ်သည် ရှင်ပြန်ထမြောက်ခြင်း၊ အသက်၊ သေမင်းမဟုတ်သူ ခရစ်တော်ဘုရား ၏ ရှင်ပြန်ထမြောက်နိုင်သည့် အာနုဘော်ကိုညွှန်း၏။ အောက်ပါသည် ဟန္န အောင်မြင်မှု ရသည့်အခါ ပြုခဲ့သည့် ဝမ်းမြောက်ဆုတောင်းဖြစ်၏။ ။

> “ဆင်းရဲစေခြင်းငှာ၎င်း၊ ရတတ်စေခြင်းငှာ၎င်း၊ ထာဝရဘုရားပြု၍၊ နှိမ့်ချသောအခွင့်၊ ချီးမြှောက်သော အခွင့်ရှိတော်မူ၏။ (၈) ဆင်းရဲသောသူကို မြေမှုန့်ထဲက၎င်း၊ ငတ်မွတ်သောသူကို နောက်ချေးပုံထဲက၎င်း ချီးမြှောက်၍၊ မင်းသားတို့နှင့် ထိုင်ရသောအခွင့်၊ ဘုန်းကြီးသောပလ္လင်ကို အမွေခံရသောအခွင့်ကို ပေးတော်မူ၏။ အကြောင်းမူကား၊ မြေကြီးတိုင်တို့ကို ထာဝရဘုရားပိုင်၍ ထိုတိုင်တို့အပေါ်မှာ လောကဓာတ်ကို တည်တော်မူပြီ။” - ၁ ရာ ၂:၇၊ ၈

ပထမအကြောင်းအရာကို ဒုတိယစားကြောင်းက လိုက်လျောက်ရှိ၏။ ဟန္နသည် မြဲသည် ကြောင်း သားဖွားပေးနိုင်သည့် မယားပြိုင်၏ ပြက်ရယ်ပြုခြင်းခံရ၏။ ထိုအဖြစ်က၎င်း၏ ဇာတိခန္ဓာကို ညှင်းလျှက်ရှိပြီး သူမသည် ဘုရားသခင်ကို ကိုးစားသောကြောင့် သားဆု ရကာ အားတက်ခဲ့၏။ သူမသည် သိမ်ငယ်ခဲ့ရပြီး ယခုတွင် ခေါင်းမော့နိုင်ပါပြီ။ ယောဘ လည်း ဤသဘောတရားကို ရင်ဖွင့်ခဲ့၏။

> “လူသည် **သေ**လျှင်အသက်**ရှင်**ပြန်ပါလိမ့်မည်လော။ အကျွန်ုပ် ပြောင်းလဲချိန်မရောက်မီ၊ ပင်ပန်းစွာ အမှုထမ်းရသော နေ့ရက်ကာလပတ်လုံးသည်းခံလျက်နေပါ မည်။” - ယောဘဝတ္ထု ၁၄:၁၄

ယောဘသည် တရားဟောရာကျမ်း ၃၂:၃၉ ရှိ ဝေါဟာရများကိုပင်သုံးကာ ရှင်ပြန်ထမြောက်မည့် သမယကို တမ်းခြင်းဖြစ်၏။ ဗိုလ်ချုပ်နေမန်လည်း ၎င်း၏ရောဂါကိုကုပေးရန် ဣသရေလဘုရင်ကို အသနားခံသည့်အခါ ဘုရင်ကလည်း တရားဟောရာကျမ်း ၃၂:၃၉ ရှိ ဝါစာကို သုံးခဲ့၏။

> “ဣသရေလရှင်ဘုရင်သည် ထိုစာကိုကြည့်ပြီးမှ၊ မိမိအဝတ်ကို ဆုတ်၍၊ ငါသည် **အသက်ပေးပိုင်၊ နုတ်ပိုင်**သောဘုရားဖြစ်သောကြောင့်၊ ဤသူသည် လူနူကိုချမ်းသာပေးစေခြင်းငှာ ငါ့ထံသို့စေလွှတ်သလော။ ကြည့်ကြလော။ ဤသူသည် ငါ့ကို အဘယ်မျှလောက်ရန်ရှာချင်သည်ကို ကြည့်ကြလော့ဟု ဆို၏။” - ၄ ရာ ၅:၇

နေမန်သည် ကုဋ္ဌနူနာရောဂါကြောင့် သေမိန့်ကျသူပမာဖြစ်၏။ ဣသရေလဘုရင်ကလည်း “ဤသူက ငါ့ကို လူသေကို ရှင်စေနိုင်သူ မှတ်သလော။” ဟုမိန့်၏။

ထို့ကြောင့် ငါတို့သည် ဓမ္မဟောင်းကျမ်းအား ယေရှု၏သက္ခာပုဒ်ဖြင့် ရှုကွက်ဆင်းသည့်အခါ Miller ချပေးခဲ့သည့်စည်းကိုသုံးကာ သမ္မာကျမ်းစာတော်မြတ်၌ အကြောင်းတူများကို ရှာရပါမည်။ ထိုနောက်မှ သမ္မာကျမ်းစာက ဆိုလိုရင်းကို အလင်းပြပါလိမ့်မည်။ ရှင်မောရှေက “ငါသည် သေစေ၊ ရှင်စေ၏” ဟု ရေးမှတ်ခဲ့ရာတွင် ခရစ်တော်ဘုရားက ငါသည် ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်ဖြစ်၏ဟု မောရှေအား မိန့်ခြင်းဖြစ်၏။ ထိုအကြောင်းကို ဓမ္မသစ်၌လည်း တွေ့ရ၏။ အနီးအမှန်တရား ငါတို့သိနားလည်းသည့်အခါ မည်သူကမှ ငါတို့ကို ထာဝရဘုရားလက်မှ ဆွဲထုတ်နိုင်တော့မည်မဟုတ်။ ဤ၌

ဘုရားက *ငါသည် အချို့ကိုသတ်၏။ အချို့ကိုကယ်၏* ဟု သင် ဖတ်သေးသလောဖြစ်၏။ သင် မည်သို့ဖတ်သနည်း။

> "ကြည့်ပါတော့၊ အသက်ရှင်ခြင်းချမ်းသာနှင့် သေခြင်းဆင်းရဲတို့ကို သင့်ရှေ့မှာ ယနေ့ ငါထား၏။" - တရားဟောရာကျမ်း ၃၀:၁၅

ယေရှုဘုရားသည် ထာဝရအသက်ဖြစ်ကြောင်း သိခွင့်ရခြင်းသည် မည်မျှထူးမြတ်သနည်း။ ယေရှုသည် ငါတို့သိကြသည့်အတိုင်း အသက်ပေးရှင်၊ စီမံရှင်၊ ခမည်းတော် ပုံဆောင်ခဲဖြစ်၏။ ခမည်းတော်၌ သေခြင်း (သို့) အမှောင်ထုဟူ၍မရှိ။ ခရစ်တော်ဘုရားသည် မည်သူ့ကိုမျှ မသတ်ခဲ့ဖူးပါ။ ခမည်းတော်၏ပညတ်တော်ကို စောင့်ခဲ့သောကြောင့် ဤကမ္ဘာသို့ လာ၍ပွင့်ချိန်တွင် ထိုသို့နေပြသွားခဲ့၏။ သို့ဖြစ်၍ သင်သည် မည်သူ့ကို ကိုးကွယ်သနည်း။

သေခြင်းဖက်သည့် ဘုရားကို သင် ကိုးကွယ်လျှင် ထိုဘုရားသည် ခရစ်ဝင်ကျမ်းများလာ ယေရှုဘုရားခရစ်၏ ဘုရားမဟုတ်ပါ။ စာတန်မာရ်နတ်၌ သေခြင်းနှင့် အဓမ္မတရားရှိ၏။ ခရစ်တော်ဘုရား၌ အသက်နှင့်ဓမ္မတရားရှိ၏။ သင် မည်သူ့ကို ကိုးကွယ်မည်ကို ယနေ့ ရွေးလော့။

> "ငါ့ကိုမြင်ပြီးသူသည် ခမည်းတော်ကို မြင်ပြီးဖြစ်၏" - ရှင်ယောဟန် ၁၄:၉

ထို့ကြောင့် သင် မည်သူ့ကို ကိုးကွယ်မည်နည်း။ အရာအားလုံး သင့်လက်၌ရှိ၏။

## ၁၅။ ငါ့ခမည်းတော်၏ပညတ်တော်များ

ဆာလံကျမ်း၌ ခရစ်တော်ဘုရား ခမည်းတော်၏ပညတ်တော်များကို ကြည်ညိုသည့်အကြောင်း လာ၏။ ကယ်တင်ရှင်သည် ဤကမ္ဘာသို့ မကြွခင်တွင် ဤသို့ဆိုခဲ့၏။ ။

> "ထိုအခါ အကျွန်ုပ်က 'ကျမ်းစာလိပ်၌ အကျွန်ုပ်ကိုရည်ညွှန်း၍ ရေးထားသည့်အတိုင်း အကျွန်ုပ်လာပါပြီ။ (၈) အကျွန်ုပ်၏ဘုရားသခင်၊ ကိုယ်တော်၏အလိုတော်ဆောင်ရွက်ရသည်ကို အကျွန်ုပ်နှစ်သက်ပါ၏။ ကိုယ်တော်၏တရားတော်သည်လည်း အကျွန်ုပ်၏စိတ်နှလုံးထဲ၌ရှိပါ၏' ဟု လျှောက်၏။" - ဆာလံကျမ်း ၄၀:၇၊ ၈

ဘုရားသားတော်သည် ခမည်းတော်၏ပညတ်တော်ကို စောင့်ပြခဲ့၏။ သားတော်သည် ဤ ကမ္ဘာသို့ လာပွင့်ချိန်တွင် ပညတ်တော်ကိုကြည်ညိုကြောင်း နေ့တစ္ဆဝပြခဲ့၏။ ထို့အပြင် ယေရှု၏သက်တော်စဉ်သည် ခမည်းတော်၏ပညတ်တော် ကျင့်ပြခြင်းသာ မဟုတ်ဘဲ ဘုရား၏အလိုကို လိုက်သူများ၏သန္တာန်၌ကိန်းသည့် ၎င်း၏ပကတိရုပ်ပင်ဖြစ်၏။

> "ပညာရှိသောသူ၏သွန်သင်ချက်သည် အသက်စမ်းရေတွင်းဖြစ်၍ သေခြင်း၏ထောင်ချောက်များမှဖယ်ခွာစေတတ်၏။" - သုတ္တံကျမ်း ၁၃:၁၄

ယေရှုဘုရားသည် ဘုရားသခင်၏ပညာတော်ဖြစ်ပြီး (၁ ကော ၁:၂၄) ၎င်း၏ ပညာ့အချုပ်အခြာသည် ခမည်းတော်နှင့် ၎င်း၏ပညတ်တော်ကို ချစ်ရိုသေခြင်းဖြစ်၏။

> "ထာဝရဘုရားကိုကြောက်ရွံ့ခြင်းသည် ဉာဏ်ပညာ၏မူလအစဖြစ်၏။ သန့်ရှင်း သောအရှင်ကို သိသောဉာဏ်သည် အသိဉာဏ်ဖြစ်၏။" - သုတ္တံကျမ်း ၉:၁၀

“အချုပ်အခြာစကားဟူမူကား၊ ဘုရားသခင်ကို ကြောက်ရွံ့၍၊ ပညတ်တော်တို့ကို စောင့်ရှောက်လော့။ ဤရွေ့ကား၊ လူနှင့်ဆိုင်သော အမှုအရာအလုံးအစုံတို့ကို ချုပ်ခြာသတည်း။” - ဒေသနာကျမ်း ၁၂:၁၃

ဘုရားသခင်ကိုရိုသေကာ ပညတ်တော်ကိုစောင့်နိုင်ရန် ငါတို့၌ သားတော်၏စိတ်မျိုး ရှိရပါ မည်။ သားတော်သည် ပညတ်တော်စောင့်ထိန်းကြသူအပေါင်း၏ခေါင် ဖြစ်၏။ ခရစ်တော် ကို ကိုးစားသူများသည် ပညတ်တော်ကို သန့်ရှင်းသောဝိညာဉ်တော့် အထောက်ဖြင့် စောင့်နိုင်ကြမည်ဖြစ်၏။ ခရစ်တော်၏စိတ်မျိုးမရှိဘဲ ပညတ်တော်ကို မစောင့်နိုင်ပါ။

“သို့ရာတွင် ယခုအခါ၌ ပညတ်တရားနှင့်ပရောဖက်များသက်သေခံသော ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် ပညတ်တရားမပါဘဲ ထင်ရှားလေပြီ။ ၎င်းမှာ ယေရှု ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ယုံကြည်သူအပေါင်းတို့အပေါ် သက်ရောက် သော ဘုရားသခင်၏ဖြောင့်မတ်ခြင်းဖြစ်၏။ ဤတွင် မည်သည့်ခြားနားမှုမျှမရှိ။” - ရောမဩဝါဒစာ ၃:၂၁-၂၂

ရှင်ပေါလုက ဘုရားသခင်၏ဖြောင့်မတ်ခြင်းသည် ယေရှုဘုရားအားဖြင့်ပြခဲ့ပြီး ငါတို့၏ အကျင့်လုံ့လပဒေသာ စိုက်ထူခြင်းမလိုဘဲ ငါတို့ကို ပံ့သကူပစ်ခဲ့၏ဟုဆို၏။ အရာခပ်သိမ်း ကို ယုံကြည်ခြင်းဖြင့် ငါတို့ကိုပေးခဲ့၏။

“သို့သော် လူသည် ပညတ်တရားနှင့်ဆိုင်သော အကျင့်အားဖြင့်မဟုတ်ဘဲ ယေရှု ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခြင်းခံရကြောင်းသိကြသဖြင့် **ငါတို့သည် ပညတ်တရားနှင့်ဆိုင်သော အကျင့်အားဖြင့် မဟုတ်ဘဲ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟု အသိအမှတ်ပြု ခြင်းခံရရန် ခရစ်တော်ယေရှုကို ယုံကြည်ကြ၏။** အကြောင်းမူကား ပညတ်တရား နှင့်ဆိုင်သော အကျင့်အားဖြင့် မည်သူမျှ

ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခြင်း ခံရမည်မဟုတ်။" - ဂလာတိသြဝါဒစာ ၂:၁၆

ယေရှုဘုရားသည် ဘုရားသားဖြစ်ကြောင်း၊ ထိုနာမတော်ကို ငါတို့ယုံကြည်သည့်အခါ ခမည်း တော်အပေါ် ၎င်း၏ယုံကြည်သဒ္ဓါပုံနှင့် ပညတ်တော်စောင့်လိုသည့်သဒ္ဓါကို ငါတို့ရရှိ၏။ ဤကား ခရစ်တော်ထံမှရရှိသည့် လက်ဆောင်ထူးဖြစ်၏။ ဝိညာဉ်တော့်အထောက်ဖြင့် ငါတို့သည်ပညတ်ကို စောင့်နိုင်စွမ်း၏။

"ဝိညာဉ်တော်၏အသီးအပွင့်မူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ (၂၃) နူးညံ့ သိမ်မွေ့ခြင်း၊ မိမိကိုယ်ကိုချုပ်တည်းခြင်းပေတည်း။ **ဤအရာများကို ဆန့်ကျင်သောတရားမရှိ။**" - ဂလာတိသြဝါဒစာ ၅:၂၂၊ ၂၃

သန့်ရှင်းသောဝိညာဉ်တော် မှုတ်သွင်းမှုဖြင့် ဘုရားသားတော်သည် ပညတ်တော်အကြောင်း မည်သို့မိန့်ခဲ့ကြောင်း ဆာလံကျမ်း၌ ငါတို့တွေ့ရ၏။

"ဆိုးယုတ်သောသူတို့၏အကြံဉာဏ်အတိုင်းမလိုက်မလျှောက်၊ အပြစ်သားတို့၏ လမ်းတွင် မရပ်မနေ၊ ပြက်ရယ်ပြုတတ်သောသူတို့စုဝေးရာအရပ်၌မထိုင်၊ (၂) **ထာဝရဘုရား၏တရားတော်၌မွေ့လျော်၍ ထိုတရားတော်ကို နေ့ညမပြတ် ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏။** (၃) **ထိုသူကား ရေစီးသောချောင်း နားမှာစိုက်ထား၍ မိမိအချိန်တန်သောအခါအသီးသီးပြီး အရွက်မညှိုးနွမ်းတတ် သောအပင်နှင့်တူ၏။** ပြုလေသမျှတို့၌အောင်မြင်တတ်၏။" - ဆာလံကျမ်း ၁:၁-၃

ခရစ်တော်၏ဝိညာဉ်တော်အားဖြင့် ပညတ်တော်သည် မဟာသက်စမ်းရေဖြစ်တော်မူ၏။ အနီးကို အရိုက်ခံရသည့်ကျောက်တောင်မှထွက်သည့် ရေနှင့် ပုံဆောင်ပြထား၏။

"ထိုအရပ်၌ရှိသောကျောက်ပေါ်တွင် သင့်ရှေ့မှာငါရပ်နေမည်။ သင်သည် ထိုကျောက်ကိုရိုက်ရမည်။ လူများသောက်ဘို့ ထိုကျောက်ထဲကရေထွက်လိမ့်မည်ဟု မောရှေအားမိန့်တော်မူ၏။ မောရှေသည်လည်း ဣသရေလအမျိုး အသက်ကြီး သူတို့ရှေ့မှာ ထိုသို့ပြုလေ၏။" - ထွက်မြောက်ရာကျမ်း ၁၇:၆

ဟောရပ်အရပ်သည် သိနာတောင်ရှိရာအရပ်ပင်ဖြစ်၏။ ထို့ကြောင့် သောက်တော်ရေထွက်ခဲ့ရာအရပ်သည် ပညတ်တော်ပြဋ္ဌာန်းခဲ့ရာ အရပ်ပင်ဖြစ်၏။ ထို့ကြောင့် ခရစ်တော်ဘုရား၌ ပညတ်တော်ဟူသည် သက်မဲ့စာမဟုတ် အသက်ရှိ၏။ ငါတို့သည် ခရစ်တော်ဘုရားကို လက်ခံသည့်အခါ ဝိညာဉ်တော်လက်ဆောင်ကို အောက်ဖေါ်ပြပါ စိတ်မျိုးဖြင့် လက်ခံရရှိ၏။

"အကျွန်ုပ်သည် ကိုယ်တော်၏တရားတော်ကို အလွန်မြတ်နိုးပါ၏။ ထိုတရားတော် သည် တစ်နေ့လုံး အကျွန်ုပ်ဆင်ခြင်အောက်မေ့စရာဖြစ်ပါ၏။" - ဆာလံကျမ်း ၁၁၉:၉၇

အနီဝါစာသည် သမ္မာကျမ်းစာအုပ်ရှိ အရှည်ဆုံးအခန်းကြီးမှဖြစ်၏။ ပညတ်တော်ကြီးမြတ် ကြောင်း ချပြသည့်အခန်းကြီးဖြစ်၏။ အရိုးရှင်းဆုံးဆိုရလျှင် ပညတ်တော်သည် ဘုရား၏ သိက္ခာစစ်စုံကိုပြသည့် စာဖြစ်၏။ သားတော်ဘုရားသည် ခမည်းတော်ကိုချစ်သောကြောင့် ပညတ်တော်ကိုလည်း ကြည်ညိုသဒ္ဓါ၏။ ပညတ်တော်ပြဋ္ဌာန်းချက်များနှင့် ဘုရားသခင့် သိက္ခာတော်ကို နှိုင်းယှဉ်သည့်အခါ တစ်ထပ်တည်းဖြစ်ကြောင်း သင် တွေ့ရမည်။

| ဘုရား၏သိက္ခာတော် | | ဘုရား၏ပညတ်တော် | |
|---|---|---|---|
| ၁။ နာမ်ဝိညာဉ် | ယောဟန် ၄:၂၄ | ၁။ ဝိညာဉ် | ရောမ ၇:၁၄ |

| | | | |
|---|---|---|---|
| ၂။ ချစ်ခြင်းမေတ္တာ | ၁ ယော ၄:၈ | ၂။ ချစ်ခြင်း | မသဲ ၂၂:၃၇-၄၀ |
| ၃။ သမ္မာတရား | ယောဟန် ၁၄:၆ | ၃။ သစ္စာတရား | ဆာလံ ၁၁၉:၁၄၂ |
| ၄။ ဖြောင့်မတ် | ၁ ကော ၁:၃၀ | ၄။ ဖြောင့်မတ် | ဆာလံ ၁၁၉:၁၄၄၊ ၁၇၂ |
| ၅။ သန့်ရှင်း | ဟေရှာယ ၆:၃ | ၅။ သန့်ရှင်း | ရောမ ၇:၁၂ |
| ၆။ စုံလင် | မသဲ ၅:၄၈ | ၆။ စုံလင် | ဆာလံ ၁၉:၇ |
| ၇။ ကောင်းမြတ် | လုကာ ၁၈:၁၉ | ၇။ ကောင်းမြတ် | ရောမ ၇:၁၂ |
| ၈။ တရားမျှတ | တရား ၃၂:၄ | ၈။ တရားမျှတ | ရောမ ၇:၁၂ |
| ၉။ သန့်ရှင်း | ၁ ယော ၃:၃ | ၉။ သန့်ရှင်း | ဆာလံ ၁၉:၈ |
| ၁၀။ မပြောင်းလဲ | ယာကုပ် ၁:၁၇ | ၁၀။ မပျက်စီး | မသဲ ၅:၁၈ |
| ၁၁။ အစဉ်အမြဲတည် | ဆာလံ ၉၀:၂ | ၁၁။ အစဉ်အမြဲတည် | ဆာလံ ၁၁၁:၇၊၈ |
| ၁၂။ လမ်း | ယောဟန် ၁၄:၆ | ၁၂။ လမ်း | မာလခိ ၂:၇-၉ |
| ၁၃။ ကြီးမြတ် | ဆာလံ ၄၈:၁ | ၁၃။ ထူးဆန်းသော | ဟောရှေ ၈:၁၂ |
| ၁၄။ သန့်ရှင်းစင်ကြယ် | မသဲ ၈:၃ | ၁၄။ စင်ကြယ် | ယေဇကျေလ ၂၂:၂၆ |

ပညတ်တော်များကို ငါတို့ဆန်းစစ်သည့်အခါ လူနှင့်ဘုရား ဆက်ဆံရေး၊ လူလူချင်း ဆက်ဆံရေး နှစ်ခုစလုံးကို ထိန်းကျောင်းပေးကြောင်းကို တွေ့ရ၏။

| ဘုရားသခင့်သိက္ခာတော် | |
|---|---|
| ၁။ ငါသည်သင့်ကို ကျွန်ခံနေရာမှ ကယ်နုတ်ခဲ့၏။ ငါမှတစ်ပါး အခြားသော ဘုရားကို မကိုးကွယ်နှင့် | ရွေးနုတ်ရှင်၊ ကယ်တင်ရှင်၊ ဘုရားစစ်၊ မိတ်ဖွဲ့နိုင်သည် |
| ၂။ သင်သည် ဆင်းတုတော် မပြုလုပ်ရ | သင်သည် သစ်သား၊ ကျောက်၊ မိစ္ဆာဝါဒတို့ဖြင့် အဆက်အသွယ်ပြု၍မရ |
| ၃။ သင်သည် နာမတော်ကို အလွဲမသုံးရ | သမာဓိရှိ။ ပွင့်လင်းသည်။ မိတ်ဖွဲ့နိုင်သည်။ |
| ၄။ ဥပုသ်နေ့ကို အောက်မေ့လော့။ အကြောင်းမူကား ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာများကို ခြောက်ရက်နှင့် ဖန်ဆင်းခဲ့၏ | ဖန်ဆင်းရှင်၊ အသက်ရင်းမြစ်၊ မိတ်ဖွဲ့နိုင်သည်။ |
| ၅။ သင်၏မိဘကို ရိုသေစွာပြုလော့ | မိသားစု/မိတ်ဖြစ်ခြင်းကို ရှေ့ရှုသည်။ ဖခင် ဦးဆောင်သည် |
| ၆။ သင်သည် လူ့အသက်မသတ်ရ | အသက်သည် အဖိုးတန်၏။ မိတ်ဖြစ်ခြင်းသည် အမြဲ၊ ငါသည် အသက်ရင်းမြစ် |
| ၇။ သင်သည် သူ့မယားကို မပြစ်မှားရ | တရားဝင် ထိမ်းမြားခြင်းသည် ထာဝရ။ |
| ၈။ သင်သည် သူ့ဥစ္စာကို မခိုးရ | လောကုတ္တရာ/ဆက်ဆံရေး၊ ဥစ္စာခပန်းကို မရှေ့ရှု |
| ၉။ သင်သည် မုသားမဆိုရ | သမာဓိရှိ၊ ပွင့်လင်းသည်၊ မိတ်ဖက်ဖွဲ့နိုင်သည် |

| | |
|---|---|
| ၁၀။ သင်သည် သူ့ဥစ္စာကို မတပ်မက်ရ | ဖန်ဆင်းရှင်၊ အသက်ရင်းမြစ်။ မိတ်ဖက်ဖွဲ့နိုင်သည်။ |

၁။ ပထမပညတ်က ဘုရားသခင်သည် ဣသရေတို့ကို အီဂျစ်ပြည်ကျွန်ဘဝမှ ကယ်ထုတ် ကြောင်းကို နောက်ကြောင်းပြန်ပြ၏။ ဘုရားသခင်သည် ရွေးနုတ်ရှင်၊ ကယ်တင်ရှင် ဖြစ်ကြောင်း ဆို၏။ ၎င်းကိုသာ ကိုးကွယ်ရန် ပြဋ္ဌာန်းရာ၌ ၎င်းသည် ကျွန်ုပ်နှင့် ရင်းနှီး လိုကြောင်းကို ပြ၏။

၂။ ဒုတိယပညတ်က ရင်ဘတ်ချင်းနီးသည့် *ရင်းနှီးမှု* ကို ဘုရားသခင်လိုလားကြောင်း ကျွန်ုပ်ကိုပြ၏။ ရုပ်တုကိုးကွယ်ခြင်းသည် နှလုံးသားမပါသည့် ကိုးကွယ်မှုဖြစ်၏။ ရုပ်တုကိုးကွယ်ခြင်းသည် လောကုတ္တရာချင်းချင်း၊ စိတ်စိတ်ချင်း ကိုးကွယ်မှုမျိုး မဟုတ်။ ရုပ်တုကိုးကွယ်ခြင်းသည် အာရုံဖော်ခြင်းဖြစ်၏။ အသက်၊ အတွေးအခေါ် မရှိသည့်အရာကို ဆက်သွယ်ခြင်းဖြစ်၏ (သို့) မိစ္ဆာဝါဒဖြစ်၏။

၃။ တတိယပညတ်က ဘုရားသည် *ပေါင်းသင်းဆက်ဆံရေး* ၌ ပွင့်လင်းကြောင်းကိုပြ၏။ ၎င်းနှင့်*မိတ်ဖက်* ဖြစ်သည့်အခါ ဘာမျှအရာမထင်စေမည့် ဟန်ဆောင်ခြင်းကို မလို လားပါ။

၄။ စတုတ္ထပညတ်သည် မဒမတိုင်ဖြစ်၏။ ဘုရားသခင်သည် အသက်ရင်းမြစ်၊ အရာ ခပ်သိမ်းကို ဖန်ဆင်းခဲ့ကြောင်းကိုပြ၏။ အနီးပညတ်သည် ငါတို့က ၎င်းကိုမည်သို့ မှတ်ကြောင်း၊ ငါတို့က ၎င်းကို တုံ့ပြန်ပုံအပေါ် ကြီးစွာသြဇာညောင်း၏။ ဥပုသ်ဆိုင်ရာ ပညတ်တော်သည် အခြားသောပညတ်များထက် ရှည်ကြောင်းကို သတိချပ် ရမည်။

၅။ ပဥ္စမပညတ်က အသက်သည် မည်သည့်လမ်းကြောင်းမှ လာကြောင်းကို ပြသော ကြောင့် အခရာကျသည့်ပညတ်ဖြစ်၏။ ငါတို့သည် မိဘများအပေါ်

ဂါရဝတရားရှိလျှင် အသက်ရှည်မည်ဟု ကတိလာ၏။ ဤ၌ မိဘများသည် ငါတို့ကို ဘုရားအကြောင်း လမ်းပြသည့်ပုဂ္ဂိုလ်များဖြစ်ကာ ၎င်းတို့ကို လောကွတ်ပြုခြင်းက ဘုရားကိုလည်း လောကွတ်ပြုခြင်းဖြစ်တော့၏။

၆။ ဆဋ္ဌမပညတ်က ဘုရားသခင်သည် အသက်ကိုတန်ဖိုးထားကြောင်း ပြတော်မူ၏။ ဘုရားသခင်သည် *မိတ်ဖြစ်ခြင်း* ကို ထာဝရမြဲစေလိုကြောင်းကိုလည်း ပြတော်မူ၏။

၇။ သတ္တမပညတ်က ဘုရားနှင့်ပတ်သက်၍ အချို့သော *မိတ်ဖြစ်ခြင်း* သည် အန္တရာယ်ဖြစ်ကြောင်း ကိုပြ၏။ ဤပညတ်စဉ်သည် အခြားသောဘုရားကို မကိုးကွယ်ရ ပညတ် ကို ရောင်ပြန်ဟပ်သည့် ပညတ်တည်း။ ဘုရားသည် ငါတို့၏ *အသက်ရင်းမြစ်* ဖြစ် ကြောင်း အမှတ်ရစေ၏။

၈။ အဋ္ဌမပညတ်က ဘုရားသခင်သည် ငါတို့၏နိစ္စဓူဝလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည် ဟုဆို၏။ ဘုရားသည် ငါတို့ကိုဖေးမမည်။ ဘုရားသည် ဥစ္စာ၌မဟုတ်ဘဲ *မိတ်ဖြစ်ခြင်း* ကို ရှေ့ရှုကြောင်းကိုလည်း ပြ၏။

၉။ နဝမပညတ်သည် တတိယပညတ်၏ရောင်ပြန်တည်း။ ဘုရားသခင်က *မိတ်ဖြစ်ရာတွင်* ပွင့်လင်းမှု၊ သမာဓိများရှိစေလို၏။ မုသားသည် ငါတို့၏ *အမှတ်သညာ* ကို တစ်ဖက်ဖြစ်စေ၊ နှစ်ဖက်လုံးကို ဖျက်ဆီးကာ မိတ်ပျက်စေ၏။

၁၀။ ဒသမပညတ်ကို ဘုရားဖက်မှယူလျှင် ဘုရားသည် အသက်ရင်းမြစ်ဖြစ်ကြောင်းကို အ မှတ်ရစေ၏။ အနီးအကြောင်းကို ငါတို့ လုံးလုံးယုံလျှင် ဘာကိုမျှ တပ်မက်တော့မည် မဟုတ်။ ဤ၌လည်း ဘုရားသခင်၏ လောကုတ္တရာဆိုင်ရာ *မိတ်သဟာ* အကြောင်းကို ထပ်လောင်းပြသ၏။ ပညတ်အမှတ်စဉ် (၅) မှ (၉) ကို မံသစက္ခုဖြင့် မြင်နိုင်၊ ပြနိုင်ပြီး ဒသမပညတ်သည် သန္တာန်နှင့်ဆိုင်၏။ မမြင်ရ။ ထို့ကြောင့် ဒသမပညတ်သည် ဘုရား သခင့်နိုင်ငံတော်၏ သဘောသဘာဝကို နားလည်ရေးအတွက် အခရာကျ၏။

ထို့ကြောင့် ပညတ်တော် (၁၀) ပါး သံခိပ်ကား ဘုရားသခင်သည် -

၁။ အသက်ရှင်းမြစ်

၂။ ဖန်ဆင်းရှင်

၃။ ရွေးနုတ်ရှင်

၄။ စိတ်အရင်းခံသည့် သဟာယကို လိုလား၏။

၅။ ဖခင်ပမာ လိုအပ်သည်များကို ဖြည့်ဆည်းပေး၏။

တပည့်တော်ကြီး ရှင်ယောဟန်က ၎င်း၏ပထမသြဝါဒစာတွင် ဘုရားသခင်သည် ချစ်ခြင်း မေတ္တာဖြစ်ကြောင်း၊ ပညတ်တော်သည် ၎င်း၏သီလစစ်စုံကိုပြခြင်းဖြစ်ပြီး ချစ်ခြင်းမေတ္တာ လည်းဖြစ်ကြောင်း ဆိုခဲ့၏။ ။

> "ဘုရားသခင်ကို ငါသိကျွမ်း၏ဟုဆိုလျက် ဘုရားသခင်၏ပညတ်တော်တို့ကို လိုက်နာစောင့်ထိန်းခြင်းမရှိသောသူသည် လိမ်လည်သောသူဖြစ်၍ သမ္မာတရားသည် ထိုသူ၌မရှိ။ (၅) သို့ရာတွင် မည်သူမဆို ဘုရားသခင်၏စကားကို လိုက်နာစောင့်ထိန်းလျှင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် ထိုသူ၌ အမှန်ပင် ပြည့်စုံ၏။ ဤသို့ဖြင့် ငါတို့သည် ဘုရားသခင်၌ရှိသည်ကို သိကြ၏။" - ရှင်ယောဟန်သြဝါဒစာပထမစောင် ၂:၄၊ ၅

ယေရှုဘုရားက အနှီကို အောက်ပါအတိုင်းဆို၏။ ။

> "ခမည်းတော်သည် ငါ့ကိုချစ်တော်မူသကဲ့သို့ ငါသည်သင်တို့ကိုချစ်၏။ ငါ၏ချစ်ခြင်းမေတ္တာ၌ တည်နေကြလော့။ (၁၀) **ငါသည် ငါ့ခမည်းတော်၏ပညတ်တို့ကို စောင့်ရှောက်၍ ခမည်းတော်၏မေတ္တာ၌ တည်နေသကဲ့သို့၊ သင်တို့သည် ငါ့ပညတ်တို့ကို စောင့်ရှောက်လျှင်၊ ငါ့မေတ္တာ၌ တည်နေကြလိမ့်မည်။** (၁၁) သင်တို့၌ ငါ၀မ်းမြောက်စရာအကြောင်း တည်စေခြင်းငှာလည်းကောင်း၊ သင်တို့ ဝမ်း

မြောက်စရာအကြောင်း စုံလင်စေခြင်းငှာလည်းကောင်း၊ ဤစကားကို သင်တို့အားငါဟောပြော၏။ (၁၂) **ငါ့ပညတ်ဟူမူကား၊ ငါသည် သင်တို့ကိုချစ်သည်နည်းတူ၊ သင်တို့သည် အချင်းချင်းချစ်ကြလော့။**" - ရှင်ယောဟန်ခရစ်ဝင် ၁၅:၉-၁၂

ယေရှုဘုရားသည်။ ။

- ၎င်း၏ခမည်းတော်ကို ချစ်သောကြောင့် ၎င်း၏ခမည်းတော်မှတစ်ပါး အခြားဘုရားမရှိ။
- ၎င်း၏ခမည်းတော်ကို ချစ်သောကြောင့် ဘုရားများကို မရှိခိုး၊ ဘုရားမထု။
- ခမည်းတော်၏သိက္ခာတော်ကို အကုန်အစင်ပြသောကြောင့် ခမည်းတော်၏နာမတော်၊ သီလတော်ကို အလွဲမသုံး။
- ခမည်းတော်နှင့်အတူ ဥပုသ်သဟာယပြုရခြင်းကို ပီတိဖြစ်၏။
- ၎င်း၏ခမည်းတော်ကို ရိုသေ၏။
- ယေရှုသည် ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်ရင်းမြစ်ဖြစ်သည်ကြောင့် လူအသက်ကိုမသတ်ပါ။
- ၎င်းနှင့် မအပ်စပ်သည်များကို အားမထုတ်ခြင်းကြောင့် ကာမေသုမိစ္ဆာစာရကံကို မကျူးလွန်ပါ။
- ခမည်းတော်ထံမှရခဲ့သည့် အမွေကို ကိုးစားသောကြောင့် အာဒိန္နာဒါနကံကို မကျူးလွန်ပါ။
- မုသားသည် သဟာယမင်္ဂလာကို ဖျက်ဆီးသောကြောင့် မုသားဝါစာကိုမဆိုပါ။
- ခမည်းတော် ဖြည့်ဆည်းပေးသည်များအပေါ် ရောင့်ရဲသောကြောင့် ဘာကိုမှ မတပ်မက်ပါ။

အများစုက ပညတ်ချက် (၁၀) ချက်မှ (၉) ချက်ကို လက်ခံနိုင်ပေမည်။ အများအတွက် ခက်နေသည်မှာ လူအသက်ကို မသတ်ရမည့်ပညတ်ဖြစ်၏။ ထာဝရဘုရား၏ ဗိုလ်မှူးနှင့်ဆုံခဲ့သည့် ယောရှု၏အဖြစ်ကို ငါတို့ မည်သို့ယူသနည်း။

"ယောရှုသည် ယေရိခေါမြို့အနားမှာရှိနေစဉ် မျော်ကြည့်၍၊ လူတစ်ယောက်သည် ဓားကိုဓားအိမ်မှ ထုတ်ကိုင်လျက်၊ ကန့်လန့်ရပ်နေသည်ကို မြင်လျှင်၊ သူ့ထံသို့ သွား၍ သင်သည်ငါတို့ဘက်၌နေသောသူလော၊ ငါတို့ရန်သူဘက်၌နေသောသူလောဟုမေးသော်၊ (၁၄) ထိုသူက၊ ထိုသို့မဟုတ်၊ ထာဝရဘုရား၏ဗိုလ်ခြေကို အုပ်စိုးသောဗိုလ်မှူးဖြစ်၍ ယခုငါလာသည်ဟုဆို၏။ ယောရှုသည်လည်း မြေပေါ်မှာ ပျပ်ဝပ်ကိုးကွယ်လျက်၊ ကိုယ်တော်ကျွန်အား အဘယ်သို့မိန့်တော်မူမည်နည်းဟု မေးလျှောက်၏။" - ယောရှုမှတ်စာ ၅:၁၃၊ ၁၄

ယောရှုသည် ခါနာန်ပြည်သားများကို သုတ်သင်သည့်အခါ အများက ယောရှုပျပ်ဝပ်ကိုးကွယ်ခဲ့သည့် ဘုရားသားတော်က အားပေးဦးဆောင်ခဲ့သည်ဟု မှတ်ပေမည်။ အာရှုရိစစ်တပ် ပျက်ခဲ့ရသည့်ဖြစ်စဉ်သည် ဘုရားသားတော်က ၎င်းရွေးနုတ်ခဲ့သည့်သူများကို ကူရန် ထိုစစ်သားများကို အကယ်ပင်သုတ်သင်ခဲ့သည့်သာဓကဟု ပြတတ်ကြ၏။

"ထိုည၌တွင် ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထွက်၍ အာရှုရိတပ်တွင် လူတသိန်းရှစ်သောင်းငါးထောင်တို့ကို ဒဏ်ခတ်လေ၏။ နံနက်စောစောထချိန် ရောက်သောအခါ၊ ထိုသူအပေါင်းတို့သည် အသေကောင်ဖြစ်ကြ၏။" - ၄ ရာ ၁၉:၃၅

အာရှုရိစစ်သားများအကြောင်း နောက်အခန်းများ၌ နှီးနှောအံ့။ ငါတို့အာရုံပြုလိုသည်ကား ယေရှုဘုရား ဤကမ္ဘာသို့ ပွင့်ခဲ့ချိန်တွင် မည်သူ့ကိုမှ မသတ်ခဲ့သည့်အကြောင်းဖြစ်၏။ ယေရှုခရစ်ဘုရား ဤကမ္ဘာသို့ပွင့်ခဲ့စဉ်၌ ခမည်းတော်၏ဂုဏ်တော်အစုံကို ပြခဲ့သည်ဟု ငါတို့နှီးနှောခဲ့၏။ ဖိလစ်ထံဆိုခဲ့သည့်အတိုင်း ဖြစ်၏။ ။

"ယေရှုက "ဖိလိပ္ပု၊ ငါသည် သင်တို့နှင့်အတူ ဤမျှလောက်ကြာမြင့်စွာ ရှိလျက်နှင့်ပင် သင်သည် ငါ့ကိုမသိခဲ့သလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်လေပြီ။ သို့ဖြစ်လျှင် 'ခမည်းတော်ကို အကျွန်ုပ်တို့အားပြတော်မူပါ' ဟု သင်မည်သို့ဆိုနိုင်သနည်း။" - ရှင်ယောဟန်ခရစ်ဝင် ၁၄:၉

ယေရှုဘုရားက ခမည်းတော်၏ဂုဏ်တော်အစုံကို ချပြခဲ့ကြောင်း ဖိလစ်ထံ မိန့်ခဲ့၏။ ယေရှု ဆုတောင်းများထဲမှ တစ်ခုတွင် အောက်ပါအတိုင်းဆို၏။ ။

"**ဤလောကထဲမှ ကိုယ်တော်ရွေးကောက်၍ အကျွန်ုပ်ထံပေးအပ်တော်မူသော သူတို့အား ကိုယ်တော်၏နာမတော်ကို အကျွန်ုပ်ထင်ရှားစေပါပြီ။** ထိုသူတို့သည် ကိုယ်တော်ပိုင်တော်မူသောသူများဖြစ်ကြ၍ ကိုယ်တော်သည် သူတို့ကို အကျွန်ုပ်ထံ ပေးအပ်တော်မူ၏။ သူတို့သည်လည်း ကိုယ်တော်၏နှုတ်ကပတ်တရားကို လိုက်နာစောင့်ထိန်းကြပါပြီ။" - ရှင်ယောဟန်ခရစ်ဝင် ၁၇:၆

သမ္မာကျမ်းစာတော်မြတ်၌ *နာမည်* သည် ပုဂ္ဂိုလ်တစ်ဦး *ဂုဏ်* ကို ဆောင်၏။ ယေရှုကလည်း ထိုဂုဏ်တော်ကို ၎င်းထံပေးအပ်သော တပည့်တော်များရှေ့၌ ချပြ၏။

"အကျွန်ုပ်ဆောင်ရွက်ရန် ကိုယ်တော်ပေးအပ်တော်မူသောအမှုတော်ကို ပြီးမြောက်စေ၍ **အကျွန်ုပ်သည် ကိုယ်တော်၏ဘုန်းတော်ကို မြေကြီးပေါ်၌ ထင်ရှားစေပါပြီ။**" - ရှင်ယောဟန်ခရစ်ဝင် ၁၇:၄

ယေရှုဘုရားသည် ဘုရားသခင်ကို ကိုယ်စားပြုသူဖြစ်၏ (ဟေဗြဲ ၁:၃)။ အနှီဘုန်းတော်နှင့် ဇာတိများကို ဤကမ္ဘာသို့ပြခဲ့၏။ ဆိုလိုသည်မှာ ယေရှုဘုရား၏သက်တော်စဉ်သည် ဘုရားသခင်၏သီလပုဒ်ဖြစ်သည့် ပညတ်တော် (၁၀) ပါးကို အစုံပြခဲ့သည် သက်တော်စဉ် ဖြစ်၏။ ယေရှုဘုရား ဤကမ္ဘာ၌ ပွင့်တော်မူစဉ်တွင် တစ်ဦးကိုမျှမသတ်ခဲ့ပါ။ ၎င်း၏နှုတ်မှ ခမည်းတော်၏ ပညတ်တော်ကို စောင့်ခဲ့သည်ဟု မိန့်ရာတွင် ထိုအကြောင်းသည် ပါပြီး သားဖြစ်၏။ ထိုမိန့်မြွက်ချက်က ဘုရားသခင်သည်

လူကိုမသတ်ကြောင်းကို ပြက်ပြက် ထင်ထင်တည်စေ၏။ ဤအကြောင်း ပညတ်တော်၌ ပြဋ္ဌာန်းထားပြီး သားတော်ကလည်း ဤကမ္ဘာ၌ လက်တွေ့ပြခဲ့၏။

အနီးပညတ်၏အလိုတော်များထဲမှ တစ်ခုကား ရန်သူကိုပင်ချစ်ရန်အကြောင်းဖြစ်၏။ ဆိုးသွမ်းလှသောကြောင့် ဘုရားရိုက်သင့်သည့်သူများ ကေန်ရှိပါလျှင် လူသားများကလည်း အချင်းချင်းကို သေထိုက်သည်ဟု မြင်ခြင်းကို ပြန်သုံးသပ်ခွင့်ပေး၏။ ထိုစက်ဝိုင်းကျဉ်းကပင် ငါတို့၏ရန်သူများကို ချစ်စေ၏။ ထို့အစား ငါတို့က ထိုလူများသည် တရားပျက်ကြသည်၊ ဘုရားရိုက်သင့်သူများဖြစ်၏ဟု အလွယ်ဆုံးဖြတ်ကြ၏ (သို့) လိုအပ်လျှင် ၎င်းတို့ကို ဖျက်ဆီးရန် တမန်စေလွှတ်မည်ဟု မှတ်တတ်ကြ၏။ ထို့ကြောင့် ဘုရားကရိုက်သည် ဆိုသည့်အမှတ်သည် ရန်သူများကို ချစ်ရမည့်ဝန်မှရှောင်နိုင်ရန် သုံးကြသည့်ထုံးဖြစ်၏။ ယေရှုဘုရားက ပညတ်တော်အကြောင်း ရှင်းပြသည့်အခါ ဘုရားသခင်နှင့် လူသားအားလုံး ကို ချစ်ကြရန် ရှင်းပြခဲ့၏။

> "တစ်ခါက ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးသည် ထ၍ 'ဆရာ၊ ထာဝရအသက်ကို အမွေဆက်ခံရန် မည်သည့်အမှုကို အကျွန်ုပ်ပြုရပါမည်နည်း' ဟု ကိုယ်တော်ကို အကဲစမ်း၍မေးလျှောက်လေ၏။ (၂၆) ကိုယ်တော်ကလည်း 'ပညတ်တရားကျမ်းတွင် မည်သို့ရေးထားသနည်း။ သင်မည်သို့ဖတ်ရသနည်း' ဟု မေးတော်မူလျှင် (၂၇) ထိုသူက 'သင်၏ဘုရားသခင်ထာဝရဘုရားကို သင်၏စိတ်နှလုံးအကြွင်းမဲ့၊ သင်၏စိတ်ဝိညာဉ်တစ်ခုလုံး၊ သင်၏အစွမ်းသတ္တိရှိသမျှနှင့် သင်၏အသိဉာဏ်ရှိသမျှတို့ဖြင့် ချစ်ရမည်ဟူ၍လည်းကောင်း၊ ကိုယ့်ဝန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရမည်ဟူ၍လည်းကောင်း ဖြစ်ပါသည်' ဟု လျှောက်လေ၏။ (၂၈) ကိုယ်တော်ကလည်း 'မှန်ပေ၏။ ထိုအတိုင်းပြုလော့။ သို့ပြုလျှင် အသက်ရှင်လိမ့်မည်' ဟု မိန့်တော်မူ၏။ (၂၉) ထိုသူသည် မိမိကိုယ်ကိုဖြောင့်မတ်ကြောင်း ဖော်ပြလို၍ 'သို့ဖြစ်လျှင် မည်သူသည် အကျွန်ုပ်၏ဝန်းကျင်၌ရှိသောသူဖြစ်သနည်း' ဟု ယေရှုအား မေးလျှောက်လေ၏။" - ရှင်လုကာခရစ်ဝင် ၁၀:၂၅-၂၉

ပညတ္တိကျမ်းတတ်ပုဂ္ဂိုလ်အား ၎င်းမုန်းနေသည့်သူများအပေါ် ပတ်ဝန်းကျင်အားလုံးကို မေတ္တာပြရန် အလင်းပြသည့်အခါ ၎င်းကလည်း အများလမ်းစဉ်ကို လိုက်ခဲ့၏ - ထို ကား ကျမ်းစာလာခက်ဆစ်များကို အဘိဓာန်ပြန်ဖွင့်ခြင်း ဖြစ်၏။ ၎င်းအဘိဓာန်ဖွင့်လိုသည့် ဝေါဟာရကား *ကိုယ်နှင့်စပ်ဆိုင်သူ* ဖြစ်၏။ ပုထုဇဉ်များစွာက ပညတ်စဉ်အမှတ် (၆) လာ *လူအသက်မသတ်ရ* ကို အနက်ပြန်ဖွင့်ရန် ကြံဆောင်သည်နှင့် ပမာဆင်၏။ ယေရှုဘုရား ဤကမ္ဘာသို့ပွင့်စဉ်က ၎င်း၏ သက်တော်စဉ်ဖြင့် ပညတ်တော်ကို အဘိဓမ္မာဖွင့်ပြခြား ပညတ်၏ရည်ရွယ်ချက်ကို ပြောင်းလိုသည့်စိတ် လူ၌ကျန်ဆဲဖြစ်၏။ အောက်ပါစာပိုဒ်က အများ၏မှတ်ယူပုံကို ပြ၏။ ။

> "လူအသက်သတ်ခြင်း" နှင့် "အသက်သတ်ခြင်း" အတွက် ဟေဗြဲပါဠိ (ratsakh နှင့် mut)၊ ခေါမဂရိပါဠိ (phoneuo နှင့် apokteino) ဟူ၍ ဝေါဟာရ (၂) လုံးစီရှိ၏။ တစ်ခုသည် "သေစေရန်" ဖြစ်ပြီး ကျန်တစ်ခုသည် "သတ်ရန်" ဖြစ်၏။ **ပညတ် တော် (၁၀) ပါး၌ ပြဋ္ဌာန်းခဲ့သည်မှာ ဒုတိယဝေါဟာရဖြစ်၏။ ပထမဝေါဟာရ မဟုတ်။** ratsakh သည် အင်္ဂလိပ်ဝေါဟာရ "murder" ထက်ကျယ်ပြန့်၏။ Ratsakh သည် ဂရုမစိုက်ခြင်း၊ မသိ နားမလည်ခြင်းကြောင့်သေခြင်းများ ပါဝင်ပြီး **စစ်အတွင်း၌ သတ်ဖြတ်ကြခြင်းအကြောင်းရှင်းရာ၌ ဘယ်အခါမျှမသုံးဖူးပါ။ ထို့ ကြောင့်လည်း ခေတ်သစ်ကျမ်းများ၌ ပညတ်အမှတ်စဉ် (၆) ကို အင်္ဂလိပ်ဘာသာ၌ "အသက်ကိုမသတ်ရ-kill" ကိုမသုံးဘဲ "လူအသက်ကိုမသတ်ရ-murder" ကို သုံး ကြ၏။** မည်သို့ဆိုစေ လူတစ်ဦးသုံးသည့် မူကွဲ (version) ကျမ်းကြောင့် ပြဿနာ ပေါ်နိုင်၏။ အစဉ်အလာကြီးသည့် King James Version က သူ့အသက်ကို မသတ်ရ (kill) ကို သုံးထားသောကြောင့် အကောက်မှားလွယ်စေ၏။ **"အသက်ကို မသတ်ရ" ၏ရည်ရွယ်ရာသည် "အရာရာကိုမသတ်ရ" ဖြစ်လျှင် ဘုရားက သွေးစွန်းခွင့်ပြုခဲ့သည့် ဣသရေလတို့၏ သတ်ဖြတ်ခဲ့ခြင်းများသည်**

**ပညတ်တော် ကို ချိုးဖောက်ခြင်း ဖြစ်တော့မည်** (တရားဟောရာကျမ်း ၂၀)။ ဘုရားသခင်သည် ၎င်းကိုယ်တိုင် ပြဋ္ဌာန်းခဲ့သည်ကို မချိုးဖောက်ခဲ့ပါ။ **ထို့ကြောင့် ထိုပညတ်သည် လူတစ်ဦး၏အသက်ကို ဆိုင်းငံ့ခြင်းမဟုတ်ပါ။**
https://www.gotquestions.org/you-shall-not-murder.html

ကျမ်းစာကိုဝိဘာဇ္ဇပြုပါက အနှီသုံးသပ်ချက်သည်များကြောင်း တွေ့နိုင်၏။ ပထမ အနေဖြင့် ratsach ကို "သတ်သည် - kill" ဟု King Jame Version ၌ ပြန်ခဲ့သည့် ဝေါဟာရသည် "သတ်သည် - murder" တစ်ခုကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ မတော်တဆ သုတ်သင်ခြင်းမျိုးကိုလည်း ဆိုလို၏။ အနှီသည် "murder" ဆိုသည့် လူသတ်ခြင်းမဟုတ်။

> "သို့မဟုတ် မုန်းသောစိတ်မရှိဘဲ အမှတ်တမဲ့တွန်းချသော်၎င်း၊ မချောင်းမြောင်းဘဲ တစ်စုံတစ်ခုနှင့် ပစ်မိသော်၎င်း၊ (၂၃) သူ၏ရန်သူမဟုတ်၊ မုန်းသောစိတ်မရှိ၊ သူ့ကိုမမြင်ဘဲလျက် သေအောင် ကျောက်ခဲနှင့် ပစ်မိသော်၎င်း၊ (၂၄) ယခုစီရင် ထုံးဖွဲ့သည်အတိုင်း၊ ပရိသတ်တို့သည်သတ်သောသူနှင့် သေစားသေစေသောသူ စပ်ကြား၌တရားစီရင်၍၊ (၂၅) သတ်သောသူကို [H7523 Ratsach] သေစား သေစေသောသူ၏လက်မှနုတ်သဖြင့်၊ အထက်ကပြေး၍ မှီခိုသောမြို့သို့ ပြန်ပို့ရ မည်။ ဓမ္မဆီလောင်းခြင်းကိုခံရသော ယဇ်ပုရောဟိတ်မင်းမသေမှီတိုင်အောင် ထိုမြို့၌နေရမည်။" - တောလည်ရာကျမ်း ၃၅:၂၂-၂၅
>
> "ထိုအခါ အိမ်နီးချင်းကိုအငြိုးမထားဘဲ၊ အမှတ်တမဲ့သတ်မိသောသူ [Ratsach H7523] သည် အသက်ချမ်းသာရရန် ထိုမြို့များထဲမှ တစ်မြို့မြို့သို့ပြေးရမည်။" - တရားဟောရာကျမ်း ၄:၄၁

ဒုတိယအနေဖြင့် ဘုရားသခင်က ratsach ပြုသူသည် ထို့အတိုင်းခံရမည်ဟု ပြဋ္ဌာန်း၏။

> "လူအသက်ကိုသတ်၍ လူသတ်ဖြစ်သောသူ [ratsach H7523] မည်သည်ကား၊ သက်သေခံချက် ရှိသည်အတိုင်း အသေသတ်ခြင်းကို [ratsach H7523] အမှန်ခံရမည်။ သို့ရာတွင် သက်သေတစ်ယောက်တည်းသာရှိလျှင် မသတ်ရ။" - တောလည်ရာကျမ်း ၃၅:၃၀

ပညတ်တော်မှ တားမြစ်သည်ကို ဘုရားသခင်သည် အဘယ်သို့ဖြင့် ချိုးဖောက်နိုင်ရသနည်း။ အကျဉ်းကား ဘုရားသခင်သည် လိုရာသေနည်းကို ပြဋ္ဌာန်းနိုင်၏။ အကြောင်းမှာ ဘုရားသည် ကရုဏာတော်ကိုပြနိုင်ရန် သေဒဏ်ပြဋ္ဌာန်းခဲ့၏။ လူကို မသတ်ရန်ဖြစ်၏။ ဤအကြောင်းကို အခန်း (၉) "ကြည့်မှန်ပမာသော ပညတ်တော်" ၌ အကျယ်ပြခဲ့ပြီး၏။

တတိယအနေဖြင့် ဟေဗြဲပါဠိ muth [H4191] သည် သမ္မာကျမ်းစာ၌ သတ်ရန် (murder)၊ လုပ်ကြံ (assassination) များ၌ သုံးထား၏။ ရှောလုမင်းသည် ဒါဝိဒ်ကို မတရားသဖြင့် သတ်လိုခဲ့၏။ ။

> "ထို့ကြောင့် ရှောလုသည် ဒါဝိဒ်ကို သတ် [muth H4191] စေခြင်းငှာ၊ သားတော် ယောနသန်နှင့် မိမိကျွန်အပေါင်းတို့ကို မှာထားလေ၏။ (၂) သားတော် ယောနသန်သည် ဒါဝိဒ်ကို အလွန်ချစ်၍၊ ငါ့အဘရှောလုသည် သင့်ကို သတ်ခြင်းငှာ [muth H4191] ရှာကြံ၏။ သို့ဖြစ်၍ နံနက်တိုင်အောင် ကိုယ်ကိုသတိပြုသဖြင့် ဆိတ်ကွယ်ရာအရပ်၌ ပုန်းရှောင်၍ နေပါလော့။" - ၁ ရာ ၁၉:၁၊၂

ရှောလုမင်းက ပုရောဟိတ်များကို မတရားသဖြင့် သတ်မိန့်ပေးခဲ့၏။ ။

> "**ထာဝရဘုရား**၏ ယဇ်ပုရောဟိတ်တို့သည် ဒါဝိဒ်ဘက်မှာ နေ၍၊ သူပြေးကြောင်းကို သိသော်လည်း ငါ့အားမကြားမပြောသောကြောင့်၊ သူတို့ကို လှည့်၍ သတ်ကြဟု ခြံရံလျက်ရှိသော ခြေသည်တို့အား အမိန့်တော်ရှိသော်လည်း၊ ရှင်ဘုရင်၏ ကျွန်တို့သည် **ထာဝရဘုရား**၏ ယဇ်ပုရောဟိတ်တို့ကို မလုပ်ကြံဘဲ နေကြ၏။ (၁၈) တစ်ဖန်ရှင်ဘုရင်က၊ သင်သည်လှည့်၍ ယဇ်ပုရောဟိတ်တို့ကို

လုပ်ကြဲ တော့ဟု ဒေါဂအား မိန့်တော်မူ သည်အတိုင်း၊ ဧဒုံအမျိုးသား ဒေါဂသည် လှည့်၍ ပိတ်သင်တိုင်းကို ဝတ်သော ယဇ်ပုရောဟိတ် ရှစ်ဆယ့်ငါးပါးတို့ကို လုပ်ကြဲ [muth H4191] သဖြင့် ထိုနေ့၌ သတ်လေ၏။" – ၁ ရာ ၂၂:၁၇၊ ၁၈

ဣရှဗောရှက်ကိုလုပ်ကြံခြင်း။ ။

"အိပ်ခန်းထဲ အိပ်ရာပေါ်မှာ အိပ်လျက်နေသော ဣရှဗောရှက်၏ဝမ်းကို ထိုး၍သတ် [muth H4191] သဖြင့်၊ ဦးခေါင်းကို ဖြတ်ယူပြီးမှ တညဥ့်လုံးလွင်ပြင်လမ်းဖြင့်ပြေး ၍ လွတ်ကြ၏။" - ၂ ရာ ၄:၇

အဗရှလုံက ဖအေတူမအေကွဲ နောင်တော်အာမနုန်ကို မတရားသဖြင့် သတ်မိန့်ပေးခဲ့၏။

"အဗရှလုံကလည်း၊ အာမနုန်သည် စပျစ်ရည်ကို သောက်၍ ရွှင်လန်းသောအခါ စောင့်နေကြ။ အာမနုန်ကို ထိုးခုတ်ကြဟု ငါဆိုသောအခါ၊ သေအောင်လုပ်ကြဲ [muth H4191] ကြ။ မစိုးရိမ်ကြနှင့်။ ငါစီရင်သည်မဟုတ်လော။ အားယူ၍ ရဲရင့်ခြင်းရှိကြလော့။" - ၂ ရာ ၁၃:၂၈

အာသလိသည် ယောရှမှလွဲ၍ ဘုရင့်သားတော်အားလုံးကို လက်စတုံးခဲ့၏။ ။

"သို့ရာတွင် အာခဇိ၏နှမယဟောရှေဘမင်းကြီး သမီးယောရှေဘသည် အာခဇိ၏သား ယောရှကို အသေခံ (slain) [muth 4191]ရသော ဆွေတော်မျိုးတော်ထဲက ခိုးယူ၍ အာသလိလက်မှ သူ၏အသက် လွှတ်စေခြင်းငှာ၊ သူနှင့်သူ၏ နို့ထိန်းကို အိပ်ခန်း ထဲ၌ ဝှက်ထား၏။" - ၄ ရာ ၁၁:၂

New King James Version ပြန်ပုံကိုသတိချပ်ပါလေ။ ။

"သို့ရာတွင် အာခဇိ၏နှမယဟောရှေဘမင်းကြီး သမီးယောရှေဘသည် အာခဇိ၏သား ယောရှကို အသတ်ခံရသော (murder) [muth H4191] ဆွေတော်မျိုးတော်ထဲက ခိုးယူ၍ အာသလိလက်မှ သူ၏အသက်

လွတ်စေခြင်းငှာ၊ သူနှင့်သူ၏ နို့ထိန်းကို အိပ်ခန်းထဲ၌ဝှက်ထား၏။" - ၄ ရာ ၁၁:၂
(NKJV)

Muth သုံးထားသည့် အခြားသာဓကနှင့် NIV ပြန်ပုံမှာ။ ။

"အမှုတော်ထမ်းတပ်မှူး၊ ရေမလိသားပေကာသည် ပေကဟိမင်းတစ်ဖက်၌ သင်းဖွဲ့ [nakah H5221] ၍၊ အာဂေါဘနှင့် အရေဟာအစရှိသော ဂိလဒ်ပြည်သား ငါးကျိပ်ပါလျက်၊ ရှမာရိမြို့၌ နန်းတော်ထဲမှာ သေအောင်လုပ်ကြံ[muth H4191]၍ သူ၏အရာ၌ နန်းထိုင်၏။" - ဓမ္မရာဇဝင်စတုတ္ထစောင် ၁၅:၂၅ (KJV)

"အမှုတော်ထမ်းတပ်မှူး၊ ရေမလိသားပေကာသည် ပေကဟိမင်းတစ်ဖက်၌ သင်းဖွဲ့၍၊ အာဂေါဘနှင့် အရေဟာအစရှိသော ဂိလဒ်ပြည်သား ငါးကျိပ်ပါလျက်၊ ရှမာရိမြို့၌ နန်းတော်ထဲမှာ သေအောင်လုပ်ကြံ[muth H4191]၍ သူ၏အရာ၌ နန်းထိုင်၏။" - ဓမ္မရာဇဝင်စတုတ္ထစောင် ၁၅:၂၅ (NIV)

အကယ်၍ muth သည် ဥပဒေကြောင်းဖြင့် တစ်ဦးဦးကို မှန်စွာသတ်ခြင်းမှန်လျှင် လူဆိုးက မှန်စွာသတ်နိုင်မည်လော။

"ဆိုးယုတ်သောသူသည် ဖြောင့်မတ်သောသူကို စောင့်ကြည့်၍ သူ့ကိုသတ်ရန် [muth H4191] ရှာကြံတတ်၏။" - ဆာလံကျမ်း ၃၇:၃၂

"အကြောင်းမူကား သူသည် မေတ္တာကရုဏာပြရန်မစဉ်းစားဘဲ အဖိနှိပ်ခံရသောသူ၊ မရှိနွမ်းပါးသောသူနှင့် စိတ်နှလုံးကြေကွဲသောသူကို လိုက်လံသတ်ဖြတ် [muth H4191] ခဲ့၏။ (၁၇) သူသည် ကျိန်ဆဲခြင်းကို နှစ်သက်သည်ဖြစ်၍ ၎င်းသည် သူ့အပေါ်ကျရောက်ပါစေ။ ကောင်းချီးမင်္ဂလာကို အလိုမရှိသည်ဖြစ်၍ ၎င်းသည် သူနှင့်ဝေးကွာပါစေ။" - ဆာလံကျမ်း ၁၀၉:၁၆၊ ၁၇

ထို့ကြောင့် muth သည် သတ်ခြင်း (murder)၊ လုပ်ကြံခြင်း (assassination) များကို ဆိုလိုပြီး ratsach သည် မတော်တဆမှုများကို ဆိုလို၏။ အနီးက muth သည် စိတ်ရှင်းစွာ

သတ်ခြင်း၊ ratsach သည် သတ်ခြင်း (murder) ကို ဆိုလို၏ဟူသည့် အမှားကိုထောက်ပြ ၏။

နိဂုံးကား သတ်ခြင်း (murder)၊ နှင့် တရားခွင်အမိန့်ဖြင့်သတ်ခြင်း (judicial killing) နှစ်ခု စလုံးအား မည်သို့အဓိပ္ပာယ်ဖွင့်ဖွင့် သေစေနိုင်သည့် အဓမ္မအားသုံးရ၏။ အဓမ္မအား သုံးခြင်းသည် ဘုရားသခင့်နိုင်ငံတော်၏ လက်စွဲတော်လော။ ယေရှုဘုရားက တောင်ပေါ် ဒေသနာထူးနှင့် ၎င်း၏အမူအကျင့်များ၌ အားမသုံးကြောင်းကို ပြတော်မူ၏။

> “သို့သော် သင်တို့အား ငါဆိုမည်။ မကောင်းသောသူကို အတိုက်အခံမပြုကြနှင့်။ သင်၏ယာဘက်ပါးကိုရိုက်သောသူအား နောက်တစ်ဖက်ကိုလည်း လှည့်ပေးဦးလော့။” - ရှင်မဿဲခရစ်ဝင် ၅:၃၉

“အပြစ်ပြုသူကို ငါသတ်သည့်အခါ ဓမ္မဟောင်းကျမ်းရှိ သင့်အပြုအမူကို ငါနမူနာယူ၏” ဟု ဘုရားသခင်ထံ လျှောက်သူတစ်ဦးကို သင်မည်သို့ဖြေမည်နည်း။ “သင်သည် တလွဲယူပြီ။ ထိုအပိုင်းသည် သင် စံယူရမည့်အပိုင်းမဟုတ်” ဟု သင်ဆိုမည်လော။ ထိုအဖြစ်က အမှုများကိုခက်စေကြောင်း သင်မြင်သလော။ muth အကြောင်း နားသင့်ပါပြီ။ သူ့အသက် မသတ်ရကို အသက်မနုတ်ရဟူသည့် ဓမ္မစစ်ကိုသာ မှတ်ပါလော့။

ယေရှုဘုရား၏သက်တော်စဉ်က “လူအသက်ကိုမသတ်ရ” အကြောင်းကို မှန်စွာအဘိဓမ္မာ ဖွင့်ပြခဲ့၏။ ယေရှုသည် မည်သူ့ကိုမှ မသတ်ခဲ့ဖူးပါ။ ပညတ်တော် (၁၀) ပါးသည် မေတ္တာ အရင်းခံသည့် ပညတ်ဖြစ်၏။ မေတ္တာသည် ကိုယ့်ကိုယ်ကိုကာကွယ်ရန် အဓမ္မကိုမသုံးပါ။ ပညတ်တော်က အပြစ်သားများ မည်သို့အပြစ်ဒဏ်ပေးခံရကြောင်းကို ချပြပါသည်။

> “ ... သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊ ငါ့ကို မုန်းသောသူတို့၏အမျိုးအစဉ်အဆက်၊ တတိယအဆက်၊

စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သော ဘုရား၊" - ထွက်မြောက်ရာကျမ်း ၂၀:၅

မတရားသောသူများသည် ကေန်သေရပါမည်။ ၎င်းတို့ပြုခဲ့ကြသည့်အတိုင်း ပေးဆပ်ကြရ ပါမည်။ အနီအကြောင်းသည် ငါတို့နှီးနှောပြီးသည့်အတိုင်း ၎င်းတို့ကို ဖျက်ဆီးနိုင်ရန် စာတန်မာရ်နတ်အား အခွင့်အရေးပေးမှသာ ဖြစ်လာမည်ဖြစ်၏။ သို့မဟုတ်လျှင်လည်း ကမ္ဘာမြေထုက လူသားတို့၏ ဆိုးသွမ်းမှုကို အန်တုကာ၊ ပြန်၍အကျိုးပေးမည်ဖြစ်၏။

ခမည်းတော်သည် ယေရှုဘုရားနှင့် ထပ်တူပင်ဖြစ်ကြောင်းကို သိရခြင်းသည် အံ့ဖွယ် မဟုတ်လော။ ယေရှုဘုရားသည် "လူအသက်ကို မသတ်ရ" ပညတ်အပါ ပညတ်တော် (၁၀) ပါးကို လက်တွေ့စောင့်ပြသွားကြောင်း သိခွင့်ရခြင်းသည်လည်း အားရဖွယ်မဟုတ် လော။ ယေရှုသည် မည်သူ့ကိုမျှ မသတ်ခဲ့ဖူးပါ။ အနီရှေ့သွားနမူနာက ၎င်းသုတ္တန်ခဲ့ သည့်အတိုင်း ငါတို့အား ရန်သူကို ချစ်တတ်စေသည့် အလင်းဖြစ်၏။

## ၁၆။ ကြည့်မှန်အတွင်းရှိ သူကြွယ်နှင့်လာဇရု

ခရစ်ယာန်အများစုက သူကြွယ်နှင့်လာဇရုသာဓကအား ဘုရားသခင်သည် အပြစ်သားများ ကို ငရဲ၌ညှဉ်းဆဲမည့် အထောက်အထားဟု မှတ်ကြ၏။ ဝေါဟာအရ အနှိုသာဓကကို ယေရှုကိုယ်တိုင်မိန့်ကြောင်း ထင်ရှား၏။

> "ထို့နောက် ထိုဆင်းရဲသားသည် သေလွန်သွားရာ ကောင်းကင်တမန်တို့သည် သူ့ကို အာဗြဟံ၏ရင်ခွင်ထဲသို့ ခေါ်ဆောင်သွားကြ၏။ သူဌေးသည်လည်း သေလွန်သဖြင့် သင်္ဂြိုဟ်ခြင်းကိုခံရ၏။ (၂၃) သူသည် မရဏာနိုင်ငံတွင် ဝေဒနာခံစားရလျက် မျှော်ကြည့်သောအခါ အာဗြဟံနှင့် သူ၏ရင်ခွင်ထဲ၌ရှိသော လာဇရုတို့ကို အဝေးမှမြင်ရလေ၏။ (၂၄) ထိုအခါ သူက 'အဖအာဗြဟံ၊ အကျွန်ုပ်ကိုသနားပါ။ **အကျွန်ုပ်သည် ဤမီးလျှံထဲတွင် ဝေဒနာပြင်းစွာခံစားနေရသောကြောင့်** လာဇရုသည် သူ၏လက်ဖျားကိုရေ၌နှစ်၍ အကျွန်ုပ်၏လျှာကိုအေးစေဖို့ရန် သူ့ကို စေလွှတ်ပေးပါ' ဟု အော်ဟစ်ပြောဆိုလေ၏။ (၂၅) သို့သော် အာဗြဟံက 'ငါ့သား၊ သင်သည်အသက်ရှင်စဉ်အခါ မိမိအတွက် ကောင်းသောအရာများကို ရရှိခဲ့၍ လာဇရုသည် မကောင်းသောအရာများကိုရရှိခဲ့ကြောင်း သတိရလော့။ ယခုမူကား သူသည်ဤ၌နေရာတွင် နှစ်သိမ့်ခြင်းကိုခံစားရ၍ သင်သည် ဝေဒနာပြင်းစွာ ခံစားနေ ရ၏။" - ရှင်လုကာခရစ်ဝင် ၁၆:၂၂-၂၅

အနှိုပုံပမာကို အခြားကျမ်းပိုဒ်များနှင့် အားထပ်ဖြည့်ကြသည့်အခါ ဘုရားသခင်သည် အပြစ်သားများကို ၎င်းတို့၏အကုသိုလ် အနည်းအများအလိုက် ညှင်းဆဲမည်ဟူသည့် သုံး သပ်မှုသည် မြေခတ်မလွဲပမာ ဖြစ်တော့၏။

> "ကိုယ်ခန္ဓာကိုသတ်၍ အသက်ဝိညာဉ်ကိုမသတ်နိုင်သောသူတို့ကို မကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့်အသက်ဝိညာဉ်နှစ်မျိုးစလုံးကို ငရဲ၌ဖျက်ဆီးနိုင်သောအရှင်ကိုသာ ကြောက်ကြလော့။" - ရှင်မဿဲခရစ်ဝင် ၁၀:၂၈

"သင်၏လက်၊ သို့မဟုတ် သင်၏ခြေသည် သင့်ကိုမှားယွင်းစေလျှင် ၎င်းကိုဖြတ်၍ လွှင့်ပစ်လော့။ လက်နှစ်ဖက်၊ သို့မဟုတ် ခြေနှစ်ဖက်ပါလျက် ထာဝရမီးထဲသို့ ပစ်ချခြင်းခံရသည်ထက် လက်တစ်ဖက်၊ သို့မဟုတ် ခြေတစ်ဖက်နှင့် အသက်ရှင် ခြင်းသို့ ဝင်စားရသည်က သင့်အတွက် သာ၍ကောင်း၏။" - ရှင်မဿဲခရစ်ဝင် ၁၈:၈

"ထို့နောက် မင်းကြီးသည် လက်ဝဲတော်ဘက်၌ရှိသောသူတို့အားလည်း 'ကျိန်ဆဲခြင်း ခံရသောသူတို့၊ ငါ့ထံမှထွက်ခွာ၍ မာရ်နတ်နှင့်သူ၏စေတမန်များအတွက် ပြင်ဆင်ထားသော ထာဝရမီးထဲသို့ သွားကြလော့။" - ရှင်မဿဲခရစ်ဝင် ၂၅:၄၁

"'ဘုရားသခင်၏အမျက်တော်ခွက်၌ မည်သည့်အရာမျှ မရောစပ်ဘဲလောင်းထည့်သည့် ကိုယ်တော်၏ပြင်းစွာသောဒေါသစပျစ်ဝိုင်ကို သောက်ရလိမ့်မည်။ ထိုသူသည် သန့်ရှင်းသောကောင်းကင်တမန်များနှင့် သိုးသငယ်တော်၏ရှေ့မှောက်တွင် ကန့်နှင့်မီးတို့ထဲ၌ ညှဉ်းဆဲခြင်းကိုခံရလိမ့်မည်။ (၁၁) သူတို့ခံရသည့် ညှဉ်းဆဲခြင်း၏ မီးခိုးသည် ကမ္ဘာအဆက်ဆက်တက်လျက်နေ၏။ သားရဲနှင့်သူ၏ရုပ်တုကိုကိုး ကွယ်၍ သူ့အမည်၏အမှတ်တံဆိပ်ကိုခံယူသောသူသည် နေ့ရောညပါ သက်သာ ရာရလိမ့်မည်မဟုတ်' ဟု ကျယ်လောင်သောအသံဖြင့်ကြွေးကြော်လေ၏။" - ဗျာဒိတ်ကျမ်း ၁၄:၁၀၊ ၁၁

ဘုရားသခင်၏ဝါစာများကို နားကြားဖြင့်ပြီးသူများက ဤကျမ်းပိုဒ်ကိုဖတ်သည့်အခါ ဘုရားသခင်သည် အပြစ်သားများကို မသေမရှင်ထားပြီး ညှဉ်းဆဲမည်ဟု မှတ်ပေမည်။ ခရစ်ဝင်ကျမ်းများနှင့် ယေရှုဘုရား၏ သက်တော်စဉ်ကို နှိုက်နှိုက်ချွတ်ချွတ် စူးစမ်းလေ့လာသူများက ဤကျမ်းပိုဒ်သည် ဘာကိုဆိုလိုကြောင်း သိလိုစိတ် တဖွားဖွားပေါ်စေပြီး အမေးများစွာဖြင့် လေ့လာကြမည်ဖြစ်၏။

သူတစ်ပါးအပေါ် အမုန်းဖွဲ့၊ အန္တရာယ်ပြုလိုသူများက ၎င်းတို့၏ ကလဲ့စားချေလိုစိတ်ကို အထက်ပါကျမ်းပိုဒ်စဉ်းငယ်များနှင့် အားယူကြပေမည်။ အကြောင်းက

ဘုရားသခင်သည် ၎င်း၏ရန်သူများကို လက်တုံ့ပြန်ခြင်းကြောင့်...။ ထပ်ဆိုရလျှင် ၎င်းတို့၏အပြစ်ကြောင့် သေထိုက်ပါသည်ဟု မှတ်သူများကလည်း ထိုထိုကျမ်းချက်များကြောင့် စိတ်သက်သာရာ ရကြပေမည်။ သို့တစေ ငါတို့သည် ထို့ထက်ပို၍ လေ့လာရပါမည်။ ထိုထိုကျမ်းချက်များ သည် အပြစ်များကို လုံးလုံးသင်ပုန်းချေပေးကြောင်းနှင့် ဘုရား၏မေတ္တာကို တွေ့သိရမည့် အစား အပြင်ပန်း၌ ကော်ရော်ဗန်းပြရင်း အတွင်းစိတ်ရှိ ဘုရားသခင်သည် အဓမ္မကို ဖက်သည်ဆိုသည့် အမှတ်ကို အားပေးနေ၏။ ၎င်းတို့က ၎င်းတို့ခန္ဓာကို အရှို့ခံကြ၏။ မေတ္တာမရှိကြ။

ထိုထိုကျမ်းချက်များကို လူအများစုက ဘုရားသခင်သည် လက်တုံ့ပြန်သည့်ဘုရား ဖြစ်သည်ဟု မှတ်စေသည့် အကြောင်းများမှတစ်ခုသည် မြိုင်နှင်ခံရသည့်ဆိတ် (scapegoat) အပေါ် ရှုကွက်ဆင်းပုံဖြစ်၏။ အနီအစဉ်အလာသည် အာဒံက အသီးကိုစားသည့်အခါ ဧဝကို အပြစ်ပုံချသည်မှ စခဲ့၏။ တစ်ပါးသူအပေါ် အပြစ်ပုံချခြင်းသည် တစ်ဦးချင်းအတွက် ဖြစ်စေ၊ လူထုအတွက်ဖြစ်စေ ငြိမ်းချမ်းရေးအတွက် သမာသမတ်မကျသည့် လုပ်ရပ်ဖြစ် ၏။ ယဇ်ပုရောဟိတ်မင်းကြီး ကယာဖသည် ခရစ်တော်ဘုရားအပေါ် ဤသို့အပြစ်ပုံခဲ့၏။

> "'တစ်မျိုးသားလုံးပျက်စီးသည်ထက် လူတစ်ဦးက လူထုကိုယ်စား အသေခံခြင်းသည် သင်တို့အတွက် ပို၍ကောင်းသည်ကိုလည်း သင်တို့မဆင်ခြင်ကြပါတကား' ဟု ဆို၏။" - ရှင်ယောဟန်ခရစ်ဝင် ၁၁:၅၀

ဣသရေလ ဘာသာရေးခေါင်းဆောင်များသည် ပြဿနာတွေ့နေကြ၏။ ၎င်းတို့အပြစ်များ လည်း ဗူးပေါ် ပြီဖြစ်ကာ လူအများ၏အာရုံကို ခရစ်တော်၏ ဥပဒေမဲ့ပြုမူမှုများဖက်သို့ အာရုံရောက်ရန် လမ်းရှာရတော့၏။ ထို့ကြောင့် ခရစ်တော်သည် မောရှေနှင့်အတူ စစ်ထွက်ခဲ့သူ၊ ထို့ကြောင့် အပြစ်သားသည် သေထိုက်သည်ဟု လိမ်ဆင်ကြတော့၏။ မစ္ဆရိယစိတ်ဖုံးကြသည့် ဖာရိရှဲများက

ခရစ်တော်ကို ဝိနည်းမဟုတ်သည့် အပြစ်ဖြေနည်း ဟုဆိုပြီး ၎င်းတို့ကိုယ်စား မြိုင်နှင်ခံရသည့်ဆိတ်ဖြစ်စေရန် စိတ်ထားပျော့သည့် ပိလတ် မင်းဖြင့် ခွင်ဆင်ကြ၏။ ၎င်းတို့၏သန္တာန်အား တရားပြသည့်အသံကို သံဝေဂမယူဘဲ ၎င်းတို့ကို အနေကျပ်စေသည့်ပုဂ္ဂိုလ်ကို ရှင်းထုတ်ရန် အားထုတ်ကြ၏။ ခရစ်တော်ဘုရား အပေါ်ထားရှိသည့် ၎င်းတို့၏ အာဃာတ၊ အမုန်းများကို ဘုရားအပေါ် ပုံမှားရိုက်သွင်းပြီး ခရစ်တော်ကို ဘုရားကရိုက်သည်ဟုဆိုပြီး ၎င်းတို့ကိုယ်ကို အာပတ်လွှတ်စေကြ၏။

ခရစ်ယာန်များသည် ဓမ္မအတွက် စိတ်ပါစွာဖြင့် ဘုရားသခင်သည် လူဆိုးများကို သုတ်သင် ပစ်မည်ဟု အောင်နိုင်သည့်အသံ၊ ရှင်းသန့်ဒေါသဖြင့် ဆိုကြသည့်အခါ တစ်ကိုယ်တော် အပြစ်ဖြေခြင်းပြုသည့် ကယာဖနှင့် ပမာဆင်နိုင်၏။ အနှီအဖြစ်က မိမိကိုယ်ကို ကျေနပ် ခြင်းအားဖြင့် မိမိသာ မြင့်မြတ်သည်ဟု မှတ်စေပြီး အခြားသူများကို နိမ့်ပါးသူများဟု မြင်ကာ နှိပ်စက်သတ်ပစ်စေ၏။

ခရစ်တော်၏အမှုဖြစ်စဉ်၌ ယုဒခေါင်းဆောင်များသည် သမာဓိရှိသူထံ အပို့ခံရ၏။ ဤဖြစ်စဉ်သည် ကာဣနနှင့် အာဗေလ၏ဖြစ်စဉ်နှင့် အလားတူ၏။ အာဗေလသည် ကာဣန ကို အာရုံစားစေ၏။ ၎င်း၏နားချမှုက ကာဣနကို စိတ်မလုံစေပါ။ မိမိကိုယ်ကို အပြစ်မှ လွှတ်ရန် ကာဣနသည် ၎င်း၏ညီကိုလှူခဲ့၊ သတ်ခဲ့၏။ ခရစ်တော်၏ဖြစ်စဉ်၌ ယုဒ ခေါင်းဆောင်များက ၎င်းတို့၏သန္တာန်ကို မငြိမ်မနေစေသည့် ၎င်း၏တရားပြအသံကို တိမ်မြုပ်စေခဲ့ကြ၏။ ၎င်းတို့ထက် အလွန်နိမ့်ပါးသည်ဟုမှတ်သည့် သူခိုးနှစ်ဦး၏ အလယ် ၌ထားကာ သေဒဏ်ပေးခဲ့၏။

ခရစ်ယာန်များစွာက ၎င်းတို့ကောင်းကင်ဘုံသို့ ဝင်စားစဉ်တွင် လူဆိုးများသည် ငရဲတွင် မီးရှို့ခံရမည်ဟူသည့်အသိဖြင့် သာယာနေလျှင် တရားစီရင်ခြင်းကို အမှားကောက်မိကြမည်ဖြစ်၏။ ၎င်းတို့သည် အခြားသော ဖြောင့်မတ်သူတစ်ဦး၏ သန္တာန်ကိုလှုံ့ဆော်သည့် အသံကိုတိတ်စေပေလိမ့်မည်။ အပြစ်သင့်ပုန်းချေပေးခြင်း ဒဿနသည်

ခရစ်တော်ဘုရား လောကအပြစ်ကို ယူဆောင်သည်နှင့် ၎င်းတို့၏အပြစ်ကြောင့် ခံထိုက်သည်ဆိုသည့် အဆို (၂)ခု အကြား ဝိဝါဒကွဲနေ၏။ အနှီထုံးသည် စိတ်မလုံသူများအတွက် အရှုံးကောင်းစား တစ်မွန်းတည့်ပမာသာ ဖြစ်စေလိမ့်မည်။

စကားကိုပြန်ဆက်ရလျှင် ငါတို့ပထမဆုံး အာရုံပြုရမည်မှာ သမ္မာကျမ်းစာတော်မြတ်ကို အစအဆုံးလေ့လာလျှင် သေသောသူသည် ဘာမှမသိကြောင်း ကျမ်းစာ၌လာ၏။

"အသက်ရှင်သောသူသည် မိမိသေရမည်ကို သိ၏။ သေသောသူမူကား၊ အဘယ် အရာကိုမျှမသိ။ အကျိုးအပြစ်ကိုလည်းမခံရ။ သူ့ကိုလည်း မေ့လျော့တတ်ကြ၏။" - ဒေသနာ ၉:၅

"သေလွန်သောသူ၊ ဆိတ်ငြိမ်ရာအရပ်ထဲသို့ ဆင်းသွားသောသူ တစ်စုံတစ်ဦးမျှ ထာဝရဘုရားကို မချီးမွမ်းကြပေ။" - ဆာလံကျမ်း ၁၁၅:၁၇

"အိုင်ရေပြတ်သကဲ့သို့၎င်း၊ မြစ်ရေခန်းခြောက်သကဲ့သို့၎င်း၊ (၁၂) **လူသည်အိပ်ပြီးမှ နောက်တစ်ဖန်မထရ။ မိုဃ်းကောင်းကင်မကုန် မဆုံးမှီတိုင်အောင် မနိုးရ။ အအိပ် အပျော်မပျက်ရ။**" - ယောဘဝတ္ထု ၁၄:၁၁၊ ၁၂

"သို့ရာတွင် **ထာဝရဘုရား၏နေ့ရက်သည် သူခိုးလာသကဲ့သို့ ရောက်လာလိမ့်မည်။ ထိုနေ့ရက်၌ ကောင်းကင်သည် ကျယ်လောင်သောအသံဖြင့် ကွယ်ပျောက်သွား၍** လောကဓာတ်တို့သည် ပြင်းထန်သောအပူရှိန်ဖြင့် ပျက်သုဉ်းသွားလိမ့်မည်။ မြေကြီးမှစ၍ ၎င်းပေါ်၌ပြုလုပ်သောအရာတို့သည်လည်း လောင်ကျွမ်းလိမ့်မည်။" - ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၃:၁၀

"မီးဖိုု၌ မီးလောင်သကဲ့သို့ လောင်သောနေ့ရက် ကာလသည် ရောက်လိမ့်မည်။ မာနကြီးသောသူနှင့် ဒုစရိုက်ကိုပြုသော သူအပေါင်းတို့သည် အမှိုက်ခြောက် ဖြစ်ကြလိမ့်မည်။ သူတို့အရင်းအဖျားမျှ **မကျန်ကြွင်းစေခြင်းငှာ** ထိုနေ့ရက်သည်

**လောင်လိမ့်မည်**ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ (၂) ငါ၏နာမတော်ကို ကြောက်ရွံ့သောသင်တို့၌ကား၊ တရားတော်နေမင်းသည် အနာပျောက်စေသော အတောင်တို့နှင့် ပေါ်ထွန်းတော်မူမည်။ သင်တို့သည် ထွက်သွား၍ တင်းကုပ်၌ နွားသငယ်ကဲ့သို့ ခုန်ကြလိမ့်မည်။ (၃) မတရားသော သူတို့ကိုလည်း နင်းကြလိမ့်မည်။ **ထိုသို့ ငါစီရင်သော နေ့ရက်၌ သူတို့သည် သင်တို့ ခြေဖဝါးအောက်၌ မြေမှုန့်ကဲ့သို့ ဖြစ်ကြလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏**။" - မာလခိ ၄:၁-၃

"ယုဒအမျိုးသားတို့သည် သန့်ရှင်းသော ငါ့တောင်ပေါ်မှာ စားသောက်သကဲ့သို့၊ ပတ်လည်၌နေသော **လူမျိုးအပေါင်းတို့သည် စားသောက်ရကြလိမ့်မည်။ စားသောက်၍ မျိုသဖြင့် မရှိဘူးသောသူကဲ့သို့ ဖြစ်ရကြလိမ့်မည်။**" - ဩဗဒိ ၁၆

"ညီအစ်ကိုတို့၊ အမျိုး၏အဘဖြစ်သော ဒါဝိဒ်၏အကြောင်းကို ငါသည် သင်တို့အား အတည့်အလင်း ပြောပါရစေ။ ထိုဒါဝိဒ်သည် သေ၍သင်္ဂြိုဟ်သောတွင်းသည် ယခု တိုင်အောင် ငါတို့၌ရှိ၏ ... (၃၄) ဒါဝိဒ်သည် ကောင်းကင်သို့မတက်သေး၊ (၃၅) သို့ရာတွင် ထာဝရဘုရားက၊ သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ ငါ မချမထား မှီတိုင်အောင် ငါ့လက်ျာဘက်၌ထိုင်နေလော့ဟု ငါ့သခင်အား မိန့်တော်မူသည်ဟု ဒါဝိဒ်စကားရှိ၏" - တမန်တော်ဝတ္ထု ၂:၂၉၊ ၃၄၊ ၃၅

"'ကိုယ်တော်သည် သူတို့၏မျက်စိမှမျက်ရည်ရှိသမျှတို့ကို သုတ်ပေးတော်မူလိမ့်မည်။ သေခြင်းသည် ရှိတော့မည်မဟုတ်။ ဝမ်းနည်းကြေကွဲခြင်း၊ အော်ဟစ်ငိုကြွေး ခြင်းနှင့် နာကျင်ခြင်းဝေဒနာတို့သည်လည်း ရှိတော့မည်မဟုတ်။ အကြောင်းမူ ကား ယခင်ဖြစ်ခဲ့သောအရာတို့သည် ပျောက်ကွယ်သွားကြပြီ' ဟု ဆိုသည်ကို ငါ ကြားရ၏။" - ဗျာဒိတ်ကျမ်း ၂၁:၄

သမ္မာကျမ်းတော်မြတ်က လူသည် သေသည့်အခါ ကောင်းကင် (သို့) ငရဲသို့မလားဟုဆို၏။ ခရစ်တော်တစ်ဖန်ကြွလာသည့်အခါ ဖြစ်ပျက်မည့် မိုးကောင်းကင် မပျောက်မချင်း ၎င်းတို့ သည် သုသာန်၌ရှိကြမည်ဟု ၂ ပေ ၃:၁၀ ၌ ဆိုထား၏။ သို့ဆိုလျှင် အခြားကျမ်းချက်များ နှင့် ဖီလာသည့်အကြောင်းကို ယေရှုဘုရားသည် ဟောကြားရသနည်း။ အမှန်ကား ယုဒ များသည် ဂရိလက်အောက်၌ ရာစုများစွာ လွှမ်းမိုးခံခဲ့ရသောကြောင့် ယေရှုဘုရားက အများရင်းနှီးပြီးသော အဆုံးအမစကားကို ငှားသုံးခြင်းသာဖြစ်၏။

> Alan F. Johnson နှင့် Robert E. Webber က "ဤသာဓကသည် တမလွန်၏ တစ်ဖက်၌ ဘာဖြစ်ပျက်သည်ကို ချပြသည်ဟု အသေးစိတ်ကောက်ခြင်းထက် ရှင်ခြင်း၏နောက်တွင် ဘာဖြစ်မည်ဟု အများလက်ခံပြီးသားအယူကို လှည့်ပြခြင်းဖြစ်သည်" ဟု ရှင်းပြခဲ့၏။ Edward William Fudge, "The Fire That Consumes," page 149.

> "ထိုပုံပြင်သည် ရင်းနှီးပြီးသည် ရိုးရာပုံပြင်ဖြစ်၏။ ထိုပုံပြင်ကို ယေရှုဘုရားက အမြင်သစ်ဖြင့် မြင်ကြရန် လှည့်ခြင်းဖြစ်၏။" N.T. Wright, "Jesus and the Victory of God," page 255.

အနီသည် ထိုအကြောင်းခံကို မှန်စွာသိနားလည်စေမည့် ပဓာနတရားဖြစ်၏။ ယေရှုဘုရား သည် တရားထူးကို အလင်းပြရန် တရားနာပရိသတ်များ နားယဉ်ပြီးသားသာဓကကို အငှားသုံးခြင်းသာဖြစ်၏။

> Geldenhuys က ယေရှုဘုရားသည် "တမလွန်၏တစ်ဖက်၌ ဘာဖြစ်မည်ကို သိလိုသည့် ငါတို့၏စိတ်ကိုဖြေသိမ့်ရန် အနီပုံပမာကို သုံးခဲ့ခြင်းမဟုတ်။ သ၏ချိုင်း၏ ဤမှာဖက် အသက်ရှင်ခြင်း၏ လေးနက်မှုကို အာရုံစိုက်ကြရန် ရည်သန်ခြင်း ဖြစ်၏" ဟု ဆိုခဲ့၏။ Edward William Fudge, *The Fire that Consumes,* page 149.

အခန်း (၉) ၌ ငါတို့နှီးနှောခဲ့ပြီးသည့်အတိုင်း လူသားတို့၏အတွေးကို ရှောင်ပြန်ဟပ်ရန် အတွက် ခရစ်တော်ဘုရားသည် ကြည့်မှန်ပြင်ကို သုံးခဲ့၏။ ယေရှုသည် လူသားများ နားလည်နိုင်ရန် ဤသို့ပြုရခြင်းဖြစ်၏။ ၎င်းတို့၏ စိတ်နှလုံးကို ဆန်းစစ်ရန်လည်းဖြစ်၏။ ဘုရားသခင်၏စကားကို နားထောင်ကာ ဝိညာဉ်တော်၏လမ်းပြမှုရသူသည် ဓာတ်ခံရှိစေကာမူ ယေရှုဘုရားတရားတော်၏ အဓိပ္ပာယ်ကို ပိုင်းဖြတ်တတ်မည်ဖြစ်၏။ နိကောဒင်ထံ ယေရှုဘုရားမိန့်ခဲ့သည်နှင့် ပမာဆင်၏။ ။

> "နိကောဒင်ကလည်း 'ဤအရာတို့သည် မည်သို့ဖြစ်နိုင်ပါမည်နည်း' ဟု လျှောက်ပြန်သော် (၁၀) ယေရှုက 'သင်သည် အစ္စရေးလူမျိုးတို့၏ဆရာဖြစ်လျက်နှင့် ဤအရာများကို နားမလည်သလော။ (၁၁) သင့်အား ငါအမှန်အကန်ဆိုမည်။ ငါတို့သည် ကိုယ်သိသောအရာကိုပြောဆိုလျက် ကိုယ်မြင်သောအရာကိုသက်သေခံ၏။ သို့သော် သင်တို့သည် ငါတို့၏သက်သေခံချက်ကိုလက်မခံကြ။ (၁၂) လောကနှင့် ဆိုင်သောအရာများကို သင်တို့အား ငါပြော၍ သင်တို့မယုံကြည်ကြလျှင် ကောင်းကင်နှင့်ဆိုင်သောအရာများကို ငါပြောသောအခါ သင်တို့သည် မည်သို့ယုံကြည်ကြ မည်နည်း။'" - ရှင်ယောဟန်ခရစ်ဝင် ၃:၉-၁၂

ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ယေရှုဘုရားသုံးခဲ့သည့် ကြည့်မှန်ပြင်သည် ပုထုဇဉ်တစ်ဦးက ၎င်းကိုယ်ကို မှားသည်ဟု လက်မခံနိုင် (သို့) ယေရှုဘုရားကို ကျော်ခိုင်းနေသ၍ နားလည်ရန် ပိုပိုပြီးခက်နေမည်ဖြစ်၏။

| ကျမ်းချက် | သုံးသပ်ချက် |
|---|---|
| ရှင်ယောဟန်ခရစ်ဝင် ၂:၁၉-၂၁ - ယေရှုကလည်း "ဤဗိမာန်တော်ကိုဖြိုဖျက်ကြလော့။ ငါသည် ၎င်းကို သုံးရက် | ယေရှုဘုရားသည် ၎င်း၏သက်ရှိ |

| | |
|---|---|
| အတွင်း တည်ဆောက်မည်”ဟု သူတို့အား ပြန်၍ မိန့်တော်မူ၏။ (၂၀) ဂျူးလူမျိုးတို့ကလည်း “ဤဗိမာန်တော်ကို တည်ဆောက်ရန် လေးဆယ့်ခြောက်နှစ်ကြာ၏။ သင်မူ ကား ၎င်းကို သုံးရက်အတွင်းတည်ဆောက်မည်လော” ဟု ဆိုကြ၏။ (၂၁) သို့ရာတွင် ယေရှုသည် မိမိကိုယ်ခန္ဓာတည်းဟူသော ဗိမာန်တော်ကို ရည်ညွှန်း၍ မိန့်တော်မူခြင်းဖြစ်၏။ | ခန္ဓာဗိမာန်ကို ဆိုခြင်း ဖြစ်ပြီး ၎င်းတို့က မြို့ ဂုဏ်ဆောင်သည့် ရုပ်ဗိမာန်ကိုဆိုခြင်းဟု မှတ်ကြ၏။ |
| ရှင်ယောဟန်ခရစ်ဝင် ၃:၃၊ ၄ - ယေရှုက “သင့်အား ငါအမှန်အကန်ဆိုမည်။ လူသည် အသစ်တစ်ဖန် မွေးဖွားခြင်း မခံလျှင် ဘုရားသခင်၏နိုင်ငံတော်ကိုမမြင်နိုင်” ဟု ပြန်၍ မိန့်တော်မူ၏။ (၄) နိကောဒင်ကလည်း “အသက်ကြီးသော သူသည် မည်ကဲ့သို့ မွေးဖွားခြင်းခံနိုင်မည်နည်း။ သူ့မိခင်၏ ဝမ်းထဲသို့ နောက်တစ်ဖန်ဝင်၍ မွေးဖွားခြင်းကို ခံနိုင်ပါမည် လော”ဟု လျှောက်လေ၏။ | ယေရှုဘုရားသည် လောကုတ္တရာ မွေးဖွားခြင်းကို ဆိုခြင်းဖြစ်ပြီး နိကောဒင်မှ မံသခန္ဓာဖြင့် မွေးခြင်းဟု မှတ်၏။ |
| ရှင်ယောဟန်ခရစ်ဝင် ၄:၁၃-၁၅ - ယေရှုကလည်း “ဤရေကို သောက်သောသူတိုင်း နောက်တစ်ဖန်ရေငတ်ဦးမည်။ (၁၄) ငါ ပေးမည့်ရေကိုသောက်သောသူမူကား ကာလအစဉ်အဆက် မည်သည့်အခါမျှ ရေငတ်မည်မဟုတ်။ ထိုထက်မက ငါပေးမည့်ရေသည် ထိုသူ၌ ထာဝရအသက်တိုင်အောင် ရေပန်းထွက်ရာ စမ်းရေပေါက်ဖြစ်လိမ့်မည်” ဟု ပြန်၍ မိန့်တော်မူ၏။ (၁၅) ထိုအမျိုးသမီးက “အရှင်၊ ကျွန်မသည် ရေမငတ်စေရန်နှင့် ဤနေရာသို့လာ၍ ရေမခပ်ရလေအောင် ထိုရေကို ကျွန်မအားပေးတော်မူပါ”ဟု လျှောက်၏။ | ယေရှုဘုရားသည် လောကုတ္တရာရေကို ဆိုခြင်းဖြစ်ပြီး မာတုဂါမသည် ရူပရေကိုဆိုခြင်းဟု မှတ်၏။ |

| | |
|---|---|
| ရှင်ယောဟန်ခရစ်ဝင် ၅:၁၇၊ ၁၈ - သို့ရာတွင် ယေရှုက "ငါ့ခမည်းတော်သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍ ငါသည်လည်းအလုပ်လုပ်၏" ဟု သူတို့အား ပြန်၍မိန့်တော်မူ၏။ (၁၈) ထိုအတွက်ကြောင့် ဂျူးလူမျိုးတို့သည် ကိုယ်တော်ကိုသတ်ရန် ပို၍ကြိုးစားရှာကြံကြ၏။ အဘယ်ကြောင့်ဆိုသော် ယေရှုသည် ဥပုသ်နေ့ကို ဖောက်ဖျက်သည်သာမက ဘုရားသခင်ကို မိမိ၏ခမည်းတော်ဟု ခေါ်လျက် မိမိကိုယ်ကို ဘုရားသခင်နှင့် တန်းတူထားသောကြောင့် ဖြစ်၏။ | ယေရှုသည် လောကုတ္တရာအမှုကို ဆိုခြင်းဖြစ်ပြီး ယုဒအမျိုးသားများသည် လောကီအမှုဟု မှတ်ကြ၏။ ၎င်းတို့သည် အမှားကိုဖက်တွယ်ကာ ထိုအဖြစ်က ယေရှုဘုရားကို ငြင်းပယ်စေ၊ သတ်စေ၏။ |
| ရှင်ယောဟန်ခရစ်ဝင် ၆:၅၁၊ ၅၂၊ ၆၀၊ ၆၆ - ငါသည် ကောင်းကင်မှဆင်းသက်သည့် အသက်ရှင်သောမုန့်ဖြစ်၏။ မည်သူမဆို ဤမုန့်ကိုစားလျှင် ကာလအစဉ်အဆက် အသက် ရှင်မည်။ လောကီသားတို့၏အသက်အတွက် ငါပေးမည့် မုန့် ကား ငါ၏အသားပေတည်း"ဟု မိန့်တော်မူ၏။ (၅၂) ထိုအခါ ဂျူးလူမျိုးတို့က "ဤသူသည် သူ့အသားကို ငါတို့စားရန် မည်သို့ပေးနိုင်မည်နည်း"ဟု အချင်းချင်းငြင်းခုံပြောဆိုကြ၏။ ... (၆၀) တပည့်တော်တို့ထဲမှအများစုသည် ကြားလျှင် "ဤစကားသည် ပြင်းထန်လှ၏။ မည်သူနားထောင်နိုင်မည်နည်း" ဟု ဆိုကြ၏။ ... (၆၆) ထိုအချိန်မှစ၍ တပည့်တော်တို့ထဲမှအများစုသည် ဆုတ်ခွာသွားပြီး ကိုယ်တော်နှင့်အတူ မလိုက်မပါတော့ဘဲနေကြ၏။ | လူထုက ၎င်းတို့၏ တစ်ဖက်ပိတ်နားလည်မှုဖြင့် ယေရှုဘုရားအား ငြင်းပယ်ကြချိန်တွင် ၎င်းသည် လောကုတ္တရာဆိုင်ရာ မုန့်နှင့်ရေကို ဆိုခြင်းဖြစ်၏။ |

ရှင်ယောဟန်ခရစ်ဝင်ကျမ်းထဲရှိ အနီးအကန့်သည် ယေရှုဘုရား အမှုဆောင်ပုံပြ ကြည့်မှန်ပြင်ဖြစ်၏။ ယေရှုဘုရားက ၎င်း၏အသွေးအသားကို သုံးဆောင်ကြရန် ရှင်ယောဟန် အခန်းကြီး (၆) ၌ မိန့်ခဲ့သည်မှာ ပြတ်သားမှုရှိလာ၏။ ယောဟန် ၆:၃၅ ၌ ယေရှုသုံးခဲ့သည့် သင်္ကေတကို ရှင်းစွာရှင်းပြခဲ့၏။ ၎င်းက လောကုတ္တရာကို မွတ်သိပ်သူများ ၎င်း၏တရားကိုနာယူကာ အားယူကြရန် ဖိတ်နေခြင်းဖြစ်၏။ ၎င်းသည် ဘုရားစေလွှတ်သူဖြစ်ကြောင်း ယုံကြကာ ရင်းအေးနိုင်ကြရန်ဖြစ်၏။ ၎င်း၏တရားကိုနာရန် ငြင်းဆန်သူများသည် ၎င်းကို ပင် ငြင်းပယ်စေ၏။ အနီးအဆင့်ဆင့်များသည် တရားကို မယူလိုကြသည့်သူများ၌ ဖြစ်ပေါ် ၏။ ထိုအဖြစ်က ၎င်းတို့သည် မေရှိယအစစ်အမှန်ဖြစ်ကြောင်းပြ သက်သေများကို ငြင်း ဆန်ကြရာ၌ အာပတ်မသင့်ရန် လိုလိုလားလား အမှတ်မှားလိုကြောင်း ပြတော်မူ၏။

သူကြွယ်နှင့် လာဇရုပုံပမာ၌ ယေရှုဘုရားသုံးခဲ့သည့် ကြည့်မှန်ပြင်သည် ရူပ၊ အရူပ အရာများကို သဘောမျှ နားလည်ခြင်းထက် သာ၍နက်ရှိုင်း၏။ ယေရှုဘုရားသည် ပဓာနကျသည့်အချက်ကို အလင်းပြရန်အတွက် လူတိုင်းနားယဉ်ထားသည့် ဥပမာကိုသုံးခဲ့၏။ ယုဒ အမျိုးသားတို့က ယေရှုအား ၎င်း၏အာနုဘော်ကို ပြစေ၏။ ၎င်းတို့သည် ၎င်းတို့၏စိတ်ကို မာထန်စေကြ၏။ အခြေအနေလိုအပ်ချက်အရ ၎င်းတို့ထိတွေ့နေသည့် ဇာတိ၊ စုတိ အကြောင်းမှန်ကို ယေရှုသည် အလင်းပြရန်လိုပြီ။ ယေရှုကလည်း ၎င်းတို့နားယဉ်ပြီးသည့် ပုံပြင်ကို သုံးခဲ့၏။ ၎င်းတို့၏ ကျောက်သဘော်နှလုံးသားကြောင့် ဤသို့သုံးရန်လိုခဲ့၏။

လူဆိုးများသည် ပြစ်ဒဏ်ခံထိုက်လှ၏ဟု တစ်ဖက်ပိတ်အမြင်ဖြင့် ထိုဖြစ်စဉ်ကို ဖတ်ကြသည့် ယနေ့ခေတ်ကာလသားများသည် ၎င်းတို့၏အမုန်းတရားကို မှန်သည်ဟုမှတ်ရန် လွယ်စေ၏။ အချို့က ယေရှုသည် ဘာ့ကြောင့် ဤသို့ပြုလိုရသနည်း။

အမှတ်မှားလွယ်နိုင် သည့် အကြောင်းများကို ဘာ့ကြောင့် သုံးလိုရသနည်းဟု မေးကြပေမည်။

ကောင်းကင်ရောက်ကြောင်း ဝမ်းမြောက်ဖွယ် တရားထူး၏ ပထမလုပ်ငန်းစဉ်သည် အပြစ် ကို တရားရရန်ဖြစ်၏။ အပြစ်ကို အမှန်မြင်မှ စိတ်ထဲ၌ဖုံးထားသည့်အရာများ ပေါ်လာမည် ဖြစ်၏။ ရှင်လုကာ ၈:၁၇။ ရှင်မာကု ၄:၂၂။ ရှင်လုကာ ၁၂:၂။ အနှီသည် ပညတ်တော်၏ ရည်ရွယ်ရာဖြစ်၏။ ငါတို့အားလုံးသည် သတိမပြုမိပြား အပြစ်ရှိကြ၏။ သို့သော် လက် မခံ။ ဖုံးထားကြ၏။ သို့မဟုတ် အပြစ်၏အဆိုးတရားအစုံကို အဝိဇ္ဇာဖုံးကြ၏။ ငါတို့ သန္တာန်၌ အပြစ်ကိုထိုးထွင်းသိနိုင်စေရန် ဘုရားသခင့်ပညာဉာဏ်၏ လုပ်ဆောင်မှုသည် လိုအပ်၏။

> "ထိုအရှင်ရောက်လာသောအခါ လောကီသားတို့အား အပြစ်အကြောင်း၊ ဖြောင့်မတ်ခြင်းအကြောင်းနှင့် တရားစီရင်ခြင်းအကြောင်းတို့ကို ဖော်ပြမည်။" - ရှင်ယောဟန်ခရစ်ဝင် ၁၆:၈

> "စိတ်ဝိညာဉ်ဆင်းရဲနွမ်းပါးသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် သူတို့၏နိုင်ငံဖြစ်၏။ (၄) ဝမ်းနည်းကြေကွဲသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား သူတို့သည် နှစ်သိမ့်ခြင်းကို ခံစားရ ကြလိမ့်မည်။" - ရှင်မဿဲခရစ်ဝင် ၅:၃၊ ၄

> "ပညတ်တရားဆိုထားသမျှတို့သည် ပညတ်တရားအောက်၌ရှိသောသူများအတွက် ဆိုထားကြောင်း ငါတို့သိကြ၏။ ဤသည်ကား နှုတ်ရှိသမျှသည် ပိတ်ထားခြင်းခံရ၍ လောကီသားအပေါင်းတို့သည် ဘုရားသခင်၏ တရားစီရင်ခြင်း လက်အောက်သို့ ကျရောက်ကြရန်ဖြစ်၏။" - ရောမသြဝါဒစာ ၃:၁၉

ခါနာန်အမျိုးသမီးက ယေရှုဘုရားထံ ၎င်း၏သမီးကိုကုပေးရန် အသနားခံခဲ့သည်ကို ငါတို့ အမှတ်ရပါ၏။ ကနဦး၌ ၎င်း၏ဆိတ်ဆိတ်နေခြင်းက ၎င်း၏တပည့်တော်များတိုင်း တစ်ပါးသားများအပေါ်ထားသည့် စိတ်ဓာတ်ကို ကြည့်မှန်ပြင်ဖြင့် ပြခြင်းဖြစ်၏။

ဘုရား သခင်၏ ကြည့်မှန်က ၎င်းတို့၏အတွေး၊ စိတ်ဓာတ်များကို ရောင်ပြန်ဟပ်စေ၏။ ခရစ် တော်သည် ငါတို့၏အတွေး၊ ဆန္ဒများကို ခွဲခြမ်းပြ၏။

> "ဘုရားသခင်၏နှုတ်ကပတ်တော်သည် အသက်ရှင်၍ ထက်မြက်ကာ အသွားနှစ်ဖက်ပါသည့် ဓားရှိသမျှတို့ထက် သာ၍ထက်သဖြင့် အသက်နှင့် ဝိညာဉ်တို့အထိလည်းကောင်း၊ အဆစ်အမြစ်နှင့်ခြင်ဆီတို့အထိလည်းကောင်း ထိုးဖောက်ပိုင်းခြား တတ်၏။ စိတ်နှလုံး၏စဉ်းစားဆင်ခြင်မှုနှင့်သဘောထားတို့ကိုလည်း ထိုးထွင်း သိမြင်နိုင်၏။" - ဟေဗြဲဩဝါဒစာ ၄:၁၂

ဘုရားသခင်သည် လူသားများကို အရှင်လတ်လတ် ညှဉ်းပန်းသည်၊ မီးတိုက်သည်ဟု သက်သေပြရန် ယေရှုဘုရား၏ မိန့်ကြားချက်များဖြင့် ထောက်ပြကြခြင်းသည် အရင်းစစ် သော် ၎င်းတို့က ဘုရားအပေါ် တစ်ဖက်ပိတ်စိတ်ဓာတ်ရှိကြောင်း ပြခြင်းဖြစ်၏။ အခြား ဖက်မှလည်း ခရစ်တော်ဘုရားသည် လူကို အကြမ်းမဖက်၊ မသတ်ဘဲနေကာ ၎င်းသည် ၎င်း၏ခမည်းတော်နှင့် တစ်ပုံစံတည်းဖြစ်သည်ဟု မိန့်သောကြောင့် ငါတို့သည် ရွေးရတော့ မည်ဖြစ်၏။

တိုင်းတစ်ပါးသူမှ ၎င်း၏သမီးကို ကုပေးရန် ယေရှုဘုရားကို အသနားခံခဲ့ချိန်တွင် ယေရှုက "သားသမီးဖို့ လျာထားသည့်အစာကို ခွေးကိုမကျွေးသင့်ပါ" ဟု မိန့်ခဲ့သည်ကို သူမ ကြားခဲ့ ၏။ ထိုတွင် သူမ ရွေးရတော့၏။ ယေရှုမိန့်ခဲ့သည်ကို အတည်ယူကာ ပြန်လှည့်မည်လော (သို့) မြင်ခဲ့သည့် ပြာဋိဟာကြောင့် သူမကိုကူမည်ဟု ဆက်၍ကိုးစားမည်လော။ ဝမ်း မြောက်ဖွယ်တရားထူး၏ လုပ်ငန်းသည် ငါတို့ကို ခမည်းတော်၏သိက္ခာတော်အကြောင်း ဝိဘဇ္ဇပြုစေ၏။

သမ္မာကျမ်းစာလေ့လာခြင်း၊ ခရစ်တော်ဘုရားနှင့် နှစ်ပါးသွားခြင်းများသည် ယုံကြည်ခြင်း မြဲသူအတွက် ရာစုနှင့်ချီ အမြစ်စွဲလာသည့် ရိုးရာအစဉ်အလာက

၎င်းအပေါ် လောင်းရိပ် ကျသော်လည်း ဝိရောဓိမဖြစ်စေပါ။ မီးတိုက်ခံရသည့် သူကြွယ်အကြောင်းနှင့် ငရဲတွင် ရုပ်နာမ်နှစ်ပါးကို ဖျက်စွမ်းသည့် ဘုရားသခင့်အကြောင်း ယေရှုမိန့်သည့်အကြောင်း ဖတ်ရ သည့်အခါ သင်၏ရန်သူကို ချစ်၊ လူအသက်ကိုမသတ်ရ စသည့်အကြောင်းများ မည်သို့ ဆီလျော်နိုင်ကြောင်း စူးစမ်းရန် ငါဆုံးဖြတ်၏။ ငါတို့သည် ဆိုးသွမ်းသူများ၏ သေဆုံးကြ ခြင်းအကြောင်းကို ငါတို့ နှီးနှောပြီးဖြစ်၏။ ယခုတွင် မီးနှင့်ဘုရားသခင် ဆက်နွှယ်ပုံကို စူးစမ်းကြအံ့။

"ထိုအခါ **ဘုရားသခင်၏ကောင်းကင်တမန်သည် ချုံထဲကထွက်သော မီးလျှံ၌ ထင်ရှား၏။** မောရှေသည်ကြည့်သောအခါ၊ မီးလောင်၍ ချုံမကျွမ်းဘဲရှိသည်ကို မြင်၏။" - ထွက်မြောက်ရာကျမ်း ၃:၂

"**ထာဝရဘုရား၏ဘုန်းတော်သည်** တောင်ထိပ်ပေါ်မှာလောင်သော မီးကဲ့သို့ ထင်၍၊ ဣသရေလအမျိုးသားတို့သည် မြင်ရကြ၏။" - ထွက်မြောက်ရာကျမ်း ၂၄:၁၇

"ကြည့်ရှုလော့။ **ထာဝရဘုရား၏ နာမတော်သည် ဝေးသောအရပ်မှ လာ၏။** အမျက်တော်လောင်၍ မီးလျှံ ဟုန်းလေ၏။ နှုတ်တော်သည် အမျက်နှင့် ပြည့်၍၊ **လျှာတော်သည် မီးရှို့သကဲ့သို့ ဖြစ်လေ၏။**" - ဟေရှာယ ၃၀:၂၇

"အပြစ်ရှိသော ဇိအုန်မြို့သားတို့သည် ကြောက်ကြ၏။ အဓမ္မပြုသောသူတို့သည် ထိတ်လန့်ကြ၏။ **ငါတို့တွင် အဘယ်သူသည် လောင်သောမီးထဲမှာ နေရမည်နည်း။** ငါတို့တွင် အဘယ်သူသည် ထာဝရ မီးလောင်ခြင်းကို ခံလျက်နေရမည်နည်း။ (၁၅) **တရားသဖြင့်ကျင့်၍ ဖြောင့်မတ်စွာ ပြောထသော၊** ညှဉ်းဆဲခြင်းအားဖြင့် ရသော ငွေကို ရွံ၍၊ တံစိုးကိုလည်း ငြင်းပယ်ထသော၊ လူအသက်သတ်ခြင်းအမှုကို နားမခံ၊ အဓမ္မအမှုများကို မကြည့်မရှုသောသူသည် မြင့်သောအရပ်၌ နေလိမ့်မည်။" - ဟေရှာယ ၃၃:၁၄၊ ၁၅

“**ငါတို့ဘုရားသခင်သည် လောင်သောမီး ဖြစ်တော်မူ၏။**” - ဟေဗြဲဩဝါဒစာ ၁၂:၂၉

“ထိုအခါ ပြင်းထန်သောလေတိုက်ခတ်သံနှင့်တူသည့် အသံသည် ကောင်းကင်မှ ရုတ်တရက်ပေါ်ထွက်လာ၍ သူတို့ထိုင်နေသောအိမ်တစ်အိမ်လုံးကို ဖုံးလွှမ်းလေ၏။ (၃) ထို့နောက် **ဖြာထွက်သည့်မီးလျှံကဲ့သို့သောလျှာများသည် သူတို့ရှေ့၌ ပေါ်ထွက်လာ၍ သူတို့တစ်ဦးစီအပေါ်တည်လေ၏။** (၄) **ထိုအခါ သူတို့အားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက်** ဝိညာဉ်တော်သည် သူတို့အား ပြောနိုင်စွမ်းပေးတော်မူသည့်အတိုင်း အခြားသောဘာသာစကားများဖြင့် စတင်ပြောဆိုကြ၏။” - တမန်တော်ဝတ္ထု ၂:၂-၄

“ထို့ကြောင့် လက်တုံ့မပြန်ဘဲ ‘သင့်ရန်သူဆာလောင်လျှင် ကျွေးမွေးလော့။ ရေငတ်လျှင် သောက်စရာပေးလော့။ ထိုသို့ပြုခြင်းအားဖြင့် **သင်သည် သူ၏ခေါင်းပေါ်၌ မီးခဲကိုပုံထားလိမ့်မည်။**’” - ရောမဩဝါဒစာ ၁၂:၂၀

ပင်တေကုတ္တေပွဲနေ့တွင် တပည့်တော်တို့သည် ဝိညာဉ်တော်မီးခြံကြရ၏။ ၎င်းတို့သည် ဘုန်းရောင်ကွန့်မြူးကြပြီး မောရှေအချိန်က မီးမကျွမ်းသည့်ချုံနှင့် အလားတူ၏။ ဟေရှာယ ၃၃:၁၄ ရှိမေးခွန်းကား - အဘယ်သူသည် လောင်သောမီးထဲမှ ထာဝရမီးလောင်ခြင်းကို ခံလျက်နေရမည်နည်းဖြစ်၏။ ဖြောင့်မတ်သောသူသည် ဘုရားသခင်၏မေတ္တာမီးတွင် အစဉ်အလောင်ခံရမည်။ ဘုရားသခင်၏မေတ္တာတော်သည် ကမ္ဘာကြီးနိဂုံးချုပ်ချိန်တွင် အကြွင်းမဲ့ထုတ်ပြသည့်အခါ ဆိုးသွမ်းသူများကလည်း ဘုရားသခင်သည် ၎င်းတို့ကို ကယ်တင်ရန် မည်မျှပဒေသာဆိုက်ခဲ့ကြောင်းကို သိကြမည်ဖြစ်၏။ ၎င်းတို့၏ ငြင်းဆန်ခဲ့မှုတို့ သည် ၎င်းတို့၏ ဦးခေါင်းပေါ် မီးကျီးခဲတင်ထားသည့်ပမာ ဖြစ်မည်။ ၎င်းတို့၏ အကုသိုလ် က ၎င်းတို့ကိုနင်းချေမည်ဖြစ်၏။ ဘုရားကငြင်းမည်မဟုတ်။ မီးသည် မေတ္တာမီးဖြစ်၏။ ထိုမေတ္တာကို ထုတ်ပြသည့်အခါ စိတ်ကိုမလုံစေတော့၊

ပူလောင်စေတော့၏။ ဘုရားသခင် သည် ရုပ်၊ နာမ်ကို ငရဲတွင် ဖျက်ဆီးနိုင်စွမ်းခြင်းသည် ၎င်းသည် မေတ္တာကြီးလွန်း၊ ဂရုစိုက် လွန်းခြင်းကြောင့်လော။

> "ကိုယ်ခန္ဓာကိုသတ်၍ အသက်ဝိညာဉ်ကိုမသတ်နိုင်သောသူတို့ကို မကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့်အသက်ဝိညာဉ်နှစ်မျိုးစလုံးကို ငရဲ၌ဖျက်ဆီးနိုင်သောအရှင်ကိုသာ ကြောက်ကြလော့။ (၂၉) စာကလေးနှစ်ကောင်ကို အသပြာတစ်ပြားနှင့် ရောင်းသည်မဟုတ်လော။ သို့ရာတွင် သင်တို့အဖ၏အခွင့်မရှိလျှင် ထိုစာကလေး တစ်ကောင်မျှ မြေပေါ်သို့ကျလိမ့်မည်မဟုတ်။ (၃၀) သင်တို့ဦးခေါင်းမှ ဆံပင်ရှိသမျှကိုပင် ရေတွက်ထားတော်မူ၏။ (၃၁) ထို့ကြောင့် မကြောက်ကြနှင့်။ သင်တို့ သည် စာကလေးများစွာတို့ထက် အဖိုးထိုက်ကြ၏။" - ရှင်မဿဲခရစ်ဝင် ၁၀:၂၈-၃၁

အခန်းငယ် (၂၈) သည် (၂၉-၃၀) များနှင့် မဆီလျော်ဟန်ရှိ၏။ ပထမတွင် ယေရှုသည် ရုပ်နာမ်ကို ဖျက်ဆီးနိုင်သူကို ကြောက်ရန်မိန့်ခဲ့၏။ ထို့အပြီးတွင် ခမည်းတော်သည် အကြင်နာတရားနှင့်ပြည့်သူ၊ ကြောက်ရန်မလိုဟု မိန့်ပြန်၏။ ဘုရားသခင်သည် အရေခွံ ပျော်စေမည့်မီးကိုသုံးပြီး လူသားများကို ငရဲ၌ မီးလောင်တိုက်သွင်းသည်မှန်လျှင် ၎င်းက အခန်းငယ် (၃၁) ၌ "မကြောက်ကြနှင့်" ဟု ဝိရောဓိမဲ့စွာ ဆိုနိုင်ရသနည်း။

ယေရှုဘုရားသည် အခန်းငယ် (၂၈) အား လူသားများ၏ မှတ်ယူပုံကို ကြည့်မှန်ပမာ ပြခြင်း ဖြစ်၏။ ၎င်းက ငါတို့၏ ဉာဏ်နှုဖြင့် ဘုရားသခင်ကို ရှုကွက်ဆင်းပုံအကြောင်း ပြန်၍ပြခြင်း ဖြစ်၏။ ဤကျမ်းပိုဒ်ကို ဖတ်ရှုသူသည် အပြစ်ကြီးသူဖြစ်လျှင် ၎င်း၏အဖြစ်နှင့် ဘုရား သခင်၏သိက္ခာ လားလားကွာခြားကြောင်း၊ ၎င်း၏အတွက ခရစ်တော်ကို မည်မျှ ညှဉ်းပန်း ခဲ့ကြောင်းကို စိတ်မလုံဖြစ်သင့်၏။

> "ထိုအခါ တပ်မက်ခြင်းသည် သန္ဓေတည်၍ အပြစ်ကိုဖွားမြင်ပြီး အပြစ်သည် ကြီးပြင်းရင့်မာသောအခါ သေခြင်းကိုဖြစ်ပွားစေ၏။" - ရှင်ယာကုပ်ဩဝါဒစာ ၁:၁၅

"မကောင်းမှုသည် ဆိုးယုတ်သောသူတို့ကိုသေဆုံးစေလိမ့်မည်။ ဖြောင့်မတ်သော သူကို မုန်းသောသူတို့သည်လည်း ပြစ်ဒဏ်စီရင်ခြင်းခံရလိမ့်မည်။" - ဆာလံကျမ်း ၃၄:၂၁

သေခြင်းကိုဖြစ်စေသည်မှာ အပြစ်ဖြစ်၏။ ဘုရားသခင်မဟုတ်။ ကောင်းကင်ဘုံရှိ ခမည်း တော်သည် စာရင်းများကို မည်မျှဂရုစိုက်ကြောင်း၊ ငါတို့၏ဆံပင်များကို ရေတွက်ပြီး ကြောင်း၊ ငါတို့ကို အစဉ်မေတ္တာရှိကြောင်းတို့ကို သိနားလည်ခြင်း၊ ငါတို့သည် တစ်ဆုံးဖျက် ဆီးခံရမည်ဟု သိခြင်းများဖြင့် စိတ်မလုံပဲ ထိုသို့ဖြစ်ပျက်မည်ဖြစ်၏။ ကိုယ့်အဖြစ်ကို သိခြင်းက စိတ်မလုံဖြစ်စေကာ ကူရာမဲ့ပါမည်။ ဤရှုကွက်ဖြင့်သာ မဿဲ ၁၀:၂၈ နှင့် မဿဲ ၁၀:၂၉-၃၁ သည် အတွဲညီမည်ဖြစ်၏။

ဘုရားသခင်သည် ၎င်း၏သီလကို ထင်ပြသည့်အခါ အနီသီလကလူဆိုးများကို သေစေမည်ကို သိသောကြောင့် ၎င်းတို့၏သေဆုံးခြင်းအတွက် ဘုရား၌တာဝန်ရှိ၏ဟူသည့် မှတ် ချက်မျိုး ပေါပေါလာတတ်၏။ ၎င်းကိုယ်ကို ထင်ပြခြင်းသည် အသက်သတ်သူဖြစ်စေ၏။ အနီသည် မျှော်လင့်ချက်မဲ့ပြီဖြစ်သည့် ရောဂါသည်ကို အသက်ထောက်ပေးမှုများဖြတ်ရန် တောင်းဆိုခံရသည့် သမားတော်ကို အသက်သတ်သမားဟု မှတ်ခြင်း (သို့) ၎င်းတို့၏ သေဆုံးခြင်းအတွက် တာဝန်ရှိသည်ဟု မှတ်သည့်ဖြစ်စဉ်နှင့် ပမာဆင်၏။ ပုထုဇဉ်များ အထူးသဖြင့် ထာဝရကာလပတ်လုံး ဘုရားသခင်နှင့် ပွင့်ပွင့်လင်းလင်း သဟာယရှိနိုင်ရန် ဘုရားသည် မည်သည့်ပုဂ္ဂိုလ်မျိုးဖြစ်ကြောင်းကို မလွဲမသွေ ပြရမည်ဖြစ်၏။ ကမ္ဘာသမိုင်း ပိတ်မည့်အချိန်တွင် လူဆိုးများသည် ယေရုရှလင်မြို့သစ်ကို သိမ်းလိုခြင်းသည် ၎င်းတို့ သည် သတ်လိုစိတ်၊ မနာလိုစိတ်၊ ခိုးလိုစိတ် ရှိသည်ဟု ဆိုလိုခြင်းဖြစ်၏။

"သူတို့သည် [မာရ်နတ်နှင့်လူဆိုးများ] ကမ္ဘာမြေကြီး၏ကျယ်ပြန့်သောအရပ်သို့ ချီ တက်လာ၍ သန့်ရှင်းသူတို့၏စခန်းနှင့် ချစ်တော်မူသောမြို့ကို ဝိုင်းကြ၏။ ထိုအခါ

ကောင်းကင်မှ မီး[ပင်တေကုတ္တေပွဲနေ့၌ပြသည့် အတ္တမဲ့မေတ္တာ]ကျလာ၍ သူတို့ကို လောင်ကျွမ်း [စိတ်မလုံခြင်း] လေ၏။" - ဗျာဒိတ်ကျမ်း ၂၀:၉

အတ္တသမားက အတ္တမဲ့ဘုရားထံချဉ်းသည့်အခါ စိတ်မလုံခြင်းက လူဆိုးများကို သေရှာပို့တော့၏။

သမ္မာကျမ်းစာကို ငါတို့ဖတ်ရှုသည့်အခါတိုင်း ကြည့်မှန်သည် ငါတို့၏ရှေ့တွင် ထောင်ထား ၏။ ထိုမှန်က ငါတို့မှတ်ယူပုံကို ထင်ပြ၏။ ထို့နောက် ငါတို့သည် ထာဝရအတွက် ရွေးရ၏။

"သန့်ရှင်းသောသူအား မိမိသန့်ရှင်းကြောင်းပြတော်မူ၏။ ကောက်ကျစ်သောသူကို ကား မိမိဉာဏ်များကြောင်း ပြတော်မူ၏။" - ဆာလံကျမ်း ၁၈:၂၆ (NLT)

သားဣဇာက်ကို အလျှင်းမပြုရန် အာဗြဟံအား ကောင်းကင်တမန်က တားသည့်အခါ အာဗြဟံသည် ဘုရားသခင်အပေါ် ၎င်း၏အမြင်ဟောင်းကိုပြောင်းရန် ရွေးရတော့၏။ သားကို သတ်ရမည်ဟူသည်မှာ ၎င်း၏အတွေးရောင်ပြန်ဖြစ်၏။ ၎င်း၏သားလည်း မလွဲသေရမည့်ပမာရှိ၏။ ကျွန်ုပ်တို့သည် *ထိုလုလင်ကို အလျှင်းမပြုနှင့်* ဟူသည့်အသံကိုကြား ကာ ဘုရားသခင်သည် သေခြင်းကိုဆောင်ကြဉ်းသူမဟုတ်ဟု မှတ်ကြအံ့။ "မီးရှို့ရာယဇ် နှင့် အပြစ်ဖြေရာယဇ်များကို ငါအလိုမရှိ" - ဆာလံ ၄၀:၆။

သို့ဆိုလျှင် ယေရှုက ထိုဥပမာကို မည်သည့်ရည်ရွယ်ချက်ဖြင့် ဆိုခြင်းဖြစ်မည်နည်း။ ထိုအချက်ကို ၎င်း၏နိဂုံးစကား၌ တွေ့ရ၏။

"'သို့သော် အာဗြဟံက 'သူတို့သည် မောရှေနှင့်ပရောဖက်တို့၏စကားကို နားမထောင်လျှင် တစ်စုံတစ်ယောက်သည် သေသောသူတို့ထဲမှ ထမြောက်လျှင်လည်း သူတို့ယုံကြည်ကြလိမ့်မည်မဟုတ်' ဟု ဆိုလေ၏' ဟူ၍ မိန့်တော်မူ၏။" - ရှင်လုကာခရစ်ဝင် ၁၆:၃၁

ခရစ်တော်က ငါတို့သည် သုသာန်၏ဤမှာဖက်ခြမ်း၌ အသက်မြဲချိန်တွင် ဆုံးဖြတ်ချက်ချရန် အရေးပါကြောင်းကို ၎င်းတို့သန္တာန်တွင် အမှတ်ထင်စေခဲ့ပြီး ငါတို့သည် ဆုံးဖြတ်ချက်ချသည့်အခါ မောရှေနှင့် ပရောဖက်များ၏ ပြောစကားများကို အလေးပေးကြရန် လိုအပ်ကြောင်းကို အမှတ်စွဲစေခဲ့၏။

## ၁၇။ ပြစ်ဒဏ်ပေးသည့် ကောင်းကင်တမန်များ

ကောင်းကင်တမန်များသည် ယေရှုဘုရား ဤကမ္ဘာ၌လာပွင့်စဉ်တွင် အတော်ပင်ပံ့ပိုးပေးခဲ့ကြ၏။ ကယ်တင်ရှင်မေရှိယ မွေးဖွားမည့်သတင်းထူးကို ဂါဗြေလအမည်ရ ကောင်းကင် တမန်က မာရိထံ ဦးဦးဖျားဖျားသတင်းပေးခဲ့၏။ ကားတိုင်ပေါ် အတင်မခံရမီတွင် ယေရှု ဘုရားကို ကောင်းကင်တမန်က အားပေးခဲ့၏။ ယေရှုဘုရားကို သင်္ချိုင်းမှခေါ်ထုတ်ရန်နှင့် စိတ်မချမ်းသာကြသည့် တပည့်တော်များကို ယေရှုသည် သေရာမှထမြောက်ပြီးကြောင်း သတင်းကောင်းပါးရန် ခမည်းတော်သည် ကောင်းကင်တမန်များကို စေလွှတ်ခဲ့၏။ ယေရှု ဘုရား၏ လုပ်ငန်းစဉ်များတွင် ကောင်းကင်တမန်များ၏ ပံ့ပိုးမှုသည် ပဓာနကျပြီး ၎င်းတို့ ၏ ပံ့ပိုးမှုခပ်သိမ်းသည် ခရစ်တော်၏သိက္ခာတော်ကို အခြေခံ၏။ ။

> "နာသနေလက 'ရဗ္ဗိ၊ ကိုယ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ပါသည်။ အစ္စရေးဘုရင်လည်းဖြစ်ပါသည်' ဟု လျှောက်လေ၏။ (၅၀) ယေရှုကလည်း 'သဖန်းပင်အောက်၌ သင့်ကို ငါမြင်သည်ဟုဆိုသောကြောင့် သင်ယုံကြည်သလော။ ဤထက်ကြီးမြတ်သောအရာများကို သင်မြင်ရလိမ့်မည်' ဟု ပြန်၍ မိန့်တော်မူပြီးလျှင် (၅၁) 'သင်တို့အား ငါအမှန်အကန်ဆိုမည်။ ကောင်းကင်သည် ပွင့်လျက် ဘုရားသခင်၏ကောင်းကင်တမန်တို့သည် လူ့သား၏အပေါ်တွင် တက်လျက်ဆင်းလျက် နေကြသည်ကို သင်တို့မြင်ရကြလိမ့်မည်' ဟု မိန့်တော်မူ၏။" - ရှင်ယောဟန်ခရစ်ဝင် ၁:၄၉-၅၁

ကောင်းကင်တမန်များ၏ ပံ့ပိုးမှုများသည် လူ့သား (Son of man) ကို အခြေခံသောကြောင့် ခရစ်တော်၏လုပ်ကိုင်ပုံအပေါ် အခြေခံ၏။ သမ္မာကျမ်းစာက အောက်ပါအတိုင်းဆို၏။ ။

"ကောင်းကင်တမန်အားလုံးတို့သည် ကယ်တင်ခြင်းကို အမွေဆက်ခံမည့်သူများ၏ အမှုကိုဆောင်ရွက်ရန် စေလွှတ်ခြင်းခံရသည့် အစေခံဝိညာဉ်များ ဖြစ်ကြသည် မဟုတ်လော။" - ဟေဗြဲသြဝါဒစာ ၁:၁၄

ဘုရားသခင်၏ ကောင်းကင်တမန်များသည် ငါတို့၏အဘနှင့် ယေရှုဘုရားအတွက် အမှုထမ်းရပျော်ကြ၏။ ငါတို့ကိုလည်း ကာကွယ်ဖေးမလိုကြ၏။

"ထာဝရဘုရား၏ကောင်းကင်တမန်တို့သည် ကိုယ်တော်ကို ကြောက်ရွံ့သောသူတို့ပတ်လည်၌တပ်ချ၍ သူတို့ကိုကယ်မကြ၏။" - ဆာလံကျမ်း ၃၄:၇

၎င်းတို့သည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့်ပြည့်ကာ ဘုရားသခင်နှင့် သားတော်ကို ချီးကျူးထောပနာပြုကြ၏။

"ထို့နောက် ငါကြည့်လိုက်ရာ ပလ္လင်တော်၊ သတ္တဝါလေးပါးနှင့် သက်ကြီးဝါကြီးတို့၏ ပတ်ဝန်းကျင်မှ များစွာသော ကောင်းကင်တမန်တို့၏အသံကို ကြားရ၏။ သူတို့၏အရေအတွက်သည် သိန်းသန်းကုဋေရှိ၏။ (၁၂) သူတို့သည် ကျယ်လောင်သောအသံဖြင့် 'အသေသတ်ခြင်းခံရသောသိုးသငယ်တော်သည် တန်ခိုး၊ စည်းစိမ်၊ ဉာဏ်ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်သရေ၊ ဘုန်းအသရေနှင့် ကောင်းချီးမင်္ဂလာတို့ကို ခံယူထိုက်သောအရှင်ဖြစ်ပါ၏' ဟု ကြွေးကြော်ကြ၏။" - ဗျာဒိတ်ကျမ်း ၅:၁၁၊ ၁၂

ကောင်းကင်တမန်များသည် ဝမ်းမြောက်ဖွယ်တရားထူးနှင့် ကယ်တင်ခြင်း လုပ်ငန်းစဉ်များ၌ စိတ်ဝင်စားကြ၏။

"ထိုအခါ သူတို့ပြုစုသောအရာတို့သည် မိမိတို့အတွက်မဟုတ်ဘဲ သင်တို့အတွက်ဖြစ်ကြောင်း သူတို့အားဖွင့်ပြတော်မူ၏။ ယခု ထိုအရာတို့သည် ကောင်းကင်ဘုံမှ စေလွှတ်ခြင်းခံရသည့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကောင်းမြတ်သောသတင်းကိုဟောပြောသောသူများမှတစ်ဆင့် သင်တို့ထံ ဖော်ပြခြင်းခံရပြီ။

ကောင်း ကင်တမန်တို့ပင်လျှင် ထိုအရာတို့ကိုကြည့်ရှုရန် အလွန်အလိုရှိကြ၏။" - ရှင်ပေတရုဩဝါဒစာပထမစောင် ၁:၁၂

၎င်းတို့သည် ကမ္ဘာကြီးငြိမ်းချမ်းရန်နှင့် ငါတို့အကျိုးကို လိုလားကြ၏။

"ထိုခဏချင်းတွင် ထိုကောင်းကင်တမန်နှင့်အတူ များစွာသော ကောင်းကင်ဗိုလ်ခြေသည် ပေါ်လာ၍ ဘုရားသခင်ကိုချီးမွမ်းကာ (၁၄) "အမြင့်ဆုံးသောအရပ်၌ ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်း နှစ်သက်တော်မူသောသူတို့အပေါ် ငြိမ်သက်ခြင်းရှိစေသတည်း"ဟု မြွက်ဆိုကြ၏။" - ရှင်လုကာခရစ်ဝင် ၂:၁၃၊ ၁၄

၎င်းတို့သည် တန်ခိုးအစွမ်းရှိကြပြီး ဘုရားသခင်ကို နာခံကာ ပညတ်တော်ကို စောင့်ကြ၏။

"ကိုယ်တော်၏အမိန့်တော်အတိုင်းလုပ်ဆောင်၍ အမိန့်တော်သံကိုနာခံကြသည့် တန်ခိုးခွန်အားကြီးသော ကိုယ်တော်၏ကောင်းကင်တမန်တို့၊ ထာဝရဘုရားကို ကောင်းချီးထောမနာပြုကြလော့။" - ဆာလံကျမ်း ၁၀၃:၂၀

ဘုရားသခင်၏အမျက်အကြောင်း အခန်း (၁၁) တွင် ငါတို့တွေ့ခဲ့သည့်အတိုင်း ငါတို့အဘသည် ငါတို့ကို စာတန်မာရ်နတ်နှင့် ၎င်း၏အပေါင်းပါနတ်ရဲများရန်မှ ကာကွယ်ရန် ၎င်း၏တမန်များကို တပ်ချပေး၏။ ကောင်းကင်တမန်များသည် ခရစ်တော်၏ဝိညာဉ်ဖြင့်ပြည့်စုံ ကြသောကြောင့် ခမည်းတော်၏ ပညတ်များကိုစောင့်ကြ၏။ ၎င်းတို့သည် လူ့အသက်ကို မသတ်ဘြား နတ်ရဲများ၏ အဖျက်လုပ်ငန်းများကို တားဆီးရန် ၎င်းတို့၏ တန်ခိုးအစွမ်းကို သုံးကြ၏။ ဤအခန်း၌ ငါတို့အာရုံပြုလိုသည့် ကျမ်းပိုဒ်အချို့ကို ရှုကြအံ့။ "ကောင်းကင် တမန်၊" "ရိုက်သည်" စသည့် ဝေါဟာရများကို သမ္မာကျမ်းစာ၌ ရှာသည့်အခါ (၄) နေရာ၌ တွေ့နိုင်ပါမည်။

၁။ တောလည်ရာကျမ်း ၂၂။ ။ ဗာလမ်နှင့် မြည်းအကြောင်း။ ကောင်းကင်တမန် ကို တွေ့သည့်မြည်းကို ဗာလမ်ရိုက်ခဲ့၏။

၂။ ၂ ရာ ၂၄။ ။ ဒါဝိဒ်မင်းကြီး သန်ခေါင်စာရင်းကောက်ယူကာ လူ (၇၀,၀၀၀) ထာဝရဘုရားသခင့်ကောင်းကင်တမန်၏ အရိုက်ခံရ၏။

၃။ ၄ ရာ ၁၉:၃၅။ ဟေရှာယ ၃၇:၃၆။ ။ အာရှုရိစစ်သား (၁၈၅,၀၀၀) သည် ထာဝရ ဘုရားသခင့်ကောင်းကင်တမန်၏ အရိုက်ခံရ၏။

၄။ တမန်တော်ဝတ္ထု ၁၂:၂၄။ ။ ထာဝရဘုရားသခင်၏ ကောင်းကင်တမန်သည် ဟေရုဒ်မင်းအား ၎င်း၏အပြစ်အတွက် ရိုက်ခဲ့၏။

ပထမအဖြစ်အပျက်၌ ကောင်းကင်တမန်သည် မည်သူကိုမှ မရိုက်လိုပါ။ ကောင်းကင် တမန်ကိုမြင်ပြီး ကြောက်နေသည့်မြည်းကို ဗာလမ်ကသာ ရိုက်ခဲ့၏။ ကောင်းကင်တမန် သည် ဗာလံ့ရှေ့တွင် ဓားကိုင်လျက် ရပ်နေ၏။

> "ထာဝရဘုရား၏ကောင်းကင်တမန်သည် ဓားကိုမိုးလျက်၊ လမ်း၌ ရပ်နေသည် ကို မြည်းသည်မြင်လျှင်၊ လမ်းလွှဲ၍ လယ်သို့ဝင်လေ၏။ ဗာလမ်လည်း မြည်းကို လမ်းသို့ပြန်စေခြင်းငှာ ရိုက်လေ၏။" - တောလည်ရာကျမ်း ၂၂:၂၃

ဓားကိုင်ထားသည့် ကောင်းကင်တမန်၏ အနေအထားသည် ဗာလမ်ကို ဒဏ်ပေးမည့် အသွင်ရှိပြီး ထိုအတွေးမျိုးသည် အခြားအဖြစ်အပျက်များကို ထောက်ပံ့ပေးသယောင်ရှိ၏။

အခြားအဖြစ်စဉ်၌ ဒါဝဒ်သည် မာန်ထပြီး အိမ်နီးချင်းများကိုတုပြိုင်ရန် သန်းခေါင်စာရင်း ကောက်ခဲ့ကာ လူ (၇၀,၀၀၀) သေခဲ့၏။

> "နောက်တစ်ဖန်ထာဝရဘုရားသည် ဣသရေလအမျိုးကို အမျက်ထွက်တော်မူလျှင်၊ စာတန်သည် ရန်ဘက်ပြု၍ ဣသရေလလူနှင့် ယုဒလူတို့ကို ရေတွက်စေခြင်းငှာ ဒါဝိဒ်ကိုတိုက်တွန်းလေ၏။"- ၂ ရာ ၂၄:၁

> "ထိုနေ့နံနက်မှစ၍ ချိန်းချက်သော အချိန်တိုင်အောင် ထာဝရဘုရားသည် ဣသရေလအမျိုး၌ ကာလနာကို လွှတ်လိုက်တော်မူ၍၊ ဒန်မြို့မှသည် ဗေရရှေဘမြို့တိုင်အောင် လူခုနစ်သောင်းသေကြ၏။ (၁၆) ကောင်းကင်တမန်သည် ယေရုရှလင်မြို့ကို ဖျက်ဆီးမည်ဟု လက်ကိုဆန့်သောအခါ၊ ထာဝရဘုရားသည် ထိုဘေးကြောင့် နောင်တရတော်မူ၍၊ တန်ပြီ။ သင့်လက်ကို ရုပ်သိမ်းလော့ဟု လူတို့ကိုဖျက်ဆီးသော ကောင်းကင်တမန်အား မိန့်တော်မူ၏။ ထိုအခါ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ယေဗုသိလူအရောန၏ ကောက်နယ်တလင်းအနားမှာ ရှိ၏။" - ၂ ရာ ၂၄:၁၅၊ ၁၆

အနှီဖြစ်စဉ်ကို စဖတ်သည့်အခါ စိတ်ထင့်နိုင်၏။ ဘုရင်သည် မာနထန်ကာ စာရင်းကောက် ခဲ့၏။ ထို့နောက် ဘုရားကလည်း ကောင်းကင်တမန်စေလွှတ်ကာ (၇၀,၀၀၀) သေအပြီး ဘုရားသည် စိတ်လည်ကာ ဆက်၍ မသတ်တော့။ ပို၍ဆန်းသည်က ၂ ရာ ၂၄:၁ ၌ ဘုရားသခင်သည် ဒါဝိဒ်မင်းကို သန်းခေါင်းစာရင်းကောက်ရန် လက်တို့ပြီး လိုက်လာသည့် အကျိုးဆက်များလည်း ဘုရားသည်တရားခံဖြစ်ဟန်ပေါက်၏။ "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" ကို ယုံကြည်သဒ္ဓါသူများမေးရမည်မှာ "ကမ္ဘာကြီးတွင် ဘာဖြစ်ပျက်နေသနည်း" ဖြစ်၏။ ဤစာအုပ်၏ အခန်း (၉) တွင် ပညတ်သည် ငါတို့ သန္တာန်အတွက် ကြည့်မှန်ဖြစ်သည်ဟု နှီးနှောထား၏။ ဒဏ်ပေးသည့် ကောင်းကင်တမန်၏ဖြစ်စဉ်များသည် ငါတို့က ဤအကြောင်းများကို ခရစ်တော်၏သိက္ခာဖက်မှ ရှုမည် လော (သို့) ငါတို့စရိုက်ကို ဘုရားအပေါ်ဖို့ကာ သုံးသပ်မည်လောဆိုသည်ကို ငါတို့ဆိုခဲ့ ပြီးကြောင်းကို သင်အမှတ်ရပေမည်။

အာရှုရိစစ်သားများ သေဆုံးခဲ့မှု၌ လူဦးရေသာ၍များပြား ဘုရား၏လူများကို ဖျက်ဆီးလိုကြသူများ ဖြစ်သောကြောင့် ငါတို့နေသာထိုင်သာ ရှိပေမည်။ ထိုသူများသည် ကမ္ဘာ့သမိုင်း တွင် အရက်စက်ဆုံး စာရင်းဝင်များဖြစ်ကြ၏။ ထိုသူများသည် လူကို အရှင်လတ်လတ် အရေခွံစုတ်ကြ၊ သံစူးများပေါ်တင်ကြ၏။ ဘုရား၏လူများအပေါ် ဤမျှ ရက်စက်နိုင်ခြင်း အကြောင်းက အများအတွက် ထာဝရဘုရားသခင်၏ ကောင်းကင်တမန်မှ တူညီတုံ့ ပြန်မှုအပေါ် အမေးရှိစေ၏။

> "ထိုည၌တွင် ထာဝရဘုရား၏ ကောင်းကင်တမန်သည် ထွက်၍ အာရှုရိတပ်တွင် လူတစ်သိန်းရှစ်သောင်းငါးထောင်တို့ကို ဒဏ်ခတ်လေ၏။ နံနက်စောစောထချိန် ရောက်သောအခါ၊ ထိုသူအပေါင်းတို့သည် အသေကောင်ဖြစ်ကြ၏။" - ၄ ရာ ၁၉:၃၅

ထိုကျမ်းပိုဒ်ကို လျှပ်ပြေးဖတ်လျှင် ဘုရား၏တမန်သည် အာရှုရိစစ်သား (၁၈၅,၀၀၀) ဦးကို သတ်သည်ဟု မှတ်ယူစေပေမည်။ ဘုရား၏လူများအပေါ် ရက်စက်ကြသူများ ထိုသို့ ခံရသည်မှာ သင့်မြတ်၏ဟု ယူနိုင်ရန်ရှိ၏။ နောက်ဆုံးအနေဖြင့် ဟေရုဒ်မင်းအကြောင်း ငါတို့ရှုကွက်ဆင်းခဲ့၏။ ၎င်းပြုခဲ့သည့် အကုသိုလ်များကြောင့် သေသင့်သူဖြစ်၏။

> "ဟေရုဒ်မင်းသည် ချိန်းဆိုထားသောနေ့၌ မင်းဝတ်တန်ဆာများကိုဝတ်ဆင်လျက် ပလ္လင်တော်ပေါ်တွင်ထိုင်ကာ ထိုသူတို့အား မိန့်ခွန်းမြွက်ကြားလေ၏။ (၂၂) လူစုလူဝေးကလည်း "ဤအသံသည် လူ၏အသံမဟုတ်။ ဘုရားသခင်၏အသံဖြစ်၏" ဟု ကြွေးကြော်ကြ၏။ (၂၃) မင်းကြီးသည် ဘုရားသခင်၏ဘုန်းတော်ကို မချီးမွမ်းသောကြောင့် ထိုခဏချင်းတွင် ထာဝရဘုရား၏ကောင်းကင်တမန်သည် သူ့ကို ဒဏ်ခတ်သဖြင့် သူသည် ပိုးစားခံရ၍ အနိစ္စရောက်လေ၏။" - တမန်တော်ဝတ္ထု ၁၂:၂၁-၂၃

ဟေရုဒ်မင်းသည် ရှင်ယောဟန်၏ နှောင်တော်ယာကုပ်ကို ကွပ်မျက်ခဲ့ပြီး ပေတရုကို ကွပ်မျက်ရန် ကြံသေး၏။ ကောင်းကင်တမန်က ဟေရုဒ်မင်းကို ရိုက်သည်မှာ ရှင်းလှ၏။ ဘုရားက ဒဏ်ခတ်ခြင်းဖြစ်ကြောင်း ရှင်းလှ၏။ ဒဏ်ခတ်ခြင်းဆိုသည်မှာ သူပြုခဲ့သည့် အမှုအတွက် ပေးဆပ်စေခြင်းဖြစ်၏။ ဤ၌ ဘုရားသည် လူဆိုးများသေစေရန် ကောင်းကင်တမန်များကို စေလွှတ်သည်ဟုမှတ်ရန် လွယ်စေပါလိမ့်မည်။ ပထမဖြစ်စဉ်သည် ရှုပ်နိုင်ပြား အာရှုရိစစ်သားများ၊ ဟေရုဒ်မင်း၏ ဖြစ်စဉ်များတွင် မှားရန်ခဲယဉ်းပြီး ထို အကြောင်းကို သံသယရှိနိုင်ခြင်းက အများအတွက် မတွေးနိုင်ဖွယ်ဖြစ်၏။

ဤစာအုပ်၌ ကျမ်းစာလာဖြစ်စဉ်များကို သခင်ခရစ်တော့်သက်တော်စဉ်ဖက်မှ ရှုကွက် ဆင်းရမည်ဟု ငါတို့ဆိုခဲ့ပြီးဖြစ်၏။ ပုထုဇဉ်တစ်ဦးက ဤသို့ပြုရန် သန္နိဋ္ဌာန်မချလျှင် စူးစမ်းမှုကိုတစ်ခန်းရပ်ကာ ဘုရားသခင်၏ ကောင်းကင်တမန်သည် လူများကို သတ်ပါ သည်ဟု မှတ်ကြပါမည်။

ဤစာအုပ်၏ အခန်း (၂) တွင် ကျမ်းစာက ချပြသည်များကို အားလုံးစုစည်းကာ စစ်ဆေး စေသည့် William Miller ၏ ကျမ်းစာလေ့လာနည်းကို ငါတို့ဆိုခဲ့ပြီးဖြစ်၏။ အကြောင်း မတူဟန်ရှိသည့် ကျမ်းပိုဒ်များကို ပို၍စူးစမ်းရန် အနှီစည်းစနစ်က တွန်းအားပေးခဲ့၏။ ယေရှုဘုရား ဤကမ္ဘာ၌ ဘုန်းပွင့်ခဲ့စဉ်က ကောင်းကင်တမန်များက လူသတ်ခဲ့သည့်သ မိုင်း မရှိခဲ့ကြောင်းကို ငါတို့သတိချပ်သင့်၏။ ဒါဝိဒ်မင်းကြီး သန်းခေါင်စာရင်း ကောက်ခဲ့ သည့်အကြောင်းသို့ ပြန်သွားကြအံ့။ အောက်ဖော်ပြပါ ကျမ်းချက်ကို ငါတို့မည်သို့ မှတ်ယူ မည်နည်း။ ဘုရားက ဒါဝိဒ်မင်းအား သန်းခေါင်စာရင်းကောက်ရန် မည်သို့တွန်းခဲ့သနည်း။

> "နောက်တစ်ဖန်ထာဝရဘုရားသည် ဣသရေလအမျိုးကို အမျက်ထွက်တော်မူ လျှင်၊ စာတန်သည် ရန်ဘက်ပြု၍ ဣသရေလလူနှင့် ယုဒလူတို့ကို ရေတွက် စေခြင်းငှာ ဒါဝိဒ်ကိုတိုက်တွန်းလေ၏။" - ၂ ရာ ၂၄:၁

ဤဖြစ်စဉ်တူကို အခြားအပိုဒ်၌ အောက်ပါအတိုင်းလာ၏။

> "နောက်တစ်ဖန်စာတန်သည် ဣသရေလအမျိုး တစ်ဖက်၌ထ၍ ဣသရေလအမျိုး သားတို့ကို ရေတွက်စေခြင်းငှာ ဒါဝိဒ်ကို တိုက်တွန်းလေ၏။" - ၅ ရာ ၂၁:၁

ငါတို့သည် ၂ ရာ ၂၄:၁ တစ်ခုကိုသာဖတ်လျှင် ဣသရေလ (၇၀,၀၀၀) သုတ်သင်ခံရရန် ဘုရားသခင်က ဒါဝိဒ်ကို နဖားကြိုးတတ်ပေးသယောင်ရှိ၏။ ဤဖြစ်စဉ်က ငါတို့ကို "ငါသည် ချစ်ခြင်းမေတ္တာဖြစ်၏" ဟု မိန့်သည့်ဘုရားကို အမေးရှိစေသည် မဟုတ်လော။

ထိုအမေး၏အဖြေကို ငါတို့သည် ၅ ရာ ၂၁:၁ ၌ စာတန်က ဒါဝိဒ်မင်းကို သန်းခေါင်းစာရင်းကောက်ရန် လှည့်ဖြားခွင့်ရကြောင်း တွေ့ရ၏။ ယခုတွင် ငါတို့သည် ထိုကျမ်းနှစ်ချက်ကို ညှိရတော့မည်။ ဣသရေလတို့ ဘေးကြုံရန် ဘုရားနှင့်စာတန် လက်ဝါးရိုက်ခဲ့ကြသည်ဟု ငါတို့မှတ်ကြမည်လော။ ဆက်၍စူးစမ်းကြအံ့။ ဤစူးစမ်းမှုက လူသားတို့က ဘုရားသည် မေတ္တာနှင့်ပြည့်ဝသည့်အဘ၊ ဆုံးဖြတ်ချက်ချခဲ့သူ (သို့) အာဏာရှင်လော ဆိုသည့် လူ့စိတ် ကို ဆန်းစစ်၏။ ဘုရားသခင်၏ ကရုဏာတော်ကို ယုံသူများသည် ထိုမှတ်တမ်းများကို အဖြေညှိနိုင်သည့်အထိ စူးစမ်းကြမည်ဖြစ်ကာ၊ အခြားသူများက ဘုရားသခင်သည် ချစ် လျက်နဲ့ ထိုသို့ပြုသည်ဟု ဆိုကြပါမည်။

ဣသရေလနိုင်ငံတော် ထူထောင်စတွင် ၎င်းတို့သည် အခြားနိုင်ငံများပမာ ဘုရင်ကိုတောင်း ခဲ့ကြ၏။ ၎င်းတို့သည် နိုင်ငံခြားများနှင့် တူလိုကြ၏။

> "ကိုယ်တော်သည် အသက်ကြီးပါ၏။ ကိုယ်တော်၏သားတို့သည် ကိုယ်တော်လမ်း သို့ မလိုက်ကြပါ။ လူမျိုးအပေါင်းတို့၏ ထုံးစံရှိသည်အတိုင်း အကျွန်ုပ်တို့ကို အုပ်စိုး ရသော ရှင်ဘုရင်ကို ချီးမြှောက်ပါလော့ဟု လျှောက်ကြ၏။" - ၁ ရာ ၈:၅

၎င်းတို့၏တောင်းဆိုမှု၌ လူမျိုးကြီးဝါဒပြင်းပြသည့်ဆန္ဒ ထင်ဟပ်၏။ အမှန်ကား အနီ တောင်းဆိုမှုသည် ဘုရားသခင်ကို ငြင်းပယ်ခြင်းတည်း။

"ထာဝရဘုရားကလည်း၊ သင့်အား လူများတို့ ပြောဆိုသမျှသော စကားကို နားထောင်လော့။ သူတို့သည် သင့်ကိုသာမပယ်၊ ငါသည် သူတို့ကို မအုပ်စိုးစေခြင်းငှာ ငါ့ကိုလည်းပယ်ကြပြီ။" - ၁ ရာ ၈:၇

ဘုရင်စနစ်၏အချုပ်ကား ဘုရားကိုငြင်းပယ်ခြင်းဖြစ်၏။ ဣသရေလတို့၏ဘုရင်ရှောလု မင်းသည် ကနဦးပိုင်းတွင်းကောင်းခဲ့ပြား မကြာမတင်တွင် ၎င်း၏အားနည်းချက်များ ဖူးပေါ်ချေပြီ။ ၎င်းသည် နိုင်ငံတော့်ဦးတည်ချက်များကို မဖြည့်ဆည်းခဲ့ပါ။ ဒါဝိဒ်မင်း လက်ထက်တွင် ရန်သူများကို အနိုင်ရကာ ရွှေပြည်တော်ထူထောင်နိုင်ခဲ့၏။ ယခင်က နှိမ့်ပါးမှုနှင့် ယခု ပေါကြွယ်ဝမှုအပေါ် သာယာသည့် တဏှာရှိရန် မာရ်နတ်သည် ဒါဝိဒ်ကို သွေးဆောင်ခဲ့၏။ ဘုရားသခင်သည် ဗိုလ်ချုပ်မင်းယွာယအားဖြင့် ဒါဝိဒ်မင်းကို အလင်း ပေးခဲ့ပြား မာရ်နတ်သည် ပို၍သြဇာညောင်းကာ သန်းခေါင်စာရင်းကောက်ခဲ့၏။

"ယွာဘကလည်း၊ ကိုယ်တော်၏ဘုရားသခင် ထာဝရဘုရားသည် လူတို့ကို ထပ်၍ အဆတစ်ရာတိုးပွါးစေသဖြင့်၊ ကျွန်တော်သခင် အရှင်မင်းကြီးမြင်မည်အကြောင်း ပြုတော်မူပါစေသော။ **သို့ရာတွင် ကျွန်တော်သခင် အရှင်မင်းကြီးသည် ဤအမှုကို အဘယ်ကြောင့် နှစ်သက်တော်မူသနည်းဟု ရှင်ဘုရင်အား လျှောက်လေ၏။**" - ၂ ရာ ၂၄:၃

ဘုရားလည်း ထိုသို့ဖြစ်ခွင့်ပေးပြီး ဒါဝိဒ်မင်းကို စာတန့်လက်မှ မကာကွယ်ခဲ့ပါ။ လမ်းမလိုက်ခဲ့မှုအတွက် ကပ်ဆိုက်ခဲ့၏။

"ထိုနေ့နံနက်မှစ၍ ချိန်းချက်သော အချိန်တိုင်အောင် ထာဝရဘုရားသည် ဣသရေလအမျိုး၌ ကာလနာကို လွှတ် [H5414] လိုက်တော်မူ၍၊ ဒန်မြို့မှသည် ဗေရရှေဘမြို့တိုင်အောင် လူခုနစ်သောင်းသေကြ၏။" - ၂ ရာ ၂၄:၁၅

"လွှတ်" ဝေါဟာရသည် ဟေဗြဲပါဠိ၌ "nathan" ဖြစ်ပြီး "ပေးရန်၊" ရံတစ်ခါလည်း "လက်လွှတ်သည်" ဟု အဓိပ္ပာယ်ရ၏။ ပဋိညာဉ်နှင့်နွယ်ပြီး ဘေးသင့်နိုင်သည့်ကျမ်းပိုဒ်ကို သတိချပ်ပါ။

> "ငါ့ပဋိညာဉ်ဘက်၌နေ၍၊ တရားစီရင်ရသောဓားဘေးကို သင်တို့အပေါ်မှာ ငါသက်ရောက်စေမည်။ သင်တို့သည်မြို့ထဲ၌၊ စုဝေးသောအခါ၊ ကာလနာဘေးကို ငါစေလွှတ်[H5414] ၍၊ ရန်သူလက်သို့ရောက်စေမည်။" - ဝတ်ပြုရာကျမ်း ၂၆:၂၅

ဤကျမ်းချက်၌ "nathan" ကို "စေလွှတ်" ဟု ပြန်ထား၏။ ကျမ်းချက်နောက်ဆုံးပိုင်းကို ရှုပါလေ။

> သင်တို့သည်မြို့ထဲ၌၊ စုဝေးသောအခါ၊ ကာလနာဘေးကို ငါစေလွှတ်[H5414] ၍၊ ရန်သူလက်သို့ရောက်စေမည်။

အနှီက ဘေးရောက်ခြင်းသည် ရန်သူ့လက်သို့ အပ်ပြီးဖြစ်ကြောင်းကိုညွှန်း၏။

> "အမြင့်ဆုံးသောအရှင်၏ကွယ်ကာရာအရပ်၌ နေသောသူသည် အနန္တတန်ခိုးရှင်၏ အရိပ်ကို ခိုရလိမ့်မည်။ (၂) 'ငါ၏ခိုလှုံရာ၊ ငါ၏ရဲတိုက်၊ ငါယုံကြည်ကိုးစားသော ငါ၏ဘုရားသခင်' ဟု ထာဝရဘုရားနှင့်ပတ်သက်၍ ငါဆို၏။ (၃) **အကယ်စင်စစ် ကိုယ်တော်သည် ငှက်မုဆိုး၏ကျော့ကွင်းမှလည်းကောင်း၊ သေစေတတ်သော ကပ်ရောဂါဘေးမှလည်းကောင်း သင့်ကိုကယ်နုတ်တော်မူလိမ့်မည်**။" - ဆာလံကျမ်း ၉၁:၁-၃

ထိုလူများကို ဖျက်ဆီးခဲ့သူမှာ မာရ်နတ်ဖြစ်၏။ တစ်နည်း ဘုရားသခင်သည် မာရ်နတ်အား ဒါဝိဒ်မင်းနှင့် ဣသရေလများကို အပြစ်ပြုရန် စုံစမ်းခွင့်ပေးခဲ့ပြီး ဘုရားက လူပေါင်း ၇၀,၀၀၀ ကို အမှန့်ချေပစ်၏။ အနှီမှတ်ချက်သည် ရှေ့နောက်မညီပါ။ မာရ်နတ်သည် ဒါဝိဒ်မင်းကို စီမံနိုင်ရခြင်းမှာ ဒါဝိဒ်သည် ဘုရားအလိုတော်အတိုင်း

မလိုက်ခြင်းကြောင့် … ။ ဒါဝိဒ်မင်းသည် စုံစမ်းခြင်း၌ ကျရှုံးခဲ့သည့်အခါ မာရ်နတ်သည် ဤလူ၏ ကာလသရေလတို့ကို သာ၍ ခြယ်လှယ်နိုင်ကာ ဘေးဆိုက်စေခဲ့၏။ သို့တိုင်လည်း ဤအကြောင်းက ကောင်းကင် တမန်က ရိုက်သည်ဟူသည့် အမှတ်သည်းခြေကို မဖြေရှင်းရသေးပါ။

"ကောင်းကင်တမန်သည် ယေရုရှလင်မြို့ကို ဖျက်ဆီးမည်ဟု လက်ကိုဆန့်သော အခါ[H7971 send away, loose]၊ ထာဝရဘုရားသည် ထိုဘေးကြောင့် နောင်တ ရတော်မူ၍၊ တန်ပြီ။ သင့်လက်ကို ရုပ်သိမ်းလော့ဟု လူတို့ကိုဖျက်ဆီးသော[H7483 cast off, lose] ကောင်းကင်တမန်အား မိန့်တော်မူ၏။ ထိုအခါ **ထာဝရဘုရား၏** ကောင်းကင်တမန်သည် ယေဗုသိလူအရောနာ၏ ကောက်နယ်တလင်းအနားမှာ ရှိ၏။ (၁၇) လူတို့ကို ဒဏ်ခတ်သော ကောင်းကင်တမန်ကို ဒါဝိဒ်သည်မြင်သော အခါ၊ အကျွန်ုပ် ပြစ်မှားပါပြီ။ ဒုစရိုက်ကို ပြုမိပါပြီ။ ဤသိုးတို့မူကား အဘယ်သို့ ပြုမိပါသနည်း။ လက်တော်သည် အကျွန်ုပ်နှင့်အကျွန်ုပ်အဆွေအမျိုး၌ ရောက်စေ တော်မူပါဟု **ထာဝရဘုရား**အား တောင်းပန်လေ၏။" - ၂ ရာ ၂၄:၁၆၊ ၁၇

မာရ်နတ်သည် ကပ်ဆိုက်စေသူဖြစ်၏။ သို့သော် ထာဝရဘုရားသခင်၏ ကောင်းကင် တမန် ယေရုရှလင်မြို့ပေါ်သို့ မိုးခဲ့သည့်ဓားသည် ဘာနည်း။ ဘုရား၏သားတော် သုံးခဲ့ သည့်ဓားသည် ဘာနည်း။

"သူ၏လက်ယာလက်တွင် ကြယ်ခုနစ်လုံးရှိ၍ အသွားနှစ်ဖက်ပါသည့် ထက်သော သန်လျက်သည် သူ၏ခံတွင်းထဲမှ ထွက်နေ၏။ သူ၏မျက်နှာသည် မိမိအရှိန်အဝါ ဖြင့် ထွန်းလင်းနေသောနေကဲ့သို့ဖြစ်၏။ (၁၇) ငါသည် ထိုသူကိုမြင်ရသောအခါ သူ၏ခြေရင်း၌လဲကျ၍ လူသေကဲ့သို့ဖြစ်၏။ ထိုအခါ သူသည် ငါ့အပေါ်၌ သူ၏ လက်ယာလက်ကိုတင်လျက် "မကြောက်နှင့်။ ငါသည် အဦးဆုံးနှင့်နောက်ဆုံး ဖြစ်၏။" - ဗျာဒိတ်ကျမ်း ၁:၁၆၊ ၁၇

တပည့်တော် ရှင်ယောဟန်သည် ဘုရား၏သားတော့်မျက်နှာနှင့် ၎င်း၏ပါးစပ်မှ ထွက်လာ သည့်ဓားကို တွေ့ရသည့်အခါ မည်သို့ဆိုသည်ကို ငါတို့တွေ့ရ၏။ ထိုဓားသည် ဘာနည်း။

> "ဘုရားသခင်၏နှုတ်ကပတ်တော်သည် အသက်ရှင်၍ ထက်မြက်ကာ အသွား နှစ်ဖက်ပါသည့် ဓားရှိသမျှတို့ထက် သာ၍ထက်သဖြင့် အသက်နှင့်ဝိညာဉ်တို့အထိ လည်းကောင်း၊ အဆစ်အမြစ်နှင့်ခြင်ဆီတို့အထိလည်းကောင်း ထိုးဖောက်ပိုင်းခြား တတ်၏။ စိတ်နှလုံး၏စဉ်းစားဆင်ခြင်မှုနှင့် သဘောထားတို့ကိုလည်း ထိုးထွင်း သိမြင်နိုင်၏။" - ဟေဗြဲသြဝါဒစာ ၄:၁၂

ဖျက်ဆီးသူ၏လက်ချက်မိခဲ့သူ (၇၀,၀၀၀) တို့ နောင်တရတတ်ကြရန် ရည်သန်ကာ ဘုရား သခင်၏ဝိညာဉ်တော်က ၎င်းတို့၏အပြစ်ကို မြင်စေခဲ့၏။ အနီအလင်းပြခြင်းသည် အ ဆောတလျင် ပြုရ၏။ အကြောင်းမှာ ဝိညာဉ်တော်၏အလင်းပြမှုကို ငြင်းပယ်ကြလျှင် ဖျက်ဆီးသူ စာတန့်လက်တွင် ကူရာမဲ့ကြမည်ဖြစ်သောကြောင့် ... ။ ဗိမာန်တော်ကို သန့်စင်ခဲ့သည့်ဖြစ်ရပ်အတိုင်း ၎င်းတို့သည်လည်း ပြေးထွက်ခဲ့ကြ၏။ လူ (၇၀,၀၀၀) သေ ကြေကြသည့်ဖြစ်စဉ်၌ ၎င်းတို့သည် ယေရှုထံမှ ထွက်ပြေးကာ ဘေးဖြင့်ရိုက်သည့် ရှင်ကြီး စာတန့်ထံ ပြေးကြကုန်၏။ ၎င်းတို့သည် နောင်တရခွင့်ရှိခဲ့ကြ၏။ ၎င်းတို့၏အပြစ်ကို လွှတ်ပေးရန် ဘုရားသခင်ထံ အသနားခံနိုင်ကြပါ၏။ သို့သော် ထိုသူများသည် ဘုရားကို ကျောခိုင်းကြပြီး သေခြင်းသာ အဖတ်တင်ခဲ့၏။

အနီဖြစ်စဉ် အဆင့်ဆင့်များသည် ဘုရားသခင်က ခါနနိလူများအပေါ် စီမံမည်ဟု မိန့်ခဲ့ သည်များနှင့် တစ်ထေရာတည်းဖြစ်၏။

> "ငါ့ကိုကြောက်တတ်သောသဘောကို သင့်ရှေ့သို့ငါစေလွှတ်၍၊ သင်ရောက်လေ ရာရာအရပ်၌ ခပ်သိမ်းသောလူမျိုးကို ငါဖျက်ဆီးမည်။

သင်၏ရန်သူအပေါင်းတို့ကို နောက်သို့လှည့်စေမည်။ (၂၈) ပျားတူများကိုလည်း သင့်ရှေ့သို့ငါစေလွှတ်၍၊ သူတို့သည် ဟိဝိလူ၊ ခါနနိလူ၊ ဟိတ္တိလူတို့ကိုသင့်ရှေ့မှာ နှင်ထုတ်ကြလိမ့်မည်။" - ထွက်မြောက်ရာကျမ်း ၂၃:၂၇၊ ၂၈

ကြောက်စိတ်ရှိစေခြင်းက မတရားသောသူများ ချောက်ချားစေပြီး အပြစ်ကိုမြင်တတ်ရန် ဖြစ်၏။ စိတ်မလုံခြင်းများက ဂနာမငြိမ်ဖြစ်စေ၏။ ထိုဂနာမငြိမ်နိုင်ခြင်းများက ၎င်းတို့ကို ဘုရားသင်ခင်ထံမှထွက်ပြေးစေပြီး ရန်သူ့လက်သို့ ရောက်စေ၏။ ၎င်းတို့သည် နောင်တရ ကာ ကလေးငယ်များပမာ အပြစ်ကင်းကြလျှင် ဘေးလွတ်ကြပါမည်။ လူအားလုံး ဗိမာန် တော်မှ ထွက်မပြေးကြပါ။ သို့သော် အားလုံးက ဓားချက်ကိုခံရကြ၏။

ထို့ကြောင့် သန်းခေါင်စာရင်းကောက်သည့်ဖြစ်စဉ်၌ မာရ်နတ်လက်အောက် ရောက်ခဲ့ကြ သူများကို ကယ်ထုတ်နိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်သည် ၎င်းတို့ကို အလင်းပြခဲ့၏။ ၎င်းတို့က ငြင်းပယ်ကြသည့်အခါ ယေရှုဘုရားက "သင်တို့နေသောအိမ်သည် လူဆိတ်ငြိမ် လျက် ကျန်ရစ်ရ၏" ဟု ဆိုတော့၏။ ဟေမြဲပါဠိ၌ *ဓား* ၏အဓိပ္ပာယ်သည် *မိုးခေါင်ခြင်း* ဖြစ်၏။ ပုထုဇဉ်သည် ခရစ်တော်ကို လုံးလုံးငြင်းပယ်သည့်အခါ ခရစ်တော်သည် ၎င်းတို့ကို မာရ်နတ်လက်သို့ ပေးရတော့၏။ အကြောင်းမှာ ၎င်းတို့က ခရစ်တော်ကို အဝင်မခံသော ကြောင့် … ။

မာရ်နတ်က ထိုသူများကို ခြယ်လှယ်သည့်အကြောင်းကို ဆင်ခြင်ပါလေ။ ခရစ်တော်ဘု ရားသည် နောက်ဆုံးပိတ်အနေဖြင့် အခွင့်အလမ်းရှာခဲ့၏။ ပုထုဇဉ်တို့သည် ခရစ်တော်ကို အဝင်မခံသည့်နောက်တွင် မာရ်နတ်သည် သားကောင်ကို လက်မလွှတ်တော့ရန် ပိုင်းဖြတ် ၏။ မာရ်နတ်သည် ၎င်းတို့ နောင်တရခွင့်မရှိရန် လက်စတုံးသည့်နည်းကိုသုံး၏။ ငါတို့ သည် ဖြစ်စဉ်ကို ခရေစေ့တွင်းကျမသိနိုင်ပြား အူကြောကိုညာဏ်ပေါက်ရန် မခက်ပါ။

"သင်သည် သမ္မာကျမ်းစာကို နာမ်ဖက်သို့ယူလွန်းသည်" ဟု အဆိုခံခဲ့ရ၏။ ကျမ်းစာက "ဓား" ဟု သုံးသည်ကြောင့် "ဓား" ဟု တိုက်ရိုက်ယူရမည်ဟု အဆိုရှိ၏။ ပထမအချက်ကား လူထုကိုသေစေခဲ့သည်မှာ ကပ်ဘေးဖြစ်၏။ ကောင်းကင်တမန့်လက်ထဲရှိ ဓားဖြင့်မသေ ကြပါ။ ဒုတိယအချက်ကား အချက်အလက်အားလုံးကို တိုက်ဆိုင်စစ်ဆေးပြီးမှ နိဂုံးချုပ် ရပါမည်။ အနီးအချက်နှင့် စပ်လျဉ်း၍ William Miller ၏ နည်းအမှတ်စဉ် (၁၁) ကို (နည်း အမှတ်စဉ် ၁၄ အထိရှိ၏) သတိကပ်ရပါမည်။

> ဝေါဟာရတစ်လုံးသည် မည်သည့်အချိန်တွင် ဥပမာအဖြစ်သုံးသည်ဟု အဘယ်သို့ သိနိုင်မည်နည်း။ ဝေါဟာရတစ်လုံးသည် သဘာဝကိုမဖောက်လျှင် စာလုံးအတိုင်း တိုက်ရိုက်ယူရပါမည်။

လူထုသည် ဘေးကြောင့်သေကြပြီး ဓားသည် ကောင်းကင်တမန်၏ လက်၌ရှိသည်ဟု ဆိုထားခြင်းသည် အခြားရည်ရွယ်ရာ ရှိပါမည်။ သမ္မာကျမ်းစာ၌ ခရစ်တော်ဘုရား သုံးခဲ့သည့် ဓားအကြောင်း ပြောထားသည့်နေရာ များစွာရှိ၏။ ဓားသည် ဘုရားသခင်၏ နှုတ်က ပတ်တော်ဖြစ်၏ဟု လာ၏။ ကောင်းကင်တမန်သည် လူများကို ဓားဖြင့်ခုတ်သည် သို့တိုင် လည်း ၎င်းတို့သည် ကပ်ဘေးဖြင့်သေကြသည်ဟု ငါတို့ဆိုခဲ့၏။ ဘုရားသခင်၏ ကောင်း ကင်တမန်သည် ၎င်းတို့ကို မည်သို့ရိုက်သနည်း။ ဓားသည် ၎င်းတို့ကို အလင်းပြသည့် နှုတ်ကပတ်တော် ဖြစ်၏။ ၎င်းတို့သည် ထိုဓားတော်ဖြင့် ၎င်းတို့ကိုယ်ကို ပြောင်းလဲရန် ငြင်းပယ်သောကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည် ၎င်းတို့ကို ထားခဲ့ရတော့ပြီး မာရ် နတ်သည် ၎င်းတို့ကို ဖျက်ဆီးခဲ့၏။ သို့ဆိုလျှင် အာရှုရိ စစ်သား ၁၈၀,၀၀၀ သည် မည်သို့ နည်း။

> "ထိုညတွင် ထာဝရဘုရား၏ ကောင်းကင်တမန်သည်ထွက်၍ အာရှုရိတပ်တွင် လူတစ်သိန်းရှစ်သောင်းငါးထောင်တို့ကို ဒဏ်ခတ်လေ၏။ နံနက်စောစောထချိန်

ရောက်သောအခါ၊ ထိုသူအပေါင်းတို့သည် အသေဖြစ်ကြ၏။" - ဓမ္မရာဇဝင်စတုတ္ထစောင် ၁၉:၃၅

သမ္မာကျမ်းစာက ထာဝရဘုရားသခင်၏ ကောင်းကင်တမန်သည် ၎င်းတို့ကိုဒဏ်ခတ်ပြီး နံနက်တွင် ၎င်းတို့ သေနေကြောင်း တွေ့ရ၏။ ဘုရားသခင်၏ ကောင်းကင်တမန်သည် လက်နက်ဖြင့်ရိုက်ပြီး ပွဲချင်းပြီးကြသည်ဟု မဆိုထားပါ။ ဓမ္မသစ်ကိုဖွင့်လျှင် စိတ်ဝင်စားဖွယ် တွေ့ရ၏။

"ထိုအခါ မြေကြီးသည် ပြင်းစွာလှုပ်လေ၏။ အကြောင်းမူကား၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် ကောင်းကင်ဘုံမှ ဆင်းလာ၍၊ တွင်းဝ၌ပိတ်သော ကျောက်ကို လှိမ့်လှန်ပြီးလျှင်၊ ထိုကျောက်ပေါ်မှာ ထိုင်နေ၏။ (၃) သူ၏မျက်နှာသည် လျှပ်စစ်ကဲ့သို့ထင်၏။ အဝတ်သည်လည်း မိုးပွင့်ကဲ့သို့ ဖြူ၏။ (၄) လူစောင့်တို့သည် ကောင်းကင်တမန်ကို ကြောက်ရွံ့သဖြင့် တုန်လှုပ်၍ သေမတတ်ဖြစ်ကြ၏။" - ရှင်မဿဲခရစ်ဝင် ၂၈:၂-၄

ကောင်းကင်တမန်ကို မြင်ရုံဖြင့် ၎င်းတို့သည် ကြောက်ဒူးတုန်ကာ ကြက်သေသေကြ၏။ ဖြောင့်မတ်သူ ဒံယေလနှင့်ရှင်ယောဟန်တို့လည်း ထိုသို့ဖြစ်ခဲ့ကြ၏။

"ထိုဗျာဒိတ်ရူပါရုံကို ငါဒံယေလတစ်ယောက်တည်း မြင်ရ၏။ ငါနှင့် အတူပါသော လူတို့သည် မမြင်ရကြ။ သူတို့သည် အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်းသို့ ရောက်သဖြင့် ပုန်းရှောင်၍ နေခြင်းငှာ ပြေးကြ၏။ ငါမူကား၊ တစ်ယောက်တည်းနေရစ်၍ ထိုကြီးစွာသော ရူပါရုံကိုမြင်ရလျှင်၊ ခွန်အားလျော့၍ မျက်နှာပျက်လျက်၊ ကိုယ်၌ အစွမ်းသတ္တိအလျှင်းမရှိ ဖြစ်လေ၏။" - ဒံယေလ ၁၀:၇၊ ၈

"ငါသည် ထိုသူကိုမြင်ရသောအခါ သူ၏ခြေရင်း၌လဲကျ၍ လူသေကဲ့သို့ဖြစ်၏။ ထိုအခါ သူသည် ငါ့အပေါ်၌ သူ၏လက်ယာလက်ကိုတင်လျက် "မကြောက်နှင့်။ ငါ သည် အဦးဆုံးနှင့်နောက်ဆုံးဖြစ်၏။" - ဗျာဒိတ်ကျမ်း ၁:၁၇

ရှင်ယောဟန်တွေ့ခဲ့သူမှာ ယေရှုဖြစ်၏။ အပြစ်ကင်းသည့် ကောင်းကင်တမန်သည်လည်း ယေရှုနှင့်ခမည်းတော်အတိုင်းပင် ပုထုဇဉ်တို့၏ အပြစ်ကို မြင်စေ၏။ ဤစာအုပ်၏ အခန်း (၁၀) ၌ ဘုရားသခင်ရှေ့မှောက် ရောက်သည့်အခါ ငါတို့ မည်သို့ဖြစ်ကြကြောင်း ရှုကွက် ဆင်းခဲ့ကြပြီးဖြစ်၏။

“**သင်တို့ကို စစ်ကြောစီရင်ခြင်းငှာ ငါချဉ်းမည်။** ပြုစားတတ်သောသူ၊ သူ့မယားကို ပြစ်မှားသောသူ၊ မမှန်သော ကျိန်ဆိုခြင်းကို ပြုသောသူ၊ သူငှားကို အခမပေး ညှဉ်းဆဲသောသူ၊ မိဘမရှိသောသူငယ်နှင့် မုဆိုးမကို ညှဉ်းဆဲသောသူ၊ ဧည့်သည် ကို မတရားသဖြင့် စီရင်သောသူ၊ ငါ့ကိုမကြောက်ရွံ့သောသူတို့တစ်ဖက်၌ ငါသည် လျင်မြန်သော သက်သေဖြစ်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။” - မာလခိ ၃:၅

ဤကျမ်းချက်ကို ငါတို့၏ဗီဇဖြင့် ဖတ်သည့်အခါ ဘုရားသခင်သည် ဆိုးသွမ်းသူများကို ဒေါသဖြင့်ချေမှုန်းသည်ဟု မှတ်စေ၏။ ဘုရား၏နှုတ်ကပတ်တော်သည် ကြည့်မှန်ပမာ ဖြစ်၏။ ကျမ်းချက်၌ “သင်တို့ကို စစ်ကြောစီရင်ခြင်းငှာ ငါချဉ်းမည်” ဟုလာ၏။ ငါတို့၏ အဘသည် ငါတို့အပါးသို့လာပြီး ငါတို့၏အပြစ်ကိစ္စများကို ဆွေးနွေးလို၏။ အတ္တမနော သည့် မေတ္တာရှင်ထံသို့ ချဉ်းကပ်လျင် နောင်တရ (သို့) အလင်းကို ကျောခိုင်းပြေးခြင်းမှ တစ်ပါး အခြားမရှိပါ။ ဘုရားရှေ့မှောက်တွင် တေမိလုပ်၍မရ။ အပြစ်ကို ဆက်၍ ဖက်တွယ်ပြီး အသက်ဘေးမှလွတ်ရန် ရှောင်နေသည်ဟု မှတ်သူများသည် အမှန်တွင် သေခြင်းကိုချစ်ကာ အသက်မှ ရှောင်ပြေးကြောင်းကို ပြနေ၏။

ကောင်းကင်တမန်များသည် သန့်ရှင်းလွန်းရကား ၎င်းတို့ကိုယ်ထင်ပြလျှင် လူသားများကို ဦးချစေ၊ ကြက်သေသေစေ၏။ ဒံယေလ အခန်းကြီး (၁၀) ကိုဆက်၍ ဖတ်သည့်အခါ ဒံယေလသည် ကောင်းကင်တမန်ကို အတွေ့ခံနိုင်ရန် အားထောက်ပေးရကြောင်း တွေ့ရ၏။

"သို့ရာတွင်၊ ထိုသူ၏ စကားသံကို ငါကြား၏။ ကြားသောအခါ မြေပေါ်မှာပြပ်ဝပ်၍ မိန်းမောတွေဝေ လျက်နေ၏။ (၁၀) **ထိုအခါလက်တစ်ဖက်သည်ငါ့ကို ကြွ၍၊ ငါ သည် ဒူးနှင့်လက်ဝါးဖြင့် ထောက်လျက်နေရ၏။** (၁၁) သူကလည်း အလွန်ချစ်အပ် သောသူ၊ ဒံယေလ၊ ငါ့စကားကို နားလည်အံ့သောငှာ မတ်တတ်နေလော့။ သင်ရှိရာသို့ ငါ့ကိုစေလွှတ်တော်မူ၍ ယခုငါလာပြီဟု ဆိုလျှင်၊ **ငါသည် တုန်လှုပ် မတ်တတ်နေ၏။** (၁၂) ထိုအခါသူကလည်း၊ **အချင်းဒံယေလ၊ မကြောက်နှင့်။** သင်သည် နားလည်ခြင်းငှာရင်း၊ သင်၏ ဘုရားရှေ့မှာ ကိုယ်ကိုကိုယ် ဆုံးမခြင်းငှာ ရင်း၊ စိတ်ပြဋ္ဌာန်းသော ပဌမနေ့မှစ၍ သင်၏ စကားကိုကြားတော်မူပြီ။ ထိုစကား ကြောင့်လည်း ငါရောက်လာပြီ … (၁၅) ထိုသို့ ပြောဆိုပြီးမှ၊ ငါသည် ဦးညွှတ် ပျပ် ဝပ်၍ စကားမပြောနိုင်ပဲနေ၏။ (၁၆) ထိုအခါ လူသား၏သဏ္ဍာန်ရှိသော သူတစ် ဦးသည် ငါ့နှုတ်ကို လက်နှင့်တို့လျှင်၊ ငါသည်နှုတ်ကိုဖွင့်၍ ပြောရသောအခွင့်ကို ရပြီးလျှင်၊ အကျွန်ုပ်၏သခင်၊ ဗျာဒိတ်ရူပါရုံကြောင့် အကျွန်ုပ်သည် ပြင်းစွာသော ဝေဒနာကို ခံရ၍၊ ကိုယ်၌ ခွန်အားအလျှင်းမရှိပါ။ (၁၇) ကိုယ်တော်ကျွန်သည် ကိုယ်တော်အရှင်နှင့် အဘယ်သို့ စကားပြောနိုင်ပါအံ့နည်း။ ယခုပင် အကျွန်ုပ်ကိုယ် ၌ ခွန်အားအလျှင်းမရှိပါ။ အကျွန်ုပ်အသက်လည်း ကုန်ပါပြီဟု ငါ့ရှေ့မှာရပ်နေ သောသူအား ငါလျှောက်၏။ (၁၈) နောက်တစ်ဖန် လူသဏ္ဍာန်ရှိသော သူသည် လာ၍ ငါ့ကိုလက်နှင့်တို့လျက် အားပေးပြီးလျှင်၊ (၁၉) **အလွန်ချစ်အပ်သောသူ၊ မကြောက်နှင့်။ ငြိမ်သက်ခြင်းရှိပါစေ။ အားရှိလော့။ ခွန်အားနှင့်ပြည့်စုံလော့ဟု ဆို၏။ ထိုသို့ဆိုပြီးမှ ခွန်အားကို ငါရ၍၊** အကျွန်ုပ်၏ သခင်၊ မိန့်တော်မူပါ။ အကျွန်ုပ် ကို ခွန်အားပေးတော်မူပြီဟု လျှောက်၏။" - ဒံယေလ ၁၀:၉-၁၂၊ ၁၅-၁၉

ကောင်းကင်တမန်က ဒံယေလသည် ဘုရားရှေ့၌ မျက်နှာရကြောင်း နှစ်ကြိမ်ဆိုခဲ့ရပြီး ကြောက်ရန်မလိုကြောင်း ဆိုခဲ့၏။ ဒံယေလ၏ အပြစ်မှတ်တမ်းမရှိပြား သူတော်စင်တစ်ဦး သည် ကောင်းကင်တမန်ရှေ့တွင် ဤသို့ဖြစ်ရသေး၏။

ကောင်းကင်တမန်က ၎င်းကို အန္တရာယ်မပြုလိုပါ။ ဘုရားသည် ၎င်းကိုချစ်ကြောင်း ထပ်လောင်းဆိုသေး၏။ သို့တိုင် လည်း ဒံယေလသည် ချည့်နဲ့ခဲ့ရ၏။ ဤဖြစ်စဉ်သည် အစာရှောင်ဆုတောင်းခဲ့သည့် ကာလ၏ နောက်ပိုင်းတွင်ဖြစ်၏။ စင်ကြယ်သူပင် ဤသို့ဖြစ်သေးလျှင် ဆိုးသွမ်းသူဆိုလျှင် မည်သို့ ရှိတော့မည်နည်း။ အကယ်တန္တု ဒံယေလသည် အားထောက်မှုမရဘဲ ကောင်းကင် တမန်ရှေ့၌ ဆက်၍နေလျှင် ကောင်းကင်တမန်က မည်မျှပင်ချစ်ပြား သေနိုင်ချေရှိ၏။

မေးရမည်မှာ အဘယ်အကြောင်းက ဒံယေလကို အားချည့်သည်အထိ ကြောက်စေရ သနည်း ဖြစ်၏။ အကြောင်းကား ၎င်း၏ အပြစ်သင့်ဗီဇနှင့် စင်ကြယ်သည့် ဘုရားသခင့် ကောင်းကင်တမန်တို့ တွေ့ဆုံမှုကြောင့် ဖြစ်၏။ အတ္တမဲ့သည့် ဘုရားသခင်၏ သိက္ခာ တော်သည် အပြစ်သင့်သည့် ပုထုဇဉ်များအတွက် ဝါးမျိုသောတေဇောဖြစ်၏။

> “ထာဝရဘုရား၏ဘုန်းတော်သည် တောင်ထိပ်ပေါ်မှာလောင်သော မီးကဲ့သို့ ထင်၍၊ ဣသရေလအမျိုးသားတို့သည် မြင်ရကြ၏။” - ထွက်မြောက်ရာကျမ်း ၂၄:၁၇

အာရှုရိစစ်သားများ ကောင်းကင်တမန်ကို မြင်ကြသည့်အခါ ကြောက်ကာသေကြခြင်း လော။ ဖြစ်နိုင်ပါသည်။ စစ်သားများသည် ကောင်းကင်တမန်ရှေ့၌ လှုပ်မရဖြစ်ပြီး ကြောက်ကြောက်ဖြင့် ဦးချကြ၊ ထို့နောက်တွင် ၎င်းတို့၏ အားနည်းချက်အတွက် မာရ်နတ်သည် ဒေါသထွက်ကာ ၎င်းတို့ကို သတ်ခဲ့သလော။ ငါတို့ကို ဘာမျှမဆိုထားပါ။ စစ်သားများသည် ကောင်းကင်တမန်ကို တွေ့ခဲ့ကြပြီး နံနက်တွင် သေနှင့်ကြပြီဟုသာ ဆိုထား၏။ သင်သည် အနီးဖြစ်စဉ်ကို ယေရှုဘုရား၏ သိက္ခာတော်ဖက်မှ သင်ဖတ်ရှုလျှင် ကောင်းကင်တမန်သည် စစ်သားများကို မသတ်လိုကြောင်း သင်ဆင်ခြင်နိုင်ပါမည်။ ယေရှု ဘုရားသည် ဗိမာန်တော်ကို သန့်စင်ချိန်၌ လူများသည် ကြောက်ပြေးပြေးကြ၏။ သို့သော် တစ်ဦးဦးသည် ပြန်လှည့်ကာ အပြစ်လွှတ်ပေးရန် ဘုရားသခင်ကို

လျော့ကျနိုင်ပါ၏။ စစ်သားများလည်း ကောင်းကင်တမန်ရှေ၌ ၎င်းတို့၏ အကုသိုလ်များကို သုံးသပ်ခွင့် ရှိကြ ပါ၏။ ကောင်းကင်တမန်သည် ၎င်းတို့နောင်တရပြီး ကယ်တင်ခြင်းရကြရန် ၎င်းတို့၏ အပြစ်ကို လာ၍ပြကောင်းပြခဲ့ပေမည်။ သို့သော် ၎င်းတို့က ငြင်းခဲ့ကြသောကြောင့် စာတန့် လက်သို့ အပ်ခဲ့ရ၏။ ငါတို့ ချက်ကျလက်ကျမဆိုနိုင်ပြား ကောင်းကင်တမန်များသည် သင် ယေရှု၏ စိတ်မျိုးပင်ရှိကြကြောင်း ငါတို့သိကြ၏။ ယေရှုသည် မည်သူ့ကိုမျှ မသတ်ခဲ့ပါ။

ယေရှုဘုရား ဒုတိယအကြိမ် ကြွလာသည့်အခါ ဆိုးသွမ်းသူများသည် ခရစ်တော်ဘုရား၏ ဘုန်းရောင်ကြောင့် သေကြမည်ကို ငါတို့သိ၏။ အနီက ခရစ်တော်၏သိက္ခာတော် ထင်ပြ ခြင်းသည် အပြစ်သားကို ရင်ထဲမီးတောက်စေကြောင်း၊ အပြစ်သားတစ်ဦးသည် နောင်တ ရရန် ငြင်းပယ်ခြင်းကြောင့် ရင်ထဲမီးတောက်ရခြင်းဖြစ်၏။ ၎င်းတို့သည် အသည်းငယ်ကာ ကြောက်ကြ၏။ ထိုဖြစ်စဉ် အဆင့်ဆင့်ကို ဧသရ ဒုတိယစောင် (Apocrypha) ၌ ရေးမှတ်ထား၏။

> “သူ့ပါးစပ်ကို မီးလျှံကဲ့သို့လည်းကောင်း၊ နှုတ်ခမ်းတို့ကို တောက်လောင်သော မီးလေကဲ့သို့လည်းကောင်း လျှာကို မီးပွင့်နှင့် မိုးသက်မုန်တိုင်းကဲ့သို့လည်းကောင်း စေလွှတ်သည်ကို ငါမြင်၏။ မီးလျှံ၊ မီးတောက်၊ မီးပွင့်နှင့် ကြီးမားသော မိုးသက် မုန်တိုင်းတို့အားလုံး ရောနှောသွားကာ တိုက်ခိုက်ရန် အသင့်ပြင်နေသော လူ အပေါင်းအပေါ် အရှိန်အဟုန်နှင့် ကျရောက်သွားလေ၏။ မရေတွက်နိုင်အောင် များပြားသော လူအုပ်ကြီးသည် မြင်နိုင်စရာမကျန်လောက်အောင် လောင်ကျွမ်း လေရာ ပြာနှင့်မီးခိုးအနံ့ အသက်တို့သာ ကျန်ရစ်လေ၏။ ထိုအချင်းအရာကို မြင်သောအခါ ငါသည် ကြောက်ရွံ့တုန်လှုပ်ခဲ့သည်။” - ၂ ဧသရ ၁၃:၁၀၊ ၁၁

> “အိပ်မက်အနက်ကို ယခုငါ့ကိုဖော်ပြတော်မူ၏။” – ၂ ဧသရ ၁၃:၁၅

“သင်မြင်ရသည့်အတိုင်း မရေတွက်နိုင်အောင် များပြားသောလူ အုပ်ကြီးသည် စုရုံး ၍ သူ့ကိုတိုက်ခိုက်အနိုင်ယူရန် လာကြလိမ့်မည်။ သို့သော်သူသည် ဇိအုန်တောင် ပေါ်မှာ ရပ်နေလိမ့်မည်။ သင်မြင်ရသည့်အတိုင်း လူ့လက်ဖြင့်မတည်သော တောင် တော်သည် လူအပေါင်းရှေ့တွင် ထင်ရှားလိမ့်မည်။ ငါ့သားသည်၊ တိုင်းနိုင်ငံများ၏ ဆိုးသောတီထွင်ချက်များကို အပြစ်တင်လိမ့်မည်။ အကြောင်းမှာ သူတို့၏ ဆိုးသော အသက်တာသည် မိုးသက်မုန်တိုင်းထဲသို့ ကျလေပြီ။ သူတို့၏ ဆိုးညစ် သောအတွေးတို့ကို သူတို့ရှေ့တွင် ငါချထားမည်။ သူတို့ပြုသော မီးတောက် ညှင်းဆဲခြင်းအားဖြင့် သူတို့ ညှင်းဆဲခံရလိမ့်မည်။ ငါ့အပေါ် ပညတ်တရားမဲ့ပြုခဲ့ သကဲ့သို့ သူတို့ကို ငါဖျက်ဆီးမည်။” - ၂ ဧသရ ၁၃:၃၄-၃၈

ထာဝရဘုရား၏ကောင်းကင်တမန်က အာရှုရိစစ်သားများကို ဒဏ်ခတ်ခြင်းက ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ၎င်းတို့၏အပြစ်ကို မြင်စေကြောင်းကိုပြ၏။ နှုတ်ကပတ် တော်သည် ၎င်းတို့အပေါ် မုန်တိုင်းကဲ့သို့ဖြစ်ပြီး ၎င်းတို့၏ငြင်းပယ်မှုက ၎င်းတို့ကို အကျ နာစေ၏။

“လူတို့သည် ပြင်းထန်သောအပူရှိန်ကြောင့် နေလောင်ဒဏ်ခံရသဖြင့် ဤဘေး ဒဏ်များအပေါ် အခွင့်အာဏာရှိသော ဘုရားသခင်၏နာမတော်ကို စော်ကားပြော ဆို၍ နောင်တလည်းမရ၊ ဘုရားသခင်၏ဘုန်းတော်ကိုလည်း မချီးမွမ်းကြပေ။ (၁၀) ပဉ္စမကောင်းကင်တမန်သည် သူ၏ဖလားကို သားရဲ၏ပလ္လင်ပေါ်သို့ သွန်း လောင်းသောအခါ သားရဲ၏နိုင်ငံသည် မှောင်မိုက်အတိဖြစ်သွား၍ လူတို့သည် နာကျင်ခြင်းဝေဒနာကြောင့် မိမိတို့လျှာကိုကိုက်ခဲကြ၏။ (၁၁) လူတို့သည် သူတို့ ခံရသော နာကျင်ခြင်းဝေဒနာနှင့် သူတို့၏အနာစိမ်းတို့ကြောင့် ကောင်းကင်ဘုံရှင် ဘုရားသခင်ကို စော်ကားပြောဆို၍ မိမိတို့ပြုသောအမှုများအတွက် နောင်တမရ ကြပေ။” - ဗျာဒိတ်ကျမ်း ၁၆:၉-၁၁

၎င်းတို့သည် ဘုရားသခင်၏ သီလဖြစ်သည့် “ဘာမှမလုပ်ဘဲ ပညတ်တော်နှင့် သူတို့ကို တရားစီရင်မည်။” အာရုန်၏သားများဖြစ်သည့် နာဒပ်၊ အဘိဟုတို့ ထူးခြားသောမီးကို ပူဇော်သည့်အခါ ၎င်းတို့ကိုဝါးမျိုသည့် မီးသည် အနီမီးပင်မဟုတ်လော။ ၎င်းတို့ကို မီးက ဝါးမျိုသော်လည်း အဝတ်သည် အကောင်းအတိုင်းရှိ၏။

“ထိုအခါ ထာဝရဘုရားထံတော်မှမီးထွက်၍၊ သူတို့ကိုလောင်သဖြင့် ရှေ့တော်၌ သေကြ၏။ (၃) ထိုအခါ၊ မောရှေသည်အာရုန်ကိုခေါ်၍၊ ထာဝရဘုရားက၊ ငါသည် သန့်ရှင်းခြင်းရှိသည်ဟု ငါ့ထံသို့ချဉ်းကပ်သူတို့သည် မှတ်ရမည်။ လူအပေါင်း တို့သည် ငါ့ဘုန်းကိုချီးမြှင့်ရကြမည်ဟု မိန့်တော်မူရာ၌၊ ထိုသို့သော အမှုကို ရည် ဆောင်၍ မိန့်တော်မူသည်ဟုဆိုလျှင်၊ အာရုန်သည် တိတ်ဆိတ်စွာနေလေ၏။ (၄) မောရှေသည် အာရုန်၏ဘထွေး ဩဇေလသားမိရှေလနှင့် ဧလဇာဖန်ကိုခေါ်၍၊ လာကြ။ သင်တို့ပေါက်ဖော်တို့ကို သန့်ရှင်းရာဌာနတော်က၊ တပ်ပြင်သို့ ယူသွား ကြလော့ဟု ဆိုသည်အတိုင်း၊ (၅) **သူတို့သည်လာ၍ အင်္ကျီဝတ်လျက်ရှိသော အသေကောင်ကို တပ်ပြင်သို့ယူသွားကြ၏။**” - ဝတ်ပြုရာကျမ်း ၁၀:၂-၅

ဤဒဏ်ခတ်မှုသည် အပြစ်ကို သိစေလိုခြင်းဖြစ်ကြောင်း အောက်၌ပြထားသည့် သာဓက များဖြင့် သိရ၏။

“ထိုသို့ ရှောလု၏ အင်္ကျီကို လှီးဖြတ်မိသောကြောင့်၊ **ဒါဝိဒ်သည် နောက်တစ်ဖန် နောင်တရ** smote[H5221]**၏။**” - ၁ ရာ ၂၄:၅

“**ဒါဝိဒ်သည် လူတို့ကို ရေတွက်ပြီးမှ နောင်တရ** smote[H5221]**၍**၊ အကျွန်ုပ်ပြုမိသောအမှု၌ အလွန်ပြစ်မှားပါပြီ။ အိုထာဝရဘုရား၊ ကိုယ်တော်ကျွန်၏အပြစ်ကို ဖြေ ရှင်းတော်မူပါ။ အကျွန်ုပ်သည် အလွန်မိုက်သောအမှုကို ပြုမိပါပြီဟု ထာဝရ ဘုရားအား တောင်းပန်လေ၏။” - ၂ ရာ ၂၄:၁၀

အနီးသည် ၄ ရာ ၁၉:၃၅ နှင့် ထပ်တူဖြစ်၏။

> "ထိုညဉ့်တွင် **ထာဝရဘုရား**၏ ကောင်းကင်တမန်သည် ထွက်၍ အာရှုရိတပ်တွင် လူတသိန်းရှစ်သောင်းငါးထောင်တို့ကို ဒဏ်ခတ် smote[H5221]လေ၏။ နံနက် စောစောထချိန်ရောက်သောအခါ၊ ထိုသူအပေါင်းတို့သည် အသေကောင်ဖြစ်ကြ ၏။" - ၄ ရာ ၁၉:၃၅

ငါတို့ယူသည့် နောက်ဆုံးသာဓကကား ဟေရုပ်မင်း၏နတ်ရွာစံခြင်းအကြောင်း ဖြစ်၏။

> "မင်းကြီးသည် ဘုရားသခင်၏ဘုန်းတော်ကို မချီးမွမ်းသောကြောင့် ထိုခဏချင်း တွင် **ထာဝရဘုရား**၏ကောင်းကင်တမန်သည် သူ့ကို ဒဏ်ခတ်သဖြင့် သူသည် ပိုးစားခံရ၍ အနိစ္စရောက်လေ၏။" - တမန်တော်ဝတ္ထု ၁၂:၂၃

ဤသာဓကသည် ငါတို့ယူခဲ့သည့် သာဓကများအတိုင်းပင် ရိုးရှင်း၏။ ဟေရုဒ်မင်းသည် ပညတ်တော်ကို ချိုးဖောက်ခဲ့၏။ ထာဝရပဋိညာဉ်ကို ချိုးဖောက်ခဲ့၏။ ၎င်းသည် နောင်တ ရတတ်ရန် ဘုရားသခင်၏နှုတ်ကပတ်တော်က အလင်းပြခဲ့၏။ ၎င်းကိုယ်ကို မြင်နိုင်ခြင်း က ၎င်းကို စိတ်မအေးစေပြား နောင်တရရန် ငြင်းပယ်ခဲ့၏။ ထိုငြင်းပယ်မှုက စာတန်အား ၎င်းကို ရောဂါဖြင့်သတ်ခွင့်ရစေ၏။ ဟေရုဒ်မင်းသည် ပညတ်တော်ကို ချိုးဖောက်ခဲ့သော ကြောင့် ရန်သူ့လက်သို့ ထိုးအပ်ခဲ့ရ၏။

> "ငါ့ပဋိညာဉ်ဘက်၌နေ၍၊ တရားစီရင်ရသောဓားဘေးကို သင်တို့အပေါ်မှာ ငါ သက်ရောက်စေမည်။ သင်တို့သည်မြို့ထဲ၌၊ စုဝေးသောအခါ၊ **ကာလနာဘေးကို ငါ စေလွှတ်၍၊ ရန်သူလက်သို့ရောက်စေမည်။**" - ဝတ်ပြုရာကျမ်း ၂၆:၂၅

ခရစ်တော်သည် ဟေရုဒ်မင်းထံ ၎င်း၏နှုတ်ကပတ်တော်ဓားကိုချခဲ့၏။ ဟေရုဒ်မင်းသည် ငြင်းပယ်ခဲ့ကာ ၎င်းသည် "ရန်သူ့လက်သို့ အအပ်ခံရပြီး" ရန်သူက၎င်းကို ရောဂါရစေခဲ့၏။ ဟေရုဒ်မင်းလေဖြတ်ခြင်းနှင့် ပေတရု၏အဖြစ်တို့ ဘာကွာသနည်း။ ပေတရုသည် ပင်တေ ကုတ္တေပွဲ၏အရှိန်နှင့် စိတ်သန့်၏။ ဟေရုဒ်ကား မသန့်။

ပေတရုသည် ယေရှုဘုရား၏ နာမတော်အကြောင်း ဟောကြားခြင်းကြောင့် ထောင်ချခံရပြီး အသတ်ခံရမည့်နေ့ကို စောင့်နေ၏။ ကောင်းကင်တမန်က ၎င်းကို နှိုးသည့်အခါ ၎င်းသည် မကြောက်ပါ။ ဟေရုဒ် သည် ထိုနှင့်ပြောင်းပြန်ကြုံခဲ့၏။ ၎င်းအတွက်ကား မိုးကြိုးတည်း။

> "'အို အဖ၊ ကိုယ်တော်၏နာမတော်အား ဘုန်းတော်ထင်ရှားစေတော်မူပါ'"ဟု မြွက်ဆိုတော်မူ၏။ ထိုအခါ 'ငါသည် ဘုန်းတော်ထင်ရှားစေခဲ့ပြီ။ နောက်တစ်ဖန်လည်း ထင်ရှားစေဦးမည်'ဟု ကောင်းကင်မှအသံတော်လာ၏။ (၂၉) **အနီးနား၌ ရပ်နေ၍ ထိုအသံကိုကြားကြသော လူထုပရိသတ်တို့က 'မိုးချုန်းသည်' ဟု ဆိုကြ ၏။ အခြားသောသူတို့ကမူ 'ကောင်းကင်တမန်က သူ့ကိုမြွက်ဆိုသည်' ဟု ဆိုကြ ၏။**" - ရှင်ယောဟန်ခရစ်ဝင် ၁၂:၂၈၊ ၂၉

ဒဏ်ခတ်ခြင်းသည် တိုးညှင်းသည့်အသံဖြစ်စေဦးတော့ ဟေရုဒ်အတွက်ကား မိုးကြိုးပမာ ဖြစ်ပြီး သေမတတ်ကြောက်ခဲ့၏။ ကောင်းကင်တမန်များသည် ပုထုဇဉ်များကို မသတ်လို ပါ။ ၎င်းတို့၏ စင်ကြယ်မှုနှင့် လူသားများ၏ဆိုးသွမ်းမှု ထိပ်တိုက်တွေ့သည့်အခါ လူသား တို့ကို သေစေနိုင်ကြောင်းသိကြ၏။ ကောင်းကင်တမန်များသည် ၎င်းတို့၏ဘုန်းရောင် ကိုကာပြီး ပုထုဇဉ်များကို ကွယ်ကာတော်မူ၏။ ၎င်းတို့သည် မုဒိတာတရား ကြီးလှ၏။

ကောင်းကင်တမန်က ဒဏ်ခတ်သည့်အခါ ပုထုဇဉ်များ သေကြသည်မှာ နှုတ်ကပတ်တော် က လူသားတို့၏အပြစ်ကို သိစေသည့်အခါ၌ဖြစ်ပျက်ကြောင်း ငါတို့တွေ့ရ၏။ အပြစ်စွန်း မှုက လူတစ်ဦးကို ဂနာမငြိမ်စေပါ။ ကပ်ဆိုက်ခြင်းများက ဘုရားသည် နောင်တမရလိုသူ များကို လက်ရှောင်ပြီဖြစ်ကြောင်းကိုပြ၏။ ဘုရားက မကာကွယ်တော့သည့်အခါ မာရ် နတ်သည် လက်စွမ်းပြတော့၏။ အပြစ်က အပြစ်ကို စီရင်ခြင်းဖြစ်၏။ ဘုရားသခင်၏ ကောင်းကင်တမန်များသည် ယေရှုဘုရား၏ ဝိညာဉ်ဖြင့် ပြည့်ဝကြ၏။ ၎င်းတို့သည် ခမည်းတော်၏ ပညတ်များကို စောင့်ကြပြီး

ရှုပစားကို မကိုင်ကြပါ။ ၎င်းတို့သည် ဘုရား သခင်၏ နှုတ်ကပတ်တော်၌ အားကြီးကြပြီး ယေရှုဘုရား၏ သမာဓိ၊ ဖြောင့်မတ်ခြင်းတို့ နှင့် ပြည့်စုံကြ၏။ ၎င်းတို့၏ စင်ကြယ်မှုက အပြစ်သားများကိုခြောက်၏။ ၎င်းတို့၏ စင်ကြယ်မှုသည် ၎င်းတို့၏ပင်မစွမ်းအင်ဖြစ်၏။ ၎င်းတို့သည် မာရ်နတ်၏စွမ်းအားကို ထိန်းနိုင်စွမ်းလည်းရှိကြ၏။

ထို့ကြောင့် ကောင်းကင်တမန်များသည် အံ့မခန်းအစွမ်းရှိကြ၏။ ၎င်းတို့ကို လုံခြုံရေး မယူ စေတော့သည့်အခါ မာရ်နတ်ကို စိတ်ကြိုက်ခြယ်လှယ်ခွင့် ပေးတော့၏။ ၎င်းတို့သည် ထိုသို့မပြုလိုကြပြား အမိန့်ရသည့်အခါ နောက်ဆုတ်ကြမည်ဖြစ်၏။ ထိုအဖြစ်သည် ပုထု ဇဉ်တစ်ဦး ဘုရား၏သတိပေးမှု၊ ပညတ်တော်ကို တောက်လျှောက် ချိုးဖောက်မှသာ ထိုသို့ ဖြစ်မည်ဖြစ်၏။ အချိန်ကြာမြင့်စွာ စောင့်အပြီးတွင် သန့်ရှင်းသောဝိညာဉ်တော်သည် လက်ရှောင်တော့မည်ဖြစ်ပြီး ၎င်းတို့ရွေးသည့်သခင်ကို ရစေမည်ဖြစ်၏။

ငါတို့သည် ကောင်းကင်တမန်များ၏ ကွယ်ကာ၊ လမ်းပြခံရခြင်းသည် မင်္ဂလာထူးဖြစ်၏။ ရံတစ်ခါတွင် လူသားများ အမှားမလုပ်ကြရန် ကိုယ်ထင်ပြပေးကြ၏။ သို့သော် ၎င်းတို့၏ ဗီဇအတိုင်း ဆက်လျှောက်ရန် ပိုင်းဖြတ်ကြသူများသည် နောင်တရကာ ကယ်တင်ခြင်း ရကြမည့်အစား သေလိုကြ၏။ အနှီသည် ဆိုးသွမ်းသူများ၏ စိတ်ထားဖြစ်၏။ ငါတို့သည် ဘုရား၏ကောင်းကင်တမန်များကို ကြောက်ရန်အကြောင်းမရှိပါ။ ၎င်းတို့သည် ငါတို့ကို သတ်မည့်သူများထံ အပ်ကြမည်မဟုတ်ပါ။ ၎င်းတို့သည် မည်သူကိုမှမသတ်သည့် သား တော်ဘုရားထံ တက်ချီဆင်းချီ အစဉ်အခစားဝင်ကြ၏။

## ၁၈။ ရိုးရှင်းသည့်စကား

ဘုရားသခင်သည် လူသားများကို ရိုက်ဟန်ရှိသည့် ကျမ်းစာလာ အထောက်အထားများ ရှေ့ဆက်မစူးစမ်းမီ ငါတို့စည်းချပြီးသည့် အရာများကို တစ်ဖန်ပြန်နွေးကြအံ့။

ကျမ်းရင်းလာများကို ကွက်ကြားယူပြီး ဘုရားသခင်သည် မေတ္တာ၊ နူးညံ့သိမ်မွေ့သည် ဟူသည့်ပရမတ်ကို ဖျက်ရန်လွယ်ပါ၏။ "သင်က ဘုရားသခင်သည် ပုထုဇဉ်တို့ကို မရိုက်ဆိုပြား ကျမ်းစာ၌ ဘုရားရိုက်သည်" ဟု လာသည်ဟု မကြာခဏ ငါ့ထံလာထောက်ကြ၏။ ငါလည်း အကျဉ်းပြအံ့။ သင်သည် ကျမ်းချက်များစုစည်းသည့်အခါ အများအတွက် စောဒက တက်စရာ ဖြစ်ပေမည်။

> "ထာဝရဘုရားကလည်း၊ ငါဖန်ဆင်းသော လူကိုငင်း၊ လူမှစ၍ သားများ၊ တွားတတ်သော တိရစ္ဆာန်များ၊ မိုဃ်းကောင်းကင်ငှက်များတို့ကိုငင်း မြေကြီးမျက်နှာမှ ငါသုတ်သင်ပယ်ရှင်းမည်။ သူတို့ကို ဖန်ဆင်းသောကြောင့် ငါနောင်တရသည်ဟု မိန့်တော်မူ၏။" - ကမ္ဘာဦးကျမ်း ၆:၇

> "ထိုအခါ ထာဝရဘုရားသည်ကောင်းကင်ထက်၊ အထံတော်မှ သောဒုံမြို့နှင့် ဂေါ မောရမြို့အပေါ်သို့ ကန့်နှင့် မီးမိုဃ်းကို ရွာစေတော်မူ၏။"- ကမ္ဘာဦးကျမ်း ၁၉:၂၄

> "ယုဒ၏သားဦးဧရသည် ထာဝရဘုရားရှေ့၌ဆိုးသောသူဖြစ်၍၊ သူ့ကို ထာဝရဘုရား ကွပ်မျက်တော်မူ၏။" - ကမ္ဘာဦးကျမ်း ၃၈:၇ (NKJV)

> "ထိုအမှုကို ထာဝရဘုရား နှစ်သက်တော်မမူသောကြောင့်၊ သြနန်ကိုလည်း ကွပ် မျက်တော်မူ၏။" - ကမ္ဘာဦးကျမ်း ၃၈း၁၀ (NKJV)

> "ဖာရောဘုရင်သည်၊ ငါတို့ကို အလွယ်တကူမလွှတ်ဘဲနေသောအခါ၊ အဲဂုတ္တုပြည် ၌လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ သားဦးအပေါင်းတို့ကို

**ထာဝရဘုရား** ကွပ်မျက် တော်မူ၏။ ထိုကြောင့် အဦးဖွားသော တိရစ္ဆာန်အထီးရှိသမျှတို့ကို **ထာဝရဘုရား** အားယဇ်ပူဇော်ရမည်။ ကိုယ်သားတို့တွင် သားဦးကိုရွေးရမည်ဟု ပြန်ဆိုရမည်။" - ထွက်မြောက်ရာကျမ်း ၁၃:၁၅ (NKJV)

"**ထာဝရဘုရား**ကလည်း၊ ပင်လယ်ရေသည် အဲဂုတ္တုလူများ၊ ရထားများ၊ မြင်းစီးသူရဲများတို့အပေါ်သို့ပြန်စေခြင်းငှာ၊ ပင်လယ်အပေါ်မှာ လက်ကိုဆန့်လော့ဟု မောရှေအားမိန့်တော်မူသည်အတိုင်း၊ မိုဃ်းလင်းသောအခါ၊ (၂၇) မောရှေသည် လက်ကို ပင်လယ်ပေါ်မှာဆန့်သဖြင့်၊ ပင်လယ်ရေသည် အားကြီး၍ ပြန်လာသည်ကို၊ အဲဂုတ္တုလူတို့သည် ပြေးကြသော်လည်း၊ **ထာဝရဘုရား**သည် သူတို့ကို ပင်လယ်အလယ်၌လှဲတော်မူ၏။ (၂၈) ထိုသို့ ပင်လယ်ရေသည် ပြန်လာ၍၊ ပင်လယ်ထဲသို့လိုက်ဝင်သော ဖာရောဘုရင်၏ရထား၊ မြင်းစီးသူရဲ၊ ဗိုလ်ခြေအပေါင်းတို့ကိုလွှမ်းမိုးသဖြင့်၊ တစ်စုံတစ်ယောက်မျှ မကျန်ရစ်ရ။" - ထွက်မြောက်ရာကျမ်း ၁၄:၂၆-၂၈

"ဤလူမျိုးကိုငါကြည့်မြင်ပြီ။ လည်ပင်းခိုင်မာသောအမျိုးဖြစ်၏။ (၁၀) သို့ဖြစ်၍ ငါ့ကိုရှိစေတော့ ။ ငါသည်အမျက်ပြင်းစွာထွက်၍ သူတို့ကို ဖျက်ဆီးမည်။ သင့်ကိုကား ကြီးသောအမျိုးဖြစ်စေမည်ဟူ၍ငှင်း၊ မောရှေအား မိန့်တော်မူ၏။" - ထွက်မြောက်ရာကျမ်း ၃၂:၉၊ ၁၀

"မောရှေကလည်း၊ လူတိုင်းဓားလွယ်လျက် တပ်တစ်မျက်နှာတံခါးမှ တစ်မျက်နှာတံခါးတိုင်အောင်ထုတ်ချင်းခပ်သွား၍၊ အသီးအသီး မိမိညီအစ်ကို၊ မိမိအပေါင်းအဖော်၊ မိမိအိမ်နီးချင်းကိုသတ်စေဟု ဣသရေလအမျိုး၏ဘုရားသခင် **ထာဝရဘုရား**အမိန့်ရှိတော်မူသည်ဟု၊ (၂၈) မောရှေစီရင်သည်အတိုင်း၊ လေဝိအမျိုးသား တို့သည်ပြု၍၊ ထိုနေ့၌ လူသုံးထောင်လောက်သေကြ၏။" - ထွက်မြောက်ရာကျမ်း ၃၂:၂၇၊ ၂၈

"အာရုန်၏သားနာဒပ်နှင့် အဘိဟုတို့သည်၊ ကိုယ်စီဆိုင်သောလင်ပန်းတို့ကို ယူလျက်၊ မီးကိုထည့်၍ လောဗန်ကိုတင်ပြီးလျှင်၊ **ထာဝရဘုရား** မှာထားတော်မူသော မီးမဟုတ်၊ ထူးခြားသောမီးကို ရှေ့တော်၌ပူဇော်၏။ (၂) ထိုအခါ **ထာဝရဘုရား**ထံတော်မှမီးထွက်၍၊ သူတို့ကိုလောင်သဖြင့် ရှေ့တော်၌ သေကြ၏။" - ဝတ်ပြု ရာကျမ်း ၁၀:၁၊၂

"တစ်ဖန်လူများတို့သည် အလိုတော်မရှိသော မြည်တမ်းခြင်းကိုပြုကြသဖြင့်၊ **ထာ ဝရဘုရား**သည် သူတို့စကားကိုကြား၍ အမျက်ထွက်တော်မူ၏။ ရှို့တော်မူသောမီးသည် သူတို့တွင်လောင်၍ တပ်အစွန်အနား၌ရှိသော သူအချို့တို့ကို သေစေလေ၏။" - တောလည်ရာကျမ်း ၁၁:၁

"**ထာဝရဘုရား**ကလည်း၊ ငါသည်ပြင်းစွာသော အမျက်တော်ကို ဣသရေလအမျိုးမှလွှဲစေခြင်းငှာ၊ ဣသရေလမင်းအပေါင်းတို့ကိုခေါ်၍၊ ပြစ်မှားသောသူတို့ကို ဘုရားရှေ့မှာထင်ရှားစွာဆွဲထားလော့ဟု မောရှေအားမိန့်တော်မူ၏။" - တောလည် ရာကျမ်း ၂၅:၄

"မောရှေအား **ထာဝရဘုရား**မှာထားတော်မူသည်အတိုင်း၊ ထိုသူတို့သည် မိဒျန်အမျိုးသားတို့ကိုတိုက်၍ လူယောကျ်ားအပေါင်းတို့ကိုသတ်ကြ၏။" - တောလည် ရာကျမ်း ၃၁:၇

"တစ်ဖန်သင့်လက်၌ အပ်တော်မူသောအခါ၊ သူတို့ကိုလုပ်ကြံ၍ အကုန်အစင်သုတ်သင်ပယ်ရှင်းရမည်။ သူတို့နှင့် မိဿဟာယမဖွဲ့ရ၊ ကရုဏာကိုမပြုရ။" - တရားဟောရာကျမ်း ၇:၂

"ငါသည် ကိုယ်တိုင်အားဖြင့် ဘုရားဖြစ်ကြောင်းကိုင်၊ ငါမှတစ်ပါး အခြားသောဘုရားမရှိကြောင်းကိုင်း ကြည့်ရှုကြလော့။ ငါသည် အသက်ကို သေစေ၏။ အသက်ကိုလည်းရှင်စေ၏။ ငါသည် အနာပေါ်စေခြင်းငှာ ဒဏ်ခတ်၏။ အနာကို

လည်း ပျောက်စေ၏။ ငါ့လက်မှ အဘယ်သူမျှ မကယ်မနုတ်နိုင်။" - တရားဟောရာ ကျမ်း ၃၂:၃၉

"**ထာဝရဘုရား**သည် သူတို့ကို ဣသရေလအမျိုးသားရှေ့မှာ ရှုံးစေ၍၊ ဂိဗောင်မြို့ အနားမှာ ကြီးစွာသော လုပ်ကြံခြင်းအားဖြင့်သတ်၍၊ ဗေသောရုံမြို့သို့သွားသော လမ်း၌ လိုက်လျက်၊ အဇေကာမြို့ မက္ကဒါမြို့တိုင်အောင် လုပ်ကြံတော်မူ၏။ (၁၁) ထိုသူတို့သည် ဣသရေလလူတို့ရှေ့မှာပြေး၍ ဗေသောရုန်မြို့သို့ ဆင်းသွားရာတွင်၊ **ထာဝရဘုရား**သည် မိုဃ်းကောင်းကင်မှ ကြီးစွာသော မိုဃ်းသီးကို အဇေကာမြို့ တိုင်အောင် သူတို့အပေါ်၌ ချတော်မူ၍၊ သူတို့သည် ဣသရေလလူတို့၏ဓား ကြောင့် သေသည်ထက် မိုဃ်းသီးကြောင့် သာ၍သေကြ၏။" - ယောရှုမှတ်စာ ၁၀:၁၀၊ ၁၁

"ကောင်းကင်ဗိုလ်ခြေအရှင်**ထာဝရဘုရား** မိန့်တော်မူသည်ကား၊ အဲဂုတ္တုပြည်မှ ထွက်လာသော ဣသရေလအမျိုး၌၊ အာမလက်အမျိုးပြုသော ဆီးတားခြင်းအမှု ကို ငါမှတ်လျက်ရှိ၏။ (၃) ယခုသွား၍ ထိုအမျိုးကို လုပ်ကြံလော့။ နှမြောခြင်း မရှိဘဲ၊ ရှင်းရှင်းဖျက်ဆီး၍၊ ယောက်ျား၊ မိန်းမ၊ သူငယ်၊ နို့စို့မှစ၍၊ သိုး၊ နွား၊ ကုလားအုပ်၊ မြည်းတို့ကို သတ်လော့ဟု ရှောလုအားဆင့်ဆို၏။" - ၁ ရာ ၁၅:၂၊ ၃

ထိုထိုဆင်တူကျမ်းပိုဒ်များ ငါတို့ထပ်၍စုစည်းနိုင်ပါသည်။ ဓမ္မဟောင်းကျမ်းရှိ လူသေစာရင်းသည် ဓမ္မသစ်ကျမ်းလာ လူသေမှုကြီးနှင့်နှိုင်းလျှင် ဘာမျှမဟုတ်ပါ။

"ထိုအနှစ်တစ်ထောင်ကုန်ဆုံးသောအခါ စာတန်သည် သူချုပ်နှောင်ခံရရာ အကျဉ်းထောင်မှ လွှတ်ပေးခြင်းခံရ၍ (၈) ကမ္ဘာမြေကြီးလေးမျက်နှာရှိ လူမျိုးများ ဖြစ်ကြသည့် ဂေါဂ၊ မာဂေါဂကိုလှည့်ဖြားရန်နှင့် စစ်ပွဲအတွက် သူတို့ကိုစုဝေးစေရန် ထွက်သွားလိမ့်မည်။ သူတို့၏အရေအတွက်သည် သမုဒ္ဒရာသဲပွင့်များနှင့် အမျှ ရှိကြ၏။ (၉) သူတို့သည် ကမ္ဘာမြေကြီး၏ကျယ်ပြန့်သောအရပ်သို့ ချီတက်

လာ၍ သန့်ရှင်းသူတို့၏စခန်းနှင့် ချစ်တော်မူသောမြို့ကို ဝိုင်းကြ၏။ ထိုအခါ ကောင်းကင်မှ မီးကျလာ၍ သူတို့ကိုလောင်ကျွမ်းလေ၏။ (၁၀) သူတို့ကို လှည့်ဖြား သော မာရ်နတ်သည်လည်း သားရဲနှင့်ပရောဖက်အတုအယောင်တို့ရှိရာ ကန့်နှင့် ရောသော မီးအိုင်ထဲသို့ ပစ်ချခြင်းခံရ၏။ သူတို့သည် ထိုနေရာ၌ နေ့ရောညပါ ကမ္ဘာအဆက်ဆက် ညှဉ်းဆဲခြင်းကိုခံရကြလိမ့်မည်။" - ဗျာဒိတ်ကျမ်း ၂၀:၇-၁၀

မတရားသူများသည် ပင်လယ်ကမ်းနားသဲပွင့်ဝါဠုပမာ များပြားမည်ဟုလာ၏။ ကမ်းနားတွင် ဝါဠုမည်မျှရှိသနည်း။ သန်းပေါင်း (၁) သိန်းမျှ ဆိုကြပါအံ့။ သို့ဆိုလျှင် ဓမ္မဟောင်းကျမ်းစာလာများသည် မူကြိုအဆင့်သာရှိပေဦးမည်။

ခရစ်ယာန်များစွာက ထိုထိုကျမ်းပိုဒ်များကို ဖတ်ရှုသည့်အခါ ၎င်းတို့ကိုးကွယ်သည့် ဘုရား သခင်သည် မတရားသောသူ သန်းထောင်ပေါင်းများစွာကို အရှင်လတ်လတ် မီးလောင် တိုက်သွင်းမည်ဟု အားယူသူများလည်း ရှိကြ၏။

ဘုရားသခင်က ကလေးများစွာကို သတ်မိန့်ပေးဟန်ရှိသည့် ကျမ်းချက်များကို စိတ်မာသူများကသာ ဤသို့သတ်ဖြတ်မှုသည်မှန်၏ဟု ဆိုကြမည်ဖြစ်ပြီး အခြားသူများက အပြစ်မမြင် (သို့) အသာရှောင်နေကြမည်ဖြစ်၏။

အောင်မြင်ခြင်းဟု ၎င်းတို့မှတ်သည့်အရာသည် အမှန်တွင် အရှုံးကြီးသာဖြစ်၏။

သင့်အားတစ်နေ့နေ့တွင် သတ်မည့်သူကို ကိုယ့်ကိုယ်ကို မကြောက်ရန်စိတ်သွင်းကာ ထိုထိတ်လန့်ဖွယ်ကောင်းသည့်ပုဂ္ဂိုလ်ကို သင်သည် ကြောက်ကြောက်ဖြင့် ထာဝရကိုးကွယ်နိုင်မည်လော။

ဤကျမ်းအသွားအလာက ဘုရားသခင်သည် မတရားသောသူများကို မီးရှို့သည်ကို သန့်ရှင်းသူများ ဇိအုန်မြို့ရိုးမှ ပြဇာတ်ပမာ ရှုကြသည်ဟုယူလျှင် သန့်ရှင်းသူများသည် အမှန်တရားကို ငြင်းပယ်ခဲ့ကြသည့် ၎င်းတို့ချစ်ခဲ့ကြရသည့်သူများ

အကြင်နာမဲ့အရှင်လတ်လတ် (ခဏ (သို့) အမြဲ) မီးရှို့ခံရသည့်အဖြစ်၌ သာယာကြမည်လော။

သင်ကိုးကွယ်သည့် ဘုရားသခင်သည် လမ်းမလိုက်သူများကို အရင်ညှဉ်းပြီးမှ ညဏ်မမီသည့်အထိ ရက်စက်စွာမေ့းသတ်သည့်အမှု၌ ကျေနပ်ဖွယ်ရှိသလော။

ဘုရားသခင်သည် ၎င်းတို့၏မျက်ရည်ကို သုတ်ပေးကာ အတိတ်ကို မေ့ပျောက်စေမည်ဟု အချို့က ဆိုကြပေမည်။

> "ကိုယ်တော်သည် သူတို့၏မျက်စိမှမျက်ရည်ရှိသမျှတို့ကို သုတ်ပေးတော်မူလိမ့်မည်။ သေခြင်းသည် ရှိတော့မည်မဟုတ်။ ဝမ်းနည်းကြေကွဲခြင်း၊ အော်ဟစ်ငိုကြွေး ခြင်းနှင့် နာကျင်ခြင်းဝေဒနာတို့သည်လည်း ရှိတော့မည်မဟုတ်။ အကြောင်းမူ ကား ယခင်ဖြစ်ခဲ့သောအရာတို့သည် ပျောက်ကွယ်သွားကြပြီ"ဟု ဆိုသည်ကို ငါ ကြားရ၏။" - ဗျာဒိတ်ကျမ်း ၂၁:၄

အနီသည် တောင့်တသင့်သည့် ထာဝရမင်္ဂလာလော (သို့) အနိဋ္ဌာရုံများကို အစဖျောက်ခြင်းလော။

အိမ်ထောင်ရေးသုခ၊ ကလေးချီ၊ မိဘများနှင့်ပွေ့ဖက်၊ အိမ်မွေးတိရစ္ဆာန်များဖြင့် ပျော်ခဲ့ဖူး သူများအတွက် အထက်ပါကျမ်းပိုဒ်သည် စိတ်မအေးဖွယ်ဖြစ်မည်။

ထိုထိုကျမ်းပိုဒ်များကို ကိုးကားသည့်အခါ ဘုရားသည် မတရားသောသူများကို သုတ်သင်သည့် အထောက်အထားဖြစ်သည်ဟု ကျမ်းစာလာအတိုင်းယူရမည်ဟု ထောက်ကြ၏။

ကျမ်းစာလာအကြောင်းများကို ကျမ်းစာလာအတိုင်း ယူရမည်မှာ မှန်၏။ ကျမ်းစာလာ အတိုင်း ယူရမည်ဆိုရာ၌လည်း တစ်အုပ်လုံးကို ယူရပါမည်။ ကိုယ့်ဆန္ဒနှင့်ညီထွေသည် များကို ကွက်ကြားမယူရ။

အခန်း (၂) ၌ ငါတို့နှီးနှောခဲ့ပြီးသည့်အတိုင်း ခေါင်းစည်းတစ်ခုနှင့် နွယ်ရာကျမ်းချက်များကို စုစည်းတိုက်ဆိုင်စစ်ဆေးရပါမည်။ ဘုရားသခင်သည် ပုထုဇဉ်များကို လက်တန်းသတ် ဖြတ်၏ဟု မှတ်သူများသည် ကျမ်းတစ်အုပ်လုံးကို မစူးစမ်းကြသူများဖြစ်၏။ ၎င်းတို့၏ ဓာတ်ခံနှင့် ပနံသင့်သည့် ကျမ်းချက်များကိုသာ ကွက်ကျားဖတ်ကြ၏။ အကယ်တန္တု သင် သည် ကျမ်းတစ်အုပ်လုံးကိုဖတ်သော် ကနဦးပိုင်းတွင် အတွဲမညီဟန်ရှိသည့် ကျမ်းချက် များစွာ သင်ကြုံရပါမည်။ အောက်ပါတို့ကို ဆင်ခြင်ပါလေ။ ။

| သိမ်မွေ့ နူးညံ့၊ မေတ္တာ | လက်စားချေလိုစိတ်ပြင်း၊ အမုန်းပြင်းပြ၊ ဖျက်ဆီး |
|---|---|
| ရှင်မဿဲခရစ်ဝင် ၂၆:၅၂ - "ယေရှုကလည်း သင့်ဓားကို သူ့နေရာ၌ပြန်ထားလော့။ **ဓားကိုကိုင်သောသူ ရှိသမျှတို့သည် ဓားဖြင့်ဆုံးခြင်းသို့ ရောက်ကြလိမ့်မည်။**" | တရားဟော ၃၂:၄၀၊ ၄၁ - "ငါသည် အစဉ်အမြဲအသက်ရှင်ပေ၏ဟု ငါ့လက်ကို ကောင်းကင်သို့ချီ၍ ကျိန်ဆို၏။ (၄၁) **ငါသည် ပြောင်လက်သောဓားကိုသွေး၍၊ တရားစီရင်စပြုလျက် ငါ့ရန်သူတို့၌ အပြစ် တရားကို စီရင်မည်။** ငါ့ကိုမုန်းသော သူတို့ ခံထိုက်သောအပြစ်အလျောက် ငါဆပ်ပေး မည်။" |
| ရှင်လုကာခရစ်ဝင် ၉:၅၅ - "လူသားသည်လူတို့၏ အသက်ကို သတ်အံ့သောငှာ ကြွလာသည်မဟုတ်။ ကယ်တင်အံ့ | ကမ္ဘာဦးကျမ်း ၆:၇ - "ထာဝရဘုရားကလည်း၊ ငါဖန်ဆင်းသော လူကို၎င်း၊ လူမှ စ၍ သားများ၊ တွားတတ်သော တိရစ္ဆာန် များ၊ |

| | |
|---|---|
| သောင်ဘာ ကြွလာသည်ဟု ဆိုးမတော်မူ၏။"<br><br>ဟောရှာယ ၁၁:၉ - "ငါ၏ သန့်ရှင်းသော တောင်တစ်ပြင်လုံး၌ အချင်းချင်း ညှဉ်းဆဲခြင်း၊ ဖျက်ဆီးခြင်းကို မပြုရကြ။ အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိ နေရာကို လွှမ်းမိုးသကဲ့သို့၊ မြေကြီးသည် ထာဝရဘုရားကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်။" | မိုဃ်းကောင်းကင်ငှက်များတို့ကိုငင်း မြေကြီးမျက်နှာမှ ငါသုတ်သင် ပယ်ရှင်းမည်။ သူတို့ကို ဖန်ဆင်းသောကြောင့် ငါ နောင်တရသည်ဟု မိန့်တော်မူ၏။" |
| ရှင်မဿဲခရစ်ဝင် ၅:၄၄ - "သို့သော် သင်တို့အား ငါဆိုမည်။ သင်တို့၏ရန်သူများကိုချစ်၍ သင်တို့ကိုညှဉ်းဆဲသော သူတို့အတွက် ဆုတောင်းပေးကြလော့။" | ဆာလံကျမ်း ၁၈:၄၀ - "အကျွန်ုပ်၏ ရန်သူတို့ကိုလည်း ကျောပေးစေတော်မူသဖြင့် အကျွန်ုပ်သည် အကျွန်ုပ်ကိုမုန်းသော သူတို့ကို ဖယ်ရှားသုတ်သင်ပါ၏။"<br><br>ဆာလံကျမ်း ၁၄၃:၁၂ - "အကျွန်ုပ်သည် ကိုယ်တော်၏အစေအပါးဖြစ်သောကြောင့်<br>ကိုယ်တော်၏မေတ္တာကရုဏာတော်အားဖြင့် အကျွန်ုပ်၏ရန်သူတို့ကို ဖယ်ရှားသုတ် သင်တော်မူပါ။ အကျွန်ုပ်၏စိတ်ဝိညာဉ်ကို ရန်ဖက်ပြုသောသူအားလုံးကိုလည်း ဖျက်ဆီးတော်မူပါ။" |

| | |
|---|---|
| ထွက်မြောက်ရာကျမ်း ၂၀:၁၃ - "လူ အသက် ကိုမသတ်နှင့်။"<br><br>၂ ကော ၃:၁၈ - "ငါတို့ရှိသမျှသည်လည်း မျက်နှာလွှားမပါသောမျက်နှာပေါ်တွင် သခင်ဘုရား၏ဘုန်းတော်ကို ထင်ဟပ်စေလျက် **ကိုယ်တော်၏ ပုံသဏ္ဌာန်တော်နှင့်အညီ ဝိညာဉ်တော်ဖြစ်သော သခင်ဘုရားအားဖြင့် ဘုန်းတော်မှ ဘုန်းတော်သို့ ပုံသဏ္ဌာန်ပြောင်းလဲ စေခြင်းကို ခံရကြ၏။**" | ကမ္ဘာဦး ၃၈:၇ – "ယုဒ၏သားဦးဧရသည် ထာဝရဘုရားရှေ့၌ဆိုးသောသူဖြစ်၍၊ သူ့ကို ထာဝရဘုရား ကွပ်မျက်တော်မူ၏။" (NKJV)<br><br>ဒေသနာကျမ်း ၃:၃ – "သတ်ရသော အချိန်နှင့် အနာပျောက်စေရသော အချိန်လည်း ရှိ၏။ ဖြိုဖျက်ရသော အချိန်နှင့် တည်ဆောက်ရသော အချိန်လည်း ရှိ၏။" |
| ၁ ယော ၄:၈ - "ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်းမူကား၊ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော် မူ၏။" | မာလခိ ၁:၂၊ ၃ - "ထာဝရဘုရား မိန့်တော်မူသော စကားဟူမူကား၊ သင်တို့ကို ငါချစ်လေပြီ။ အကျွန်ုပ်တို့ကို အဘယ်သို့ ချစ်တော်မူသနည်းဟု သင်တို့မေးကြလျှင်၊ ဧသောသည် ယာကုပ်၏အစ်ကို ဖြစ်သည်မဟုတ်လော။ သို့သော်လည်း ယာကုပ်ကို ငါချစ်၏။ (၃) ဧသောကို ငါမုန်း၍ သူနေသောတောင်တို့ကို လွင်ပြင်ဖြစ်စေပြီ။ သူ့အမွေခံရာမြေကို မြေခွေးတို့ ၌ အပ်လေပြီဟု ထာဝရဘုရား မိန့်တော် မူ၏။" |
| ဆာလံ ၁၀၀:၅ - "အကြောင်းမူကား၊ ထာဝရဘုရားသည် ကောင်းမြတ်တော် | ဟောရှာယ ၉:၁၇ - "ထိုကြောင့်၊ ထာဝရဘုရားသည် သူတို့တွင် |

| | |
|---|---|
| မူ၏။ **ကရုဏာတော်သည် အစဉ်အမြဲ ရှိ၍၊ သစ္စာတော်သည် ကာလအဆက် ဆက် တည်လေသတည်း။**"<br><br>၁ ရာချုပ် ၁၆:၃၄ - "ထာဝရဘုရား သည် ကောင်းမြတ်တော်မူ၍၊ **ကရုဏာတော် အစဉ်အမြဲတည်**သောကြောင့်၊ ဂုဏ်ကျေး ဇူးတော်ကို ချီးမွမ်းကြလော့။" | ရှိသောလူပျိုတို့ကို အားရတော်မမူ။ **မိဘမရှိသောသူငယ်နှင့် မုဆိုးမတို့ကို သနားတော်မမူ။**" |
| ဟေရှာယ ၂၇:၄ - "**ငါ့အမျက်ငြိမ်းပြီ။** ဆူးပင်မျိုးကိုမူကား၊ စစ်ပွဲ၌ ငါတွေ့ပါစေ သော။ ချက်ချင်းတိုက်၍ တစ်ပြိုင်နက် မီးရှို့မည်။" | ယောဘဝတ္တု ၂၀:၂၃ - "သို့သော်လည်း သူသည်ဝစ္စာစားရ၏။ **ဘုရားသခင်သည် အမျက်တော်အရှိန်ကိုလွှတ်၍** သူစားစရာ ဘို့ အမျက်တော်မိုယ်းကို ရွာစေတော်မူ မည်။" |

သင်သည် သမ္မာကျမ်းစာကို ခရေစေ့တွင်းကျလေ့လာလျှင် မြင်သာသည့် ဝိရောဓိများ ပပျောက်ပါမည်။

မြင်သာသည့် ဝိရောဓိအပိုဒ်များနှင့် သင်ကြုံသည့်အခါ သင်နားလည်ထားသည်နှင့် မကိုက် ညီလျှင် လျစ်လျူရှု (သို့) ဘုရားသခင်က အလင်းပေးရန် ဒူးထောက်ဆုတောင်းကာ ထိုဝိရောဓိများကို အဖြေရှာရန် ရွေးရပါမည်။

အမေးကား ဘုရားသခင်သည် သမ္မာကျမ်းစာကို ဘာ့ကြောင့် ဤသို့ရေးခဲ့သနည်းဖြစ်၏။ ဘာ့ကြောင့် ထို့ထက်နားရှင်းရန် မရေးရသနည်း။ ဝိညာဉ်တော် ပဲ့ပြင်မှုမရသောသူသည်

ပင်ကိုအားဖြင့် မာနထန်၏။ ၎င်းကိုယ်၌က သတိမမူမိပြား ပင်ကိုဓာတ်သွေးသည် ဘုရားကို စိမ်းကား၏။

> "အဘယ်ကြောင့်ဆိုသော် သွေးသားဇာတိနှင့်ဆိုင်သောစိတ်သဘောသည် ဘုရားသခင်နှင့် ရန်ဘက်ဖြစ်၏။ အကြောင်းမူကား ထိုစိတ်သဘောသည် ဘုရားသခင်၏ ပညတ်တရားကို နာခံခြင်းမရှိ။ အမှန်စင်စစ် နာခံ၍လည်းမရနိုင်။" - ရောမသြဝါဒ စာ ၈:၇ (NLT)

အနီဃနက ကျမ်းစာလေ့လာသည့်အခါ ဘုရားကို ကြမ်းသည်ဟု မြင်စေ၏။ ထိုသို့သော ပုဂ္ဂိုလ်က ဘုရားကိုငါချစ်ပါ၏၊ ရိုသေပါ၏ဟု လူသိရှင်ကြားဆိုပေမည်။ သို့သော် စိမ်းကားသည့်ဗီဇက ထိုဝိရောဓိများကို မဖျောက်လို။ ထို့အစား ဘုရားသခင်သည် ပုထုဇဉ်များ ကို သတ်ခဲ့သည့် ကျမ်းချက်များကိုသာ ရွေးဖတ်ကာ အခါသင့်လျှင် ကျမ်းစာလာများကို လက်ခံရမည်ဟု ဆိုလိမ့်မည်။

ထိုသို့သောသူသည် ကျမ်းဂန်လာအားလုံးကို လက်မခံပါ။ ၎င်းသည် ဘုရားကို သူလက်ခံလိုသည့်အကြောင်းလောက်သာ လက်ခံပြီး အခြားအကြောင်းများကို လျစ်လျူရှု၏။ သို့နှင့် အောက်တွင်ဖော်ပြထားသည့် မဟာအမှန်တရားကို ငါတို့တွေ့ရ၏။ ။

> "... ထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင် ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသော သူတို့အား ကျေးဇူးပြုတော်မူ၏။" - ယာကုပ် ၄:၆

အနီသည် မည်သို့သွားသနည်း။

> "မည်သူမဆို နှုတ်ကပတ်တော်ကို ကြားနာသော်လည်း လိုက်နာကျင့်သုံးခြင်းမရှိလျှင် ထိုသူသည် မိမိ၏ပကတိမျက်နှာကို မှန်ထဲ၌ကြည့်သောသူနှင့်တူ၏။" - ရှင်ယာကုပ်သြဝါဒစာ ၁:၂၃

"အကြောင်းမူကား သင်တို့စီရင်သည့်နည်းလမ်းအတိုင်း သင်တို့သည် စီရင်ခြင်း ခံရ၍ သင်တို့တိုင်းတာခြင်တွယ်သည့်စံနှုန်းအတိုင်း သင်တို့အတွက် တိုင်းတာ ခြင်တွယ်ပေးလိမ့်မည်။" - ရှင်မဿဲခရစ်ဝင် ၇:၂

"ထို့ကြောင့် သူတစ်ပါးကိုစီရင်တတ်သောအချင်းလူ၊ သင်သည် ဆင်ခြေပေး၍မရ။ အဘယ်ကြောင့်ဆိုသော် စီရင်နေသောသင်သည်လည်း တူညီသောအမှုများကို ပြုကျင့်နေသည်ဖြစ်၍ သူတစ်ပါးကိုစီရင်ရာတွင် သင့်ကိုယ်သင် ပြစ်ဒဏ်စီရင်ရာ ရောက်၏။" - ရောမဩဝါဒစာ ၂:၁

လူတစ်ဦးက ဘုရားသခင်သည် မေတ္တာနှင့်ပြည့်ဝသည့် ဘုရားဖြစ်သည်ဟု လာသည့် အပိုဒ်များကို ပေယျာလကန်ပြုပြီး ပုထုဇဉ်များကိုသတ်သည်ဟု လာသည်များကို ရွေးဖတ် သူသည် ၎င်း၏ဗီဇကို ပြခြင်းသာဖြစ်၏။ ထိုပုဂ္ဂိုလ်မျိုးသည် မာရ်နတ်အတိုင်း ၎င်းတို့၏ ဗီဇကို ဘုရားထံလွှဲကာ ဘုရားကိုမုန်းသည့် ၎င်းတို့၏အငုံစိတ်ကို ပြ၏။

"ဤအမှုတို့ကိုသင်ပြု၍ ငါသည်တိတ်ဆိတ်စွာနေသဖြင့် ငါသည် သင်နှင့်တူသည် ဟု သင်ထင်မှတ်၏။ ငါသည် သင့်ကိုဆုံးမ၍ သင်၏အပြစ်ကို သင့်ရှေ့မှောက်၌ ခင်းပြမည်။" - ဆာလံကျမ်း ၅၀:၂၁

ဘုရားသခင်သည် သမ္မာကျမ်းစာကို ပုထုဇဉ်များ၏ဗီဇအတိုင်း ရေးခွင့်ပေးခဲ့၏။ ဘုရားကို ပုတ်ခတ်သည့် လူ့ဗီဇက ဘုရားသခင်ကို ၎င်း၏ဗီဇအတိုင်း ပုံသွင်း၏။ ၎င်း၏ဗီဇကို ဘုရား အပေါ် ပုံသွင်းသောကြောင့် သမ္မာကျမ်းစာသည် လူသားတို့၏ ဓာတ်သွေးကိုပြသည့် ကြည့်မှန်ပြင်ပင် ဖြစ်လေ၏။

မပြောင်းလဲသူတစ်ဦးက သမ္မာကျမ်းစာကို ဖတ်ရှုသည့်အခါ ၎င်းတို့၏ရုပ်ကို ဘုရားသခင် ၏စီရင်မှုများ၌ ရုတ်ချည်းတွေ့၏။ အပြစ်ကို ဝန်ခံသူ၊ ၎င်းကိုယ်ကို မကောင်းမှုန်း ဆင်ခြင် တတ်သူသည် ယေရှုဘုရား၏ သီလကိုရှု၏။ ထို့နောက် သမ္မာကျမ်းစာကို ဖတ်ရှုလေ့လာ သည့်အခါ ဘုရားသခင်ကို အသွင်ခြားဖြင့်မြင်လာ၏။

ဤကမ္ဘာသို့ ခရစ်တော်ဘုရား လာ၍ပြခဲ့သည့် သီလသိက္ခာတော်သည် သမ္မာကျမ်းစာ ကြည့်မှန်ထဲရှိရုပ်ကို ပြောင်းစေ ၏။ ၎င်း၏မျက်တိမ်လွှာကွာကျကာ ဓမ္မစစ်ကိုမြင်သည့်အခါ ထိုဓမ္မစစ်က ၎င်း၏သန္တာန် ကို လွှမ်းခြုံတော့၏။

ဓာတိစိတ်ခံပုဂ္ဂိုလ်သည် သမ္မာကျမ်းစာကို ၎င်း၏ဓာတ်နှင့်တည့်သည်များကိုသာ ဖတ်ပြီး အခြားအားလုံးကို လျစ်လျူရှု၏ (သို့) အပေါ်ယံကြော ဝိရောဓိဖြစ်သည့် ကျမ်းချက်များကို ယူကာ ကျန်သည့်ကျမ်းတစ်အုပ်လုံးကို လုံးလုံးငြင်းပယ်၏။

လောကုတ္တရာကိုရှုသည့်ပုဂ္ဂိုလ်သည် ကျမ်းတစ်အုပ်လုံးကို လေ့လာကာ ဝိရောဓိဖြစ်သည့် ကျမ်းချက်များကြောင့် နှိမ့်ချတတ်၏။ ကျမ်းစာကို မသိနိုင်စွမ်းမှုကို မြင်တတ်ကာ နား လည်နိုင်ရန် အကူရှာ၏။ ၎င်းသည် ဉာဏ်မီသည့်အခါ ကျမ်းစာက ဘုရားသခင်၏ တင့် တယ်သော သိက္ခာတော်တို့ကို ပြလေ၏။ ဘုရားသခင် ဆန္ဒရှိခဲ့သည့်အတိုင်း ယူတတ်ရန် များစွာဆုတောင်း ဆက်ကပ်ရန်လို၏။ အနှီသည် ငါ့ကိုယ်တွေ့ဖြစ်၏။ များစွာသောသူများ လည်း ထိုသို့ကြုံကြ၏။ ငါ့သန္တာန်၌ အဖြေမညှိနိုင်သည့်အခါ ဘုရားသခင်ထံ အသနားခံခဲ့ ၏။ အလင်းပေးပါရန် ဒူးထောက်ဆုတောင်းခဲ့၏။ ဆုတောင်းအပြီး အလင်းရသည်အခါ ပီတိဖြစ်၏။

ဆိုခဲ့ပြီးသောသာဓကများကို သုံးသပ်သည့်အခါ ငါတို့သည် ကျမ်းတစ်ချက် နှစ်ချက်ကိုသာ ယူပြီး အဖြေမထုတ်ဘဲ ထိုအကြောင်းနှင့် ထိစပ်သည့် ကျမ်းချက်အားလုံးကို တိုက်ဆိုင် စစ်ဆေး ဝိဘဇ္ဇပြုရပါမည်။

ကြည့်မှန်၏အခြေခံ သဘောတရားကို ငါတို့အမှတ်ရှိရပါမည်။ ဤစာအုပ်၏ အခန်း (၉) ၌ ၎င်း၏သမီးကိုကုပေးရန် ယေရှုထံ အသနားခံခဲ့သည့် မာတုဂါမအကြောင်းကို ငါတို့နှီးနှော ခဲ့၏။ ယေရှုကလည်း ၎င်း၏နှုတ်တော်ထွက်စကားကို ကြားကြသူများ ၎င်းတို့၏ဗီဇ အတိုင်းမြင်စေသည့် ဝေါဟာရကို ရွေးသုံးခဲ့၏။

တပည့်တော်တို့၏ လူမျိုးမုန်းတီးရေးဝါဒကို ယေရှုဘုရား၏စကားအားဖြင့် အကုန်အစင် အထုပ်ဖြည်ပြကာ ၎င်းတို့၏အမှားကို မြင်တတ်ရန်အတွက် မာတုဂါမ၏ တောင်းဆိုမှုကို ဖြည့်ဆည်းပေးခဲ့၏။ သူကြွယ်နှင့် လာဇရု၏ သာဓကဥ္စ တရားနာသူများကို ဓမ္မစစ်ပြရန် ယေရှုဘုရားက အစဉ်အလာကြီးခဲ့သည့် သာဓကကို သုံးခဲ့ခြင်းဖြစ်၏။ ထိုသဘောသဘာဝ များသည် ၎င်း၏မူပိုင်မဟုတ် ထိုသူတို့နှင့်ငါတို့လည်း နားလည်တတ်ရန် အငှားသုံးခြင်း သာဖြစ်၏။ ဤအချက်သည် သမ္မာကျမ်းစာတော်မြတ်ကို လေ့လာရန် အခရာကျသည့် စည်းဖြစ်၏။ ယေရှုဘုရားသည် ၎င်း၏ မူပိုင်မဟုတ်သည်များကို သုံးတတ်ကြောင်းလည်း ဉာဏ်ပေါက်ရပါမည်။ ပုဂ္ဂိုလ်တစ်ဦးသည် ကျမ်းတစ်အုပ်လုံးကိုမညှိလျှင် ထိုထိုကျမ်းချက် များသည် လေ့လာသူတစ်ဦးကို အမှတ်မှားစေပါမည်။ ကြည့်မှန်ပြင်သည် အလုပ်လုပ် လျက်၏။

ရှေ့မဆက်မီ ပြန်၍နွေးကြအံ့။

၁။ အကြောင်းတစ်ခုအတွက် ကျမ်းချက်အားလုံးကို စုစည်းပါ။ ကွက်ကြားမယူရ။

၂။ ဉာဏ်ပညာရရန် သမ္မာကျမ်းစာကို စိတ်နှိမ့်ချစွာဖြင့် လေ့လာပါ။

၃။ သမ္မာကျမ်းစာကို ယေရှု ဤလောကသို့ပွင့်ခဲ့သည့် သက်တော်စဉ်ဖက်မှဖတ်ပါ။

၄။ ကြည့်မှန်ပြင်၏ သဘောသဘာဝများကို အမှတ်ရပါ။ သမ္မာကျမ်းလာ အမှန်တရားသည် လူသားတို့၏ ဗီဇဖြင့်လည်း ပြနိုင်ပါ၏။ ကျမ်းစာသည် လောကီအလို၊ လောကုတ္တရာအလိုများဖြင့် အလင်းပြထားပါ၏။ စာရှုသူက အဘယ်သို့ဖတ်ရမည်ကို ပိုင်းဖြတ်ရပါမည်။

## ၁၉။ ငါတို့အပြစ်ကြောင့် အနာတရဖြစ်

အဖြစ်အပျက်သည် မတွေးနိုင်သည့်အထိ ချောက်ချားဖွယ် ဖြစ်ခဲ့ပေမည်။ လူ၊ သတ္တဝါအားလုံး ကိုယ့်အသက်အတွက် လုပြေးနေကြ၏။

> "နောအအသက်ခြောက်ရာစေ့သောနှစ်၊ ဒုတိယလ၊ ဆယ်ခုနစ်ရက်နေ့တွင်၊ ကြီးစွာသော နက်နဲရာ ရေပေါက်ရေတွင်းတို့၏ အဆီးအတားရှိသမျှကို ပယ်ရှင်း၍၊ မိုဃ်း ကောင်းကင်ပြွန်ဝများကို ဖွင့်သဖြင့်၊ (၁၂) အရက်လေးဆယ်ပတ်လုံး မြေကြီးပေါ်မှာ မိုဃ်းရွာလေ၏။" - ကမ္ဘာဦးကျမ်း ၇:၁၁၊ ၁၂

ကမ္ဘာကြီးကို ရေလွှမ်းမိုးသည့်ဖြစ်စဉ်သည် အများတွက် စိတ်မအေးစရာဖြစ်၏။ ဘုရား၏ မေတ္တာတော် လက်ပန်းကျပြီဖြစ်ကာ ဆက်လက်၍ မဖေးမ,တော့ဘဲ သန်းများစွာတို့သည် ရေတွင် ပါကြမည်ဖြစ်၏။ မေတ္တာရှင် ဘုရားသခင်သည် အကယ်ပင် ဤသို့ပြုပါမည် လော။ ဤအဖြစ်သည် အများစုအတွက် ပဟေဠိဖြစ်၏။

ဘုရားသခင်၏တရားစီရင်မှုအကြောင်း ငါတို့ရှုကွက်ဆင်းသည့်အခါ လက်ဝါးကားတိုင်၌ အသေခံခဲ့သည့်ဖြစ်စဉ်ကို ငါတို့အမှတ်ရရမည်ဖြစ်၏။ အကြောင်းမှာ လက်ဝါးကားတိုင်သည် ဘုရားသခင်၏ တရားစီရင်ပုံကိုပြ၏။ လက်ဝါးကားတိုင်၌ စတေးခံမှုသည် သမ္မာကျမ်းစာရှိ တရားစီရင်မှုခပ်သိမ်းကို သိနားလည်စေမည့် သော့ချက်ဖြစ်၏။ ယေရှုဘုရားသည် တစ်ကမ္ဘာလုံး၏ အပြစ်ကို ဦးရွက်ရသည့်ဝန်၊ ထို့ပြင် ၎င်းကို သတ်လိုကြသည့် ဆန္ဒ များကလည်း ၎င်းကိုထုထောင်း၏။ အပြစ်က ယေရှုဘုရားကိုသတ်၊ အပြစ်က ပုထုဇဉ် များကိုသတ်၏။ လူအများက ဘုရား၏အမျက်က ခရစ်တော်ကိုသတ်သည်ဟု မှတ်ခြင်း သည် ပြဿနာဖြစ်၏။ အနှီအကြောင်း ဟေရှာယကျမ်း၌ ဗျာဒိတ်ခဲ့၏။

> "မထီမဲ့မြင်ပြုခြင်းကို ခံ၍၊ လူတို့တွင် အယုတ်ဆုံးသော သူဖြစ်၏ ငြိုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတစ်ပါးမျက်နှာလွှဲခြင်းကို ခံရသော သူကဲ့သို့ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကို ခံလျက်ရှိ၍၊ ငါတို့သည်

မရှိသေကြ။ (၄) သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင် ရှက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုငှင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်း ကိုငှင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။" - ဟေရှာယ ၅၃:၃၊ ၄

ဘုရားသခင်က ခရစ်တော်ဘုရားကို လက်ဝါးကားတိုင်၌ ဒဏ်ရိုက်ခဲ့သည်ဟု ငါတို့မှတ်လျှင် ကျမ်းစာလာ အပြစ်သားများကို စီရင်ပုံခပ်သိမ်းသည် ဘုရားက ၎င်းတို့ကို ဒဏ်ရိုက်သည်ဟု မှတ်ရတော့ပေမည်။ ကမ္ဘာကြီးရေလွှမ်းမိုးသည့်ဖြစ်စဉ်ကို ဂရုတစိုက်လေ့လာကြအံ့။

ပုဂ္ဂိုလ်တစ်ဦးသည် ကုန်တိုက်သို့သွားပြီး ပိုင်ရှင်အား ၎င်း၏လုပ်ငန်းတွင် စုတ်ဝင်မည် သတင်းပေးအံ့။ "သင့်လုပ်ငန်းနှင့် သင့်မိသားစုအပေါ် အန္တရာယ်ကျမည်" ဆိုအံ့။ "ငါတို့၏ အကွယ်အကာတွင်မနေလျှင် ဘယ်အရာကမျှ တားဆီးနိုင်မည်မဟုတ်၊ အမှန်တကယ် လွတ်မြောက်လိုသူများအတွက် ငါတို့ သဘော်စီစဉ်ထား၏" ဟု ဆက်အံ့။ ထိုအန္တရာယ်မှ လွတ်နိုင်ရန် ဆိုင်ပိုင်ရှင်ကို တင်ကြိုသတိပေးရန်လာခြင်းဖြစ်ကြောင်း ပြောအံ့။ ထိုသူ၏ အကူအညီကို လက်ခံခြင်းဖြင့် ၎င်းသည် ထိုအကူအညီကို လက်မခံသူများ ကြုံရမည့် အန္တရာယ်မှ လွတ်မည်ဖြစ်၏။ ဆိုင်ရှင်အား ၎င်း၏သတင်းပေးမှုကို လက်ခံရန်နားချ၏။ "သင်နှင့် သင့်မိသားစုအပေါ် အန္တရာယ်မကျစေလိုပါ။ အန္တရာယ်ကျခဲ့လျှင် ငါတို့ အလွန် ဝမ်းနည်းရပါမည်။" ထို့ကြောင့် ထိုပုဂ္ဂိုလ်က ၎င်း၏ကွယ်ကာစောင်မ,မှုကို လက်ခံရန် ဆိုင်ပိုင်ရှင်အား တိုက်တွန်း၏။

အကယ်၍ ထိုပုဂ္ဂိုလ်သည် ၎င်းနှင့်မဆိုင်သည့် အဖွဲ့၏အန္တရာယ်မှ ကာကွယ်ပေးခြင်းဖြစ်လျှင် ၎င်းသည် လုံခြုံရေးဗန်းပြ ဒုစရိုက်ဖြစ်၏။ ၎င်း၏အဖွဲ့မှမြစ်ဖျားခံမည့် အန္တရာယ်ကို ကာကွယ်ပေးလျှင် ခြောက်လှန့်မှုမြောက်၏။ ဤအဖြစ်သည် လူတစ်ဦး၏ အရွေတ္တကို ခြောက်လှန့်မှုဖြင့် ဖိအားပေးခြင်းဖြစ်၏။

လာဘ်ပေးမည့်သူသည် ကရုဏာကိုငြင်းဆန်သူများကို စုတ်ပေးမည့်သူဖြစ်နိုင်သလော။

ကျမ်းစာလာ ကမ္ဘာကြီးရေလွှမ်းမိုးခြင်းအကြောင်းသည် ခြောက်လှန့်မှုလော။ ဘုရားသခင် သည် ၎င်း၏သတိပေးချက်ကို နာခံသူများကို ကာကွယ်၊ မနာခံသူများကို သတ်သလော။

"ထိုအခါ ဘုရားသခင်သည်၊ နောအား မိန့်တော်မူသည်ကား၊ သတ္တဝါအပေါင်းတို့ ၏အဆုံးသည် ငါ့မျက်မှောက်တွင် ပေါ်လာပြီ။ သူတို့ကြောင့် မြေကြီးသည် အဓမ္မမှု နှင့်ပြည့်စုံလေ၏။ အကယ်စင်စစ် မြေကြီးနှင့်တကွ သူတို့ကို ငါဖျက်ဆီး [H7843] မည်။ (၁၄) ဂေါဖရသစ်သားဖြင့် သင်္ဘောကို ကိုယ်ဘို့ တည်လုပ်လော့။ အထဲ၌ လည်း အခန်းများကို လုပ်လော့။ အတွင်း၊ ပြင်၊ ပတ်လည်ကို ထင်းရှူးစေးနှင့် သုတ်လော့။" - ကမ္ဘာဦးကျမ်း ၆:၁၃၊ ၁၄

ကမ္ဘာကြီးသည် ဆိုးသွမ်းမှုနှင့် ပြည့်နှက်၏ဟု ကျမ်းစာ၌လာ၏။ ထိုအကြောင်းခံတရားသည် ၎င်းတို့ကို ဖျက်ဆီးထိုက်သလော။ ထိုသို့ ခြေကုတ်ယူလျှင် သူတော်ယောင် မဆန်ပေလော။

"ဖျက်ဆီး" ကို ဟေဗြဲပါဠိ၌ကြည့်လျှင်။ ။

H7843: စကားရင်း; ဆွေးမြွေရန်၊ ဆိုလိုသည်မှာ (ကာရိုက်ကြိယာအရ) ပျက်စီးသည် (တိုက်ရိုက်ယူ (သို့) ဥပမာ): — ထုနှက်သည်၊ ဖြုတ်သည်၊ ခြစား (လူ/ပစ္စည်း)၊ ဖျက်ဆီး (သူ/ ခြင်း)၊ ဆုံးရှုံးသည်၊ ရုပ်ပျက်စေသည်၊ တစ်စစီဖြစ်၊ ဖျက်သူ၊ လုံးလုံးပျက်စီး၊ ဖြုန်း (သူ)။

အငယ် (၁၃) မတိုင်မီများတွင် အနှီဝေါဟာရကိုပင် သုံးခဲ့၏။

"ထိုအခါ မြေကြီးသည် ဘုရားသခင့်ရှေ့မှာ ပုပ်စပ်[H7843]လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏။ (၁၂) ဘုရားသခင်သည် မြေကြီးကို ကြည့်ရှုသောခါ၊ ပုပ်စပ်[H7843]လျက်ရှိသည်ကို မြင်တော်မူ၏။ အကြောင်းမူကား

မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖောက်ပြန်[H7843]ခြင်းသို့ ရောက်ကြပြီ။”
- ကမ္ဘာဦးကျမ်း ၆:၁၁၊ ၁၂

ကမ္ဘာဦးကျမ်း ၆:၁၃ ၌ သုံးသည့် ဟေဗြဲပါဠိကို ဘာသာပြန်သူများ သုံးခဲ့သည်အတိုင်း “ဖျက်ဆီး” ဟု သုံးလျှင် အောက်ပါအတိုင်း ဖြစ်လာပေမည်။ ။

“ထိုအခါ မြေကြီးသည် ဘုရားသခင့်ရှေ့မှာ *ပျက်စီး* လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏။ (၁၂) ဘုရားသခင်သည် မြေကြီးကိုကြည့်ရှုသောခါ၊ *ပျက်စီး* လျက်ရှိသည်ကို မြင်တော်မူ၏။ အကြောင်းမူကား မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ၎င်းတို့၏လမ်းကို *ဖျက်ဆီး* ကြ၏။” - ကမ္ဘာဦးကျမ်း ၆:၁၁၊ ၁၂

ကမ္ဘာကြီးသည် ပျက်စီးပြီးသားဟုမှတ်ရခြင်းမှာ ပုထုဇဉ်တို့၏ ကြံစည်မှုသည် ခြစား၊ ပျက်စီးကုန်ကြ၍ ဖြစ်၏။ လူသည် ရမ်းကားလာတော့၏။ ထိုကာလတွင် ကမ္ဘာကြီးသည် မာရ်နတ်၏စရိုက်ကို အပြန်မရှိပြကုန်၏။ သမ္မာကျမ်းစာတော်မြတ်က အနီရမ်းကားမှု၏ ရင်းမြစ်ကို ပြတော်မူ၏။ ။

“သို့ရာတွင်၊ ကုန်သွယ်ခြင်း များပြားသောအားဖြင့်၊ အဓမ္မအမှုတို့နှင့် ပြည့်စုံ၍ ပြစ်မှားသေ အပြစ်ရောက်လေပြီ။” - ယေဇကျေလ ၂၈:၁၆

အနီသည် သမ္မာကျမ်းလာ အဓမ္မမှုမကျင့်သူ ခရစ်တော်ဘုရားနှင့် လားလားကွာခြား၏။

“**ပြစ်မှားခြင်းကို မပြု။** သူ၏နှုတ်၌ မုသာမရှိ သော်လည်း၊ လူဆိုးတို့နှင့်အတူ မြေမြှုပ်ခြင်းငှာ စီရင်ကြ၏။ သို့ရာတွင် သေပြီးမှ သူဌေး၌ ရှိ၏။” - ဟေရှာယ ၅၃:၉

ဆာလံဆရာလည်း ခရစ်တော့်အကြောင်း အောက်ပါအတိုင်း ဆို၏။

“သူသည် သူတို့၏အသက်ကို ဖိနှိပ်ခြယ်လှယ်ခြင်းနှင့် ရက်စက်ကြမ်းကြုတ်ခြင်း တို့ထဲမှ ရွေးနုတ်တော်မူလိမ့်မည်။ အကြောင်းမူကား သူတို့၏သွေးသည် သူ၏ အမြင်၌ တန်ဖိုးရှိ၏။” - ဆာလံကျမ်း ၇၂:၁၄

ထို့ကြောင့် ဘုရားသားတော်သည် အကုသိုလ်မလုပ်။ ၎င်းက ရွေးနုတ်ခဲ့သူများကိုလည်း အကုသိုလ်မလုပ်ရန် ဟန့်၏။ အကုသိုလ် အပြုမခံရရန်လည်း စောင်မ၏။ စာတန်သည် အကုသိုလ်တရားဖြင့်ပြည့်ကာ ကမ္ဘာကြီးကိုလည်း အကုသိုလ်တရားဖြင့်ပြည့်ရန် ပဒေသာ စိုက်ခဲ့၏။ အနီဘဥ်ဆိုးရှိစေရန် မည်သည့်ကြောင်းတရားက စာတန်ကို တွန်းပို့သနည်း။

> "တစ်ဖန် သားဦးကို ဤကမ္ဘာလောကထဲသို့ ခေါ်ဆောင်လာသောအခါ 'ဘုရားသခင်၏ကောင်းကင်တမန်အပေါင်းတို့သည် ထိုအရှင်ကို ရှိခိုးရမည်' ဟု မိန့်တော်မူ၏။" - ဟေဗြဲဩဝါဒစာ ၁:၆

> "တစ်ဖန် မာရ်နတ်သည် ကိုယ်တော်ကို အလွန်မြင့်မားသောတောင်ပေါ်သို့ ခေါ်ဆောင်သွား၍ လောကီနိုင်ငံအားလုံးနှင့် ၎င်းတို့၏ဘုန်းစည်းစိမ်တို့ကိုညွှန်ပြကာ (၉) 'သင်သည် ပျပ်ဝပ်လျက် ငါ့ကိုရှိခိုးလျှင် ဤအရာအားလုံးတို့ကို သင့်အား ငါပေးမည်' ဟု လျှောက်လေ၏။" - ရှင်မဿဲခရစ်ဝင် ၄:၈၊ ၉

မာရ်နတ်သည် ယေရှုဘုရားကို မစ္ဆရိယချည်နှောင်၏။ ၎င်းသည် ခရစ်တော်ဘုရားနှင့် အလားတူ ကိုးကွယ်ခြင်းကို ခံလို၏။ သို့သော် သတ္တုချရလျှင် မာရ်နတ်သည် အဖန်ဆင်းခံ ဖြစ်ပြီး ခရစ်တော်ဘုရားသည် ဘုရား၏သားတော် ဖန်ဆင်းရှင်တည်း။ အခြေမတူမှုသည် ကမ္ဘာအသင်္ချေဝေး၏။ သို့တိုင်လည်း မာရ်နတ်သည် ခရစ်တော်ဘုရား၏ ရာထူးကို တပ်မက်အဘိဇ္ဈာဝင်၏။ ခရစ်တော်ဘုရားကို ခါးသီးရခြင်းသည် အနီတပ်မက်ခြင်းမှစ၏။ အနီက အကုသိုလ်မျိုးစေ့ ချခဲ့၏။ ခရစ်တော်ဘုရားအပေါ် စာတန်၏ အမုန်းသည် ကြီးမား လွန်းရကား ပကဒူးကပင် ဘုရားသားတော်ကို သတ်ရန် ကြံခဲ့၏။ လက်ဝါးကားတိုင်ပေါ်၌ ခရစ်တော်ဘုရား စတေးခံမှုက ဤသတ္တကမ္ဘာကြီးကို မဖန်ဆင်းမီကပင်ရှိခဲ့သည့် မာရ် နတ်၏ ကလိမ်ဉာဏ်အမုန်းကို စကြဝဠာသို့ချပြ၏။

"သင်တို့သည် သင်တို့၏အဖမာရ်နတ်နှင့်စပ်ဆိုင်ကြပြီး သင်တို့အဖ၏ဆန္ဒအတိုင်း ပြုလိုကြ၏။ **မာရ်နတ်သည် အစအဦးကပင် လူသတ်သမားဖြစ်၏။** သူ၌သမ္မာ တရားမရှိသောကြောင့် သမ္မာတရား၌မရပ်တည်..." - ရှင်ယောဟန်ခရစ်ဝင် ၈:၄၄

စာတန်အကြီးသည် ၎င်း၏ကြမ်းကြုတ်မှုကို မီးမွှေးပေး၏။ အာဒံ၊ ဧဝတို့ အပြစ်သင့်ကြသည့်အခါ စာတန်၏ဗီဇနှင့် တူလာကြတော့၏။ ၎င်းတို့ထံတွင်ရှိခဲ့သည့် ခရစ်တော်ဘုရား၏ ဝိညာဉ်သည် မှိန်ကြတော့၏။ ပုထုဇဉ်ကို အသက်ထောက်ပေးနေသည်မှာ ခရစ်တော်ဘုရား၏ ဝိညာဉ်ဖြစ်၏။ ခရစ်တော်ဘုရားသည် ဤကမ္ဘာရှိ ပုထုဇဉ်အားလုံးထံ လာ၍အလင်းပြသည့် အလင်းရှင်ဖြစ်၏ - ယောဟန် ၁:၉။ ခရစ်တော်ဘုရားသည် အာဒံ အား လုံးလုံးပယ်ချာလကန်ပြုခဲ့လျှင် အနိစ္စရောက်မည်ဖြစ်၏။ အာဒံ့သန္တာန်တွင်းရှိ ခရစ် တော်၏ ဝိညာဉ်သည် ကြေမွပြား ထိုအဖြစ်က ၎င်းကိုစိတ်နာစေပြီး ကျောမခိုင်းခဲ့ပါ။ ခရစ်တော်ဘုရား၏ ဆက်လက်အနွံအတာခံမှုဖြင့် ကျောက်တော်ကြီးမှ အသက်စမ်းရေ ထွက်ပြီး အာဒံအား အသက်ထောက်ပေး၏။ ထို့ကြောင့် ရှင်ပေါလုက အောက်ပါအတိုင်း ဆို၏။ ။

"ယေရှု၏ အသက်ရှင်တော်မူခြင်းသည် ငါတို့၏ကိုယ်ခန္ဓာ၌ ထင်ရှားမည့်အကြောင်း **ယေရှု၏အသေခံတော်မူခြင်း**ကို ငါတို့ကိုယ်ခန္ဓာ၌ အစဉ်ဆောင်ထားကြ၏။" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၄:၁၀

"**ရွေ့လျော့ဖောက်ပြန်သောသူတို့သည် ဘုရားသခင်၏သားတော်ကို သူတို့ကိုယ်တိုင် လက်ဝါးကပ်တိုင်ပေါ်၌ပြန်တင်၍ အရှက်ကွဲစေ**သောသူများ ဖြစ်ကြသောကြောင့် သူတို့ကို အသစ်တစ်ဖန်နောင်တရခြင်းသို့မရောက်စေနိုင်ရာ။" - ဟေဗြဲ ဩဝါဒစာ ၆:၆

အာဒံ၊ ဧဝတို့ကို ဘုရားသခင်အတိုင်း တစ်သဏ္ဌာန်တည်း ဖန်ဆင်းထား၏။ မာရ်နတ်လည်း ထိုသဏ္ဌာန်ကိုမုန်းပြီး အမဲဖျက်ရန်ကြံ၏။ ပုထုဇဉ်အချင်းချင်း ဇာတ်တူသား

စားကြခြင်းသည် ခရစ်တော်ဘုရားကို မုန်းသည့်မာရ်နတ်၏ဓာတ်ခံ ပြခြင်းဖြစ်၏။ ဤအကြောင်း လက်ခံရခက်ပေမည်။ သို့ပြား သမ္မာကျမ်းစာ၌ ဤသို့ပင်လာ၏။ ဤသဘောတရားကို လက်ခံနိုင်သည့်အခါ သမ္မာကျမ်းစာလာ အစမ္မမှုများကို ငါတို့မှတ်ခဲ့ပုံများ ပြောင်းကုန်ပါမည်။ မာရ်နတ်သည် ပုထုဇဉ်အချင်းချင်း ဇာတ်တူသား စားစေခြင်းဖြင့် ခရစ်တော်ကိုထိုးနှက်ရန် လမ်းရှာကြောင်း သင် သိနားလည်သည့်အခါ ဇာတ်တူသား စားကြခြင်းသည် မိုက်မဲကြောင်း သင်တွေ့ပေမည်။

> "ငါ၏ဤညီအစ်ကိုတို့တွင် အငယ်ဆုံးသောသူတို့ထဲမှ တစ်ဦးတစ်ယောက်အား သင်တို့ပြုခဲ့သမျှသည် ငါ့ကိုပြုခဲ့ခြင်း ဖြစ်၏။" - ရှင်မဿဲခရစ်ဝင် ၂၅:၄၀

အနှီသည် အရေးပါသည့်အချက်ဖြစ်၏။ အစမ္မခပ်သိမ်းသည် သားတော်ကို မုန်းခြင်း၊ ဝန်တိုခြင်းများက မီးမွှေးပေး၏။ တစ်ဦးချင်းက ကြောင်းကျိုးရင်းမြစ်ကို နားမလည်သည့် တိုင် မိမိကိုယ်ကိုသတ်သေသည့် ဥပေစ္ဆာဒကကံသည် ခရစ်တော်ဘုရားကို မုန်းတီးခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်၏။ မိမိပတ်ဝန်းကျင်ကိုမုန်းခြင်း၊ ရန်သူနှင့်မိမိကိုယ်ကိုပင် အကြမ်း ဖက်မှုသည် ခရစ်တော်အပေါ်ထားရှိသည့် မာရ်နတ်၏အမုန်းစိတ်က မီးမွှေးခြင်းကြောင့် ဖြစ်၏။ အနှီသည် အစမ္မပြုခြင်း၊ မုန်းတီးခြင်းခပ်သိမ်း၏ မူလအစဖြစ်၏။

ကမ္ဘာဦးကျမ်း အခန်းကြီး (၆) လာ အစမ္မခပ်သိမ်းသည် ခရစ်တော်အပေါ် မာရ်နတ်၏ အမုန်းတရားများ ပုထုဇဉ်များဖြင့် ပြခြင်းဖြစ်၏။ ခရစ်တော်ဘုရားသည် တစ်ခုတည်းသော အသက်ရင်းမြစ်ဖြစ်သောကြောင့် ၎င်းကို မုန်းခြင်းခပ်သိမ်း၏ ရလာဒ်ကား ပျက်စီးခြင်းဖြစ်၏။

လူ့စိတ်အတွင်းရှိ အစမ္မတရားသည် ဧဒင်ဥယျာဉ်အတွင်း သိုးငယ် ပထမဆုံး သေခဲ့ချိန်၌ မြင်နိုင်၏။ အနှီအဟိတ်တိရစ္ဆာန်ကို သတ်ရခြင်းသည် အာဒံ့အစမ္မဓာတ်ခံကိုပြ၏။

ဘုရား သခင်သည် အနီယဇ်ဖြင့် အာဒံ့အတွင်းရှိမျိုးစေ့ကို ရောင်ပြန်ဟပ်ပြ၏။ အနီမျိုးစေ့သည် ကာဣနက ညီတော်အာဗေလကို သတ်ခဲ့ချိန်သည်တွင် ဖူးပေါ် ခဲ့၏။

ပုထုဇဉ်တစ်ဦး အသက်ဆက်ရှင်ရန်မှာ ခရစ်တော်ဘုရားက အသက်ဆက်လက် ထောက်ပေးမှ ဖြစ်နိုင်ပါမည်။ ထို့ကြောင့် ခရစ်တော်ဘုရားသည် ကမ္ဘာကြီးစတည်ချိန်မှ စတေးခံခဲ့ ရသည့် သိုးသငယ်ဟု ဆိုရခြင်းဖြစ်၏ - ဗျာဒိတ် ၁၃:၈။ ခရစ်တော်ဘုရားသည် ပကဒူး ကပင် ငါတို့၏ အပြစ်များကြောင့် အနာတရရခဲ့၏။ ၎င်းသည် အပြစ်စသင့်ချိန်မှစပြီး ဒဏ်ကြေခဲ့ရ၏။ လူသားများ အသက်ရနိုင်ရေး ခရစ်တော်ဘုရားသည် စာတန့်မှိုင်းမိသည့် ပုထုဇဉ်တိုင်း၏ အမုန်းဒဏ်များကို ဆက်၍ခံနေ၏။

> "**အမှုရောက်လေရာရာ၌ သူလည်းခံရ၏။** ရှေ့တော်မှ စေလွှတ်သော ကောင်းကင် တမန်သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော်ရှိသည်အတိုင်း ရွေးနုတ်တော် မူ၏။ **ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။**" - ဟေရှာယ ၆၃:၉

ထိုအတွေးများက ခရစ်တော်၏ ကားတိုင်အကြောင်း၊ အကုသိုလ်တရားများအကြောင်း၊ ဘုရားသခင်၏ သိက္ခာတော်အကြောင်းများကို အမြင်ပြောင်းစေ၏။ ပုဂ္ဂိုလ်တစ်ဦး အနှက် ခံ၊ အစမ္မပြုခံ၊ အသတ်ခံရခြင်းတိုင်းသည် စာတန်က ခရစ်တော်အပေါ် ပြုလိုသည့် အ ထောက်အထားများဖြစ်၏။ ကိလေသာခေါ်ရာနောက် ကောက်ကောက်ပါခြင်းများသည် မိမိဖြစ်စေ သူတစ်ပါးကိုဖြစ်စေ ဘယနှင့်မရဏာကို ပေးခြင်းဖြစ်ပြီး ခရစ်တော်ကို တစ်ဆုံး နာကျင်စေမှုများသည် မာရ်နတ်၏ အစွန်းရောက်မှုများဖြစ်၏။ အနီသည် ဉာဏ်မမီနိုင် အောင် ရက်စက်သည့် အမုန်းတရားဖြစ်၏။

လက်ဝါးကားတိုင်၏လက်တံသည် စကြဝဠာ၌ အပြစ်စဝင်ချိန်မှ ယနေ့ခေတ်အထိ ရှည်၏။ ဘုရားသခင်နှင့် လက်ဝါးကားတိုင်၌ ဖြေရှင်းမှုပြုသူတိုင်းသည် ၎င်း၏ကိုယ်တွင် ကိန်းသည့်အသက်နှင့် ခရစ်တော်ထံမှလာသည့်အသက်တို့ တိုက်နေကြ၏။ အနီးသည် မိမိကိုယ်ကို ကိန်းကြေစေသည့် သော့ချက်ဖြစ်၏။ အနီးသည် ခရစ်တော်ကို စစ်ပြုသည့် စာတန့်တိုက်စစ်ဖြစ်၏။ ယခုတွင် အောက်တွင်လာသည့် ကြည့်မှန်ကို ရှုကြအံ့။

> "ဘုရားသခင်၏အမျက်တော်သည် ကောင်းကင်မှထင်ရှားလျက် သမ္မာတရားကို မတရားမှုဖြင့် တားဆီးပိတ်ပင်သောသူတို့၏ ဘုရားတရားမဲ့ခြင်းနှင့် မတရားမှု အလုံးစုံတို့အပေါ်သို့ သက်ရောက်၏။ (၁၉) အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် မိမိနှင့်ပတ်သက်၍ သိအပ်သောအရာတို့ကို သူတို့အားထင်ရှားစေတော်မူပြီ ဖြစ်၍ ထိုအရာတို့သည် သူတို့၌ ထင်ရှားလျက်ရှိ၏။" - ရောမသြဝါဒစာ ၁:၁၈၊ ၁၉

"အမျက်တော်" သည် ဂရိပါဌ်၌ "ဆန္ဒ" ဟူသည့်အဓိပ္ပာယ်ရှိကာ ပင်ရင်းအဓိပ္ပာယ်ကား "ပြီးနောက်မှလက်လှမ်းသည်"။ ၎င်းကို "အမျက်၊" "ဒေါသ" ဟုလည်း ပြန်နိုင်၏။ "against" သည် "အထက် (သို့) အပေါ်" "အပေါ်ရောက်လုရောက်ခင်" "ထံသို့" ဟူ၍ ပြန်နိုင်၏။ ဤကျမ်းချက်ကို ထိုသုံးသပ်ချက်ဖြင့် အနက်ပြန်ကြမည်ဖြစ်ပြီး တစ်ချက်မှတ်ရဦးမည်မှာ ယေရှုဘုရားက ငါသည် အမှန်တရား ဟုဆိုခြင်းဖြစ်၏ - ရှင်ယောဟန် ၁၄:၆။ ထို့ကြောင့် အမှန်တရားကို ဖိနှိပ်ချုပ်နှိမ်ခြင်းသည် ခရစ်တော်ဘုရားကို ဖိနှိပ်ချုပ်နှိမ်ခြင်း ဖြစ်ကြောင်း သတိချပ်ပါ။

> "ဘုရားသခင်၏***ဆန္ဒ*** သည် ကောင်းကင်မှထင်ရှားလျက် ***ခရစ်တော်*** ကို မတရားမှုဖြင့် တားဆီးပိတ်ပင်သောသူတို့၏ ဘုရားတရားမဲ့ခြင်းနှင့် မတရားမှုအလုံးစုံတို့ ***အပေါ်(သို့)ထံ*** သက်ရောက်၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် မိမိနှင့် ပတ်သက်၍ သိအပ်သောအရာတို့ကို

သူတို့အားထင်ရှားစေတော်မူပြီဖြစ်၍ ထို အရာတို့သည် သူတို့၌ ထင်ရှားလျက်ရှိ၏။" - ရောမဩဝါဒစာ ၁:၁၈-၁၉ *ပြင်ဆင်*

ဘုရားသခင်သည် သားတော်၏ စိတ်မျိုးကို ငါတို့သန္တာန်၌ကိန်းရန် နေ့စဉ်ပို့လွှတ်နေ၏။ အချို့က နားတစ်ဖက်မှဝင်ပြီး အခြားတစ်ဖက်မှထွက်၏။ တစ်ချို့ကလည်း အပဲ့ပြင်မခံဘဲ ထိုစိတ်မျိုး ပိုင်ကြသူများကို နှိပ်ကွပ်ကြ၏။ ခရစ်တော်ဘုရားသည် ဤကမ္ဘာပေါ်ရှိ ပုထု ဇဉ်တိုင်း၏ အပယ်ခံဖြစ်ရ၏။ <u>ယနေ့တွင်</u> ခရစ်တော်သည် ကမ္ဘာ့အပူသည်ကြီး ဖြစ်ရ၏။ ခရစ်တော်ဘုရားသည် နေ့စဉ် ၎င်းကိုယ်ကို ငြင်းပယ်၊ ဒုက္ခထမ်းကာ ၎င်း၏အသက်ကို ငါတို့အတွက် လှူတော်မူ၏။ အနီအဖြစ်၌ ငါတို့အတွက်ထားရှိသည့် ဘုရားသခင်၏ မုဒိတာကို မြင်နိုင်၏။ ဘုရားသခင်သည် ငါတို့ကို နေ့စဉ်ရက်ဆက်နားချပြား အများစုက ထိုသိစိတ်ကို ချိုးနှိမ်ကြ၊ အသံတိမ်မြုပ်စေကြ၏။

ပုထုဇဉ်တို့၏ ဗီဇဆိုးကြီးက ဘုရားသခင်ကို ၎င်းတို့၏စိတ်နှင့်နှိုင်းကြ၏။ ၎င်း၏မေတ္တာကို ငြင်းပယ်ကြပြီး ဘုရားသခင်ကို အဓမ္မပုဂ္ဂိုလ်ဟု ဆိုကြ၏။ ပုထုဇဉ်တို့၏ ဓာတ်သွေးများကို ဘုရားအပေါ်တင်ကာ ခရစ်တော်ဘုရားကို ဘုရားကရိုက်သည်ဟု ဆိုကြ၏။ အမှန် တွင် ခရစ်တော်ဘုရားသည် ဘုရား၏အမျက်ကြောင့်မဟုတ်ဘဲ ငါတို့၏အပြစ်များကြောင့် အနာရ၏။ ၎င်းကိုဆည်းကပ်ပါသည် ဆိုသူများကို ဘုရားက မည်သို့မိန့်သနည်း။

> "အစ္စရေးလူမျိုးနှင့်ပတ်သက်၍မူကား 'နာခံခြင်းမရှိ၊ ဆန့်ကျင်ပုန်ကန်တတ်သော လူမျိုးထံသို့ တစ်နေ့လုံး ငါ့လက်ကို ကမ်းလျက်နေခဲ့၏' ဟု ဆို၏။" - ရောမဩဝါဒ စာ ၁၀:၂၁

ငါတို့သည် လက်ဝါးကားတိုင်ဖက်မှ ရှုတတ်လျှင် ရေလွှမ်းမိုးခြင်း၊ သောဒုံနှင့် ဂေါမောရမြို့ မီးလောင်ရခြင်း၊ ယေရုရှလင်မြို့ ကျဆုံးရခြင်း၊ ကမ္ဘာကြီး

ကုန်ဆုံးရခြင်းစသည့် ထိတ်လန့် ဖွယ်အကြောင်းများကို နားလည်ပေးနိုင်မည်ဖြစ်၏။ ခရစ်တော်အပေါ် စာတန်ထားရှိသည့် အမုန်းတရားကို ပုထုဇဉ်တိုင်းကို သေစေချင်သည့်အကြောင်း၌ မြင်နိုင်၏။ အကြောင်းမှာ ပုထုဇဉ်တိုင်းအား ခရစ်တော်ဘုရားသည် အသက်ပေးခဲ့ခြင်းကြောင့် ... ။ လူတိုင်းသည် ထာဝရအသက်ကို ရရှိနိုင်ကြမည့်အကြောင်း ခရစ်တော်သည် ၎င်း၏ အသက်ကို လှူလို လှ၏။ ကိလေသာမင်းမူရာအရပ်၌ ခရစ်တော်မစံနိုင်။ သို့သော် ကားတိုင်ပေါ်၌ စတေးခံ စဉ်က ၎င်း၏ရင်ခွင်မှ သွေးရည်ကြည်စီးဆင်းခဲ့သကဲ့သို့ ၎င်း၏ အဖိခံဆန္ဒသည် ပုထုဇဉ်ကို အသက်ရှင်နိုင်ရန် အစွမ်းတန်ခိုးပေး၏။

> "သမ္မာသတိရှိလျက် နိုးကြားစွာစောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည် ဟောက်သောခြင်္သေ့ကဲ့သို့ ဝါးမျိုရမည့်သူကို လှည့်လည်ရှာဖွေ လျက်ရှိ၏။" - ရှင်ပေတရုဩဝါဒစာပထမစောင် ၅:၈

အခန်း (၁၃) ၌ ပုထုဇဉ်တို့၏ဓာတ်ခံက ကမ္ဘာကြီးကို မည်သို့အကျိုးပေးကြောင်း နှီးနှော ပြီး ဖြစ်၏။ လူသားများက ခရစ်တော်ဘုရားကို ချိုးနှိမ်ကာ ခရစ်တော်ဘုရားအပေါ် ထားရှိ သည့် စာတန့်အမုန်းတရားများကို ဇာတ်တူသားစားခြင်းများဖြင့် ပြကြသည့်အခါ သဘာဝ လောကသည် ပြန်၍အကျိုးပြ၏။ ခရစ်တော်၏ ပဲ့ပြင်သံကို ၎င်းတို့၏သန္တာန်၌ တိမ်မြုပ် စေသည့်အခါ သဘာဝလောကသည် လူသားများကို ဒဏ်ခတ်၏။ ဘုရားသခင်လည်း လောကကြီး၏ ဆိုးသွမ်းမှုကိုရှုသည့်အခါ တန်ပြီဖြစ်ကြောင်း ပြတော်မူ၏။

> "ထာဝရဘုရား**ကလည်း ငါ့ဝိညာဉ်သည် လူတို့တွင် အစဉ်မဆုံးမရ။** အကြောင်း မူကား လူတို့သည်အသားဖြစ်၏။ သူ၏အသက်တန်းသည်လည်း၊ အနှစ်တစ်ရာ နှစ်ဆယ်ဖြစ်စေဟု မိန့်တော်မူ၏။" - ကမ္ဘာဦးကျမ်း ၆:၃

ကန့်သတ်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်က လူသားများကိုကယ်ရန် နားချသည့် ကာလကို ဆိုလို၏။ လမ်းမှားသူများကို ဝိညာဉ်တော်သည် နေ့စဉ်ရက်ဆက် နားချ၏။ သို့သော် ပုထုဇဉ်များက မည်သို့တုံ့ပြန်ကြောင်းကို အောက်ပါအတိုင်းတွေ့ရ၏။

> "ဘုရားသခင်၏အမျက်တော်[ဆန္ဒ]သည် ကောင်းကင်မှထင်ရှားလျက် သမ္မာတရား[ခရစ်တော်]ကို မတရားမှုဖြင့်တားဆီးပိတ်ပင်[ဖိနှိပ်]သောသူတို့၏ ဘုရားတရားမဲ့ခြင်း နှင့်မတရားမှုအလုံးစုံတို့အပေါ်(သို့)ထံ သက်ရောက်၏။" - ရောမ ဩဝါဒစာ ၁:၁၈

ရေမလွှမ်းမိုးမီကာလရှိ ပုထုဇဉ်များသည် နားချသည့်အသံတော်ကို တိမ်မြုပ်စေကြ၏။ ၎င်းတို့သည် ထိုပဲ့ပြင်သံကို နေ့စဉ်ငြင်းပယ်ပြီး ဆိုးမြဲဆိုးနေကြ၏။ ထိုသို့ ပြုမူကြခြင်းများ သည် ခရစ်တော်ဘုရားကို ရေနှစ်သတ်သည်နှင့် ပမာဆင်၏။ ၎င်း၏လုပ်ဆောင်မှုသည် တစ်နေ့ပြီးတစ်နေ့ အရာမထင်ဖြစ်ကာ ခရစ်တော်သည် လောင်းရိပ်မိသည်ဟု အခါခါ ခံစားခဲ့ရ၏။

> "သူတို့သည်လည်း ပုန်ကန်၍၊ သန့်ရှင်းသော ဝိညာဉ်တော်ကို နာစေကြ၏။ ထို့ကြောင့်၊ သူတို့ကို ရန်ဘက်ပြု၍ စစ်တိုက်တော်မူ၏။" - ဟေရှာယ ၆၃:၁၀

ပုထုဇဉ်များပျက်စီးရန် နီးလာလေလေ ခရစ်တော်ဘုရား၏ တရားပြမှုသည် ကြားရလေလေဖြစ်ပြီး ၎င်း၏အသံသည် ရန်သူ့အသံပမာ ဖြစ်လာတော့၏။ ၎င်း၏တရားပြမှုကို ဆန့်ကျင်သူများ၏ ပြက်ရယ်အပြုခံ၊ အမုန်းခံရ၏။

> "အကျွန်ုပ်၏ စိတ်ဝိညာဉ်သည်လည်း အလွန်ထိတ်လန့်နေပါ၏။ အိုထာဝရဘုရား၊ မည်မျှကြာပါမည်နည်း။ (၄) အိုထာဝရဘုရား၊ တစ်ဖန်ကြွလာ၍ အကျွန်ုပ်၏စိတ်ဝိညာဉ်ကို ကယ်မတော်မူပါ။ ကိုယ်တော်၏ မေတ္တာကရုဏာတော်ကို ထောက်၍ အကျွန်ုပ်ကို ကယ်တင်တော်မူပါ။ (၅) အကြောင်းမူကား သေခြင်းထဲတွင် ကိုယ်တော်ကိုအောက်မေ့ခြင်းမရှိပါ။ မရဏာနိုင်ငံတွင် ကိုယ်တော်ကို

မည်သူ ချီးမွမ်းပါမည်နည်း။ (၆) အကျွန်ုပ်သည် ညည်းတွားရသဖြင့်ပင်ပန်းလှပါ၏။ ညစဉ် ညတိုင်း အကျွန်ုပ်၏မျက်ရည်များဖြင့် အကျွန်ုပ်၏ညောင်စောင်းသည် အိုင်ထွန်း၍ အကျွန်ုပ်၏ခုတင်သည်စိုရွှဲလျက်ရှိပါ၏။ (၇) အကျွန်ုပ်၏မျက်စိသည် ပူဆွေးခြင်း ကြောင့်အားယုတ်၍ အကျွန်ုပ်၏ရန်သူအပေါင်းတို့ကြောင့် မှုန်ဝါးသွားပါ၏။ (၈) အပြစ်ဒုစရိုက်ပြုသောသူအပေါင်းတို့၊ ငါ့ထံမှထွက်သွားကြလော့။ အကြောင်းမူ ကား **ထာဝရဘုရားသည်** ငါ၏ငိုကြွေးသံကိုကြားတော်မူပြီ။" - ဆာလံကျမ်း ၆:၃-၈

ခရစ်တော်ဘုရား၏ အနှိပ်အတာခံမှုသည် ဖုံးဖိ၍မရပါ။ ပုထုဇဉ်တို့သည် ခရစ်တော်ဘုရား၏ ကားတိုင်တော်ကိုငြင်းလျှင် သက်မဲ့ကျောက်တုံးများက သက်သေခံကြမည်ဖြစ်၏။ ခရစ်တော်ဘုရားသည် ဖန်ဆင်းရှင်ဖြစ်သည်ကြောင့် သဘာဝလောကကြီးသည် ၎င်းတို့၏ ဖန်ဆင်းရှင်၏ အသေဲနာမှုကို ရောင်ပြန်ဟပ်ပြ၏။

"ဖန်ဆင်းခံလောကတစ်ခုလုံးသည် ယခုတိုင်အောင် အတူတကွညည်းတွားလျက် အတူတကွသားဖွားခြင်းဝေဒနာကို ခံစားလျက်ရှိကြောင်း ငါတို့သိကြ၏။" - ရောမ ဩဝါဒ စာ ၈:၂၂

ဆာလံသီချင်းများက သမ္မာကျမ်းစာကို ရေးခဲ့ကြသည့် ပုဂ္ဂိုလ်များ၏သန္တာန်တွင် ခရစ်တော်ဘုရား၏ ဝိညာဉ်တော်ကိန်းကြောင်း ဖေါ်ပြ၏။

"သင်တို့ခံစားရမည့်ကျေးဇူးတော်နှင့်ပတ်သက်၍ **ဟောပြောခဲ့သည့်ပရောဖက်တို့ သည် ထိုကယ်တင်ခြင်းအကြောင်းကို ရှာဖွေစူးစမ်းခဲ့ကြ၏။** (၁၁) **သူတို့အထဲ၌ ရှိသော ခရစ်တော်၏ဝိညာဉ်**တော်သည် ခရစ်တော်၏ဒုက္ခဝေဒနာများနှင့် ထို ဝေဒနာများ နောက်တွင်ဖြစ်လာမည့် ဘုန်းအသရေတို့အကြောင်းကို ကြိုတင် သက်သေခံသောအခါ မည်သူ၊

သို့မဟုတ် မည်သည့်အချိန်ကိုဆိုလိုကြောင်း သူတို့ စူးစမ်းလေ့လာကြ၏။" - ရှင်ပေတရုဩဝါဒစာပထမစောင် ၁:၁၀၊ ၁၁

ဆာလံ (၁၈) ၌ လက်ဝါးကားတိုင်ပေါ်၌ ခရစ်တော်ဘုရား၏ ဒုက္ခများကို ရေလွှမ်းမိုးခြင်း သာဓကဖြင့် ပြခဲ့၏။

"သေခြင်း၏နှောင်ကြိုးတို့သည် ငါ့ကိုရစ်ပတ်၍ ပျက်စီးခြင်းရေစီးကြောင်းသည် ငါ့ကိုကြောက်လန့်တုန်လှုပ်စေ၏။ (၅) မရဏာနိုင်ငံ၏နှောင်ကြိုးတို့သည် ငါ့ကို ပတ်စည်းထား၍ သေခြင်း၏ထောင်ချောက်တို့သည် ငါ့ကိုထိပ်တိုက် ရင်ဆိုင်ကြ၏။" - ဆာလံကျမ်း ၁၈:၄၊ ၅

အခြားဆာလံသီချင်းများက သောဒုံမြို့ ဂေါမောရမြို့ လူဆိုးများ၏ အန္တိမနိဂုံးအကြောင်း ကို ဝါးမြိုသောတေဇောမီးဖြင့် စပ်ဆိုပြား ဆာလံ (၁၈) က ရေလွှမ်းမိုးခြင်းနှင့်နွှယ်သည့် ဝေါဟာရကို သုံးခဲ့၏။ လမ်းမလိုက်သူများ ပြောင်းလည်းရန် ခရစ်တော်ဘုရား ကြိုးပမ်း သည့်အခါ ၎င်းသည်ထိုသူများ၏ တရားမဲ့စရိုက်များ၏ လွှမ်းမိုးခြင်းကိုခံရ၏။

"မြေကြီးပေါ်မှာ လူကိုဖန်ဆင်းတော်မူသည်ကို နောက်တရ၍၊ နှလုံးတော်ပူပန် လျက် ရှိတော်မူ၏။" - ကမ္ဘာဦးကျမ်း ၆:၆

ရေမလွှမ်းမိုးမီက ပုထုဇဉ်များသည် ခရစ်တော်ဘုရားကို ပြောင်ပြောင်တင်းတင်း အိုးမဲသုတ်ခဲ့ကြ၏။ ၎င်းတို့၏ အကုသိုလ်တရားများကြောင့် ၎င်းသည် ရင်နာကာ ရေမလွှမ်းမီ ဖက်ခြမ်းရှိ ကားတိုင်ပေါ်မှ ငါ ရေငတ်၏ ဟုဆိုစေ၏။ ဝိညာဉ်တော်သည် ပုထုဇဉ်တို့ အပေါ် အလုပ်မလုပ်တော့။ နှစ်ရာချီစောင့်ခဲ့ပြီးဖြစ်ကာ ခမည်းတော်ကလည်း ၎င်းတို့၏ ပိုင်းဖြတ်ချက်ကို လက်ခံတော့၏။

"ကာလအချိန်မစေ့မီ ဖျက်ဆီးခြင်း၊ ရေလွှမ်းမိုး၍၊ (၁၆) **အခြေအမြစ်ပယ်ရှင်းခြင်းကို ခံရသောသူတည်းဟူသော ဘုရားသခင်အား ငါတို့ထံမှ ထွက်သွားလော့**

ဟူ၍လည်းကောင်း၊ အနန္တတန်ခိုးရှင်သည် ငါ့တို့အဖို့ အဘယ်သို့ ပြုနိုင်သနည်း ဟူ၍လည်းကောင်း၊ (၁၇) ဆိုတတ်သော အဓမ္မလူတို့ လိုက်ဖူးသောလမ်းဟောင်း ကို သင်သည် လိုက်ဦးမည်လော။ (၁၈) **သို့ရာတွင် ဘုရားသခင်သည် သူတို့အိမ်ကို ကောင်းသောအရာနှင့် ပြည့်စေတော်မူ၏။** မတရားသောသူတို့၏ အကြံအစည် ကို ငါသည်ဝန်မခံ။" - ယောဘဝတ္ထု ၂၂:၁၅-၁၈

ခမည်းတော်သည် ပုထုဇဉ်တို့၏ ပေယျာလကန်ပြုခြင်းကို ခံရ၏။ သို့တိုင်လည်း ခရစ်တော်သည် ပုထုဇဉ်များနှင့်နေကာ ၎င်းတို့နှင့်အတူ ကူခံစားမည်ဖြစ်၏။ မဟုတ်လျှင် ၎င်းတို့သည် ပွဲချင်းပြီးကြမည်ဖြစ်ကာ ဘုရားသခင်သည် အပြစ်အပုံခံရမည်ဖြစ်၏။ ရေမလွှမ်း မိုးမီအချိန်ရှိ ပုထုဇဉ်များအပေါ် မိုးကြိုးပစ်၊ လျှပ်စီးလက်ချိန်တွင် ခရစ်တော်သည် ၎င်းတို့ နှင့်အတူ ရှိတော်မူ၏။ ၎င်းတို့၏နောက်ဆုံးချိန်အထိ အတူရှိတော်မူ၏။ ခရစ်တော်သည် ဘုရားသခင် ငါတို့နှင့်အတူ ရှိတော်မူသည့် ဧမာနွေလဖြစ်၏။ ရေလွှမ်းမိုးခြင်းသည် လက် ဝါးကားတိုင်ကို ပြခြင်းဖြစ်၏။ သို့သော် ငါတို့က ၎င်းကို ဘုရားရိုက်သည်ဟု မှတ်ကြ၏။

ရေလွှမ်းမိုးခြင်းဖြစ်စဉ်ဖြင့် သက်မဲ့လောကက ဝမ်းမြောက်ဖွယ်တရားပြခြင်းကို တား၍ မရပါ။ ရေလွှမ်းမိုးခြင်းနှင့် ကားတိုင်ဆက်စပ်ပုံကို သတိချပ်ပါလော့။

## ၁။ ဖိတ်ခေါ်ခြင်း

"သေခြင်း၏နှောင်ကြိုးတို့သည် ငါ့ကိုရစ်ပတ်၍ **ပျက်စီးခြင်းရေစီးကြောင်းသည် ငါ့ကိုကြောက်လန့်တုန်လှုပ်စေ၏။** (၅) မရဏာနိုင်ငံ၏နှောင်ကြိုးတို့သည် ငါ့ကို ပတ်စည်းထား၍ သေခြင်း၏ထောင်ချောက်တို့သည် ငါ့ကိုထိပ်တိုက်ရင်ဆိုင်ကြ ၏။ (၆) **ငါခံရသည့်ဆင်းရဲဒုက္ခထဲမှ ထာဝရဘုရားကို ငါခေါ်**၍ ငါ၏ဘုရားသခင် ထံ အကူအညီအော်ဟစ်တောင်းခံ၏။ ကိုယ်တော်သည် ငါ၏အသံကို မိမိဗိမာန် တော်ထဲမှ ကြားတော်မူ၏။ ငါ၏အော်ဟစ်သံသည်လည်း ရှေ့တော်မှောက် နား တော်သို့ ဝင်လေ၏။" - ဆာလံကျမ်း ၁၈:၄-၆

"မွန်းလွဲသုံးနာရီခန့်တွင် ယေရှုသည် **ကျယ်လောင်သောအသံဖြင့် 'ဧလိ၊ ဧလိ၊ လာမာ ရှာဗခသာနိ'** ဟု အော်ဟစ်တော်မူ၏။ ၎င်း၏အဓိပ္ပာယ်မှာ 'အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်ကို အဘယ်ကြောင့်စွန့်ပစ်တော်မူသနည်း' ဟူ၍ ဖြစ်၏။" - ရှင်မဿဲခရစ်ဝင် ၂၇:၄၆

## ၂။ မြေကြီးတုန်ရီခြင်း

"ထိုအခါ ကိုယ်တော်သည် အမျက်ထွက်တော်မူသောကြောင့် **မြေကြီးသည် တုန်ရီ တုန်ခါ၏။** တောင်များ၏အခြေအမြစ်တို့သည်လည်း လှုပ်ခတ်တုန်ရီကြ၏။" - ဆာလံကျမ်း ၁၈:၇

"ထိုအခါ ဗိမာန်တော်ကန့်လန့်ကာသည်အထက်စွန်းမှ အောက်စွန်းတိုင်အောင် နှစ်ခြမ်းကွဲသွားလေ၏။ **မြေကြီးသည်လှုပ်၍** ကျောက်များသည် အက်ကွဲလေ၏။" - ရှင်မဿဲခရစ်ဝင် ၂၇:၅၁

## ၃။ အမှောင်ထု

"ကိုယ်တော်သည် ကောင်းကင်ကိုညွှတ်စေလျက် ကြွဆင်းတော်မူ၏။ **အမှောင်ထု သည် ခြေတော်အောက်၌ရှိ၏။**" (သင်သည် သူ၏ဖနှောင့်ကို ကြိတ်လိမ့်မည်။) - ဆာလံကျမ်း ၁၈:၉

"ကိုယ်တော်သည် အမှောင်ကို မိမိ၏လျှို့ဝှက်သောနေရာဖြစ်စေတော်မူ၏။ မိုးရေ ဖြင့် **မှောင်မည်းနေသောတိမ်တိုက်တို့သည် ကိုယ်တော်၏ပတ်လည်၌ရှိသော အမိုးအကာဖြစ်၏။**" - ဆာလံကျမ်း ၁၈:၁၁

"မွန်းတည့်ချိန်မှစ၍ မွန်းလွဲသုံးနာရီတိုင်အောင် **မြေတစ်ပြင်လုံး၌ အမှောင်ကျရောက်လေ၏။**" - ရှင်မဿဲခရစ်ဝင် ၂၇:၉, ၄၅

## ၄။ ရေအရင်းအမြစ်ကိုဖော်ပြ

"အို ထာဝရဘုရား၊ ကိုယ်တော်၏ဆုံးမခြင်းနှင့် နှာခေါင်းတော်မှ ပြင်းစွာရှူထုတ် သောလေကြောင့် ပင်လယ်ကြမ်းပြင်များသည်ထင်ရှား၍ ကမ္ဘာကြီး၏အောက်ခြေ တို့သည် အကွယ်အကာမဲ့ဖြစ်သွားကြ၏။" - ဆာလံကျမ်း ၁၈:၁၅

"နောအသက်ခြောက်ရာစေ့သောနှစ်၊ ဒုတိယလ၊ ဆယ်ခုနစ်ရက်နေ့တွင်၊ **ကြီးစွာ သော နက်နဲရာ ရေပေါက်ရေတွင်းတို့၏ အဆီးအတားရှိသမျှကို ပယ်ရှင်း**၍၊ မိုဃ်း ကောင်းကင်ပြွန်ဝများကိုဖွင့်၏။" - ကမ္ဘာဦးကျမ်း ၇:၁၁

## ၅။ မျက်နှာတော်ဝှက်ခြင်း၊ အထီးကျန်ဟုခံစားခြင်း

"**သင့်ကို ခဏသာ ငါစွန့်သည်ဖြစ်၍၊** များစွာသော ကရုဏာနှင့် တစ်ဖန်သိမ်းဆည်း ဦးမည်။ (၈) **ပြင်းစွာသော အမျက်ထွက်၍ ခဏမျှ ငါမျက်နှာလွှဲ**သော်လည်း၊ ထာ ဝရမေတ္တာနှင့် သင့်ကို ကယ်မသနားဦးမည်ဟု သင့်ကို ရွေးနုတ်သော ထာဝရဘု ရား မိန့်တော်မူ၏။ (၉) **နောလေက်ထက်၌ လွှမ်းမိုးသောရေကို ငါသည်မှတ်၍၊** ထို ရေသည် မြေကြီးကို နောက်တစ်ဖန်မလွှမ်းမိုးရဟု ကျိန်ဆိုခြင်းကို ပြုသည်နည်း တူ၊ သင့်ကို အမျက်မထွက်၊ မဆုံးမဟု ကျိန်ဆိုခြင်းကို ပြုပြီ။" - ဟေရှာယ ၅၄:၇-၉

"မွန်းတည့်ချိန်မှစ၍ မွန်းလွဲသုံးနာရီတိုင်အောင် မြေတစ်ပြင်လုံး၌ အမှောင်ကျ ရောက်လေ၏။ မွန်းလွဲသုံးနာရီခန့်တွင် ယေရှုသည် ကျယ်လောင်သောအသံဖြင့် 'ဧလိ၊ ဧလိ၊ လာမာ ရှာဗခသာနိ' ဟု အော်ဟစ်တော်မူ၏။ ၎င်း၏အဓိပ္ပာယ်မှာ **'အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်၏ဘုရား၊ အကျွန်ုပ်ကို အဘယ်ကြောင့် စွန့်ပစ်တော် မူသနည်း'** ဟူ၍ ဖြစ်၏။" - ရှင်မဿဲခရစ်ဝင် ၂၇:၄၅၊ ၄၆

## ၆။ ကယ်တင်ခြင်း

"ကိုယ်တော်သည် မြင့်သောအရပ်မှ လက်တော်ကိုဆန့်လျက် **ငါ့ကိုကိုင်ဆွဲပြီး များစွာသောရေထဲမှ ငါ့ကိုဆယ်ယူတော်မူ၏။**" - ဆာလံကျမ်း ၁၈:၁၆

"ဘုရားသခင်သည်၊ နောဧမှစ၍ အသက်ရှင်သမျှသောသတ္တဝါ၊ နောနှင့်အတူ သင်္ဘောထဲ၌ရှိသော တိရစ္ဆာန်အပေါင်းတို့ကိုအောက်မေ့၍၊ မြေကြီးပေါ်မှာ လေ လာစေတော်မူသဖြင့် ရေငြိမ်လေ၏။ (၂) နက်နဲရေပေါက်ရေတွင်းများ **မိုးဃံး ကောင်းကင်ပြွန်ဝများကို ဆို့ပိတ်၍ မိုဃ်းကို စဲစေတော်မူ၏။** (၃) **ရေသည်လည်း မြေပေါ်မှာ အစဉ်အတိုင်းစီးသွား၍၊** အရက်တစ်ရာငါးဆယ်စေ့သောအခါ ယုတ် လျော့လေ၏။" - ကမ္ဘာဦးကျမ်း ၈:၁-၃

သက်မဲ့လောကက ၎င်း၏ဖန်ဆင်းရှင် ဘာကြံသည်ကို သက်သေပြ၏။ ခရစ်တော်ဘုရား သည် ဤကမ္ဘာလူသားအားလုံးသို့ အလင်းပေးသည့် အလင်းဖြစ်ကာ ၎င်း၏နာကျင်မှု သည် ရေထဲပါသွားကြသည့်သူများတွင် ပေါ်လွင်၏။

"ကောင်းကင်သည် **ထာဝရဘုရား**၏ နှုတ်ကပတ်တော်အားဖြင့်လည်းကောင်း၊ ကောင်းကင်တန်ဆာရှိသမျှတို့သည် နှုတ်တော်မှထွက်သက်လေအားဖြင့် လည်း ကောင်း ဖန်ဆင်းခြင်းခံရ၏။ ကိုယ်တော်သည် ပင်လယ်ရေများကို တာတမံကဲ့သို့ စုဝေးစေ၍ နက်ရှိုင်းသောရေထုများကို သိုလှောင်တိုက်ထဲ၌ ထားတော်မူ၏။" - ဆာလံကျမ်း ၃၃:၆၊ ၇

ခရစ်တော်၏ ပြာဋ္ဌိဟာဖြင့် ကောင်းကင်မြေကြီးသည် ဖြစ်တည်လာ၏။ ၎င်းက အရာခပ် သိမ်းကို အမိန့်ပေးခဲ့၏။ ၎င်း၏မိန့်ကြားမှုဖြင့် ရေထုသည် မြေထု၌ တစ်စုတစ်စည်း ရှိခဲ့၏။ ရေမလွှမ်းမိုးမီကာလရှိ ပုထုဇဉ်များက ခရစ်တော်ကို လုံးလုံးငြင်းဆန်ကြသည့်အခါ ရေကို တားသည့် ၎င်း၏အသံသည် ဆိတ်ခဲ့ပြီး ရေထုကြီးတာကျိုးကာ သဘာဝတရားသည် ပြောင်းဆန်ခဲ့၏။

တာကျိုးစေသူမှာ စာတန်မဟုတ်။ သို့သော် ခရစ်တော်ဘုရားကို ဆန့်ကျင်ကြရန် မှိုင်း တိုက်ပေးသည့်အခါ ခရစ်တော်ကလည်း ၎င်းတို့၏ဆုံးဖြတ်ချက်ကို လက်ခံပေးရတော့၏။ သို့နှင့် သဘာဝလောကလည်း "ငြိမ်သက်ခြင်း ရှိစေသောဝ်" ဝါစာ မကြားရတော့ပါ။ ရေထုကြီးလည်း မာရ်နတ်နှင့် မတရားသူများအတိုင်း

ဘောင်ဘင်ပြတော့၏။ စာတန် ကိုယ်တိုင် လက်ဝါးကားတိုင်၏အဆိပ်ကို ရေလွှမ်းမိုးချိန်၌ ကြုံခဲ့ရ၏။ ရေထုကြီး၏ ဘောင်ဘင်ခတ်မှုသည် ခရစ်တော်ဘုရား၏ နှလုံးစိတ်ဝမ်းကြေကွဲမှုကို ပြ၏။ ကောင်းကင် မှကျလာသည့် ရေထုသည် အာဒံမျိုးဆက်များအတွက် ကျရသည့် မျက်ရည်ကိုပုံဆောင်၏ (ဆာလံ ၁၁၉:၁၃၆)။ ရေမလွှမ်းမိုးမီဖက်ခြမ်းရှိ ပုထုဇဉ်များသည် ခရစ်တော်ဘုရား၏ အနှံ့အတာခံမှုကို လျစ်လျူရှုပြား သဘာဝလောကကြီးက ဖန်ဆင်းရှင်၏ အနှံ့အတာခံမှု၊ ကြေကွဲမှု၊ စတေးခံမှုတို့ကို အသိအမှတ်ပြု၏။ မာရ်နတ်သည် ရေမလွှမ်းမိုးမီရှိ လူများကို ခရစ်တော်ဘုရားနှင့် ဝိညာဉ်တော်တို့ကို ငြင်းပယ်စေခြင်းဖြင့် အနီအနိဋ္ဌာရုံကြီးကို ဖြစ်စေ တော်မူ၏။ ငြင်းပယ်ခြင်းသည် ကမ်းကုန်သည့်အခါ သဘာဝကြီးက ထိုအကျိုးကိုပြတော့၏။

ခရစ်တော်မပါလျှင် မည်သူမျှ မရှင်နိုင်ကြောင်း ငါတို့သိ၏။ သို့နှင့်ခရစ်တော်ဘုရားသည် ထိုအနိဋ္ဌာရုံကို ရင်ဆိုင်ခဲ့ရ၏။ ၎င်းတို့ခံရသည့်အတိုင်း ခရစ်တော်လည်း ခံခဲ့ရ၏။ ခရစ်တော်သည် ၎င်းတို့အသက်မြဲသရွေ့ အနှံ့အတာခံနေရ၏။ လမ်းမလိုက်ကြသူများ သေဆုံး ကြသည့်အခါ ခရစ်တော်လည်း ရင်နင့်ရ၏။ ၎င်းတို့၏ ကြောက်အော်အော်ခြင်းများက ခရစ်တော်ကိုလည်း ထပ်တူခံစားစေပြီး ကယ်လည်းကယ်လိုခဲ့ပါ၏။ သို့သော် မတတ်နိုင် တော့။ ခရစ်တော်သည် လက်ဝါးကားတိုင်၌ စိတ်ကြေကွဲစွာ အသေခံခဲ့စဉ်၌ ၎င်းတို့ ကြေကွဲခဲ့ကြသည့်အတိုင်း ခံခဲ့ရ၏။

ခရစ်တော်ဘုရား၏ လက်ဝါးကားတိုင်အကြောင်း အမြင်ကွယ်ရန် ယနေ့ခေတ် ခရစ်ယာန် များက ဘုရားသခင်သည် လူဆိုးများကို အမျက်အရင်းခံပြီး ဒဏ်ပေးသည်ဟု ဆိုကြ၏။ ရေလွှမ်းမိုးခြင်း အနိဋ္ဌာရုံအတွက် ဘုရားအပေါ်အပြစ်တင်ကာ အပြစ်သားများကို သေစေ သောဘုရားဟု ပုံချကြ၏။ ယေရှုဘုရားကို ကားတိုင်၌

သံနှင့်ရိုက်ခဲ့ကြသည့် ရောမ စစ်သားများအပေါ် ပြခဲ့သည့် ဘုရား၏တန်ခိုးပြာဋိဟာသည် မြေထုခွဲကာ ရေလွှမ်းစေခဲ့ သည့် ပြာဋိဟာပင်ဖြစ်၏။ ဘုရားသခင်သည် သားတော်ကို လက်ဝါးကားတိုင်၌ သံနှင့် ရိုက်ချိတ်ခဲ့သလော။ ၎င်း၏ရက်စက်မှုက ခရစ်တော်ကို သေစေသလော။ မဟုတ်ပါ။ အခါတစ်ထောင် လုံးလုံးမဟုတ်ရပါ။ မြွေလက်ထဲရောက်နေသည့် ဘုရား၏ပြာဋိဟာက ခရစ်တော်၏ခြေဖနှောင့်ကို ပေါက်နေခြင်းဖြစ်၏။

မိခင်များ ၎င်းတို့၏သားသမီးများကို ပြန်၍ဟင်းတည်ကြချိန်။ လူများစွာ သေကြသော ကြောင့် ကားတိုင်စိုက်စရာကွက်လပ်ပင် မကျန်တော့သည့် AD 70 က ယေရုရှလင်မြို့ ကျဆုံးခန်းကို အာရုံပြုကြည့်ပါလေ။ ဖြစ်စဉ်တူများ ယေရမိမြည်တမ်းစကား၌လာ၏။

> "ဓားဖြင့်သေသောသူသည်၊ ငတ်မွတ်၍ သေသောသူထက် သာ၍ မင်္ဂလာရှိ၏။ ငတ်မွတ်၍ သေသောသူသည် အသီးအနှံပြတ်ခြင်းအားဖြင့် ထိုးဖောက်၍ ပိန်ကြုံရ၏။ (၁၀) စိတ်ကြင်နာတတ်သော မိန်းမတို့သည် မိမိတို့ သားကိုပင် ပြုတ်ရကြ၏။ ငါ၏လူမျိုးသတို့သမီးသည် ပျက်စီးသောကာလ၌ မိမိတို့သားကိုပင် စားရကြ ၏။ (၁၁) ထာဝရဘုရားသည် အမျက်တော်ကို စုံလင်စေတော်မူပြီ။ ပြင်းစွာသော အမျက်တော်အရှိန်ကို လွှတ်တော်မူပြီ။ ဇိအုန်မြို့ကိုမီးရှို၍ မြို့ရိုးအမြစ်တိုင်အောင် လောင်စေတော်မူပြီ။ (၁၂) ရန်ပြုသောသူနှင့်စစ်တိုက်သောသူသည် ယေရုရှလင် မြို့ တံခါးအတွင်းသို့ ဝင်နိုင်သည်ဟု၊ လောကီ ရှင်ဘုရင်နှင့် လောကီသတ္တဝါ တစ်စုံတစ်ယောက်မျှမယုံကြ။ (၁၃) ယေရုရှလင်မြို့အလယ်၌ ဖြောင့်မတ်သော သူတို့ကို သတ်တတ်သောမြို့သားပရောဖက်တို့၏ ဒုစရိုက်များနှင့်၊ ယဇ်ပုရောဟိတ်တို့၏ အပြစ်များကြောင့် ဤအမှုသည် ရောက်လေပြီ။" - ယေရမိမြည်တမ်း စကား ၄:၉-၁၃

အခန်းငယ် (၁၁) ၌ ဘုရားသခင်၏ အမျက်အကြောင်းချပြထားပြီး ၎င်း၏ဒေါသကို ဆက်၍အရှည် ဆွဲပြ၏။ ထိုအကြောင်း ဤစာအုပ်၏ အခန်း (၁၁) ၌ ငါတို့သိခဲ့သည့် အတိုင်း ဝမ်းနည်းသည်ဟု ယူနိုင်၏။ အခန်းငယ် (၁၂) ၌ ယေရုရှလင်မြို့သို့ ရန်သူဝင်လာကြောင်းကိုပြ၏။ အခန်းငယ် (၁၃) ၌က "ယေရုရှလင်မြို့အလယ်၌ ဖြောင့်မတ်သောသူ" ဟုဆို၏။ အသတ်ခံရသည့် ဖြောင့်မတ်သောသူသည် မည်သူနည်း။

> "အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည်လည်း အပြစ်အတွက် တစ်ကြိမ်တည်းနှင့်အပြီး ဒုက္ခဝေဒနာခံစားတော်မူ၏။ သင်တို့ကို ဘုရားသခင်ထံတော်သို့ ပို့ဆောင်မည့်အကြောင်း ဖြောင့်မတ်သောအရှင်သည် မဖြောင့်မတ်သော သူတို့ကိုယ်စား ဒုက္ခဝေဒနာခံစားတော်မူ၏။" - ရှင်ပေတရုဩဝါဒစာပထမစောင် ၃:၁၈

ယေရုရှလင်မြို့သည် ငြိမ်းချမ်းသည့်မြို့ဖြစ်ပြီး ခရစ်တော်သည် ထိုမြို့၏ လောကုတ္တရာမီးအိမ်ရှင်ဖြစ်၏။ ပရောဖက်များ၊ ပုရောဟိတ်များ၏ အပြစ်များကြောင့် ခမည်းတော်သည် ၎င်း၏မျက်နှာကို ရင်နင့်စွာဖြင့် ကွယ်ထားရ၏။ ထိုအဖြစ်က ရန်သူတော် စာတန်မာရ်နတ်ကို မြို့တွင်း၌ ခြယ်လှယ်ခွင့်ရစေကာ သမာဓိရှင် ခရစ်တော်ဘုရားကို မြို့အလယ် ၌ သတ်ခဲ့၏။ ယေရမိ၊ ဒံယေလများခေတ်၌လည်း ဘုရားသခင်၏ သားသမီးများ အဖျက် ဆီးခံ၊ သုံ့ပန်းအဆွဲခံရချိန်များ၌ ခရစ်တော်၏ အသွေးတော်စွန်းခဲ့ရ၏။ ဘုရားသခင်၏ သားသမီးများ၊ ဖျက်ဆီးခံရတိုင်း ထိုသို့ဖြစ်ရ၏။ ခရစ်တော်သည် ၎င်းတို့နှင့်အတူ ကူခံစား ပြီး ကားတိုင်ကိုထမ်းခဲ့၏။

ရေလွှမ်းမိုးခြင်းဖြစ်စဉ်ကို ကားတိုင်ရှုထောင့်မှ သင်ရှုကွက်ဆင်းနိုင်ပါသလော။ သောဒုံမြို့ ဖြစ်စဉ်၌ ခရစ်တော်ဘုရား ခံရပုံကို သင်ရှုကွက်ဆင်းနိုင်သလော။ အီဂျစ်ပြည်၌ သားဦး များ သေကြချိန်၊ ယေရုရှလင်မြို့ ပျက်စီးချိန်များ၌ ခရစ်တော်ဘုရား၏ ပဋ္ဌာမြေလူး အဖြစ်ကို သင်ရှုကွက်ဆင်းနိုင်သလော။ ပုထုဇဉ်တိုင်း ပျက်စီးကြရာ၌ ကားတိုင်ကို သင် မြင်ပေးနိုင်သလော။ ခရစ်တော်ဘုရား၏

ကားတိုင်ဖြင့်သာ သမ္မာကျမ်းစာတော်မြတ်လာ တရားစီရင်ထုံးများသည် ဘုရားသခင်၏ မေတ္တာတော်ဟု သင်ရှုကွက်ဆင်းနိုင်မည်ဖြစ်၏။ ပုထုဇဉ်များနှင့် သဘာဝလောကကြီးမှ ပြလာသည့် ကြမ်းကြုတ်မှုများသည် ခရစ်တော် ဘုရားအပေါ် စာတန့်အမုန်းတရားကို ပြခြင်းဟု မှတ်တတ်မှသာ ငါတို့သည် သစ်တိုင်၌ ချိတ်ဆွဲသည့် မြွေအကြောင်းကို လက်ခံတတ်မည်ဖြစ်၏။ မြွေကို လက်ဝါးကားတိုင်နှင့် ဆက်စပ်သုံးသပ်နိုင်သည့်အခါ မြွေဆိပ်ကို ပိန်းကြာရွက်တွင်ရေမတင်သည့်ပမာ အ ပျောက်ကုနိုင်ပါမည်။

## ၂၀။ ကားတိုင်ပြသည့် ရှေးမြွေဟောင်း

မာရ်နတ်သည် ဒုက္ခ၊ ရောဂါဘယ၊ မရဏာတို့၏ အရှင်သခင်ဖြစ်၏။ ခရစ်တော်ဘုရားသည် ပုထုဇဉ်တိုင်းကို အသက်ပေးကာ အစဉ်စောင့်ရှောက်ကြောင်း ငါတို့အတည်ပြုပြီးဖြစ်၏။ ဇာတ်တူသား စားကြခြင်းနှင့် အခြားသော အကုသိုလ်များသည် ခရစ်တော်ဘုရား ကို ငရဲပေးခြင်းသာဖြစ်၏။ မာရ်နတ်သည် ပုထုဇဉ်များကို ဖျက်လိုဖျက်ဆီး ပြုပြီးနောက် သိမ်မွေ့စွာဖြင့် ခရစ်တော့်အပေါ် ပုံချကာ ပုထုဇဉ်တို့ကို ဘုရားသခင်သည် ရက်စက်သည်၊ ကျမ်းစာလာ အနိဋ္ဌာရုံများသည် ၎င်း၏လက်ချက်ဟု မှတ်စေ၏။

ယေရှုဘုရားသည် ညနေချမ်း၌ နိကောဒင်နှင့် နှီးနှောသည့်အခါ တရားထူးကို ပြခဲ့၏။ လက်ဝါးကားတိုင် တရားထူးဖြစ်၏။ အနှီသည် ကမ္ဘာချီကာ ဖုံးကွယ်ခံရသည့် တရားထူး ဖြစ်၏။

> "မောရှေသည် တောကန္တာရ၌ မြွေကိုမြှောက်ထားသကဲ့သို့ လူ့သားသည်လည်း သူ့ကိုယုံကြည်သောသူတိုင်း ထာဝရအသက်ကိုရရှိရန် မြှောက်ထားခြင်းခံရမည်။" - ရှင်ယောဟန်ခရစ်ဝင် ၃:၁၄

ယေရှုဘုရား နှီးနှောခဲ့သည့်အကြောင်းသည် တောလည်ရာကျမ်း အခန်းကြီး (၂၁) မှ အကြောင်းဖြစ်၏။ ဣသရေလများက ဘုရားသခင်နှင့် မောရှေအပေါ် ပစိပစပ်ပြုနေကြ၏။ ထိုသို့ပြုတတ်သည့် ဉာဉ်ဆိုးက ရန်ကာစည်းကို ကျိုးစေ၏။

> "တွင်းကို တူးသောသူသည် ထိုတွင်းထဲသို့ ကျလိမ့်မည်။ ခြံကိုဖျက်သော သူသည် မြွေကိုက်ခြင်းကို ခံရလိမ့်မည်။" - ဒေသနာကျမ်း ၁၀:၈

အနှီက ဘုရားသခင်က ၎င်းတို့ကို သဲကန္တာရရှိ အန္တရာယ်အဖုံဖုံမှ ကာကွယ်ပေးခြင်းများကို ပျက်စေ၏။ ဣသရေလတို့သည် တစ်ခဏအတွင်း အဆိပ်ပြင်းမြွေဘေးကြုံကာ မြန်စွာ သေကြ၏။ ၎င်းတို့လည်း မောရှေကို နားပူကျီစာလုပ်ကြတော့၏။

“သင်သည်ငါတို့ကို ဤတောသို့သေစေခြင်းငှာ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။ မုန့်မရှိ၊ ရေလည်းမရှိ၊ ဤပေါ့ပျက်သောစားစရာကိုလည်း ငါတို့သည်အလွန်ရွံရှာ၏ဟု ဘုရားသခင်နှင့် မောရှေကိုဆန့်ကျင်ဘက်ပြု၍ ဆိုကြ ၏။ (၆) ထိုအခါ ထာဝရဘုရားသည်၊ ဣသရေလအမျိုး သားတို့တွင် မီးမြွေများ ကို စေလွှတ်တော်မူ၍၊ လူအများတို့သည် အကိုက်ခံရသဖြင့်သေကြ၏။ (၇) ထို့ ကြောင့် လူများတို့သည် မောရှေထံသို့လာ၍ အကျွန်ုပ်တို့သည် ထာဝရဘုရားနှင့် ကိုယ်တော်ကိုဆန့်ကျင်လျက် ပြောဆို၍ပြစ်မှားပါပြီ။ ထာဝရဘုရားသည် မြွေ များကို အကျွန်ုပ်တို့မှပယ်ရှားတော်မူမည်အကြောင်း ဆုတောင်းပါဟုလျှောက် လျှင်၊ မောရှေသည်လူများအဘို့ ဆုတောင်းလေ၏။ (၈) ထာဝရဘုရားကလည်း၊ မီးမြွေရုပ်ကိုလုပ်၍ တိုင်ပေါ်မှာမြှောက်ထားလော့။ အကိုက်ခံရသောသူတိုင်း ကြည့်ရှုလျှင် အသက်ချမ်းသာရလိမ့်မည်ဟု မောရှေအား မိန့်တော်မူသည်အတိုင်း၊ (၉) မောရှေသည် ကြေးဝါဖြင့်မြွေကိုလုပ်၍ တိုင်ပေါ်မှာမြှောက်ချီထားပြီးလျှင်၊ မြွေကိုက်သောသူမည်သည်ကား၊ ကြေးဝါမြွေကိုကြည့်ရှုသောအခါ အသက်ချမ်း သာရကြ၏။” - တောလည်ရာကျမ်း ၂၁:၅-၉

ဤကျမ်းပိုဒ်ကို သင်ဖတ်ရှုသည့်အခါ အောက်ပါကြည့်မှန်ပြင်ကို သတိကပ်ပါလေ။ ။

“ထိုအခါ ထာဝရဘုရားသည်၊ ဣသရေလအမျိုး သားတို့တွင် မီးမြွေများကို စေလွှတ်တော်မူ၍၊ လူအများတို့သည် အကိုက်ခံရသဖြင့်သေကြ၏။” - တောလည် ရာကျမ်း ၂၁:၆

ဟေဗြဲဝေါဟာရ “စေလွှတ်” သည် လွှတ်ပေး၊ လက်လျှော့၊ စွန့်လွှတ် စသည့်အဓိပ္ပာယ် များရှိ၏။ လူထုက ဘုရားသခင်ကို စွပ်စွဲသမှုပြုသည့်အခါ ဘုရားက မြွေအန္တရာယ်မှ မကာကွယ်တော့ရန် အတွန်းခံရ၏။ ၎င်းက ကာကွယ်ပေးခဲ့ပြား လူထုက ၎င်းကို ခြားနား

သည့်အခါ ဆက်၍မကာကွယ်ပေးနိုင်စေတော့ပါ။ မြွေများ မည်သို့ပေါက်ချလာကြောင်း ကျမ်းစာ၍ အောက်ပါအတိုင်း ဆိုထား၏။

> "သူတို့ထဲမှ အချို့တို့သည် အကဲစမ်းသကဲ့သို့ ငါတို့သည် ခရစ်တော်ကို အကဲမစမ်း ဘဲ နေကြကုန်စို့။ (၁၀) ထိုသို့အကဲစမ်းသောသူတို့သည် မြွေများအားဖြင့် ဖျက်ဆီး ခြင်းခံရကြ၏။ သူတို့ထဲမှ အချို့တို့သည် ညည်းညူသကဲ့သို့ သင်တို့သည် မညည်း ညူကြနှင့်။ ထိုသို့ညည်းညူသောသူတို့သည် ဖျက်ဆီးသောတမန်အားဖြင့် ဖျက် ဆီးခြင်း ခံရကြ၏။" - ကောရိန္သုဩဝါဒစာပထမစောင် ၁၀:၉၊ ၁၀

ဟေဗြဲဝေါဟာရ "ဖျက်ဆီးသူ" သည် အဖျက်သမား (သို့) အခန်းငယ် (၁၀) ၌ လာသည့် အတိုင်း အဆိပ်ရှိမြွေဟု အဓိပ္ပာယ်ရှိ၏။ ရှင်ပေါလုက အခန်းငယ် (၉) ရှိ "မြွေ" နှင့် အခန်း ငယ် (၁၀) ရှိ "ဖျက်ဆီးသူ" ကို ပုဒ်ဆက်ထား၏။ စာတန်မာရ်နတ်သည် ဖျက်ဆီးသူဖြစ်၏။

> "သူတို့၏ဘုရင်ကား အတိုင်းမသိနက်ရှိုင်းရာအရပ်၏စေတမန်ဖြစ်၏။ ထိုသူ၏ အမည်မှာ ဟေဗြဲဘာသာစကားအားဖြင့် အဗဒ္ဒုန်ဟူ၍ဖြစ်ပြီး ဂရိဘာသာစကား အားဖြင့် အပေါလျုန်ဟူ၍ဖြစ်၏။" - ဗျာဒိတ်ကျမ်း ၉:၁၁ (NLT)

လူထုက ကန့်လန့်တိုက်ခြင်းဖြင့် ၎င်းတို့၏အကာတံတိုင်းကို အက်ကြောင်းကွဲစေသည့် အခါ မာရ်နတ်လည်း အခွင့်အရေးရသည်နှင့် ၎င်းတို့ကို သတ်တော့၏။ ကျမ်းစာ ဘာသာ ပြန်သူများက "စေလွှတ်" ဝေါဟာရကို မြွေများပေါက်ချလာပုံ ရှင်းရာ၌ သုံးခဲ့ကြခြင်းသည် ဘုရားသခင်အပေါ် ထားရှိသည့် လူတို့၏ဓာတ်သွေးကို ပြခြင်းဖြစ်၏။ လူများသေစေရန် ဘုရားသခင်သည် မြွေလွှတ်သည် ဟူသည့်အယူမှာ ဘုရားအပေါ် ပုထုဇဉ်တို့၏ စိတ်မှန်း ဖြစ်၏။ ဘုရားသခင်ကို ယေရှုဘုရား၏ အသက်တာဖြင့် ရှုကြသူများသည် အနီ ချောက် ချားဖွယ်ဖြစ်စဉ်ကို အဖြေရှာကြမည်ဖြစ်၏။ ၎င်းတို့၏ ဖုတ်ပူမီးတိုက်မှုများကြောင့် ဘုရား သခင်သည်

မြေဆိုးများကို လွှတ်မည်လော။ အနီသည် ယေရှုဘုရား၏ သီလတော်နှင့် ကွာခြားလှ၏။ ၁ ကော ၁၀:၉၊ ၁၀ ကို လေ့လာသည့်အခါ ၎င်းတို့သည် အဖျက်သမား ကြောင့် သေကြရသည်ဟု ငါ သဲလွန်စရ၏။ ဗျာဒိတ် ၉:၁၁ က အဖျက်သမားသည် အဆုံး မရှိသည့် တွင်းနက်ကြီးမှလာသည် ဟုဆို၏။ သို့ဖြစ်ရာ "စေလွှတ်" ဝေါဟာရတွင် အဓိပ္ပာယ်ကွဲများ ရှိနိုင်ကြောင်းကို တွေ့ရ၏။ ထို့ကြောင့် ငါတို့သည် ဆန္ဒရှိပါလျှင် ကျမ်းချက်များသည် ညီထွေကြကြောင်း တွေ့နိုင်၏။

မေးဖွယ်ကား ဘုရားသခင်သည် မောရှေကို သစ်တိုင်ပေါ်တွင် မြွေရုပ်ချိတ်စေပြီး လူထုကို ဘာ့ကြောင့် ရှုခိုင်းရသနည်းဖြစ်၏။ အနီသည် အလွန်ဆန်း၏။ သမ္မာကျမ်းစာအရ မြွေဟူ သည် စာတန့်ပုံဆောင်ခဲဖြစ်၏။

"ထိုအခါ တစ်ကမ္ဘာလုံးကိုလှည့်ဖြား၍ **မာရ်နတ်ဟူ၍လည်းကောင်း၊ စာတန်ဟူ၍ လည်းကောင်း အခေါ်ခံရသည့် ရှေးမြွေဟောင်း**တည်းဟူသော နဂါးကြီးသည် မြေကြီးပေါ်သို့ပစ်ချခြင်းခံရလေ၏။ သူနှင့်အတူ သူ၏စေတမန်တို့သည်လည်း ပစ်ချခြင်းခံရကြ၏။" - ဗျာဒိတ်ကျမ်း ၁၂:၉

"မြွေသည် မိမိပရိယာယ်အားဖြင့် ဧဝကိုလှည့်စားသကဲ့သို့၊ သင်တို့သည် စိတ်ဆွေးမြေ့ယိုယွင်း၍၊ ခရစ်တော်ကို အကြွင်းမဲ့ချစ်သောစိတ် ပျောက်မည်ဟု စိုးရိမ်ခြင်းရှိ၏။" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၁၁:၃

ပိုးထိကြသူများ တိုင်ပေါ်ချိတ်ထားသည့် မြွေရုပ်ကိုရှုခြင်းဖြင့် ပျောက်ကင်းကြသည်မှာ မည်သို့ဖြစ်နိုင်ရသနည်း။ ဘုရားသခင်သည် ၎င်းတို့ကို အဘယ်တရားပြလိုခြင်း ဖြစ်မည်နည်း။ အနီအဖြစ်က ယေရှုဘုရား နိကောဒင်နှင့် ဆွေးနွေးခဲ့သည်ည၌သို့ ငါတို့ကို ခေါ်ဆောင်ပါ၏။ ခရစ်တော်ဘုရားက ၎င်းကိုယ်ကို မြွေနှင့်နှိုင်းခဲ့သလော။

"မောရှေသည်တော၌ မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်း ကို ခံရမည်။" - ရှင်ယောဟန် ၃:၁၄

ယေရှုဘုရားက မြွေသည် တိုင်ပေါ်အချိတ်ခံရသကဲ့သို့ ၎င်းသည်လည်း ကားတိုင်၌ အချိတ် ခံရမည်ဟု နှိုင်းခဲ့၏။ ခရစ်ယာန်အများစုသည် ကားတိုင်ပေါ်စတေးခံခဲ့သည့် ယေရှုဘုရား ကို ရှုခြင်းဖြင့် ပျောက်ကင်းကြမည်ကို သိကြ၏။

အကျိန်ခံအပြစ်သားတစ်ဦးသည် ခရစ်တော်ဘုရားကို ရှုသည့်အခါ ၎င်း၏ကျိန်ခြင်းဒဏ်များကို ခေါင်းရွက်ပေးကြောင်း ဆင်ခြင်တတ်လာသည့်အခါ ကျေးဇူးတရားသိကာ စိတ်သစ်လူသစ် ဖြစ်လာ၏။ အနီဖြစ်စဉ်က ပိုးထိသေကြသည်နှင့်ဆင်တူသော စာတန့်ကြောင့် ရသည့် အပြစ်ကျိန်ခြင်းမှ လွတ်ကင်းခြင်းကို ရကြ၏။

တိုင်ပေါ်ချိတ်သည့် မြွေသည် အဘယ့်ကြောင့် ပျောက်ကင်းခြင်းသင်္ကေတ ဖြစ်လာရသနည်း။ သို့ရုပ်သည် သာ၍အမြင်မတင့်သလော။ အဘယ်သို့ဖြင့် ခရစ်တော်ဘုရားကို စာတန့်ပုံဆောင်ခဲဖြင့် သညာပြုရသနည်း။

> "ဘုရားသခင်သည် အပြစ်ကင်းစင်သောအရှင်ကို ငါတို့အတွက် အပြစ်ဖြစ်သွားစေ တော်မူ၏။ ဤသည်ကား ငါတို့သည် ထိုအရှင်အားဖြင့် ဘုရားသခင်၏ ဖြောင့်မတ် ခြင်း ဖြစ်လာမည့်အကြောင်းတည်း။" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၅:၂၁

ယေရှုဘုရား စတေးခံရခြင်းက စာတန့်၏ ဘီလူးရုပ်ကို ထုတ်ပြ၏။ ကားတိုင်က နောင်တ မရကြသူများ၏ အန္တိမလားရာနှင့် စာတန်၏ ရက်စက်မှုတို့ကို အထုပ်ဖြည်ပြ၏။ စာတန့် ရုပ်မှန်ကို ပုထုဇဉ်တိုင်းကတွေ့နိုင်ရန် ခရစ်တော်၏ လုပ်ပိုင်ခွင့်မျိုးကို စာတန်အား သုံးခွင့် ပေးကာ ခရစ်တော်ကို နှိပ်စက်သတ်ဖြတ်ခွင့် ပေးခဲ့၏။ ဘုရားသခင်မှ ပုထုဇဉ်တို့အတွက် သားတော်ကို လှူခဲ့ခြင်းသည် ပုထုဇဉ်တို့ ဉာဏ်မမီနိုင်သည့် အတ္တမဲ့မေတ္တာဖြစ်၏။ လက်ဝါးကားတိုင်က လူသားတို့၏ အကျိုးမလှခြင်း၊ စာတန့်ရုပ်မှန်ကို ချပြ၏။

ကားတိုင်တွင် ယေရှုဘုရားသည် "အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း" ဟု ဟစ်ကြွေးခဲ့၏။ အနီဖြစ်ရပ်သည် စိတ်မသန့်သည့် အပြစ်သားတစ်ဦး၏ အဖြစ်မှန်ဖြစ်၏။ ဤသို့ စိတ်ကြေကွဲစဉ်တွင် အပြစ်သားတစ်ဦးသည် ၎င်း၏ အပြစ်များကို အမှတ်ရကာ တရားစီရင်မှုကို သွေးပျက်ရ၏။ ထိုသွေးပျက်ခြင်းက ဘုရားသည် ၎င်းကို မီးမှုတ်သည်ဟု ထင်စေ၏။ အမှန်ကား အပြစ်မရှိသည့် အတ္တမဲ့မေတ္တာတော် ရှင် ဘုရားသခင်ရှေ့၌ စိတ်မသန့်နိုင်ခြင်းသာ ဖြစ်၏။

အနီသည် ကားတိုင့်သပွတ်အူဖြစ်၏။ ကားတိုင်သည် စာတန်၏သရုပ်မှန်ကိုပြ၏။ အပြစ်၏ ဓမ္မတာနိယာမအကျိုးကိုလည်းပြ၏။ သို့ပြား ဘုရားက ဒေါသဖြင့် အပြစ်သားကို အပြစ် ပေးသည့်ပုံပေါ်စေ၏။ အပြစ်ထုထဲတွင် ဘုရားသခင်၏ မေတ္တာသန်းသည့်မျက်နှာသည် ကွယ်နေကာ အပြစ်၏ခြောက်လှန့်မှုကသာ မင်းမူနေ၏။ ကာဣန၏ အသက်တာမှ ကားတိုင်၏မျက်နှာ (၂) ဖက်ကို ငါတို့မြင်ရ၏။ ထိုမျက်နှာနှစ်ဖက်အကြောင်း Wycliffe ပြန်ကျမ်း၌ မြင်ရ၏။

> "ကာဣနကလည်း အကျွန်ုပ်အပြစ်သည် မဖြေနိုင်အောင် ကြီးပါသလော။ (ကာဣနက ကျွန်ုပ်ခံရသည့်အပြစ်သည် ကျွန်ုပ်ခံနိုင်စွမ်းသည်ထက် ကြီးလေး၏ဟု ထာဝရဘုရားထံဆို၏။) (၁၄) အကျွန်ုပ်ကို မြေကြီးပြင်မှ ယနေ့နှင်ထုတ်တော်မူပြီ၊ မျက်နှာတော်ကိုလည်း မမြင်ရ။ မြေကြီးပေါ်မှာ ပြေးရသောသူ၊ အရပ်ရပ်လည် ရသောသူ ဖြစ်ပါရမည်။ တွေ့သမျှသောသူတို့သည် အကျွန်ုပ်ကို သတ်ပါလိမ့်မည် ဟု ထာဝရဘုရားကို လျှောက်ဆို၏။" - ကမ္ဘာဦးကျမ်း ၄:၁၃၊ ၁၄ (Wycliffe ပြန်ကျမ်း)

ကာဣနသည် အပြစ်၏အကျိုးကို ခံရ၏။ အပြစ်သည် မဖြေနိုင်အောင်ကြီးပြီဟု ၎င်းက မှတ်၏။ ထိုသို့မှတ်ပြား တစ်ချိန်တည်းတွင် ထိုအကျိုးများအတွက် ဘုရားသခင်ကို တစ်

ဖက်မှ ပုံချပြန်၏။ တရားစီရင်ရာ၌ အကန့် (၂) ကန့်ရှိ၏။ ထို့ကြောင့် လက်ဝါးကားတိုင်၌လည်း မျက်နှာ (၂) ဖက်ရှိ၏။

၁။ အပြစ်မဖြေနိုင်ဟု စိတ်မလုံနိုင်ဖြစ်ပြီး မိမိကိုယ်ကို ပုံချခြင်း။

၂။ အပြစ်ကို ဘုရားအပေါ် ပုံချကာ မတရားစီရင်သူ ဖြစ်စေခြင်း။

အနီအမြင်များကြောင့် သမ္မာကျမ်းစာတွင် အကျည်းတန်သမိုင်းများကို တွေ့ရသည့်အခါ အနီသည် အမှန်တွင် စာတန့်စရိုက်ကို ပြခြင်းဖြစ်ပြား ဘုရားသည် အပြစ်သားများကို ဒဏ်ပေးသည့်ပမာ ပေါ်နေ၏။ အပြစ်သားဖက်မှရှုလျှင် ဘုရားသည် မတရားစွာစီရင်သည့် ပုံ ဖြစ်နေ၏။

> "ထာဝရဘုရား၏ဘုန်းတော်(သီလ)သည် တောင်ထိပ်ပေါ်မှာလောင်သော မီးကဲ့သို့ ထင်၍၊ ဣသရေလအမျိုးသားတို့သည် မြင်ရကြ၏။" - ထွက်မြောက်ရာကျမ်း ၂၄:၁၇

ပြီးခဲ့သည့်အခန်း၌ နိုးနှောခဲ့ပြီးသည့်အတိုင်း စာတန်က စိတ်ကြိုက်ခြယ်လှယ်နိုင်ရန် ခရစ် တော်ဘုရားသည် မိမိကိုယ်ကိုငြင်းပယ်ကာ ကားတိုင်လမ်းကိုလျှောက်ကာ ၎င်း၏သား သမီးများ၏ ဒုက္ခကို ကူခံပေးရ၏။ ထိုဒုက္ခခံခြင်းက မာရ်နတ်၏ မူလစရိုက်ကိုထုတ်ပြ၏။ ပြဿနာကား ပုထုဇဉ်များ၏ စိတ်မလုံခြင်းက ၎င်းတို့သည် သေထိုက်သည်ဟု မှတ်စေ သောကြောင့် ဘုရားသည် ၎င်းတို့ကိုရိုက်သည်ဟု မှတ်ကြခြင်းဖြစ်၏။

> "ဤအရာများကို ပြုကျင့်သောသူတို့သည် သေဒဏ်ခံထိုက်၏ဟူသော ဘုရားသခင်၏ပြဋ္ဌာန်းချက်ကို သူတို့သိလျက်နှင့်ပင် သူတို့ကိုယ်တိုင်ပြုကြသည်သာမက ထိုသို့ပြုကျင့်သောသူများကိုလည်း သဘောတူထောက်ခံကြ၏။" - ရောမဩဝါဒ စာ ၁:၃၂

ခရစ်တော်ဘုရား ကားတိုင်ပေါ်အချိတ်ခံရသည့် သရုပ်အမှန်ကို ငါတို့မြင်တတ်သည့်အခါ စာတန်သည် အဖော်ခံရကြောင်း၊ ဖျက်ဆီးသူသည် ဘုရားမဟုတ်ဘဲ စာတန်ဖြစ်ကြောင်းကို ငါတို့ဉာဏ်ပေါက်လာ၏။ အနှီသရုပ်မှန်က ဘုရားသခင်က သတ်ခြင်းအမှုကို ဆောင်ရွက်သည်ဟူသည့် လူ့စိတ်ကို ကုပေး၏။ နိမိတ်သင်္ကေတသည် နက်ရှိုင်းပြီး အမှန်မြင်ရန် အားစိုက်ရ၏။ မပြောင်းလဲသည့် ပရမတ်ကား ကျမ်းစာလာမြွေကြီး၏ ကြမ်းကြုတ်မှုကို သင်တွေ့သည်ရှိသော် ဘုရားသခင်အပေါ်ထားရှိသည့် သင့်အငုံစိတ်သည် ပျောက်နိုင်သည် ဟူသည့်တရား ဖြစ်၏။ သင်သည် အကြောက်တရားကို ပယ်သတ်ကာ ဘုရားသခင် နှင့် မှန်ကန်စွာ ပြန်၍သင့်မြတ်နိုင်ပါ၏။

> "ချစ်ခြင်းမေတ္တာ၌ ကြောက်ရွံ့ခြင်းမရှိ။ ကြောက်ရွံ့ခြင်းသည် အပြစ်ဒဏ်ခံရခြင်းနှင့်သက်ဆိုင်သည်ဖြစ်၍ စုံလင်သောချစ်ခြင်းမေတ္တာသည် ကြောက်ရွံ့ခြင်းကို ဖယ်ရှားတတ်၏။ ထို့ကြောင့် ကြောက်တတ်သောသူသည် ချစ်ခြင်းမေတ္တာနှင့် မပြည့်စုံသေး။" - ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄:၁၈

ထိုအကြောင်းကိုမှတ်ရင်းဖြင့် ငါတို့သည် ယခုတွင် ကပ် (၁၀) ပါးကာလအတွင်း သုံးခဲ့သည့် မြွေဖြစ်ခဲ့ဖူးသည့်လှံတံကို သုံးရခြင်းအကြောင်း အာရုံစိုက်ရန် အသင့်ဖြစ်ပါပြီ။

> "ထာဝရဘုရားကလည်း၊ သင်၏လက်၌အဘယ်အရာရှိသနည်းဟု မေးတော်မူလျှင်၊ လှံတံရှိပါ၏ဟုလျှောက်၏။ (၃) မြေပေါ်မှာပစ်ချလော့ဟု မိန့်တော်မူသည်အတိုင်းပစ်ချသဖြင့်၊ လှံတံသည် မြွေဖြစ်၍၊ မောရှေသည်သူ့ရှေ့မှပြေးလေ၏။ (၄) ထာဝရဘုရားကလည်း၊ သင့်လက်ကိုဆန့်၍ သူ့အမြီးကိုကိုင်ဖမ်းလော့ဟု မိန့် တော်မူသည်အတိုင်း၊ မောရှေသည် လက်ကိုဆန့်၍ဖမ်းမိသဖြင့်၊ သူ၏လက်၌ လှံတံဖြစ်ပြန်လေ၏။ (၅) သို့ပြုလျှင် သူတို့ဘိုးဘေးများ၏ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇာက်၏ဘုရား၊ ယာကုပ်၏ဘုရားတည်းဟူသော ထာဝရဘုရားသည် သင့်အား ထင်ရှားတော်မူကြောင်းကို ထိုသူတို့သည်ယုံကြလိမ့်မည်ဟု မိန့်တော်မူ၏။" - ထွက်မြောက်ရာကျမ်း ၄:၂-၅

လုံတံ (သို့) တောင်ဝှေးသည် ဘုန်းတော်ပြယုဂ်ဖြစ်၏။ နန်းတွင်းစကားအရ ရာဇလှံတံဟုဆို၏။ ဘုရား၏သားတော် ခရစ်တော်ဘုရား၌ ရာဇလှံတံရှိ၏။

> "သို့သော် သားတော်နှင့်ပတ်သက်၍မူကား 'အို ဘုရားသခင်၊ ကိုယ်တော်၏ပလ္လင်သည် ကမ္ဘာအဆက်ဆက်တည်၍ ဖြောင့်မှန်သောအုပ်ချုပ်မှုသည် ကိုယ်တော့်နိုင်ငံတော်၏ အုပ်ချုပ်မှုဖြစ်ပါ၏။'" - ဟေဗြဲသြဝါဒစာ ၁:၈

ခရစ်တော်ဘုရားကိုလည်း အနီရာဇလှံတံဟု ခေါ်သေး၏။

> "ထိုအရာကိုငါမြင်၏။ သို့သော်လည်း ယခုမဖြစ်ရသေး။ ထိုအရာကိုငါရှု၏။ သို့သော်လည်း ဖြစ်ရသောအချိန်မနီးသေး။ ကြယ်တလုံးသည် ယာကုပ်အမျိုး၌ ပေါ်ထွန်း၍၊ **ရာဇလှံတံသည် ဣသရေလအမျိုး၌ ထင်ရှားလိမ့်မည်။** မောဘပြည်စွန်းတိုင်အောင် ထိခိုက်၍ မငြိမ်မဝပ်ရုန်းရင်းခပ်ပြုတတ်သော သူအပေါင်းတို့ကို ဖျက်ဆီးလိမ့်မည်။" - တောလည်ရာကျမ်း ၂၄:၁၇

ခရစ်တော်ဘုရားသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်ပြီး (၁ ကော ၁:၂၄) ဘုရားသခင်၏ လက်ယာဘက်၌ ထိုင်၏ (ဟေဗြဲ ၃:၁)။ ၎င်းသည် ဘုရားသခင်၏ ညာလက်တော် (သို့) ညာလက်ရုံးဟုလည်း ဆို၏။

> "အိုထာဝရဘုရား၊ လက်ျာလက်တော်သည် တန်ခိုးအားဖြင့်ဘုန်းကြီးတော်မူ၏။ **အိုထာဝရဘုရား**၊ လက်ျာလက်တော်သည် ရန်သူတို့ကို ချိုးဖဲ့ဖျက်ဆီးတော်မူ ၏။" - ထွက်မြောက်ရာကျမ်း ၁၅:၆

မောရှေသည် ဘုရားကို ကိုယ်စားပြုမည့်အကြောင်းနှင့် အာရုံသည် မောရှေ၏နှုတ်ဖြစ်မည့်အကြောင်း ဘုရားသခင်က မိန့်ခဲ့၏။ မောရှေ ၎င်း၏လှံတံကို မြေပြင်သို့ချသည့်အခါ ခရစ်တော်ဘုရား၌ကိန်းသည့် ဣဒ္ဓိကြောင့် မြွေဖြစ်လာ၏။ ခရစ်တော်ဘုရားသည် ဘုရားသခင်၏ တန်ခိုးတော်ဖြစ်၏။ ဘုရားသခင်က မာရ်နတ်အား "သူ၏ဥစ္စာရှိသမျှသည် သင့်လက်၌ရှိ၏။" (ယောဘ ၁:၁၂) ဟု မိန့်သည့်အခါ ဘုရားသည် ၎င်း၏လှံတံကို မြေပြင်

ပေါ်သို့ ချခြင်းဖြစ်၏။ လုံတံသည် ခရစ်တော်ဘုရား ပုံဆောင်ခဲဖြစ်ပြီး ပုထုဇဉ်နှင့် သတ္တလောကရှိ ထိုသတ္တိအစွမ်းသည် မာရ်နတ်လက်တွင်းကျကာ မာရ်နတ်အလိုကျ က,ပေးရပြီး ၎င်း၏ကားတိုင်ကို ကရာနီတောင်ထိပ်ထိ ကိုယ်တိုင်သယ်ပိုးရန် ခရစ်တော်ဘုရားအား ခိုင်းစေသည့် ရောမစစ်သားများကို မာရ်နတ်က ခြယ်လှယ်ခဲ့၏။

ရောမစစ်သားများ၏စိတ်ကို မာရ်နတ်က ကြိုးကိုင်၏။ အမှန်ကား လောကကို အလင်းပြရန်ပွင့်ခဲ့သည့် ဘုရားကြောင့် ၎င်းတို့သည် အသက်ရှူနေနိုင်ကြခြင်းဖြစ်၏။ လူ့စိတ်အတွင်း ရှိ ခရစ်တော်ဘုရား၏ အစွမ်းကို မာရ်နတ်က ခရစ်တော်ဘုရားကို ကားတိုင်၌ရိုက်ရန်အ တွက် ခြယ်လှယ်ခဲ့၏။ ခဏမျှအချိန်ယူကာ ဆင်ခြင်ပါ။ အီဂျစ်ပြည်၌ကျခဲ့သည့် ကပ်ဘေး၊ ကမ္ဘာပေါ်၌ ဖြစ်ပျက်နေသည့် အနိဋ္ဌာရုံများကို ထိန်းပေးခဲ့သည့် ကယ်တင်ရှင်၏ လက်ဝါး တော်မြတ်ကို ရောမစစ်သားများက သံမှိုနှင့် ရိုက်သွင်းသည့်အဖြစ်ကို အာရုံမှတ်ကြည့်ပါ လေ။ ဤ၌ မြေပေါ်ကျသည့် တောင်ဝှေးအကြောင်း တွေ့ရ၏။

> “ထို့နောက် ရှေ့သို့အနည်းငယ်ကြွတော်မူပြီး မြေပေါ်၌ပျပ်ဝပ်လျက် ဖြစ်နိုင်လျှင် ဤအချိန်နာရီကို မိမိထံမှလွန်သွားစေမည့်အကြောင်း ဆုတောင်း၏။” - ရှင်မာကုခရစ်ဝင် ၁၄:၃၅

အဓမ္မအင်အားကြောင့် ပုထုဇဉ်များ ရှုံးနိမ့်တိုင်း မှော်လင့်စရာအဖြစ် ပြောင်းသွားသော တောင်ဝှေးရှိ၏။

> “ထိုအခါ သူတို့သည် သူငယ်ကို အထံတော်သို့ခေါ်ခဲ့ကြရာ ထိုနတ်သည် ကိုယ်တော်ကိုမြင်လျှင် သူငယ်ကို ချက်ချင်းတက်စေသဖြင့် သူငယ်သည် မြေပေါ်သို့ လဲကျပြီး ပါးစပ်မှအမြှုပ်ထွက်လျက် လူးလိမ့်နေ၏။” - ရှင်မာကုခရစ်ဝင် ၉:၂၀

ထို့ကြောင့် လူသားများ ဒုက္ခပင်လယ်ဝေကြသည်ကို မြင်ရတိုင်း အောက်ဖော်ပြပါကို ငါတို့ မြင်ကြ၏။ ။

"အမှုရောက်လေရာရာ၌ သူလည်းခံရ၏။ ရှေ့တော်မှ စေလွှတ်သော ကောင်းကင် တမန်သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော်ရှိသည်အတိုင်း ရွေးနုတ် တော်မူ၏။ ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။" - ဟေရှာယ ၆၃:၉

အမှန်တရားကား ဘုရားသခင်သည် မာရ်နတ်နောက်ကိုလိုက်ကာ အနိဋ္ဌာရုံများကို ပြုကြ သူများကို လက်စတုံးပစ်လိုက ရ၏။ သို့ဆိုလျှင် ခရစ်တော်၌ရှိသည့် ဘုရား၏တန်ခိုးကို စာတန်သည် သုံး၍မရတော့ပါ။ ပုထုဇဉ်များ ၎င်းတို့၏အဇ္ဈတ္တအတိုင်းနေနိုင်ရန် လူသား များက ဘုရားနှင့် ၎င်း၏ပညတ်တော်ကို ငြင်းဆန်ရန် ပိုင်းဖြတ်သည့်အခါ ခရစ်တော် ဘုရား လူသားများထံ ဌာပနာခဲ့သည့် ၎င်း၏အစွမ်းကို စာတန်အားသုံးခွင့်ပေးရ၏။ အနီ အစွမ်းကို မာရ်နတ် မည်သို့ခြယ်လှယ်ခဲ့သနည်း။ ဘုရားလက်အောက်မရှိသူ အားလုံးသည် မာရ်နတ်၏လူများဖြစ်ကြ၏။ ပုထုဇဉ်များ ၎င်း၏လက်အောက်ရောက်သည့်အခါ ဇာတ်တူ သား စားစေတော့၏။ မာရ်နတ်မှ စိတ်ကြိုက်စီမံနိုင်သည့်အခါတွင် ခရစ်တော်ဘုရား ပေးခဲ့သည့် အစွမ်းကို စာတန့်အလိုကျ အသုံးချကြ၏။ ထို့ကြောင့် ဘုရားသခင်၏အစွမ်း သည် မြေကြီးထံသို့ လက်ပြောင်းတော့၏။

လူသန်းချီကာ သေဆုံးကြသည့် စစ်သမိုင်းများကို ငါတို့ဖတ်ကြသည့်အခါ လူသားများထံ ခရစ်တော်ဘုရားပေးခဲ့သည့် အစွမ်းကို မာရ်နတ်က အဖျက်အမှောင့်လုပ်ငန်းအတွက် သုံးကြောင်း တွေ့ရ၏။ အနီအနိဋ္ဌာရုံများ၌ ဘုရားသခင်က မာရ်နတ်၏ ကြမ်းကြုတ်မှု များကို ၎င်း၏သားကိုလှူရာ၌ ၎င်း၏မေတ္တာကိုပြ၏။ ရောမနိုင်ငံ ဘုန်းထွားစဉ် ခရစ် တော်ဘုရား မည်မျှပူပန်မည်ကို သင်ခံစားပေးနိုင်သလော။ စစ်သားများသည် သားတော် ဘုရားပေးသည့် အသက်ဖြင့် စစ်ပြုကြ၏။ ခရစ်တော်ဘုရားမှ ထောက်ပေးသည့်အသက် ဖြင့် စာတန့်ပယောဂဖြင့် တုတ်၊ လှံ၊ ဓား၊ မြား များစွဲကာ သတ်ဖြတ်ကြ၏။ အားကောင်း မောင်းသန် စစ်သားများ သွေးဆာဆာဖြင့် သေကြချိန်၌ ခရစ်တော်ဘုရားသည် ရင်ဆို့ရ ၏။ လူသားတို့သည် အခွင့်အရေးကို

ဘုရားသခင့်လက်မှယူကာ ၎င်းတို့ကိုယ်တိုင်သုံးကြ သည့်အခါ ခရစ်တော်ဘုရား၏အစွမ်းသည် မာရ်နတ်လက်တွင်း ရောက်ရ၏။ သို့သော် မာရ်နတ်နိုင်ငံ၏သရုပ်ကိုချပြရန် ခရစ်တော်ဘုရားသည် အထုအထောင်းခံရန် လိုပြန်၏။ ၎င်းပေးခဲ့သည့်အသက်ကို အကုသိုလ်ပြုရန် သုံးကြကြောင်း ပြရန်လို၏။ အစမ္မအမှုတိုင်း က ခရစ်တော်ဘုရားကို နာစေ၏။ အကြောင်းမှာ ၎င်းကိုယ်ကို ငြင်းပယ်ကာ ကားတိုင် ထမ်းရ၊ လူသားများကို ၎င်းတို့နိဂုံးအတွက် လွတ်လပ်စွာရွေးခွင့်ပေးရ စသည်များကြောင့် ဖြစ်၏။

ဤအကြောင်းကို သတိကပ်ပါ။ အကြောင်းမှာ သစ်တိုင်ပေါ်၌ချိတ်ထားသည့် မြွေကြောင့် ဘယပျောက်ခြင်းအကြောင်းကို နားလည်နိုင်ရန် ပဓာနကျသောကြောင့်ဖြစ်၏။ ခရစ် တော်က ၎င်းအစွမ်းကို စာတန်အား သုံးခွင့်ပေးခြင်း၌ စာတန့်ရုပ်မှန်ကိုပြလေ၏။ ခရစ် တော်ဘုရားက စာတန်အား သတ်ခွင့်ပေးခြင်းသည် စာတန်၏ မိစ္ဆာရုပ်အမှန်ကို အထုပ် ဖြည်ပြ၏။ လက်ဝါးကားတိုင်က အနိဋ္ဌာရုံခပ်သိမ်းသည် စာတန့်ပယောဂဖြစ်ကြောင်း ပြ၏။ လက်ဝါးကားတိုင်က ဘုရားသခင်သည် ရန်သူကို ချစ်ပါကြောင်း (အရိမေတ္တိယျ) လူသားများမြင်နိုင်ရန် လမ်းခင်းပေး၏။ ခရစ်တော်ဘုရားအားဖြင့် ဘုရားသခင်သည် လူသားများနှင့် ပြန်လည်သင့်မြတ်ကာ ၎င်း၏အတ္တမဖက်သည့်သိက္ခာကိုပြခဲ့၏။ မာရ်နတ် ကို လက်စတုံးနိုင်ရန် ခရစ်တော်ဘုရား၏ ပြဋ္ဌိဟာကို လုံ့တံတော်၌ ပြန်၍ဥာပနာရပါမည်။

> "ထာဝရဘုရားကလည်း၊ သင့်လက်ကိုဆန့်၍ သူ့အမြီးကိုကိုင်ဖမ်းလော့ဟု မိန့် တော်မူသည်အတိုင်း၊ မောရှေသည် လက်ကိုဆန့်၍ဖမ်းမိသဖြင့်၊ သူ၏လက်၌ လှံ့တံဖြစ်ပြန်လေ၏။" - ထွက်မြောက်ရာကျမ်း ၄:၄

အမြီးသည် ဘာကို နိမိတ်ပြသနည်း။

“ဦးခေါင်းကား၊ အသက်ကြီးသူနှင့် အသရေရှိသူတည်း။ အမြီးကား၊ မုသာကိုဟော ပြောသော ပရောဖက်တည်း။” - ဟေရှာယ ၉:၁၅

မြွေကြီး၏အမြီး၌ ဘုရားသခင်၏ သိက္ခာတော်အကြောင်း လူသားများ အမှတ်မှားစေသည့် မုသားကိန်း၏။ ဘုရားက ၎င်း၏သားတော်ကို အမျက်ဖြင့်သတ်ခဲ့သည်ဟု မာရ်နတ် သည် လူသားများကို မှတ်စေ၏။

“သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါ ဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုငင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုငင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။” - ဟေရှာယ ၅၃:၄

စာတန့်အစွမ်းပျောက်ရန်အတွက် ဘုရားသခင့်အကြောင်း မုသာသုံးခဲ့သည်များကို အထုပ် ဖြည်ရန်လို၏။ ယေရှုဘုရားက “အမှုပြီးပြီ” ဆိုသည့်အခါ ယေရှုသည် ဘာကိုပြီးမြောက်ခဲ့ ခြင်းနည်း။

“အကျွန်ုပ်ဆောင်ရွက်ရန် ကိုယ်တော်ပေးအပ်တော်မူသောအမှုတော်ကို အကျွန်ုပ်သည် ပြီးမြောက်စေ၍ ကိုယ်တော်၏ဘုန်းတော်ကို မြေကြီးပေါ်၌ ထင်ရှားစေပါပြီ။” - ရှင်ယောဟန်ခရစ်ဝင် ၁၇:၄

သင်ခင်ယေရှုက “အကျွန်ုပ်သည် ကိုယ်တော်ကို ဘုန်းထင်ရှားစေပြီ” ဟု ဆိုသည့်အခါ ခမည်းတော်၏သိက္ခာကို ချပြခဲ့ပြီးဖြစ်ကြောင်းကို ဆိုခြင်းဖြစ်၏ - ထွက်မြောက်ရာ ၃၃:၁၈၊ ထွက်မြောက်ရာ ၃၄:၅-၇။ “အမှုပြီးပြီ” ဟု ယေရှုဘုရား ဟစ်ကြွေးခြင်းမှာ ၎င်းက မြွေ ကို အမြီးမှကိုင်ရမ်းခြင်းဖြစ်၏။ ဆိုလိုရင်းကား ခမည်းတော်သည် ကြမ်းရမ်းသည်ဆိုသည့် စာတန်၏မုသားနှင့် စာတန်သည် အသက်သတ်သူ၊ ဖျက်ဆီးသူဖြစ်ကြောင်းကို ယေရှု ဘုရားက အထုပ်ဖြည်ပြခြင်းဖြစ်၏။

အနှီအမှန်တရားကြောင့် တမန်တော်များ အသက်ရှိစဉ်အတွင်း ဝမ်းမြောက်ဖွယ်တရားထူး သည် ကမ္ဘာတစ်ဝှမ်းသို့ ပြန့်နိုင်ရခြင်းဖြစ်၏။

> "သို့သော် သင်တို့သည် သင်တို့ကြားခဲ့ရသည့် ကောင်းမြတ်သောသတင်း၏ မျှော်လင့်ခြင်းမှ သွေဖည်မသွားဘဲ ခိုင်မြဲစွာအုတ်မြစ်ချထားသည့် ယုံကြည်ခြင်း၌ ဆက် ၍တည်နေရမည်။ **ထိုကောင်းမြတ်သောသတင်းကို ကောင်းကင်အောက်ရှိ ဖန် ဆင်းခံလောကတစ်ခုလုံးအား ဟောပြောနေသည်**ဖြစ်၍ ငါပေါလုသည် ၎င်း၏ အမှုတော်ဆောင်ဖြစ်လာ၏။" - ကောလောသဲဩဝါဒစာ ၁:၂၃

လက်ဝါးကားတိုင်အကြောင်း ကျန်သေးသည့်စိန်ခေါ်မှုကား ပုထုဇဉ်များက ဘုရားသခင်က ပုထုဇဉ်အပေါ် ထွက်ခဲ့သည့်အမျက်ကိုဖြေသိမ့်ရန် သားတော်ကိုဒဏ်ပေးသည်ဟု မှတ်ကြခြင်းအကြောင်းဖြစ်၏။ အနှီအမှတ်မှားခြင်းက စာတန်အား မှသားထွင်နိုင်ရန် လမ်းသာစေ၏။ အထူးအားဖြင့် လက်ဝါးကားတိုင်၏ တရားအစစ်ကို အမှောင်ချ၏။ အနှီ အဖြစ်က တိုင်ပေါ်အချိတ်ခံရသည့်မြွေကို မြေပေါ်ဆင်းခွင့်ပြုကာ မှောင်ရိပ်အားကိုးဖြင့် ဘုရားသခင်သည် ရက်စက်၏ဟု လူသားများကို သွေးထိုး၏။

အီဂျစ်ပြည်သူပြည်သားများသည် ယောသပ်အားဖြင့် ဘုရားမှန်သိခွင့်ရှိခဲ့ကြ၏။ အီဂျစ်ပြည်နှင့် အိမ်နီးချင်းတိုင်းပြည်များတွင် ကျရောက်မည့် ဒုဗ္ဘိက္ခရင်တ်မွတ်ဘေးအတွက် တင်ကြိုပြင်ဆင်နိုင်ရန် ဘုရားသခင်သည် ယောသပ်ကို ပညာဉာဏ်ပေးခဲ့၏။

> "ယောသပ်ပြောသည်အတိုင်း အစာခေါင်းပါးသောနှစ်တို့သည် ရောက်စရှိ၏။ ထိုအခါ ခပ်သိမ်းသောပြည်တို့၌ အစာခေါင်းပါးခြင်းရှိသော်လည်း အဲဂုတ္တုပြည်၌ ဆန် စပါးရှိသေး၏။" - ကမ္ဘာဦးကျမ်း ၄၁:၅၄

ဖာရောမင်းသည် အငတ်ဘေး (၇) နှစ်ကျမည်ကို အိပ်မက်ရခဲ့၏။ တိုင်းသူပြည်သားများကို အငတ်ဘေးမှ ကယ်နိုင်ရန် ဘုရားသခင်သည် ယောသပ်ကိုလျာထား၏။

ကမ္ဘာဦးကျမ်း ၄၁:၂၅-၃၆။ ထိတ်လန့်ဖွယ် ဒုဗ္ဘိက္ခရကပ်သည် အဘယ်ကြောင့် ထိုတိုင်းပြည်များသို့ ကျ ရောက်ရသနည်း။

> "သင်တို့သည် ကိုယ်အဘို့ထုလုပ်သော ရုပ်တုဆင်းတုကို မရှိစေရ။ သင်တို့ပြည်၌ ကိုးကွယ်စရာ မှတ်တိုင်ကိုမစိုက်ရ။ ထုသောကျောက်ကို ထောင်၍မထားရ။ ငါသည် သင်တို့၏ဘုရားသခင် **ထာဝရဘုရားဖြစ်၏**။ (၂) ငါ့ဥပုသ်နေ့တို့ကိုစောင့်၍၊ ငါ့သန့်ရှင်းရာဌာနတော်ကို ရိုသေရမည်။ ငါသည် **ထာဝရဘုရားဖြစ်၏**။ (၃) သင်တို့သည်၊ ငါ့ထုံးဖွဲ့ရာလမ်းသို့လိုက်၍၊ ငါပညတ်တို့ကိုကျင့်စောင့်လျှင်၊ (၄) အချိန်တန်မှ ငါသည်သင်တို့အဘို့ မိုဃ်းရွာစေသဖြင့်၊ မြေသည် မိမိဘဏ္ဍာကို ပေး၍၊ ဥယျာဉ်အပင်တို့သည် အသီးသီးကြလိမ့်မည်။" - ဝတ်ပြုရာကျမ်း ၂၆:၁-၄

ဤစာအုပ် အခန်း (၁၃) ၌ လူသားများကို ကောင်းချီးဖြစ်စေရန် သဘာဝကြီး၌ ဘုရားသခင်သည် နိယာမတရားကို ဌာပနာပေးခဲ့ကြောင်း ငါတို့အမှတ်ရပါ၏။

> ပုထုဇဉ်နှင့် သဘာဝကြားဆက်စပ်မှုကား ပုထုဇဉ်များဆိုးလာလျှင် လေ၊ မီး၊ ရေများလည်း ဆိုးလာမည်ဖြစ်၏။ ပုထုဇဉ်များ ဘုရား၏ပညတ်တော်များကို ချိုးဖောက်လေလေ ကမ္ဘာမြေကြီးလည်း သဘာဝတရားကိုချိုးဖောက်မည်ဖြစ်ပြီး ၎င်းတို့၏ပုန်ကန်မှုကို အလင်းပြမည်ဖြစ်၏။ *အတ္တမဲ့မေတ္တာတော်,* အခန်း (၁၃), စာ - 156

အီဂျစ်နိုင်ငံသားများသည် အိမ်နီးချင်းနိုင်ငံများနည်းတူ ရုပ်တုများ ကိုးကွယ်ကြ၏။ ၎င်းတို့ သည် ဥပုသ်တော်နေ့ (Sabbath) ကို မစောင့်၊ ဘုရား၏ဗိမာန်တော်ကို မရိုသေကြပါ။ မောရှေသည် ဘုရားကိုယ်စား ဖာရောမင်းထံ လျှောက်တင်သည့်အခါ ထိုဘုရားသည် မည် သူနည်းဟုမေးပြီး "ထာဝရဘုရားကိုငါမသိ" ဟု ကန့်လန့်တိုက်ခဲ့၏။ ယခုတွင် ဖာရော မင်းသည် ယောသပ်ကို မအောက်မေ့တော့။ အီဂျစ်ပြည်သည်

ယောသပ်ကြောင့် ကြွယ်ဝ လာခဲ့၏။ ထို့ကြောင့် ဤဖြစ်ရပ်သည် ဘုရားသခင်ကို အသိအမှတ်မပြုခြင်းဖြစ်၏။

"အကြောင်းမူကား သူတို့သည် **ဘုရားသခင်ကိုသိလျက်နှင့်ပင် ဘုရားအဖြစ်ဘုန်းတော်ကိုမချီးမွမ်း၊ ကျေးဇူးလည်းမတင်ကြပေ။** သူတို့၏တွေးတောဆင်ခြင်မှုများ သည် အချည်းနှီးဖြစ်သွား၍ သူတို့၏အသိတရားကင်းမဲ့သောစိတ်နှလုံးကိုလည်း အမှောင်ဖုံးလွှမ်းလေ၏။ (၂၂) သူတို့သည် မိမိတို့ကိုယ်ကိုပညာရှိများ ဖြစ်သည်ဟု ဆိုလျက်နှင့် မိုက်မဲသောသူများဖြစ်လာကြပြီး (၂၃) **ဖောက်ပြန်ပျက်စီးခြင်းနှင့် ကင်းသော ဘုရားသခင်၏ဘုန်းအသရေတော်ကို ဖောက်ပြန်ပျက်စီးတတ်သော လူ၊ ကျေးငှက်၊ ခြေလေးချောင်းသတ္တဝါနှင့် တွားသွားသတ္တဝါတို့၏ သဏ္ဌာန်နှင့်တူသော ရုပ်တုဖြင့် လဲလှယ်ကြ၏။**" - ရောမဩဝါဒစာ ၁:၂၁-၂၃

၎င်းတို့သည် ပညတ်တရားအမျိုးမျိုးကို မစောင့်ကြပါ။ နိမ်ရောဒလက်ထက်မှ ထူထောင်လာကြသည့် နိုင်ငံများက ကောင်းကင်ဘုံရှိ ဘုရားသခင်ကို ဆန့်ကျင်ပြီး ၎င်းတို့၏ဆန္ဒအတိုင်း ပြုကျင့်ကြ၏။ အီဂျစ်ပြည်၊ ခါနာန်ပြည်သည် ဟာမ,ကျက်စားခဲ့ရာအရပ်ဟုလည်း ဆို၏။

"ဤသို့ဖြင့် အစ္စရေးသည် အီဂျစ်ပြည်သို့ရောက်လာပြီး ယာကုပ်သည် ဟာမ,၏ပြည်တွင် ဧည့်သည်အဖြစ်နေထိုင်၏။" - ဆာလံကျမ်း ၁၀၅:၂၃

ဟာမ,သည် ဖခင်နောအေပေါ်ပြုခဲ့သည့်လုပ်ရပ်ဖြင့် ၎င်း၏မျိုးဆက်ကို ဆိုးမွေပေးခဲ့၏။

"ခါနာန်၏ အဘဟာမသည်၊ မိမိအဘ၌အဝတ်အချည်းစည်းရှိသည်ကိုမြင်လျှင် ပြင်မှာရှိသော အစ်ကိုနှစ်ယောက်ကို ပြောလေ၏။ (၂၃) ရှေမနှင့် ယာဖက်တို့သည် အဝတ်ကိုယူ၍ ပခုံးပေါ်မှာတင်ပြီးလျှင်၊ နောက်သို့ဆုတ်သွား၍ မိမိအဘ၌၊ အဝတ် အချည်းစည်းရှိသည်ကို ဖုံးကြ၏။ သူတို့သည်အပြင်သို့မျက်နှာပြုသောကြောင့်၊ မိမိအဘ၌ အဝတ်အချည်း

စည်းရှိသည်ကို မမြင်ရ။ (၂၄) **နောသည် ယစ်မူခြင်း ပျောက်၍ နိုးသောအခါ၊ မိမိ၌သားငယ်ပြုသည်ကိုသိလျှင်၊** (၂၅) ခါနာန်သည် ကျိန် ခြင်းကို ခံပါစေ။ အစ်ကိုတို့၏ကျွန်တို့၌ ကျွန်ဖြစ်ပါစေဟု ဆို၏။" - ကမ္ဘာဦးကျမ်း ၉:၂၂-၂၅

၎င်း၏သားသည် ၎င်းအပေါ်မည်သို့ပြုခဲ့ကြောင်း နောနိုးလာသည့်အခါ သိခြင်း၌ ဟာမ သည် ဖခင်ကို အသားရှုခြင်းထက်ပိုကြောင်းကို နောသိ၏။ ဣသရေလများ အီဂျစ်ပြည်မှ ထွက်လာသည့်အခါ ခါနနိများ၊ အီဂျစ်များ ပြုသည့်အတိုင်း မပြုကြရန် ဘုရားသခင်က မိန့်ခဲ့၏။

> "သင်တို့နေဖူးသော အဲဂုတ္တုပြည်၏အကျင့်ကိုင်း၊ သင်တို့ကို ငါပို့ဆောင်လတ္တံ့သော ခါနာန်ပြည်၏အကျင့်ကိုင်း၊ သင်တို့သည်မကျင့်၊ သူတို့ တရားလမ်းသို့ မလိုက်ရကြ။" - ဝတ်ပြုရာကျမ်း ၁၈:၃

ထိုနိုင်ငံများက ဘာပြုမူကြကာ ထာဝရဘုရားသခင်က ဣသရေလများကို တားသနည်း။

၁။ သွေးရင်းစပ်ယှက်၏။ ဝတ်ပြုရာကျမ်း ၁၈:၆-၁၈

၂။ အမျိုးသမီး ဓမ္မတာဆင်းချိန်ကိုပင် မရှောင်။ ဝတ် ၁၈:၁၉

၃။ ကာမဖောက်ပြန်၏။ ဝတ် ၁၈:၂၀

၄။ သားသမီးတို့ကို မီးပူဇော်၏။ ဝတ် ၁၈:၂၁

၅။ လိင်တူဆက်ဆံကြ၏။ ဝတ် ၁၈:၂၂

၆။ တိရစ္ဆာန်နှင့် ဆက်ဆံ၏။ ဝတ် ၁၈:၂၃

ထိုထိုများသည် ဟာမ,မျိုးဆက်၏ အပြစ်များဖြစ်၏။ ဘုရား၏ပညတ်ကို ချိုးဖောက်သည့် ထိုထိုတရားပျက်မှုများသည် သဘာဝတရားအပေါ် တန်ပြန်အကျိုးသက်စေ၏။

"ထို့ကြောင့် ဘုရားသခင်သည် သူတို့အချင်းချင်း မိမိတို့ကိုယ်ခန္ဓာအသရေကို ဖျက်ဆီးစေရန် သူတို့ကို မိမိတို့စိတ်နှလုံးတပ်မက်သည့်အတိုင်း ညစ်ညူးခြင်း လက်သို့ အပ်လိုက်လေ၏။ (၂၅) သူတို့သည် ဘုရားသခင်၏သမ္မာတရားကို မုသား နှင့်လဲလှယ်၍ ဖန်ဆင်းတော်မူသောအရှင်အစား ဖန်ဆင်းတော်မူသောအရာကို ကိုးကွယ်ဝတ်ပြုကြ၏။ ဖန်ဆင်းတော်မူသောအရှင်သည် ကာလအစဉ်အဆက် မင်္ဂလာရှိတော်မူ၏။ အာမင်။ (၂၆) ထို့ကြောင့် ဘုရားသခင်သည် သူတို့ကို ရှက်ဖွယ်ကောင်းသောကိလေသာလက်သို့ အပ်လိုက်သဖြင့် သူတို့ထဲမှ မိန်းမတို့ပင် လျှင် သဘာဝနှင့်လျော်ညီသောဆက်ဆံမှုကို သဘာဝနှင့်ဆန့်ကျင်သောဆက်ဆံမှု ဖြင့် လဲလှယ်ကြ၏။" - ရောမဩဝါဒစာ ၁:၂၄-၂၆

ထိုထိုအပြစ်များအပြင်၊ မသန့်သည့်အစာစားခြင်း၊ အသွေးစားသုံးခြင်းအပြင် ဝတ်ပြုရာ ကျမ်း၌ တွေ့ရသည့်အပြစ်များက ပထဝီမြေကြီးကို ငရဲပေး၏။

"ပြည်တော်သည် ငိုကြွေး ညှိုးငယ်ခြင်းရှိ၏။ လောကသည် အားလျော့၍ ညှိုးငယ်ခြင်းရှိ၏။ ဘုန်းကြီးသော ပြည်သားတို့သည် အားလျော့ကြ၏။ (၅) ပြည်သားတို့သည် တရားတော်ကို လွန်ကျူးခြင်း၊ အမိန့်တော်ကို ပြောင်းလဲခြင်း၊ ထာဝရ သစ္စာတော်ကို ဖျက်ခြင်းအကြောင်းကြောင့်၊ ပြည်တော်သည် ညစ်ညူးခြင်းရှိ၏။ (၆) ထို့ကြောင့်၊ ကျိန်တော်မူသော အကျိန်သည် ပြည်တော်ကို လွှမ်းမိုးပြီ။ ပြည်သားတို့အပေါ်မှာ အပြစ်ရောက်လေပြီ။ ထို့ကြောင့် ပြည်သူတို့သည် ပူလောင်ကြသဖြင့်၊ ကြွင်းကျန်သောသူတို့သည် နည်းကြ၏။" - ဟေရှာယ ၂၄:၄-၆

ခါနနိနှင့် အီဂျစ်များသည် ဘုရားသခင်၏ပညတ်တော်ကို ကျူးလွန်ကြ၏။ ထိုနိုင်ငံတို့တွင် ကျရောက်သည့် အင်္ဂတ်ဘေး (၇) နှစ်သည် ၎င်းတို့၏ အမူအကျင့်များကြောင့် အနာဂတ် တွင် ထို့ထက်ဆိုးသည့်ဘေး ရောက်မည်ကိုပြသည့် ပုဗ္ဗနိမိတ်ဖြစ်၏။ ဘုရားသခင်သည် မေတ္တာတရားဖြင့် ၎င်းတို့၏ ဒုစရိုက်များကို

သံဝေဂရပြီး ဘုရားမှန်ကိုသိကြရန် ယောသပ် ကို အီဂျစ်ပြည်သို့ပို့ခဲ့၏။ ကာမေသုမိစ္ဆာစာရကံနှင့်စပ်လျဉ်းပြီး အခြေခံဥပဒေ၌ အောက်ပါ အတိုင်း သတိပေးထား၏။

> "သူတို့ပြည်သည်လည်း ညစ်ညူး၏။ ညစ်ညူးသောအပြစ်ကြောင့် ငါဆုံးမ၍၊ ထို ပြည်သည် မိမိသားတို့ကို အော့အန်လိမ့်မည်။" - ဝတ်ပြုရာကျမ်း ၁၈:၂၅

အီဂျစ်၊ ခါနနိလူများ၏ ဒုစရိုက်များက ပထဝီမြေကြီးကို တန်ပြန်အကျိုးပေးရန် လမ်းခင်း ပေးနေ၏။ ဘုရားသခင်ကို လူသားများ ကန့်လန့်တိုက်ကြသည့်အကျိုးကို သဘာဝလော ကက တုံ့ပြန်၏။ သဘာဝလောကကြီးက ထိုသို့ပြုရန် မာရ်နတ်က ထိုတိုင်းသူပြည်သား များကို သွေးထိုးပြီး ထို့နောက်တွင် ဘုရားကြောင့်ဟု သမုတ်၏။ အမှန်ကား ဘုရားသခင် သည် ရုပ်တုကိုးကွယ်ကြသည့် အီဂျစ်နှင့် အခြားနိုင်ငံများကိုလည်း ကယ်လို၏။ ၎င်းတို့ ပျက်စီးရန် အလိုမရှိခဲ့ပါ။ သို့သော် ၎င်းတို့က ဥယျောဇဉ်ပြုခြင်းကို ငြင်းပယ်ခဲ့ကြ၏။

ကပ်ဘေးအကြောင်း ငါတို့အနုလုံပဋိလုံစိပ်သည့်အခါ ငါတို့အထူးအာရုံပေးရမည့် ကျမ်း ချက်ရှိ၏။

> "အကြောင်းမူကား၊ ငါသည် သင်၏ဘုရားသခင် ထာဝရဘုရားဖြစ်၏။ သင့်ကို ရွေးဘို့၊ အဲဂုတ္တုပြည်ကို ငါပေး၏ ..." - ဟေရှာယ ၄၃:၃

သမ္မာကျမ်းစာက ကပ်ဘေးများအကြောင်းကို လက်ဝါးကားတိုင်ဗေဒဖြင့်ပြ၏။ ဣသရေ လများ လွတ်မြောက်ရန် တစ်စုံတစ်ရာဖြင့် ရွေးခဲ့၏။ ကပ်ဘေး၌ သင်္ကေတသည် အလွှာ များစွာရှိပြီး ငါတို့သည် အကုန်အစင်နှီးနှောရန် အချိန်မဖဲ့နိုင်ပါ။ ငါတို့ အာရုံထားသည်မှာ အီဂျစ်နိုင်ငံတွင်ကျခဲ့သည့် ကပ်ဘေးများကို လက်ဝါးကားတိုင်ဖက်မှ ရှုခြင်းဖြစ်၏။

"မောရှနှင့်အာရုန်သည် ဖာရောဘုရင်ထံသို့ဝင်၍ ထာဝရဘုရားမိန့်တော်မူသည် အတိုင်းပြုသဖြင့်၊ အာရုန်သည် ဖာရောဘုရင်ရှေ့၊ သူ၏ကျွန်များရှေ့မှာလှံတံကို ချ၍ မြွေဖြစ်လေ၏။" - ထွက်မြောက်ရာကျမ်း ၇:၁၀

လှံတံမှမြွေဖြစ်သည့် တန်ခိုးသည် ဖာရောမင်းရှေ့တွင် အခါခါပြခဲ့၏။ အနီက မြွေ၏အစွမ်း ပြတော့မည့်အကြောင်း အီဂျစ်များအား သင်ခန်းစာပေးခြင်းဖြစ်၏။

"ကိုယ်တော်သည် **ဘေးအန္တရာယ်ပြုတတ်သည့် ကောင်းကင်တမန်တစ်စု**တည်း ဟူသော မိမိ၏ပြင်းထန်သောအမျက်၊ ဒေါသ၊ မျက်မာန်နှင့်ဆင်းရဲဒုက္ခကို **သူတို့ထံ သို့ စေလွှတ်တော်မူ၏။**" - ဆာလံကျမ်း ၇၈:၄၉

ကပ်ဘေးဖြစ်စဉ်ကို ဆာလံကျမ်းက နတ်ရဲတို့၏ ပယောဂဟုဆို၏။

"ကိုယ်တော်သည် **ထိုပြည်သားတို့၏မြစ်များကို သွေးအဖြစ်ပြောင်းလဲ** စေတော်မူ သဖြင့် သူတို့သည် မိမိတို့၏မြစ်ရေကို သောက်၍မရခဲ့ကြပေ။ (၄၅) ကိုယ်တော် သည် သူတို့ကိုဝါးမျိုမည့် ယင်ရဲအုပ်ကိုလည်းကောင်း၊ သူတို့ကိုဖျက်ဆီးမည့် ဖား တို့ကိုလည်းကောင်း သူတို့ထံသို့ စေလွှတ်တော်မူ၏။ (၄၆) သူတို့၏အသီးအနှံကို နှံကောင်တို့အားလည်းကောင်း၊ သူတို့လုပ်ဆောင်ရရှိသောအရာကို ကျိုင်းကောင် တို့အားလည်းကောင်း ပေးတော်မူ၏။ (၄၇) သူတို့၏စပျစ်ပင်များကို မိုးသီးဖြင့် လည်းကောင်း၊ သူတို့၏သဖန်းပင်များကို နှင်းခဲဖြင့်လည်းကောင်း ဖျက်ဆီးတော်မူ ၏။ သူတို့၏တိရစ္ဆာန်တို့ကို မိုးသီးလက်သို့လည်းကောင်း၊ (၄၈) သူတို့၏သိုးနွားတို့ ကို မိုးကြိုးလက်သို့လည်းကောင်း အပ်တော်မူ၏။ (၄၉) ကိုယ်တော်သည် ဘေး အန္တရာယ်ပြုတတ်သည့် ကောင်းကင်တမန်တစ်စုတည်းဟူသော မိမိ၏ပြင်းထန် သောအမျက်၊ ဒေါသ၊ မျက်မာန်နှင့်ဆင်းရဲဒုက္ခကို သူတို့ထံသို့စေလွှတ်တော်မူ၏။ (၅၀) ကိုယ်တော်သည် မိမိ၏အမျက်တော်အတွက် လမ်းကိုပြင်ဆင်လျက် သူတို့ ၏စိတ်ဝိညာဉ်ကို သေဘေးမှလွတ်ကင်းခွင့်မပေးဘဲ **သူတို့၏အသက်ကို ကပ် ရောဂါလက်သို့ အပ်တော်မူ၏။** (၅၁) ဟာမ၏တဲများမှ ယောကျ်ားအားမာန်၏

> အသီးဦးတည်းဟူသော အီဂျစ်ပြည်မှ သားဦးရှိသမျှတို့ကို ဒဏ်ခတ်တော်မူ၏။" - ဆာလံကျမ်း ၇၈:၄၄-၅၁

အထက်ပါကျမ်းပိုဒ်၌ အများသော ကပ်ဘေးများကို နတ်ရဲများစေလွှတ်ခြင်းနှင့် ဆက်ပြ၏။ အီဂျစ်များ ဘုရားကိုငြင်းပယ်၊ ပညတ်တော်ကို ငြင်းပယ်ကြသည်ကြောင့် ဘုရားကလည်း ကာလနာသို့ အပ်ပေးရတော့၏။ ကပ်ဘေးသည် ဘုရား၏ပဋိညာဉ်ကို ချိုးဖျက်ခြင်းဟု ပြထား၏။

> "**ငါ့ပဋိညာဉ်ဘက်၌နေ၍၊** တရားစီရင်ရသောဓားဘေးကို သင်တို့အပေါ်မှာ ငါ သက်ရောက်စေမည်။ သင်တို့သည်မြို့ထဲ၌၊ စုဝေးသောအခါ၊ ကာလနာဘေးကို ငါ စေလွှတ်၍၊ **ရန်သူလက်သို့ရောက်စေမည်။**" - ဝတ်ပြုရာကျမ်း ၂၆:၂၅

သဘာဝလောကကြီးသည် ပုထုဇဉ်တို့ကို ထိုသို့ပြုနိုင်ရန် နတ်ရဲများ မည်သို့ပါဝင်ကြ (သို့) ၎င်းတို့က သဘာဝတရားကို မည်သို့ကြိုးကိုင်ကြောင်း ရှင်းစွာမသိရပါ။ သို့တိုင်လည်း အခြေခံတရား (၂) ခုဖြစ်ကြသည့် သဘာဝတရားနှင့် နတ်ရဲတို့ ပေါင်းစည်းခြင်းက အီဂျစ်ပြည်ကို ကပ်ဆိုက်စေ၏။ အနီကပ်အတွင်း၌ပင် ၎င်းတို့သည် နောင်တရကာ ကယ်တင်ခြင်းရကြရန် ဘုရားသခင်သည် စီမံခဲ့၏။ မြင်တွေ့ရသည့် အစွမ်းတန်ခိုးခပ်သိမ်းသည် ခရစ်တော်ဘုရားထံမှဖြစ်ကြောင်း သတိချပ်ရပါမည်။ အကြောင်းမှာ ခရစ်တော်ဘုရားသည် ဘုရားသခင်၏ တန်ခိုးတော်နှင့် ပညာဉာဏ်ဖြစ်သောကြောင့်... ။ သို့စေမူ အနီအနိဋ္ဌာရုံများ ဖြစ်ပျက်နိုင်ရန် ခရစ်တော်ဘုရားသည် ၎င်း၏ကားတိုင်ကို သယ်ပိုး၏။

ခရစ်တော်ဘုရား၏တန်ခိုးသည် အီဂျစ်ပြည်သားတိုင်း၌ ကိန်း၏။ ပုထုဇဉ်တစ်ဦးဦးကို သတ်ခြင်းသည် ခရစ်တော်ဘုရားကို ညှင်းဆဲခြင်းဖြစ်၏။ သားသေကိုချီပွေ့သည့် အီဂျစ်မိခင်၏အပူမီးကို သင်အာရုံခံနိုင်သလော။ ဤဖြစ်စဉ်၌ သခင်ခရစ်တော်လည်း ထိုမိခင်နည်းတူခံရ၏။ ဤနေရာ၌ ကားတိုင်သည်စိုက်ထောင်ပြီး ခရစ်တော်သည်

သွေးစိမ်းရှင်ရှင် အချိတ်ခံရ၏။ ဘုရားသခင်က စာတန်အား သားတော်၏ပြာဋ္ဌိဟာကို ယူခွင့်ပေးသည့် အခါ ၎င်း၏သူငယ်အိမ်ကို စာတန်အား ထိုးခွင့်ပေးရာရောက်၏။

> "ကိုယ်တော်သည် မိမိ၏အမျက်တော်အတွက်[H639 nose, face] လမ်းကိုပြင်ဆင်လျက် သူတို့၏စိတ်ဝိညာဉ်ကို သေဘေးမှလွတ်ကင်းခွင့်မပေးဘဲ သူတို့၏အသက်ကို ကပ်ရောဂါ[H1698 - destroying]လက်သို့ အပ်တော်မူ၏။" - ဆာလံ ကျမ်း ၇၈:၅၀

ဤကျမ်းပိုဒ်သည် အီဂျစ်တိုင်းပြည်၌ကျသည့် ကပ်ဘေးများအကြောင်းဖွင့်ဆို၏။ ဤကျမ်းပိုဒ်က ဘုရားသခင်သည် လမ်းကိုပြင်ဆင်သည် ဟုဆို၏။ ၎င်း၏ချစ်သားသည် ၎င်း၏ပီတိဖြစ်၏။ အီဂျစ်နိုင်ငံသားများကို အဖျက်သမားလက်၌ သေခွင့်ပေးချိန်၌ ၎င်း၏ သားတော်ကိုလည်း ဒုက္ခခံရန်ခွင့်ပြု၏။ ထို့ကြောင့် အီဂျစ်ပြည်ကပ်ကျချိန်နှင့် ၎င်း၏သား တော်ကြုံရသည့်ဒုက္ခအတွက် ခမည်းတော်သည် အမှောင်ထု၌ တစ်ထီးတည်းရပ်ပြီး မျက်ရည်ကျခဲ့ပါ၏။

ကပ်ဘေးများသည် ကျပန်းသဘောကျခြင်းမဟုတ် အီဂျစ်များ ဘုရားပြုကိုးကွယ်သည် များကို ဦးတည်၏။ အီဂျစ်ပြည်သားများသည် အခြားသော ဆင်းတုကိုးကွယ်သူများ အတိုင်း ၎င်းတို့၏ဘုရားကို ခယကြ၏။ မဟုတ်လျှင် ဒဏ်ခံရမည်။ ကပ်ဘေးသည် ၎င်းတို့ ကို အမှန်တရားပြခြင်း ဖြစ်၏။ ဆင်းတုဘုရားပြု ကိုးကွယ်ခြင်း၊ သားငယ်များကို အဂ္ဂိမီး ပူဇော်ခြင်း၊ ကျွန်ကို အစမ္ဗခိုင်းခြင်း၊ ခံတွင်းအကျင့်ပျက်ခြင်း၊ ကာမအကျင့်ပျက်ခြင်း များသည် ယခုတွင် အကျိုးမှန်ပြပြီ။ နိုင်းမြစ်ကို ပေါကြွယ်မှုဆောင်ကြဉ်းသည့် ဟာပီ ဘုရားအဖြစ် ကိုးကွယ်ကြ၏။

လွန်ခဲ့သည့် နှစ် (၈၀) ကာလများ၌ ဟေဗြဲသားငယ်လေးများကို မြစ်တွင်မျောစေခဲ့သည့် အမှု ယခုတွင် အကျိုးပေါ် ပြီ။ ခရစ်တော်ဘုရား ထမ်းပေးခဲ့သည့် သဘာဝနိယာမတရား သည် ယခုတွင် ၎င်းတို့၏ အကုသိုလ်များကို မထမ်းပေးတော့ပါ။ အီဂျစ်တိုင်းပြည်၏

အနာ ဂတ်ကို သားတော်ဘုရား သုံးသပ်သည့်အခါ ရင်လေးရ၏။ မြစ်ရေ၌ဖြစ်ခဲ့သည့် အခြင်း အရာက ခရစ်တော်ဘုရား ဂေသရေမှန်ဥယျာဉ်၌ သွေးချွေးကျမည့် ပုဗ္ဗနိမိတ်ဖြစ်၏။ အပြစ်ဝန်က ခရစ်တော်ဘုရားကို အမဲဖျက်နေ၏။ အီဂျစ်များ၏ စက်ဆုပ်ဖွယ်အကျင့်များ က နိုင်းမြစ်မှအစ တစ်ပြည်လုံးကို ဖျက်၏။

လှံတံတော်ကို သုံးရခြင်းသည် အရေးပါလှ၏။

> "မောရှေနှင့် အာရုန်သည် ထာဝရဘုရားမိန့်တော်မူသည်အတိုင်းပြု၍၊ အာရုန်သည် ဖာရောဘုရင်ရှေ့၊ သူ၏ကျွန်များရှေ့မှာ **လှံတံကိုချီ၍ မြစ်ရေကိုရိုက်သဖြင့်၊ မြစ်ရေရှိသမျှသည်အသွေးဖြစ်လေ၏။**" - ထွက်မြောက်ရာကျမ်း ၇:၂၀

လှံတံတော်ကိုရိုက်နှက်ရာ၌ သုံးထားသည့်သာဓကများကို အခြားကျမ်းပိုဒ်များ၌ ရှာဖွေခြင်းသည် ပဓာနကျ၏။

> "ဆင်းရဲသားတို့၏ အမှုကိုတရားတော်အတိုင်း စီရင်၍၊နှိမ့်ချသော မြေကြီးသားတို့ ဘက်၌ နေလျက်၊ ဖြောင့်မတ်စွာ ဆုံးဖြတ်လိမ့်မည်။ **မြေကြီးကို နှုတ်ကပတ်တော် လှံတံနှင့် ဒဏ်ခတ်**၍၊ ဆိုးသောသူကို နှုတ်ခမ်း ထွက်သက်နှင့် ကွပ်မျက်လိမ့်မည်။" - ဟေရှာယ ၁၁:၄

လှံတံသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပုံဆောင်သည့် သင်္ကေတဖြစ်၏။ ခရစ်တော်ဘုရား လက်ဝါးကားတိုင်၌ အချိတ်ခံရချိန်တွင် ပညတ်တော်ကို ကျူးလွန်သည့် အပြစ်ဝန်က ၎င်း၏ရင်ကို မီးတောက်စေ၏။ ကြိမ်ဒဏ်သည် အခြားကျမ်းပိုဒ်များ၌လည်း တွေ့ရ၏။

> "ယခုမူကား၊ အိုဗိုလ်ခြေသတို့သမီး၊ စည်းဝေး၍ ခင်းကျင်းလော့။ ငါတို့ကို ဝိုင်းထား ကြပြီ။ ဣသရေလ မင်း၏ပါးကို **ကြိမ်လုံးနှင့် ရိုက်ကြပြီတကား။**" - မိက္ခာ ၅:၁

“ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူသည်ကား၊ အိုဓား၊ ငါ၏ သိုးထိန်းတစ်ဖက်၊ ငါ၏ အပေါင်းအဖော်ဖြစ်သောသူတစ်ဖက်၌ နိုးလော့။ **သိုးထိန်းကို ရိုက်သတ်လော့။** သို့ပြုလျှင်၊ သိုးတို့သည် ကွဲလွင့်ရကြလိမ့်မည်။ သိုးသငယ်တို့အပေါ်၌လည်း ငါသည် ငါ့လက်ကို တင်ဦးမည်။” - ဇာခရိ ၁၃:၇

“ထိုအရပ်၌ရှိသောကျောက်ပေါ်တွင် သင့်ရှေ့မှာငါရပ်နေမည်။ သင်သည် **ထိုကျောက်ကို ရိုက်ရမည်။** လူများသောက်ဘို့ ထိုကျောက်ထဲကရေထွက်လိမ့်မည်ဟု မောရှေအားမိန့်တော်မူ၏။ မောရှေသည်လည်း ဣသရေလအမျိုး အသက်ကြီးသူ တို့ရှေ့မှာ ထိုသို့ပြုလေ၏။” - ထွက်မြောက်ရာကျမ်း ၁၇:၆

ခရစ်တော်ဘုရားသည် စကြဝဠာကို စီမံသူဖြစ်၏။ အီဂျစ်များ၏ ဆိုးညစ်မှုသည် ကမ္ဘာမြေကြီးကို ညစ်ထေးစေကာ ခရစ်တော်ဘုရားကို ဆူးသရဖူဖြင့်စူးစေ၏။ မြစ်ရေကို ရိုက်ခြင်းသည် အီဂျစ်များက ခရစ်တော်ဘုရားကို မည်သို့ပြုကြကြောင်းကို သရုပ်ပြခြင်းဖြစ်၏။ ခရစ်တော်ဘုရားသည် အသက်စမ်းရေဖြစ်ပြီး ၎င်းတို့က ခရစ်တော်ဘုရားကို ငရဲပေးနေကြ၏။ ၎င်းတို့၏ ဆိုးသွမ်းမှုကို ဘုရားသခင်သည် ပြန်၍ပြခြင်းဖြစ်၏။ အပြစ်ကို အရှိအတိုင်းပြရမည်မှာ ပညတ်၏သဘာဝဖြစ်၏။ သို့သော် လူသားများက ဘုရားသခင်သည် အီဂျစ်တို့၏ ရေအရင်းအမြစ်ကို ဖျက်ဆီးသည်၊ ခရစ်တော်ကို ရိုက်သည်ဟု မှတ်ကြ၏။ ခရစ်တော်ဘုရားကို လှံနှင့်စွတ်သည့်အခါ ရေနှင့်သွေးထွက်လာ၏။ နိုင်းမြစ်တွင် ထိုသို့ဖြစ်ကြောင်း ငါတို့တွေ့ရ၏။

ဒုတိယဘေးကား ဘုရားမ Hequet နှင့် ပတ်သက်၏။

Heqet (အီဂျစ်စာ၌ ḥqt ဖြစ်ပြီး ḥqtyt “Heqtit” ဟုလည်းဖြစ်၏) သည် အီဂျစ်တို့ ပေါက်ဖွားခြင်း၏ ဘုရားမဖြစ်ပြီး Hathor နှင့် အဆင့်တူ၏။ ဖားဖြင့် သင်္ကေတ ပြု၏။ (၁) အီဂျစ်များအတွက် ဖားသည် ပေါက်ဖွားခြင်းပုံဆောင်ခဲဖြစ်၏။ နိုင်းမြစ် နှစ်စဉ်ရေကြီးမှုနှင့် နီးနွယ်၏။

၎င်း၏အမည်နာမသည် ဂရိတို့၏ ဆုံးဘုရားမ Hecate မှ ယူခြင်းဖြစ်မည်ဟု အယူရှိ၏။ *Wikipedia.*

အီဂျစ်ပြည်၏ ပေါကြွယ်ခြင်းကို ၎င်းတို့၏ဆိုးသွမ်းမှုက အကျိုးပေးပြီဖြစ်၏။ ပထဝီကြီး က ၎င်းတို့အပေါ် တစ်လှည့်ပြန်အန်ပြီ။ ဖားသည်ပြန်အန်သည့်သဘောဖြစ်၏။ ဘုရား သခင်က ၎င်းတို့ကိုးကွယ်သည်မှာ ဘာဖြစ်ကြောင်းကို မှန်တွင်ပြန်၍မြင်စေ၏။ ၎င်းတို့ ကြောက်ခဲ့၊ ခယခဲ့သည့် ဘုရားက ၎င်းတို့ကို ဆိုးကျိုးပေးပြီ။ ထိုဖြစ်ရပ်များသည် မတော် တဆမှု မဟုတ်ပါ။ သဘာဝကြီးက ၎င်းတို့ကို ရောင်ပြန်ဟပ်ခြင်းဖြစ်၏။ ယေရှုက အောက်ပါအတိုင်း မိန့်ခဲ့၏။ ။

"အကြောင်းမူကား သင်တို့စီရင်သည့်နည်းလမ်းအတိုင်း သင်တို့သည် စီရင်ခြင်းခံရ ၍ သင်တို့တိုင်းတာခြင်တွယ်သည့်စံနှုန်းအတိုင်း သင်တို့အတွက် တိုင်းတာခြင် တွယ်ပေးလိမ့်မည်။" - ရှင်မဿဲခရစ်ဝင် ၇:၂

တစ်နည်း ဖားသင်္ကေတသည် မှသားကိုပုံဆောင်၏။ ငါတို့မြင်ခဲ့သည့်အတိုင်း Hequet သည် စုန်းကဝေအတတ်နှင့်နွယ်၏။ မာရ်နတ်သည် ထိုဖြစ်စဉ်များကို ၎င်း၏ လက်သုံး ပရောဟိတ်များဖြင့် တုပြိုင်ခဲ့၏။ ဖားသည် နတ်ရဲတို့တန်ခိုးပြရန်သုံးသည့် လက်သုံးတော် ဖြစ်၏။

"ထို့နောက် နဂါး၏ခံတွင်းမှလည်းကောင်း၊ သားရဲ၏ခံတွင်းမှလည်းကောင်း၊ ပ ရောဖက် အတုအယောင်၏ခံတွင်းမှလည်းကောင်း ဖားနှင့်တူသည့် ညစ်ညူးသော ဝိညာဉ်သုံးပါး ထွက်လာသည်ကို ငါမြင်ရ၏။ (၁၄) **ထိုဝိညာဉ်တို့သည် နိမိတ် လက္ခဏာများကိုပြသော နတ်ဆိုးတို့၏ဝိညာဉ်များဖြစ်ကြ၏။ ၎င်းတို့သည် ကမ္ဘာ တစ်ဝန်းလုံးရှိ** ဘုရင်များကို အနန္တတန်ခိုးရှင်ဘုရားသခင်၏ နေ့ရက်ကြီးနှင့်ဆိုင် သော

စစ်ပွဲအတွက်စုဝေးစေရန် ထို**ဘုရင်များထံသို့ ထွက်ခွာသွားကြ၏။**" - ဗျာဒိတ်ကျမ်း ၁၆:၁၃-၁၄

"ထိုမှတစ်ပါး ကြီးမားသော နိမိတ်လက္ခဏာများကိုပြုလျက် လူတို့ရှေ့တွင် ကောင်းကင်မှ မြေကြီးပေါ်သို့ မီးကိုပင် ကျလာစေ၏။ (၁၄) **သူသည် ပထမသားရဲရှေ့၌ ပြုခွင့်ရရှိထားသောနိမိတ်လက္ခဏာများအားဖြင့် ကမ္ဘာမြေကြီးပေါ်တွင်နေထိုင်သောသူအားလုံးတို့ကိုလှည့်ဖြား**၍ ဓားဒဏ်ရာရှိသော်လည်း အသက်ရှင်ခဲ့သော သားရဲ၏ရုပ်တုကိုပြုလုပ်ရန် ကမ္ဘာမြေကြီးပေါ်၌ နေထိုင်သောသူတို့အား စေခိုင်း၏။" - ဗျာဒိတ်ကျမ်း ၁၃:၁၃၊ ၁၄

လုံ့တံကို မြွေဖြစ်စေခြင်း၊ ပထမ၊ ဒုတိယကပ်ဘေးများကို အီဂျစ်ဘာသာရေး ခေါင်းဆောင်များက တုနိုင်ခဲ့ပြီး အီဂျစ်ပြည်သားများကို နောင်တမရကြရန် တားခဲ့၏။ ထိုစိတ်ခိုင်မာမှုက ၎င်းတို့အပေါ် ဂြိုဟ်ဆိုးဝင်စေ၏။ ခရစ်တော်ဘုရားကို အမှုစစ်စဉ်ကလည်း ကလိမ်ဉာဏ်သုံးပြီး ကားစင်ပေါ်တင်နိုင်ခဲ့၏။

တတိယဘေးသည် မြေနှင့်ပတ်သက်၏။ မြေနှင့်ပတ်သက်သည့် ဘုရား (၂) ပါးရှိ၏။ Horus သည် အမဲရောင်မြေဆီလွှာဘုရားဖြစ်ပြီး၊ Set သည် အနီရောင်သဲကန္တာရဘုရားဖြစ်၏။ မြေသြဇာကောင်းသည့် အမဲရောင်မြေဆီကို စိုက်ပျိုးရေအတွက်သုံး၏။ မြေပြင်မှ ခြင်ကောင်ထွက်လာခြင်းသည် မြေထုသည် အဝတ်ပမာဆွေးပြီဟု တရားပြခြင်းဖြစ်၏။

"မိုဃ်းကောင်းကင်ကို မျှော်၍ကြည့်ကြလော့။ မြေကြီးကိုလည်း ငုံ့၍ ကြည့်ကြလော့။ မိုဃ်းကောင်းကင်သည် မီးခိုးကဲ့သို့ ကွယ်ပျောက်၍၊ **မြေကြီးသည် အဝတ်ကဲ့သို့ ဟောင်းနွမ်းလိမ့်မည်။ မြေကြီးသားတို့သည် ခြင်ကောင်ကဲ့သို့ သေကြလိမ့်မည်။** ငါ၏ ကယ်တင်ခြင်းတရားမူကား အစဉ်အမြဲတည်လိမ့်မည်။ ငါ၏ ဖြောင့်မတ်ခြင်း တရားလည်း ပပျောက်ခြင်း မရှိနိုင်ရာ။" - ဟေရှာယ ၅၁:၆

ဟေဗြဲဝေါဟာရ “manner” သည် အမှန်တွင် “ခြင်” ဖြစ်၏။ မြေထုကြီး ဆွေးမြေ့ကြောင်း ကို ပြခြင်းဖြစ်၏။ ပုထုဇဉ်တို့၏ အပြစ်အကျိုးတရားသည် ခရစ်တော်ဘုရား၏နှလုံးသား ကို ဝန်ပိစေ၏။ ဆာလံကျမ်း၌ အောက်ပါအတိုင်း ဆိုထား၏။ ။

> “ထာဝရဘုရားအပြစ်တင်တော်မူခြင်းနှင့် လွတ်၍၊ လှည့်စားတတ်သော စိတ်သဘောနှင့် ကင်းစင်သောသူသည် မင်္ဂလာရှိ၏။ (၃) **ငါသည် အပြစ်ကိုမဖော်မပြဘဲ နေစဉ်အခါ၊ တစ်နေ့လုံး ညည်းတွားသောအားဖြင့်၊ ငါ့အရိုးတို့သည် ဆွေးမြေ့ခြင်းသို့ ရောက်ကြ၏။** (၄) နေ့ညမပြတ် ကိုယ်တော်၏လက်သည် အကျွန်ုပ်အပေါ်မှာလေး၍၊ အကျွန်ုပ်၏ချွေးရည်သည် နွေကာလ၌ သွေ့ခြောက်ခြင်းကဲ့သို့ ဖြစ်ပါ၏။” - ဆာလံကျမ်း ၃၂:၂-၄

သားတော်ဘုရားသည် ဆိတ်ငြိမ်လျက်ရှိ၏။ အီဂျစ်သားများကို လွတ်ပေးထား၏။ သို့သော် ကမ္ဘာကိုထိန်းကျောင်းပေးရခြင်းက ၎င်းကို ညည်းညူစေ၏။

> “ဖန်ဆင်းခံလောကတစ်ခုလုံးသည် ယခုတိုင်အောင် အတူတကွညည်းတွားလျက် အတူတကွသားဖွားခြင်းဝေဒနာကိုခံစားလျက်ရှိကြောင်း ငါတို့သိကြ၏။” - ရောမ ဩဝါဒစာ ၈:၂၂

အနီညည်းတွားဆင်းရဲခြင်း ဝေဒနာသည် ခရစ်တော်ဘုရား ဂေသရေမန်ဥယာဉ်၌ အပြစ်ဝန်ပိသည့်ဖြစ်စဉ်ကို ရောင်ပြန်ဟပ်၏။ ဇာတိသမားက အနီဘေးသည် Horus ၏ ဒေါသကြောင့် ရောက်ရသည်ဟု မှတ်ပေမည်။ သို့သော် တရားသမားက အီဂျစ်များ၏ ဆိုးညစ်ခြင်း၊ ခရစ်တော်ဘုရား၏ ဒုက္ခများကြောင့် ကမ္ဘာကြီးဆွေးမြေ့နွမ်းလျကြောင်းကိုမြင်၏။

စတုတ္ထဘေးကား အမျိုးမျိုးသော ယင်မျိုး၊ အင်းဆက်မျိုး၊ Young ၏ ဘာသာပြန်ကျမ်းအရ နွားချေးပိုးမျိုး ဖြစ်နိုင်၏။ အနီဘေးက မြေထုကို လုံးလုံးပျက်စေ၏ဟု လာ၏။

“ထိုသို့ထာဝရဘုရားပြုတော်မူသဖြင့်၊ အလွန်ကြမ်းတမ်းသော ယင်ရဲတို့သည်၊ ဖာရောဘုရင်အိမ်အစရှိသော သူ၏ကျွန်တို့အိမ်၊ အဲဂုတ္တုပြည်တရှောက်လုံး၌ ရောက်လာ၍၊ ထိုယင်ရဲတို့ကြောင့် အဲဂုတ္တုပြည်ပျက်လေ၏။” - ထွက်မြောက်ရာကျမ်း ၈:၂၄

ပျက်စီးဆိုသည့် ဟေဗြဲဝေါဟာရသည် အီဂျစ်ပြည်ရှိသားဦးများ အသက်ကြွေရသည့် နောက်ဆုံးဘေး၌ဖော်ပြသည့် ဖျက်ဆီးသူအတွက်သုံးသည့် ဝေါဟာရပင်ဖြစ်၏။ ရေမလွှမ်းမိုးမီကာလ၏ ကမ္ဘာကိုလည်း ထိုဝေါဟာရဖြင့် ရှင်းပြခဲ့၏။

“ဘုရားသခင်သည် မြေကြီးကိုကြည့်ရှုသောခါ၊ **ပုပ်စပ်**လျက်ရှိသည်ကို မြင်တော်မူ ၏။ အကြောင်းမူကား မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖောက်ပြန်ခြင်းသို့ ရောက်ကြပြီ။” - ကမ္ဘာဦးကျမ်း ၆:၁၂

စတုတ္ထဘေးသည် အီဂျစ်လူများ၏ စက်ဆုပ်မှုကိုပြ၏။ ဖာရောမင်းသည် ကောင်းကင်ဘုံရှိ ဘုရားမှန်ကို ငြင်းပယ်ပြီး စက်ဆုပ်ဖွယ်များကို ပြုခဲ့၏။ ထို့ကြောင့် ၎င်းနှင့် ၎င်း၏ဘိုးဘေး များ ချခဲ့သည့်မျိုးစေ့ အပင်ပေါက်ပြီ။ ။

“မိုက်ကန်းသောသူက ‘ဘုရားသခင်မရှိ’ ဟု မိမိစိတ်နှလုံးထဲ၌ ဆိုတတ်၏။ ထိုသို့သော**သူတို့သည်** အကျင့်ပျက်ပြား၍ **စက်ဆုပ်ရွံရှာဖွယ်အမှုကိုပြုတတ်ကြ၏။** ကောင်းသောအမှုကိုပြုသောသူမရှိ။” - ဆာလံကျမ်း ၁၄:၁

“နားလည်သောသူမရှိ၊ ဘုရားသခင်ကို ရှာသောသူမရှိ။ (၁၂) လူအပေါင်းတို့သည် လမ်းလွဲကြပြီ။ တညီတညွတ်တည်း အသုံးမရသောသူဖြစ်ကြပြီ။ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ၊ တစ်ယောက်မျှမရှိ။ (၁၃) သူတို့၏လည်ချောင်းသည် ဖွင့်ထားသော သင်္ချိုင်းတွင်းဖြစ်၏။ သူတို့သည် လျှာနှင့် လှည့်စားတတ်ကြ၏။ သူတို့နှုတ်ခမ်းအထဲမှာ မြွေဆိုးအဆိပ်အတောက်ရှိ၏။” - ရောမဩဝါဒစာ ၃:၁၁-၁၃

ဘုရားသခင်သည် အရပ်လေးမျက်နှာရှိ လေထုကို ထိန်းပေးနေပြီး “ငြိမ်းအေးပါစေ” ဟု မိန့်ရန် လမ်းရှာ၏။ သို့သော် ကမ္ဘာကြီးက ၎င်းကို မှီတင်းကြသူများကို အန်ထုတ်ပါပြီ။

ပဥ္စမဘေးသည် တိရစ္ဆာန်များအပေါ်ကျ၏။ အီဂျစ်တို့သည် အဖျက်သမားရန်ကို မတားနိုင်ကြပါ။ ဖာရောမင်း နောင်တရခဲ့ပါက ပျက်စီးခြင်းရန်ကို ကွယ်ကာနိုင်မည်ဖြစ်၏။ ယခု ကား ထိုသို့မဟုတ်။ ဘုရားသခင်သည် ဖျက်ဆီးသူထံသို့ တိရစ္ဆာန်များကို အပ်ရတော့၏။ အီဂျစ်များသည် ကယ်တင်ခြင်းရရန် ဘုရားသခင်ထံဆည်းကပ်ရန် ငြင်းပယ်ခဲ့ကြ၏။ သို့နှင့် စာတန်မာရ်နတ်သည် အီဂျစ်ပြည်ကို ပိုပိုပြီး ခြယ်လှယ်နိုင်တော့၏။

မာရ်နတ်သည် လုပ်ပိုင်ခွင့်ရသည့်အခါ ဘုရားဒကာကြီး ယောဘကို အနာစိမ်းပေါက်စေကြောင်း ငါတို့သိကြ၏။ ဆဋ္ဌမဘေး၌ မာရ်နတ်သည် အီဂျစ်တို့ကို အနာစိမ်းပေါက်စေ၏။ ၎င်း၏သားသမီးများ အနာစိမ်းပေါက်ချိန်၊ စာတန်အား ထိုသို့ပြုရန်လုပ်ခွင့်ပေးခြင်းအ ပေါ် ခရစ်တော်ဘုရားသည် မည်မျှရင်ပူရမည်နည်း။ ကပ်ဘေးသည် တိရစ္ဆာန်မှ လူသား များသို့ ပြောင်းခြင်းသည် စာတန်သည် ယောဘအပေါ် ပြုခဲ့သကဲ့သို့ အခြေအနေကို ပို၍ ကြိုးကိုင်နိုင်ပြီဖြစ်ကြောင်းကိုပြ၏။

> “ထာဝရဘုရားကလည်း၊ ငါ့ကျွန်ယောဘကို ဆင်ခြင်မိပြီလော။ မြေကြီးပေါ်မှာ သူနှင့်တူသောသူ တစ်ယောက်မျှမရှိ။ စုံလင်ဖြောင့်မတ်ပေ၏။ ဘုရားသခင်ကို ကြောက်ရွံ့သောသူ၊ မကောင်းသောအကျင့်ကို ရှောင်သောသူဖြစ်၏။ အကြောင်းမရှိဘဲ သူ့ကိုပျက်စီးစေခြင်းငှာ သင်သည် ငါ့ကိုတိုက်တွန်းသော်လည်း၊ သူသည် ဖြောင့်မတ်သောသဘောကို စွဲလမ်းလျက်နေသည်ဟု စာတန်အား မိန့်တော်မူ၏။ (၄) စာတန်ကလည်း၊ အရေဘို့အရေဟုဆိုသကဲ့သို့၊ လူသည်မိမိအသက်ဘို့ မိမိဥစ္စာရှိသမျှကိုပေးပါလိမ့်မည်။ (၅) ယခုတစ်ဖန် လက်တော်ကိုဆန့်၍ သူ့အရိုးနှင့် သူ့အသားကို ထိခိုက်တော်မူလျှင်၊ သူသည် မျက်မှောက်တော်၌ ကိုယ်တော်ကို စွန့်ပယ်ပါလိမ့်မည်ဟု ထာဝရဘုရားကို ပြန်လျှောက်လေ၏။ (၆) ထာဝရ

ဘုရားကလည်း၊ သူသည် သင့်လက်၌ရှိ၏။ သူ့အသက်တစ်ခုကိုသာ လွတ်စေဟု မိန့်တော်မူလျှင်၊ (၇) စာတန်သည် ထာဝရဘုရားထံတော်မှ ထွက်သွား၍ ယောဘ၏ခြေဘဝါးမှသည် ဦးထိပ်တိုင်အောင် ဆိုးသောအနာစိမ်းများ တိုးပေါက်စေ၏။" - ယောဘဝတ္ထု ၂:၃-၇

အီဂျစ်နိုင်ငံသားများခံရသည့် အနာစိမ်းကပ်ကို ခရစ်တော်ဘုရား လက်ဝါးကားတိုင်၌ခံရသည့် သံရိုက်နာနှင့် နှိုင်း၍ရ၏။ အသွေးအသားနာခြင်းဖြစ်၏။

အီဂျစ်သားများ၏ ဒုက္ခသည် ၎င်း၏ဒုက္ခပင်ဖြစ်၏။ ၎င်းတို့၏ ဝေဒနာသည် ခရစ်တော်ဘုရားကို ဆိုးရွားစွာ အထိနာစေပြား ၎င်းတို့သည် နောင်တရပြီး ကယ်တင်ခြင်းရမည့် မေတ္တာရပ်ခံမှုကို ငြင်းပယ်ခဲ့ကြသောကြောင့် မာရ်နတ်ကို ဆက်၍ခြယ်လှယ်ခွင့် ပေးထား ၏။ ယေရှုဘုရားက ဖာရိရှဲများထံ "ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၍ စုရုံးသကဲ့သို့ ငါစုရုံးလိုခဲ့၏။ သို့သော် သင်သည်အလိုမရှိ" ဟု ဆိုသည်နှင့် ပမာဆင်၏။

ငါးများ သေခြင်းဖြင့်အစပြုကာ ဖား၊ အိမ်မွေးတိရစ္ဆာန်များ လိုက်လာပြီး ယခုတွင် လူ့ကိုယ်တွင် အနာစိမ်းပေါက်ပြီ။ ၎င်းတို့သည် အဖျက်သမား၏လက်မှ ရှောင်နိုင်ရန် ကျလာ မည့်ဘေးကို မောရှေက တင်ကြိုအသိပေးခဲ့၏။ ၎င်းတို့ကိုပေါက်သည့်မြွေကို ကျော့ခိုင်း ပြီး တိုင်ပေါ်တွင် ချိတ်ထားသည့်မြွေကို ကသိုင်းရှုနိုင်၏။ ကပ်ဘေးများအားဖြင့် ခရစ် တော်ဘုရားသည် တိုင်ပေါ်အချိတ်ခံရပြီး မာရ်နတ်၏သရုပ်မှန်ကို ဖွင့်ပြခဲ့၏။ မာရ်နတ် သည် ဘုရား၏တန်ခိုးကို အကွယ်အကာယူပြီး ဖားဘေးရောက်စေပြီး ဘုရား၏လုပ်ရပ် ဟု ငါတို့အားဆို၏။

သားတော်ဘုရားက ၎င်း၏တန်ခိုးကို အလွဲသုံးခြင်းကြောင့် ဤကမ္ဘာတွင် ကပ်ဆိုးများ ဖြစ်ရသည်ကို ရင်ထုမနာဖြစ်ရ၏။ သဘာဝတရား၌ ၎င်းဥာပနာခဲ့သည့် နိယာမတရားများသည် ဘုရားသခင်ကိုချစ်ကာ ပညတ်တော်ကို စောင့်ကြသည့်သူများအတွက်

ကောင်း ချီးဖြစ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ပြီး ယခုတွင် လူအများကို သေစေသည့်လက်နက်ဖြစ်ချေပြီ။ မာရ်နတ်က ဤအဖြစ်ဆိုးများသည် ဘုရားကြောင့်ဖြစ်ရသည်ဟု ပုထုဇဉ်တို့ကို နားသွင်း နိုင်ကြောင်းကို သိသောကြောင့် ၎င်း၏နတ်ရဲအပေါင်းများနှင့်အတူပူးပေါင်းပြီး အဖြစ်ဆိုး များကို ပို၍ဖြစ်စေ၏။

> "မောရှေသည်မိမိလှံတံကို မိုဃ်းကောင်းကင်သို့ဆန့်၍၊ **ထာဝရဘုရားသည်** မိုဃ်းကြိုးနှင့် မိုဃ်းသီးကိုလွှတ်တော်မူ၏။ မီးသည်လည်း မြေပေါ်မှာပြေးလေ၏။ ထိုသို့**ထာဝရဘုရားသည်**၊ အဲဂုတ္တုပြည်၌ မိုဃ်းသီးရွာစေတော်မူ၏။" - ထွက် မြောက်ရာကျမ်း ၉:၂၃

မောရှေသည် လှံတံကို ကောင်းကင်ဖက်သို့ မြှောက်တင်ခြင်းသည် သားတော်ဘုရားကို ကားတိုင်ပေါ် အတင်ခံရမည့်နိမိတ်ဖြစ်၏။ ဘုရားသခင်၏ တန်ခိုးတော်ဖြစ်သည့် ခရစ်တော်ဘုရားကို စာတန်စိတ်ကြိုက်ခြယ်လှယ်နိုင်ရန် စာတန့်လက်သို့ ထိုးပေးခဲ့၏။ ဘုရားသခင်က ဖြစ်ခွင့်ပြုသည်ကြောင့် နတ်ရဲများလည်း စိတ်ရှိအတိုင်းပြုကြပြီး ပုထုဇဉ်များ သေကြကြ၏။ မိုးသီးများကြောင့် ဆုံးရှုံးနစ်နာမှု များစွာရှိခဲ့၏။

> "**သူတို့၏စပျစ်ပင်များကို မိုးသီးဖြင့်**လည်းကောင်း၊ သူတို့၏သဖန်းပင်များကို နှင်း ခဲဖြင့်လည်းကောင်း **ဖျက်ဆီးတော်မူ၏။** (၄၈) သူတို့၏တိရစ္ဆာန်တို့ကို မိုးသီးလက် သို့လည်းကောင်း၊ သူတို့၏သိုးနွားတို့ကို မိုးကြိုးလက်သို့လည်းကောင်း အပ်တော်မူ ၏။ (၄၉) ကိုယ်တော်သည် ဘေးအန္တရာယ်ပြုတတ်သည့် **ကောင်းကင်တမန်တစ်စု** တည်းဟူသော မိမိ၏ပြင်းထန်သောအမျက်၊ ဒေါသ၊ မျက်မာန်နှင့်ဆင်းရဲဒုက္ခကို **သူတို့ထံသို့စေလွှတ်တော်မူ၏။**" - ဆာလံကျမ်း ၇၈:၄၇-၄၉

ဆာလံ (၁၈) ၌လည်း မိုးသီးအကြောင်းဆိုထားပြီး ခရစ်တော်ဘုရား လက်ဝါးကားတိုင်ပေါ် ခံရမည့် ဝေဒနာများကို ကြိုတင်ပြောထားခြင်းဖြစ်၏။

“ရှေ့တော်ရှိရောင်ခြည်ထဲမှ မိုးသီးနှင့်တောက်လောင်သောမီးခဲများသည် ကိုယ်တော်၏ တိမ်တိုက်များကိုဖြတ်ကျော်၍ ထွက်လာကြ၏။” - ဆာလံကျမ်း ၁၈:၁၂

တိရစ္ဆာန်များကို မိုးသီး၌ “အပ်သည်” ဆိုသည်ကို သတိချပ်လော။ ဟေဗြဲပါဠိတော်၌ “ဖြစ်စေတော်မူ၏” သည် လက်လွှတ်ခြင်းအဓိပ္ပာယ်ရှိ၏။ ဘုရားသခင်၏ တန်ခိုးကို မာရ်နတ်လက်သို့ လွှဲခဲ့ကြောင်း ငါတို့သိခဲ့၏။ ဤသည်မှာလည်း ခရစ်တော်ဘုရားကို ဒုက္ခခံစေ မှသာ ဖြစ်နိုင်မည်ကို ငါတို့အသားပေး ရှုကွက်ဆင်း၏။ ဘုရားသခင်က စာတန်အား အဖျက်အမှောင့် လုပ်ခွင့်ပြုတိုင်း ၎င်း၏သားတော်သည် ကားတိုင်ပေါ်အချိတ်ခံရသည်နှင့် တူ၏။ သို့သော် တစ်ဖက်မှသုံးသပ်ရလျှင် စာတန်သည် ဝမ်းမြောက်ဖွယ်တရားထူး၏ တစ်ဖက်၌ အဖျက်သမားဖြစ်ကြောင်း ပေါ်လွင်၏။ မိုးသီးဘေးကျစဉ်တွင် အောက်ပါတို့ ဖြစ်ပျက်၏။ ။

“ပိုက်ဆန်ပင်၊ မုယောပင်ကိုမိုးသီးထိ၏။ မုယောပင်သည် အသီးအနှံနှင့် ပြည့်စုံပြီ။ ပိုက်ဆံပင်လည်းအသီးမှည့်ပြီ။” - ထွက်မြောက်ရာကျမ်း ၉:၃၁

မုယောကို ကောက်ဦးဆွမ်းစိမ်းလှူရာ၌ သုံး၏။ မိုးသီးကြောင့် လူများသေကြေကြရာ၌ ကောက်ဦးများလည်း ပျက်ခဲ့၏။ သမ္မာကျမ်း၌ အောက်ပါအတိုင်းလာ၏။ ။

“သို့သော် တစ်ဦးစီ၌ မိမိအလှည့်ရှိ၍ ခရစ်တော်သည် အသီးဦးဖြစ်တော်မူ၏။ ထို့နောက် ခရစ်တော်နှင့်ဆိုင်သောသူတို့သည် ကိုယ်တော်ကြွလာတော်မူသောအခါ ထမြောက်ကြလိမ့်မည်။” - ကောရိန္သုဩဝါဒစာပထမစောင် ၁၅:၂၃

မိုးသီးကြောင့် မုယောများပျက်ရခြင်းသည် ခရစ်တော်ဘုရား (ကောက်ဦး) အထုအထောင်းခံရခြင်းကို ပုံဆောင်၏။ (ဒဏ်ခတ်ခြင်းကို ခံရသောသူ - ဟေရှာယ ၅၃:၄)။ နောက်ထပ် ကပ်ဘေးသည် ကျိုင်းကောင်ဘေးဖြစ်၏။ ကျိုင်းကောင်ဖြစ်တည်ရာအရပ်ကို ဗျာဒိတ်ကျမ်း၌ တွေ့ရ၏။

“သူသည် ထိုအတိုင်းမသိနက်ရှိုင်းသောတွင်းကို ဖွင့်လိုက်သောအခါ မီးဖိုကြီး၏ မီးခိုးကဲ့သို့သောမီးခိုးများသည် ထိုတွင်းထဲမှတက်လာပြီး ထိုတွင်း၏ မီးခိုးများကြောင့် နေနှင့်အာကာသသည် မှောင်မိုက်သွားလေ၏။ (၃) **ထို့နောက် ထိုမီးခိုးထဲမှ ကျိုင်းကောင်များသည် မြေကြီးပေါ်သို့ထွက်လာကြ၏။ သူတို့အား မြေကြီး၏ ကင်းမြီးကောက်တို့၌ရှိသည့် အစွမ်းကဲ့သို့သောအစွမ်းကို ပေးအပ်ထား၏။**” - ဗျာ ဒိတ်ကျမ်း ၉:၂၊ ၃

စာတန်သည် ဉာဏ်နီဉာဏ်နက်ဖြင့် အဖျက်အမှောင့် ပြုနိုင်စွမ်းကြောင်း၊ ကပ်ဘေးအတွင်း ဤသို့ဖြစ်ပျက်ကြောင်းကို အနီကျမ်းပိုဒ်ကပြ၏။ ကယ်တင်ခြင်းတရားကို ဖမ်းဆုပ် ကြသည့် မည်သူ့ကိုမဆို စာတန်သည် အမြစ်ဖြုတ်လို၏။ စာတန်သည် ခရစ်တော်ဘုရား အား ၎င်း၏လုပ်ဆောင်မှုများကို မည်သူကမှ သဘောမတွေ့ အချည်းနှီးသာဖြစ်၏ဟု ရိုက်သွင်း၏။ ၎င်း၏ခမည်းတော်ကပင် ၎င်းကို ဉပေက္ခာပြုမည်ဟု ပြင်းထန်စွာစုံစမ်းခဲ့၏။

“အမှန်စင်စစ် ခွေးများသည် အကျွန်ုပ်ကိုဝိုင်းထားကြပြီး ဆိုးညစ်သောအမှုကို ပြုသောလူတစ်စုသည် အကျွန်ုပ်ကိုဝိုင်းရံထားကြပါ၏။ သူတို့သည် အကျွန်ုပ်၏ ခြေနှင့်အကျွန်ုပ်၏လက်ကို ထိုးဖောက်ကြပါ၏။ (၁၇) အကျွန်ုပ်သည် အကျွန်ုပ်၏ အရိုးရှိသမျှတို့ကို ရေတွက်နိုင်ပါ၏။ သူတို့သည် အကျွန်ုပ်ကိုစေ့စေ့ကြည့်၍ အားရ လျက်နေကြပါ၏။ (၁၈) သူတို့သည် အကျွန်ုပ်၏အဝတ်တို့ကို အချင်းချင်းခွဲဝေကြ ၍ အကျွန်ုပ်၏ဝတ်လုံအတွက် မဲချကြပါ၏။” - ဆာလံကျမ်း ၂၂:၁၆-၁၈

“လမ်းမှာ သွားလာသောသူတို့ကလည်း၊ ဗိမာန်တော်ကို ဖြိုဖျက်၍ သုံးရက်အတွင်းတွင် တည်ဆောက်ပြန်သောသူ၊ ကိုယ်ကိုကိုယ်ကယ်တင်လော့။ (၄၀) ဘုရားသခင်၏သားတော်မှန်လျှင် လက်ဝါးကပ်တိုင်မှ ဆင်းလော့ဟု မိမိတို့ခေါင်းကို ညိတ်၍ ကဲ့ရဲ့သောစကားနှင့်ပြောဆိုကြ၏။ (၄၁) ထိုနည်းတူ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာ၊ လူအကြီးအကဲတို့က၊ ဤသူသည် သူတစ်ပါးတို့ကို ကယ်

တင်တတ်၏။ (၄၂) ကိုယ်ကို မကယ်တင်နိုင်ပါတကား။ ဣသရေလရှင်ဘုရင်မှန်လျှင် လက်ဝါးကပ်တိုင်မှ ယခုဆင်းပါလေစေ။ ဆင်းလျှင် ငါတို့ယုံကြည်မည်။ (၄၃) သူသည် ဘုရားသခင်ကို ကိုးစားပြီ။ ငါသည် ဘုရားသခင်၏သားဖြစ်၏ဟု ဆိုပြီ။ သို့ဖြစ်၍ ဘုရားသခင်သည် သူ၌ အလိုတော်ရှိလျှင် ယခုပင် ကယ်တင်တော်မူပါလေစေဟု ပြက်ရယ်ပြု၍ ပြောဆိုကြ၏။ (၄၄) ထိုနည်းတူ ကိုယ်တော်နှင့်တကွ လက်ဝါးကပ်တိုင်မှာ ရိုက်ထားသောဓားပြတို့သည်လည်း ကဲ့ရဲ့အပြစ်တင်ကြ၏။" - ရှင်မဿဲခရစ်ဝင် ၂၇:၃၉-၄၄

နဝမဘေးဖြစ်သည့် အမှောင်ထုဘေးသည် အီဂျစ်တို့၏ နေဘုရား Ra ၏အမျက်ကိုပြခြင်း ဖြစ်၏။ သို့သော် ဓမ္မစစ်ကိုရှာသူများအဖို့ လက်ဝါးကပ်တိုင်၌ ခရစ်တော်ဘုရားသည် နတ်ရဲမျာ၏ လက်တွင်းကျခဲ့သည့် ထိတ်လန့်ဖွယ်အဖြစ်ကို ဆိုလိုခြင်းဖြစ်၏။ ဤ၌ မာရ်နတ်သည် ဣသရေလများကြောင့် ဘုရားသခင့်အကြောင်း များစွာသိခဲ့၊ ကောင်းချီး များစွာခံစားခဲ့ရသည့် အီဂျစ်ပြည်ကို အမှုန့်ချေနိုင်ကြောင်း ဉာဏ်ပေါက်၏။ ၎င်း၏မဲ့ပြုံးက အီဂျစ်ပြည်သည် ဂြိုဟ်ဆိုးဝင်ပြီဖြစ်ကြောင်းသိ၏။ ထိုဂြိုဟ်ဆိုးများက လက်ဝါးကပ်တိုင် ၌ ခရစ်တော်ခံရသည့် ဝေဒနာအကြောင်း၊ စာတန့်ကြောင့် အီဂျစ်များ ပျက်စီးကြရခြင်းကို ခရစ်တော် ရင်ထုမနာ ဖြစ်ရကြောင်းများကို ဖော်ပြ၏။ အမှောင်ထုသည် လက်ဝါးကား တိုင်၏ဖြစ်စဉ်ကို တိုက်ရိုက်ညွှန်း၏။

"'ငါသည် နေ့တိုင်း သင်တို့နှင့်အတူဗိမာန်တော်၌ရှိစဉ် သင်တို့သည်ငါ့ကိုမဖမ်းဆီးကြ။ သို့သော် **ဤသည်ကား သင်တို့၏အချိန်ဖြစ်ပြီး မှောင်မိုက်ခြင်း၏ အခွင့်အာဏာဖြစ်၏**' ဟု မိန့်တော်မူ၏။" - ရှင်လုကာခရစ်ဝင် ၂၂:၅၃

"မွန်းတည့်ချိန်မှစ၍ မွန်းလွဲသုံးနာရီတိုင်အောင် **မြေတစ်ပြင်လုံး၌ အမှောင်ကျရောက်လေ၏။**" - ရှင်မဿဲခရစ်ဝင် ၂၇:၄၅

ကိုးနာရီသည် [မြန်မာကျမ်းစာ၌ မွန်းလွဲသုံးချက်တီး (နာရီ)] သည် နဝဘေးနှင့် အပြန်အလှန် ဆက်စပ်မှုရှိသလော။ ပသို့ဆိုစေ ထိုသမယသည် ခရစ်တော်ဘုရားနှင့် အီဂျစ်သား များအတွက် အမှောင်ဆုံးအချိန်ဖြစ်၏။ ၎င်းတို့အပေါ် ဘာဖြစ်လာမည်တို့ဖြင့် ကြောက် လန့်ကြ၏။ အမှောင်ထုက ခမည်းတော်သည် ၎င်း၏မျက်နှာတော်ကို လုံးလုံးဖုံးကွယ် သည်ကိုလည်း ဆိုခြင်းဖြစ်၏။

"ထိုနှုတ်ကပတ်တော်ထံ၌ ငါတို့သည်ကြားရ၍၊ သင်တို့အား ပြသသော တရားစကားဟူမူကား၊ **ဘုရားသခင်သည် အလင်းဖြစ်တော်မူ၏။ ဘုရားသခင်၌ မှောင်မိုက်အလျှင်းမရှိ။**" - ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁:၅

အမှောင်ထုသည် မာရ်နတ်က အီဂျစ်ပြည်ကို လုံးလုံးချုပ်ကိုင်ကြောင်းကိုပြ၏။ နောက်ဆုံး ကျန်သည့်ဘေးသည် သားဦးများ သေကြသည့်ဘေးဖြစ်၏။ အဖျက်သမား၏ နောက်ဆုံး ပိတ် အဖျက်လုပ်ငန်းဖြစ်၏။ ၎င်းတို့၏ သေဆုံးကြခြင်း၌ ခရစ်တော်ဘုရားသေမည်ကို အရိပ်ပြ၏။ ခရစ်တော်ဘုရားသည် ၎င်းတို့ကိုယ်စား စတေးခံလို၏။ သို့သော် ၎င်းတို့သည် အဖျက်သမားကို ရွေးခဲ့ခြင်းကြောင့် ၎င်းကိုမလွဲရင်ဆိုင်ကြရတော့မည်။ သို့သော် ကရုဏာ ၏စီမံမှုဖြင့် သိုးအသွေးကို တံခါး၌သုတ်ထားသည့်အိမ်များကို စာတန်အား ဝင်ခွင့်မပေးခဲ့ပါ။

"အကြောင်းမူကား၊ ထာဝရဘုရားသည် အဲဂုတ္တုလူတို့ကိုဒဏ်ခတ်ခြင်းငှာ ထုတ် ချင်းခတ်သွားတော်မူမည်။ တံခါးထုပ်နှင့် တံခါးတိုင်နှစ်ဘက်၌ရှိသော အသွေးကို မြင်သောအခါ၊ ထာဝရဘုရားသည် တံခါးကိုလွန်သွားတော်မူမည်။ ဖျက်ဆီး သောသူသည် သင်တို့ကိုဒဏ်ခတ်ခြင်းငှာ၊ အိမ်ထဲသို့ဝင်ရသောအခွင့်ကို ပေးတော် မမူ။" - ထွက်မြောက်ရာကျမ်း ၁၂:၂၃

အဖျက်သမားသည် မည်သူဖြစ်ကြောင်း ငါတို့ပြန်၍ သတိကပ်ကြအံ့။

"သူတို့၏ဘုရင်ကား အတိုင်းမသိနက်ရှိုင်းရာအရပ်၏စေတမန်ဖြစ်၏။ ထိုသူ၏ အမည်မှာ ဟေဗြဲဘာသာစကားအားဖြင့် အဗဒ္ဒုန်ဟူ၍ဖြစ်ပြီး ဂရိဘာသာစကား အားဖြင့် အပေါလျုန်ဟူ၍ဖြစ်၏။" - ဗျာဒိတ်ကျမ်း ၉:၁၁ (NLT)

"သူတို့ထဲမှ အချို့တို့သည် ညည်းညူသကဲ့သို့ သင်တို့သည် မညည်းညူကြနှင့်။ ထိုသို့ညည်းညူသောသူတို့သည် ဖျက်ဆီးသောတမန်အားဖြင့် ဖျက်ဆီးခြင်းခံရကြ ၏(အဆိပ်ပြင်းမြွေ)။" - ကောရိန္သုသြဝါဒစာပထမစောင် ၁၀:၁၀

အစမ္မဖြင့် ဘုရားသခင်အား ၎င်း၏ကာကွယ်ခြင်းလုပ်ငန်းကို ရုတ်သိမ်းစေခြင်းဖြင့် နတ်ရဲ များသည် ဘုရားခွင့်ပြုသည့် အတိုင်းအတာအထိ လုပ်ခွင့်ရစေပြီး အီဂျစ်တစ်တိုင်းပြည် လုံးရှိ သားဦးများ သေကြရ၏။ အနီသည် ခရစ်တော်ဘုရားသေရမည့် ပုဗ္ဗနိမိတ်ဖြစ်၏။ အီဂျစ်တို့၏ အကုသိုလ်များက ရန်ကာစည်းကျိုးစေကာ စာတန်နှင့်နတ်ရဲများ အဖျက် လုပ်ငန်း လုပ်ခွင့်ပေးသည့် အီဂျစ်တို့၏အကုသိုလ်များကို တုံ့ပြန်သည့်အနေဖြင့် ဘုရား သခင်၏တန်ခိုးသည် အဖျက်လုပ်ငန်း၌ အသုံးခံရကြောင်း အီဂျစ်ပြည်၌ကျသည့် ဘေး (၁၀) ပါး၌ ခရစ်တော်၏ကားတိုင်က ပြခဲ့၏။ အနီအဖျက်လုပ်ငန်းသည် ကမ္ဘာမတည်မီက အသတ်ခံခဲ့ရသည့် ခရစ်တော်ဘုရားက ဒုက္ခများကို ခါးစည်းခံမှသာ ဖြစ်နိုင်မည်ဖြစ်၏။ ဘုရား၏သဏ္ဌာန် လူသား၌ထင်နေခြင်းကိုမုန်းသည့် မာရ်နတ်သည် လူသားများကို ချိန်ခါ မရွေး၊ နေရာမရွေး သတ်လို၏။

အီဂျစ်ပြည်ပျက်ခြင်း၊ ခရစ်တော်နှင့် ခမည်းတော်တို့ကို ဒုက္ခပေးနိုင်ခြင်းအပေါ် စာတန် မည်မျှ ဝမ်းမြောက်ခဲ့မည်နည်း။ ဘုရားသခင်၏ညာလက်သည် ကုဋ္ဌနူနာဆွဲပြီ။ ၎င်း၏ လုံ့တံလည်း မြွေဖြစ်ပြီ။ ဖားများ၏ အကျိအချွဲများ၊ ထိုကပ်ဘေးများအားဖြင့် မာရ်နတ်၏ မုသားစကားများကို မြင်နိုင်လျှင် ခမည်းတော်နှင့် သားတော်တို့၏ ဒုက္ခများ၊ ခရစ်တော်၏ လက်ဝါးကားတိုင်ကို စိုက်ထူခြင်း၊ ထိုစိုက်ထူခြင်း၌

မြွေသည်ဘာဖြစ်ကြောင်း — ရှေးဦးစွာ ကပင် လူ့အသက်ကိုသတ်သူ (ယောဟန် ၈:၄၄) ဖြစ်ကြောင်းကို ငါတို့တွေ့ရ၏။ လက်ဝါး ကားတိုင်သည် မာရ်နတ်၏ ဆိုးသွမ်းမှု၊ ၎င်း၏တန်ခိုးကို အဆုံးခံကာ မာရ်နတ်အား စိတ် ကြိုက်သုံးခွင့်ပေးသည့် ဘုရားသခင်၏ သည်းခံခြင်းတရားများကို ငါတို့အား ပြတော်မူ၏။

ပျက်စီးခြင်းသည် အောက်ပါအဆင့်ဆင့်ဖြင့် ဖြစ်ပျက်၏

ဘုရား၏တန်ခိုးကြောင့်
→ လောကနိယာမတရားကြောင့်
→ အီဂျစ်တို့၏ဆိုးသွမ်းမှုကြောင့်
→ စည်းရိုးပေါက်ခြင်းကြောင့်
→ မာရ်နတ်/နတ်ရဲများနေရာရခြင်းကြောင့်

ဘုရားသခင်သည် ကပ်ဘေးဖြင့် ဖာရောမင်းကို ဣသရေလများအား ထွက်ခွင့်ပေးရန် သုံးသည်ဟု မှတ်ခြင်းသည် လူသားများ၏ ကျောက်နှလုံးသားပြရန်၊ ကောင်းကင်ဘုံရှိ ငါတို့အဘ၏မေတ္တာတရားကို နားမလည်ကြောင်းပြရန်ဖြစ်၏။ ဘုရားသခင်သည် ၎င်းတို့ ပျက်စီးကြမည်ကို အလိုမရှိပါ။ အားလုံးနောင်တရကာ ၎င်း၏ဥပုသ်တော်၊ ပညတ်တော် များ၏ ကွယ်ကာပေးမှုကို လက်ခံကြရန်သာ လိုလား၏။

ငါတို့၏ဒုစရိုက်များကို ကျောခိုင်းကြပြီး ငါတို့ပယောဂဖြင့် ခရစ်တော်ကို မကွပ်မျက်ဘဲ ခရစ်တော်ဘုရားထံ ဦးလှည့်ကြပါအံ့။ ငါတို့သည် ငါတို့၏ကိလေသာများကို ၎င်း၏အာဝါ သအောက်၌ နေ့စဉ်ပယ်သတ်ကြကာ ၎င်း၏ရှင်ပြန်ထမြောက်ခြင်း သိက္ခာတော်အားဖြင့် စိတ်သစ်လူသစ်ဖြစ်ကြအံ့။ ကပ်ဘေးများက ခရစ်တော်၏

ကားတိုင်တရားကို ပြကြောင်း သင်မြင်တတ်သလော။ အီဂျစ်ပြည်သူပြည်သားတို့၏ ပိုင်းဖြတ်မှုကို မာရ်နတ်သည် အခွင့် ကောင်းယူကာ ၎င်းတို့ကို ဖျက်ဆီးမည်ကိုသိသည့် ခရစ်တော်၏သောကကို သင် မြင် တတ်သလော။ ဘုရားသခင်က ၎င်းတို့ကိုကယ်ရန် အတတ်နိုင်ဆုံး လုပ်ဆောင်ခဲ့သည်ကို သင်မြင်ပါသလော။

"ငါတို့အတွက် အဘ၏မေတ္တာ မည်မျှနက်ရှိုင်းသနည်း။ တိုင်းမရအောင်ကျယ်၏။ တစ်ပါးတည်းသောသားကိုပင် ဒုက္ခခံရန် စွန့်ဝံ့ခဲ့၏။"[3]

> "ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။ ငါ၏ အကျင့်သည်လည်း သင်တို့၏ အကျင့်နှင့်မတူ။ မိုဃ်းကောင်း ကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့၊ ငါ၏အကျင့်သည် သင်တို့၏အကျင့် ထက်၎င်း၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်၎င်း သာ၍မြင့် ၏။" - ဟေရှာယ ၅၅:၈၊ ၉

[3] Song by Stuart Townend, *How Deep the Father's love for us,* 1990.


## ၂၁။ ထာဝရပဋိညာဉ်နှင့် စတေးခံမှု

ဓမ္မဟောင်းခေတ်သည် သွေးထွက်သံယိုမှုနှင့်ထုံမွှန်း၏။ ဘုရား၏သားသမီးများနှင့် ဘုရား ကိုယ်တိုင်ကပင် ထိုသို့ပြုကြသည့်အသွင် ဆောင်သေး၏။ ထိုအဖြစ်အပျက်များက သား သမီးများ ကြောက်လန့်စေမည်စိုးကာ ငါတို့ကလည်း သိပ်မပြောကြပါ။ ယေရှုဘုရား၏ မေတ္တာရှိပုံများကို ကြားပြောကြသည့် ခရစ်ယာန်များအတွက် ဓမ္မဟောင်းသမိုင်းကြောင်း သည် ရှက်ဖွယ်ဖြစ်၏။

ထိုအနိဋ္ဌာရုံများ ဘုရားကြောင့်ဖြစ်ရသည်ဟု ခရစ်ယာန်များက ဆိုကြရခြင်း၏အကြောင်း မှာ ဓမ္မဟောင်းကျမ်းကို ပဋိညာဉ်ဟောင်း၊ ပဋိညာဉ်သစ်တို့ကို မှတ်ယူပုံ၌ အခြေပြုဟန် ရှိ၏။ ခရစ်ယာန်အများစုကလည်း ပဋိညာဉ်ဟောင်းသည် ခရစ်တော်ဘုရား ဤကမ္ဘာ၌ လာပွင့်ပြီး လက်ဝါးကားတိုင်၌ အသေမခံမီ (သို့) ဓမ္မဟောင်းကာလနှင့်သာဆိုင်သည်ဟု မှတ်ကြ၏။ ပညတ်တော်စောင့်လျှင် ရှင်၊ မစောင့်လျှင် သေရသည့်ကာလ ဖြစ်၏။ ဓမ္မ ဟောင်းကာလသည် မယဉ်ကျေးကြသေးဘဲ ပြဿနာကို အကြမ်းနည်းဖြင့် ဖြေရှင်းကြ သည်ဟု မှတ်ကြ၏။

တစ်ဖက်တွင် ဓမ္မသစ်ခေတ်ကို ကရုဏာကာလဟု မှတ်ကြ၏။ ဘုရားသခင်၏မေတ္တာကို ခရစ်တော်အားဖြင့် ရုပ်လုံးပြပြီ။ ဝိညာဉ်တော် လက်ဆောင်ထူးကလည်း ဝမ်းမြောက်ဖွယ် တရားထူးကို တွေ့စေ၏။ ဓမ္မဟောင်းခေတ် လူများသည် ၎င်းတို့လက် လှမ်းမမီနိုင်သည့် ဝမ်းမြောက်ဖွယ်တရားထူးကို တ,ရုံသာ တ,နိုင်ကြ၏။ သမ္မာကျမ်းစာတော်မြတ်ကို လေ့လာသူအချို့က ဘုရားသခင်သည် တစ်လမ်းသာမောင်းပြီး အလုပ်မဖြစ်တော့သည့် အခါ မေတ္တာရှေ့ထားလာသည်ဟု မှတ်ကြ၏။ အခြားတစ်ဖွဲ့ကလည်း ဘုရားသခင်သည် ကယ်တင်ရှင်မေရှိယ မပွင့်မီအထိ ရေလိုက်ငါးလိုက်သာစီမံသည်ဟု ဆိုကြ၏။ ထိုသုံးသပ် မှုများက ခရစ်တော်ဘုရားသည်

အဘယ့်ကြောင့် အချိန်ဆွဲပြီးမှ ဤကမ္ဘာသို့ ပွင့်ရသနည်း ဟု အမေးထွက်စေ၏။ အချို့က ထိုထက်စောပြီး မေတ္တာတရားကို ချပြသင့်သည်ဟု သုံးသပ်ကြသူများလည်းရှိ၏။




ပဋိညာဉ်ဟောင်း၊ ပဋိညာဉ်သစ်ကို ဤသို့သုံးသပ်ခြင်းသည် ကယ်တင်ခြင်းတရားထူး၏ ဝိရောဓိအစွန်း (၂) ဖက်ကိုပြ၏။ ဓမ္မဟောင်းသည် ပညတ်ကိုအလေးပေးပြီး ဓမ္မသစ်သည် ကရုဏာကို အလေးပေးသည် ဆိုသည့်အကြောင်းဖြစ်၏။ နိယာမကြီး (၂) ခုကို ကမ္ဘာ့ သမိုင်း၌ အကန့်ခွဲခြင်းက ပဋိညာဉ် (၂) ခုသည် သဘောထားမတူဟု မှတ်စေ၏။ အခြား ဖက်မှ ဖြည့်တွေးပေးလျှင်ကား ထိုပဋိညာဉ် (၂) ခုကို ပုထုဇဉ်တစ်ဦး၏ အသက်တာ၌ ရှေ့နောက်စီပေးသည့်အခါ ဘုရားသခင်သည် ပုထုဇဉ်ကို မည်သို့ဖေးမကြောင်း သိနိုင်မည် ဖြစ်၏။

အနီအမြင်သည် လတ်တလောတွင် ဘုရားသခင့်သိက္ခာတော်အကြောင်းနှင့် ငြိမ်းငွေ့ဖွယ်၊ ရှေ့နောက်မညီဟန်ရှိပြား ဂဃနဏသိသည့်အခါ ဘုရားသည် ကြမ်းရမ်းဟန်ရှိခဲ့သည့် ကျမ်းချက်များသည် အခရာကျကြောင်း မြင်ရမည်ဖြစ်၏။

အရိုးအတက်ထွက်သူတစ်ဦးကို ပမာယူကြအံ့။ ဆရာဝန်နှင့်ပြသည်တွင် အရိုးကိုမူမှန်စေရန် ဖြတ်ရန်လိုကြောင်း သိရ၏။ ဆရာဝန်က ပထမအကန့်ကိုသာ လုပ်ပေးလျှင် မည်သို့ ရှိမည်နည်း။ အရိုးဖြတ်ပြီးနောက် ပစ်ထားခဲ့လျှင် မည်သို့ရှိမည်နည်း။ ဆရာဝန်သည် ဝန်ဆောင်မှုညံ့သည်ဟုသာ မှတ်ရပေမည်။ ခံတွင်းနာသူတစ်ဦး သွားဆရာဝန်နှင့် ပြသည် ဆိုကြအံ့။ သွားပိုးစားကြောင်း တွေ့သည်ဆိုကြအံ့။ ရောဂါသည်၏ ခွင့်ပြုချက်ဖြင့် ပိုးစား

နေရာများကို ထွင်းပေးအံ့။ ရံခါလည်း နာကျင်မှုကို ခံရအံ့။ သွားဆရာဝန်လည်း ပထမ အကန့်သာလုပ်လျှင် မည်သို့ရှိမည်နည်း။ ပိုးစားရာများကိုသာ ထွင်းပေးပြီး အိမ်သို့လွှတ်လျှင် မည်သို့ရှိမည်နည်း။ မဖာထားသည့် သွားပေါက်သည် ဆက်၍သာ နာပေမည်။ ပထမ အကန့်ကိုသာ ပြုလုပ်ပေးသောကြောင့် သွားဆရာဝန်သည် တာဝန်မဲ့သည်ဟု တံဆိပ် အတပ်ခံရမည်။

သမ္မာကျမ်းစာတော်မြတ်၌ ဘာမိန့်ထားကြောင်း ရှုကြအံ့။ ဝေါဟာရများကို အထူးဂရုပြုလော့။ အောက်ပါကျမ်းပိုဒ်က လုပ်ဆောင်ချက်ကိုသာ ပြထား၏။ အကြောင်းတစ်ခု မဖြစ် မီနှင့် ဖြစ်ပြီးနောက်ဟူ၍ အစီအစဉ်ဖြင့်လာ၏။ နှစ်မျိုးနှစ်စားမဟုတ်။

> "ငါသည် ကိုယ်တိုင်အားဖြင့် ဘုရားဖြစ်ကြောင်းကိုငှ်း၊ ငါမှတစ်ပါး အခြားသော ဘုရားမရှိကြောင်းကိုငှ်း ကြည့်ရှုကြလော့။ **ငါသည် အသက်ကို သေစေ၏။ အသက်ကိုလည်းရှင်စေ၏။ ငါသည် အနာပေါ်စေခြင်းငှာ ဒဏ်ခတ်၏။ အနာကိုလည်း ပျောက်စေ၏။** ငါ့လက်မှ အဘယ်သူမျှ မကယ်မနုတ်နိုင်။" - တရားဟောရာကျမ်း ၃၂:၃၉

> "**ထာဝရဘုရားသည် သေစေသော အခွင့်၊ အသက်ရှင်စေသောအခွင့်၊ မရဏာနိုင်ငံသို့ နှိမ့်ချသောအခွင့်၊ ထမြောက်စေသောအခွင့် ရှိတော်မူ၏။** (၇) **ဆင်းရဲစေခြင်းငှာငှ်း၊ ရတတ်စေခြင်းငှာငှ်း၊ ထာဝရဘုရားပြု၍၊ နှိမ့်ချသောအခွင့်၊ ချီးမြှောက်သော အခွင့်ရှိတော်မူ၏။**" - ၁ ရာ ၂:၆၊ ၇

> "သတ်ရသောအချိန်**နှင့်** အနာပျောက်စေရသော အချိန်လည်း ရှိ၏။ ဖြိုဖျက်ရသော အချိန်**နှင့်** တည်ဆောက်ရသော အချိန်လည်း ရှိ၏။ (၄) ငိုရသောအချိန်**နှင့်** ရယ်ရသောအချိန်လည်းရှိ၏။ ညည်းတွားရသောအချိန်**နှင့်** ကခုန်ရသောအချိန်လည်း ရှိ၏။ (၅) ကျောက်တို့ကို ဖြန့်ကြဲရသောအချိန်**နှင့်** စုသိမ်းရသော အချိန်လည်း ရှိ၏။ ဖက်ယမ်းရသောအချိန်**နှင့်**၊ မဖက်ယမ်းဘဲ ခွဲခွါ၍ နေရသောအချိန်လည်း ရှိ၏။" - ဒေသနာကျမ်း ၃:၃-၅

> "ဘုရားသခင်သည် ငါတို့အား ပဋိညာဉ်သစ်၏ အမှုကိုဆောင်ရွက်နိုင်သော အစွမ်း အစကိုပေးတော်မူ၏။ ထိုပဋိညာဉ်သစ်သည် အက္ခရာတင်ထားသောတရားနှင့် မဆိုင်၊ ဝိညာဉ်တော်နှင့်သာဆိုင်၏။ အကြောင်းမူကား အက္ခရာတင်ထားသော တရားသည် အသက်ကိုသေစေ၍ ဝိညာဉ်တော်မူကား အသက်ကိုရရှိစေ၏။" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၃:၆

ကျမ်းပိုဒ်တစ်ခုစီ၌ အကန့် (၂) ကန့်ရှိကြောင်းပြ၏။ ပထမအကန့်က ပြဿနာကို ခွဲခြမ်းပြ၏။ မည်မျှဆိုးရွားကြောင်းကို ပြခြင်းဖြစ်၏။ ဒုတိယအကန့် ကုစားပေးမှုကို စီစဉ်ပေး၏။ ပဋိညာဉ်သည် ပုထုဇဉ်တစ်ဦးအပေါ် ဤသို့လုပ်ဆောင်ပေး၏။ ၂ ကော ၃:၆ က ကျမ်း ဟောင်းတရားသည် အသက်ကိုသတ်၏နှင့် ဝိညာဉ်တော်တရားမူကား ရှင်စေတတ်၏ နှစ်ခုကို ဂရိပါဠိ de (G1161) ဖြင့် ဆက်ထားပြီး "နှင့်" ဟု ပြန်နိုင်၏။ The Strong's Concordance က ပဋိပက္ခဆန်စေ (သို့) ဆက်လက်လုပ်ဆောင်ခြင်းဟု ယူနိုင်သည်ဟု ဆို၏။ ပဋိညာဉ် (၂) ခုသည် ပဋိပက္ခလည်းဖြစ်၊ နောက်ဆက်တွဲလည်းဖြစ်၏။ ပထမပဋိ ညာဉ်သည် ဒုတိယပဋိညာဉ်နှင့် ပဋိပက္ခဖြစ်၏။ အကြောင်းမှာ ဒုတိယပဋိညာဉ်၏ ဖြည့် ဆည်းပေးခြင်းတရားများက ပထမပဋိညာဉ်၏ လုပ်ဆောင်ချက်များကို ဖေါ်သောကြောင့် ဖြစ်၏။ အမှန်ကား ဒုတိယပဋိညာဉ်သည် ပထမပဋိညာဉ်၏ နောက်ဆက်တွဲဖြစ်၏။

အနိဋ္ဌဩဇာအဆင့်ဆင့်ကို အာဗြဟံအသက်တာဖြင့် ရှင်ပေါလုရှင်းထားပုံကို ရှုကြအံ့။

> "အကြောင်းမူကား 'အာဗြဟံ၌ သားနှစ်ဦးရှိ၏။ တစ်ဦးသည် ကျွန်မ၏သားဖြစ်ပြီး တစ်ဦးသည် လွတ်လပ်သောမိန်းမ၏သားဖြစ်၏' ဟု ရေးထား၏။ (၂၃) ကျွန်မ၏ သားသည် သွေးသားဇာတိအရမွေးဖွားလာ၏။ လွတ်လပ်သောမိန်းမ၏သားမူကား ကတိတော်အရမွေးဖွားလာ၏။ (၂၄) ဤအကြောင်းအရာတို့သည် ပုံဆောင်ချက် များဖြစ်ကြ၏။ အကြောင်းမူကား

> ထိုမိန်းမနှစ်ဦးသည် ပဋိညာဉ်နှစ်ပါးကိုဆိုလို၏။ တစ်ပါးသည် သိနာတောင်မှဖြစ်၍ ကျွန်ကိုမွေးဖွား၏။ ထိုသူသည် ဟာဂရဖြစ်၏။ (၂၅) ဟာဂရသည် အာရေဗျပြည်၌ရှိသော သိနာတောင်ကိုဆိုလို၍ လက်ရှိဂျေရုဆလင်မြို့နှင့်လည်း အလားတူ၏။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် မိမိ၏သားသမီးတို့နှင့်အတူ ကျွန်ခံနေရ၏။ (၂၆) သို့သော် အထက်အရပ်တွင်ရှိသော ဂျေရုဆလင်မြို့သည် လွတ်လပ်သောမိန်းမဖြစ်၍ ၎င်းသည် ငါတို့၏အမိဖြစ်၏။"
> - ဂလာတိသြဝါဒစာ ၄:၂၂-၂၆ (NKJV)

ဘုရားသခင်သည် အာဗြဟံအား သားဆုကတိပေးထား၏။ ပြဿနာကား အာဗြဟံက ဘုရားသခင်ကို ယုံကြည်သဒ္ဓါအားမဲ့ခြင်းဖြစ်၏။ ၎င်းတို့ဇနီးမောင်နှံ သားသမီးမရနိုင်ကြောင်း သိကြသည့်အထိ အနှီကိစ္စသည် မည်မျှလေးနက်ကြောင်း ဉာဏ်မပေါက်ကြပါ။ အနှီသည် ပြဿနာကို သတ္တုချသည့် အကန့်တစ်ကန့်ဖြစ်၏။ အာဗြဟံနှင့် စာရာတို့၏ မောဟကို ပေါ်လွင်စေရန် ဘုရားသခင်သည်လည်း သားဆုကို ကြန့်ကြာစေခဲ့၏။ အနှီအဆင့်ဆင့်များသည် ကုစားမှုပြုရာ၌ ပဓာနကျသည့်အချက်ဖြစ်၏။ အနာကို အပြီးပျောက်စေရန် ပြဿနာကို အမြစ်လှန်ရမည်ဖြစ်၏။ အာဗြဟံသည် ဘုရားသခင်ကို စောင့် မည့်အစား ဇနီးသည်၏ကျွန်မဖြင့် သားရရန် ဇနီး၏နားဖောက်မှုကြောင့် မ,ဖက်လိုက် မိုက်ဖက်ပါခဲ့၏။ ကမ္ဘာဦး ကျမ်း ၁၆:၁၊ ၂

ဟာဂရသည် ဣရှမေလကို မွေးပေးခဲ့သည့်အခါ ကနဦးပိုင်းတွင် အခြေအနေကောင်းဟန် ရှိပြား ဆောလျှင်စွာပင် သပွတ်အူလည်တော့၏။ အာဗြဟံ၏မောဟက ၎င်း၏အိမ်တွင် ပဋိပက္ခမျိုးစေ့ ချပေးခဲ့၏။ အနှီပဋိပက္ခသည် ဂျူးနှင့်မူဆလင်အကြား ယခုတိုင် မပြတ်နိုင် ဖြစ်၏။ အာဗြဟံ၏အဖြစ်က မောဟတရား၏ ထိတ်လန့်ဖွယ်အကျိုးကိုပြ၏။ ဝမ်းနည်း ဖွယ်ကား သားဆုကြန့်ကြာစေမှု၌ စာရာနှင့်အာဗြဟံတို့သည် ဘုရားသခင်ကို မှားသည်ဟု မှတ်ကြခြင်းဖြစ်၏။

"စာရဲက၊ **အကျွန်ုပ်အားသားဖွားရသောအခွင့်ကို ထာဝရဘုရားပေးတော်မမူ။** အကျွန်ုပ်၏ကျွန်မထံသို့ ဝင်ပါလော့။ သူ့အားဖြင့် အကျွန်ုပ်သည် တည်ဆောက်ခြင်း ရှိကောင်းရှိပါလိမ့်မည်ဟု အာဗြံအားပြောဆို၍၊ အာဗြံသည် စာရဲ၏စကားကို နားထောင်လေ၏။" - ကမ္ဘာဦးကျမ်း ၁၆:၂

"တစ်ဖန်ဘုရားသခင်က၊ သင်၏မယားစာရဲကိုမူကား၊ စာရဲဟူသော အမည်ဖြင့် မခေါ်ရ၊ စာရာဟူသောအမည်ဖြင့် ခေါ်ရ၏။ (၁၆) သူ့ကိုငါကောင်းချီးပေး၍၊ သူ့အားဖြင့်လည်း သင်အားသားကိုပေးမည်။ အကယ်စင်စစ်သူ့ကို ကောင်းချီးပေး ၍၊ သူသည် လူအမျိုးမျိုးဖြစ်လိမ့်မည်။ သူ၏အမျိုးအနွယ်၌လည်း အပြည်ပြည် သောရှင်ဘုရင်ဖြစ်ကြလိမ့်မည်ဟု၊ အာဗြဟံအားမိန့်တော်မူ၏။ (၁၇) **ထိုအခါ အာဗြဟံသည်ပြပ်ဝပ်လျက် အသက်တရာရှိသောသူသည် သားကို ရလိမ့်မည် လော။** အသက်ကိုးဆယ်ရှိသော စာရာသည်သားကိုဖွားလိမ့်မည်လောဟု ရယ် လျက်၊ စိတ်နှလုံးထဲမှာအောက်မေ့ပြီးလျှင်၊ (၁၈) ဣရှမေလသည် ရှေ့တော်၌ အသက်ရှင်ပါစေသောဟု၊ ဘုရားသခင်ကိုလျှောက်၏။" - ကမ္ဘာဦးကျမ်း ၁၇:၁၅-၁၈

ဖြစ်စဉ်ထိုထိုများသည် အာဗြဟံနှင့်စာရဲတို့၏ ပြဿနာ အတိမ်အနက်ကိုပြ၏။ ၎င်းတို့၏ ယုံကြည်သဒ္ဓါအားနည်းမှုသည် ဖြည်းဖြည်းချင်းပေါ်လာ၏။ ရှင်ပေါလုက အာဗြဟံသည် စာရာနှင့်ဟာဂရနှင့် ဆက်နွှယ်မှုကို ပဋိညာဉ် (၂) ခု၏ လုပ်ဆောင်ပုံကို သာဓကဆွဲပြ၏။ အာဗြဟံသည် ထိုနှစ်ဦးကို လက်ထပ်ယူခဲ့၏။ ဟာဂရသည် သားကို ဦးစွာမွေးပေးခဲ့ပြီး၊ ထိုအကြောင်းကြောင့် ဟာဂရနှင့် သူမ၏သားကို အဝေးသို့ နှင်ရသည့်အခါ အာဗြဟံသည် ရင်ကွဲခဲ့ရ၏။ အာဗြဟံ၏ ဒုက္ခသည် မောဟ၏အကျိုး ဖြစ်၏။ ထို့နောက်တွင် အာဗြဟံ သည် ပဋိညာဉ်သစ်သို့ ဝင်နိုင်ခဲ့၏။ ပဋိညာဉ် (၂) ခု၌ အဆင့် (၂) ဆင့်ရှိပြီး ရံခါလည်း ထပ် ချိန်ရှိ၏။ ၎င်းကို သား (၂) ဦး တစ်အိမ်ထဲ၌ ရှိစဉ်အခါနှင့် နှိုင်းထား၏။ သားဣဇာက်ကို မီးပူဇော်စေသည့် စစ်ဆေးခြင်းတွင် အာဗြဟံသည်

အောင်နိုင်ခဲ့ကာ ပဋိညာဉ်အသစ်သို့ ဝင်နိုင်ခဲ့၏။ ဘုရားသခင်အပေါ်ထားရှိသည့် ၎င်း၏ယုံကြည်သဒ္ဓါအားသည် မယိုင်ခဲ့ပါ။ ၎င်း၏ ပြည့်စုံသည့် ယုံကြည်သဒ္ဓါအားကြီးမှုက ဘုရားသခင်သည် ပကဒူးကပင် ဆန္ဒရှိခဲ့ သည့်အတိုင်းပင် ကုစားမှုရစေခဲ့၏။

ကုစားမှုပြုနိုင်ရန် ဘုရားသခင်သည် အာဗြဟံ၏မောဟသန္တေကို ပေါ်စေရန် အချိန်ပေးရ၏။ အာဗြဟံ၏ ဇာတိစိတ်သတ္တိကိုသတ်ပြီး ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ ရောက်နိုင်ရန် ဘုရားသခင်သည် ဖြစ်စဉ်များ ဖြစ်ခွင့်ပေးခဲ့၏။

ငါတို့သည် ပြီးခဲ့သည့် (၂) ခန်း၌ ကြည့်မှန်ပြင်၏ သဘောတရားကို ဆွေးနွေးခဲ့ပြီးဖြစ်၏။ ကြည့်မှန်ဟူသည် ငါတို့၏ခံတွင်းတွင် ဘာဖြစ်နေသည်ကိုပြရန် သွားဆရာဝန်ကသုံးသည့် ကိရိယာဖြစ်၏။ ငါတို့ခန္ဓာအတွင်း ဘာဖြစ်နေသည်ကို မံသစက္ခုဖြင့် မမြင်နိုင်၍ ဆရာဝန် သည် ဓာတ်မှန်သုံးရ၏။ ပညတ်တော်သည်လည်း ငါတို့အပြစ်ကိုပြသည့် ကြည့်မှန်ဖြစ်၏။ ငါတို့က အနီးကြည့်မှန်ကို ရှာဖွေဖော်ထုတ်ခွင့်ပြုပါက ခရစ်တော်ထံ အရောက်ပို့ပေးမည့် ကိရိယာဖြစ်၏။

> "ထို့ကြောင့် ပညတ်တရားသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟု ငါတို့ အသိအမှတ်ပြုခြင်းခံရရန် ငါတို့ကို ခရစ်တော်ထံသို့ပို့ဆောင်သော ငါတို့၏အုပ်ထိန်းသူ ဖြစ်၏။" - ဂလာတိဩဝါဒစာ ၃:၂၄

အပြစ်သည် ကိလေသာစိတ်မှ အစပြု၏။ ငါတို့သည် ကုသလိုလျှင် ကောင်းကင်ဘုံရှိ ဘုရားသခင်က ငါတို့၏ဒိဋ္ဌိအမှားကို အထုပ်ဖြည်ပြရပေမည်။ ထိုအထုပ်ဖြည်ခြင်းကို ပညတ်တော်က လုပ်ဆောင်၏။ ပြဿနာကား ငါတို့၏ပျက်စီးနေသည့် အခြေအနေကို ဘုရားထံ ပုံချခြင်းဖြစ်၏။

> "နှုတ်ကပတ်တော်ကို လိုက်နာကျင့်သုံးသောသူများဖြစ်ကြလော့။ မိမိတို့ကိုယ်ကို လှည့်စား၍ ကြားနာသူသက်သက်မဖြစ်ကြနှင့်။ (၂၃) မည်သူမဆို နှုတ်ကပတ်

တော်ကို ကြားနာသော်လည်း လိုက်နာကျင့်သုံးခြင်းမရှိလျှင် **ထိုသူသည် မိမိ၏ ပကတိမျက်နှာကို မှန်ထဲ၌ကြည့်သောသူနှင့်တူ၏။** (၂၄) အကြောင်းမူကား သူသည် မိမိကိုယ်ကိုကြည့်ပြီး ထွက်ခွာသွားသည်နှင့် မိမိသည် မည်သည့်ပုံသဏ္ဌာန်ရှိသည်ကို ချက်ချင်းမေ့လျော့သွားတတ်၏။ (၂၅) သို့သော် လွတ်လပ်ခြင်းနှင့်ဆိုင်သောစုံလင်သည့်တရားတော်ကို သေချာစွာကြည့်ရှုလျက် စောင့်ထိန်းသောသူသည် ကြားနာ၍မေ့လျော့တတ်သူမဟုတ်ဘဲ လက်တွေ့လိုက်နာကျင့်သုံးသောသူဖြစ်၏။ ထိုသူသည် မိမိပြုသောအမှု၌ ကောင်းချီးမင်္ဂလာကိုခံစားရလိမ့်မည်။"
- ရှင်ယာကုပ်ဩဝါဒစာ ၁:၂၂-၂၅ (NKJV)

သီလစောင့်သူမဟုတ်ဘဲ အကြားသမားသာဖြစ်၏ဆိုသည်မှာ ဘာနည်း။ သာဓကကောင်း ကို သိနာတောင်ခြေ၌ ဣသရေလများ၏အဖြစ်၌ တွေ့ရ၏။ ဘုရားသခင်က ၎င်းတို့ကို များစွာပံ့ပိုးပေးမည်ဟု မိန့်ခဲ့ပြား ၎င်းတို့က ကောင်းစွာနားမစိုက်ခဲ့ကြ။ ဘုရားပေးခဲ့သည့် ကတိတော်ကို လက်ခံကြမည့်အစား ဘုရားက ၎င်းတို့အတွက် ပံ့ပိုးပေးမည့်အရာများကို ၎င်းတို့ကိုယ်တိုင် လုပ်ဆောင်လိုကြကြောင်းသာ ပြန်ကြားကြ၏။

"**ငါသည် အဲဂုတ္တုလူတို့၌ပြုသောအကြောင်း၊ သင်တို့ကို ရွှေလင်းတအတောင်ဖြင့် ထမ်း၍ ကိုယ်ဘို့သိမ်းယူသောအကြောင်းကို သင်တို့သည်သိမြင်ရကြပြီ။** (၅) ထိုကြောင့် ယခုတွင် သင်တို့သည်ငါ့စကားကို အမှန်နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှသည် ငါ၏ဥစ္စာဖြစ်၏။ (၆) **သင်တို့သည်လည်း မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည်**ဟူသော အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား ဆင့်ဆို လော့ဟု မိန့်တော်မူ၏။ (၇) မောရှေသည်ပြန်လာ၍ လူတို့တွင် အသက်ကြီးသူတို့ ကို ခေါ် ပြီးလျှင်၊ ထာဝရဘုရားမှာထားတော်မူသော စကားအလုံးစုံတို့ကို ပြန် ပြောလေ၏။ (၈)

**လူအပေါင်းတို့ကလည်း ထာဝရဘုရားမိန့်တော်မူသမျှတို့ကို အကျွန်ုပ်တို့သည် ပြုပါမည်ဟု တညီတညွတ်တည်း ပြန်ပြောကြ၏။** မောရှေ သည်လည်း သူတို့၏စကားကို ထာဝရဘုရားအား ပြန်လျှောက်လေ၏။" - ထွက်မြောက်ရာကျမ်း ၁၉:၄-၈

၎င်း၏အမိန့်ကို နာခံနိုင်ရန် ဘုရားသခင်သည် ကရုဏာကို စီစဉ်ပေးမည်ဖြစ်ကြောင်း အမိန့်တော်ပါးခဲ့၏။ နာခံခြင်းဟူသည် ဘုရားသခင်က ၎င်းတို့ကို မင်းမျိုး၊ ပရောဟိတ်မျိုး ဖြစ်စေမည်ကို ရိုးစင်းစွာ ကိုးစားလိုက်ခြင်းဖြစ်၏။ နာခံခြင်းဟူသည် ဘုရားသခင်ကို ဖြည့်ဆည်းပေးခြင်း မဟုတ်ဘဲ ဘုရားမှ ဖြည့်ဆည်းပေးမည့်အရာကို ကိုးစားလိုက်ခြင်းဟု မှတ်ရမည်။ ဝမ်းနည်းဖွယ်ရာကား ဣသရေလတို့က ဘုရားသခင်၏ ကတိတော်များကို ဘုရားအတွက် ဖြည့်ဆည်းနိုင်မည့်အရာပမာလှည့်ပြီး ကုသိုလ်စိုက်ကြခြင်းဖြစ်၏။

အနီုလက္ခဏာရပ်ကို သမ္မာကျမ်းစာက ပဋိညာဉ်ဟောင်းဟုဆို၏။ အနီုဖြစ်စဉ်က လူသားတို့သည် ဘုရားသခင်၏ မိန့်မှာချက်ကို နားမထောင်၊ မကိုးစားကြကြောင်းကိုပြ၏။

"**ပထမပဋိညာဉ်တရားသည်၊ အပြစ်တင်ခွင့်မရှိသည် မှန်လျှင်၊ ဒုတိယပဋိညာဉ်တရား တည်ရသောအခွင့်ကို အဘယ်ကြောင့်ရှာရသနည်း။** (၈၊ ၉) ပထမပဋိညာဉ်တရားကို ထာဝရဘုရားသည် အပြစ်တင်၍ မိန့်တော်မူသည်ကား၊ **ငါသည် ဤလူမျိုး၏ ဘိုးဘေးတို့ကို လက်ဆွဲ၍ အဲဂုတ္တုပြည်မှ ဆောင်သွားသောအခါ၊** သူတို့၌ ငါပေးသော ပဋိညာဉ်တရားနှင့် ခြားနားသော ပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့၌ ငါပေးသော အချိန်ကာလ ရောက်လိမ့်မည်။ **အရင် ငါပေးဖူးသော ပဋိညာဉ်တရား၌ သူတို့သည် မတည်ကြ၊** ငါသည်လည်း သူတို့ကို မကြည့်ရှုမပြုစုဘဲနေ၏။ (၁၀) နောင်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကို သူတို့စိတ်ဝိညာဉ်ထဲသို့ သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။

ငါသည် သူတို့၏ ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။" - ဟေဗြဲသြဝါဒစာ ၈:၇-၁၀

ဣသရေလတို့အပေါ် ပေးခဲ့သည့် ကတိတော်ကို ၎င်းတို့က နားမစိုက်ဘဲ ကိုယ်တိုင်လုပ်ဆောင်ကြမည်ကို ဘုရားသခင်သည် သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူ၏။ အနီးသည် ပုထုဇဉ်တစ်ဦးကို ခရစ်တော်ဘုရားထံပို့ပေးမည့် အုပ်ထိန်းသူလုပ်ရမည့်ကဏ္ဍဖြစ်၏။

"ထို့ကြောင့် ပညတ်တရားသည် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်သည်ဟု ငါတို့အသိအမှတ်ပြုခြင်းခံရရန် ငါတို့ကို ခရစ်တော်ထံသို့***ပို့ဆောင်သော*** ငါတို့၏ အုပ်ထိန်းသူဖြစ်၏။ (၂၅) သို့သော် ယုံကြည်ခြင်းတရားရောက်လာပြီဖြစ်၍ ငါတို့သည် အုပ်ထိန်းသူ၏လက်အောက်၌ မရှိကြတော့ပေ။" - ဂလာတိသြဝါဒစာ ၃:၂၄၊ ၂၅

ဣသရေလများ ကတိမတည်နိုင်ကြမည်ကို ဘုရားသခင်သိပြား လုပ်ခွင့်ပေးခဲ့၏။ ထို့ကြောင့် ၎င်းတို့က မစွမ်းဆောင်နိုင်ကြသည့်အခါ ကိုယ့်အားကိုယ်ဆက်မကိုးဘဲ ဘုရားသခင်သည် ၎င်း၏ကတိကို အကောင်အထည်ဖော်မည်ဟု ရွေးချယ်ခွင့်ရှိကြ၏။

ငါတို့ဆိုခဲ့ပြီးသည့် အာဗြဟံနှင့်စာရာ သာဓကအတိုင်း ပုထုဇဉ်တို့၏ပြဿနာကား ဘုရားသခင်က ငါတို့၏အပြစ်ကို ပြရန်ကြံတိုင်း ငါတို့က ဘုရားကိုပြန်၍ အပြစ်ဖို့ခြင်းဖြစ်၏။ စာရာက ဘုရားသခင်သည် သူမကို သားမရစေဟု အပြစ်ဖို့၏။ ဘာတစ်ခုမှ အကောင်အထည်မပေါ်ခြင်းအတွက် သူမက ဘုရား၏အမှားဟု ပုံချ၏။ ဘုရားသခင်က အာဒံကို အသီးကိုစားသလောဟု မြန်းသည့်အခါ အာဒံက ဘုရားသခင်ကို အပြစ်ဖို့၏။

"ဘုရားသခင်ကလည်း၊ သင်၌ အဝတ်အချည်းစည်းရှိသည်ကို သင်အားအဘယ်သူ ပြောသနည်း။ မစားရဟု ငါပညတ်သော အပင်၏အသီးကို စားပြီလောဟု မေး တော်မူ၏။ (၁၂) **လူကလည်း ကျွန်တော်၌အပ်ပေးတော်မူသော မိန်းမသည် ထို အပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်ဟု လျှောက်လေ၏။**" - ကမ္ဘာဦး ကျမ်း ၃:၁၁၊ ၁၂

ဘုရားသခင်အပေါ် အပြစ်ပုံချခြင်းက ငါတို့သမ္မာကျမ်းစာတော်မြတ်ကို ဖတ်ပုံ၊ အနက်ပြန်ပုံအပေါ်သက်ရောက်မှုရှိ၏။ သမ္မာကျမ်းစာက ငါတို့၏ဗီဇကို တရားပြထား၏။ ငါတို့၏ အတွေးအကြံများသည် အတ္တဆန်၊ ကလိန်ကျ၊ အပျက်သို့ ဦးတည်၊ သတ်ဖြတ်လိုသည့် ဆန္ဒရှိသည်ဟုပြ၏။

"ဤသည်ကား '**ဖြောင့်မတ်သောသူမရှိ၊ တစ်ယောက်မျှမရှိ။** (၁၁) **တတ်သိနားလည်သောသူမရှိ၊ ဘုရားသခင်ကိုရှာသောသူမရှိ။** (၁၂) လူအပေါင်းတို့သည် လမ်းလွဲကြ၍ တညီတညွတ်တည်းအသုံးမကျသောသူများဖြစ်ကြပြီ။ ကောင်းသောအမှု ကို ပြုသောသူမရှိ၊ တစ်ယောက်မျှမရှိ။ (၁၃) သူတို့၏လည်ချောင်းသည် ဖွင့်ထား သော သင်္ချိုင်းတွင်းဖြစ်ကြ၏။ **သူတို့သည် မိမိတို့လျှာဖြင့် လိမ်လည်ပြောဆိုတတ် ကြ၏။** သူတို့၏နှုတ်ခမ်းအောက်၌ မြွေဆိုး၏အဆိပ်အတောက်ရှိ၏။ (၁၄) သူတို့ ၏နှုတ်သည် ကျိန်ဆဲသောစကား၊ ခါးသီးသောစကားတို့ဖြင့် ပြည့်ဝလျက်ရှိကြ၏။ (၁၅) **သူတို့၏ခြေသည် လူကိုသတ်ဖြတ်ရန်လျင်မြန်ကြ၏။** (၁၆) သူတို့သွားရာ လမ်း၌ ပျက်စီးခြင်းနှင့်ဒုက္ခဆင်းရဲခြင်းရှိ၍ (၁၇) သူတို့သည် ငြိမ်းချမ်းရာလမ်းကို မသိကြ။ (၁၈) သူတို့၏မျက်စိရှေ့တွင် ဘုရားသခင်ကိုကြောက်ရွံ့ခြင်းမရှိ' ဟု ကျမ်းစာ၌ရေးထားသည့်အတိုင်းဖြစ်၏။" - ရောမသြဝါဒစာ ၃:၁၀-၁၈

ငါတို့၏စရိုက်သည် ယေရှုဘုရား၏စရိုက်နှင့် ရေနှင့်ဆီပမာကွာ၏။ ရန်သူ့အပေါ် မေတ္တာထားနိုင်သည့် ၎င်း၏ရှေ့သွားနမူနာက ငါတို့၏ အတ္တဘောကြီးကို အရှုတ်ချကြီးရှုတ်ချ၏။ ငါတို့ကိုယ်ကို အပြစ်ကင်းစေရန် နောင်တရကြမည့်အစား ဘုရားကိုပြန်၍ အပြစ်ဖို့ကြ၏။ ရှင်ယာကုပ်က ပုထုဇဉ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုသည့်အခါ ၎င်းတို့၏ ပကတိမျက်နှာကို တွေ့ကြ၏ဟုဆို၏။

> "မည်သူမဆို နှုတ်ကပတ်တော်ကို ကြားနာသော်လည်း လိုက်နာကျင့်သုံးခြင်း မရှိလျှင် **ထိုသူသည် မိမိ၏ပကတိမျက်နှာကို မှန်ထဲ၌ကြည့်သောသူနှင့်တူ၏။**" - ရှင်ယာကုပ်ဩဝါဒစာ ၁:၂၃

ဘုရားသခင်သည် သမားတော်၊ သွားဆရာဝန်ပမာ ငါတို့၏ပြဿနာကို ပြရန်ကြံဆောင်၏။ သို့သော် ၎င်းသည် ငါတို့အတွက် မလုံလောက်ပါ။ အကြောင်းမှာ ငါတို့သည် နောက်ဆုံးအဆင့်သို့ရောက်ကြောင်းကို မယုံကြသောကြောင့်ဖြစ်၏။ ယုံသည်ဆိုလျှင်လည်း ဘုရားပေးမည့်ဆေးထက် ယာယီသက်သာမည့်ဆေးရှိမည်ဟု မှတ်တတ်ကြ၏။ အပြစ်သည် ဆေးမဟုတ်ကြောင်း မမှတ်ကြသေး။ "မတရားသောသူ၌ ချမ်းသာမရှိဟု ထာဝရဘုရား မိန့်တော်မူ၏။" ဇာတိပကတိသမား၊ နတ်ဆိုးစွဲသူများအတွက် ချမ်းသာမရှိ။ ထို့ကြောင့် အပြစ်၏အကျိုးကိုသိနိုင်ရန် ဘုရားသည် ငါတို့ကို ခံခွင့်ပေးရ၏။ — "ယုံကြည်သောစိတ်မရှိဘဲ ကျင့်သမျှသော အကျင့်တို့သည် အပြစ်ရှိကြ၏။" ဟေရှာယ ၈:၂၂၊ ရောမ ၁၄:၂၃။

ပုထုဇဉ်က ပဋိညာဉ်ဟောင်းဖြင့် ကယ်တင်ခြင်းရရန် အားထုတ်သည်ကို ဘုရားသခင်သည် စိတ်မသာစွာဖြင့်ရှုပြီး ငါတို့ကိုနားချနေ၏။ ငါတို့သန္တာန်ကို ခရစ်တော်အား စီမံခွင့်ပေးမှသာ အလုပ်ဖြစ်မည့်အကြောင်း ငါတို့ကို နားချ၏။ ငါတို့၏ဗီဇကြောင့် ဒုက္ခခံရခြင်းဖြစ်ကြောင်းကို ငါတို့သည် ငြင်းနေဆဲဖြစ်၏။ ပို၍ဆိုးသည်က ဘုရားသခင်သည် ငါတို့အကျိုးအတွက် စီမံပေးနေသည်ဟု မမြင်ခြင်းသည် သာ၍ဆိုး၏။ ငါတို့သည် အမှန်မမြင်ဘဲ ငါတို့၏အငုံ့စိတ်ဖြင့် ဘုရားကိုကြမ်းသည်၊ ဂရုမစိုက်၊ ကြိုတင်ကြံစည်ထားသည် ဟု အပြစ်ဖို့ကြ၏။ လူသားသည် ပါးနပ်စွာဖြင့် ဘုရားအပေါ် အပြစ်ပုံကြ၏။ သမ္မာကျမ်း စာ၌ အောက်ပါအတိုင်းလာ၏။ ။

> "**စိတ်နှလုံးသည် ခပ်သိမ်းသော အရာထက် စဉ်းလဲတတ်၏။** အလွန်ယိုယွင်းသော သဘောရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း။" - ယေရမိ ၁၇:၉

"ဤအမှုတို့ကိုသင်ပြု၍ ငါသည်တိတ်ဆိတ်စွာနေသဖြင့် **ငါသည် သင်နှင့်တူသည်ဟု သင်ထင်မှတ်၏။** ငါသည် သင့်ကိုဆုံးမ၍ သင်၏အပြစ်ကို သင့်ရှေ့မှောက်၌ ခင်းပြမည်။" - ဆာလံကျမ်း ၅၀:၂၁

ငါတို့၏သန္တာန်သည် လူသားများ အပြစ်အောက်ကျချိန်မှစပြီး မာယာများ၏။ ဆိုးညစ်၏။ ပုထုဇဉ်က သမ္မာကျမ်းစာကို ဖတ်ရှုသည့်အခါ ၎င်းတို့၏စရိုက်ကို ဘုရားအပေါ် ပုံကြ၏။ သမ္မာကျမ်းစာကို လေ့လာသူတစ်ဦးက ဘုရားသခင်သည် ကြောက်စရာကောင်းသည်ဟု မှတ်သည့်အခါ ထိုသူ၏သန္တာန်၌ ကျပြီးသားမျိုးစေ့ အပင်ပေါက်တော့၏။ ရှင်ပေါလု ရှင်းပြသည့်အတိုင်း ဖြစ်၏။ ။

"အပြစ်တရားသည် ပညတ်တရားအားဖြင့် အခွင့်ရ၍၊ ငါ၌ အမျိုးမျိုးသော လောဘတို့ကို ဖြစ်စေ၏။ ပညတ်တရားမရှိလျှင်၊ အပြစ်တရားသေ၏။ (၉) အထက်က ပညတ်တရားမရှိသဖြင့်၊ ငါသည် အသက်ရှင်၏။ ပညတ်တရားပေါ်သောအခါ အပြစ်တရားသည် ရှင်ပြန်၏။ ငါလည်း သေ၏။ (၁၀) အသက်ရှင်ခြင်းနှင့်ဆိုင်သော ပညတ်တရားသည် သေခြင်းနှင့် ဆိုင်သည်ကို ငါတွေ့၏။ (၁၁) အပြစ်တရားသည် ပညတ်တရားအားဖြင့် အခွင့်ရလျှင်၊ ငါ့ကိုလှည့်ဖြား၍ ထိုတရားအားဖြင့် ငါ့ကို သတ်လေ၏။ (၁၂) ထိုကြောင့်၊ တရားတော်သည် သန့်ရှင်းခြင်းရှိ၏။ ပညတ်တရားလည်း သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ ကောင်းမြတ်ခြင်းရှိ၏။ (၁၃) သို့ဖြစ်လျှင် ကောင်းမြတ်သောအရာသည် ငါ၌သေခြင်းအကြောင်း ဖြစ်သလော။ မဖြစ်နိုင်ရာ။ အပြစ်တရားသည် မိမိသဘောကို ထင်ရှားစေခြင်းငှာ ကောင်းမြတ်သောအရာအားဖြင့် ငါ၌သေခြင်းကိုပြု၍ သေခြင်းအကြောင်းဖြစ်၏။ ထိုသို့ဖြစ်သောကြောင့် အပြစ်တရားသည် ပညတ်တော်အားဖြင့် အလွန်အပြစ်နှင့် ပြည့်စုံခြင်းရှိသတည်း။" - ရောမဩဝါဒစာ ၇:၈-၁၃

ပုထုဇဉ်တို့သည် ဓမ္မဟောင်းကျမ်းရှိ ဘုရားသခင်က ပြုလုပ်ဟန်ရှိခဲ့သည့် ဖြစ်ရပ်များကို ထောက်ကာ ၎င်းတို့၏စရိုက်ကို ဆင်ခြေပေးကြ၏။ သမ္မာကျမ်းစာသည် လူသားတို့စိတ်ရှိအတိုင်း ရေးခွင့်ပေးထား၏။ ယေရှုဘုရားက ဘုရားသခင်သည် မည်သည့်ပုဂ္ဂိုလ်

ဖြစ်ကြောင်း နမူနာလာပြခဲ့၏။ ယေရှုသည် မည်သူကိုမျှ ဘယ်အခါမှ မသတ်ခဲ့ပါ။ ပုထုဇဉ် များကသာ ဓမ္မဟောင်းကျမ်းကို နားကြားအဆင့်သာဖတ်ကြပြီး ဘုရားသခင်၏မျက်နှာ ဟု မှတ်ကြသည့် ၎င်းတို့၏မျက်နှာကိုသာ မြင်ကြ၏။

> "ငါတို့ရှိသမျှသည်လည်း မျက်နှာလွှာမပါသောမျက်နှာပေါ်တွင် **သခင်ဘုရား၏ဘုန်းတော်ကို ထင်ဟပ်စေလျက်** ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဝိညာဉ်တော်ဖြစ်သော သခင်ဘုရားအားဖြင့် ဘုန်းတော်မှ ဘုန်းတော်သို့ ပုံသဏ္ဍာန်ပြောင်းလဲစေခြင်းကိုခံရကြ၏။" - ကောရိန္သုဩဝါဒစာဒုတိယစောင် ၃:၁၈

ဘုရားသခင်၏ဘုန်းတော်သည် ယေရှုဘုရားက ဤကမ္ဘာ၌ လာ၍ပြခဲ့သည့် ခမည်းတော်၏ သီလသိက္ခာစစ်စုံဖြစ်၏။

> "အကျွန်ုပ်ဆောင်ရွက်ရန် ကိုယ်တော်ပေးအပ်တော်မူသောအမှုတော်ကို အကျွန်ုပ်သည် ပြီးမြောက်စေ၍ **ကိုယ်တော်၏ဘုန်းတော်ကို မြေကြီးပေါ်၌ ထင်ရှားစေပါပြီ။**" - ရှင်ယောဟန်ခရစ်ဝင် ၁၇:၄

ဘုရားသခင်၏ ဘုန်းတော်သည် ၎င်းမိန့်ခဲ့သည့်အတိုင်း ၎င်း၏သီလဖြစ်၏။

> "တစ်ဖန်တုံ၊ **ကိုယ်တော်၏ဘုန်းကို အကျွန်ုပ်အားပြတော်မူပါ။** အကျွန်ုပ်တောင်းပန်ပါ၏ဟုလျှောက်လျှင် ... (၃၄:၅) ထာဝရဘုရားသည် မိုဃ်းတိမ်ဖြင့် ဆင်းသက်၍၊ ထိုအရပ်၌ မောရှေအနားမှာ ရပ်လျက်၊ ထာဝရဘုရား၏နာမတော်ကို ကြွေးကြော်တော်မူ၏။ (၆) **ထာဝရဘုရားသည် မောရှေရှေ့၌ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့်ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့်ကြွယ်ဝတော်မူ၏။**" - ထွက်မြောက်ရာကျမ်း ၃၃:၁၈၊ ၃၄:၅၊ ၆

သင်သည် သမ္မာကျမ်းစာကို ယေရှုဘုရား၏ဘုန်းတော်၊ သီလတော်မှန်ပြင်ဖြင့် ဖတ်ရှုသည့် အခါ ဓမ္မဟောင်းကျမ်းကို သင့်စရိုက်မှန်ပြင်ဖြင့် မြင်ခဲ့သည်နှင့်

လားလားခြားနားကြောင်း ကို မြင်ပေမည်။ သို့သော် ခရစ်တော်ဘုရား၏ ဘုန်းတော်ကို မှန်ပြင်၌ မည်သို့မြင်နိုင်မည် နည်း။ ငါတို့၏ပုံကိုသာ မြင်သင့်သည်မဟုတ်လော။ ငါတို့သည် ခရစ်တော်ဘုရားကို မည်သို့မြင်ကြသနည်း။

> "ဤလျှို့ဝှက်နက်နဲသောအရာသည် လူမျိုးခြားတို့တွင် ဘုန်းအသရေနှင့် မည်မျှကြွယ်ဝသည်ကို သန့်ရှင်းသူတို့အားသိစေရန် ဘုရားသခင်အလိုရှိတော်မူ၏။ ဤလျှို့ဝှက်နက်နဲသောအရာမှာ **ဘုန်းအသရေတော်နှင့်ဆိုင်သောမျှော်လင့်ခြင်း ဖြစ်သည့် သင်တို့ထဲ၌ရှိတော်မူသော ခရစ်တော်ဖြစ်၏။**" - ကောလောသဲသြဝါဒစာ ၁:၂၇

ငါတို့သည် ပဋိညာဉ်သစ်သို့ ရောက်သည့်အခါ အသစ်တစ်ဖန် မွေးဖွားခြင်းခံယူပြီး ခရစ်တော်ဘုရား၏ရုပ်သည် ငါတို့သန္တာန်၌ ပြလေ၏။ အနီးက မှန်ပြင်၌မြင်ရသည့်ပုံကို ပြောင်း စေ၏။ ငါတို့သည် ခရစ်တော်ဘုရားကို စိတ်မှန်ပြင်၌ မြင်ရသည့်အခါ ကျမ်းစာကို စူးစမ်းပုံ လည်း ပြောင်းတော့၏။ အခန်း (၁၈) ၌ တွေ့ခဲ့သည့် ရိုးရှင်းသည့် အကြောင်းများအတိုင်း ငါတို့လွယ်လွယ်နှင့်မဖြေရှင်းနိုင်သည့် ဝိရောဓိများကို မြင်ရတော့၏။ အနီးအရွေ့သည် ပဋိညာဉ်ဟောင်းမှ ပဋိညာဉ်သစ်သို့ပြောင်းသည့် တစ်ဆစ်ချိုးဖြစ်၏။ ငါတို့ဖတ်ရှုသည့်အ ကြောင်းအပေါ် အမြင်ပြောင်းလာပြီ။

> "ကိုယ်တော်သည် မျက်မမြင်၏လက်ကိုဆွဲ၍ ရွာအပြင်သို့ခေါ်သွားတော်မူပြီးလျှင် သူ၏မျက်စိပေါ်သို့ တံတွေးထွေးကာ သူ့အပေါ်လက်တော်တင်လျက် 'တစ်စုံတစ် ခုကို မြင်ရသလော' ဟု မေးတော်မူ၏။ (၂၄) သူသည် မော့ကြည့်လျက် 'လူတို့ကို မြင်ရပါ၏။ သစ်ပင်များကဲ့သို့ဖြစ်ကြပြီး လမ်းလျှောက်နေကြသည်ကို မြင်ရပါ၏' ဟု လျှောက်လေ၏။ (၂၅) ထို့နောက် ကိုယ်တော်သည် သူ၏မျက်စိပေါ်သို့ လက်တော်ကို တစ်ဖန်တင်တော်မူ၏။ ထိုအခါ သူသည် ရှင်းလင်းစွာမြင်ရ၍

အကောင်း ပကတိဖြစ်လာ၏။ အလုံးစုံကိုလည်း ကြည်လင်စွာမြင်ရလေ၏။" - ရှင်မာကု ခရစ်ဝင် ၈:၂၃-၂၅

ငါတို့သည် ကနဦးတွင် ပုထုဇဉ်များကို လှမ်းလျှောက်သည့် မနုဿပင် ဟုမြင်၏။ သို့သော် ဘုရားသခင်သည် ငါတို့မျက်စိကိုတို့ထိသည့်အခါ ငါတို့သည် ဘုရား၏မြင်ပုံအတိုင်း မြင်စ ပြုပေပြီ။ အမြင်တင့်သည့်မြင်ကွင်း ပေါ်လာ၏။

အနီခပ်သိမ်း၏ အဓိကသော့ချက်ကား ပဋိညာဉ်ဟောင်းက ခရစ်တော်ဘုရား၌ရှိသည့် ပျောက်ဆေးကိုတွေ့နိုင်ရန် မစခြင်းဖြစ်၏။ ခရစ်တော်ဘုရားထံ ပျောက်ကင်းမှုရနိုင်ရန်၊ ပဋိညာဉ်ဟောင်းသည် ပညတ်တော်အားဖြင့် ငါတို့၏အဖြစ်မှန်ကို ပြ၏။ အနီအကန့် (၂) ကန့်သည် ဘုရားသခင်ကို ဆည်းကပ်ကြသူများထဲ၌ အစဉ်တွဲလျှက်ရှိ၏။ အနီအကန့်များ သည် အာဒံ၊ နောဧ၊ အာဗြဟံ၊ မောရှေမျှားခေတ်မှ ယနေ့တိုင် အတူတူဖြစ်၏။

အနီအကန့် (၂) ကန့်ကို ခွဲရန်ကြံခြင်းသည် ဓမ္မဟောင်းကျမ်းရှိ ဘုရားကိုဆေးမကုဘဲ အရိုးသာချိုး၊ သွားပေါက်လိုက်ထွင်းသည်ဟု မြင်စေ၏။ ဘုရားကို ကြမ်းသည်၊ ရက်စက်သည်ဟု မြင်စေ၏။ ပိုဆိုးသည်မှာ ဓမ္မဆရာများက ချိုကျိုးနားရွက်ပဲ့အဖြစ်ကို ရှိစေတော့။ ယေရှုကိုယုံပါဟု ဟောကြခြင်းဖြစ်၏။ အနီတရားက ယေရှုဘုရားကို သွားပိုးစားရာကို မထွင်းထုတ်ဘဲ တန်းဖာစေ၏။ ပုထုဇဉ်တစ်ဦး၏ အသက်တာ၌ အနီအကန့် (၂) ကန့်ကို ခွဲထုတ်ခြင်းသည် ဓမ္မဟောင်းဘုရားသည် ကြမ်းသည်၊ ဓမ္မသစ်ဘုရားသည် သိမ်မွေ့သည်၊ ညှိတတ်သည်ဟု မြင်စေ၏။

ဘုရားသခင်က လူကိုကယ်ရန် အပြစ်ကိုမြင်စေပြီး ထိုထိုမြင်စေခြင်းများကို ဘုရား၏ဆန္ဒ ဟု မြင်ကြသည့်အခါ ထိုအကန့် (၂) ကန့်ကို အမှန်မမြင်နိုင် ဖြစ်ကြ၏။

“**ပညတ်တရားမူကား ကျူးလွန်သောအပြစ်ကို များပြားစေရန်ဝင်ရောက်ခဲ့၏။** သို့ သော် အပြစ်များပြားလာသည့်နေရာ၌ ကျေးဇူးတော်သည် ပို၍ပြည့်စုံကြွယ်ဝလေ ၏။” - ရောမဩဝါဒစာ ၅:၂၀

ပညတ်တရား ငါတို့သန္တာန်၌ ကိန်းသည့်အခါ အပြစ်ကိုပို၍ မြင်သာထင်သာရှိစေ၏။ ထို့နောက်မှ ခရစ်တော်ဘုရားထံချဉ်းကာ ပျောက်ကင်းခွင့်ရကြရန် လူသားများကိုဖိတ်ခေါ်၏။

“ထိုအရှင်ရောက်လာသောအခါ လောကီသားတို့အား အပြစ်အကြောင်း၊ ဖြောင့်မတ်ခြင်းအကြောင်းနှင့် တရားစီရင်ခြင်းအကြောင်းတို့ကို ဖော်ပြမည်။” - ရှင်ယောဟန်ခရစ်ဝင် ၁၆:၈

တရားရသည့် အပြစ်သားသည် ယုံကြည်သဒ္ဒါအားဖြင့် အပြစ်သားများအတွက် စီစဉ်ပေးထားသည့် ခရစ်တော်ဘုရား၏ ဖြောင့်မတ်ခြင်းသိက္ခာတော်ကို ပံ့သကူရစေ၏။

ထိုအဆင့်အပြည့်အစုံကို ငါတို့သည်နားလည်သင့်ပါပြီ။ ပုဂ္ဂိုလ်တစ်ဦး ဇာတိစိတ်နှင့်နေစဉ် တွင် ဘုရားသခင်က ၎င်း၏သန္တာန်၌ ဘာရှိသည်ကိုပြ၏။ ဘုရားသခင်က ပုထုဇဉ်၏ ဓာတ်ခံကို အစထုတ်ပြ၏။ ၎င်း၏သန္တာန် အဝိဇ္ဇာဖုံးနေကြောင်းကို ဘုရားသခင်က မေတ္တာ အရင်းခံကာ အစထုတ်ပြလို၏။

“သို့ဖြစ်၍သင့်ညီ၏ အသွေးကိုခံယူခြင်းငှာ၊ မိမိပစပ်ကိုဖွင့်သော မြေကြီး၏ ကျိန်ခြင်းကို သင်သည်ခံရသောကြောင့်၊ (၁၂) ယခုမှစ၍မြေ၌လုပ်သောအခါ ပကတိအတိုင်း အသီးအနှံကို မရရ။ မြေကြီးပေါ်မှ ပြေးရသောသူ၊ အရပ်ရပ်လည်ရသော သူ ဖြစ်ရလိမ့်မည်ဟု မိန့်တော်မူ၏။” - ကမ္ဘာဦးကျမ်း ၄:၁၁၊ ၁၂

ထိုကျမ်းပိုဒ်၌ ဘုရားသခင်သည် ကာဣနစိတ်၌ ဘာကိန်းကြောင်းကို အစထုတ်ပြ၏။ ကာဣနက ၎င်း၏အပြစ်ဖြင့် မြေကြီးကိုကျိန်စာသင့်စေ၏။ လူသတ်ခဲ့ခြင်းက ၎င်း၏

သိက္ခာကို ခွာချပြီး တစ်စစီဖြစ်စေ၏။ ထိုကျိန်စာများသည် ကာဣနကိုဖျက်ဆီးရန် မဟုတ် ပါ။ ၎င်း၏အဖြစ်ကိုမြင်ပြီး ဘုရားထံပြန်လှည့်ကာ နောင်တရရန်သာ လိုလားခဲ့၏။ ကာဣ နက မည်သို့တုံ့ပြန်ခဲ့သနည်း။

“ကာဣနကလည်း **အကျွန်ုပ်အပြစ်သည် မဖြေနိုင်အောင်ကြီးပါသလော။ အကျွန်ုပ်ကို မြေကြီးပြင်မှ ယနေ့နှင်ထုတ်တော်မူပြီ၊ မျက်နှာတော်ကိုလည်း မမြင်ရ။** (၁၄) **မြေကြီးပေါ်မှာ ပြေးရသောသူ၊ အရပ်ရပ်လည်ရသောသူဖြစ်ပါရမည်။** တွေ့သမျှသောသူတို့သည် အကျွန်ုပ်ကိုသတ်ပါလိမ့်မည်ဟု ထာဝရဘုရားကို လျှောက်ဆို၏။” - ကမ္ဘာဦးကျမ်း ၄:၁၃၊ ၁၄

ကာဣနသည် ၎င်း၏အဖြစ်မှန်ကို သရုပ်ခွဲပြသည်ကို လက်ခံမည့်အစား ဘုရားသခင်ကိုပြန်၍ပက်၏။ ၎င်း၏ ညီကို သတ်ခဲ့ခြင်းကို နောင်တမရလိုသောကြောင့် စိတ် လည်း မအေးနိုင်ပါ။ ထိုစိတ်မလုံခြင်းသည် နေ့နေ့ညည ပေါ်သောကြောင့် ၎င်း၏စိတ်သည် ဝရမ်းပြေးပမာဖြစ်၏။ လူတို့၏သန္တာန်၌ ဘာကိန်းကြောင်းကို ပြရန် ဘုရားသခင်သည် လူ့စိတ်ကို ရောင်ပြန်ဟပ်သည့် ပညတ်မျိုး တစ်ခါတစ်ရံ ပေးပါမည်။ ဣသရေလများ ခါနာန်ပြည်ကို စနည်းနာလိုသည့်အခါ ဘုရားသခင်လည်း စနည်းနာ ကြရန် အမိန့်ပြန်ခဲ့၏။ လူထောက် (၁၂) ဦး မှ (၁၀) ဦး၏ မျှော်လင့်ချက်မဲ့သည့်သတင်း သာရခဲ့၏။

ဘုရားသခင်သည် လူ့စိတ်ကို ရောင်ပြန်ဟပ်သည့် ပညတ်မျိုး တစ်ခါတစ်ရံ ပေးပါမည်။

“**ထိုအခါသင်တို့ရှိသမျှသည် ငါ့ထံသို့ချဉ်းကပ်၍၊ အကျွန်ုပ်တို့ရှေ့၌ လူတို့ကို စေလွှတ်ပါမည်။ သူတို့သည် ထိုပြည်ကိုစူးစမ်း**ပြီးမှ၊ အကျွန်ုပ်တို့သည် အဘယ်လမ်း သို့သွားလျှင် အဘယ်မြို့သို့ရောက်ရမည်ကို ကြားပြောကြပါလိမ့်မည်ဟု၊ (၂၃)

လျှောက်ဆိုသောစကားကို ငါနှစ်သက်၍၊ သင်တို့တွင် တစ်မျိုးတစ်ယောက်စီ၊ လူပေါင်း တစ်ကျိပ်နှစ်ယောက်တို့ကို ရွေးထား၏။” - တရားဟောရာကျမ်း ၁:၂၂၊ ၂၃

“တစ်ဖန်ထာဝရဘုရားသည် မောရှေအားမိန့်တော်မူသည်ကား၊ ဣသရေလ အမျိုးသားတို့အား ငါပေးသောခါနာန်ပြည်ကို စူးစမ်းစေခြင်းငှာ၊ အမျိုးအနွယ် အသီးအသီးထဲက အဆွေအမျိုးသူကြီးဖြစ်သောသူ တစ်မျိုးတစ်ယောက်စီ ရွေးကောက်၍ စေလွှတ်လော့ဟု မိန့်တော်မူ၏။” - တောလည်ရာကျမ်း ၁၃:၁၊ ၂

ခါနာန်ပြည်ကို တင်ကြိုစနည်းနာလိုကြခြင်းမှာ ဘုရားကတိကို ယုံကြည်သဒ္ဓါ အားနည်းမှုကြောင့်ဖြစ်၏။ ဘုရားသခင်လည်း ၎င်းတို့၏ ယုံကြည်သဒ္ဓါအားနည်းမှု၊ ၎င်းတို့စိတ်၌ သန္ဓေရှိပြီးဖြစ်သည့် စစ်ရေးဖြင့် ပြည်သိမ်းမည့်အကြံကိုမြင်သာစေရန် ၎င်းတို့၏ ဆန္ဒကို လိုက်လျောခဲ့၏။

ပဋိညာဉ်ဟောင်းခေတ် (သို့) ပင်ကိုအားဖြင့် ဤကမ္ဘာ၌ ယေရှုဘုရားနမူနာပြခဲ့ပုံနှင့် လားလားခြားနားသည့် ပညတ်များကို ဘုရားက ပြဋ္ဌာန်းခဲ့ခြင်းက ဘုရားသည် ပြုပြင်စီရင်လျက် ရှိကြောင်းကို

ဘုရားသခင်သည် ပဋိညာဉ်ဟောင်းခေတ် (သို့) ပင်ကိုအားဖြင့် ဤကမ္ဘာ၌ ယေရှုဘုရားနမူနာပြခဲ့ပုံနှင့် လားလားခြားနားသည့် ပညတ်များကို ဘုရားက ပြဋ္ဌာန်းခဲ့ခြင်း က ဘုရားသည် ပြုပြင်စီရင်လျက်ရှိကြောင်းကို သက်သေ ပြ၏။ ထိုထိုများသည် ၎င်းတို့၏အပြစ်ကို ပွားစေသည့် ၎င်းတို့၏ ဉာဉ်ရောင်ပြန်များဖြစ်၏။ ၎င်းတို့သည် ဘုရား သခင်၏ အကြံ၊ ဆန္ဒမဟုတ်။ သမ္မာကျမ်းစာကို စူးစမ်းကြ သူများ ဤအကြောင်း၌ ဒွိဟဖြစ်ကြပြီး အမှားကြောမျောကြ၏။

ဗာလမ့်ဖြစ်စဉ်ကို သာဓကယူကြအံ့။ ဘုရားသခင်က ဣသရေလများကို ကျိန်စာသွားမတိုက်ရန် မိန့်ခဲ့၏။ ကနဦးတွင် ဗာလမ်လည်း ဘုရားအမိန့်ကိုနာခံခဲ့၏။ သို့ပြီး ဗာလက်

မင်း၏ အရာရှိများက ပကာသနဖြင့် ဆွယ်သည့်အခါ ကျရှုံးပြီး ၎င်းတို့ကို ညအိပ်နားစေ၏။

> "ညအချိန်၌ ဘုရားသခင်သည် ဗာလမ်ရှိရာသို့လာ၍၊ ထိုလူတို့သည် သင့်ကို ခေါ်ခြင်းငှာလာလျှင်၊ သူတို့နှင့်အတူ ထ၍လိုက်လော့။ သို့ရာတွင် ငါမှာထားသမျှ အတိုင်းသာပြုရမည်ဟု မိန့်တော်မူ၏။ (၂၁) နံနက်ရောက်မှ ဗာလမ်ထ၍ မြည်းကို ကုန်းနှီးတင်ပြီးလျှင်၊ မောဘအရာရှိတို့နှင့်အတူလိုက်လေ၏။" - တောလည်ရာ ၂၂:၂၀၊ ၂၁

အနှီအမိန့်သည် ဗာလံ့စိတ်တွင် ကိန်းသည့်ဆန္ဒကို ရောင်ပြန်ဟပ်ခြင်းဖြစ်၏။ ၎င်းကိုယ်ကို ပြန်၍မပြင်နိုင်ရန် ဘုရားက ၎င်း၏ဆန္ဒကို နှုတ်ဖြင့်မိန့်ပြခြင်းဖြစ်၏။ အနှီပဋိညာဉ်အ ကြောင်း ငါတို့နားမရှင်းလျှင် အခန်းငယ် (၂၂) လာ အကြောင်းသည် အဓိပ္ပာယ်မဲ့ပေမည်။

> "ထိုသို့လိုက်သောကြောင့်၊ ဘုရားသခင်အမျက်တော်ထွက်၍၊ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူ့ကိုဆီးတားခြင်းငှာ လမ်း၌ရပ်နေ၏။ ထိုအခါ ဗာလမ်သည် မြည်းကိုစီး၍ ငယ်သားနှစ်ယောက်နှင့်သွား၏။" - တောလည်ရာ ၂၂:၂၂

ဟေဗြဲပါဠိ "အမျက်" ကို ဤနေရာ၌ "ဝမ်းနည်း" ဟု ပြန်နိုင်၏။ ဗာလမ်သည် ဗာလက်မင်း ၏ အရာရှိများနောက်သို့ လိုက်ရန်ဆုံးဖြတ်သည့်အခါ ဘုရားသခင်သည် ဝမ်းနည်းကာ ၎င်းကိုသတိပေးရန် ကောင်းကင်တမန်ကို စေလွှတ်ခဲ့၏။ ဗာလမ်သည် အိမ်ပြန်လှည့်သင့် ကြောင်း သဘောပေါက်ဟန်ရှိငြား "လျှင်" ဟူသည့် စကားလုံးက ၎င်းကိုညို့၏။

> "ဗာလမ်ကလည်း၊ အကျွန်ုပ်ပြစ်မှားပါပြီ။ ကိုယ်တော်သည် လမ်း၌ ကန့်လန့်နေတော်မူသည်ကို အကျွန်ုပ်မသိပါ။ ယခုမှာ အလိုတော်မရှိလျှင်

အကျွန်ုပ်ပြန်သွားပါ မည်ဟု ထာဝရဘုရား၏ကောင်းကင်တမန်အားဆို၏။" - တောလည်ရာ ၂၂:၃၄

လိုက်သွားခြင်းသည် ဘုရား၏အလိုတော်မဟုတ်ကြောင်း ဗာလမ်သိ၏။ မြည်းနှင့် ထာဝရ ဘုရား၏ကောင်းကင်တမန်ဖြစ်စဉ်များက ၎င်းသည် မှားနေကြောင်းကိုပြ၏။ ၎င်းက လည်း ၎င်း၏အပြစ်ကိုသိ၏။ သို့သော် "အလိုတော်မရှိလျှင် အကျွန်ုပ်ပြန်လှည့်ပါမည်" ဟု ဆို၏။ ဘုရားသခင်သည် မှန်ဖြင့်ပြန်တုံ့ပြန်ရ၏။

"ထာဝရဘုရား၏ ကောင်းကင်တမန်ကို မြည်းသည်မြင်ပြန်သောအခါ၊ စောင်ရန်း တစ်ဖက်၌တိုး၍ ဗာလမ်၏ခြေကို ဖိလေ၏။ ဗာလမ်လည်း တစ်ဖန်ရိုက်ပြန် လေ၏။" - တောလည်ရာကျမ်း ၂၂:၂၅

ဗာလမ်အား လိုက်ခွင့်ပေးခြင်းသည် ၎င်း၏စိတ်အားထက်သန်မှုကို ရောင်ပြန်ဟပ်ပြခြင်း သာ ဖြစ်၏။ အကြောင်းရင်းကား ၎င်းသည် ပဋိညာဉ်ဟောင်း၌ ရှိ၍ဖြစ်၏။ လူသားတို့ သည် ၎င်းတို့၏ စိတ်စေရာအတိုင်းသွားရန် ပိုင်းဖြတ်သည့်အခါ ဘုရားက သွားခွင့်ပေး၏။ မတားတော့။

"ဘိုးဘေးတို့သည် နားမထောင်၊ နားကိုမလှည့်ဘဲ နေကြ၏။ နားမကြား၊ ဆုံးမခြင်း ကို မခံမည်အကြောင်း၊ မိမိတို့လည်ပင်းကို ခိုင်မာစေကြ၏။" - ယေရမိ ၁၇:၂၃

ဘုရားက ၎င်းတို့၏အစ္စျတ္တအတိုင်း နေခွင့်ပြု၏။ အနီးက အပြစ်ကိုပွားခွင့်ပြု၏။ အပြစ် ပွားသည့်အခါ ကရုဏာဆပွားရန် နောင်တပြန်ရကြ၊ လမ်းမှန်ကိုရွေးကြ၏။

ဣသရေလများ ရှင်ဘုရင် ပူဆာခဲ့ချိန်အကြောင်း ပြန်၍သုံးသပ်ပါလော့။ ဘုရားက ၎င်းတို့ ကို အားမပေးခဲ့။ သို့သော် ၎င်းတို့ ခေါင်းမာကြ၏။ သို့နှင့် ဘုရားလည်း ၎င်းတို့၏ဆန္ဒနှင့် ကိုက်သည့် ဘုရင်ကို ပေးခဲ့၏။ အနီးသည် ဘုရားအလိုမဟုတ်။ ၎င်းတို့၏ ဆန္ဒမှန်ပြင် အတိုင်း ဘုရားက လောကီဘုရင်ကို ပေးခဲ့၏။

မောရှေအချိန်၌ ဘုရားသခင်သည် ဣသရေလများအား ခါနနိလူများကို ပျားတူနှင့် မောင်း ထုတ်မည်ဟု မိန့်ခဲ့၏။ သတ်ဖြတ်သုတ်သင်မည့်စကား မဟာခဲ့ပါ။ သို့တိုင်လည်း ဣသရေ လတို့သည် ၎င်းတို့၏ သတ်လိုဇောကို တောလည်ရာကျမ်း (၂၁) ၌ ပြကြ၏။

> "ဣသရေလအမျိုးသည် အသရိမ်လမ်းဖြင့်လာကြသည့်သိတင်းကို တောင်မျက်နှာ ၌နေသော ခါနာန်အမျိုးအာရဒ်မင်းကြီးကြားလျှင်၊ ဣသရေလအမျိုးကို စစ်တိုက် ၍ လူအချို့တို့ကိုဖမ်းဆီးသိမ်းသွားလေ၏။ (၂) **ဣသရေလအမျိုးကလည်း၊ ကိုယ် တော်သည်ဤလူမျိုးကို အကျွန်ုပ်တို့လက်သို့ အပ်တော်မူလျှင်၊ သူတို့မြို့များကို ရှင်းရှင်းဖျက်ဆီးပါမည်ဟု ထာဝရဘုရားအား သစ္စာကတိပြုလေ၏။** (၃) ထာဝရဘုရားသည်လည်း၊ ဣသရေလအမျိုး၏စကားကိုနားထောင်၍၊ ထို ခါနာန်အမျိုးသားတို့ကို အပ်တော်မူ၏။ သူတို့နှင့် သူတို့မြို့များကို ဣသရေလ လူတို့သည်ရှင်းရှင်းဖျက်ဆီး၍၊ ထိုအရပ်ကို ဟော်မာအမည်ဖြင့်သမုတ်ကြ၏။" - တောလည်ရာကျမ်း ၂၁:၁-၃

တိုင်းတစ်ပါးသားများကိုသတ်ဖြတ်လိုသည့် ၎င်းတို့၏ဆန္ဒကို ဘုရားသခင်သိသည်ကြောင့် နောက်ပိုင်းတွင် ၎င်းတို့ ကြားလိုကြသည့်အတိုင်း ၎င်းတို့၏ရန်သူများကို လက်စတုံးရန် အမိန့်ပေးခဲ့၏။

“အကြောင်းမူကား လူတို့သည် မှန်ကန်ပြည့်စုံသောဩဝါဒကို သည်းခံနာယူနိုင်ခြင်း မရှိသဖြင့် မိမိတို့တပ်မက်ခြင်းအတိုင်း နားခံသာသောအရာကို ဟောပြောသည့် ဆရာများကိုစုရုံးစေ၏။” - တိမောသေ ဩဝါဒစာဒုတိယစောင် ၄:၃

ပဋ္ဌိညာဥ် အကန့်၂ ကန့်အကြောင်း သင်နားမရှင်းလျှင် သင်သည် ပုထုဇဉ်တို့၏ ဓာတ်ညစ်ကို ဘုရား၏သိက္ခာတော်အဖြစ် တံဆိပ်တပ်မိပါမည်။ အနှီသည် ပုထုဇဉ်များက နှစ်ရာစုချီကာ ကျမ်းစာကို လေ့လာကြပြီး အမှားကြီး မှားခဲ့ကြသည့် အကြောင်းများထဲမှ တစ်ခုဖြစ်၏ - လူ့ဗီဇကို မခွာချနိုင်ခြင်းက ၎င်းတို့၏ ကလဲ့စား လိုစိတ်ကို တင့်တယ်သည့် ဘုရား၏မျက်နှာပေါ် ကပ်ကြ၏။

ပဋ္ဌိညာဥ် အကန့်၂ ကန့် အကြောင်း သင် နားမရှင်းလျှင် သင်သည် ပုထုဇဉ်တို့၏ ဓာတ်ညစ်ကို ဘုရား၏သိက္ခာတော် အဖြစ် တံဆိပ်တပ်မိပါမည်။

ခရစ်တော်ဘုရားကို မိမိ၏ကယ်တင်ရှင်အဖြစ် မှတ်ယူသူတစ်ဦးက မိမိသည် ဘုရားသားတော်အပေါ် ဂရုကံကျူးလွန်သည်ဟု လက်ခံတတ်ရပါမည်။ အနှီပရမတ်က လူသားသည် ဗီဇကပင် ဘုရားသခင်နှင့် သားတော်ဘုရားကို မုန်းကြောင်းကို အထုပ်ဖြည်ပြ၏။ ထိုအငုံစိတ်ကို အပြောကင်းရန်အတွက် လူသားတို့သည် ဘုရားအပေါ် ပုံချပြီး လူသားများ ကို အသုတ်သင်ဆုံးပုဂ္ဂိုလ်ဟု ပုံမှားရိုက်ကြ၏။ ဤနည်းဖြင့် ၎င်းတို့သည် ၎င်းတို့ချေမှုန်း လိုသူများအပေါ် ဤဆင်ခြေဖြင့် ချေမှုန်းကြ၏။ ၎င်းတို့၏ ရန်သူများကို ငရဲတွင်မြင်လို သည့်ဆန္ဒများကို လျှို့ဝှက်တစ်မျိုး၊ ဘွင်းဘွင်းတစ်မျိုး ပြကြ၏။

ဘုရားသခင်ကို ကြောက်ရွံ့၍ချီးမွမ်းရန် ယခုတွင်ပင် စဖိတ်ခေါ်ပြီဖြစ်၏။ ဘုရားသခင်၏ သိက္ခာတော်အစစ်ကို ပို၍နားလည်ရန် ဘုရားကို လက်စားချေလိုသည့်ဘုရားဟု အမှတ်မှားပြီးကြောက်ခဲ့ခြင်းမှ ဘုရားသခင်ကို ငါတို့အမှတ်မှားခဲ့ခြင်းအတွက် ထိုမေတ္တာတော်ကို ပို၍ရိုသေ၊ ပို၍နောင်တအမှန် ရရမည့်အကန့်သို့ ရွေ့ရမည်ဖြစ်၏။

"ချစ်ခြင်းမေတ္တာ၌ ကြောက်ရွံ့ခြင်းမရှိ။ ကြောက်ရွံ့ခြင်းသည် အပြစ်ဒဏ်ခံရခြင်းနှင့်သက်ဆိုင်သည်ဖြစ်၍ စုံလင်သောချစ်ခြင်းမေတ္တာသည် ကြောက်ရွံ့ခြင်းကို ဖယ်ရှားတတ်၏။ ထို့ကြောင့် ကြောက်တတ်သောသူသည် ချစ်ခြင်းမေတ္တာနှင့် မပြည့်စုံသေး။" - ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄:၁၈

သာသနာ့ရောင်ဝါတော်သည် ထွန်းစပြုလာပြီဖြစ်ပြီး ဘုရားသခင့် ဘုန်းတော်သည် ယခုတွင် ပွင့်ပါပြီ။ ကယ်တင်ခြင်းစီမံကိန်းအကြောင်း၌ ပဋိညာဉ်များ၏ အကန့်ကိုယ်စီကို သင်သည် သမာသမတ်ကျကျ နားလည်သည့်အခါတွင် ဘုရားသခင်၏သိက္ခာတော်များကို အမှောင်ချသည့် အဝိဇ္ဇာအမှောင်တိုက်သည် ဘုရားသခင်၏ဘုန်းရောင်ကြောင့် ပပျောက် မည်ဖြစ်၏။

သမ္မာကျမ်းစာလာ အနိဋ္ဌာရုံများအကြောင်း၌ ဘုရား၏ စိတ်ရှည်ခြင်း၊ ညဏ်ပညာ၊ တရား မျှတခြင်း၊ သနားခြင်း၊ မေတ္တာတရားများကိုတွေ့နိုင်ရန် ဆိုခဲ့ပြီးသည့် ဆန်းစစ်ရမည့်နည်း ထိုထိုစည်းများ ငါတို့၌ရှိပြီဖြစ်၏။

## ၂၂။ ခန္တီပါရမီရှင်ကြီး ရှင်မောရှေ

> "မောရှေသည် မြေကြီးပေါ်မှာရှိနေသော သူအပေါင်းတို့ထက်သာ၍ နူးညံ့သိမ်မွေ့သောသဘောရှိ၏။" - တောလည်ရာကျမ်း ၁၂:၃

ခြစား၊ ကျွန်စနစ်သုံး၊ လူပူဇော်ခြင်း၊ စစ် စသည်များ ခေတ်ထချိန်တွင် ကြီးပြင်းခဲ့သူအတွက် အထက်ပါကျမ်းပိုဒ်အကြောင်းသည် အမှောင်ကမ္ဘာ၌ မီးအိမ်ပမာဖြစ်၏။ မောရှေ သည် ခန္တီပါရမီရှင်၊ သူတော်ကောင်းကြီးဖြစ်၏။ မောရှေသည် ၎င်း၏ရှေ့နှင့်နောက်လူ အနည်းစုကပြခဲ့သည့် ခရစ်တော်ဘုရား၏ အတ္တမဲ့မေတ္တာမျိုး ပြခဲ့၏။

အီဂျစ်ပြည်မှ ခေါ်ထုတ်ခဲ့သည့်သူများ ဆိုးသွမ်းပြီး ၎င်းကိုအပြစ်ပြော၊ သတ်လိုခဲ့ပြား မောရှေသည် ၎င်းတို့အတွက် ဆုတောင်းပေးခဲ့၏။ စာရှုသူအနေဖြင့် ထိုလူများကို ပေယျာ လကန် ပြုထိုက်၏ဟု ဆိုမိပြား မောရှေသည် "ကိုယ်တော်စီရင်တော်မူသောစာရင်း၌ အကျွန်ုပ်နာမကို ချေတော်မူပါ" ဟုပင် လျှောက်သေး၏။

> "ထာဝရဘုရားအထံတော်သို့ပြန်သွား၍၊ အိုဘုရားသခင်၊ ဤလူတို့သည် ပြစ်မှား သော အပြစ်ကြီးလုပါ၏။ မိမိတို့အဘို့ ရွှေဘုရားကိုလုပ်ပါပြီ။ (၃၂) သို့သော်လည်း သူတို့အပြစ်ကိုလွှတ်ခြင်းငှာ အလိုတော်ရှိလျှင် လွှတ်တော်မူပါ။ သို့မဟုတ်၊ ကိုယ် တော်စီရင်တော်မူသောစာရင်း၌ အကျွန်ုပ်နာမကိုချေတော်မူပါ။ အကျွန်ုပ်တောင်း ပန်ပါ၏ဟုလျှောက်၏။" - ထွက်မြောက်ရာကျမ်း ၃၂:၃၁၊ ၃၂

အနှီကျမ်းချက်များကို ဖတ်ရန်လွယ်၏။ သို့သော် သင့်ကို ဂရုမစိုက်သူ၊ မုန်းသူ၊ သတ်လိုသူများအတွက် သင်၏အမတဘာဝ ပန်ဆင်ခွင့်ထူးကြီးကို လှူနိုင်ခြင်းသည် အဘယ်သို့နည်း။ ဘုရားသခင်၏ ဘုန်းရောင်တော် ၎င်းတို့၏မျက်နှာပေါ် ကွန့်မြူးသည့် အဖန်ဆင်းခံ ပုဂ္ဂိုလ်သည် ကောင်းကင်တမန်များသာဖြစ်၏။ မောရှေသည် သိုးများကို နှစ် (၄၀)

ကျောင်းခဲ့၊ ချီခဲ့၊ လမ်းပြခဲ့၏။ အန္တရာယ်မှ ကာကွယ်ခဲ့၏။ သိနာတောင်တွင် ၎င်းသည် အနန္တမေတ္တာရှင် လူသားတို့၏ကယ်တင်ရှင်နှင့် ရက် (၄၀) ကြာ သဟာယပြုခဲ့၏။ မောရှေ သည် ကယ်တင်ခြင်းစီမံကိန်းအကြောင်းကို သိနားလည်ခဲ့၏။ ဘုရားသခင်အား ၎င်း၏ ဘုန်းတော်ကိုပြရန် တောင်းဆိုခဲ့၏။ ဘုရားသခင်သည် ၎င်း၏သိက္ခာများဖြစ်သည့် သနား ခြင်း၊ ကရုဏာတော်၊ သည်းခံခြင်း၊ ကောင်းမြတ်မှုန်ကန်ခြင်းများကို ပြခဲ့၏။ ၎င်း၏ တစ်ဖက်တွင်ကား မောရှေသည် အပြစ်စွန်းလျက်ရှိ၏။ ၎င်း၏ရာထူးကို လိုချင်ခဲ့သူများ အတွက် ဘုရားသခင်ထံ တောင်းပန်ပေးခဲ့၏။ ဘုရားသခင်သည် မောရှေကို ထမြောက် စေပြီး ၎င်းနှင့်အတူ ဘုန်းတော်ဝင်စားစေခြင်း၊ ယေရှုဘုရား၏ ကယ်တင်ခြင်းလုပ်ငန်း၌ ကူညီစေခြင်းများသည် မဆန်းပါ။

အနီအကြောင်းနောက်ခံနှင့် ပြီးခဲ့သည့်အခန်း၌ ဆွေးနွေးခဲ့ပြီးသည့် စည်းမျဉ်းများကို မောရှေနှင့်သက်ဆိုင်ခဲ့သည့် အနိဋ္ဌာရုံများကို တွဲကြအံ့။

> "တပ်တံခါးဝမှာရပ်လျက်၊ ထာဝရဘုရားဘက်၌ အဘယ်သူနေသနည်း။ ငါ့ထံသို့ လာစေဟုဆိုလျှင်၊ လေဝိအမျိုးသားအပေါင်းတို့သည် သူ့ထံ၌ စည်းဝေးကြ၏။ (၂၇) မောရှေကလည်း၊ လူတိုင်းဓားလွယ်လျက် တပ်တစ်မျက်နှာတံခါးမှ တမျက် နှာ တံခါးတိုင်အောင်ထုတ်ချင်းခပ်သွား၍၊ အသီးအသီး မိမိညီအစ်ကို၊ မိမိအပေါင်း အဖော်၊ မိမိအိမ်နီးချင်းကိုသတ်စေဟု ဣသရေလအမျိုး၏ဘုရားသခင် ထာဝရ ဘုရားအမိန့်ရှိတော်မူသည်ဟု၊ (၂၈) **မောရှေစီရင်သည်အတိုင်း၊ လေဝိအမျိုးသား တို့သည်ပြု၍၊ ထိုနေ့၌ လူသုံးထောင်လောက်သေကြ၏။**" - ထွက်မြောက်ရာကျမ်း ၃၂:၂၆-၂၈

ဤကျမ်းပိုဒ်သည် မောရှေက ဣသရေလတို့၏အပြစ်သည် မဖြေပေးနိုင်သည့်အဆင့်သို့ ရောက်လျှင် ၎င်း၏ထာဝရအသက်ဆုထူးကို လှူခဲ့သည် ကျမ်းပိုဒ်ငယ်အပြီး (၄) ပိုဒ် မြောက်၌ လာ၏။ ဘုရားသခင်၏ မေတ္တာကြီးမားပုံကို မောရှေသိ၏။ သို့သော် ဤလူများ

ပြကြသည့် စက်ဆုပ်ဖွယ်အပြစ်များသည် ထာဝရဘုရားသခင်ကို လုံးလုံးပမာမခန့်ပြုခြင်း ဖြစ်ကြောင်းကိုသိ၏။ အနှီစက်ဆုပ်ဖွယ်အပြစ်သည် ဘာနည်း။ အီဂျစ်တို့၏ ဘုရားတစ်ဆူ ဖြစ်သည့် ရွှေနွားရုပ် သွန်းပြီး ဘုရားပြုရှိခိုးခြင်းဖြစ်၏။

> "ထာဝရဘုရားက၊ သင်သည်ဆင်းသွားလော့။ အဲဂုတ္တုပြည်မှ သင်နုတ်ဆောင်ခဲ့သော သင်၏လူတို့သည် ဖောက်ပြန်ကြပြီ။ (၈) ငါမှာထားသောလမ်းမှ အလျင်အမြန်လွှဲသွား၍၊ နွားသငယ်ရုပ်ကိုသွန်းပြီးလျှင်၊ အိုဣသရေလအမျိုး၊ ဤဘုရားသည် သင့်ကိုအဲဂုတ္တုပြည်မှ နုတ်ဆောင်ခဲ့သော ဘုရားဖြစ်တော်မူ၏ဟုဆိုလျက်၊ ရုပ်တုရှေ့မှာယဇ်ပူဇော်ကိုးကွယ်ကြပြီ။" - ထွက်မြောက်ရာ ၃၂:၇၊ ၈

လွန်ခဲ့သည့် ရက် (၄၀) ၌ ဣသရေလတစ်မျိုးသားလုံးက မှန်သောဘုရားကို သစ္စာရှိရှိ ကိုးကွယ်မည်ဟု သစ္စာပြုခဲ့ကြ၏။ သီတင်းပတ် (၆) ပတ်မပြည့်တတ်သေးချိန်အတွင်း အီဂျစ်ဘုရားရှေ့တွင် သောက်ကြူးကခုန်ကြပါပြီ။

အနှီဖြစ်စဉ်အကြောင်း အကျယ်မြင်တတ်ရန် ငါတို့နောက်ပြန်ဆုတ်၍ ရှုရမည်ဖြစ်၏။ ကပ်မကျမီတွင် ဘုရားသခင်သည် အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အပေါ်ပြုခဲ့သည် ပဋိညာဉ်ပြည့်စုံစေရန် ကတိ (၇) ခု ပေးခဲ့၏။ ထိုကတိတော်များကို ထွက်မြောက်ရာ ၆:၆-၈ ၌ တွေ့ရ၏။

၁။ သင်တို့ကို အဲဂုတ္တုလူတို့လက်မှ ငါလွှတ်မည်။

၂။ သူတို့၏ ညှင်းဆဲခြင်းထဲက ငါနုတ်ယူမည်။

၃။ လက်ဆန့်ခြင်း၊ ကြီးစွာသောဒဏ်ခတ်ခြင်းအားဖြင့် သင်တို့ကို ငါရွေးမည်။

၄။ ငါ၏လူမျိုးဖြစ်စေခြင်းငှာ သင်တို့ကို ငါသိမ်းယူမည်။

၅။ ငါသည်လည်း သင်တို့၏ဘုရားသခင်ဖြစ်မည်။ ငါသည် သင်တို့ကို အဲဂုတ္တုလူတို့ လက်မှလွှတ်သော သင်တို့၏ဘုရားသခင် ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့ သိကြလိမ့်မည်။

၆။ ငါသည်လည်း အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ပေးမည်ဟု ကျိန်ဆိုသော ပြည်သို့ ငါပို့ဆောင်မည်။

၇။ အမွေခံစရာဖို့ပေးမည်။ ငါသည် **ထာဝရဘုရားဖြစ်၏။**

အနီသည် ထာဝရပဋိညာဉ်သို့ဝင်ရန် ဖိတ်ခြင်းဖြစ်၏။ ၎င်းတို့လုပ်ရမည်မှာ ထိုထိုကတိတော်များကို လက်ခံလိုက်ရုံ၊ ယုံကြည်လိုက်ရုံသာဖြစ်၏။ ဣသရေလများက မည်သို့တုံ့ပြန်ကြသနည်း။

> "ထိုသို့မောရှေသည် ဣသရေလအမျိုးသားတို့အားဆင့်ဆိုသော်လည်း၊ သူတို့သည် အလွန်စိတ်ပင်ပန်း၍ ကြမ်းတမ်းစွာ ညှဉ်းဆဲခြင်းကိုခံရသောကြောင့်၊ **မောရှေ စကားကိုနားမထောင်ဘဲနေကြ၏။**" - ထွက်မြောက်ရာ ၆:၉

၎င်းတို့သည် ထိုကမ်းလှမ်းမှုကို နားမဝင်ကြ၊ လက်မခံကြပါ။ အနီအခွင့်ထူးကြီးမျိုးကို သင် ဘာကြောင့်ငြင်းလိုရသနည်း။ အဖြေကား "အလွန်စိတ်ပင်ပန်း၍ ကြမ်းတမ်းစွာ ညှင်းဆဲ ခြင်းကို ခံရသောကြောင့်" ဟူသည့်စကား၌ရှိ၏။ ၎င်းတို့၏ အဖြစ်ဆိုးအတွက် ဘုရား သခင်ကို အပြစ်တင်ကြ၏။ သို့နှင့် ဘုရားကို မကိုးစားကြတော့။ ကျွန်စော်နံရခြင်းသည် ၎င်းတို့၏ ပယောဂသာဖြစ်၏။ ရွှေနွားရုပ်ကိုးကွယ်ကြသည့်အဖြစ်၌ တွေ့ရသည့်အတိုင်း ၎င်းတို့သည် ထာဝရဘုရားသခင်ကို ဥပေက္ခာပြုခဲ့ကြ၏။ ဥပုသ်နေ့မှအစ ရန်ကာစည်း ဖြစ်သည့် ဘုရား၏ပညတ်တော်များကိုလည်း မစောင့်ကြတော့ပါ။ ဤသည်မှာ ၎င်းတို့၏ အမှားဖြစ်၏။ သို့တိုင်လည်း ၎င်းတို့၏အမှားကိုဝန်ခံပြီး ကမ်းလှမ်းမှုကို ပံ့သကူယူမည့် အစား ၎င်းတို့၏အပြစ်ကို ဘုရားအပေါ် ပုံချကြ၏။ လူသားတို့သည် ဆိုးညစ်လေစွ။

နှစ်ရာစုချီကာခံခဲ့ရသည့် ကျွန်ဘဝမှ ဆန်းကြယ်စွာကယ်ထုတ်အပြီးတွင် ၎င်းတို့သည် ပမာမခန့်နေကြ၊ နောင်တမရကြဘဲ အကျိုးအပြစ်ကို လက်ခံကြ၏။

အများစုက ဘုရားသခင်ကို ငြင်းပယ်ကြပြား ဘုရားက မေတ္တာကြီးစွာဖြင့် ကယ်ခဲ့၏။ ပင်လယ်နီ တစ်ဖက်ကမ်းမှနေ၍ ရန်သူများသေကြသည်ကို မရှုနိုင်မချင်း ၎င်းတို့၏ စိတ်သည် အမှန်လွတ်မြောက်ပြီဟု မမှတ်နိုင်ကြပါ။ ခန္ဓာကျွန်ဘဝမှ လွတ်ကြသည့်တိုင် ကျွန်စိတ်ရှိဆဲ ဖြစ်၏။ မြည်တွန်တောက်တဲ့ခြင်းများ စချေပြီ။

> "**ထိုတော၌ ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့က၊** (၃) ငါတို့သည် အဲဂုတ္တုပြည်၌ အမဲသားချက်သောအိုးကင်းနားမှာထိုင်၍ ဝစွာစားရသောအခါ၊ ထာဝရဘုရား၏လက်တော်ဖြင့်သေလျှင် သာ၍ကောင်း၏။ ယခုမူကား၊ ဤစည်းဝေးလျက်ရှိသော လူအပေါင်းတို့ကို ငတ်မွတ်ခြင်းအားဖြင့် သတ်လိုသောငှာ၊ ဤတောအရပ်သို့ဆောင်ခဲ့ပြီတကားဟု **မောရှေနှင့် အာရုန်ကို အပြစ်တင်၍ မြည်တမ်းလျက်ဆိုကြ၏။**" - ထွက်မြောက်ရာကျမ်း ၁၆:၂၊ ၃

ဣသရေလတစ်မျိုးသားလုံးက မောရှေနှင့်အာရုန်အပေါ် နှဲ့မှုတ်ကြသည်ကို သတိချပ်ရန် လို၏။ ၎င်းတို့က ဘုရားသခင်၏စောင်မမှုကို နေ့၌တိမ်တိုက်၊ ညဉ့်၌မီးတိုင်ဖြင့် နေ့စဉ် မျက်ဝါးထင်ထင် တွေ့နေရပြား မောရှေနှင့်အာရုန်တို့၏ ဆုံးဖြတ်ချက်များကို အစမှအဆုံး မကျေနပ်နိုင်ကြပါ။

အနှိုးနှဲ့မှုတ်တတ်သည့် ဉာဉ်ဆိုးသည် မာရ်နတ်၏ဉာဉ်ဖြစ်၏။ ၎င်းသည် မိမိသွေးချင်းများကို မတရားစွပ်စွဲသူဖြစ်၏။ အနှိုဉာဉ်ဆိုးသည် ၎င်းတို့၏ မြိုင်တွင်းခရီးစဉ်တစ်ခုလုံးကို ကြီးစိုးခဲ့၏။ ဘုရားသခင်၏ကတိတော် (၇) ခုကို ၎င်းတို့သည် လက်မခံကြဘဲ ပစ္စက္ခဒုက္ခများကိုမှီပြီး ဘုရားသခင်ကိုအပြစ်တင်ကြ၏။ ဣသရေလတို့၏ ယုံကြည်သဒ္ဓါအားကို သန့်စင်ရန်အတွက် ဘုရားသခင်သည် ဆန်းစစ်မှုအထွေထွေ ပြုခဲ့၏။ သို့သော် ၎င်းတို့သည် ၎င်းတို့၏ ကျေးဇူးမသိတတ်မှုအမှန်ကို ဖွင့်ထုတ်ကြ၏။ ထာဝရပဋိညာဉ်၌

တစ်ဦးမှ မဝင်ကြပါ။ ခရစ်တော်၏ စိတ်မျိုးလည်း မရှိကြပါ။ အနီအဖြစ်သည် နောက်အခန်းတွင် ပို၍သိသာထင်ရှား၏။

> "ဣသရေလအမျိုးသားပရိသတ်အပေါင်းတို့သည်၊ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ သိန်တောထဲကထွက်၍ခရီးသွားသဖြင့်၊ ရေဖိဒိမ်အရပ်၌ စားခန်းချကြ၏။ ထိုအရပ်၌ လူများသောက်ဘို့ရာရေမရှိ။ (၂) **ထိုကြောင့်လူများတို့က၊ သောက်ဖို့ရေပေးပါဟုဆို၍ မောရှေကိုရန်တွေ့ကြ၏။** မောရှေကလည်း၊ ငါ့ကို အဘယ်ကြောင့်ရန်တွေ့ကြသနည်း။ ထာဝရဘုရားကို အဘယ်ကြောင့် စုံစမ်းကြသနည်းဟုဆိုလေ၏။ (၃) လူများတို့သည်ရေငတ်၍ **မောရှေကို အပြစ်တင်မြည်တမ်းလျက်၊ ငါတို့မှစ၍ သားသမီးတိရစ္ဆာန်တို့ကို အငတ်ထား၍ သတ်ခြင်းအလိုငှာ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့်ဆောင်ခဲ့သနည်းဟု ဆိုကြ၏။** (၄) **ထိုအခါ မောရှေသည် ထာဝရဘုရားအားအော်ဟစ်၍၊ ဤလူတို့အား အကျွန်ုပ်သည် အဘယ်သို့ပြုရပါမည်နည်း။ အကျွန်ုပ်ကို ခဲနှင့်ပစ်လုကြပါပြီဟု လျှောက်လေ၏။**" - ထွက်မြောက်ရာကျမ်း ၁၇:၁-၄

ဘုရားသခင်၏ အခွင့်ဖြင့် မောရှေကငင်းတို့ကို ကယ်ထုတ်ခဲ့သည့်အပေါ် ၄င်းတို့သည် မောရှေကို ကျေးဇူးမတင်ဘဲ ၄င်းတို့ကို သတ်လိုသောကြောင့် ခေါ်ထုတ်ခဲ့သည်ဟု စွပ်စွဲကြပြီး ကျောက်ခဲဖြင့်ပစ်သတ်ရန် ကြံကြ၏။

၄င်းတို့၏ မတရားစွပ်စွဲမှု၊ အီဂျစ်ပြည်၌ ရုပ်တုကိုးကွယ်ခဲ့မှုများအတွက် ဣသရေလများ နောင်တရကြသည့် အထောက်အထားမရှိပါ။ ၄င်းတို့သည် သန့်ရှင်းသောဝိညာဉ်တော်နှင့် မပြည့်ဝကြဘဲ မတရားစွပ်စွဲ၊ အပျော်ရှာ၊ အလေလိုက်လိုကြ၏။ ဣသရေလတို့သည် ထိုစိတ်ပဒေသာဖြင့် ဘုရားသခင်ကိုနာခံရန် ကတိပေးကြ၏။ မောရှေသည် ၄င်း၏အစွမ်း ဖြင့် အထူးအဆန်းများကို မလုပ်ပြကြောင်း ၄င်းတို့သိကြ၏။ မောရှေအပေါ် စွပ်စွဲမှု အထွေထွေတို့သည် ထွက် ၆:၉ တွင် တွေ့ရသည့် ဘုရားသခင်ကို စွပ်စွဲခဲ့သည်များ ဖြစ်၏ — ကျွန်ဘဝကိုစိတ်နာပြီး

ဘုရားသခင်ကိုအပြစ်တင်၏။ ဘုရားသခင် ကတိပေးခဲ့သည် များကို ၎င်းတို့က လုပ်ဆောင်မည်ဟု ကတိပေးသည့်အခါ ၎င်းတို့၌ ထိုအငံ့စိတ်ရှိ၏။

ဣသရေလများ ဘုရား၏ဝိညာဉ်နှင့် မပြည့်ကြကြောင်းကို ဘုရားသခင်သိတော်မူ၏။ ၎င်းတို့၏ အငံ့စိတ်ပေါ်ရန် ဘုရားသခင်သည် မောရှေကို တောင်ပေါ်သို့ ရက် (၄၀) ခေါ် ထုတ်ခဲ့၏။ မောရှေသည် တောင်ပေါ်၌ မည်မျှကြာမြင့်မည်ကို ဣသရေလတို့ မသိကြပါ။ တောင်ပေါ်၌ပင် သေလောက်ပြီဟု တွေးကြပြီး အီဂျစ်ဘုရားကို ရှိခိုးခြင်း၌ ၎င်းတို့၏ အငံ့စိတ် အသက်ဝင်လာ၏။

မောရှေ၏အနွယ်ဖြစ်သည့် လေဝိအနွယ်များသည် ထိုနွားရုပ်ကို ရှိခိုးပူဇော်သည့်သဘင်၌ မပါခဲ့ကြပါ။ ဘုရားသခင်၏ ဝိညာဉ်တော်ကို ၎င်းတို့၏သန္တာန်၌ မပပျောက်စေကြသော ကြောင့် ၎င်းတို့၏ ညီအစ်ကိုမျိုးနွယ်များကြားတွင် လေဝိအနွယ်များသည် ခေါင်းမော့နိုင် ကြ၏။ ဘုရားသခင်အတွက် လေဝိအနွယ်တော်များကို သီးခြားသိက္ခာတင်ထားကြောင်း မော်ကွန်းမရှိပါ။ ၎င်းတို့သည် ထွက်မြောက်ရာကျမ်း အခန်းကြီး (၁၆) ၌ လုံးစေ့ပတ်စေ့ ဖေါ်ပြထားသည့်အတိုင်း မောရှေကို အပြစ်တင်ကြ၏။ ၎င်းတို့သည် အများနည်းတူ ဘုရားသခင်ကို ပဋိညာဉ်ဟောင်း စိတ်အရင်းခံဖြင့် နာခံမည်ဟု ကတိပေးခဲ့ကြ၏။ ရှေ့ တစ်ခန်း၌ ဆိုခဲ့ပြီးသည့်အတိုင်း ပဋိညာဉ်ဟောင်းကာလရှိ လူများ၏အကြောင်း နားလည် ရန် အရေးပါလှ၏။ အပြစ်သာ၍မြင်သာရန် ဘုရားသခင်သည် ၎င်းတို့၏ဗီဇနှင့် ညီထွေ သည့် စကားရပ်ကို သုံးခဲ့၏။

ဘုရားသခင်သည် မည်သို့တရားစီရင်ကြောင်း ငါတို့သည် ဂရုတစိုက် လေ့လာကြောင်းကို ဤအဆင့်မှာပင် ဆင်ခြင်နိုင်စွမ်းရှိရပါမည်။ ဘုရားသခင်၏ ပညတ်တော်ကိုသာ တိုက် ရိုက်ညွှန်းကာ ရေးထား၏။ ဘုရားသခင်သည် လူသားများအပေါ် ဤသို့သာဒဏ်ခတ်၏။

“အထက်မိုဃ်းကောင်းကင်၌ဖြစ်စေ၊ အောက်အရပ်မြေကြီးပေါ်၌ဖြစ်စေ၊ မြေကြီးအောက် ရေထဲ၌ဖြစ်စေ ရှိသောအရာနှင့်ပုံသဏ္ဌာန်တူအောင်၊ ရုပ်တုဆင်းတုကို ကိုယ် အဘို့မလုပ်နှင့်။ (၅) **ဦးမချ၀တ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါထာဝရဘုရားသည်၊ သင်၌အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား၊ ငါ့ကို မုန်း သောသူတို့၏အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ဆပ်ပေးစီရင်သောဘုရား၊** (၆) ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကိုကျင့်သောသူတို့၏ အမျိုးအစဉ်အဆက် အထောင်အသောင်းတိုင်အောင်၊ ကရုဏာကိုပြသောဘုရားဖြစ်၏။” - ထွက်မြောက်ရာ ၂၀:၄-၆

မောရှေက ဘုရားသခင်အား ၎င်း၏ဘုန်းကိုပြရန် တောင်းဆိုသည့်အခါ အထက်ပါကျမ်းပိုဒ်နှင့် အနည်းငယ်သာကွာဟသည့် ခွန်းတုံ့ပြန်ခဲ့၏။

“ထာဝရဘုရားသည် မိုဃ်းတိမ်ဖြင့်ဆင်းသက်၍၊ ထိုအရပ်၌ မောရှေအနားမှာ ရပ်လျက်၊ ထာဝရဘုရား၏နာမတော်ကို ကြွေးကြော်တော်မူ၏။ (၆) ထာဝရဘုရားသည် မောရှေရှေ့၌ကြွသွားတော်မူလျက်၊ ထာဝရဘုရား၊ ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်ခြင်းနှင့် ကြွယ်ဝတော်မူထသော၊ (၇) **အထောင်အသောင်းများသောသူတို့အား သနားခြင်းကျေးဇူးတရားကို စောင့်တော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း၊ ပြစ်မှားခြင်းအပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီးသက်သက် ဖြေလွှတ်တော်မမူထသော၊ သားစဉ်မြေးဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်တော်မူသော ဘုရားသခင်ဟု ကြွေးကြော်တော်မူ၏။**” - ထွက်မြောက်ရာကျမ်း ၃၄:၅-၇

အဘတို့၏အပြစ်ကို သားတို့အား ဆပ်စေခြင်းသည် ဘာကိုဆိုလိုသနည်း။ ကနဦးအနေဖြင့် ဤအကြောင်းသည် ဘုရားသခင်ကို မျိုးဆက်လိုက်မုန်းခြင်းမှ မြစ်ဖျားခံကြောင်း ငါတို့မှတ်ရပါမည်။ ဘုရားကိုမုန်းခြင်းသည် ၎င်း၏ကွယ်ကာပေးခြင်းကို ငြင်းဆန်ခြင်းဖြစ်၏။ ထို့ကြောင့် အပြစ်ကို ဆပ်ပေးစီရင်ခြင်းသည် အပြစ်သားအပေါ်ကျသည့် အပြစ်၏ အကျိုးများဖြစ်၏။ အနီအဖြစ်မျိုး သမ္မာကျမ်းစာက အဖန်ဖန်ဆိုထား၏။

"ထာဝရဘုရားသည် တရားစီရင်တော်မူခြင်းအားဖြင့် မိမိအကြောင်းကို ထင်ရှားစေတော်မူပြီ။ **ဆိုးယုတ်သောသူသည် မိမိလက်ဖြင့်ပြုလုပ်ထားသောအရာ၌ ကျော့မိလေပြီ။** (ဟိဂ္ဂယွန်။ စေလာ)" - ဆာလံကျမ်း ၉:၁၆

"ထို့ကြောင့်၊ ငါသည် နှမြောစုံမက်ခြင်းမရှိဘဲ၊ **သူတို့အကျင့်တို့၏ အကျိုးအပြစ်ကို သူတို့ခေါင်းပေါ်သို့ သက်ရောက်စေမည်**ဟု ငါ့အား မိန့်တော်မူ၏။" - ယေဇကျေလ ၉:၁၀

ဣသရေလများသည် အခြေအနေများကို ဓားဖြင့်ထိန်းလိုကြကြောင်းကို ငါတို့သိကြ၏။ ဣသရေလများ သိနာတောင်မရောက်မီ အာမလက်အမျိုးသားများကို ရင်ဆိုင်ခဲ့ကြရ၏။

"**မောရှေကလည်း၊ လူတို့ကိုရွေး၍ အာမလက်လူတို့ကို စစ်တိုက်ခြင်းငှာ ထွက်လော့။** နက်ဖြန်နေ့၌ ဘုရားသခင်၏လှံတံကိုကိုင်လျက်၊ တောင်ထိပ်ပေါ်မှာ ငါရပ်နေမည်**ဟု ယောရှုအားဆို၏။** (၁၀) မောရှေမှာလိုက်သည်အတိုင်းယောရှုပြု၍၊ အာမလက်လူတို့ကို စစ်တိုက်လေ၏။ မောရှေ၊ အာရုန်၊ ဟုရတို့သည် တောင်ထိပ် ပေါ်သို့တက်ကြ၏။ (၁၁) မောရှေသည် လက်ကိုချီသောအခါ၊ ဣသရေလလူတို့ သည်နိုင်ကြ၏။ လက်ကို ချသောအခါ၊ အာမလက်လူတို့သည်နိုင်ကြ၏။ (၁၂) သို့ရာတွင် မောရှေ၏လက်သည်ညောင်းသောကြောင့်၊ သူတို့သည် ကျောက်ကိုယူ ၍ မောရှေကိုထိုင်စေပြီးလျှင်၊ အာရုန်နှင့် ဟုရတို့သည် တစ်ယောက်တစ်ဖက်နေ၍ သူ၏လက်ကိုမကြ၏။ သို့ဖြစ်၍ နေဝင်သည်တိုင်အောင် သူ၏လက်တို့သည်

အမြဲ နေလေ၏။ (၁၃) **ယောရှုသည်လည်း အာမလက်မင်းနှင့် လူများတို့ကို ဓားလက် နက်ဖြင့် လုပ်ကြံလေ၏။**" - ထွက်မြောက်ရာကျမ်း ၁၇:၉-၁၃

မောရှေကတိုက်ရန်ဆုံးဖြတ်သည် (သို့) ဣသရေလတို့၏အလိုကို ရောင်ပြန်ဟပ်ရန် ဘုရားက မောရှေကိုခွင့်ပြုသည်ဟူ၍လည်း ငါတို့အား မဆိုထားပါ။ ခါနာန်ပြည်ကို သွေးစွန်း မှုဖြင့် သိမ်းခြင်းသည် ဣသရေလများအတွက်ထားရှိသည့် ဘုရားသခင့်အကြံမဟုတ် ကြောင်း ငါတို့သိ၏။

"ငါ့ကိုကြောက်တတ်သောသဘောကို သင့်ရှေ့သို့ငါစေလွှတ်၍၊ သင်ရောက်လေရာရာအရပ်၌ ခပ်သိမ်းသောလူမျိုးကို ငါဖျက်ဆီးမည်။ သင်၏ရန်သူအပေါင်းတို့ကို နောက်သို့လှည့်စေမည်။ (၂၈) ပျားတူများကိုလည်း သင့်ရှေ့သို့ငါစေလွှတ်၍၊ သူတို့သည် ဟိဝိလူ၊ ခါနနိလူ၊ ဟိတ္တိလူတို့ကို သင့်ရှေ့မှာနှင်ထုတ်ကြလိမ့်မည်။" - ထွက်မြောက်ရာကျမ်း ၂၃:၂၇၊ ၂၈ (NLT)

ဣသရေလများက ဘုရားသခင်၏ကတိတော် (၇) ခုကို လက်ခံခဲ့လျှင် ဣသရေလတို့သည် ဘုရား၏ဝိညာဉ်တော်နှင့် ပြည့်စုံမည်ဖြစ်၏။ ဘုရားသခင်၏ ဝိညာဉ်တော်သည် လူ့အပေါ် ကျရောက်သည့်အခါ အောက်ပါအတိုင်း ဖြစ်ပျက်၏။

"မျှော်ကြည့်၍ ပိတ်ချောနှင့် ဥဖတ် ရွှေစင် ခါးပန်းကို ဝတ်စည်းလျက်ရှိသော လူတစ်ဦးကို မြင်၏။ (၆) သူ၏ကိုယ်သည် ကျောက်မျက်ရွဲကဲ့သို့ ဖြစ်၏။ သူ့မျက်နှာသည်လည်း လျှပ်စစ်ကဲ့သို့ ဖြစ်၏။ သူ့မျက်နှာသည်လည်း လျှပ်စစ်ကဲ့သို့ ထင်၏။ သူ့မျက်စိသည်လည်း မီးခွက်ကဲ့သို့ဖြစ်၏။ သူ့လက်ခြေတို့သည် ဦးသစ်သော ကြေးဝါအရောင်အဆင်းရှိ၏။ သူ့စကားသံသည် များစွာသော လူစုအသံနှင့်တူ၏။ (၇) ထိုဗျာဒိတ်ရူပါရုံကို ငါဒံယေလတစ်ယောက်တည်း မြင်ရ၏။ **ငါနှင့်အတူပါ သောလူတို့သည် မမြင်ရကြ။ သူတို့သည် အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်းသို့ ရောက်သဖြင့် ပုန်းရှောင်၍နေခြင်းငှာ ပြေးကြ၏။**" - ဒံယေလ ၁၀:၅-၇

အနှီသည် ၎င်းတို့ကိုကူမည့် ဘုရားသခင်၏ ရန်ကာစည်းဖြစ်၏။ ၎င်းတို့ကိုယ်တိုင် အားထည့်ရန် မလိုပါ။ ၎င်းတို့၏ရန်သူများသည် အပြစ်ကို ဝန်ခံ၊ နောင်တရကြမည်ဖြစ်၏။ ထိုသို့လည်းဖြစ်သင့်၏ (သို့) ရှောင်ပြေးကြပါလိမ့်မည်။

ဝမ်းနည်းဖွယ်ရာကား ဣသရေလတို့ အနှီဝိညာဉ်မျိုးမရှိကြ။ ၎င်းတို့သည် မြည်တွန် အပြစ်တင်ခြင်းများ ပြုကြသောကြောင့် ၎င်းတို့၏ရန်သူများ ၎င်းတို့ရှေ့မှ ရှောင်ပြေး စေနိုင်သည်အထိ သြဇာမရှိခဲ့ကြပါ။ ၎င်းတို့၌ ရွေးရန်ဘာကျန်သနည်း။ ၎င်းတို့သည် အ တတ်နိုင်ဆုံးကို လုပ်ခဲ့ပြီးကြ၏။ ဓားဆွဲကာ သတ်ဖြတ်ခဲ့ကြ၏။ လူအချင်းချင်း အနီးကပ် တိုက်ပွဲ၌ အသက်လုရှုသံများ၊ သွေးကိုမြင်ရခြင်းများ၊ နာ၍အော်သံများသည် စိတ်ငြိမ်း အေးမှုမပေးပါ။ သင်သည် ထိုအနိဋ္ဌာရုံကို ဘယ်တော့မှမေ့မည်မဟုတ်။ လူအချင်းချင်း သတ်ဖြတ်သူသည် ခရစ်တော်ဘုရား၏ ငြိမ်းချမ်းသုခကို မရပါ။ ကျီးလန့်စာ စားရသည့် အဖြစ်သို့ ရောက်ကြ၏။ ထိုပုဂ္ဂိုလ်မျိုး၏သန္တာန်တွင် ၎င်း၏လက်ဖြင့် သေကြသည့် မိခင် ဖခင်များ၊ ညီအစ်ကိုများ၊ အစ်မနှမများ၊ ခင်ပွန်းဇနီးများ၊ သားသမီးများ၊ အမျိုးများ၊ မိသားစုများ၊ လူမျိုးစုများ၏ပုံရိပ်များ ထင်ကျန်မည်ဖြစ်၏။

သမ္မာကျမ်းစာက ခရစ်တော်ဘုရားသည် သန့်ရှင်းသည်၊ အန္တာရာယ်မရှိ၊ မညစ်ပေဟု ဆို၏။ အန္တရာယ်ကင်းသည်ဆိုသည်မှာ ထိခိုက်နစ်နာရန် မပြုလုပ်ခြင်းဖြစ်၏။

> "ထိုသို့သန့်ရှင်း၍ အပြစ်နှင့်ညစ်ညူးခြင်းတို့ ကင်းစင်လျက် အပြစ်သားတို့နှင့် ခွဲခြားထားခြင်းခံရကာ ကောင်းကင်တို့ထက် မြင့်မားစွာချီးမြှောက်ခြင်းခံရသော ယဇ်ပုရောဟိတ်မင်းသည် ငါတို့အတွက်သင့်လျော်ပေ၏။" - ဟေဗြဲဩဝါဒစာ ၇:၂၆

ခရစ်တော်ဘုရား၏ ဝိညာဉ်တော်သည် လူ့စိတ်၌ကိန်းလျှင် လူ့အသက်ကို သတ်ခြင်းသည် မဖြစ်နိုင်သည့်အမှု ဖြစ်၏။ ခရစ်တော်ဘုရားသည် ရှင်ပြန်ထမြောက်ခြင်းဖြစ်၏။ အသက် လည်း ဖြစ်၏။ ၎င်းရှိရာအရပ်၌ သေခြင်းတရား

မရှိနိုင်။ ၎င်းက သေခြင်းမှထမြောက် စေ၏။ မသေစေပါ။ လူသည် ပဋိညာဉ်ဟောင်း၏ သန္ဓေ၊ ဇာတိစိတ္တဇရုပ်၌ ရှိမှသာ သတ် ဖြတ်တတ်သည့်မိဇရှိ၏။

ပုထုဇဉ်များသည် ပဋိညာဉ်ဟောင်း၌တည်လျှင် ၎င်းတို့၏သန္တာန်၌ ဘာတည်ကြောင်းကို ပြနိုင်ရန်အတွက် ဘုရားသခင်သည် အပြစ်လှိုင်လှိုင်ပေါ်စေရန် ၎င်းတို့၏အတွေးများကို ရောင်ပြန်ဟပ်ပြ၏။ ဘုရားသည် ၎င်းတို့၏ဆန္ဒများကို မှန်ပြင်တွင် ထုတ်ပြ၏။

အခြားတစ်ဖက်တွင်ကား လူတစ်ဦးသည် ပဋိညာဉ်အသစ်၌ရှိလျှင် အမြင်ပြောင်း၏။ ဘုရားသခင်က မောရှေကိုစမ်းသည့်အခါ ၎င်းက ဤသို့ပြုခဲ့၏။ မောရှေပြုခဲ့သည်မှာ ဤအကြောင်းပင်ဖြစ်၏။

> "ဤလူမျိုးကိုငါကြည့်မြင်ပြီ။ လည်ပင်းခိုင်မာသောအမျိုးဖြစ်၏။ (၁၀) သို့ဖြစ်၍ ငါ့ကိုရှိစေတော့။ ငါသည်အမျက်ပြင်းစွာထွက်၍ သူတို့ကို ဖျက်ဆီးမည်။ သင့်ကိုကား ကြီးသောအမျိုးဖြစ်စေမည်ဟူ၍၎င်း၊ မောရှေအား မိန့်တော်မူ၏။ (၁၁) **မောရှေကလည်း၊ အိုထာဝရဘုရား၊ ကိုယ်တော်သည် မဟာတန်ခိုး အားကြီးသောလက်နှင့် အဲဂုတ္တုပြည်မှနုတ်ဆောင်ခဲ့သော ကိုယ်တော်၏ လူတို့ကို၊ အဘယ်ကြောင့် အမျက်ပြင်းစွာထွက်တော်မူသနည်း။**" - ထွက်မြောက်ရာ ၃၂:၉-၁၁

မောရှေသည် ဣသရေလတို့ကို လက်လျှော့ရန် စုံစမ်းခံရ၏။ မာရ်နတ်က ၎င်းတို့သည် မြေမျက်နှာပြင်မှ ပပျောက်ကြရန် မောရှေကိုစုံစမ်းခဲ့၏။ ဘုရားသခင်လည်း ထိုအတွေးများကို အမိန့်ပမာဖြစ်စေပြီး မောရှေကိုစုံစမ်းခဲ့၏။

သောနှင့်ယာကုပ်တို့ အမိရေဗက္က၏ဝမ်း၌ တိုက်ခိုက်ကြသကဲ့သို့ မောရှေ၏သန္တာန်၌လည်း စိတ် (၂) မျိုး တိုက်နေကြ၏။ မောရှေသည် တောင်ပေါ်တွင် ဘုရားသခင်၏ ဘုန်းတော်ကို ရှုရသည့်အခါ ၎င်း၏မျက်နှာ၌လည်း ထိုဘုန်းရောင်ကူးကာ ကွန့်မြူး၏။ ၎င်းလည်း ထိုသိက္ခာတော်ကို ရောင်ပြန်ဟပ်ပြခဲ့၏။ ၎င်းကို အကုသိုလ်ပြုခဲ့သူများအတွက် တောင်းပန်ပေးခဲ့၏။ ၎င်းသည် ဇာတိသန္ဓေမျိုးစေ့ကို အောင်နိုင်ခဲ့ပြီး အောင်နိုင်သူလည်း

ဖြစ်၏။ *ယခုတွင် လေဝိအနွယ်များထံ အနီးဆန်းစစ်မှုသည်ရောက်ပြီ။ ၎င်းတို့သည် ဇာတိပကတိ၌သာ ရှိကြ၏။ ဝိညာဉ်ပကတိ၌ မရှိကြပါ။* ၎င်းတို့က ရွှေနွားရုပ်ကို ကိုးကွယ်ပြီး နောင်တမရကြသူများ သေထိုက်သည်ဟု မှတ်ကြ၏။ *ထို့ကြောင့် ဘုရားသခင်သည် မောရှေ အားဖြင့် ၎င်းတို့၏အတွေးများကို ပြန်အန်ပြ၏။* ဘုရားသခင်သည် လေဝိများ၏ စိတ်ခံစားချက်ကို အစထုတ်ပြရ၏။ အစမဆွဲထုတ်ခဲ့လျှင် ထို့ထက် ပိုဆိုးနိုင်၏။ ၎င်းတို့ အိပ်ရာဝင်သည့်အခါ ၎င်းတို့ သွေးအေးအေးဖြင့် သတ်ခဲ့သူများ၏ပုံများ မြင်ကြပေမည်။ အနီးမှာ ၎င်းတို့၏ဆန္ဒဖြစ်ပြီး ဘုရားကလည်း အခွင့်ပေးခဲ့၏။ ၎င်းတို့၏ဆန္ဒကြောင့် ဘုရား လည်း နောင်တမရကြသူများကို ဒဏ်ပေးရပြီး ၎င်းတို့၏ ပုန်ကန်လိုမှုကြောင့် မာရ်နတ်ကို ၎င်းတို့၏စခန်း၌ ဝင်ထွက်ခွင့်ပေးကြပြီ။

ကောင်းကင်ဘုံရှိ ငါတို့အဘသည် အရာခပ်သိမ်းကိုသိ၏။ ၎င်းသည် လူသားတို့ကို ပဋိညာဉ်၏ အကန့် (၂) ကန့်ဖြင့် စီမံ၏။ ပထမတွင် ခရစ်တော်ထံလှည့်ကာ ၎င်း၏ ဖြောင့်မတ်ခြင်းတရားကြောင့် ကယ်တင်ခြင်းရကြရန် ရည်ရွယ်ကာ ၎င်းတို့၏ ပကတိအခြေအနေကိုပြ၏။ တစ်ချိန်တည်းတွင်လည်း ၎င်းတို့၏ အဆိုးတရားက ၎င်းတို့ကို ဒဏ်ပြန်ခတ်ရန် ခွင့်ပြု၏။

ဣသရေလများကို မီးမြိုက်ရန် ဘုရားသခင်သည် မောရှေကို နောက်ခွာနေရန် စုံစမ်းရာ၌ ပဋိညာဉ်သစ်၏ သဘောသဘာဝကို မြင်ရ၏။ လေဝိအနွယ်များ သတ်မိန့်ရသည့်အခါ ၎င်းတို့လည်း မောရှေကဲ့သို့ ပြုမူနိုင်ပါ၏။ *ပထမတွင် လူထုက မောရှေအပေါ် နားပူကျီစာ လုပ်ခဲ့မှု၊ ဘုရားက ၎င်းတို့ကို ကတိပေးခဲ့သည့်အရာကို ၎င်းတို့ကကြံဆောင်ရန် အားထုတ်မှုကို ဝန်ခံနိုင်ပါ၏။ အီဂျစ်ပြည်၌နေစဉ်တွင် ပဋိညာဉ်သစ်ကို ငြင်းခဲ့ကြခြင်း အတွက်လည်း ဝန်ခံနိုင်ပါ၏။ မတရားသောသူများ အချင်းချင်း ကိုယ်လွတ်ရုန်း သတ်ဖြတ် ကြရန် ၎င်းတို့သည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ပြည့်ဝခဲ့ခွင့်ရှိပါ၏။* ထိုကိစ္စရပ်များအတွက် ဖြေရှင်းရမည့်နည်းကို မောရှေကပြခဲ့၏။

လေဝိအနွယ်တော်များကလည်း မောရှေ ၏လုပ်ဆောင်ခဲ့ပုံကို အတုယူသင့်၏။ ၎င်းတို့သည် ရွှေနွားရုပ်ကို မရှိခိုးခဲ့သည့် ကောင်း ဂုဏ်ကိုအုတ်မြစ်ပြုကာ ၎င်းတို့၏ မြည်တွန်ခဲ့သည့်အဖြစ်များအတွက် နောင်တမရကြပါ။ ၎င်းတို့၏အပြစ်ကို ဝန်ခံမည့်အစား အခြားသူများကိုသတ်ရန် ရွေးခဲ့ကြ၏။

ပဋိညာဉ်ဟောင်း၏ဝေါဟာရ၌ ရုပ်တုကိုဘုရားပြုကိုးကွယ်ခြင်းကို မနှစ်မြို့ကြောင်း ဣသရေလ စခန်းတစ်ခုလုံးကို ဘုရားသခင် အမိန့်တော်ပါးခဲ့၏။ ဘုရားသခင်သည် ၎င်းတို့ နားလည်နိုင်သည့်နည်းဖြင့် အမိန့်တော်ပါးခဲ့၏။ လူဦးရေ (၃,၀၀၀) သေဆုံးခဲ့ခြင်းက ၎င်းတို့၏ဉာဉ်ဆိုးကို ဟန့်ခဲ့၏။ *သို့သော် လေဝိအမျိုးသားတစ်ဦးကိုပင် အကျိုးမပြုပါ။ ကတိထားတော်မူသောပြည်တော်သို့ တစ်ဦးမှ မဝင်ခဲ့ကြပါ။* ၎င်းတို့အားလုံး မြိုင်ထဲ၌ စုတေ့ကြကုန်၏။ အီဂျစ်ပြည်မှ ထွက်ခဲ့စဉ်က လူများထဲမှ ကာလက်နှင့်ယောရှုနှစ်ဦးသာ ထိုပြည်သို့ ဝင်ခွင့်ရခဲ့ကြ၏။ ဘုရားသခင်က ၎င်းကိုမုန်းသူတို့၏ အမျိုးအစဉ်အဆက် ဖခင်များ၏အပြစ်ကို သားတို့၌ ဆပ်ပေးစီရင်သော ဘုရားဖြစ်၏ဟု မိန့်ခဲ့၏။ လေဝိတို့ လည်း ဘုရားသခင့်အပေါ် အငုံစိတ်သန္ဓေရှိကြ၏။ သို့သော် သတိမပြုမိကြပါ။ အနီးအ ကြောင်းကို ၎င်းတို့ ပြည်တော်သို့ မဝင်နိုင်ခြင်းက သက်သေထူ၏။

သမ္မာကျမ်းစာလာအရ မောရှေ၏မျက်နှာမှ ဘုန်းရောင်ကွန့်မြူးခြင်း၊ ၎င်းကို မုန်းသည့် သူများအတွက် အသေခံလိုစိတ်များက မောရှေသည် မှန်ပြင်၏စည်းမျဉ်းသဘောကို နားလည်ကြောင်း ငါယုံ၏။ ထွက်မြောက်ရာကျမ်း ၃၂ ၌ ဘုရားသခင်က ၎င်းကိုဆက်ဆံခဲ့ သည့်အတိုင်း မောရှေလည်း လေဝိများကိုဆက်ဆံရန် အမိန့်ပေးခဲ့၏။ ရွှေနွားရုပ်ကို မရှိခိုးကြသူများ အယောက်တိုင်းကိုလည်း အနီးအတိုင်း စစ်ဆေးခြင်းရောက်လာ၏။

မောရှေ၏အသက်တာ၌ အနီးမှန်ပြင်စည်းမျဉ်းကို များစွာကြုံခဲ့ရ၏။

"ထာဝရဘုရားကလည်း၊ ငါသည်ပြင်းစွာသော အမျက်တော်ကို ဣသရေလ အမျိုးမှလွှဲစေခြင်းငှာ၊ ဣသရေလမင်းအပေါင်းတို့ကိုခေါ်၍၊ ပြစ်မှားသောသူတို့

> ကို ဘုရားရှေ့မှာထင်ရှားစွာဆွဲထားလော့ဟု မောရှေအားမိန့်တော်မူ၏။ (၅) မောရှေသည် ဣသရေလမင်းတို့ကိုခေါ်၍၊ ဗာလပေဂုရဘုရားကို ဆည်းကပ်သော သူတို့ကို သင်တို့အသီးသီးဆိုင်သည်အတိုင်း ကွပ်မျက်ကြလော့ဟု မှာထားလေ၏။" - တောလည်ရာကျမ်း ၂၅:၄၊ ၅

အနီသည် မှန်ပြင်၏ ဘာသာရပ်ဖြစ်၏။ ထိုထိုလုပ်ရပ်များသည် ခရစ်တော်ဘုရား၏ သိက္ခာတော်မဟုတ်ပါ။ ထို့ကြောင့် ဘုရားသခင်၏ အမိန့်များသည် ၎င်းတို့က နောင်တရ တတ်ကြရန် ၎င်းတို့၏အကြံများကို ဖွင့်ပြခြင်းသာဖြစ်၏။ ထိုဖြစ်စဉ်များကို ဆင်ခြင်ရမည့် နည်းသည် ဤကမ္ဘာ၌ပွင့်ခဲ့သည့် ခရစ်တော်ဘုရား၏ နေထိုင်ပုံများနှင့် ချိန်ထိုးရန်ဖြစ်၏။ ယေရှုဘုရားသည် ၎င်း၏ရန်သူ (အရိ) ကို မေတ္တာ (မေတ္တိယျ) ထားပြီး မည်သူ့ကိုမှ မသတ် ခဲ့ဖူးပါ။ "လူအသက်ကို မသတ်ရ" ဟူသည့် ခမည်းတော်၏ပညတ်ကို ယေရှုသည် စောင့်၏။ ထို့ကြောင့် ထိုပညတ်များသည် အကြောင်းပေါ်သည့်အခါ မည်သို့ကိုင်တွယ်ရ မည်ကို လူသားတို့၏ အတွေးမှန်ပြင်အတိုင်း ပြဋ္ဌာန်းထားခြင်းဖြစ်၏။ မောရှေ၏ နား လည်ခြင်း၊ မလည်ခြင်းက ပဋိညာဉ်ဟောင်းခေတ်လူများကို ဘုရားပညတ်ခဲ့ပုံများကို မပြောင်းစေပါ။

မောရှေ၏အသက်တာတွင် ငါတို့သုံးသပ်ရမည့်ဖြစ်စဉ်တစ်ခုရှိ၏။ ကောရ၊ ဒါသန်၊ အဘိရံ တို့နှင့် ပတ်သက်၏။ ကောရသည် လေဝိအနွယ်ဖြစ်၏။ ရွှေနွားရုပ်ရှေ့တွင် ဦးမချခဲ့ပါ။ ၎င်း၏အဖြစ်က ရွှေနွားရုပ်ကို မရှိခိုးကြသူများ၏ အတွင်းသဏ္ဍာန်ကို ဖွင့်ပြ၏။

> "လေဝိအမျိုး၊ ကောဟတ်သားဣဇဟာ၏သားကောရသည်၊ ရုဗင်အမျိုးလျော်ဘ ၏သားဒါသန်နှင့် အဘိရံ၊ ပေလက်၏သားဩနတို့ကိုခေါ် ပြီးလျှင်၊ (၂) ပရိသတ်၌ ကျော်စော၍ ဂုဏ်အသရေရှိသောသူ၊ အစည်းအဝေး၌ မင်းပြုသောသူ၊ ဣသ ရေလအမျိုးသားနှစ်ရာငါးဆယ်နှင့်တကွ၊

မောရှေကိုပုန်ကန်၍၊ (၃) **မောရှေနှင့် အာရုန်တစ်ဖက်၌စုဝေးလျက်၊ သင်တို့သည် အမှုတော်ကို စောင့်လွန်း၏။ ပရိသတ် ရှိသမျှအပေါင်းတို့သည် သန့်ရှင်းကြ၏။ ထာဝရဘုရားသည် သူတို့တွင်ရှိတော်မူ ၏။ သို့ဖြစ်၍ သင်တို့သည် ထာဝရဘုရား၏ပရိသတ်အပေါ်မှာ အဘယ်ကြောင့် ကိုယ်ကိုကိုယ်ချီးမြှောက်ရသနည်းဟု ဆိုလေ၏။** (၄) ထိုစကားကို မောရှေကြား လျှင် ပြပ်ဝပ်လျက်နေ၏။ (၅) တစ်ဖန်မောရှေက၊ အဘယ်သူသည် ထာဝရဘုရား၏လူဖြစ်သည်ကိုင်း၊ အဘယ်သူသန့်ရှင်းသည်ကိုင်း၊ အဘယ်သူကို ချဉ်း ကပ်စေမည်ကိုင်း၊ နက်ဖြန်နေ့၌ ထာဝရဘုရားပြတော်မူမည်။ ရွေးကောက် တော်မူသောသူကိုလည်း အနီးအပါးသို့ ချဉ်းကပ်စေတော်မူမည်။ (၆) အိုကောရ နှင့် ကောရ၏အပေါင်းအသင်းရှိသမျှတို့၊ သင်တို့ပြုရမည်အမှုဟူမူကား၊ လင်ပန်း တို့ကိုယူ၍၊ (၇) နက်ဖြန်နေ့၊ ထာဝရဘုရားရှေ့တော်၌ မီးနှင့်လောဗန်ကို တင် ကြလော့။ ထိုအခါ ထာဝရဘုရားရွေးကောက်တော်မူသောသူသည်၊ သန့်ရှင်း သောသူဖြစ်စေ။ အိုလေဝိသားတို့၊ သင်တို့သည် အမှုတော်ကိုစောင့်လွန်းကြသည် ဟု ဆိုလေ၏။ (၈) တစ်ဖန်မောရှေက၊ အိုလေဝိသားတို့၊ နားထောင်ကြပါလော့။ (၉) **သင်တို့သည် ထာဝရဘုရား၏တဲတော်အမှုကိုဆောင်ရွက်၍၊ ပရိသတ်ရှေ့ မှာ ရပ်လျက်၊ သူတို့အမှုကိုလည်း စောင့်စေမည်အကြံရှိတော်မူသည်နှင့်၊ ဣသ ရေလ အမျိုး၏ဘုရားသခင်သည်၊ သင်တို့ကိုအနီးအပါးသို့ခေါ်၍ နေရာချခြင်းငှာ၊ ဣသရေလအမျိုးပရိသတ်နှင့် ခွဲထား၍၊** (၁၀) **သင့်ကိုင်း၊ သင့်ညီအစ်ကိုလေဝိ သားအပေါင်းတို့ကိုင်း၊** အနီးအပါး၌ နေရာချတော်မူသောကျေးဇူးတော်ကို မထီမဲ့ မြင်ပြု၍၊ ယဇ်ပုရောဟိတ်အရာကိုလည်း ရှာကြသည်တကား။ (၁၁) ထို့ကြောင့် သင်နှင့် သင်၏အပေါင်းအသင်းရှိသမျှတို့သည် ထာဝရဘုရားတစ်ဖက်၌ စုဝေး ကြပြီတကား။ အာရုန်ကိုအပြစ်တင်၍

မြည်တမ်းရမည် အကြောင်း၊ သူသည် အဘယ်သို့သောသူဖြစ်သနည်းဟု ကောရအားဆို၏။" - တောလည်ရာကျမ်း ၁၆:၁-၁၁

ကောရက မောရှေသည် အုပ်စိုးလိုသူ၊ ရေပေါ်ဆီဖြစ်လိုသူဟု စွပ်စွဲခဲ့၏။ အနှီစွပ်စွဲချက်သည် ကောရ၏စိတ္တဇရုပ် မောရှေအပေါ် ပုံချခြင်းဖြစ်၏။ အနှီအဖြစ်က ၎င်း၏သန္တာန်၌ဘာရှိကြောင်းကို ဖွင့်ပြ၏။ ကောရက ပရိသတ်ရှိသမျှတို့သည် သန့်ရှင်းကြ၏။ ထာဝရဘုရားသည် သူတို့ထံတွင် ကျိန်းဝပ်တော်မူ၏ဟု ဆိုခဲ့၏။ ၎င်းက အဘယ့်ကြောင့် ဤသို့ဆိုရသနည်း။

ငါတို့သည် ဤသို့မဖြစ်မီ ဘာဖြစ်ပျက်ခဲ့သည်ကို ရှုကွက်ဆင်းရပါမည်။ သူလျှို (၁၂) ဦးသည် ခါနာန်ပြည်မှ ပြန်လာခဲ့ကြပြီး (၁၀) ဦးက ဆိုးသတင်းကို ပြန်ကြားကြကာ ဣသရေလများကလည်း ယုံကြ၏။ ယောရှုနှင့်ကာလက်ကသာ ဘုရားကူလျှင် ကတိထား ရာပြည်ကို သိမ်းနိုင်ကြောင်း အောင်စိတ်ပြခဲ့၏။ ပွက်လောသံညံချိန်တွင် ဘုရားသခင် သည် မောရှေကို ကြီးသောလူမျိုးဖြစ်စေမည်ဟု စုံစမ်းခဲ့ပြီး၏။ လူထုသည် ဆိုးလွန်းသော ကြောင့် ၎င်းတို့ကို လက်စတုံးခြင်းသည် ကြီးမားသည့်စုံစမ်းခြင်းပင် ဖြစ်၏။

"**ထာဝရ**ဘုရားကလည်း၊ ဤလူမျိုးသည် အဘယ်မျှကာလပတ်လုံး ငါ့ကို မရိုမသေပြုကြလိမ့်မည်နည်း။ သူတို့၌ ငါပြခဲ့ပြီးသမျှသောနိမိတ်လက္ခဏာတို့ကို မြင်ရသော်လည်း အဘယ်မျှကာလပတ်လုံး ငါ့ကိုမယုံဘဲ နေကြလိမ့်မည်နည်း။ (၁၂) သူတို့ကိုကာလနာဘေးဖြင့် ငါသည်ဒဏ်ခတ်၍သား၏အရာကိုနုတ်မည်။ သူတို့ထက် သင့်ကိုသာ၍စည်ပင်သောအမျိုး၊ သာ၍တန်ခိုးကြီးသောအမျိုး ဖြစ်စေ မည်ဟု မောရှေအားမိန့်တော်မူ၏။" - တောလည်ရာကျမ်း ၁၄:၁၁၊ ၁၂

မောရှေသည် ဘုရားသခင်သဘောတွေ့သည့် ခရစ်တော်ဘုရား၏ စိတ်ထားမျိုးကို တစ်ဖန်ပြပြန်၏။

"မောရှေကလည်း၊ ကိုယ်တော်သည် ဤလူမျိုးကိုတန်ခိုးတော်အားဖြင့် အဲဂုတ္တုလူတို့ထဲက နုတ်ဆောင်ခဲ့တော်မူသည်ဖြစ်၍၊ နောက်တစ်ဖန် ဤသိတင်းကို အဲဂုတ္တုလူတို့သည်ကြားပြန်လျှင်၊ (၁၄) ဤပြည်၌နေသောသူတို့အား သိတင်းပြောကြလိမ့်မည်။ **ထာဝရဘုရား**၊ ကိုယ်တော်သည် ဤလူမျိုး၌ရှိတော်မူကြောင်းကိုငှ်၊ **ထာဝရဘုရား**၊ ကိုယ်တော်သည် ထင်ရှားတော်မူကြောင်းကိုငှ်၊ မိုဃ်းတိမ်တော်သည် သူတို့ကို လွှမ်းမိုးကြောင်းကိုငှ်၊ ကိုယ်တော်သည် နေ့အချိန်၌ မိုဃ်းတိမ်တိုင်၊ ညဉ့်အချိန်၌ မီးတိုင်ဖြင့် သူတို့ရှေ့က ကြွတော်မူကြောင်းကိုငှ် ကြားရကြပြီ။ (၁၅) ယခုမှာ၊ ဤလူမျိုးကိုလူတစ်ယောက်ကဲ့သို့ မှတ်၍ သုတ်သင်ပယ်ရှင်းတော်မူလျှင်၊ သိတင်းတော်ကိုကြားဘူးသော လူအမျိုးမျိုးတို့က၊ (၁၆) **ထာဝရဘုရား**သည် ထိုလူတို့အား ဤမည်သောပြည်ကို ငါပေးမည်ဟု ကျိန်ဆိုသော်လည်း၊ ထိုပြည်သို့ သူတို့ကိုဆောင်သွင်းခြင်းငှာ မတတ်နိုင်သောကြောင့်၊ တော၌သုတ်သင်ပယ်ရှင်းပြီဟု ပြောဆိုကြပါလိမ့်မည်။ (၁၇) ကိုယ်တော်က၊ **ထာဝရဘုရား**သည် သည်းခံသောသဘော၊ (၁၈) သနားသောသဘောနှင့် ပြည့်စုံတော်မူထသော၊ အဓမ္မကျင့်ခြင်း၊ တရားတော်ကိုလွန်ကျူးခြင်း အပြစ်တို့ကို ဖြေလွှတ်သော်လည်း၊ အချည်းနှီးသက်သက်ဖြေလွှတ် တော်မမူထ သော၊ လူအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊ အဘတို့၏ အပြစ်ကို သားတို့၌ဆပ်ပေးစီရင်တော်မူသောဘုရားသခင်ဖြစ်၏ဟု မိန့်တော်မူသည်အတိုင်း၊ အကျွန်ုပ်တို့၏ဘုရားရှင်တန်ခိုးတော်သည် ကြီးပါစေသော။ (၁၉) **အဲဂုတ္တုပြည်ကထွက်သောနေ့မှစ၍ ယခုတိုင်အောင် ဤလူမျိုး၏အပြစ်ကို လွှတ် တော်မူသည်နည်းတူ ကရုဏာတော်များပြားသည်နှင့်အညီ ယခုလည်း လွှတ် တော်မူပါ။ အကျွန်ုပ်တောင်းပန်ပါ၏ဟု ထာဝရဘုရားအားလျှောက်ဆို၏။**" - တောလည်ရာကျမ်း ၁၄:၁၃-၁၉

ဘုရားသခင်လည်း ဣသရေလတို့ကို ခွင့်လွှတ်သောကြောင့် လက်ငင်းပြစ်ဒဏ်ခံရခြင်းမှ လွတ်ခဲ့ကြ၏။ ထို့အစား လူထုက ဘုရားသခင်သည် ၎င်းတို့ကို တောထဲ၌သတ်လိုသည် ဟူသည့် အမှတ်သညာကိုပြန်၍ ဘုရားသခင်သည် ရောင်ပြန်ဟပ်ပြ၏။

> "သင်သည် သူတို့အားဆင့်ဆိုရမည်မှာ၊ ထာဝရဘုရားက ငါအသက်ရှင်သည် ဖြစ်၍၊ **သင်တို့သည် ငါ့ကိုကြားစေခြင်းငှာ ပြောကြသော စကားအတိုင်း သင်တို့ကို ငါပြုမည်။** (၂၉) သင်တို့ကိုရေတွက်၍ စာရင်းယူသည်အတိုင်း၊ အသက်နှစ်ဆယ် လွန်သောသူ၊ ငါ့ကိုအပြစ်တင်၍ မြည်တမ်းသောသူအပေါင်းတို့သည်သေ၍ ဤ တော၌ အသေကောင်ဖြစ်လျက် နေရစ်ကြလိမ့်မည်။ (၃၀) ငါသည် ဤမည်သော ပြည်၌ သင်တို့ကို နေရာချမည်ဟု ငါကျိန်ဆို၏။ ထိုပြည်သို့ ယေဖုန္နာ၏သား ကာလက်၊ နုန်၏သားယောရှုမှတစ်ပါး အဘယ်သူမျှ မရောက်ရ။" - တောလည်ရာ ကျမ်း ၁၄:၂၈-၃၀

အနီးသေမိန့်သည် လူသားတို့ကို လက်စတုံးရုံမဟုတ်ကြောင်း ငါတို့ သတိချပ်ရပါမည်။ ၎င်းတို့သံဝေဂရကာ နောင်တရကြရန်အတွက် ရာဇသံပေးခြင်းဖြစ်၏။ သေမိန့်ကို လက်ခံ ကာ ၎င်းတို့၏ဆိုးသွမ်းမှုများကို ဝန်ခံကြလျှင် ၎င်းတို့သည် မောရှေအတိုင်း အမတဘာဝ ထာဝရအသက်ကို ရကြပါမည်။ မောရှေသည် ခါနာန်ပြည်သို့ ဝင်ခွင့်မရခဲ့ပါ။ သို့တစေ ထာဝရအသက်ကိုရခဲ့ပြီး အမတဘာဝကို ပန်ဆင်ခဲ့ပါသည်။ ဣသရေလတို့အားလုံးလည်း နောင်တရကြလျှင် မောရှေကဲ့သို့ပင် ဝန်ခံကြမည်ဖြစ်၏။

ဣသရေလများသည် ၎င်းတို့၏ အကုသိုလ်အကျိုးခံရသည့်အခါ မာရ်နတ်က ကောရ၊ ဒါသန်၊ အဘိရံတို့ကို သွေးထိုးခဲ့၏။ မောရှေခေါင်းဆောင်မှုကို စောဒကတက်ကြပြီး အီဂျစ် ပြည်မှ ထွက်ခဲ့စဉ်မှ ကြုံခဲ့ရသည့် ဒုက္ခများအတွက် ၎င်းအပေါ် ပုံချကြ၏။ ဘုရားသခင် လည်း ၎င်းတို့သည် ဆိုးကြလွန်းသောကြောင့် သေကြရမည်ဟု မောရှေကိုအသိပေး၏။ အနီးသည် ၎င်းတို့ နောင်တရကြရန် အသိပေးခြင်းဖြစ်ပြီး

၎င်းတို့က တလွဲဆံပင်ကောင်း ကာ ရှုံးနိမ့်ခြင်းများအတွက် မောရှေကို အပြစ်ဆိုကြ၏။ စွပ်စွဲမှုသည် ပုဂ္ဂိုလ်စွဲလာ၏။

"သင်သည် ဤတော၌ ငါတို့ကိုသတ်လို၍ နို့နှင့် ပျားရည်စီးသောပြည်မှ ဆောင်ခဲ့သော်လည်း၊ ငါတို့အပေါ်၌ လုံးလုံးမင်းမပြုရလျှင်၊ စိတ်မပြေသေးသည် တကား။ (၁၄) ထိုမှတစ်ပါး နို့နှင့် ပျားရည်စီးသောပြည်သို့ ငါတို့ကိုမဆောင်၊ လယ်ယာများ၊ စပျစ်ဥယျာဉ်များကိုမပေးဘဲ၊ ဤလူတို့၏မျက်စိကို ဖောက်ချင်သလော။ ငါတို့သည် သင့်ထံသို့မလာဟု ပြန်ဆို၏။ (၁၅) မောရှေသည် အလွန်အမျက်ထွက်၍၊ ဤသူတို့ပူဇော်သက္ကာကို ပမာဏပြုတော်မမူပါနှင့်။ သူတို့ဥစ္စာမြည်းတကောင်ကိုမျှ အကျွန်ုပ်မသိမ်းပါ။ သူတို့တွင် တစ်ယောက်ကိုမျှ မညှဉ်းဆဲပါဟု **ထာဝရဘုရား**အားလျှောက်၏။" - တောလည်ရာကျမ်း ၁၆:၁၃-၁၅

မောရှေသည် ၎င်းတို့အပေါ် လူတွင်ကျယ်လုပ်သည်၊ သတ်ရန်ကြံသည်၊ ၎င်းတို့၏ဥစ္စာများကို သိမ်းလိုသည်ဟု စွပ်စွဲခံရ၏။ ဟေဗြဲပါဠိ "အမျက်" ကို "ဝမ်းနည်း" ဟုလည်း ပြန်နိုင်၏။ မောရှေသည် ၎င်းတို့အတွက် များစွာလုပ်ဆောင်ပေးခဲ့၏။ ၎င်း၏ထာဝရအသက်ရပိုင်ခွင့်ကိုပင် လှူခဲ့၏။ သို့တစေ လူထုတစ်ရပ်လုံးသည် နောင်တရကြမည့်အစား ကောရ၊ ဒါသန်၊ အဘိရံတို့၏ ထွင်လုံးများကိုနားယောင်ကြ၏။ အနိဂြိဖြစ်ရပ်သည် မောရှေကို အလွန်ကြေကွဲစေ၏။ ၎င်းကို နောက်ဆုံးအတိုင်းအတာသို့ပင်ပို့၏။ ကောရသည် ပရိသတ်တို့ကို မောရှေ၏တစ်ဖက်၌ စုရုံးခဲ့၏။

"**ကောရသည်**လည်း၊ ပရိသတ်စည်းဝေးရာတဲတော်တံခါးဝ၌ **ပရိသတ်အပေါင်းတို့ ကို မောရှေနှင့် အာရုန်တစ်ဖက်၌စုဝေး**စေပြီးမှ၊ ထာဝရဘုရား၏ ဘုန်းတော် သည် ပရိသတ်အပေါင်းတို့၌ထင်ရှားလေ၏။" - တောလည်ရာကျမ်း ၁၆:၁၉

မောရှေသည် လူထုကို ပျက်စီးခွင့်ပေးမည်လော (သို့) အသနားခံပေးမည်လောကို အစစ်ခံရပြန်၏။

> "ထာဝရဘုရားကလည်း၊ ဤပရိသတ်တို့နှင့် ခွာ၍တခြားစီနေလော့။ (၂၁) ငါသည် သူတို့ကိုချက်ခြင်းဖျက်ဆီးမည်ဟု မောရှေနှင့် အာရုန်အား မိန့်တော်မူလျှင်၊ (၂၂) သူတို့ကပြပ်ဝပ်လျက်၊ အိုဘုရားသခင်၊ ခပ်သိမ်းသောသတ္တဝါတို့၏ အသက်ဝိညာဉ်များကို အစိုးရတော်မူသောဘုရားသခင်၊ လူတစ်ယောက်အပြစ်ကြောင့် ပရိသတ်အပေါင်းတို့ကို အမျက်ထွက်တော်မူမည်လောဟု လျှောက်ဆိုလေ၏။" - တောလည်ရာကျမ်း ၁၆:၂၀-၂၂

မောရှေသည် ၎င်းတို့အတွက် သစ္စာရှိရှိ အသနားခံပေးပြန်၏။ မောရှေ၏သန္တာန်၌ အနှီသို့သော မြတ်မုဒိတာ သန္တေတည်လျက်ရှိ၏။ ထို့နောက် မောရှေသည် ကောရကို အမည်တပ်ကာ စကားဆိုခဲ့၏။ ဇာတ်ရှိန်သည် ပို၍တက်လာ၏။ ဘုရားသခင်သည် မောရှေကို အောက်ပါအတိုင်း အမိန့်ပေးခဲ့၏။ ။

> "ထာဝရဘုရားကလည်း၊ (၂၄) ကောရ၊ ဒါသန်၊ အဘိရံတို့၏တဲများကိုရှောင်၍ နေစေခြင်းငှာ၊ ပရိသတ်တို့အားဆင့်ဆိုလော့ဟု မောရှေအားမိန့်တော်မူသည် အတိုင်း၊ (၂၅) မောရှေထ၍ ဣသရေလအမျိုးအသက်ကြီးသူတို့နှင့်တကွ၊ ဒါသန်၊ အဘိရံနေရာသို့သွားပြီးမှ၊ (၂၆) ဤလူဆိုးတို့၏နေရာတဲများကို ရှောင်၍နေကြပါလော့။ သူတို့၏ဥစ္စာတစ်စုံတစ်ခုကိုမျှ မထိကြပါနှင့်။ သို့မဟုတ် သူတို့နှင့်အတူ၊ သူတို့အပြစ်ကြောင့် ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်ဟု ပရိသတ်တို့အား ဆင့်ဆို၏။" - တောလည်ရာကျမ်း ၁၆:၂၃-၂၆

ထိုပုဂ္ဂိုလ်များသည် ဘုရားသခင်၏ ရန်ကာစည်းကို ကျော်ချေပြီ။ ၎င်းတို့၏တဲများကို ရှောင်ရန်အမိန့်ရောက်ချိန်တွင် ၎င်းတို့သည် နောင်တရခွင့်ရှိသေး၏။ သို့သော် ၎င်းတို့သည် မာရ်နတ်၏ ကြိုးကိုင်မှုဖြင့် အဆုံးအထိ မိုက်တွင်းနက်ကြ၏။ မာရ်နတ်သည်

ၶင်းတို့ ကို ခြယ်လှယ်နိုင်ခဲ့အပြီး ၎င်းတို့၏ဇာတ်နာကို ဘုရားသခင့်အပေါ် ပုံချရန် မာရ်နတ်သည် လမ်းရှာရပြီ။

> "လူများတို့သည် ကောရ၊ ဒါသန်၊ အဘိရံတဲပတ်ဝန်းကျင်၌မနေဘဲ ရှောင်လွှဲ၍ သွားကြသဖြင့်၊ ဒါသန်၊ အဘိရံသည်၊ သားမယားကလေးများနှင့်တကွထွက်၍ မိမိတို့တဲတံခါးဝ၌ ရပ်နေကြ၏။ (၂၈) မောရှေကလည်း၊ ဤအမှုအလုံးစုံတို့ကို ငါသည်အလိုလိုမပြု၊ ထာဝရဘုရား စေခိုင်းတော်မူ၍ ငါပြုသည်အကြောင်းကို သင်တို့သည် အဘယ်သို့သိရမည်နည်းဟူမူကား၊ ခပ်သိမ်းသောလူသတ္တဝါတို့ခံရသောသေခြင်း၊ (၂၉) ခပ်သိမ်းသောလူသတ္တဝါတို့ ခံရသောဆုံးမခြင်းကိုသာ ဤလူတို့ခံရလျှင်၊ ထာဝရဘုရားသည် ငါ့ကို စေလွှတ်တော်မမူ။ (၃၀) **သို့မဟုတ် ထာဝရဘုရားသည် အသစ်ဖန်ဆင်းတော်မူသဖြင့်၊ မြေကြီးကွဲပွင့်လျက် ဤလူတို့ကိုၶင်း၊ သူတို့နှင့်ဆိုင်သမျှကိုၶင်းမျို၍၊ သူတို့သည် အသက်ရှင်လျက် သေမင်းနိုင်ငံသို့ဆင်းသွားလျှင်၊ ထာဝရဘုရား၌ ပြစ်မှားကြောင်းကို သင်တို့သည် သိနား လည်ကြရလိမ့်မည်ဟု၊** (၃၁) **ပြောဆိုပြီးသည်အဆုံး၌၊ သူတို့နင်းရာ မြေကြီးသည် ကွဲ၍၊** (၃၂) **မိမိခံတွင်းကိုဖွင့်သဖြင့်၊ သူတို့နှင့် သူတို့အိမ်များကိုၶင်း၊ ကောရနှင့် ဆိုင်သမျှသောသူတို့နှင့် သူတို့ဥစ္စာရှိသမျှကိုၶင်း မျိုလေ၏။** (၃၃) ထိုသူတို့သည် ကိုယ်တိုင်မှစ၍၊ ဆိုင်သမျှသောသူတို့နှင့်တကွ၊ အသက်ရှင်လျက် သေမင်းနိုင်ငံသို့ ဆင်းသက်၍၊ သူတို့အပေါ်မှာမြေစေ့ပြန်သဖြင့်၊ သူတို့သည် ပရိသတ်မှ ပယ်ရှင်း ခြင်းကိုခံရကြ၏။" - တောလည်ရာကျမ်း ၁၆:၂၇-၃၃

ထိုထိုအကောက်ကြံသူများက မောရှေ၏ခေါင်းဆောင်ခွင့်ကို စောဒကတက်ကြ၏။ ၎င်းတို့အပေါ် မျက်ခုံးမွေးစကြိုလျှောက်သည်ဟု စွပ်စွဲကြ၏။ ကောရနှင့် အပေါင်းပါတို့၏ ပယောဂကြောင့် လူထုတစ်ရပ်လုံးကလည်း မောရှေကို ဆန့်ကျင်ခြားနားကြ၏။ ထိုအခါ မောရှေက မည်သို့တုံ့ပြန်ကြောင်းရှုကြအံ့။ ။

"မောရှေကလည်း၊ ဤအမှုအလုံးစုံတို့ကို ငါသည်အလိုလိုမပြု၊ **ထာဝရဘုရား** စေခိုင်းတော်မူ၍ ငါပြုသည်အကြောင်းကို သင်တို့သည် အဘယ်သို့သိရမည်နည်း ဟူမူကား၊ (၂၉) ခပ်သိမ်းသောလူသတ္တဝါတို့ခံရသော သေခြင်း၊ ခပ်သိမ်းသော လူသတ္တဝါတို့ ခံရသောဆုံးမခြင်းကိုသာ ဤလူတို့ခံရ**လျှင်**၊ **ထာဝရဘုရားသည်** ငါ့ကို စေလွှတ်တော်မမူ။ (၃၀) သို့မဟုတ် **ထာဝရဘုရားသည်** အသစ်ဖန်ဆင်း တော်မူသဖြင့်၊ မြေကြီးကွဲပွင့်လျက် ဤလူတို့ကိုငှင်း၊ သူတို့နှင့်ဆိုင်သမျှကိုငှင်း မျိုး၍၊ သူတို့သည် အသက်ရှင်လျက် သေမင်းနိုင်ငံသို့ဆင်းသွား**လျှင်**၊ **ထာဝရ ဘုရား**၌ ပြစ်မှားကြောင်းကို သင်တို့သည်သိနားလည်ကြရလိမ့်မည်။" - တော လည်ရာကျမ်း ၁၆:၂၈-၃၀

အီဂျစ်ပြည်၌၊ ပင်လယ်နီ၌၊ သိနာတောင်၌ ဖြစ်ပျက်ခဲ့သမျှများဖြင့် ဘုရားသခင်သည် မောရှေကို ဦးဆောင်စေကြောင်း လူထုအတွက် သက်သေသက္ကာရ မနည်းမနော ရှိပါ သည်။ မောရှေကို ဘုရားကသုံးကြောင်း သက်သေအမြောက်အများရှိ၏။ မောရှေအားဖြင့် ပြခဲ့သည့် အံ့ဖွယ်ရာများသည် ၎င်း၏သံသယကို တုံ့ပြန်ပေးခြင်းဖြစ်၏။ "အကယ်၍ သင်သည်..." နှင့် ဆက်နွှယ်သည့် ဘုရားသခင်၏ သားတော်ဟူသည့် သိက္ခာပုဒ်ကို စုံစမ်းခဲ့သည့် စာတန်အား ယေရှုဘုရားသည် အံ့ဖွယ်လက္ခဏာပြရန် ငြင်းခဲ့၏။ ။

"ထိုအခါ စုံစမ်းသွေးဆောင်သောသူသည် ချဉ်းကပ်၍၊ ကိုယ်တော်သည် ဘုရား သခင်၏သားတော် **မှန်လျှင်**၊ ဤကျောက်ခဲတို့ကို မုန့်ဖြစ်စေခြင်းငှာ အမိန့် ရှိတော်မူပါဟု လျှောက်လေ၏။ (၄) ယေရှုကလည်း၊ လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကို မွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။" - ရှင်မဿဲ ၄:၃၊ ၄

မောရှေသည် ယေရှုဘုရားအတိုင်း အားလုံးကို လုပ်ဆောင်ပေးခဲ့ပြီး အားလုံးက ၎င်းကို ထားရစ်ကြ၏ - ရှင်မာကု ၁၄:၅၀။ မောရှေဝမ်းနည်းနေချိန်တွင် မာရ်နတ်သည် ၎င်းကို

အနီကြားတိုင်လမ်းစဉ်မှ ရှောင်ရန်ခေါ်ထုတ်ခဲ့၏။ ၎င်း၏ရာထူးကို အံ့ဖွယ် လက္ခဏာဖြင့် သက်သေထူရန် စုံစမ်းခံရ၏။ ခရစ်တော်ဘုရားသည် **<u>အကယ်၍</u>**ဆိုသည့် ပဟေဠိကို ဘယ်အခါမှ အဖြေမပေးခဲ့ပါ။ ၎င်း၏ဇာစ်မြစ်သညာအတွက် ဘယ်အခါမှ ပြာဋိဟာမပြခဲ့ ပါ။ ခမည်းတော်က ၎င်းအပေါ် မိန့်ခဲ့သည့် ဝါစာကိုသာ လုံးလုံးကိုးစား၏။

ပရောဖက်တကာတွင် အမြတ်ဆုံးသောပရောဖက် ရေနှစ်ခြင်းဆရာယောဟန်လည်း ထောင်နန်းစံချိန်တွင် ဤအကြောင်းကိုမှီကာ စုံစမ်းခံရ၏။ "အကယ်၍" ဟူသည့် စိတ်အခံ သည် ယေရှုဘုရားကို သွား၍စနည်းနာကြသည့် ၎င်း၏တပည့်များ၏ မေးခွန်း၌ပါ၏။

> "ခရစ်တော်ပြုတော်မူသောအမှုတို့ကို ယောဟန်သည်ထောင်ထဲမှာကြားသောအခါ၊ မိမိတပည့်နှစ်ယောက်ကိုစေလွှတ်၍၊ ကိုယ်တော်သည် ကြွလာသောသူမှန်သလော။ (၃) သို့မဟုတ် အခြားသောသူကို မြော်လင့်ရပါမည်လောဟု မေးလျှောက်စေ၏။" - ရှင်မဿဲ ၁၁:၂၊ ၃

ရှင်ယောဟန်အတွက် မောရှေကဲ့သို့ အံ့ဖွယ်ဖြစ်ရပ်များ မပါခဲ့ပါ။ ခရစ်တော်ဘုရားသည် မေရှိယဖြစ်ကြောင်း လုံးလုံးယုံကြည်ကာ သေပွဲဝင်ခဲ့၏။ ၎င်း၏တပည့်များက ယေရှုဘုရားနှင့် မေးမြန်းမှုပြုခဲ့သည်များကို ပြန်လည်ဖောက်သည်ချကြကာ ၎င်း၏ဆန္ဒကို ဖြည့် ဆည်းအတည်ပြုပေးခဲ့ကြ၏။

လူထုကို ကောရ၊ ဒါသန်၊ အဘိရံများ၏ တဲများမှခွာကြရန် ဘုရားသခင်က မောရှေကို အမိန့်ပေးစေသည့်အခါ မောရှေသည် "အကယ်၍" ဟူသည့် မေးခွန်းထုတ်သည့်အခါ ၎င်းကိုမပေးခဲ့သည် တာဝန်ကို ထမ်းဆောင်နေခြင်းလော။ ဘုရားသခင်သည် ထိုလမ်းမ လိုက်သူများကို ကွယ်ကာခြင်းမပြုရန် ကောင်းကင်တမန်များကို ရုတ်သိမ်းရန် အကြောင်း ဖန်သည့်အခါ မာရ်နတ်သည် "အကယ်၍" မေးခွန်းဖြင့် မောရှေကို စုံစမ်းခဲ့ပြီး ထိုလမ်းမ လိုက်သူများကိုပြုမည့် ၎င်း၏အကြံအစည်ကို ထုတ်ပြ၏။ မာရ်နတ်သည်

ထိုသူများကို လုံးလုံးချုပ်ကိုင်ကြောင်းကို အောက်မေ့ပါ။ နောင်တရရန် တိုက်တွန်းသည့် ဝိညာဉ်တော် ၏ လုပ်ဆောင်မှုကို အန်တုရန် မာရ်နတ်သည် ၎င်းတို့ကို မာထန်စေ၏။ ယေရှုဘုရားသည် အကောင်းပြုသူဖြစ်ပြီး မာရ်နတ်သည် အဖျက်ပြုသူဖြစ်၏။ သံသယမျိုးစေ့ကြောင့် စာ တန်၏ အဖျက်လုပ်ငန်းကို ဘုရား၏စီရင်မှုဟု စာတန်က မောရှေကို မြင်စေနိုင်ခဲ့၏။ လှည့်ဖြားမှုသည် အလွန်သိမ့်မွေ့သောကြောင့် ယေရှုဘုရား၏ ထိန်းကျောင်းမှုမပါလျှင် ရွေးချယ်ခံထားရသူများကိုပင် လှည့်ဖြားမည်ဖြစ်၏။

ဤစုံစမ်းမှုသည် မောရှေအတွက် မချည့်မဆုံခံရသည့် စုံစမ်းမှုဖြစ်ပြီး ငါတို့အတွက် သင်ခန်းစာထူးဖြစ်၏။ မောရှေသည် ကြာမြင့်စွာ အပြစ်အတင်ခံရပြီး ၎င်းတို့အတွက် အသနားခံပေးသေး၏။ မာရ်နတ်နှင့်အပေါင်းအပါများက လူထုတစ်ရပ်လုံးကို လမ်းကြောင်း ပြောင်းပစ်သည့်အခါ ဆန်းစစ်မှုသည် ကြီးမား၏။ ထိုအချိန်မှစပြီး လူအချို့သည် ထိုထို အမှုမျိုးကြုံကြ၏။ မြေမျိုစေသူမှာ စာတန်ဖြစ်ပြီး ဘုရားသည်အပြစ်တင်ခံရ၏။ ဤဖြစ်စဉ်နှင့်စပ်လျဉ်းပြီး ရှင်ပေါလုမှ သဲလွန်စပေးခဲ့၏။

> "သူတို့ထဲမှ အချို့တို့သည် ညည်းညူသကဲ့သို့ သင်တို့သည် မညည်းညူကြနှင့်။ ထိုသို့ညည်းညူသောသူတို့သည် ဖျက်ဆီးသောတမန်အားဖြင့် ဖျက်ဆီးခြင်းခံရကြ ၏။" - ကောရိန္သုဩဝါဒစာပထမစောင် ၁၀:၁၀

"ဖျက်ဆီးသူ" ဟူသည့် ဝေါဟာရသည် ငါတို့ဆိုခဲ့ပြီးသည့်အတိုင်း အဆိပ်ပြင်းသည့်မြွေဖြစ်၏။ ကောရနှင့် အပေါင်းအပါများ မောရှေအပေါ် နှဲမှုတ်ကြရန် ဦးဆောင်ခဲ့ကြ၏။ ရှင်ပေါလုက အဆိပ်ပြင်းသည့်မြွေသည် ၎င်းတို့ကိုဖျက်ဆီး၏ ဟုဆို၏။ ကောရနှင့် အပေါင်းအပါများ မြေမျိုခံရသည်ကို ဣသရေလအမျိုးသား ခေါင်းဆောင် (၂၅၀) များက မြင်ကြ၏။ ထိုသမယက ၎င်းတို့၏အဖြစ်ကို နောင်တရခွင့်ပေးချိန်ဖြစ်ပြား ၎င်းတို့သည် နောင်တမရကြဘဲ စာတန့်လက်သို့ ထိုးဆင်းကြ၏။

"နံ့သာပေါင်းကိုမီးရှို့၍ ပူဇော်သောသူနှစ်ရာငါးဆယ်တို့ကိုလည်း၊ ထာဝရဘုရား ထံတော်က မီးထွက်၍လောင်လေ၏။" - တောလည်ရာ ၁၆:၃၅

လူအများစုက "ဘုရားသခင်၏မီး" ဟု ဆိုထားသည်မဟုတ်လောဟု ထောက်ကြပြီး အခြားကျမ်းစာ၌လာသည့် တားမြစ်ချက်များကို လျစ်လျူရှုကြပြီး ယေရှုဘုရားသည် မနေ့ယနေ့ အစဉ်ထာဝရမပြောင်းလဲပါဟု ပြကြပါလိမ့်မည်။

ရှင်လုကာ ၉:၅၄-၅၆ ၌ ယေရှုဘုရားက ဧလိယ၏တောင်းလျှောက်မှုကြောင့် ကျခဲ့သည့်မီးသည် ၎င်း၏စီမံမှုမဟုတ်ကြောင်း ရှင်းထား၏။ ယောဘ၏ အတ္ထုပ္ပတ္တိမှနေ၍ ၎င်း၏အိမ်မွေးတိရစ္ဆာန်များ၊ ကျွန်များကို ဘုရား၏မီးက ဝါးမျိုကြောင်း ငါတို့သိပြီးဖြစ်၏။

> "ထိုသို့လျှောက်စဉ်တွင်၊ အခြားသောသူတစ်ယောက်သည်လာ၍၊ **ဘုရားသခင်၏မီးသည် မိုဃ်းကောင်းကင်မှကျ**သဖြင့်၊ သိုးများနှင့် လူစောင့်များတို့ကိုလောင်၍ သူတို့သည်ကျွမ်းကုန်ကြပါပြီ။ ကျွန်တော်တစ်ယောက်တည်း ကျန်ရစ်လျက်၊ ကိုယ်တော်အား သိတင်းကြားပြောရပါသည်ဟုလျှောက်လေ၏။" - ယောဘ ၁:၁၆

စာတန်သည် ၎င်းတို့ကို မီးဖြင့်ဝါးမျိုပစ်ကြောင်း ငါတို့သိ၏။ အနီကျမ်းချက်က ရုပ်ဓာတ်မီးကို ဆိုလိုသည်ဖြစ်လျှင် ဤဖြစ်စဉ်သည် *ပြစ်ဒဏ်ပေးသည့် ကောင်းကင်တမန်များ* အခန်း၌ နှီးနှောခဲ့သည့်အတိုင်း အနီမီးသည် ဘုရားသခင်၏ဝိညာဉ်ကြောင့် ၎င်းတို့၏ရင်တွင်တောက်သောမီး ဖြစ်နိုင်၏။ သက်ညှာမှုမရှိသည့် ဝိညာဉ်တော်က ၎င်းတို့၏သန္တာန်တွင် အပြစ်ကိုသိတတ်စေကာ နောင်တရကြရန်တွန်းပို့၏။ မေတ္တာတော်ရှင်ဘုရားသခင်ကို မမြင်ကြတော့သည့်အခါ အပြစ်က ၎င်းတို့ကိုမျိုတော့၏။ ကောင်းကင်မှ မီးချသည့်နိယာမများကို ကျမ်းစာအနှံ့အပြား၌ ငါတို့တွေ့ရ၏။

ကြာသရေလခေါင်းဆောင် (၂၅၀) တို့ နောင်တမရကြသည့်အခါ ဘုရားသခင်သည် ကာကွယ်သူ ကောင်းကင်တမန်များကို ရုတ်သိမ်းခဲ့၏။ စာတန်သည် မီးကို အကယ်ပင်ချခဲ့

သလော (သို့) အပြစ်ကိုသိခြင်းက မီးခဲဖြစ်ခဲ့သလော။ ထိုခေါင်းဆောင်များကို မီးကဝါးမျို သည့်အခါ ပြာဖြစ်ကြမည်မှာ သဘာဝဖြစ်၏။ သို့သော် နာဒပ်နှင့်အဘိဟုတို့၏ဖြစ်စဉ်ကို သုံးသပ်သည့်အခါ ၎င်းတို့၏ အဝတ်အစားကို မီးမကျွမ်းကြောင်း တွေ့ရ၏။

> "ထိုအခါ ထာဝရဘုရားထံတော်မှမီးထွက်၍၊ သူတို့ကိုလောင်သဖြင့် ရှေ့တော်၌ သေကြ၏။ (၃) ထိုအခါ၊ မောရှေသည်အာရုန်ကိုခေါ်၍၊ ထာဝရဘုရားက၊ ငါ သည် သန့်ရှင်းခြင်းရှိသည်ဟု ငါ့ထံသို့ချဉ်းကပ်သူတို့သည် မှတ်ရမည်။ လူအပေါင်း တို့သည် ငါ့ဘုန်းကိုချီးမြှင့်ရကြမည်ဟု မိန့်တော်မူရာ၌၊ ထိုသို့သော အမှုကို ရည်ဆောင်၍ မိန့်တော်မူသည်ဟုဆိုလျှင်၊ အာရုန်သည် တိတ်ဆိတ်စွာနေလေ၏။ (၄) မောရှေသည် အာရုန်၏ဘထွေး ဩဇေလသားမိရှေလနှင့် ဧလဇာဖန်ကိုခေါ်၍၊ လာကြ။ သင်တို့ပေါက်ဖော်တို့ကို သန့်ရှင်းရာဌာနတော်က၊ တပ်ပြင်သို့ ယူသွား ကြလော့ဟုဆိုသည်အတိုင်း၊ (၅) **သူတို့သည်လာ၍ အင်္ကျီဝတ်လျက်ရှိသော အ သေကောင်ကို တပ်ပြင်သို့ယူသွားကြ၏။**" - ဝတ်ပြုရာကျမ်း ၁၀:၂-၅

ငါတို့ကိုးကားခဲ့သည့် ကျမ်းစာလာအဖြစ်အပျက်များကို သုံးသပ်ရလျှင် ဘုရားသခင်သည် အဖျက်သမားမဟုတ်ဘဲ မာရ်နတ်သည် အဖျက်သမားဖြစ်ကြောင်း အထောက်အထားရှိ ၏။ ပဋိညာဉ်များအကြောင်း သမာသမတ်ကျစွာမြင်ပြီး ယေရှုဘုရား၏ စင်းလုံးချော အသက်တာကို ပုဒ်ဆက်သည့်အခါ အနိဋ္ဌာရုံများ၏ ရင်းမြစ်ကိုပြ၏ — သေခြင်းတရားကို အစိုးရသူသည် မာရ်နတ်ဖြစ်၏ - ဟေဗြဲ ၂:၁၄။

မောရှေသည် ခရစ်တော်ဘုရားမပွင့်မီအထိ ခန္တီပါရမီရှင်ထွဋ်ခေါင်ဖြစ်၏။ ပဋိညာဉ်တရား ကို နားလည်မှုမှားခြင်းကြောင့် ၎င်းအပေါ် များစွာအပြစ်ဖို့ခဲ့ကြ၏။ ၎င်းသည် ဆိုးရွားစွာ အကဲစမ်းခံရခြင်းကြောင့် မာရ်နတ်သည် ၎င်း၏အဖျက်လုပ်ငန်းကို ဖုံးကွယ်နိုင်စေခဲ့၏။ အနီအကဲစမ်းမှုသည် ငါတို့ကို လွယ်စွာအနိုင်ယူမည်ဖြစ်၏။

ထို့ကြောင့် ငါတို့သည် မောရှေ ကို တစ်ဖက်ပိတ်ပြီးမပြောသင့်ပါ။ အထူးအားဖြင့် ခရစ်တော်ဘုရားကို မျက်ချေပြတ်သည့် ခေါင်းဆောင်တစ်ဦး စာတန်နှံ့စုံစမ်းခြင်း၌ ကျရှုံးလျှင် အကျိုးဆက်သည် မည်မျှကြီး ကြောင်းကို ငါတို့မြင်နိုင်၏။ ဘုရားသခင်၏ သိက္ခာတော်မြတ်အကြောင်းကို ကျမ်းစာ အစမှအဆုံး တောက်လျှောက်ပြထားကြောင်းကို တွေ့နိုင်သည်ဟု ငါတို့ သင်ခန်းစာယူနိုင် ရပါမည်။ ခရစ်တော်ဘုရားသာလျှင် စင်းလုံးချောရှေ့သွားနမူနာ ပြခဲ့၏။ ငါတို့အဖဘုရား ၏ သိမ်မွေ့မှုအကြောင်းကို မောရှေက စံနမူနာပြခဲ့သောကြောင့် ဘုရားသခင်၏ မွန်မြတ်မှုအကြောင်း ဓမ္မဟောင်း၌ တွေ့နိုင်ခြင်းအပေါ် ငါတို့သည် ကျေးဇူးတရားရှိထိုက်လှ၏။

## ၂၃။ လေဝိယနှင့် ပွဲသိမ်းတိုက်ပွဲ

> “ထို့နောက် ကောင်းကင်၌ စစ်ဖြစ်လေ၏။ မိက္ခေလနှင့် သူ၏ကောင်းကင်တမန်တို့ သည် နဂါးနှင့်တိုက်ခိုက်ကြ၏။ နဂါးနှင့်သူ၏စေတမန်တို့သည် ပြန်လည်တိုက် ခိုက်ကြသော်လည်း” - ဗျာဒိတ်ကျမ်း ၁၂:၇

မာရ်နတ်သည် ကောင်းကင်ဘုံရှိ ငါတို့အဘကိုဆန့်ကျင်ရန် ကောင်းကင်တမန်များကို သိမ်းသွင်းနိုင်ရန် ဝါဒဖြန့်ရန်လိုခဲ့၏။ ၎င်းက ကောင်းကင်တမန် သုံးပုံတစ်ပုံကို ဆွယ်နိုင်ခဲ့၏ ဗျာဒိတ် ၁၂:၄၊ ၇။ မာရ်နတ်သည် ၎င်း၏အဓမ္မစရိုက်ကို ဘုရားသခင်ထံ ပုံရိုက်ပြီး ကောင်းကင်သားများကို ၎င်းဖက်သို့ ဆွဲခဲ့၏။ လွတ်လမ်းရှာသည်ဟု မှတ်ကြသည့် မာရ်နတ်နောက်လိုက်ခဲ့သည့် ကောင်ကင်တမန်များသည် “ဒုစရိုက်ကို ပြုသမျှသော သူတို့ သည် ဒုစရိုက်၏ကျွန်” (ရှင်ယောဟန် ၈:၃၄) — ဘဝသာ ရောက်ခဲ့ကြ၏။

မာရ်နတ်သည် ဝါဒဖြန့်ချိန်၌ ၎င်း၏စိတ်ရင်းအမှန်ကို ဖုံးကွယ်ခဲ့၏။ ဘုရားသခင် ဌာပနာ ပေးခဲ့သည့် ဉာဏ်ပညာ၊ သိဒ္ဓိအစွမ်းများကို ကိုယ့်ဂုဏ်တင်ရန်သုံးခဲ့ပြီး စကြဝဠာက ၎င်းကို ဦးချကိုးကွယ်ရန်ကြံ၏။

ပုထုဇဉ်သည် မာရ်နတ်၏မုသား၌ ထောင်ချောက်မိခဲ့၏။ စာတန့်ထံမှရှောင်ပြေးသည်ဟု မှတ်ပြား ပုထုဇဉ်သည် စာတန်၏ ဘုရားဆန့်ကျင်ရေးဝါဒကို လက်ခံခဲ့ပြီး စာတန်နှင့်ပင် လက်တွဲခဲ့၏။ စာတန်သည် အခန်း (၃) ၌ ငါတို့တွေ့ခဲ့ပြီးသည့်အတိုင်း သေမင်းဖြစ်ခဲ့ပြီ။ ၎င်း၏အဓိကမုသားကား “ဘုရားသခင်သည် ခွင့်မလွှတ်” ဖြစ်၏။ ဤသို့ ဖြစ်ရခြင်း အကြောင်းကား အာဒံ၊ ဧဝ၊ ကာဣနတို့က အပြစ်လွှတ်ပေးရန် မတောင်းခဲ့ခြင်း ဖြစ်၏။ အာဒံသည် နောင်တရခြင်းထက် ဆင်ခြေ့ရန်ရှောင်ခြင်း၊ လွှဲချခြင်း အတတ်ဆိုးကို တတ်ခဲ့၏။ ၎င်းသည် ဘုရားသခင်ရှေ့ ဒူးခိုင်ပြီးမပျပ်ဝပ်၊ အပြစ်လွှတ်ပေးရန် မလျှောက်ရမည့် နည်းကို တွေ့ခဲ့၏။

ထိုဃနနှင့်သွားလျှင် ဘုရားသခင်၏စေတနာကို အကောင်းမမြင်တော့ဘဲ ၎င်းကိုအန္တရာယ်ပြုလိုသည်၊ လက်စတုံးလိုသည်ဟု မှတ်တော့၏။ ထို့ကြောင့်ပင် ဘုရားသခင်က မေတ္တာပြခဲ့သည့် လက်ဝါးကားတိုင်၌ အသက်ပေးလှူခဲ့သည့်အမှုကို ပုထုဇဉ်က ဘုရားသခင်၏ အမျက်တော့်ပုံရိပ်ဟုမှတ်ပြီး သားတော်ဘုရားကိုပင် သတ်သည့်အထိ ဖြစ်စေ၏။ ဤအကြောင်း အခန်း (၂၀) ၌ ဆိုခဲ့သည်များကို အမှတ်ရ၏။ ။

> အနီသည် ကားတိုင့်သပွတ်အူဖြစ်၏။ ကားတိုင်သည် စာတန်၏သရုပ်မှန်ကိုပြ၏။ အပြစ်၏ ဓမ္မတာနိယာမအကျိုးကိုလည်းပြ၏။ သို့ပြား ဘုရားကဒေါသဖြင့် အပြစ် သားကို အပြစ်ပေးသည့်ပုံပေါ်စေ၏။ *အတ္တာမဲ့မေတ္တာတော်,* အခန်း (၂၀), စာ - 276

> ကာဣနသည် အပြစ်၏အကျိုးကို ခံရ၏။ အပြစ်သည် မဖြေနိုင်အောင်ကြီးပြီဟု ၎င်းက မှတ်၏။ ထိုသို့မှတ်ပြား တစ်ချိန်တည်းတွင် ထိုအကျိုးများအတွက် ဘုရားသခင်ကို တစ်ဖက်မှ ပုံချပြန်၏။ တရားစီရင်ရာ၌ အကန့် (၂) ကန့်ရှိ၏။ ထို့ကြောင့် လက်ဝါးကားတိုင်၌လည်း မျက်နှာ (၂) ဖက်ရှိ၏။ *အတ္တာမဲ့မေတ္တာတော်,* အခန်း (၂၀), စာ - 277

သမ္မာကျမ်းစာက ငါတို့ဗီဇရုပ်ကို ဘုရားသခင်ထံ ထင်စေခြင်းသည် ပုထုဇဉ်တစ်ဦးက ကျမ်းစာကိုဖတ်ပြီး ၎င်း၏ဗီဇရုပ်ကိုမြင်ခြင်းဟုဆို၏။ ထို့နောက် အနီကို လက်ဝါးကားတိုင်၏ မျက်နှာနှစ်ဖက်ကို ပဋိညာဉ်ဆောင်ပုဒ်သို့ ထပ်ပေါင်းပါ၏။ ။

သင်သည် ပဋိညာဉ်၏နိယာမ၏ အကန့် (၂) ကန့်ကို နားမရှင်းလျှင် ပုထုဇဉ်၏
အပြစ်ရှိခြင်းကို ဘုရားသခင်လည်း အပြစ်ရှိသည်ဟု သင်သည်
ပုံမှားရိုက်မည်ဖြစ်၏။ ပုထုဇဉ်ရုပ်ဆောင်သည့်ဘုရား ဖြစ်တော့မည်။
လွဲပါစေသော်ဝ်။

ဤအကြောင်း အတည်ယူမည်ဆိုလျှင် ကျမ်းစာလာ ဘုရားသခင်၏ အောင်မြင်ခြင်းဟု မှတ်ခဲ့ရသည်များသည် ၎င်း၏သိက္ခာကို အလဲထိုးသည့်အရာဖြစ်လာ၏။ အကြောင်းမှာ ထိုဖြစ်စဉ်များကို ပုထုဇဉ်၏ အပြစ်ရှိဗီဇမျက်စိဖြင့်ရှုသောကြောင့်ဖြစ်၏။

အနီဘောင်၌ဝင်သည့် ဖြစ်စဉ် (၂) ခုကား ကရမေလတောင်၌ ဧလိယ၏အောင်မြင်မှုနှင့် မောရိယတောင်၌ ဣဇာက်ကို ပူဇော်သဘင်ပြုသည့် ဖြစ်စဉ်များဖြစ်၏။ ဤအခန်းတွင် ဧလိယဖြစ်စဉ်ကိုနှီးနှောပြီး နောက်တစ်ခန်းတွင် အာဗြဟံ၏ဖြစ်စဉ်ကို နှီးနှောကြအံ့။ ဧလိယ၏ဖြစ်စဉ်၌ မာရ်နတ်သည် ဘုရားသခင်၏လုပ်ရပ်ဟု မှတ်စေရန် လှည့်နိုင်ခဲ့သည့် ဖြစ်စဉ်ထူးဖြစ်၏။

စိတ်အခံပုံရိပ်ကိုမှီကာ မာရ်နတ်သည် ဧလိယ၏ပလ္လင်ပေါ် ကျခဲ့သည့်မီးကို ဖြစ်နိုင်လျှင် သန့်ရှင်းသူများကို အမှတ်မှားကြရန် လှည့်ခဲ့၏။ လူသားများသေကြခြင်း၌ ဘုရားကိုမုန်း ကြောင်းပေါ်လွင်သည့် စာတန်၏ ဝါဒဖြန့်မှုအောက် ဘုရားသခင်၏ တိုးညှင်းသော အသံ တော် တိမ်ဝင်ချိန်တွင် ဘုရားသခင်သည် မီး၊ လေ၊ မြေလျှင်များ၌ရှိသည်ဟူသည်မှာ အမှတ်မှားကြ၏။

ငါတို့သည် လွန်ခဲ့သော နှစ် (၂,၆၀၀) သို့ ပြန်သွားနိုင်လျှင် ကရမေလတောင်ပေါ်၌ ဘုရား ၏ပလ္လင်ပေါ်သို့မီးကျ ယဇ်ကောင်ကိုမီးကျွမ်းသည့်ဖြစ်ရပ်ကို ငါတို့သည် ထိုဣသရေလ အမျိုးသားများနှင့်အတူ မျက်မြင်ကြမည်ဖြစ်၏။ ဣသရေလ တစ်မျိုးသားလုံးကို ဘုရား မှားကိုးကွယ်စေခဲ့သည့် ပရောဖက် (၈၅၀) တို့ အဖမ်းခံရ၏။ ထိုသူများသည် ဘုရားမှန် ကိုးကွယ်မှုကို ချေဖျက်၊ ယေဟောဝါဘုရားသခင်အပေါ် သစ္စာမဲ့သူများကို လက်စတုံးပစ် ခဲ့ကြသူများဖြစ်၏။ ဘုရားသခင်၏ အသုံးတော်ခံကြီး ဧလိယသည် သာသနာမသန့်စင်မှု များကို ဓားဖြင့်ဖြေရှင်းခဲ့၏။ ပရောဖက်အယောက် (၈၅၀) ဓားဖြင့်အသက်ဆုံးခဲ့ကြ၏။

“ဧလိယကလည်း၊ ဗာလ၏ပရောဖက်တို့ကို ဖမ်းဆီးကြလော့။ တစ်ယောက်ကိုမျှ မလွတ်စေနှင့်ဟုစီရင် သည်အတိုင်း၊ သူတို့ကိုဖမ်းဆီး၍ ဧလိယသည် ကိရှုန်ချောင်း သို့ ယူသွားပြီးလျှင် ကွပ်မျက်လေ၏။” - ၃ ရာ ၁၈:၄၀

တောင်စောင်းသည် ရုပ်တုကိုးကွယ်ကြသည့် ပရောဖက်များ၏ အသုဘစင်တို့ဖြင့်ပြည့်၏။ သွေ့ခြောက်ကျတ်တီးမြေလည်း ညနေစောင်း မိုးမရွာမီအထိ သွေးအိုင်ထွန်းနေ၏။ မိုးရွာ ခြင်းက ထိုဖြစ်စဉ်ကို လက်ခံသည်ဟု ပြသယောင်ရှိ၏။

ဤဖြစ်စဉ်ကို ရှေ့မဆက်မီ ဧလိယအား မီးမြင်းရထားဖြင့် အခေါ်မခံရမီအကြောင်း ရေးထားသည့်ကျမ်းပိုဒ်သို့ ရှုကြအံ့။

“လူငါးကျိပ်အုပ်သော တပ်မှူးကိုစေလွှတ်၍၊ တပ်မှူးသည် တောင်ပေါ်မှာထိုင်သော ဧလိယထံသို့ ရောက်ပြီးလျှင်၊ အိုဘုရားသခင်၏လူ၊ သင်သည် ဆင်းရမည်အကြောင်း၊ ရှင်ဘုရင်အမိန့်တော်ရှိသည်ဟုဆို၏။ (၁၀) ဧလိယကလည်း၊ ငါသည် ဘုရားသခင်၏လူမှန်လျှင်၊ ကောင်းကင်ကမီးကျ၍ သင်နှင့်သင်၏လူငါးကျိပ်တို့ကို လောင်ပါစေဟု လူငါးကျိပ်အုပ်သော တပ်မှူးအားဆိုသည်အတိုင်း၊ ကောင်းကင် က မီးကျ၍ သူနှင့်သူ၌ ပါသောလူငါးကျိပ်တို့ကို လောင်လေ၏။” - ၄ ရာ ၁:၉၊ ၁၀

စစ်သား (၅၁) အစုကို ၎င်းနောက်လိုက်စေရန် ဧလိယဘာပြုခဲ့သနည်း။ ထိုအချိန်တွင် ဘုရင်သည် နာမကျန်းဖြစ်ကာ ဧကြုန်မြို့၏ဘုရား ဗာလဇေဗုပ်ကိုမြန်းရန် သံစေလွှတ်ခဲ့၏။ ဧလိယက ထိုသံတမန်များကို လမ်းမှတားပြီး ဘုရင်သည် နတ်ရွာစံလိမ့်မည်ဟု ဆိုခဲ့၏။ ဘုရင်လည်း အနီးသတင်းအပေါ် ဘဝင်မတွေ့နိုင်ဖြစ်ပြီး ဧလိယကို လူလွှတ်ဖမ်းစေ၏။

ထိုသူများ ဧလိယထံရောက်သည့်အခါ ၎င်းတို့ကို မီးကျွမ်းစေရန် ဧလိယတ,ခဲ့၏။ စစ်သား နောက်တစ်စုသည် အရှေ့တစ်စု၏ အဖြစ်ဆိုးကို သံဝေဂယူကာ ဧလိယနှင့်

ညှိနှိုင်းကြ မည်ဟု ငါတို့ထင်ကြပါမည်။ သို့သော် ၎င်းတို့လည်း မီးအလောင်ခံရ၏။ မီးကြောင့် (၁၀၂) ဦး သေခဲ့ရ၏။ အနီဖြစ်စဉ်က ဘုရားသခင်၏ ရန်သူတော်များကို ကောင်းကင်မှ မီးကျ စေကာ လက်စတုံးပစ်နိုင်သည့် တန်ခိုးရှင်းပရောဖက်ကြီးဟု မြင်စေပေမည်။ အနီဖြစ်စဉ် နောက်တွင် အောက်ပါအတိုင်းတွေ့ရ၏။ ။

> "ထိုသို့နှုတ်ဆက်လျက်သွားကြစဉ်တွင်၊ မီးရထားနှင့် မီးမြင်းတို့သည်ပေါ်လာ၍ ထိုသူနှစ်ယောက်တို့ကို ခွဲခွာသဖြင့်၊ ဧလိယသည် လေဘွေအားဖြင့် ကောင်းကင်သို့ တက်လေ၏။" - ၄ ရာ ၂:၁၁

လူအများစုအတွက်ကား အနီဖြစ်ရပ်သည် ဘုရားသခင်သည် ကောင်းကင်မှမီးချခဲ့သည်၊ စစ်သားများကို မီးလောင်တိုက်သွင်းခဲ့သည်၊ ထို့နောက် ၎င်း၏လက်စွဲတော် ပရောဖက်ကြီးကို ကောင်းကင်သို့ခေါ်ပင့်သည်ဟု သက်သေအဖြစ်ယူကြ၏။ အနီဖြစ်ရပ်ထူးနှင့် ကရမေလတောင်ပေါ်၌ ဗာလဘုရား၏ပရောဖက်များကို အောင်နိုင်ခဲ့ခြင်းကို တွဲသည့် အခါ သာသနာတော်ကြီးအတွက် အံ့ဖွယ်အောင်မြင်မှုပမာဖြစ်၏။

ငါတို့သည် အကယ်၍ ခမည်းတော်၏ စင်းလုံးချောရောင်ပြန်ကို ခရစ်တော်ဘုရား၌ ရှုသည့်အခါ ဖြစ်စဉ်ထိုထိုများကို ဘုရားဖက်မှ မြင်နိုင်မည်ဖြစ်၏။

> "ထိုအကြောင်းကို တပည့်တော်ယာကုပ်၊ ယောဟန်တို့သည်မြင်လျှင်၊ **သခင်၊ ဧလိယပြုသကဲ့သို့ အကျွန်ုပ်တို့သည် ကောင်းကင်မှမီးကျစေ၍ ထိုသူတို့ကို လောင်စေခြင်းငှာ အလိုရှိတော်မူသလောဟု လျှောက်ကြသော်၊** (၅၅) **ယေရှုသည် လှည့်ကြည့်၍၊ သင်တို့သည် ကိုယ်စိတ်သဘောကို ကိုယ်မသိကြ၊ လူသားသည်လူတို့၏ အသက်ကို သတ်အံ့သောငှာ ကြွလာသည်မဟုတ်။ ကယ်တင်အံ့သောငှာ ကြွလာသည်ဟု ဆုံးမတော်မူပြီးမှ၊** (၅၆) အခြားသောရွာသို့ ကြွတော်မူ၏။" - ရှင်လုကာ ခရစ်ဝင် ၉:၅၄-၅၆

“ယေရှုကလည်း ထိုသူအား **‘သင်၏ဓားကို သူ့နေရာ၌ပြန်ထားလော့။ အကြောင်းမူကား ဓားကိုင်သောသူအားလုံးတို့သည် ဓားဖြင့်ပျက်စီးရလိမ့်မည်။’**” - ရှင်မဿဲ ခရစ်ဝင် ၂၆:၅၂

“ယေရှုက ‘**ငါ့နိုင်ငံသည် ဤလောကနှင့်မစပ်ဆိုင်။** ငါ့နိုင်ငံသည် ဤလောကနှင့် စပ်ဆိုင်ခဲ့လျှင် ငါသည် ဂျူးလူမျိုးတို့လက်သို့ အပ်နှံခြင်းမခံရရန် ငါ့လူတို့သည် တိုက်ခိုက်ခဲ့ကြပေလိမ့်မည်။ သို့သော် ယခုတွင် ငါ့နိုင်ငံသည် ဤနေရာမှဖြစ်တည်သည်မဟုတ်’ ဟု မိန့်တော်မူ၏။” - ရှင်ယောဟန်ခရစ်ဝင် ၁၈:၃၆

ငါတို့သည် ယေရှုဘုရား၏ အာနုဘော် (သို့) သိက္ခာတော်များကို ရှုကွက်ဆင်းသည့်အခါ ဧလိယ၏ဖြစ်စဉ်တွင် တွေ့ရသည်များနှင့် ကွဲလွဲမှုများရှိကြောင်း တွေ့ရ၏။ တပည့်တော်များသည် ဧလိယထက်သာချင်ကြ၏။ သို့သော် ယေရှုဘုရားက ၎င်းတို့ကို ဆုံးမပြီး ဧလိယ ၏နည်းသည် ၎င်း၏စိတ်ဓာတ်၊ ၎င်း၏နည်းမဟုတ်ကြောင်း မိန့်ခဲ့၏။ ယေရှုဘုရားသည် ဖျက်စီးသူမဟုတ်၊ ကယ်တင်သူဖြစ်၏။ ယေရှုက ဧလိယသည် မီးကိုချခဲ့သည့်အကြောင်း စားမြုံ့ပြန်ခဲ့ခြင်းမှာ အနှီသည် ၎င်း၏စိတ်ဓာတ်မဟုတ်ကြောင်းကို ဖြေခြင်းသာဖြစ်ပြီး ဘာဖြစ်ခဲ့သည်ကို ငါတို့ ပို၍စူးစမ်းရမည်ကို ဆိုလို၏။

အာရုံဖမ်းသည်ကား ခေတ်သစ်ကျမ်းစာအုပ် (ဗားရှင်း) သည် ယေရှုဘုရားမိန့်ခဲ့သည့် တစ် ချို့ကို ချန်လှပ်ခဲ့ခြင်းအကြောင်း ဖြစ်၏။ ။

“တပည့်တော်ယာကုပ်နှင့်ယောဟန်တို့သည် ထိုအဖြစ်ကိုမြင်လျှင် ‘သခင်ဘုရား၊ အကျွန်ုပ်တို့သည် မိုးကောင်းကင်မှ မီးကျလာစေ၍ သူတို့ကိုလောင်ကျွမ်းစေရန် ကိုယ်တော်အလိုရှိပါသလော’ ဟု မေးလျှောက်ကြ၏။ (၅၅) သို့သော် ကိုယ်တော်သည်လှည့်၍ သူတို့ကိုဆုံးမတော်မူ၏။” - ရှင်လုကာခရစ်ဝင် ၉:၅၄၊ ၅၅ (NIV)

“ငါသည် လူသားတို့၏အသက်ကို သတ်အံ့သောငှာ ကြွလာသည်မဟုတ် ဟူသည့်စကားကြောင်းကို New International Version ၌ ချန်လှပ်ခဲ့ခြင်းက ကျမ်းစာလေ့လာသူကို

တပည့်တော်များကို ဘာအတွက်ကြောင့် ဆုံးမရသနည်းဟု ထွေစေ၏။ အနီသည် အချိန်အခါ (သို့) ဘုရား၏အာနုဘော်ကို အလွဲသုံးခြင်း ဖြစ်နိုင်၏။ သားတော်ဘုရားသည် လူကို သတ်ရန်မကြွခဲ့ကြောင်းမိန့်ခြင်းက တပည့်တော်များ၏ဆန္ဒကို ထုတ်ပြခြင်းသာမဟုတ်ဘဲ ဧလိယ၏အပြုအမူကိုလည်း ပြခြင်းဖြစ်၏။

ကရမေလတောင်ပေါ် ရှိ အောင်မြင်မှုသို့ တစ်ဖန်လှည့်ကြအံ့။ ဖြစ်ခဲ့သည့်ဖြစ်စဉ်များအတွက် မိဖုရားယေဇဗေလသည် စိတ်မရှင်နိုင်ဘဲ ဧလိယထံသတင်းပါးခဲ့၏။

> "ဧလိယပြုသော အမှုနှင့် ပရောဖက်အပေါင်းတို့ကို ဓားနှင့်ကွပ်မျက်သောအမှုကို၊ အာဟပ်သည် ယေဇဗေလအား အကုန်အစင်ကြားပြော၏။ (၂) ယေဇဗေလက၊ **နက်ဖြန်နေ့ယခုအချိန်ရောက်မှ၊ သင့်အသက်သည် ထိုပရောဖက်တို့၏ အသက်ကဲ့ သို့ ငါမဖြစ်စေလျှင်၊ ဘုရားတို့သည် ငါ၌ထိုမျှမကပြုပါစေသောဟု တမန်ကို ဧလိယထံသို့စေလွှတ်၍ ကြားလိုက်၏။**" - ၃ ရာ ၁၉:၁၊ ၂

ဘုရင့်ထံ မိုးခေါင်မည့်သတင်းပါးခဲ့ချိန်၌ ဧလိယသည် မကြောက်ခဲ့ပါ။ အာဟပ်မင်းလည်း ၎င်းကိုသတ်ရန် (၃) နှစ်ခွဲလုံးလုံး မြေလှန်ရှာခဲ့၏။ ဧလိယကဘုရားသခင်သည် ၎င်းကို ကွယ်ကာပေးမည်ဟု ယုံကြည်ကိုးစားခဲ့၏။ ဗာလပရောဖက်များကို သုတ်သင်ပြီးချိန်မှ စကာ ဧလိယသည် အသက်လုပြေးရ၏။

> "ထိုအခါ ဧလိယသည်ကြောက်သဖြင့်၊ **ထ၍ အသက်လွတ်အောင်** ယုဒခရိုင် ဗေရရှေဘမြို့သို့သွား၏။ ထိုမြို့၌ ကျွန်ကို ထားခဲ့၍၊ (၄) သူ့ကိုယ်တိုင်သည် တောသို့ တစ်နေ့ခရီးသွားပြီးလျှင်၊ ရသမ်ပင်အောက်သို့ရောက်၍ ထိုင်လေ၏။ ထိုအခါ ကိုယ်အသက် သေရမည်အကြောင်း ဆုတောင်းလျက်၊ အိုထာဝရဘုရား၊ ယခု တန်ပါ၏။ **အကျွန်ုပ်အသက်ကို သိမ်းယူတော်မူပါ။ အကျွန်ုပ်သည် ဘိုးဘေးတို့ ထက်သာ၍ မကောင်းပါဟု မြည်တမ်း၏။**" - ၃ ရာ ၁၉:၃၊ ၄

လေဝိယသည် ဘာ့ကြောင့် အနီအမျိုးသမီးကို ရှောင်ပြေးရသနည်း။ လေဝိယသည် ကရမေလတောင်ပေါ်တွင် ဘုရင်နှင့် ဗာလပရောဖက်များရှေ့တွင် အချိန်မရွေး အဖမ်းခံ၊ အသတ်ခံရနိုင်ပြား မကြောက်မရွံ့တစ်ဦးတည်း ရင်ဆိုင်ခဲ့၏။ လေဝိယသည် ဘုရားသခင်၏ အကာ အကွယ်ကို ကိုးစားခဲ့၏။ သို့သော် လေဝိယမျှော်လင့်ခဲ့သည့် သာသနာကြီးပြောင်းလဲခြင်း ဖြစ်မလာခဲ့ပါ။ လူထုသည် ဗာလဘုရားကို ကိုးကွယ်ခြင်းအတွက် နောင်တမရကြပါ။ ၎င်းလည်း မှန်းချက်နှင့်နှမ်းထွက်မကိုက်ဘဲ ကြောက်စိတ်ဝင်ကာ ၎င်း၏တာဝန်မှ နုတ် ထွက်လိုတော့၏။ လေဝိယသည် တစ်မုဟုတ်ချင်း ဘာ့ကြောင့် ပြောင်းလဲရသနည်း။ ယခု တွင် လူ့အသက်ကို သတ်ခဲ့ပြီးသောကြောင့် လေဝိယလည်း ကာဣနအတိုင်း ကြုံလာ၏။

> "အကျွန်ုပ်ကို မြေကြီးပြင်မှ ယနေ့နှင်ထုတ်တော်မူပြီ၊ မျက်နှာတော်ကိုလည်း မမြင် ရ။ မြေကြီးပေါ်မှာ ပြေးရသောသူ၊ အရပ်ရပ်လည်ရသောသူဖြစ်ပါရမည်။ **တွေ့သ မျှသောသူတို့သည် အကျွန်ုပ်ကိုသတ်ပါလိမ့်မည်ဟု ထာဝရဘုရားကို လျှောက် ဆို၏။**" - ကမ္ဘာဦးကျမ်း ၄:၁၄

ဘုရားသခင်၏ သီလထူးကိုပြသည့် ပညတ်တော် (၁၀) ပါးက တိုရှင်းစွာ လူ့အသက်ကို မသတ်ရဆို၏။ လူသည် လူကိုသတ်သည့်အခါ သေရမည်ကို ကြောက်လာ၏။ သူတစ်ပါး အပေါ် သင်ပြုခဲ့သည့်အတိုင်း ကိုယ့်ထံပြန်လှည့်မည်ကို သင်ကြောက်၏။ မာရ်နတ်သည် ပို၍ခြယ်လှယ်ခွင့်ရသည့်အခါ အကြောက်တရားသည် သာ၍ကြီးမားလာ၏။ စစ်တပ် (သို့) မြို့ရိုး၏ ကာကွယ်မှုမျိုး လိုလားသည်အထိ ကြောက်တော့၏။

လေဝိယသည် "အကျွန်ုပ်အသက်ကို သိမ်းယူတော်မူပါ။ အကျွန်ုပ်သည် ဘိုးဘေးတို့ထက် သာ၍မကောင်းပါ" ဟု မြည်တမ်းခဲ့၏။ လေဝိယစိတ်တွင် ဘာနှင့်နှပမ်းသတ်နေသနည်း။ ဘာ့ကြောင့် သေလိုဇောကပ်ရသနည်း။ ၎င်းမျှော်မှန်းခဲ့သည့် သာသနာပြုပြင်ပြောင်းလဲမှု

ကြီး မဖြစ်ခဲ့သည်မှာ အမှန်ဖြစ်၏။ သို့သော် ဘာအကြောင်းတရားက ၎င်းနှင့် ၎င်း၏ဘိုးဘေးများကိုယုဉ်စေကာ သေလိုရသနည်း။

> "**ဧလိယသည် ငါတို့နည်းတူ သာမန်လူသားတစ်ဦးဖြစ်**သော်လည်း မိုးမရွာမည့်အကြောင်း ထက်သန်စွာဆုတောင်းသောအခါ သုံးနှစ်နှင့်ခြောက်လတိုင်တိုင် မြေပေါ်၌ မိုးမရွာဘဲနေ၏။" - ရှင်ယာကုပ်သြဝါဒစာ ၅:၁၇

ဧလိယသည် ဘာ့ကြောင့်ထွက်ပြေးရကြောင်း အမေးခံရသည့်အခါ ဘုရားသခင်ကို မည်သို့ဖြေကြောင်းကို သတိချပ်လော့။

> "ဥမင်ထဲသို့ဝင်၍ နေ၏။ ထာဝရဘုရား၏ နှုတ်ကပတ်တော် ရောက်လာသည်ကား၊ ဧလိယ၊ သင်သည် ဤအရပ်၌ အဘယ်သို့ပြုလျက်နေသနည်းဟု မေးတော်မူ၏။ (၁၀) ဧလိယကလည်း၊ **အကျွန်ုပ်သည် ကောင်းကင်ဗိုလ်ခြေအရှင် ဘုရားသခင်ထာဝရဘုရားဘက်၌ အလွန်စိတ်အားကြီးပါပြီ။ အကြောင်းမူကား၊ ဣသ ရေလအမျိုးသားတို့သည် ကိုယ်တော်၏ပဋိညာဉ်တရားကို စွန့်ပြီးလျှင်၊ ကိုယ် တော်၏ယဇ်ပလ္လင်များကို ဖြိုဖျက်၍ ကိုယ်တော်၏ပရောဖက်များကို ဓားနှင့် သတ်ကြပါပြီ။** အကျွန်ုပ်တစ်ယောက်တည်းကျန်ရစ်၍၊ အကျွန်ုပ်အသက်ကိုပင် သတ်ခြင်းငှာ ရှာကြပါသည်ဟု လျှောက်လေ၏။" - ၃ ရာ ၁၉:၉၊ ၁၀

ဧလိယက ၎င်းသည်သစ္စာရှိခဲ့ပြား ဘုရားသခင်၏ ပရောဖက်များ အသတ်ခံနေရသည်ကို မျက်မြင်တွေ့နေရကြောင်း၊ ယခုတွင် ၎င်းတစ်ဦးတည်းသာ ကျန်တော့၏ဟု တိုင်တန်း၏။ ဧလိယသည် ငါတို့နည်းတူဖြစ်လျှင် ဘုရားသခင့်လူများကို သတ်ကြခြင်း၊ ၎င်း၏အရင်းနှီးဆုံး မိတ်ဆွေများအတွက် တုံ့ပြန်လိုမည်မဟုတ်လော။ သင့်အခင်ဆုံးမိတ်ဆွေအသတ်ခံရလျှင် သင်သည် ကလဲ့စားချေရန် သွေးဆောင်ခြင်းနောက် ပါသွားမည်လော။ ဘုရားသခင်အတွက်ဆိုပြီး ကလဲ့စားလိုစိတ် မိမိသန္တာန်တွင် အမြစ်စွဲနိုင်ချေရှိသလော။

ဧလိယသည် ဗာလပရောဖက်များ၏ အလောင်းပဒေသာကို ရှုသည့်အခါ ၎င်း၏သန္တာန်၌ သတ်လိုစိတ်မျိုးစေ့ သန္ဓေတည်ကြောင်းကို ၎င်းသည် ရှုမြင်တတ်သလော။ ၎င်း၏ ဘိုးဘေးများထက် မသာကြောင်းကို ဆင်ခြင်တတ်လာသလော။ ယေဇဗေလက ၎င်း၏အသက်ကို ခြိမ်းခြောက်သည့်အခါ ဘုရားသခင်နှင့် ၎င်း၏သဟာယကို မရေရာကြောင်း မြင်တတ်လာ၏။ ဧလိယလည်း အာဒံကဲ့သို့ "သင် ဤနေရာ၌ ဘာလုပ်နေသနည်း" မေးခွန်းကို ဘုရား၏အမှားကြောင့် ဤသို့ဖြစ်ရသည်ဟု ၎င်းသည် ပက်ပြီလော။ ဧလိယ၏ အဖြေများသည် ၎င်းကိုယ်ကို ကာကွယ်ခြင်းများဖြစ်၏။ "ငါ ဤသို့၊ ထို့သို့ အနစ်နာခံခဲ့ပြီး ၏" "ဤဖြစ်စဉ်သည် ဆိုးလွန်း၏။ အကျွန်ုပ်တစ်ဦးတည်းကျန်၏။"

အချို့သူများအတွက် ပရောဖက်ထူးကြီးကို ဤသို့မျက်စိတောက်ထောက် ပြုခြင်းသည် ပုဂ္ဂိုလ်ရေး နစ်နာစေသည်ဟု မြင်သူရှိပေမည်။ အပြစ်ကို အောင်မြင်လိုသူများက ဧလိယ ၏အဖြစ်မှ ကမ္ဘာ့သမိုင်းပိတ်သိမ်းချိန်ကို ရင်ဆိုင်တတ်ရန် ၎င်းတို့၏ဗီဇကို မြင်ကြ၏။ ငါတို့သည် အမှုကြုံသည့်အခါ ခရစ်တော်မဆန်သည့်စရိုက်များဖြင့် သေခွင့်ပေးရန်တောင်း ခြင်းများ မပြုရန် ဧလိယ၏ဖြစ်စဉ်ကို ငါတို့ သင်ခန်းစာယူတတ်ရပါမည်။ ကမ္ဘာ့နောက်ဆုံး အချိန်၌ ငါတို့အတွက် သင်ခန်းစာဖြစ်စေရန် ထိုဖြစ်စဉ်၏ အတိမ်အနက်ကို ရှုတတ်ရမည်။ ဧလိယ၏ စိတ်ပြင်းပြမှုမျိုးသည် လူသားများကို အလင်းပြရန် တစ်ဖန်ပြန်၍ ဖြစ်လာရုံ မကဘဲ ၎င်းတို့၏ သတ်လိုစိတ်ဗီဇကို ပြန်မြင်ကြရန် ဘုရားသခင့်လူများထံ လာဦးမည် ဖြစ်၏။ သင်သည် တရားမရလျှင် အရှုံးသမားအဖြစ်ဖြင့် သေမည် (သို့) ပိုဆိုးမည်ကား သတ်လိုစိတ်ဗီဇကို ဘုရားအမျက်ဟူ၍ ဆင်ခြေပေးဦးမည်ဖြစ်၏။

ဧလိယသည် ပဋိညာဉ်သစ်ကို မမြည်းစမ်းသေးဟု ငါတို့အတပ်ဆိုနိုင်၏။ ပဋိညာဉ်သစ်ဆိုသည်မှာ ဘုရား၏သီလသိက္ခာများကို သန္တာန်၌ ကမ္ပည်းရေးထိုးခြင်းဖြစ်၏။ ဘုရားသခင်၏ သီလပုဒ်များကို ပညတ်တော်၌ ချပြထား၏။

"ထို့ကြောင့် ပညတ်တရားသည် သန့်ရှင်း၏။ ပညတ်တော်သည်လည်း သန့်ရှင်း ဖြောင့်မတ်၍ ကောင်းမြတ်၏။" - ရောမဩဝါဒစာ ၇:၁၂

"**ထာဝရဘုရား**က 'ထိုနေ့ရက်များနောက်တွင် အစ္စရေးအမျိုးနှင့် ငါပြုမည့် ပဋိညာဉ်ကား ဤသို့တည်း။ ငါသည် ငါ၏ပညတ်တရားတို့ကို သူတို့၏အသိဉာဏ် ထဲတွင် ထည့်သွင်း၍ သူတို့၏စိတ်နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ ဘုရားဖြစ်ပြီး သူတို့သည်လည်း ငါ၏လူမျိုးတော်ဖြစ်ကြလိမ့်မည်။'" - ဟေဗြဲ ဩဝါဒစာ ၈:၁၀

ဧလိယသည် သိနာတောင်သို့အပြေး "သင်သည် ဤအရပ်၌ အဘယ်သို့ပြုလျက် နေသနည်း" ဟု ဘုရားသခင်၏ မေးမြန်းခြင်းခံရ၏။ ဧလိယလည်း ပြန်၍ကာကွယ်၏။ ၎င်းသည် ဘုရားအပေါ်သစ္စာရှိကြောင်း၊ သို့သော် ဘာတစ်ခုမျှ အရာမထင်ခဲ့ကြောင်း၊ ၎င်းတစ်ဦးသာကျန်ကြောင်း၊ မင်းစိုးရာဇာများက ၎င်းကိုသတ်လိုကြသည်ဟု ဆို၏။ ဘုရားသခင်က ဧလိယအား တကယ့်ပြဿနာသည် ၎င်း၏ရှုမြင်သုံးသပ်ပုံနှင့် ဆိုင်ကြောင်းကို ချပြ၏။

"နှုတ်ကပတ်တော်ကလည်း ထွက်လော့။ **ထာဝရဘုရား**ရှေ့တောင်ပေါ်မှာ ရပ်နေလော့။ **ထာဝရဘုရား** ရှောက်သွားမည်ဟုမိန့်တော်မူ၏။ ထိုအခါ အားကြီးသောလေပြင်းသည် တောင်ထိပ်တို့ကိုခွဲ၍၊ **ထာဝရဘုရား**ရှေ့တော်၌ ကျောက်တို့ကိုချိုးဖွဲ့၏။ သို့ရာတွင်**ထာဝရဘုရား**သည် လေ၌ရှိတော်မမူ။ လေနောက်မှာ မြေလှုပ်ခြင်းရှိ၏။ သို့ရာတွင် (၁၂) **ထာဝရဘုရားသည် မြေလှုပ်ရှားခြင်း၌လည်း ရှိတော်မမူ။ မြေလှုပ်ခြင်းနောက်မှာမီးရှိ၏။ သို့ရာတွင် ထာဝရဘုရားသည် မီး၌ လည်းရှိတော်မမူ၊** မီးနောက်မှာ ဖြည်းညှင်းသော အသံရှိ၏။" - ၃ ရာ ၁၉:၁၁၊ ၁၂

ဘုရားသခင်၏ သီလသိက္ခာသည် သဘာဝ၏အကြမ်းဘက်ဖြင့် မဖော်ပြပါ။ အရှင်းဆိုရလျှင် ထိုထိုများ၌ ဘုရားမရှိ။ ယဇ်ကောင်ကို ဝါးမျိုသည့် ကောင်းကင်မှကျလာသည့် မီးသည် ဧလိယက ဗာလပရောဖက်များကို ဓားဖြင့်သုတ်သင်ခဲ့ခြင်းကို တရားဝင်စေသည့် ဓာတ်ပမာ ယူကြ၏။ ဘုရားသခင်သည် တေဇောမီး၌မရှိကြောင်း ၎င်းကို အသိပေးခဲ့၏။ ဘုရားသခင်သည် မီးကိုစေလွှတ်ခဲ့ပြီး ဘုရားသည် မီး၌မရှိဆိုသည်မှာ ဘာဆိုလိုခြင်း နည်း။ မှန်သောဘုရားအတွက် အမှုဆောင်ပေးသူ၏ တောင်းလျှောက်မှုကို တုံ့ပြန်ခြင်း ဖြစ်ကြောင်း ဘုရားသခင်က ဧလိယအား မိန့်ခဲ့၏။ တုံ့ပြန်ခြင်းသည် ပရိသတ်များ၏ ဉာဏ်ရည်အတိုင်းဖြစ်၏။

ဣသရေလအမျိုးသားအားလုံးသည် ပဋိညာဉ်ဟောင်း၌ ရှိကြ၏။ ၎င်းတို့မြင်ကြသည်က ဘုရားသည် မည်သို့အစွမ်းပြသင့်သည်ဖြစ်၏။ အားလုံးက ၎င်းတို့မြင်ကြသည့်အရာကို အခြေပြုပြီး ဘုရားသည်မီး၌ရှိသည်ဟု ဆိုကြ၏။ ၎င်းသည် မီး၌မရှိကြောင်း ဘုရားသည် ဧလိယအား မိန့်ခဲ့၏။ ဘုရားသခင်သည် ပုထုဇဉ်တို့၏စိတ်အတိုင်း စကားမိန့်၏။ ဘုရား သခင်သည် မီးဖြင့်အထူးအဆန်း ပြုပါသည်။ သို့သော် ထိုအမှုသည် ၎င်း၏မူပိုင်ဝိသေသ မဟုတ်ပါ။

တန်ခိုးပြခြင်းက ဧလိယကို ကလဲ့စားချေလိုစိတ် သန္ဓေတည်စေ၏။ ဤအရာသည် ပဋိညာဉ်ဟောင်းရှိ ပညတ်တော်၏ လုပ်ဆောင်မှုဖြစ်၏။ ဘုရားသခင်သည် အပြစ်ကိုပွားစေ သူ ဆန်၏။ ခရစ်တော်ဘုရား အမျိုးသမီးထံ မိမိကလေး၏အစာကို ခွေးမကျွေးကောင်းဟု မိန့်ခဲ့၏။ ကောင်းကင်ဘုံရှိ ငါတို့အဘ တန်ခိုးပြခြင်းသည် လူသားတို့၏စိတ်ကို ဆန်းစစ် လိုခြင်းဖြစ်၏။ အနိုင်သဘာဝလွှန်ဖြစ်စဉ်က ဧလိယသန္တာန်တွင် ဘာရှိသည်ကိုပြ၏။ ထို မှန်ပြင်မှ ဧလိယဆန္ဒရှိခဲ့သည့် အမိန့် — ဗာလပရောဖက်များကို သုတ်သင်လော့ — ကို ကြားခဲ့၏။ အနိုင်က ဧလိယသည် လူသတ်သမား ၎င်း၏ဘိုးဘေးများထက် မသာသူဖြစ် ကြောင်းပြ၏။

ဗာလပရောဖက်များလည်း အသတ်ခံရကြ၏။ ဘုရားသခင်သည် ဣသရေ လများကို ရုပ်တုဘုရားပြုကိုးကွယ်ခြင်းသည် မကောင်းကြောင်း ပဋိညာဉ်ဟောင်းဖြင့် ပြခဲ့၏။ ဤဖြစ်စဉ်၌ ဘုရား၏သီလသိက္ခာပုဒ်များ ထင်ရှားခြင်းမရှိပါ။

လေ၊ ငလျှင်၊ မီးများ၌ ဖြစ်ခဲ့သည့် သဘာဝလွန်ဖြစ်စဉ်များက ဧလိယသည် ဘုရားသခင်၏ သီလကို ဉာဏ်မပေါက်ခဲ့ကြောင်းပြ၏။ မည်သို့ဖြစ်စေ ဘုရားသခင်သည် ၎င်း၏သီလ သည် ဧလိယ၏ ဗီဇဓာတ်ခံနှင့်မတူကြောင်းကို မြင်စေ၊ ကလဲ့စားချေလိုစိတ်ရှိခြင်းအ တွက် နောင်တရစေလို၏။ ဧလိယက ဝန်ခံမှုပြုရန် ဘုရားသခင်သည် ဧလိယကို တစ်ဖန်မေးပြန်၏။

> “ထိုအသံကို ဧလိယသည်ကြားလျှင်၊ မျက်နှာကို ဝတ်လုံနှင့် ဖုံးအုပ်လျက် ထွက်၍ ဥမင်ဝ၌ရပ်နေ၏။ ထိုအခါ ဧလိယ၊ သင်သည်ဤအရပ်၌ အဘယ်သို့ပြုလျက် နေသနည်းဟု အသံလာ၏။ (၁၄) ဧလိယကလည်း၊ အကျွန်ုပ်သည် ကောင်းကင် ဗိုလ်ခြေအရှင် ဘုရားသခင်ထာဝရဘုရားဘက်၌ အလွန်စိတ်အားကြီးပါပြီ။ အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့သည် ကိုယ်တော်၏ပဋိညာဉ်တရား ကို စွန့်ပြီးလျှင်၊ ကိုယ်တော်၏ယဇ်ပလ္လင်များကို ဖြိုဖျက်၍၊ ကိုယ်တော်၏ ပရော ဖက်များကို ဓားနှင့်သတ်ကြပါပြီ။ အကျွန်ုပ်တစ်ယောက် တည်းကျန်ရစ်၍၊ အ ကျွန်ုပ်အသက်ကိုပင် သတ်ခြင်းငှာ ရှာကြပါသည်ဟု လျှောက်လေ၏။” - ၃ ရာ ၁၉:၁၃၊ ၁၄

ဧလိယသည် ၎င်း၏မူရင်းဆင်ခြေကို အဖန်တလဲလဲသုံးခဲ့၏။ အနီက ၎င်းသည် ဤဖြစ်စဉ် ထူးကို ဝိဘဇ္ဇမပြုတတ်ကြောင်းပြ၏။ ဧလိယ၌ ဘောင်ရှိ၏။ ယေရှုဘုရားက တပည့်တော် များထံ မိန့်ခဲ့သည့်အတိုင်း ဧလိယထံသို့ “စိတ်ဝိညာဉ်ကား စေတနာရှိပြားသော်လည်း၊ ကိုယ်မူကား အားနည်းသည်” ဟု မိန့်၏။ ၎င်း၏တာဝန်သည် ပြီးဆုံးတော့မည့်အကြောင်း ဧလိယသည် သတင်းရခဲ့၏။ ။

"ထာဝရဘုရားက၊ ဒမာသက်တောသို့ ပြန်၍ ခရီးသွားလော့။ ရောက်သောအခါ ဟာဇေလကို ရှုရိရှင်ဘုရင်အရာ၌ ခန့်ထား၍ ဘိသိက်ပေးလော့။ (၁၆) နိမ်ရှိသား ယေဟုကို ဣသရေလရှင်ဘုရင်အရာ၌ ခန့်ထား၍ ဘိသိက်ပေးလော့။ အာဗေလ မဟောလမြို့နေ၊ **ရှာဖတ်သားဧလိရှဲကို သင့်ကိုယ်စား ပရောဖက်အရာ၌ ခန့်ထား၍ ဘိသိက်ပေးလော့။**" - ၃ ရာ ၁၉:၁၅၊ ၁၆

ဗာလပရောဖက်များကို သတ်ခဲ့ခြင်းမှ တည်ခဲ့သည့် ကြောက်စိတ်မျိုးစေ့သည် ဧလိယ၌ ကိန်းနေ၏။ ဧလိယသည် ကောင်းကင်သို့ ယူဆောင်ခြင်းမခံရမီ သတ်လိုစိတ်ဆန္ဒ တစ်ဖန် ပေါ်ခဲ့သေး၏။ ၎င်းကို ဖမ်းရန်လာခဲ့သည့် စစ်သားများကို မီးလောင်ပစ်ရန် ကောင်ကင်မှ မီးကိုခေါ်ချသေး၏။ ၎င်းကိုဖမ်းရန် လာကြသည့်အခါ ဧလိယသည် ကြောက်မကြောက် ငါတို့သိရသလော။

"ထာဝရဘုရား၏ ကောင်းကင်တမန်ကလည်း၊ **သူနှင့်အတူ ဆင်းသွားလော့။ သူ့ကို မကြောက်နှင့်**ဟု ဧလိယအားဆိုသည်အတိုင်း၊ ဧလိယသည်ထ၍ ရှင်ဘုရင်ထံသို့ရောက်၏။" - ၄ ရာ ၁:၁၅

ဧလိယသည် ကြောက်ဆဲဖြစ်၏။ တပ်သား (၅၀) အုပ် တပ်မှူးက ဧလိယအား "ဘုရားလူ" ဟုခေါ်၏။ ထိုခေါင်းဆောင်က ဧလိယသည် ဘုရားလူဟုတ်မဟုတ်ကို သံသယမဝင်ခဲ့ပါ။

"ဧလိယကလည်း၊ **ငါသည် ဘုရားသခင်၏လူမှန်လျှင်၊ ကောင်းကင်ကမီးကျ၍ သင်နှင့်သင်၏လူ ငါးကျိပ်တို့ကို လောင်ပါစေ**ဟု လူငါးကျိပ်အုပ်သော တပ်မှူးအား ဆိုသည်အတိုင်း၊ ကောင်းကင်က မီးကျ၍ သူနှင့်သူ၌ ပါသောလူငါးကျိပ်တို့ကို လောင်လေ၏။" - ၄ ရာ ၁:၁၀

ဘုရားသခင်က ၎င်းသည် မီး၌မရှိကြောင်းကို ဧလိယအားပြခဲ့၏။ သို့ဆိုလျှင် ဧလိယသည် ဘာကြောင့်မီးခေါ်ရသနည်း။ ကြောက်၍ဖြစ်၏။ ထိုလူများကို မီးလောင်ပစ်ရန် ကောင်း ကင်မှ မီးကျနိုင်ပါမည်လော။ ကြေုန်မြို့၏ဘုရား

ဗာလဘုရားကို ကိုးကွယ်သောဘုရင် ကြောင့် ရန်ကာစည်းပျက်ပြီဖြစ်၏။ ထိုလူများအပေါ် မည်သူက မီးချသနည်း။

> "ထာဝရဘုရားကလည်း၊ သူ၏ဥစ္စာရှိသမျှသည် သင့်လက်၌ရှိ၏။ သူ့ကိုယ်တစ်ခု ကိုသာ မထိမခိုက်နှင့်ဟု မိန့်တော်မူလျှင်၊ စာတန်သည် ထာဝရဘုရားထံတော်မှ ထွက်သွားလေ၏ … (၁၆) ထိုသို့လျှောက်စဉ်တွင်၊ အခြားသောသူတစ်ယောက် သည်လာ၍၊ **ဘုရားသခင်၏မီးသည် မိုဃ်းကောင်းကင်မှ ကျသဖြင့်၊ သိုးများနှင့် လူစောင့်များတို့ကိုလောင်၍ သူတို့သည် ကျွမ်းကုန်ကြပါပြီ။** ကျွန်တော်တစ် ယောက်တည်း ကျန်ရစ်လျက်၊ ကိုယ်တော်အား သိတင်းကြားပြောရပါသည်ဟု လျှောက်လေ၏။"- ယောဘဝတ္ထု ၁:၁၂၊ ၁၆

ဘုရားသခင်၏ ပရောဖက်ကို ဖမ်းမည့်ပုဂ္ဂိုလ်များအား မာရ်နတ်သည် အဘယ့်ကြောင့် မီးလောင်တိုက် သွင်းလိုရသနည်း။

> ရန်သူ၏ယုံကြည်မှုကို ဖမ်းစားနိုင်ရန် မိမိကိုယ်ကို အနာတရာဖြစ်စေပါ။ ဗျူဟာ ၃၆ ခုမှ အမှတ်စဉ် ၃၄။ ဆွန်ဇူး — စစ် အတတ်ပညာ။

ဧလိယသည် ကြောက်စိတ်မွှန်ချိန်တွင် ဘုရားလူဖြစ်ကြောင်းကို တန်ခိုးဖြင့် သက်သေထူရန် တောင်းသည့်အခါ ၎င်းကမာရ်နတ်ကို ပွဲလှန့်တုန်း ဖျာဝင်ခင်းခွင့်ပေးခဲ့၏။ စာတန်သည် ၎င်း၏လက်ခုပ်ထဲကရေများကို ဖျက်ဆီးပြပြီး ဘုရားသခင်သည် ထိုသူများကို သတ်ဖြတ်ပစ်သည်ဟု လူသားများကို မှတ်စေ၏။

ယေရှုဘုရား၏ တပည့်တော်များလည်း ငါးစာကိုဟပ်ကြပြီး ဧလိယလမ်းစဉ်ကို အတုယူကာ ရှမာရိအမျိုးသားများကို သတ်လိုကြ၏။ မာရ်နတ်သည် အနီဗျူဟာဖြင့် ရန်သူများ၏ စိတ်ကို ညှို့ယူဖမ်းစား၏။ ၎င်းတို့သည် အနီဗျူဟာကိုမှီပြီး စာတန့်ဉာဉ်တို့ဖြင့် ပြည့်ကြ ၏။ စာတန်သည် လူ (၁၀၂) ဦးကိုသာရင်းပြီး ယနေ့တွင်

ခရစ်ယာန်အများစုရှေ့တွင် ဘုရားကို အောင်မြင်စွာပုံမှားရိုက်ပြနိုင်ခဲ့၏။ စာတန်သည် ဤအမှုမျိုးကို အမျက်ကြီး သည့်ဘုရားနှင့် ပတ်သက်ရသည်ဟု မှတ်ကြသည့် နောင်တမရနိုင်ကြသည့် လူသားများ နှင့် ပူးပေါင်းဆောင်ရွက်ခဲ့၏။ အကြောင်းမှာ ဤဖြစ်ရပ်မျိုးက ၎င်း၏စိတ်ကို ဖြည်ပေး၏ (သို့) ဘုရားထက်မြင့်သည်ဟု မှတ်စေပြီး ပုန်ကန်မှုကို တိုးမြင့်၏။ လေိယ၏ ဖြစ်စဉ်သည် စာတန့်ကျော့ကွင်းမှ လွတ်မြောက်နိုင်မည့် သာဓကတစ်ခုဖြစ်၏။

ပုဂ္ဂိုလ်တစ်ဦး ကိုယ်လုံရန်အတွက် ဘုရားအစွမ်းကို တောင်းသည့်အခါ ရန်သူ့အသုံးတော်ခံဘဝ ရောက်တော့၏။ ၎င်းသည် လောကုတ္တရာတိုက်ပွဲ၌ မိမိကိုယ်မိမိ သတိမမူမိ ချိန်၌ ဘက်ပြောင်းပြီးသား ဖြစ်နိုင်၏။ ကောင်းကင်မှ မီးကျခြင်းအကြောင်း ယေရှုဘုရားက ၎င်း၏တပည့်တော်များကို မမိန့်ခဲ့လျှင် ငါတို့သည် ဘာမျှသိကြမည် မဟုတ်ပါ။ ဘုရားသခင်ကို ကောင်းကင်မှမီးချခဲ့သည် ပုဂ္ဂိုလ်ဟု အမှတ်မှားကြမည်ဖြစ်၏။ အနီးအမှတ်မှားမှုက ငါတို့ကို ၎င်းအပေါ် ချစ်ခြင်းတရား အရင်းမခံဘဲ အကြောက်တရားဖြင့် ကိုးကွယ် စေပါလိမ့်မည်။

ရက်ပေါင်း (၄၀) နောက်တွင် ယေရှုဘုရားသည် အလွန်မွတ်သိပ်ပါပြီ။ မာရ်နတ်က ယေရှုအား ပြာဋိဟာပြ၍ အသက်ဆက်ရန် သွေးဆောင်၏။ “သင်သည် ဘုရားသခင်၏ သားတော်မှန်လျှင် ဤကျောက်တုံးများကို မုန့်ဖြစ်စေလော့” ဟုဆို၏။ ယေရှုဘုရားကလည်း “လူ သားသည် မုန်အားဖြင့် အသက်ရှင်သည်မဟုတ်၊ အဖထံမှလာသည့် နှုတ်ကပတ်တော် အားဖြင့် အသက်ရှင်ရ၏” ဟုမိန့်၏။ ၎င်းသည် “မှန်လျှင်” ဟူသည့် မေးခွန်းကိုရှောင်ပြီး ခမည်းတော်၏ဝါစာများကို စွဲကိုင်၏။ စာတန့်ဗျူဟာကို တွန်းလှန်လိုသူများသည် ဆွန်ဇူး ၏ စစ်အတတ်ပညာ၌ ဆိုခဲ့သည့်အတိုင်း စာတန်သည် မည်သို့အလုပ်လုပ်ကြောင်းကို ခြုံငုံတတ်ရပါမည်။ အနီးကို စာတန်မှ မှိုင်းတိုက်ထားသည့် ဆန်းကျမ်းများ လေ့လာခြင်းမှ ဉာဏ်ပေါက်နိုင်မည် မဟုတ်ပါ။ ဘုရားသခင်ပေးသည့်

ဓမ္မညာဏ်ဖြင့်သာ သိနိုင်မည်ဖြစ် ၏။ ဤ၌ ယေရှုဘုရားအား ငါတို့၏စာတ်ညစ်များကို ဖေါ်ခွင့်၊ ပြုပြင်ခွင့်ပေးမှသာ အလုပ် ဖြစ်ပါမည်။ ငါတို့သည် ခရစ်တော်ဘုရားနှင့်အတူ အမွေခံကြရမည့်ပုဂ္ဂိုလ်များ ဖြစ်ကြ သည်နှင့်အညီ ယေရှုဘုရားပြခဲ့သည့် ပရဟိတစိတ်မျိုးဖြင့်နေရန် ၎င်းက ငါတို့အဘကို ယုံကြည်သဒ္ဓါစိတ်အရင်းခံသည့် ပညတ်သစ် ငါတို့ထံပေး၏။ ဘုရားသားသမီးများသည် အောက်ပါအတိုင်း ပြုသူများဖြစ်ကြ၏။

> "ညီအစ်ကိုများသည် သိုးသငယ်တော်၏သွေးတော်အားဖြင့်လည်းကောင်း၊ မိမိတို့ သက်သေခံသော နှုတ်ကပတ်တော်အားဖြင့်လည်းကောင်း၊ သူ့(မာရ်နတ်)ကို အောင်နိုင်ခဲ့ကြ၏။ **သူတို့သည် အသေခံရသည့်တိုင်အောင် မိမိတို့အသက်ကို နှမြောခြင်း မရှိကြ။**" - ဗျာဒိတ်ကျမ်း ၁၂:၁၁

ဘုရားသားသမီးများသည် ရန်သူကို စားဖြင့်အောင်နိုင်ကြသည်မဟုတ်။ ၎င်းတို့သည် ၎င်း တို့၏အသက်ကို မနှမြောသူများ ဖြစ်ကြ၏။

> "မည်သူသည် ငါတို့ကို ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့် ကွဲကွာစေမည်နည်း။ ဆင်းရဲဒုက္ခ၊ နာကျင်ခြင်းဝေဒနာ၊ ညှဉ်းဆဲခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ အဝတ် အချည်းစည်းရှိခြင်း၊ ဘေးအန္တရာယ်နှင့် စားဘေးစသည်တို့လော။ (၃၆) **'အကျွန်ုပ် တို့သည် ကိုယ်တော်အတွက် တစ်နေ့လုံးသေခြင်းနှင့်ရင်ဆိုင်နေကြရပါ၏။ ကျွန်ုပ် တို့သည် သတ်ရန်လျာထားသောသိုးများကဲ့သို့ မှတ်ယူခြင်းခံရကြပါ၏' ဟု ကျမ်း စာ၌ ရေးထားသည့်အတိုင်းဖြစ်၏။** (၃၇) **သို့သော် ငါတို့သည် ငါတို့ကိုချစ်တော် မူသော အရှင်အားဖြင့် ထိုအမှုခပ်သိမ်းတို့ကိုခံရစဉ်၌ပင် လုံးလုံးလျားလျားအောင် မြင်လျက်ရှိကြ၏။**" - ရောမဩဝါဒစာ ၈:၃၅-၃၇

သို့နှင့် ဧလိယသည် မည်သို့ဖြင့် ကောင်းကင်သို့ ဆောင်ယူထိုက်ရသနည်း။ ဧလိယသည် ခရစ်တော်မြတ်စွာဘုရား ဒုတိယအကြိမ် ကြွလာသည့်အခါ အရှင်လတ်လတ် ဆောင်ယူခြင်းခံရမည့်သူများကို ပုဗ္ဗနိမိတ်ဆောင်၏။

> "ကြည့်ရှုလော့။ **ထာဝရဘုရား၏ ကြောက်မက်ဘွယ်သော နေ့ရက်ကြီး မရောက်မီ၊ ပရောဖက်ဧလိယကို သင်တို့ရှိရာသို့ ငါစေလွှတ်မည်။** (၆) ငါသည် လာ ၍ သင်တို့၏ပြည်ကို ကျိန်ခြင်းဘေးနှင့် ဒဏ်မခတ်မည်အကြောင်း၊ ထိုပရောဖက် သည် သားတို့နှင့်အဘတို့ကိုငှင်း၊ အဘတို့နှင့်သားတို့ကိုငှင်း အသင့်အတင့်ဖြစ်စေ မည်ဟု မိန့်တော်မူ၏။" - မာလခိ ၄:၅၊ ၆

ကမ္ဘာ့နောက်ဆုံးနေ့များတွင် ဘုရား၏လူနည်းစုများသည် သားရဲနှင့် အပေါင်းအပါတို့ကို ဧလိယစိတ်မျိုးဖြင့် ရင်ဆိုင်ကြရမည်ဖြစ်၏ - ရောမ ၁၁:၂-၅၊ ဗျာဒိတ် ၁၂:၁၇။ အနီ လူနည်းစုသည် ဧလိယအတိုင်းပင် ကမ္ဘာ့မင်းစိုးရာဇာတို့၏ဒိဋ္ဌအမှားကို ရင်ဆိုင်ကြရမည် ဖြစ်၏။ ထိုဒုက္ခသည် ယာကုပ်၏ရာဇဝင်၌ ဖြစ်ခဲ့၏။

> "အလိုလေး၊ ထိုနေ့ရက်ကား ခိုင်းနှိုင်းစရာမရှိ။ ကြီးသောနေ့ရက် ဖြစ်၏။ **ယာကုပ်အမျိုး၌ အမှုရောက်သော နေ့ရက်ဖြစ်၏။ သို့ရာတွင်၊ သူတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။** (၆) ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော် မူသည်ကား၊ ထိုနေ့ရက်၌ သူတို့ထမ်းရသော ထမ်းဘိုးကို သူတို့လည်ပင်းမှ ငါချိုးပယ်မည်။ သူတို့ကို ချည်နှောင်သော ကြိုးများကို ငါဖြတ်မည်။ တစ်ပါးအမျိုး သားတို့သည် နောက်တစ်ဖန်သူတို့ကို မစေစားရကြ။"
> - ယေရမိ ၃၀:၇၊ ၈

ဧလိယသည် ကောင်းကင်သို့ ဆောင်ယူခြင်းမခံရမီ အပြစ်လုံးလုံး ကင်းရ၏။ ကောင်းကင် သို့မတက်မီ ဧလိယသည် ၎င်း၏ကိလေသာများကို ပယ်သတ်နိုင်ရပါမည်။ ဧလိယ၏ ရာဇဝင်သည် ကမ္ဘာသမိုင်းပိတ်သိမ်းမည့်ကာလ၌ ဖြစ်ပျက်မည့်အရာများနှင့် ဆက်နွှယ်၏။

"ထိုမှတစ်ပါး ကြီးမားသော နိမိတ်လက္ခဏာများကိုပြုလျက် လူတို့ရှေ့တွင် **ကောင်းကင်မှ မြေကြီးပေါ်သို့ မီးကိုပင် ကျလာစေ၏။** (၁၄) **သူသည် ပထမသားရဲရှေ့၌ ပြုခွင့်ရရှိထားသောနိမိတ်လက္ခဏာများအားဖြင့် ကမ္ဘာမြေကြီးပေါ်တွင် နေထိုင်သောသူအားလုံးတို့ကိုလှည့်ဖြား**၍ ဓားဒဏ်ရာရှိသော်လည်း အသက် ရှင်ခဲ့သော သားရဲ၏ရုပ်တုကိုပြုလုပ်ရန် ကမ္ဘာမြေကြီးပေါ်၌ နေထိုင်သောသူတို့ အား စေခိုင်း၏။ (၁၅) တစ်ဖန် သားရဲ၏ရုပ်တုသည် စကားပြောနိုင်ရန်နှင့် သားရဲ ၏ရုပ်တုကို မကိုးကွယ်သောသူရှိသမျှတို့ကို သတ်ဖြတ်စေရန် ထိုသားရဲ၏ရုပ်တု အား အသက်သွင်းပေးနိုင်သောအခွင့်ကို ရရှိလေ၏။ (၁၆) ထို့ပြင် လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ ချမ်းသာသောသူဖြစ်စေ၊ ဆင်းရဲသောသူဖြစ်စေ၊ လွတ်လပ်သူ ဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူအပေါင်းတို့အား သူတို့၏လက်ယာလက်ပေါ်၌၊ သို့မဟုတ် နဖူးပေါ်၌ အမှတ်တံဆိပ်ကိုရိုက်နှိပ်စေ၏။" - ဗျာဒိတ်ကျမ်း ၁၃:၁၃-၁၆

ကောင်းကင်မှ မီးကျသည့် ဧလိယ၏ရာဇဝင်ကို မာလခိ ၄:၅၊ ၆၊ ဗျာဒိတ် ၁၃:၁၃-၁၆ တို့နှင့် ညှိသည့်အခါ ကမ္ဘာ့သမိုင်း ပိတ်မည့်အချိန်တွင် ၎င်းကြုံခဲ့သည့်အတိုင်း ဖြစ်ပျက်မည်ကို ဆက်နွှယ်ပြ၏။ ဧလိယသည် ကြောက်စိတ်ကို အနိုင်ယူရန်လို၏။ ၎င်း၏စိတ်ကို အလေး အနက် ဆန်းစစ်ပြီးနောက်မှသာ ဧလိယသည် ၎င်း၏ထမ်းပိုးကို နိုင်ခဲ့၏။ ဧလိယသည် ဆုတောင်းခြင်း၌ အားကြီးသူဖြစ်၏။ ဧလိယသည် ယုံကြည်ခြင်းကြီးစွာဖြင့် မိုးရွာရန် ဆုတောင်းခဲ့ပြီး လူ့လက်သီးဆုပ်စာမျှသော တိမ်သားပေါ်လာသည့်အထိ ကရမေလ တောင်ပေါ်တွင် ဆုတောင်းခဲ့၏ — ၃ ရာ ၁၈:၄၁-၄၅။ ကမ္ဘာ့နောက်ဆုံးနေ့များတွင်လည်း ဘုရားသားသမီးများသည် ယာကုပ်၏ဒုက္ခမျိုးခံစဉ်တွင် သားရဲနှင့် အပေါင်းပါများကို အောင်နိုင်ရန် ဆုတောင်းကြပါလိမ့်မည်။

"ထိုကာလ၌ သင့်အမျိုးသားချင်းတို့၏အမှုကိုစောင့်သော အရှင်ကြီးမိက္ခေလသည် ပေါ်လာလိမ့်မည်။

လူမျိုးတစ်စုံတမျိုးမှဖြစ်သည်ကာလမှစ၍ ထိုကာလတိုင် အောင်၊ မဖြစ်စဖူးသော ဆင်းရဲဒုက္ခကပ်ကာလသည် ရောက်လိမ့်မည်။ ထိုကာလ အခါ စာစောင်၌ စာရင်းဝင်သမျှသော သင်၏အမျိုးသားချင်းတို့သည် ကယ်လွှတ်ခြင်းသို့ ရောက်ကြလိမ့်မည်။" - ဒံယေလ ၁၂:၁

ဧလိယ၏အဖြစ်မျိုး ရေနှစ်ခြင်းဆရာ ရှင်ယောဟန်လည်း ကြုံခဲ့၏။ ၎င်းသည် မာတုရအာဇာနည်အဖြစ် အသေမခံရမီတွင် ယုံကြည်ခြင်း၌ ကြီးကြီးမားမား အစစ်အဆေးခံရ၏။

"ယောဟန်သည် ခရစ်တော်ပြုတော်မူသောအမှုများကို ထောင်ခန်းထဲ၌ ကြားရသောအခါ မိမိတပည့်တို့ကိုစေလွှတ်၍ (၃) **'ကိုယ်တော်သည် ကြွလာတော်မူသော အရှင်ဖြစ်ပါသလော။ သို့မဟုတ် အခြားသောသူကို စောင့်မျှော်ရပါမည်လော'** ဟု မေးလျှောက်စေ၏။" - ရှင်မဿဲခရစ်ဝင် ၁၁:၂၊ ၃

ယေရှုဘုရားက နှစ်ခြင်းဆရာယောဟန်ကို ဒုတိယဧလိယဟု ညွှန်းခဲ့၏။

"သင်တို့သည် လက်ခံရန်ဆန္ဒရှိလျှင် ဤသူသည် ပေါ်ထွန်းလာရမည့် ဧလိယဖြစ်၏။" - ရှင်မဿဲခရစ်ဝင် ၁၁:၁၄

ခရစ်တော်ဘုရားသည် မေရှိယလောဟု ရှင်ယောဟန်၏မောဟက ၎င်းသည် ထိုမောဟကို အောင်နိုင်ရန်လိုကြောင်း ပြ၏။ ယောဟန်ကဲ့သို့ပင် ဧလိယလည်း ထိုအရာများကို အောင်နိုင်ရန်လိုခဲ့၏။ ဒုက္ခကြုံကြသည့်အခါ လူသားတို့၏ စိတ်အမှန်သည်ပေါ်၏။ ထိုသို့ဖြစ်ချိန်တွင် ယေရှုဘုရားက ၎င်း၏ဖြောင့်မတ်ခြင်း သိက္ခာပုဒ်ကို ကွက်တိဆပ္ပားတိုးစေ၏။

"ပညတ်တရားမူကား ကျူးလွန်သောအပြစ်ကို များပြားစေရန်ဝင်ရောက်ခဲ့၏။ သို့ သော် အပြစ်များပြားလာသည့်နေရာ၌ ကျေးဇူးတော်သည် ပို၍ပြည့်စုံကြွယ်ဝလေ ၏။ (၂၁) ဤသည်ကား အပြစ်သည် သေခြင်းအားဖြင့် စိုးမိုးခဲ့သည့်နည်းတူ ကျေး ဇူးတော်သည်လည်း ဖြောင့်မတ်ခြင်းအားဖြင့်

စိုးမိုးလျက် ငါတို့၏သခင်ယေရှု ခရစ် တော်အားဖြင့် ထာဝရအသက်ကိုရရှိစေရန်ဖြစ်၏။" - ရောမဩဝါဒစာ ၅:၂၀၊ ၂၁

ဧလိယသည် ကယ်တင်ရှင်မေရှိယ၏ ဖြောင့်မတ်ခြင်းဖြင့်သာ ကောင်းကင်သို့ ဆောင်ယူခံခဲ့ရ၏။ ရန်သူများကို မီးကင်ခဲ့သည့် အာဂပရောဖက်အဖြစ်ဖြင့် ရောက်ခဲ့ခြင်းမဟုတ်ပါ။ ယေရှုဘုရား၏ စတေးခံမှုကို ကတိပေးသည့် ဘုရားသခင်၏ ကရုဏာတော်ကိုးစားသည့် ကူရာမဲ့အပြစ်ရှိလူသားအဖြစ်ဖြင့်သာ ရောက်နိုင်ခဲ့ခြင်းဖြစ်၏။

ယာကုပ်၊ ဧလိယ၊ နှစ်ခြင်းဆရာယောဟန်၊ ဧလိယ၏စိတ်မျိုး ကမ္ဘာ့သမိုင်းပိတ်မည့် ဆဲဆဲ၌ရှိကြသည့် ဘုရားသားသမီးများ၌ပေါ်လွင်မည် စသည့်အကြောင်းများ ငါတို့ ပေါင်း ချုပ်သည့်အခါ ၎င်းတို့သည် အသက်သရဖူဆောင်းနိုင်ရန် နှောင်တရရန် စုစည်းခံရကြ ကြောင်း ငါတို့တွေ့ရ၏။ ၎င်းတို့၏ဓာတ်ညစ်များ မြင်သာစေရန် ၎င်းတို့သည် ဒုက္ခတွင်း ကျခဲ့ကြ၏။

နှောင်တရရန် လုပ်ဆောင်မှုကို ကျမ်းစာလေ့လာသူများအနေဖြင့် ဧလိယ၏ဖြစ်စဉ်၌ တွေ့ကြမည်မဟုတ်ပါ။ သို့သော် ယေရှုဘုရား၏စကားက ဧလိယ၏ ကနဦးဝိညာဉ်သည် ခရစ်တော်ဘုရား၏ ဝိညာဉ်မဟုတ်ဟု မိန့်၏။ ကောင်းကင်သို့ ဆောင်ယူခြင်းခံရရန် နှောင်တ ရကိုရခဲ့မည် ဖြစ်၏။ မေရှိယ ဟုတ်မဟုတ် ရှင်ယောဟန် မေးဟဝင်ခဲ့ခြင်း၌ ၎င်း လည်း ထာဝရအသက်ရနိုင်ရန် နှောင်တရရန်လိုကြောင်းပြ၏။ ထို (၂) ဦး၏ ဖြစ်စဉ်မျိုး သည် ကမ္ဘာ့နောက်ဆုံးကာလရှိ ကျန်ကြွင်းသော လူနည်းစုအပေါ် ပြန်၍ဖြစ်ပျက်မည် ဖြစ်၏။ တစ်ချို့သည် သေခြင်းကိုမမြည်းစမ်းဘဲ ကောင်းကင်သို့ ခေါ်ဆောင်ခြင်း ခံရမည် ဖြစ်၏ - (၁ သက် ၄:၁၅-၁၇)။ သို့သော် ဒုက္ခခံကာလက ၎င်းတို့၏ စိတ်အညစ်အကြေးများ ကို မိုက်ထုတ်ပါမည်။ အချို့သည်

နှစ်ခြင်းဆရာယောဟန်အတိုင်း ကွပ်မျက်ခံရပါမည်။ အားလုံးသည် နောင်တရစရာ မကြွင်းတော့သည့်အထိ နောင်တရရန် အလင်းပြခံရကြ မည်ဖြစ်၏။

> "အကြောင်းမူကား ဘုရားသခင်၏အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် ယူကျုံးမရမဖြစ်ရလေအောင် ကယ်တင်ခြင်းရရှိစေသည့် နောင်တစိတ်ကို ဖြစ်ပေါ် စေ၏။ လောကီဝမ်းနည်းခြင်းမူကား သေခြင်းကိုဖြစ်ပေါ်စေ၏။" - ကောရိန္သု ဩဝါဒစာဒုတိယစောင် ၇:၁၀

ယာကုပ်၏ သွေးနာထင်ရောက်မှု၊ ကိုယ်လုံ့ဥာဉ်၊ ဉာဏ်နီဉာဏ်နက်များသည် နောက်ဆုံး တွင် ဘုရား၏သားတော်နှင့် တစ်ညလုံး နပန်းလုံးခဲ့သည့်နောက်မှ ဖြုတ်ချနိုင်ခဲ့ကာ ဘုရား ကောင်းချီး အာမခံ မရမခြင်း လက်မလွှတ်တော့ပါ - ကမ္ဘာဦးကျမ်း ၃၈:၁၅။

ဖြစ်စဉ် (၂) ခုပေါင်း (၉၅၂) လောင်းတို့က ဧလိယသည် ကလဲ့စားချေလိုစိတ်ရှိကြောင်း၊ ၎င်းကိုယ်တိုင်က သတိမမူမိသည့်တိုင် ၎င်းထဲ၌ အကြောက်တရားကိန်းကြောင်းကို သက် သေထူ၏။

နှစ်ခြင်းဆရာယောဟန်သည် လူထောင်ပေါင်းများစွာကို ထိခိုက်စေနိုင်မည့် မေရှိယနှင့် ပတ်သက်သည့် ၎င်း၏မောဟကို ပယ်သတ်နိုင်ခဲ့၏။ ၎င်းတို့နှစ်ဦးက ၎င်းတို့၏ စိုးရိမ်မှုကို နောင်တရကာ ကယ်တင်ရှင်ကို ကိုးစားနိုင်ခြင်းဖြင့် အောင်နိုင်ခဲ့၏။ ကမ္ဘာ့နောက်ဆုံး နေ့များတွင် ဘုရားသားသမီးများသည် ထို့အတိုင်းပင် ထပ်ကြုံရကြပါမည်။ အနီးသည် နောက်ဆုံးပိတ် စစ်မျက်နှာဖြစ်၏။

သူရဲကောင်းပရောဖက်များဟူ၍ မရှိခဲ့ပါ။ စတေးခံခဲ့သည့် ခရစ်တော်ဘုရားတစ်ပါးသာ စင်းလုံးချောခဲ့၏။ ကယ်တင်ခြင်းရနိုင်ရန် ခရစ်တော်ဘုရား၏ သမာဓိသိက္ခာပုဒ်စစ် တစ်ခု သာရှိ၏။ ဘုရားသခင်သည် ထိုပရောဖက်ထူးကြီးနှစ်ဦးနှင့် ကြီးကြီးမားမားများ လက်တွဲ လုပ်ဆောင်ခဲ့သည်မှန်၏။ သို့တိုင်လည်း အကြီးမားဆုံးကား

၎င်းတို့ကိုယ်၌သည် ကယ် တင်ခြင်းရရန်လိုကြောင်း၊ အခြားသူများနှင့်မထူးကြောင်းကို နားလည်ကြရန် အလင်းပြေရ ခြင်းဖြစ်၏။

ငါတို့သည် ဤပရမတ် — စင်းလုံးချောသူ တစ်ဦးမျှမရှိ — ကို အမှန်မြင်မှသာ ငါတို့ကို စာတန့်လိမ်လည်နိုင်စွမ်းသည် ပပျောက်မည်ဖြစ်၏။

စာတန်က လူသားများသည် သမ္မာကျမ်းစာကို အပေါ်ယံကြောမျှဖတ်ကြရန်၊ ၎င်းတို့ဗီဇကို ပြသည့် ပရောဖက်များ၏ လှုပ်ရှားမှုများကို ဘုရားသခင်၏ သီလပုဒ်အဖြစ် မှတ်ကြရန် ဆန္ဒရှိ၏။ လူသားများ ၎င်းတို့ကိုယ်ကို မြင်တတ်ကြရန် ဘုရားသခင်သည် ပဋိညာဉ် ဟောင်းနှင့် အလုပ်လုပ်သည့်အခါ စာတန်က လူသားတို့၏ အပြစ်အနာအဆာကို ဘုရား သခင်၏သီလ ရောင်ပြန်ဟပ်သည်ဟု မြင်စေ၏။ လူသားများ၏အမူအကျင့်များသည် မွန်မြတ်သည်၊ ၎င်းတို့သည် ဘုရားသခင်၏ဝိညာဉ်တော် ပဲ့ပြင်မှုအောက်၌ရှိသည် ဆိုသည့် အကြောင်းသည် ၎င်းတို့၏ရန်သူများကို ကလဲ့စားချေ၊ အကြမ်းဖက်၊ လက်စတုံး သတ်ဖြတ်ကြခြင်းတို့ကို မှန်ကြောင်းပြရန်အတွက်သာ ဖြစ်၏။

ခမည်းတော်၏နမူနာကို ခရစ်တော်ဘုရား တစ်ပါးတည်းကသာ အစုံအလင်ပြသူဟု မှတ်ကြအံ့။ ၎င်း၏သက်တော်စဉ်ကို ဆန်းစစ်ခြင်းဖြင့်သာ လေ၊ ငလျှင်၊ မီးများနှင့် မရော သည့် ဘုရားသခင်၏ ဖြည်းညင်းသော အသံတော်ကို ငါတို့ကြားရမည်ဖြစ်၏။ ငါတို့၏ အမှတ်အမှားဖြင့် ဘုရားသခင်ကို စိတ်မနာစေသင့်ပါ။ အကြောင်းမှာ ဤသို့ရှုမှုက ပရမတ် တရားထူးသည် ငြင်းပယ်ခံရ၊ အထင်မြင်သေးခံရမည်။ “**သူသည် ပြစ်မှားခြင်းကို မပြု။** သူ၏နှုတ်၌ မုသားမရှိသော်လည်း၊ လူဆိုးတို့နှင့်အတူ မြေမြှုပ်ခြင်းငှာ စီရင်ကြ၏။ သို့ရာ တွင် သေပြီးမှ သူဌေး၌ ရှိ၏။” - ဟေရှာယ ၅၃:၉

## ၂၄။ အာဗြဟံနှင့် အနိဋ္ဌာရုံ

"ထိုနောက်မှ ဘုရားသခင်သည်၊ အာဗြဟံကိုစုံစမ်းခြင်းငှာ၊ အာဗြဟံဟု ခေါ်တော်မူ၍ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ဟုလျှောက်လျှင်၊ (၂) **သင်သည် အလွန်ချစ်သော တစ်ယောက်တည်းသော သားဣဇာက်ကိုယူ၍ မောရိပြည်သို့သွားလော့။ ငါပြ လတ္တံ့သောတောင်ပေါ်မှာ သူ့ကိုမီးရှို့ရာယဇ်ပြု၍ ပူဇော်လော့**ဟု မိန့်တော်မူ၏။" - ကမ္ဘာဦးကျမ်း ၂၂:၁၊ ၂

အထက်ပါကျမ်းပိုဒ်ကို ရှုထောင့် (၂) ခုဖြင့် ဖတ်နိုင်ကြောင်း အရှင်းသိရန်လို၏။ တစ်ဖက်က ဘုရားသခင်၏မေတ္တာကို အံ့ချီးစွာပြ၏။ အာဗြဟံသည် ၎င်း၏သား ဣဇာက်ကို ပူဇော်ရာ၌ ဘုရားသခင်သည် ငါတို့အတွက် ၎င်း၏သားတော်ကို လှူလိုကြောင်း၊ ထို သားတော်ကို ငါတို့မြင်တတ်၊ ယုံတတ်ကာ ကယ်တင်ခြင်းရကြမည်ကို ပုံဆောင်သည့် လက္ခဏာဖြစ်၏။ ၎င်း၏တစ်ဖက်တွင်ကား ပဋိညာဉ်ဟောင်း၏မှန်ပြင်ကိုရှုသည့်အခါ ဘုရားသခင်သည် အာဗြဟံ၏ယုံကြည်ခြင်းကို ၎င်းမခံနိုင်သည့် ဆန်းစစ်မှုဖြင့် ဆန်းစစ်နေ သည်၊ အဆိုးဆုံးဆိုရလျှင် ၎င်း၏သားကိုပင် အလှူခံသည့်ဘုရားဟု ငါတို့မြင်ရ၏။

ဘုရားသခင်သည် ဘာ့ကြောင့် အာဗြဟံအား ကတိတော်ဖြင့် ရခဲ့သည့်သားကိုမှ မီးပူဇော်စေရသနည်း။ အနီတောင်းဆိုမှုသည် အမျက်ကြီးသည့်ဘုရားသည် သေခြင်းကို တောင်းဆိုသည်ဟု ကွက်တိမြင်စေ၏။ ရုပ်တုကိုးကွယ်သည့် ဘာသာပေါင်းစုံတို့သည် ထိုသို့ ကိုးကွယ်ကြ၏။ ယဇ်ပူဇော်ခြင်းဖြင့် မိမိဘုရားကို ကျေအေးရန်ပြုခြင်းသည် ရုပ်တုကိုး ကွယ်သည့် ဘာသာ၏ အနှစ်ဖြစ်၏။ သမ္မာကျမ်းစာသည် ဘုရားသခင်ကို ဤရှုထောင့် ဖက်မှ အဘယ့်ကြောင့်ချပြရသနည်း။

ပထမအနေဖြင့် သမ္မာကျမ်းစာ၌ ယဇ်ပူဇော်ခြင်း မူလဘူတကို အရင်းစစ်ကြအံ့။

“ထာဝရအရှင်ဘုရားသခင်သည်လည်း လူလင်မယားဘို့သားရေဖြင့် ဝတ်လုံကိုလုပ်၍ ဝတ်ခြုံစေတော်မူ၏။” - ကမ္ဘာဦးကျမ်း ၃:၂၁

သားရေသည် မည်သို့ဖြစ်လာပုံကို ငါတို့အား မချပြထားပါ။ သားရေရနိုင်ရန် တိရစ္ဆာန်များ သေပေးရမည်မှာ အဖြစ်နိုင်ဆုံးဖြစ်၏။ ဘုရားသခင်သည် တိရစ္ဆာန်များ မသေရဘဲ သားရေကို ဖြစ်စေနိုင်သော်လည်း မှန်းဆခြင်းသာဖြစ်ပြီး ထိုကျမ်းမှ ငါတို့ဘာမှ မသိရပါ။ ယဇ်ပူဇော်ခြင်းအကြောင်း ပထမဆုံးစမြင်ရသည်မှာ နောက်အခန်းကြီး၌ရှိ၏။

“အချိန်စေ့သောအခါ၊ ကာဣနသည် ထာဝရဘုရားထံပူဇော်သက္ကာဘို့၊ မြေအသီးကိုဆောင်ခဲ့၏။ (၄) **အာဗေလသည်လည်း မိမိသိုးစုတွင် အဦးဖွားသောသား အချို့နှင့်၊ သိုးဆီဥကိုဆောင်ခဲ့၏။** ထာဝရဘုရားသည် အာဗေလနှင့် သူ၏ပူဇော် သက္ကာကို ပမာဏပြုတော်မူ၏။” - ကမ္ဘာဦးကျမ်း ၄:၃၊ ၄

အနီဖြစ်စဥ်က ယဇ်ပူဇော်ခြင်းသည် ရှောင်လွဲ၍မရကြောင်း၊ သိုးသငယ်မပူဇော်လျှင် ဘုရားရှိခိုးခြင်းသည် လက်ခံနိုင်စရာမရှိဟု ပြ၏။

“**ကာဣနနှင့်သူ၏ ပူဇော်သက္ကာကိုပမာဏပြုတော်မမူ၊ ထိုကြောင့် ကာဣနသည် အလွန်စိတ်ဆိုး၍ မျက်နှာပျက်လေ၏။** (၆) ထာဝရဘုရားကလည်း သင်သည် အဘယ်ကြောင့်စိတ်ဆိုးသနည်း။ အဘယ်ကြောင့် မျက်နှာပျက်သနည်း။ (၇) **သင်သည်ကောင်းမွန်စွာပြုလျှင် အခွင့်မရလော။** ကောင်းမွန်စွာ မပြုလျှင်၊ အပြစ် ဖြေသောယဇ်ကောင်သည် တံခါးနားမှာဝပ်လျက်ရှိ၏။ သူသည်သင်၏အလိုသို့ လိုက်၍၊ သင်သည်သူ့ကိုအုပ်စိုးရ၏ဟု ကာဣနကိုမိန့်တော်မူ၏။” - ကမ္ဘာဦးကျမ်း ၄:၅-၇

ထို့ကြောင့် ဘုရားသခင်သည် လူသားတို့ ဘုရားရှိခိုးရာ၌ တိရစ္ဆာန်ဖြင့်ပူဇော်ခြင်းကို ထည့်သွင်းစေဟန် ပေါက်စေ၏။ ကာဣနက တိရစ္ဆာန်ကို မယူဆောင်ခဲ့ခြင်းက ပထမဆုံး လူသတ်မိခြင်းအထိ ဖြစ်စေ၏။ အထူးမှတ်ရမည်မှာ ကာဣနသည် သိုးသငယ်ပူဇော် ခြင်းကို အသိအမှတ်မပြုလိုချိန်၌ ၎င်း၏ဒေါသကိုဖြေရန် ၎င်း၏ညီကိုသတ်ရမည် ဆိုသည့် လမ်းကို တွေ့ခဲ့၏။

အနီဖြစ်ရပ်သည် ဣဇာက်၏ဖြစ်စဉ်အတွက်လည်း အရေးပါ၏။ အကြောင်းမှာ အပြစ်ဖြေ ရန် လူကိုပူဇော်ခြင်း သန္တေဖြစ်သောကြောင့် ... ။ ယဇ်ပူဇော်ခြင်းနှင့်ပတ်သက်၍ ဘုရား သခင်၏မှတ်ယူပုံသည် အောက်ပါအတိုင်းဖြစ်၏။

> "အကျွန်ုပ်၏ ဘုရားသခင်ထာဝရဘုရား၊ အကျွန်ုပ်တို့အဖို့ ပြုတော်မူသော အံ့သြဖွယ်အမှုတို့နှင့် **ကြံစည်တော်မူသော အကြံအစည်တို့သည် များလှပါ၏။ ရှေ့တော်၌ အစဉ်အတိုင်း လျှောက်၍မကုန်နိုင်ပါ။** အကျွန်ုပ် ထုတ်ဖော်ကြားပြောမည်ဟု ဆိုသော်၊ ရေတွက်၍ မကုန်နိုင်အောင်များလှပါ၏။ (၆) **ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သကာကို အလိုတော်မရှိသည်ဖြစ်၍၊ အကျွန်ုပ်နားကို ဖွင့်တော်မူပြီ။ မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို တောင်းတော်မမူ။**" - ဆာလံကျမ်း ၄၀:၅၊ ၆

ဆာလံဆရာက ဘုရားသခင်သည် ယဇ်ပူဇော်ခြင်းများကို အလိုမရှိဟုဆို၏။ ထို့နောက် မီးရှို့ရာယဇ်၊ အပြစ်ဖြေရာယဇ်များကို ဘုရားသခင်မတောင်းခဲ့ကြောင်း အံ့ဖွယ်ဆိုခဲ့၏။ ပကဒူးအနေဖြင့် ဤကျမ်းပိုဒ်သည် အခြားသောဓမ္မဟောင်းများနှင့် လုံးလုံးခြားနားဟန် ရှိ၏။ ဘုရားသခင်သည် မောရှေအား ယဇ်ကို မည်သို့ပြင်ဆင်ပူဇော်ရမည်များကို အသေး စိတ်ချပြခဲ့သောကြောင့် ဘုရားသည် အမှန်ပင်ဤသို့ဆန္ဒရှိသည်ဟု ပြဟန်ရှိ၏။ ဆက်၍ ဖတ်ရှုကြအံ့။

“**အကြောင်းမူကား၊ သင်တို့ ဘိုးဘေးများကို အဲဂုတ္တုပြည်မှ ငါနုတ်ဆောင်သော အခါ၊ မီးရှို့ရာယဇ် အစရှိသော ယဇ်များအတွက် သူတို့ကို ငါမှာထားသည်မဟုတ်။** (၂၃) ငါမှာထားသောအရာဟူမူကား၊ ငါ့စကားကို နားထောင်ကြလော့။ သို့ပြုလျှင်၊ ငါသည်သင်တို့၏ ဘုရားသခင် ဖြစ်မည်။ သင်တို့သည်လည်း၊ ငါ၏လူမျိုးဖြစ်ကြ လိမ့်မည်။ သင်တို့သည် ကိုယ်အကျိုးကို စောင့်လိုသောငှာ၊ ငါစီရင်သမျှသော တရားလမ်းသို့ လိုက်ရကြမည်ဟု မှာထား၏။ (၂၄) သို့ရာတွင်၊ သူတို့သည် နား မထောင်၊ နားကိုမလှည့်ဘဲ ဆိုးညစ်သော နှလုံးခိုင်မာသည်နှင့်အညီ ကျင့်ကြံပြုမူ ၍ မျက်နှာမပြု၊ ကျောခိုင်းလျက် နေကြ၏။” - ယေရမိ ၇:၂၂-၂၄

အနှီသည် လုံးလုံးဝိရောဓိ ဖြစ်ဟန်ပေါက်၏။ သန့်ရှင်းသောဝိညာဉ်တော်၏ မှုတ်သွင်းမှုဖြင့် ပရောဖက်ယေရမိက ဘုရားသခင်သည် မီးရှို့ရာယဇ်နှင့် ယဇ်များကို မမိန့်ခဲ့ဟုဆို၏။ သို့သော် မောရှေရေးခဲ့သည့်စာများ၌ အနှီကိစ္စအကြောင်း များစွာမိန့်ခဲ့၏။

“(၁၊၂) တစ်ဖန် မောရှေအားထာဝရဘုရားက၊ သင်သည် ဣသရေလအမျိုးသား တို့အား ဆင့်ဆိုရမည်မှာ၊ တရားကိုမသိ၊ ထာဝရဘုရား၏ပညတ်တော်ကို လွန်ကျူးပြစ်မှား၍ မပြုအပ်သောအမှုကို ပြုမိသည်အရာတွင်၊ (၃) ဘိသိက်ခံသော ယဇ်ပုရောဟိတ်သည် လူများကို အပြစ်ထဲသို့သွေးဆောင်၍ ကိုယ်တိုင်ပြစ်မှားလျှင်၊ ထိုအပြစ်အတွက် အပြစ်ဖြေရာယဇ်ဖို့အပြစ်မပါ၊ **အသက်ပျိုသော နွားထီးကို၊** (၄) **ပရိသတ်စည်းဝေးရာ တဲတော်တံခါးနား၊** ထာဝရဘုရားရှေ့တော်သို့ ဆောင်ခဲ့၍၊ ထာဝရဘုရားအားဆက်ရမည်။” - ဝတ်ပြုရာကျမ်း ၄:၁-၄

“တစ်ဖန် မောရှေအားထာဝရဘုရားက၊ (၂) **သင်သည် ဣသရေလအမျိုးသား တို့အား ဆင့်ဆိုရမည်မှာ၊ ငါ၏ပူဇော်သက္ကာကိုင်၊ ငါ့အဘို့ မွှေးကြိုင်သောအနံ့ ရှိစေခြင်းငှာ မီးဖြင့်ပြုသော ငါ၏အစာ အာဟာရကိုင်၊ အချိန်တန်မှ ငါ့အား ပူဇော်ခြင်းငှာသတိပြုရကြမည်။** (၃) တစ်ဖန်ဆင့်ဆိုရမည်မှာ၊

> နေ့တိုင်းအစဉ်အမြဲ မီးရှို့ရာယဇ်ဘို့၊ အခါမလည် အပြစ်မပါသော သိုးသငယ်နှစ်ကောင်ကို ထာဝရ ဘုရားအား မီးဖြင့်ပူဇော်ရမည်။ (၄) **နံနက်ယံ၌သိုးသငယ်တကောင်၊ ညဦးယံ၌ တကောင်ကို ပူဇော်ရမည်။**" - တောလည်ရာကျမ်း ၂၈:၁-၄

ဤစာအုပ်၏ အခန်း (၂၁) မှ ငါတို့မှတ်ရမည်မှာ အောက်ပါအတိုင်းဖြစ်၏။

…ပဋိညာဉ်ဟောင်းခေတ် (သို့) ပင်ကိုအားဖြင့် ဤကမ္ဘာ၌ ယေရှုဘုရား နမူနာပြခဲ့ပုံနှင့် လားလားခြားနားသည့် ပညတ်များကို ဘုရားက ပြဋ္ဌာန်းခဲ့ခြင်းက ဘုရားသည် ပြုပြင်စီရင်လျက်ရှိကြောင်းကို သက်သေပြ၏။

ဧဒင်ဥယျာဉ်၌ အာဒံ့ထံ ဘုရားသခင်ကြွခဲ့သည့် သမယသို့ ပြန်၍လှည့်ကြအံ့။ ဘုရားသခင်က အာဒံအား အကောင်းအဆိုးသိကျွမ်းမည့် အပင်၏အသီးကို စားမိသလောဟု မြန်းခဲ့၏။ အာဒံသည် ၎င်း၏အပြုအမူအတွက် နောင်တမရခဲ့ပါ။ ထို့အစား ပြဿနာပေါ်ခြင်းအတွက် ဘုရားသခင်ကို အပြစ်ပုံချခဲ့၏။ ၎င်း၏သန္တာန်၌ သတ်ဖြတ်လိုသည့် မျိုးစေ့သန္ဓေတည်ကြောင်း အာဒံသည် အဝိဇ္ဇာဖုံးကာ မသိခဲ့ပါ။ မြွေ၏မုသားကို လက်ခံအပြီးတွင် ရှေးဦးစွာမှ လူ့အသက်ကိုသတ်သော စာတန်၏ဉာဉ်ကို အာဒံဆုပ်ကိုင်ခဲ့ပြီ - ယောဟန် ၈:၄၄။ အာဒံနောင်တရနိုင်ရန် အသီးကိုစားစဉ်က ၎င်းကဘာပြုခဲ့ကြောင်း ပြန်မြင်ရန်လို၏။

ဤအမှန်တရားကို အခန်း (၁၉) — ငါတို့အပြစ်ကြောင့် အနာတရဖြစ် — ၌ ဆွေးနွေးခဲ့ပြီးဖြစ်၏။ ထိုအချက်ကို ပြန်နွေးကြအံ့။ ။

> အာဒံ၊ ဧဝတို့ အပြစ်စသင့်ကြသည့်အခါ စာတန်၏ဗီဇနှင့် တူလာကြတော့၏။ ၎င်းတို့ထံတွင်ရှိခဲ့သည့် ခရစ်တော်ဘုရား၏ ဝိညာဉ်သည် မွမွကြေတော့၏။ ပုထုဇဉ်ကို အသက်ထောက်ပေးသည်မှာ ခရစ်တော်ဘုရား၏ ဝိညာဉ်ဖြစ်၏။ ခရစ် တော်ဘုရားသည် ဤကမ္ဘာရှိ ပုထုဇဉ်အားလုံးထံလာ၍ အလင်းပြသည့်

အလင်း ရှင်ဖြစ်၏ - ယောဟန် ၁:၉။ ခရစ်တော်ဘုရားသည် အာဒံအား လုံးလုံးပေယျာလ ကန်ပြုခဲ့လျှင် အနိစ္စရောက်မည်ဖြစ်၏။ အာဒံသန္တာန်တွင်းရှိ ခရစ်တော်၏ ဝိညာဉ် သည် ကြေမွပြား ခရစ်တော်ဘုရားက ကျော့ခိုင်းကာ ထွက်မသွားခဲ့ပါ။ စိတ်နာနာ နှင့် ဆက်၍စောင်မ၏။ ခရစ်တော်ဘုရား၏ ဆက်လက်အနွံအတာခံမှုဖြင့် ကျောက်တော်ကြီးမှ အသက်စမ်းရေထွက်ပြီး အာဒံအား အသက်ထောက်ပေး၏။ *အတ္တမှဲမေတ္တာတော်*, အခန်း (၁၉), စာ - 375

အာဒံသည် ၎င်း၌ အကြမ်းဖက်လို့သည့်မျိုးစေ့ သန္ဓေဖွဲ့ကြောင်းကို သတိမမူမိခဲ့ပါ။ နောင် အနှစ် (၄,၀၀၀) ၌ ခရစ်တော်ဘုရားကို သတ်ခဲ့ခြင်း၏ မြစ်ဖျားခံရာသည် ၎င်းမှစခဲ့ ကြောင်းကို ၎င်းသည် နားမလည်ခဲ့ပါ။ ၎င်း၏ရောက်ရာအရပ်ကို အမှန်မြင်နိုင်ရန် ခရစ် တော်ဘုရား၏ ဝိညာဉ်တော်ကို တုံ့ပြန်ကာ နောင်တရတတ်ရန် ဘုရားသခင်သည် အာဒံ အား ပြဿနာ၏သဘာဝကို ချပြရ၏။

ယဇ်ပူဇော်ထုံးသည် ခရစ်တော်ဘုရားကို လူသားများ မည်သို့မြင်ကြောင်း ပြသည့်မှန်ပြင် ဖြစ်၏။ ယဇ်ပူဇော်ထုံးသည် လူသားများကို ခရစ်တော်ဘုရားထံပို့ပေးသည့် လမ်းပြ ရှင်ဖြစ်၏။ ဤ၌ ငါတို့ဆိုခဲ့ပြီးသည့်အတိုင်း လူသားသည် ၎င်းတို့စရိုက်ကို ဘုရားအပေါ် တံဆိပ်ရိုက်ခြင်းဖြစ်၏။ သို့နှင့် လူသားအားလုံးနီးပါးက ဘုရားသခင်သည် ပူဇော်ပသခြင်း များကို တောင်းဆိုသည်ဟု မှတ်ကြ၏။ အားလုံးနီးပါးကလည်း လူသားသည် သိသိနှင့် ဖြစ်စေ၊ မသိဘဲဖြစ်စေ ဘုရားသခင်သည် ၎င်း၏သားတော်ကိုသတ်သည်ဟု ဆက်၍မှတ် ကြ၏။

အာဗြဟံသည် ခါလဒဲများဌာနီ ဗာဗုလုန်မြို့ပြမှ ကြီးပြင်းခဲ့၏ — ကမ္ဘာဦး ၁၁:၃၁။ အာဗြဟံ သည် လူပူဇော်သည့်ရိုးရာမှ ကြီးပြင်းခဲ့၏။ ကာဣနသည် ၎င်း၏ညီကို သတ်ခဲ့ခြင်းက ရုပ်တုကိုးကွယ်သူများအတွက် စံဖြစ်လေပြီ။ တိရစ္ဆာန်သန်းများစွာ၊ လူ ထောင်ပေါင်း များစွာကို ပူဇော်ပသခြင်းသည် လူသားတို့၏ စိတ်မှလာခြင်းဖြစ်ပြီး ၎င်းကို ဘုရားအပေါ် တံဆိပ်တပ်ကြ၏။ ပသခြင်းသည်

ၛင်း၏နိမ့်ပါးသည်ဘဝကိုပြသည်ဟု မှတ်ခြင်းထက် ဘုရားသခင်ကို အမျက်ပြေစေရန် တစ်ခုခုဖြင့် ပသခြင်းဖက်သို့လှည့်၏။

> "ရှမွေလကလည်း၊ ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ခြင်း၌ အားရတော်မူသကဲ့သို့ မီးရှို့ရာယဇ်အစရှိသော ယဇ်မျိုးတို့ကို ပူဇော်ခြင်း၌ အားရတော်မူမည်လော။ အလိုတော်သို့လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ ကောင်း၏။ နားထောင်ခြင်းသည် သိုးထီးဆီဥထက်သာ၍ ကောင်း၏။" - ဓမ္မရာဇဝင်ပထမစောင် ၁၅:၂၂

ဘုရားက အာဗြဟံကို သားဆုပေးမည့်ကတိကို ၎င်းကအပြည့်မယုံနိုင်ခဲ့ပါ။ ၎င်းက လူယုံတော်လေဇာရကို လက်ခံရန် ဘုရားသခင်ထံ တောင်းဆိုခဲ့၏။ - ကမ္ဘာဦးကျမ်း ၁၅:၂။ ထို့နောက်တွင် ဇနီးသည်က သူမ၏ကျွန်မ ဟာဂရ,ဖြင့် သားယူရန် တိုက်တွန်းသည့်စကား ကို နားယောင်ခဲ့ပြီး၊ ဟာဂရလည်း ဣရှမေလကို မွေးပေးခဲ့၏။

၎င်းတို့၏ယုံကြည်သဒ္ဓါအားနည်းခြင်းက မိသားစုကိုဖျက်ဆီး၏။ အာဗြဟံသည် အာဂရနှင့်ဣရှမေလတို့ကို အိမ်မှနှင်ရန် ဖိအားပေးခံရ၏။ အာဗြဟံလည်း စိတ်ဓာတ်ကျကျဖြင့် ၎င်း၏အမှားကို မြင်တတ်လာ၏။ ဘုရားသခင်၏ မျက်နှာရရန် တစ်ခုခုကို ရင်းရခြင်းသည် များလာ၏။ ၎င်း၏ငယ်ဘဝ ဖြတ်သန်းခဲ့မှုများ၊ အာဒံချခဲ့သည့်မျိုးစေ့တို့ ပေါင်းစည်းသည့် အခါ ကြေအေးခြင်းဖြင့် အပြစ်ပြေစေသည့်နည်းကို ရှာစေ၏။

ဤရှုထောင့်မှနေကာ ဘုရားသခင်သည် အာဗြဟံ၏ပြဿနာကို မှန်ပြင်၌ပြခဲ့၏။ ပညတ်သည် ၎င်းနားလည်ကျင့်သုံးသည့် ဝေါဟာရအတိုင်းလာ၏။

ဤ၌ ဘုရားသခင်သည် အာဗြဟံအား ၎င်း၏သားဣဇာက်ကိုသတ်ပါဟု မဆိုခဲ့ကြောင်း ငါတို့ သတိချပ်ပါမည်။ ဘုရားသခင်သည် ဣဇာက်ကို မီးရှို့ရာယဇ်အဖြစ်သာ အလှူခံခဲ့၏။ တောင်းဆိုမှုကို ရှုထောင့် (၂) မျိုးမှ ယူနိုင်ရန်ဖွင့်ထား၏။

ၒင်း၏သမီးကို ကုပေးရန်တောင်းဆိုသည့် အမျိုးသမီးကို ယေရှုက "သား၏အစာကိုယူ၍ ခွေးအား မပေးမချအပ်" ဟု မိန့်ခဲ့၏။ ယေရှုသည် သူမကို ခွေးဟု မသမုတ်ခဲ့ပါ။ တပည့် တော်များ၏စိတ်၌ ဘာရှိသည်၊ သူမကလည်း ဂျူးများက သူမကိုမည်သို့မှတ်ကြသည်ကို မိန့်ခြင်းဖြစ်၏။ သူမက ယေရှုသည် သူမကို ခွေးဟု မှတ်သည်ဟုယူကြောင်း သူမ၏အဖြေ ၌ တွေ့ရ၏။ သို့သော်သူမသည် ဘုရား၏သမီးပင်ဖြစ်ကြောင်း ယေရှုကို ပြောနိုင်ခဲ့ပါ၏။

အာဖြဟံလည်း ထို့အတူပင်ဖြစ်၏။ ဘုရားသခင်သည် အာဖြဟံအား ၎င်း၏သားကို မီးရှို့ရာ ယဇ်အဖြစ်သာ အလှူခံခဲ့၏။ သတ်ရမည်ဟု တိတိပပမဆိုခဲ့ပါ။ ထိုသို့ အလှူခံခဲ့လျှင် အာဖြဟံသည် ဘုရားအလိုတော်၏ ဘောင်ပြင်သို့ထွက်ကာ သားအတွက် တစ်ခုခုပြုနိုင် ၏။ အာဖြဟံသည် ကြီးပြင်းခဲ့ရာ ရေခံမြေခံကြောင့် ဘုရားသခင်သည် ၎င်း၏သားကို သတ်စေလိုသည်ဟု မှတ်ခဲ့၏။ ဘုရားသခင်သည် ထိုသို့ဖြစ်မည်ကိုသိ၏။ အာဖြဟံ၏ မသိစိတ်က ဘုရားသခင်ကို ပျော့ပျောင်းသင့်သည်ဟု မှတ်သည့်စိတ်ကို အထုတ်ဖြည်ပြ ရန်လို၏။ တစ်ချိန်တည်းတွင် ဘုရားသခင်ကို လုံးလုံးကိုးစားသည့် အဆင့်သို့ရောက်ရန် ဆွဲတင်ရန်လည်းလို၏။ အာဖြဟံကို ပဋိညာဉ်ဟောင်း၏ အာနုဘော်အားဖြင့် ပဋိညာဉ် သစ်သို့ ခေါ်ဆောင်ခြင်းသည် ဆန်းကြယ်သည့်အမှုဖြစ်၏။ -၂ ကော ၃:၇-၉

> "ထိုအခါ၊ ထာဝဘုရား၏ကောင်းကင်တမန်က၊ အာဖြဟံ၊ အာဖြဟံဟု ကောင်းကင်ပေါ်ကခေါ်လေ၏။ အာဖြဟံက၊ အကျွန်ုပ်ရှိပါ၏ဟုလျှောက်လျှင်၊ (၁၂) ထိုလုလင်ကို မထိမခိုက်နှင့်။ အလျှင်းမပြုနှင့်။ သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်ဟု ယခုငါသိ၏။ အကြောင်းမူကား၊ သင်၏သား သင်၌တစ်ယောက်တည်း သောသားကိုငါတောင်း၍ သင်သည်ငါ့ကိုမငြင်းဟု မိန့်တော်မူ၏။ (၁၃) ထိုအခါ အာဖြဟံသည်မျှော်ကြည့်၍ မိမိနောက်မှ ချုံဖုတ်၌ ချိုညိလျက် ရှိသောသိုးကို

မြင်လေ၏။ ထိုသိုးကိုသွား၍ယူပြီးလျှင် မိမိသားကိုယ်စား မီးရှို့ရာယဇ်ပြု၍ ပူဇော် လေ၏။” - ကမ္ဘာဦးကျမ်း ၂၂:၁၁-၁၃

ဤအဖြစ်အပျက်မှ ဘုရားသခင် စိတ်ကြည်ရန် ငါတို့၏သားများကို သတ်ခြင်းထက် ၎င်း၏ သားကို သတ်သည်ဟု ငါတို့မှတ်ယူလျှင် ငါတို့သည် ရုပ်တုကိုးကွယ်သည့်ဝါဒ၌ အမြစ်စွဲဆဲ ဖြစ်ပြီး အမေရိကတိုက် အလယ်ပိုင်းနေ Aztecs များနှင့် မထူးလောက်ပါ။ ဘုရားက မည်သူ့သားကိုတောင်းသည်သာကွာ၏ — ဘုရားသားတော်သည် ရုပ်တုကိုးကွယ်သူများ ၏ ပူဇော်မှုများထက် သာ၍မြတ်၏။

ဘုရားသခင်ကို ပူဇော်သက္ကာဖြင့် တင်းတိမ်စေသည့်ဓလေ့သည် ဘုရားသခင်အား စက္ကန့် မလပ် နှစ်ရာစုချီကာ ဝမ်းနည်းစေ၏။ ဘုရားကလူသားများအား တိရစ္ဆာန်များဖြင့် မပူဇော် စေလိုပါ။

> “နောသေည်လည်း၊ ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်ပြီးမှ စင်ကြယ်သော သား၊ စင်ကြယ်သောငှက်အမျိုးမျိုးထဲကယူ၍၊ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့သောယဇ် ကို ပူဇော်လေ၏။ (၂၁) ထာဝရဘုရားသည်လည်း မွှေးကြိုင်သော အနံ့ကိုခံယူ၍၊ ငါသည် နောက်တစ်ဖန်လူတို့အတွက် မြေကြီးကိုမကျိန်။ အကြောင်းမူကား၊ လူတို့ သည် ငယ်သောအရွယ်မှစ၍၊ စိတ်နှလုံးအကြံအစည်ဆိုးကြ၏။ ငါသည် ယခုတစ် ခါ ပြုပြီးသကဲ့သို့၊ အသက်ရှင်သောအရာရှိသမျှတို့ကို နောက်တစ်ဖန်ဒဏ်မခတ်။” - ကမ္ဘာဦးကျမ်း ၈:၂၀၊ ၂၁

ဤကျမ်းပိုဒ်များကို လျှပ်ပြေးဖတ်လျှင် ဘုရားသခင်သည် ပူဇော်သက္ကာများအားဖြင့် ကျေနပ်အားရသည်ဟု လူသားများကို မှတ်စေပါမည်။ မွှေးကြိုင်သောအနံ့သည် ဘုရား သခင် မြေကြီးကိုမကျိန်တော့ရန် စိတ်ပြောင်းစေ၏။ အနံ့သည် ဟေဗြဲပါဠိ၌ ruach

ဖြစ်၏။ အနီစကားလုံးမှ ငါတို့သည် ဝိညာဉ်၊ ဘုရား၏ဝိညာဉ်ဟူသည့် ဝေါဟာရကို ရခဲ့၏။ အဓိပ္ပာယ်မှာ။ ။

စကားရင်းကား — လေရှူရန်၊ မှုတ်သွင်းခြင်း၊ (တိုက်ရိုက်ယူလျှင်) အနံ့ခံရန် (သို့) (ပုံဆောင်ခြင်းအရ မျှော်မှန်း၊ ကြည်နူး): - လက်ခံသည်၊ အနံ့၊ ထိသိ၊ ဉာဏ်ပြေး သည်။

အသက်ရှူသည်ဆိုရာ၌ ရှူသွင်း (သို့) ရှူထုတ် ဖြစ်နိုင်၏။ ရှူထုတ်သည် ပေးကမ်းခြင်းကို ပြ၏။ ရှူသွင်းခြင်းသည် ရယူခြင်းကိုပြ၏။ အခန်းငယ် (၂၁) ကို "and" နှင့် စထား၏။ အနီ အဆက်စကားလုံးသည် ဟေဗြဲကျမ်းရင်း၌ မရှိ။ ဘုရားသခင်သည် တိရစ္ဆာန်ပူဇော်ခြင်း အားဖြင့် စိတ်ကျေနပ်သည်မဟုတ်။ "အကျွန်ုပ်၏ တန်ဖိုးမဲ့မှုကို သိပါ၏။ အကျွန်ုပ်သည် သင်၏သားတော်ကို သတ်ခဲ့သောကြောင့် အပြစ်ရှိပါ၏" ဟု နောဧ၏နောင်တကို ဘုရား သခင်လက်ခံ၏။ ဘုရားသခင်သည် မေတ္တာအရင်းခံကာ ၎င်း၏အကြင်နာတရားများ တိုးပွားစေရန် ၎င်း၏မေတ္တာကို ဤကမ္ဘာသို့စီးဖြန်း၏။ ငါတို့သည် ခရစ်တော်ဘုရား၏ သိက္ခာဖက်မှ သမ္မာကျမ်းစာကိုလေ့လာသည့်အခါ အမွှောင်ဖက်ခြမ်း ပူဇော်မှုကျမ်းပိုဒ်များ သည် ယေရှုခရစ်၏မျက်နှာ၌ ထွန်းပလာ၏။ - ၂ ကော ၄:၆

ကာဣနသည် ပူဇော်ရှိခိုးမှုကို သဘာဝတရားကြီးကို ရှိခိုးသည့်အထိသို့ ဆက်၍ခြေဆန့်ခဲ့၏။ ၎င်း၏မိဇကို ပေါ်လွင်စေသည့် သိုးသငယ်ကို ပလပ်ကာ အသီးအနှံများဖြင့် ပူဇော်၏။ ဘုရားသခင်ကို ဤနည်းဖြင့်ပြေငြိမ်းစေခြင်းက ကမ္ဘာပေါ်ရှိအရာများ ၎င်း၏ကယ်တင် ရှင် ဖြစ်လာ၏။ အနီကိုးကွယ်ခြင်း၌ ၎င်း၏ညီကို သတ်ခြင်းဖြင့် ထပ်လောင်းဖြည့်စွက်ကာ ရုပ်တုကိုးကွယ်ခြင်း စတင်လာခဲ့၏။ ဗာဟီရဘာသာတွင် အနီလက္ခဏာရပ်များကို တော အုပ်အတွင်း လူကိုပူဇော်ပသခြင်းများဖြင့် တွေ့နိုင်၏။ အနီဘာသာသည် ဘုရားသခင် အတွက် နေ့စဉ်ငရဲဖြစ်၏။ ယဇ်ပူဇော်ခြင်းမှ

အမှန်တရားထူးကြီးကို သံဝေဂယူနိုင်ကြစေ ရန် အမှူးထားခြင်းကို မာရ်နတ်က ဘုရားသခင်ကို စိတ်ကျေနပ်စေရုံသာ ဖြစ်စေရန် လမ်းလွှဲခဲ့၏။

> "သင်တို့ အစိုးရသောလူမျိုးတို့သည် တောင်ကြီး၊ တောင်ငယ်အပေါ်၊ စိမ်းသော သစ်ပင်အောက်၌ မိမိတို့ဘုရားများကို ဝတ်ပြုရာအရပ်ရှိသမျှတို့ကို ရှင်းရှင်း ဖျက်ဆီးရမည်။ (၃) သူတို့ယဇ်ပလ္လင်များကိုလည်း ဖျက်ရမည်။ ရုပ်တုများကို ဖြိုချ ရမည်။ အာရှရပင်များကိုမီးရှို့ရမည်။ ထုလုပ်သောဘုရားဆင်းတုများကို ခုတ်လှဲ ရမည်။ ထိုအရပ်၌ ထိုဘုရားတို့၏နာမကိုပင် ပယ်ရှင်းရမည်။ (၄) သူတို့ပြုသကဲ့သို့၊ သင်တို့သည် သင်တို့၏ဘုရားသခင် **ထာဝရဘုရားအား** မပြုရ။" - တရားဟော ရာကျမ်း ၁၂:၂-၄

တောင်ထိပ်များပေါ်ရှိ နတ်ကွန်း၊ နတ်စင်များကို ဣသရေလများအား ဖျက်ခိုင်းခြင်းသည် ပသခြင်းဓလေ့ကိုအဆုံးသတ်ပြီး ဘုရားသခင် ၎င်း၏ဝိညာဉ်ကို ၎င်းတို့ထံ မှုတ်သွင်းခွင့် ပြုရန် ဖြစ်၏။ (၎င်းတို့၏ အလှူမှထွက်သည့်အမွှေးနံ့ကို အနံ့ခံရန် မဟုတ်)။

၎င်းတို့က ဘုရားသခင်သည် ၎င်းတို့နှင့်တူသည်ဟု မှတ်ကြ၏။ ဘုရားငတ်နေသည့် အသက်တည်ရာသွေးကို ၎င်းတို့က အလှူပေးနေကြသည့်ဟု မှတ်ကြ၏ ။ သို့သော် ဘုရား က ၎င်းကပင် သွေးကိုလှူလိုသည်ဟုမိန့်၏။

> "အကြောင်းမူကား၊ ကိုယ်ခန္ဓာအသက်သည် အသွေး၌တည်၏။ သင်တို့ပြုသော အပြစ်ကို ဖြေစေခြင်းငှာ၊ ထိုအသွေးကို**သင်တို့အား** ယဇ်ပလ္လင်ပေါ်မှာ **ငါပေးပြီ**။ လူအပြစ်ကိုဖြေသောအရာကား၊ အသွေးဖြစ်သတည်း။" - ဝတ်ပြုရာကျမ်း ၁၇:၁၁

၎င်းတို့သည် ဘုရားသခင်၏စကားကို နာခံကြလျှင် ၎င်းတို့၏ သန္တာန်၌တည်နေသည့် နတ်ကွန်း၊ နတ်စင်၊ ပလ္လင်များကို ဖြိုဖျက်ကြမည်ဖြစ်၏။

“အဘယ်ကြောင့်ဆိုသော် ငါတို့သည် သွေးသားဇာတိ၌ အသက်ရှင်လျှောက်လှမ်းကြသည်မှန်သော်လည်း သွေးသားဇာတိအလိုသို့လိုက်၍ တိုက်ပွဲဝင်ကြသည်မဟုတ်။ (၄) အကြောင်းမူကား တိုက်ပွဲ၌ ငါတို့သုံးသောလက်နက်များသည် သွေးသားဇာတိနှင့်ဆိုင်သောလက်နက်များမဟုတ်ဘဲ **ဘုရားသခင်အားဖြင့် အစွမ်းထက်သော လက်နက်များဖြစ်ကြပြီး ခံတပ်များကိုပင် ဖြိုဖျက်နိုင်သည်သာမက** (၅) **ဘုရားသခင်ကိုသိသောဉာဏ်ကို ဆန့်ကျင်တားဆီးသည့် စဉ်းစားဆင်ခြင်မှုနှင့် မာန်မာနရှိသမျှတို့ကိုဖြိုဖျက်**၍ ခပ်သိမ်းသောတွေးတောကြံစည်မှုများကို ဖမ်းဆီး ချုပ်နှောင်ကာ ခရစ်တော်အားနာခံစေကြ၏။” - ကောရိန္သုသြဝါဒစာဒုတိယစောင် ၁၀:၃-၅

ဣသရေလတို့၌ ဘုရားကိုပသသည့် ဝတ်ထုံးမကင်းစင်ကြောင်း ၎င်းတို့၏တောင်ထိပ်များ ၌ နတ်ကွမ်း၊ နတ်စင်များ ရှိနေသေးခြင်းများက သက်သေထူ၏။ ဘုရားသခင့်ရှေ့တွင် ဖြောင့်မတ်စုံလင်သော ဘုရင်များကပင် မဖျက်ကြ၏။

“**ရှောလမုန်သည်** ထာဝရဘုရားကို ချစ်၍ ခမည်းတော်ဒါဝိဒ်၏စီရင်ချက်တို့ကို စောင့်ရှောက်တတ်၏။ သို့ရာတွင် **မြင့်သောအရပ်တို့၌ ယဇ်ပူဇော်၍ နံ့သာပေါင်းကို မီးရှို့၏။**” - ၃ ရာ ၃:၃

“**မြင့်သောအရပ်တို့ကို မပယ်ရှားသော်လည်း၊** လက်ထက်တော် ကာလပတ်လုံး၊ **အာသ**စိတ်နှလုံးသည် ထာဝရဘုရားရှေ့တော်၌ စုံလင်ခြင်းရှိ၏။” - ၃ ရာ ၁၅:၁၄

“မိမိတို့ ဘုရားသခင်ထာဝရဘုရားတစ်ဖက်၌ မတရားသောအမှုကို မထင်မရှားပြုကြ၏။ ကင်းစောင့်သော မျှော်စင်ဖြစ်စေ၊ ခိုင်ခံ့သောမြို့ဖြစ်စေ၊ မြို့ရွာအလုံးစုံ တို့၌ မြင့်သောအရပ်ကို တည်ကြ၏။ (၁၀) **ရုပ်တုဆင်းတုနှင့် အာရှရပင်တို့ကို မြင့်သော ကုန်းရှိသမျှတို့အပေါ်မှာရင်း။**

**စိမ်းသောသစ်ပင်ရှိသမျှအောက်မှာငင်း၊ တည်ထောင်ပြုစုကြ၏။** (၁၁) သူတို့ရှေ့မှ ထာဝရဘုရားနှင်ထုတ်တော်မူသော **တစ်ပါးအမျိုးသားပြုသကဲ့သို့ မြင့်သောအရပ်ရှိသမျှအပေါ်မှာ နံ့သာပေါင်းကိုမီးရှို့** ၍ ထာဝရဘုရား၏ အမျက်တော်ကို နှိုးဆော်ခြင်းငှာ အဓမ္မအမှုတို့ကို ပြုကြ၏။ (၁၂) ထာဝရဘုရားပညတ်တော်မူသောအမှု၊ ရုပ်တုဆင်းတုတို့၌ ပူဇော်ခြင်း အမှုကို ပြုကြ၏။" - ၄ ရာ ၁၇:၉-၁၂

ဟေဇကိမင်းနှင့် ယောရှိမင်း (၂) ပါးက မြင့်သောအရပ်ရှိ နတ်စင်များကို ဖျက်သိမ်းခဲ့၏။

"**မြင့်သောအရပ်တို့ကိုပယ်၏။ ရုပ်တုဆင်းတုတို့ကိုချိုးဖဲ့၏။ အာရှရပင်တို့ကို ခုတ်လှဲ၏။** မောရှေလုပ်သော ကြေးဝါမြွေကို အပိုင်းပိုင်းဖြတ်၏။ အကြောင်းမူကား၊ ဣသရေလအမျိုးသားတို့သည် ထိုကာလတိုင်အောင်၊ ထိုမြွေရှေ့မှာ နံ့သာပေါင်းကို မီးရှို့တတ်ကြ၏။ ထိုမြွေကိုနဟုတ္တန်အမည်ဖြင့် မှည့်သတည်း။" - ၄ ရာ ၁၈:၄

"ဣသရေလရှင်ဘုရင်တို့သည် အမျက်တော်ကို နှိုးဆော်ခြင်းငှာ၊ **ရှမာရိမြို့ရွာတို့၌ မြင့်သောအရပ်ပေါ်မှာ တည်လုပ်သောအိမ်ရှိသမျှတို့ကိုလည်း** ယောရှိမင်းသည် ပယ်ရှား၍၊ ဗေသလမြို၌ ပြုသမျှအတိုင်း ပြုတော်မူ၏။ (၂၀) မြင့်သောအရပ်နှင့် ဆိုင်သောယဇ်ပုရောဟိတ် အပေါင်းတို့ကိုလည်း ယဇ်ပလ္လင်ပေါ်မှာ ကွပ်မျက်၍၊ လူသေအရိုးတို့ကို မီးရှို့ပြီးမှ ယေရုရှလင်မြို့သို့ ပြန်တော်မူ၏။" - ၄ ရာ ၂၃:၁၉၊ ၂၀

ယောရှိမင်းလက်ထက်၌ ပညတ္တိကျမ်းကို ပြန်ရှာတွေ့ပြီး ပညတ်ကိုပြန်စောင့်ကြပြီး ဘုရားပြဋ္ဌာန်းသည့်ပွဲများ ကျင်းပကြ၏။ ၆ ရာ ၃၅:၁။ ဝမ်းနည်းစရာကား ယောရှိမင်းသည် အီဂျစ်ဘုရင်ကို စစ်ခင်းရာတွင်ကျဆုံးခဲ့ပြီး ဂျူးများ ရုပ်တုပြန်ကိုးကွယ်ကြခြင်းဖြစ်၏။ များမကြာမီတွင် ၎င်းတို့သည် ဗာဗုလုန်သို့ ခေါ်ဆောင်ခြင်း ခံရ၏။ ဂျူးများသည်

အိမ်နီးချင်းနိုင်ငံများ၏ ဘုရားရှိခိုးပုံမျိုးအတိုင်း အတုယူလိုသည့်သန္ဓေ ယေဇကျေလ မြင်ရသည့်ရူပါရုံ၌ အရှင်းတွေ့နိုင်၏။

> "ထာဝရဘုရား၏အိမ်တော်အတွင်း တန်တိုင်းထဲ သို့ ဆောင်သွား၍၊ ဗိမာန်တော် တံခါး၊ ဗိမာန်တော်ဦးနှင့် ယဇ်ပလ္လင်ကြားမှာ၊ **လူနှစ်ကျိပ်ငါးယောက်တို့သည် ဗိမာန်တော်ကို ကျောခိုင်းလျက်၊ အရှေ့သို့မျက်နှာပြုလျက်၊ အရှေ့မျက်နှာ၌ နေကို ကိုးကွယ်ကြ၏။**" - ယေဇကျေလ ၈:၁၆

ကြွသရေလများ၊ အထူးအားဖြင့် ၎င်းတို့၏ခေါင်းဆောင်များက ရုပ်တုကိုးကွယ်ကြသည့် သူများအတိုင်း နေမင်းကြီးကို ကိုးကွယ်ပြီး နောက်ဆုံးတွင် ထိုနိုင်ငံများလက်အောက်သို့ ကျရောက်ခြင်းသည် တရားရစရာမကောင်းပေလော။ ဗာဗုလုန်၌နေကြချိန်တွင် ဘုရားသခင်၏သားသမီးများ ဘာဆက်ဖြစ်ကြမည်ကို ဒံယေလသည် သိလို၍ အသနားခံခဲ့၏။ ဒံယေလ အခန်းကြီး (၇) ရှိ မသန့်ရှင်းသည့်သားရဲများ ကမ္ဘာကြီးကိုအုပ်စိုးရန် ပင်လယ်ထဲမှ တက်လာကြသည်ကို ဒံယေလမြင်ခဲ့၏။ ဘုရားသားသမီးများ ထိုနိုင်ငံများ၏ နှိပ်စက် ခြင်းခံရကြ၏။ အနှိနှိပ်စက်ခြင်းကြောင့် ဘုရားသားသမီးများ အရပ်ရပ်သို့ ပြန့်ကျဲကုန်၏။ ၎င်းတို့ထိုဘဝရောက်ကြခြင်းမှာ ပသခြင်းအရင်းခံသည့် တောင်ထိပ်များရှိ နတ်ပလ္လင်များ ကို မဖျက်၊ နောင်တမရ၊ မေရှိယထံမှ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို မလက်ခံကြ ခြင်းကြောင့်ဖြစ်၏။

> "ထိုမျှလောက်ခံရသော်လည်း၊ ငါ့စကားကိုနားထောင်၊ ငါ့ကို ဆန့်ကျင်ဘက် ပြုသေးလျှင်၊ (၂၈) ငါသည်လည်းအမျက်ထွက်၍ သင်တို့ကိုဆန့်ကျင်ဘက်ပြု သဖြင့်၊ **သင်တို့အပြစ်ကြောင့် ခုနစ်ဆသောဒဏ်ကိုပေးဦးမည်။** (၂၉) သင်တို့သည် ကိုယ်သားသမီးတို့၏အသားကို စားရကြလိမ့်မည်။ (၃၀) **သင်တို့မြင့်သောအရပ် များကိုငါဖြိုဖျက်၍၊ ရုပ်တုဆင်းတုများကို ခုတ်လှဲမည်။** သင်တို့အသေကောင် များကို၊ ရုပ်တုဆင်းတု အသေကောင်အပေါ်မှာပစ်ချ၍၊

သင်တို့ကိုစက်ဆုပ်ရွံရှာ မည်။ (၃၁) သင်တို့မြို့များကိုငါဖျက်ဆီး၍၊ **သန့်ရှင်းရာဌာနတော်ကို သုတ်သင် ပယ်ရှင်းသဖြင့်၊** သင်တို့နံ့သာပေါင်း အမွှေးအကြိုင်ကိုငါမနမ်း။ (၃၂) တစ်ပြည်လုံး ကို ငါသုတ်သင်ပယ်ရှင်းသောအမှုကို၊ ထိုပြည်၌နေသော သင်တို့၏ ရန်သူတို့ သည်မြင်၍ မိန်းမောတွေဝေကြလိမ့်မည်။ (၃၃) သာသနာပလူတို့တွင် သင်တို့ကို အရပ်ရပ်ငါကွဲပြားစေ၍၊ ဓားမိုးလျက်လိုက်မည်။ သင်တို့ပြည်သည်လည်း လူဆိတ် ညံလျက်၊ မြို့သည်လည်း ပျက်စီးလျက်ရှိလိမ့်မည်။" - ဝတ်ပြုရာကျမ်း ၂၆း၂၇-၃၃

"ခုနှစ်ဆ" အကြောင်းသည် ဤစာအုပ်ရှေ့ရှုသည့်ဘောင်အပြင်တွင်ရှိ၏။ ထိုအကြောင်း သည် ဘုရားသားသမီးများကို ပြန်၍ထူထောင်မှုနှင့် ဗျာဒိတ်နွှယ်၏။

ဘုရား၏အလိုတော်ကား ဣသရေလနိုင်ငံသည် နိုင်ငံတကာ၏ခေါင်းဖြစ်ကာ နိုင်ငံတကာ က ၎င်းတို့ထံမှ မှန်သောဘုရားနှင့် ၎င်း၏လမ်းစဉ်များကို လာ၍စူးစမ်းကြရန်ဖြစ်၏။ အကယ်၍များ၎င်းတို့သည် ဘုရား၏စကားကိုနာခံ၊ ထာဝရပဋိညာဉ်ကို ကောင်းစွာပိုင်း ခြားတတ်၊ ပသမှုအခြေခံသည့် ၎င်းတို့၏ဝတ်ပြုပုံကို ကျောခိုင်းခဲ့ကြလျှင် ရုပ်တုကိုးကွယ် ကြသည့်နိုင်ငံများ ခေါင်းထောင်စရာအကြောင်းမရှိပါ။ ထိုနိုင်ငံများသည် လူသားတို့၏ ရက်စက်ကြမ်းကြုတ်မှုကို မြင်သာအောင်အကျယ်ပြပေးခြင်း ဖြစ်ကြ၏။

"ယုဒရှင်ဘုရင် အာမုန်သား ယောရှိနန်းစံ ဆယ်သုံးနှစ်မှစ၍ ယခုတိုင်အောင်၊ အနှစ်နှစ်ဆယ်သုံးနှစ်ပတ်လုံး **ထာဝရဘုရား**၏ နှုတ်ကပတ်တော်သည် ငါ့ဆီသို့ ရောက်လာသည်အတိုင်း၊ ငါသည် စောစောထ၍ အမိန့်တော်ကို အထပ်ထပ် ဆင့်ဆိုသော်လည်း၊ သင်တို့သည် နားမထောင်ဘဲ နေကြ၏။ (၄) **ထာဝရဘုရား သည်လည်း၊ စောစောထ၍ မိမိကျွန် ပရောဖက်အပေါင်းတို့ကို၊ သင်တို့ရှိရာသို့ အထပ်ထပ်စေလွှတ်တော်မူသော်လည်း၊ သင်တို့သည် နားမထောင်ကြ။ အမိန့်**

**တော်ကို ကြားခြင်းငှာ နားကိုမလှည့်ဘဲ နေကြ၏။** (၅) ထိုပရောဖက်တို့က၊ သင်တို့အသီးအသီး လိုက်သောလမ်းဆိုးနှင့် အကျင့်ဆိုးများကို ပယ်ရှား၍၊ သင်တို့ နှင့် ဘိုးဘေးတို့အား ထာဝရဘုရားသည် အမြဲပေးတော်မူသောပြည်၌ နေကြ လော့။ (၆) **အခြားတစ်ပါးသော ဘုရားနောက်သို့ လိုက်၍ဝတ်မပြု၊ မကိုးကွယ်ကြ နှင့်။ ကိုယ်လက်နှင့် လုပ်သော အရာများအားဖြင့်၊ ငါ၏အမျက်ကို မထွက်စေကြ နှင့်။ ငါသည်လည်း၊ သင်တို့ကို မညှဉ်းဆဲဟု ဆင့်ဆိုကြ၏။ ထာဝရဘုရား မိန့်တော်မူသည်ကား၊** (၇) **ထိုသို့ ဆင့်ဆိုကြသော်လည်း၊ သင်တို့သည် ကိုယ်၌ အကျိုးနည်း ဖြစ်စေခြင်းငှာ၊ ကိုယ်လက်နှင့် လုပ်သောအရာများအားဖြင့်၊ ငါ၏ အမျက်ကို ထွက်စေသော အခွင့်ရှိမည်အကြောင်း၊ ငါ့စကားကို နားမထောင်ဘဲ နေကြပြီ။** (၈) ထိုကြောင့်၊ ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရားမိန့်တော်မူ သည်ကား၊ သင်တို့သည် ငါ့စကားကို နားမထောင်သောကြောင့်၊ (၉) ဤပြည်နှင့် ပြည်သားများကိုငှင်း၊ ပတ်ဝန်းကျင်၌ရှိသော လူအမျိုးမျိုးတို့ကိုငှင်း စစ်တိုက် စေခြင်းငှာ၊ ငါ၏ကျွန် ဗာဗုလုန်ရှင်ဘုရင်နေဗုခဒ်နေဇာအစရှိသော မြောက်ပြည် သား အမျိုးမျိုးအပေါင်းတို့ကို ငါမှာလိုက်၍ ဆောင်ခဲ့ပြီးလျှင်၊ ရှင်းရှင်းဖျက်ဆီး၍၊ ဤပြည်သားတို့ကို အံ့သြဘွယ်ရာ၊ ကဲ့ရဲ့သံကိုကြားရာ၊ အစဉ်အမြဲ လူဆိတ်ညံ့ရာ ဖြစ်စေမည်။" - ယေရမိ ၂၅:၃-၉

ဒံယေလ၏ ရူပါရုံ၌မြင်ရသည့် (၄) နိုင်ငံသည် ဗာဗုလုန်၊ မီဒိုပါးရှား၊ ဂရိ၊ ရောမနိုင်ငံ များဖြစ်၏။ ထိုနိုင်ငံအားလုံး ၎င်းတို့၏ဘုရားရှေ့တွင် ပသမူပြုသည့် ဗိမာန်များရှိ၏။ ဘုရား၏တစ်ဖက်မှ စာတန် အစဉ်ဝါဒဖြန့်သည့်အရာမှာ ပွဲတင်ခြင်းဖြင့် ချော့သိပ်ခြင်း ဖြစ်၏။ ၎င်းတို့သည် နေ့စဉ်ရက်ဆက် ပသကြ၏။ Cyrus မင်း၏ ကျောက်စာတိုင်၌ (538-529 BC) ၎င်းတို့၏ဘုရားအပေါ်ပသခြင်းအကြောင်း ကမ္ပည်းထိုးထား၏။

"၎င်းသည် နေ့စဉ်ဝတ်ကိုကြံစည်ပြီး၊ အငုံစိတ်ဖြင့် ရပ်ဆိုင်းစေပြီး၊ မြို့အတွင်း၌ ခွဲခန့်စီရင်၏။" F.L. Sharp, Antiochus or Rome, page 49။

အနီကျောက်စာက ပုံမှန်ဝတ်တက်ခြင်းအမှု အဟာန့်ခံရချိန်ရှိခဲ့ကြောင်းပြ၏။ နေ့စဉ်ပွဲတင် မှုသည် ရုပ်တုကိုးကွယ်သူများ၏ ဓလေ့ဟုဆို၏။ ဒံယေလသည် ၎င်း၏လူမျိုးများ၏ အနာ ဂတ်နှင့် ၎င်းတို့၏လက်ရှိဘဝအကြောင်း ကောင်းကင်တမန် (၂) ဦး၏ ဆွေးနွေးမှုကို ကြား သည့်အခါ စိတ်ဓာတ်အလွန်ကျခဲ့၏။

> "ထိုချိုလေးချောင်းတွင် တစ်ချောင်းထဲက အခြားသောချိုတက်တစ်ချောင်း ပေါက် ပြန်၍ တောင်မျက်နှာသို့၎င်း၊ အရှေ့မျက်နှာသို့၎င်း၊ သာယာသော ပြည်သို့၎င်း မျက်နှာပြု၍၊ အလွန်ကြီးမားခြင်းသို့ ရောက်လေ၏။ (၁၀) ကောင်းကင်ဗိုလ်ခြေ တိုင်အောင်ကြီးမား၍၊ ထိုဗိုလ်ခြေအချို့တို့နှင့် ကြယ်အချို့တို့ကို မြေသို့ချ၍ နင်း လေ၏။ (၁၁) ထိုမျှမက၊ ဗိုလ်ခြေသခင်တိုင်အောင် ထောင်လွှားခြင်းကိုပြုလျက်၊ **နေ့ရက်အစဉ်ပြုသော ဝတ်ကိုပယ်၍၊ သန့်ရှင်းရာဌာနတော်ကို ရှုတ်ချလေ၏။** (၁၂) အပြစ်များသောကြောင့် နေ့ရက်အစဉ်ပြုသော ဝတ်နှင့်တကွ ဗိုလ်ခြေကို လည်း ထိုချိုသည်ရ၍ သမ္မာတရားကို မြေသို့နှိမ့်ချ၏။ ထိုသို့ပြု၍ အောင်မြင်ခြင်း သို့ ရောက်လေ၏။ (၁၃) ထိုအခါ သန့်ရှင်းသူတစ်ပါး၏ စကားပြောသံကို ငါ ကြား ၏။ သန့်ရှင်းသူတစ်ပါးက၊ ယခင်ပြောသော သူကို ဟစ်၍၊ **သန့်ရှင်းရာဌာနနှင့် ဗိုလ်ခြေကိုနင်းခြင်း အလိုငှာ နေ့ရက်အစဉ်ပြုသောဝတ်ကို ပယ်ခြင်းနှင့်၎င်း၊ ဖျက်ဆီးတတ်သော လွန်ကျူးခြင်းနှင့်၎င်း စပ်ဆိုင်သော ဗျာဒိတ်ရူပါရုံသည် အ ဘယ်မျှကာလပတ်လုံး တည်လိမ့်မည်နည်းဟုမေးမြန်းလျှင်၊** (၁၄) ယခင်ပြောသူ က ရက်ပေါင်းနှစ်ထောင်သုံးရာတိုင်တိုင် တည်လိမ့်မည်။ ထိုနောက် သန့်ရှင်းရာ ဌာနကို တစ်ဖန်ဆေးကြောသုတ်သင်ကြလိမ့် မည်ဟုပြန်၍ ပြောဆို၏။" - ဒံယေ လ ၈:၉-၁၄

ငါတို့သည် ဤကျမ်းပိုဒ်၌ အသေးစိတ်တို့ဖြင့် အချိန်မဖြုန်းလိုပါ။ အဓိကအချက်သည် ရုပ်တုကိုးကွယ်သူများ၏ နေ့စဉ်ဝတ်ထုံးသည် ခရစ်ယာန်သို့ အရောင်ပြောင်းမည့် အ ကြောင်းဖြစ်၏။ ရောမအင်ပါယာ ကျဆုံးပြီးနောက်တွင် ခရစ်တော်ဘုရား၏

အသက်ပေး လှူမှုကို ပြစ်ဒဏ်အသွင်မြင်စေမည့် အာဏာရှင်ပေါ်မည်ဖြစ်၏။ ၎င်းက ခရစ်တော်ဘုရား ၏ ပေးဆပ်မှုကို အမျက်ကြီးသည့်ဘုရားသည် သေဒဏ်ဖြင့် အမျက်ပြေသည်ဟု လူသား များကို မြင်စေမည်ဖြစ်၏။ အနီသည် နားလည်ရမခက်ပါ။ ဝမ်းမြောက်ဖွယ်တရားကို ဟောပြောကြသည့် အသင်းတော်အများစုသည် အကယ်စင်စစ်တွင် ရုပ်တုကိုးကွယ်သူ များ၏ ဉာဏ်စဉ်၌ မြစ်ဖျားခံ၏။

ဒံယေလသည် အနီသွေးပျက်ဖွယ်ကို အနုလုံပဋိလုံစိပ်သည့်အခါ စိတ်ထွေပြား၏။

> "ညဦးနှင့် နံနက်ကို ဖော်ပြသော ဗျာဒိတ်ရူပါရုံ စကားမှန်သည် ဖြစ်၍ ထိုစကားကို တံဆိပ်ခတ်ထားလော့။ တာရှည်သော ကာလတိုင်တိုင် တည်လိမ့်မည်ဟု ဆို၏။ (၂၇) **ထိုအခါ ငါဒံယေလသည် မော၍ နာလျက် နေ၏။ တစ်ဖန် အနာမှထမြောက် ၍ ဘုရင်၏အမှုတော်ကို ဆောင်ရွက်၏။ မြင်ပြီးသော ဗျာဒိတ်ရူပါရုံကို ငါ့အံ့သြ သော်လည်း ထိုအမှုကို အဘယ်သူမျှ မရိပ်မိကြ။**" - ဒံယေလ ၈:၂၆၊ ၂၇

၎င်းသည် ဤအကြောင်း မည်သို့ဖြစ်ပျက်မည်ကို သိလိုလှသည့်အခါ ၎င်းကိုပေးခဲ့ပြီးသော ရူပါရုံများကိုရှင်းပြရန် ဂါဗြေလကို စေလွှတ်ခဲ့၏။ ဂါဗြေလက ကယ်တင်ရှင်မေရှိယ ပွင့် မည့်အကြောင်းနှင့်နွှယ်သည့် သီတင်းပတ် (၇၀) အနာဂတ်အဟောဖြင့်စ၏။ ထို့နောက် ဂါဗြေလက အကြောင်းထူးဆို၏။

> "တစ်သီတင်းတွင် လူအများတို့နှင့် ပဋိညာဉ်ဖွဲ့ခြင်းရှိ၍ **ထိုသီတင်းတစ်ဝက်တွင် ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်း(ဘောဇဉ်)ကို ပပျောက်စေလိမ့်မည်။ ရွံ့ရှာဘွယ် သောအရာ၏ အထွဋ်ပေါ်သို့ ဖျက်ဆီးသောသူသည် ရောက်၍ စီရင်ဆုံးဖြတ်သော သုတ်သင်ပယ်ရှင်းခြင်း**သည် ပျက်စီးအပ်သော သူတို့ကို မလွှမ်းမိုးမီတိုင်အောင် ထိုသို့ ဖြစ်လိမ့်မည်ဟု ကြားပြော၏။" - ဒံယေလ ၉:၂၇

အထက်ပါကျမ်းပိုဒ်သည် ခရစ်တော်ဘုရား ဤကမ္ဘာ၌ပြုမည့် လုပ်ငန်းစဉ်အကြောင်း ပြထား၏။ ယေရှုဘုရားအသက်ကို ပေးဆပ်သည်နှင့် တိရစ္ဆာန်ဖြင့် ပူဇော်သည့်ထုံး မလိုတော့ပါ။ ခရစ်တော်ဘုရား အသက်ထွက်ခဲ့ချိန်တွင် ဗိမာန်တော်အတွင်းရှိ ကန့်လန့်ကာသည် နှစ်ခြမ်းကွဲခဲ့ပြီး တိရစ္ဆာန်ပူဇော်ခြင်းဝတ်သည် အဆုံးသတ်ကြောင်းပြ၏။

မည်သို့ဆိုစေ အနီးကျမ်းပိုဒ်၌ ငါတို့အများစု မျက်စိလျှမ်းမိသည့်အနက်တို့ရှိ၏။ ယေရှုဘုရား လက်ဝါးကားတိုင်၌ အသေခံခဲ့သည့်နောက် တိရစ္ဆာန်ပူဇော်မှုသည် အဓိပ္ပာယ်မရှိတော့ပြီး ဆက်၍ပူဇော်ကြကြောင်း ငါတို့သိကြ၏။ ခရစ်တော်ဘုရား လုပ်ဆောင်ခဲ့သည့် အမှုသည် ရုပ်ဓာတ်ပူဇော်ခြင်းဝတ်ပြီးပြတ်ခြင်းကို ဆိုခြင်းမဟုတ်ပါ။ လက်ဝါးကားတိုင်၏ ပရမတ်ကို သမာသမတ်ကျစွာ ဝိဘဇ္ဇပြုမှသာလျှင် ယတြာချေလျှင်ဖြစ်သည်ဆိုသည့် ဓမ္မဗေဒသည် ယုံကြည်သူ၏သန္တာန်တွင် ပြီးပြတ်နိုင်မည်ဖြစ်၏။ ထာဝရပဋိညာဉ် ဓမ္မစစ် ကို သဘောပေါက်သည့်အခါ ဘုရားကိုမျက်နှာချိုသွေးသည့် ပုထုဇဉ်တို့၏နည်းသည် ပြီးပြတ်မည်ဖြစ်၏။ အနီးသည် “ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကို ပပျောက်စေမည်” ဟူသည့် ကျမ်းပိုဒ်၏အနှစ်သာရဖြစ်၏။ “for - အတွက်” ဆို သည့်စာလုံးကို “against - ဆန့်ကျင်” ဟုလည်း ပြန်ဆိုနိုင်၏။ ထာဝရပဋိညာဉ်ကို နှစ်သက်တတ်လာသည့်အခါ ယတြာချေထုံး ဓမ္မဗေဒသည် ပြီးပြတ်မည်ဖြစ်ပြီး တန်ဖိုးရှိလှသည့် ပရမတ်သည် ဘုရားသခင်၏သိက္ခာတော်ကို အပုပ်ချသည့် သွားပုပ်လေလွှင့်ခြင်းအမှုကို ဆန့်ကျင်ခြားနားမည် ဖြစ်၏။ ဤအကြောင်းနှင့်ပတ်သက်ပြီး စာတစ်အုပ် ပြုစု၍ရနိုင်၏။ သို့သော် ကွင်းဆက် သည် ရှင်း၏။ လက်ဝါးကားတိုင်အကြောင်း မှန်ကန်စွာသိနားလည်ခြင်းက ပျက်စီးခြင်းသို့ ရောက်စေသည့် ရွံရှာဖွယ်လုပ်ရပ်ကို အမြစ်လှန်ကာ အမှုန့်ချေပစ်မည် ဖြစ်၏။

ယခုခေတ်တွင် လက်ဝါးကားတိုင်တရား ဟောကြသည့်အခါ ဘုရားသခင်၏ အမျက်ဖြေသည့်ဖက်သို့ ဟောကြ၏။ ဤအမြင်မျိုးက စိတ်ကိုပျက်စီးစေသည့် ရှုံ့ရှာဖွယ်လုပ်ရပ်သို့ ဦးတည်စေ၏။ လူတစ်ဦးက ဘုရားသခင်သည် စိတ်ကျေနပ်မှုရရန် ၎င်း၏သားတော်ကို သတ်လို၏ဟု တစ်တွေးတည်းတွေးနေလျှင် မသိမသာ အထီးကျန်ပြီးသားဖြစ်၏။ ၎င်း၏ သားတော်သေမှသာ ကျေနပ်မည်ဖြစ်သောကြောင့် ဘုရားသခင်သည် သေမိန့်ချခဲ့သည် ဟူသည့်အမြင်ဖြင့် ပုထုဇဉ်သည် အထီးကျန်လျက်ရှိတော့၏။ ကက်သလစ်သွန်သင်ချက် သည် ပသခြင်းစနစ်ကို တင်းပြည့်ကျပ်ပြည့်ပြ၏။ ယေဘုယျအားဖြင့် တနင်္ဂနွေနေ့တိုင်း မစ္ဆား တရားနာခြင်း၊ မိမိအပြစ်ကို လောကီပရောဟိတ်ထံ ဝန်ချခြင်း၊ သုံးပါးတစ်ဆူကို ယုံခြင်း၊ ကက်သလစ်သူတော်စင်များကို မှီခိုခြင်းများဖြင့် သင်သည် ထာဝရငရဲမီးကို ရှောင်ကွင်းနိုင်၏ ဟူ၍ဖြစ်၏။

ဓမ္မစစ်ကား အောက်ပါအတိုင်း ရိုးစင်း၏။ ။

မေရှိယနှင့် ပဋိညာဉ်အမှန်ပြုကြသူများ၌ ပူဇော်ခြင်း၊ ပသခြင်းများ အမှန်ပြီးပြတ်မည်။

ယဇ်ကောင်ပူဇော်ခြင်းကို ရှင်းထုတ်ရုံမျှက ဘုရားသခင်ကိုဖားလိုသည့် ဆန္ဒသန္ဓေကို မပပျောက်စေပါ။ ပစ္စုပ္ပန်ကာလရှိ ငါတို့သည်လည်း အာဗြဟံအတိုင်း ဘုရားသခင်ကို စိတ်ပြေစေရန် ငါတို့ချစ်ခင်ရဆုံးသောသူများကို ဓားနှင့်ချိန်ခိုက် ငါတို့ကိုခေါ်နေသည့် အသံတော်ကို ကြားနိုင်ကြပါသည်။

ကယ်တင်ခြင်းတရားကို ဟောကြားရန် မိမိသားစုကိုစွန့်ကြသူ ဓမ္မဇရများအနေဖြင့်လည်း "ငါသည် အချော့ခံရန်မလို။ အာဘောင်အာရင်းဖြင့် ဒေသနာအဆီများ ဟောကြားခြင်းက သင့်အပြစ်ကို မပြေစေပါ။ သင့်ခံယူချက်က သူတစ်ပါးသည် မိစ္ဆာဒိဋ္ဌိဖြစ်သည်၊ ဖယ် ကြဉ်ရမည်ဟုဆိုသည့်စိတ် ပယ်သတ်ပါ" ဆိုသည့် အသံတော်ကို ကြားကြပါစေ။

ကောင်းကင်ဘုံရှိ ငါတို့အဘသည် ရုပ်တုကိုးကွယ်သူများ၏အတွေးမျိုးမှ လွတ်မြောက်စေလို၏။ ၎င်း၌ ငါတို့ကို ချစ်လှကြောင်း သိစေလိုသည့်ဆန္ဒရှိ၏ — အတ္တမဲ့မေတ္တာတော်က ငါတို့ကို ချစ်၏။ ဘုရားက ငါတို့အတွက် လုပ်ဆောင်ပေးခဲ့သည်ထက်ကျော်ကာ ငါတို့ကို ပို၍မေတ္တာရှိရန် ငါတို့ကုသိုလ်စိုက်နိုင်ခြင်း ဘာမျှမရှိပါ။ ခရစ်ယာန်ကလောင်ရှင်တစ်ဦး၏ အောက်ပါ ထက်လှသည့် ရင်စိုက်စာသားများကို ဖတ်ရှုပါလော့။ ။

ပသခြင်းဟူသည် ယတြာချေစရာ အမျက်ရှိကြောင်းပြ၏။ အမှန်ကား ပွဲလိုသူမှာ လူဖြစ်ပြီး ဘုရားမဟုတ်။ ဘုရားက ပူဇော်ရန်လိုအပ်သည်များကို စီစဉ်ပေး၏။ ငါတို့သည် အပြစ်မှလွတ်ရန် ဘုရားသခင်ကို ပသမှ အမျက်ပြေမည်ဟု သမ္မာကျမ်းစာလာမရှိ။ ဘုရားသခင်သည် လူသားများအပေါ် အမျက်ထွက်လွန်းသောကြောင့် ငါတို့ပွဲမပေးလျှင် ဘုရားသခင်၏အမျက်ပြေမည်မဟုတ်။ ထို့ကြောင့် အမျက်ပြေစေရန် ၎င်းဖာသာစီရင်ပြီး စိတ်တော်တွေ့သည်ဟု မှတ်ခြင်းသည် ငါတို့၏ရှုးနှမ်းမှုဖြစ်၏...

ခရစ်ယာန်ဟု ကမ္ဗည်းတပ်ကြသူများ မကြာခဏ လက်ကိုင်တတ်ကြသည့် ရုပ်တုကိုးကွယ်ကြသူများ၏ ဒဿနကား ဘုရားအမျက်ပြေရန် ပသရမည်ဟူ၍ဖြစ်၏။ သာသနာပများ၏ ဘုရားရှိခိုးနည်းသည် ၎င်းတို့ကို မျက်နှာသာပေးရန် ဘုရားကို အချိုသပ်နည်းဖြစ်၏...

လွန်လေပြီးသော အတိတ်ကာလများနှင့် ယခုပစ္စုပ္ပန်၌ ခရစ်ယာန်နိုင်ငံဟု ဆိုကြသည့်နိုင်ငံများ၌ ဖြစ်ပျက်ခဲ့သည့် ညဉ်းဆဲသတ်ဖြတ်မှု အနိဋ္ဌာရုံများသည် အနီရုပ်တုကိုးကွယ်သူများ၏ ယတြာချေခြင်းဒဿန၏ အကျိုးဖြစ်၏။ အသင်းတော်သာသနာ့ဦးသျှောင်များက ကုသိုလ်ပါရမီဖြင့် ကယ်တင်ခြင်းရနိုင်သည်၊ အပြစ်မှလွတ်နိုင်သည်ဟုမှတ်ကာ စုန်းပြူးဟု ၎င်းတို့ မှတ်ကြသည့်သူများကို ၎င်းတို့၏ဘုရားအတွက် (မှန်သောဘုရားထံမဟုတ်) ဆိုကာ သတ်သဘင်ပြုကြ၏။ မှန်သောဘုရားသည် ဤသို့သောပူဇော်မှုကို သဘောမတွေ့ပါ။ E.J. Waggoner. Present Truth, Aug 30, 1894.

ငါတို့သည် သမာဓိရှိပြီး ငါတို့အဘ၏သိက္ခာစစ်စုံကို အမှန်မြင်ကြလျှင် ထိုသိက္ခာတော်သည် ငါတို့သန္တာန်တွင် အလုပ်လုပ်ကာ နောင်တရတတ်စေပါမည်။

"ယဇ်ပူဇော်ခြင်း အကျင့်ထက် သနားခြင်း ကရုဏာအကျင့်ကိုငင်း၊ မီးရှို့ရာယဇ်ပူဇော်ခြင်းထက် ဘုရားသခင်နှင့် ကျွမ်းဝင်ခြင်းကိုငင်း ငါနှစ်သက်၏။" - ဟောရှေ ၆:၆

ပသခြင်းအမှုသည် ပုထုဇဉ်တို့အား မာရ်နတ်နှင့် ၎င်း၏နတ်ရဲမျှားနှင့်အတူ ဘုရားသားတော်ကို သတ်သည့်အမှု၌ ပါဝင်စေသည့် ပယောဂတစ်ခုဖြစ်၏။ ငါတို့သည် စည်းဘောင်ကို ကျော်သည့်အခါ အောက်ဖော်ပြပါအကြောင်းသည် ဖြစ်လာပါမည်။

"ကျေးဇူးတော်ကို ခံသောသဘော၊ ဆုတောင်း ပဌနာပြုသောသဘောကို ဒါဝိဒ်မင်းမျိုး၊ ယေရုရှလင်မြို့သားတို့အပေါ်သို့ ငါသွန်းလောင်းသဖြင့်၊ သူတို့သည် မိမိတို့ ထိုးဖောက်သော ငါ့ကို ရှုမြင်ရကြလိမ့်မည်။ တစ်ယောက်တည်းသောသားအတွက် အဘသည် ငိုကြွေးမြည်တမ်းသကဲ့သို့၊ ထိုသူအတွက် ငိုကြွေးမြည်တမ်းရကြလိမ့်မည်။ သားဦးအတွက် အဘသည် နာကြဉ်းရကြလိမ့်မည်။" - ဇာခရိ ၁၂:၁၀

အာဒံ၏နောင်တမျိုး ယခုတွင် ငါတို့နောင်တဖြစ်စေပြီး ဘုရားသခင်ကို အမှန်မြတ်နိုးရင်းဖြင့် နောင်တရပါစေ။ ဘုရားအမျက်ပြေရန် ယတြာချေခြင်းများ မလိုပါ။ ဘုရားနှစ်သက်သည်မှာ အောက်ပါများဖြစ်၏။ ။

"ဘုရားသခင်နှစ်သက်တော်မူသောယဇ်များမှာ ကျိုးပဲ့သောစိတ်သဘောဖြစ်ပါ၏။ အို ဘုရားသခင်၊ ကိုယ်တော်သည် ကျိုးပဲ့ကြေမွသောစိတ်နှလုံးကို မထီမဲ့မြင် ပြု တော်မူမည်မဟုတ်ပါ။" - ဆာလံကျမ်း ၅၁:၁၇

"အကြောင်းမူကား၊ သန့်ရှင်းခြင်းဟု နာမရှိတော်မူထသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌ စံတော်မူထသော၊ အထွဋ်အမြတ်ဖြစ်တော်မူသော ဘုရားမိန့်

> တော်မူသည်ကား၊ ငါသည် မြင့်မြတ်သန့်ရှင်းသော အရပ်၌နေ၏။ စိတ်နှိမ့်ချသော သူနှင့်၊ နှလုံးကြေကွဲသော သူတို့၏စိတ်ဝိညာဉ်အသက်ရှင်စေခြင်းငှာ၊ ကြေကွဲ နှိမ့်ချသော စိတ်သဘောရှိသောသူတို့၌လည်း ငါနေ၏။" - ဟေရှာယ ၅၇:၁၅

စာရှုသူသည် သမ္မာကျမ်းစာကို ဤစာအုပ်၌ ခင်းပြသည့်စည်းများဖြင့် စူးစမ်းလိုလျှင် ယေရှုဘုရား ဖိလစ်ထံမိန့်သည့် ဒေသနာအဆီကို ရှာတွေ့မည်ဖြစ်၏။

> "ယေရှုက 'ဖိလိပ္ပု၊ ငါသည် သင်တို့နှင့်အတူ ဤမျှလောက်ကြာမြင့်စွာရှိလျက် နှင့်ပင် သင်သည် ငါ့ကိုမသိခဲ့သလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်လေပြီ။ သို့ဖြစ်လျှင် 'ခမည်းတော်ကို အကျွန်ုပ်တို့အားပြတော်မူပါ' ဟု သင် မည်သို့ဆိုနိုင်သနည်း။" - ရှင်ယောဟန်ခရစ်ဝင် ၁၄:၉

ငါသည် ကောင်းကင်ဘုံရှိ ငါ့အဘ၏မေတ္တာတော်ကို အမှတ်ရှိရှိဖြင့် နံနက်တိုင်း နိုးထ ရခြင်းကို ပီတိဖြစ်ရ၏။ ၎င်းသည် မည်သည့်ပုဂ္ဂိုလ်မျိုးဖြစ်ကြောင်းပြရန် ၎င်း၏သားတော် ကို ငါတို့ထံ မငြိုမငြင်စေလွှတ်နိုင်ခြင်းအပေါ် ငါမှင်သက်ရ၏။ ပုထုဇဉ်များ ၎င်းကို အကောက်ကြံကြမည်ဖြစ်ငြား ယေရှုဘုရားက ခမည်းတော်သည် ငါတို့ရန်သူမဟုတ် ကြောင်း သိကြရန် လာ၍ပြလို၏။ ဘုရားသခင်သည် ငါတို့၏အဘ၊ ၎င်း၏သားသမီးများ ကိုချစ်သည့် တန်ဖိုးရှိလှသည့်အဘဖြစ်၏။ ငါတို့အပေါ်ထားသည့် ၎င်း၏ အတ္တမဲ့ အနန္တ မေတ္တာကို အဘယ်ဝေါဟာရကမှ အရှိအတိုင်း မဖွင့်ဆိုနိုင်ပါ။

ငါတို့အားလုံး ပေါင်းဆုံနိုင်ရန် အောက်ပါဝါစာကို ပကတိအတိုင်း စိတ်ငြိမ်းအေးစွာဖြင့် သုံးသပ်နိုင်ကြရန်မှာ ငါ၏ပြင်းပြသောဆန္ဒဖြစ်၏။

> "ကောင်းကင်မှလည်း 'ဤသူကား ငါ၏ချစ်သားပေတည်း။ သူ့ကို ငါ နှစ်သက်၏' ဟု အသံတော်ထွက်ပေါ်လာ၏။" - ရှင်မဿဲခရစ်ဝင် ၃:၁၇

“ဤသည်ကား ချစ်တော်မူသောသားတော်အားဖြင့် ငါတို့အားပေးသနားတော်မူသော မိမိကျေးဇူးတော်၏ဘုန်းတော်ကို ငါတို့ချီးမွမ်းကြမည့်အကြောင်းတည်း။”
- ဖေက်သြဝါဒစာ ၁:၆

လွန်ခဲ့သည့်နှစ် (၂,၀၀၀) ကာလများ၌ ခရစ်တော်ဘုရား ဤကမ္ဘာ၌ပွင့်ခဲ့စဉ်က လူအသန်းချီထံ ငြိမ်းချမ်းခြင်းကိုဆောင်ယူခဲ့သည့် ပရဟိတပုံရိပ်ကို ရေးသွားနမူနာပြခဲ့၏။ သမ္မာကျမ်းစာကို စိတ်ဝင်စားသူများအတွက် ကျမ်းစာလာဘုရားပုံရိပ်နှင့် ခရစ်တော်ဘုရား၏ သက်တော်စဉ်အကြားခြားနားခြင်းက ၎င်း၏အဆိုအမိန့်များခြားနားပုံကို ဖြေရှင်းရခက်စေ၏။ သို့တိုင်လည်း ယေရှုဘုရား စိတ်အားငယ်ချိန်၌ပင် ၎င်း၏တပည့်တော်တစ်ဦးအား "ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်ပြီးဖြစ်၏" ဟု မိန့်ခဲ့၏။

အနီသည် မည်သို့ဖြစ်နိုင်မည်နည်း။ ဘုရားသခင်သည် ယေရှုဘုရား၏ အသက်တာ၌ ပြခဲ့သည့်အတိုင်း သနား၊ ကြင်နာ၊ ကရုဏာနှင့် အမှန်ပြည့်စုံသလော။ အနီပဟေဠိကြီးသည် သမ္မာကျမ်းစာကို ယုံကြည်ရင်းဖြင့် အဖြေကို အမှန်တကယ်တွေ့နိုင်မည်လော။ အနီပဟေဠိအဖြေတွေ့နိုင်ရန် သင့်လက်၌ ထိုသော့ကိုကိုင်လျက်ရှိပါပြီ။